ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်


စစ်ကိုင်းမြို့ မဟာသုဓောဓာရုံသာသနဝံသ ဂဏာဓိပတိ မဟာနာယက

ဗုဒ္ဓတက္ကသိုလ်ကြီးသုံးရပ်တို့၏ ပါမောက္ခချုပ်

အဂ္ဂမဟာပဏ္ဍိတ

အရှင်နန္ဒမာလာဘိဝံသ (Ph.D)


၏

# ဓမ္မဂီတိကာ

ဆရာတော်ဘုရား၏ ၇၃-နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ်
တပည့်ကြီးများ စုစည်းပူဇော်သည်။


သာသနာ - ၂၅၅၈ ကောဇာ - ၁၃၇၆ ခရစ် - ၂၀၁၅

တပေါင်းလပြည့်



ဓမ္မဂီတိကာ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

# စိတ်ငြိမ်းချမ်းမှု

- အတွယ်ရှိသမျှ စိတ်သောက
  မုချ ရှိလိမ့်မည်။
- တွယ်တာကင်းမှ စိတ်သောက
  လုံးဝ ကင်းနိုင်သည်။
- သောကမလွှမ်း စိတ်ငြိမ်းချမ်း
  တက်လှမ်း နိဗ္ဗူပြည်။

အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

စစ်ကိုင်းမြို့ မဟာသုဗောဓာရုံသာသနဝံသ
ဂဏာဓိပတိ မဟာနာယက ဗုဒ္ဓတက္ကသိုလ်ကြီးသုံးရပ်တို့၏
ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ

# အရှင်နန္ဒမာလာဘိဝံသ (Ph.D)
# ၏

# ဓမ္မဂီတိကာ

ဆရာတော်ဘုရား၏ ၇၅-နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ်
တပည့်ကြီးများ စုစည်းပူဇော်သည်။

သာသနာ - ၂၅၅၈ ကောဇာ - ၁၃၇၆ (တပေါင်းလပြည့်) ခရစ် - ၂၀၁၅

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ်<br>၂၀၁၅ ခုနှစ်၊ မတ်လ။ |
| အုပ်ရေ | - | ၃၀၀၀ အုပ် |
| မျက်နှာဖုံးဒီဇိုင်း | - | နိုင်လင်း(စွယ်တော်) |
| ထုတ်ဝေသူ | - | ဦးတင်အောင်ကျော်<br>မဏ္ဍိုင်မပင်ပါဒါစာပေ (မြ-၀၀၅၁၈) |
| ပုံနှိပ်သူ | - | စွယ်တော်ပုံနှိပ်တိုက် (မြ-၀၀၄၁၁)<br>အမှတ်-၁၄၇၊ ၅၁လမ်း (အထက်)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

## ထုတ်ဝေသည့်စာအုပ် ကတ်သလောက်အညွှန်း (CIP)

၂၉၄.၃

အရှင်နန္ဒမာလာဘိဝံသ
မဓုဂီတိကာ၊ အရှင်နန္ဒမာလာဘိဝံသ/ ရန်ကုန်။
မဏ္ဍိုင်မပင်ပါဒါစာပေ၊ ၂၀၁၅။
စာမျက်နှာ - ၃၈၁၊ ၁၃ စင်တီ × ၁၉ စင်တီ။
(၁) မဓုဂီတိကာ။



# အရှင်နန္ဒမာလာဘိဝံသ (Ph.D)


အဂ္ဂမဟာပဏ္ဍိတ

စစ်ကိုင်းမြို့ မဟာသုဗောဓာရုံသာသနဝံသ ဂဏာဓိပတိ မဟာနာယက

ဗုဒ္ဓတက္ကသိုလ်ကြီးသုံးရပ်တို့၏ ပါမောက္ခချုပ်

စစ်ကိုင်းမြို့၊
မဟာသုဓောဓာရုံသာသနဝံသ ဂဏာဓိပတိ မဟာနာယက၊
ဗုဒ္ဓတက္ကသိုလ်ကြီး သုံးရပ်တို့၏ ပါမောက္ခချုပ်၊
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ

# အရှင်နန္ဒမာလာဘိဝံသ (Ph .D) ၏
# ဘဝရက်စွဲများ

၁၃၀၁-ခုနှစ်၊ တပေါင်းလပြည့်၊ 22.March.1940 စနေနေ့ မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ ညောင်ပင်ရွာ၊ ခမည်းတော် ဦးစံလှ + မယ်တော် ဒေါ်ခင်တို့မှ ဖွားမြင်သည်။

၁၃၀၅- 1944 ခုနှစ်၊ အသက် ၅ နှစ်သားအရွယ် စဉ့်ကူးမြို့နယ်၊ ညောင်ပင်ရွာ၊ ပေါ်တော်မူကျောင်းဆရာတော် ဦးကေလာသ (ဦးလေးဘုန်းကြီး) ထံတွင် မြန်မာစာနှင့် ဗုဒ္ဓစာပေများကို စတင်သင်ကြားခဲ့သည်။

၁၃၁၁-1949 ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်၊ အသက် ၁၀ နှစ်အရွယ်တွင် စစ်ကိုင်းတောင်ရိုး၊ ဝိပဿနာ

ဂန္ဓာရုံချောင်၌ အဘိဓဇမဟာရဋ္ဌဂုရု၊ နဝမရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေပြုခဲ့သည်။

၁၃၁၄- 1953 ခုနှစ်၊ အသက် ၁၃ နှစ်တွင် အဘိဓမ္မာစာမေးပွဲ ၃ ဆင့် စတင်အောင်မြင်ခဲ့သည်။

၁၃၁၇- 1956 ခုနှစ်၊ အသက် ၁၆ နှစ်တွင် အစိုးရဓမ္မာစရိယ တန်းကို ဂုဏ်ထူး ၂ ကျမ်းနှင့်တကွ အောင်မြင်၍ 'သာသနဓဇသိရိပဝရဓမ္မာစရိယ'ဘွဲ့ကို ရရှိခဲ့သည်။

၁၃၁၈- 1957 ခုနှစ်၊ သာသနာလင်္ကာရ သာမဏေကျော်ဘွဲ့ကို ရရှိခဲ့သည်။

၁၃၂၀- 1958 ခုနှစ်တွင် စစ်ကိုင်းမြို့၊ မဟာသုဗောဓာရုံ ကျောင်းတိုက်ကို နောင်တော်များနှင့်အတူ တည်ထောင်သည်။ (နောင်တွင် ပဓာနစာချ၊ တိုက်ကြပ်၊ တိုက်အုပ် အဆင့်ဆင့် တာဝန်များထမ်းဆောင်ခဲ့သည်။)

၁၃၂၁-1960 ခုနှစ်၊ နဝမရွှေကျင်သာသနာပိုင် စံကင်း ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ ရောက်ရှိခဲ့သည်။

၁၃၂၄- 1963 ခုနှစ်တွင် ရန်ကုန် 'စေတိယင်္ဂဏ အဘိဝံသဘွဲ့' ကို ရရှိခဲ့သည်။

၁၃၂၅-1964 ခုနှစ်တွင် 'သာသနဓဇဓမ္မာစရိယ ဝိနယ ပါဠိ ပါရဂူ'ဘွဲ့ကို ရရှိခဲ့သည်။
၁၃၂၅- 1964 ခုနှစ်တွင် မန္တလေး 'သကျသီဟ အဘိဝံသ' ဘွဲ့ကို ရရှိခဲ့သည်။
၁၃၂၈- 1967 ခုနှစ်တွင် ရန်ကုန်မြို့ ဇမ္ဗူဒီပကျောင်းဆောင်၌ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုအဖြစ် ဆောင်ရွက်နေစဉ် ချမ်းမြေ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသထံတွင် အင်္ဂလိပ်ဘာသာကို စတင် သင်ယူခဲ့သည်။
၁၃၃၂- 1973 ခုနှစ်မှစတင်၍ ကျမ်းစာများ ရေးသားပြုစုခဲ့သည်။ အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် ကျမ်းစာများ ထုတ်ဝေခဲ့ပြီး ဖြစ်သည်။
၁၃၃၉- 1980 ခုနှစ်တွင် ပထမအကြိမ် သံဃာ့အဖွဲ့အစည်း အဆင့်အဆင့်အတွက် စစ်ကိုင်းမြို့နယ် သံဃနာယက အဖွဲ့(ရွေးကျင်)အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ နောင်တွင် ဓမ္မာစရိယ စာမေးပွဲအကျိုးဆောင်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်(ရွေးကျင်)၊ ပဌမပြန် စာမေးပွဲ ပြဋ္ဌာန်းကျမ်းစာ ပြင်ဆင်ရေးအဖွဲ့ အဖွဲ့ဝင်၊ နိကာယ် စာမေးပွဲ စည်းမျဉ်းစည်းကမ်း ရေးဆွဲရေး အဖွဲ့ဝင်၊ နိုင်ငံတော်သီးခြားဝိနည်း ခုံရုံးအဖွဲ့ အမှတ် (၁/၉၈) ၏ ဝိနည်းခုံရုံး၊ ပဌမပြန်စာမေးပွဲ ကျင်းပ

ရေးအဖွဲ့၊ (စစ်ကိုင်း)၏ ပုဆ္ဆကအဖွဲ့ ဥက္ကဋ္ဌအဖြစ် သာသနာရေးအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၃၄၇-1986 ခုနှစ်တွင် အိန္ဒိယနိုင်ငံ အာသံနှင့် အရုဏာပရာဒေ့ရှ် ရဟန်း သာမဏေ ကျောင်းသားငယ်တို့အား မြန်မာစာနှင့် အဘိဓမ္မာတို့ကို ပို့ချပေးခဲ့သည်။

၁၃၄၈- 1987 ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၊ ဘော်ရဲလာမြို့၊ အသင်းသားများအား အဘိဓမ္မာကို အင်္ဂလိပ်ဘာသာဖြင့် ပို့ချပေးခဲ့သည်။

၁၃၅၀- 1989 ခုနှစ်တွင် University of Kelaniya မှ M.A (Buddhist Studies) ဘွဲ့ကို ရရှိခဲ့သည်။

၁၃၅၅-1994 ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ မေရီလင်းပြည်နယ်၊ ဆီလ်ဗားစပရင်းမြို့ မင်္ဂလာရာမကျောင်း၌ မြန်မာဗုဒ္ဓဘာသာဝင်တို့အား အဘိဓမ္မာဘာသာရပ်ကို ပို့ချပေးခဲ့သည်။

၁၃၅၇- 1996 ခုနှစ်တွင် နိုင်ငံတော်မှ 'အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့' ကိုဆပ်ကပ်ခဲ့သည်။ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ပါမောက္ခချုပ်အဖြစ် ဆောင်ရွက်ကာ Department of Language Studies ၌ English Diploma တန်းနှင့် B.A တန်းများ၌ ဆိုင်ရာဘာသာရပ်များကိုလည်းကောင်း၊ အမေရိက, ကိုးရီးယား, မက္ကဆီကို,

ဂျာမနီ၊ ပြင်သစ် စသောနိုင်ငံများမှ ကျောင်းသား ကျောင်းသူများအား ပါဠိဘာသာ အဘိဓမ္မာဘာ သာရပ်များကိုလည်း သင်ကြားပို့ချပေးခဲ့သည်။

၁၃၅၈- 1997 ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဘော်လီ မိုးမြို့ ကေလာသဝိဟာရကျောင်း၌ မြန်မာဗုဒ္ဓဘာသာ ဝင်တို့အား အဘိဓမ္မာ သင်တန်းပို့ချပေးခဲ့သည်။

၁၃၆၀- 1999 ခုနှစ်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ ထေရ ဝါဒ သာသနာပြု တက္ကသိုလ်၏ ဩဝါဒါစရိယ ဧည့် ပါမောက္ခအဖြစ် ပြည်တွင်းပြည်ပ ကျောင်းသားများ အား စာပေပို့ချပေးခဲ့သည်။

၁၃၆၁- 2000 ခုနှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော 'အဂ္ဂမဟာပဏ္ဍိတ ဘွဲ့'ကို ရရှိခဲ့သည်။

၁၃၆၄- 2003 ခုနှစ်တွင် အိန္ဒိယနိုင်ငံ မာဂဓတက္ကသိုလ်မှ Ph.D ဒေါက်တာ ဘွဲ့ကိုရရှိခဲ့သည်။ ထိုနှစ်မှစ၍ ဂျာမနီ၊ နယ်သာလန်၊ ဩစတြေးလျ၊ အင်္ဂလန်၊ စင် ကာပူ၊ မလေးနိုင်ငံများသို့ နှစ်စဉ်မပြတ် ကြွရောက်၍ အဆိုပါ နိုင်ငံသားများအား အဘိဓမ္မာသင်တန်းများ သင်ကြားပို့ချပေးခဲ့သည်။

၁၃၆၇- 2005 ခုနှစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ထေရဝါဒ သာသနာပြု တက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ရသည်။

၁၃၇၁-2010 ခုနှစ်တွင် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံ သာသနဝံသ သမုဋ္ဌာပကဆရာတော်ကြီး လွန်တော်မူ၍ မဟာသုဗောဓာရုံသာသနဝံသ ဂဏာဓိပတိ မဟာနာ ကယအဖြစ် ဆောင်ရွက်တော်မူရသည်။ ယခုအခါ ပြင်ဦးလွင်မြို့ အောင်ချမ်းသာရွာ ဓမ္မသဟာယ သာသနစင်တာ၌ ဓမ္မသင်တန်းများ ပို့ချတော်မူလျက် လည်းကောင်း, ဓမ္မဒေသနာများ ဟောကြားလျက် လည်းကောင်း ကျန်းမာချမ်းသာစွာ သီတင်းသုံးတော် မူလျက်ရှိသည်။

❑

# ကျေးဇူးစကား

ကျေးဇူးရှင် ပါမောက္ခချုပ်ဆရာတော်၏ ဓမ္မဂီတိကာ အဖြာဖြာတို့ကို ဖိုင်တစ်ခုတည်း၌သာ ထိန်းသိမ်းထားသည် မဟုတ်သည့်အတွက် စပ်ရာတပည့်များထံမှတစ်ဆင့် ရှာဖွေစုစည်းကြရပါသည်။ စာစောင်များမှလည်း ရှာဖွေ စုဆောင်းကြရပါသည်။ ယင်းသို့ ရှာဖွေစုဆောင်းပေးကြသော မဟာသုတောစာရုံ သာသနဝံသတို့အား လည်းကောင်း၊ ဤ ဓမ္မဂီတိကာထုတ်ဝေ ပူဇော်နိုင်ရန်အတွက် အဓိကတာဝန်ယူ ဆောင်ရွက်ရသော **ဘဒ္ဒန္တအဘိဇာတာဘိဝံသ (ဒွါဒသမ တိပိဋကဓရ)** အား လည်းကောင်း၊ စာအုပ် ကြီးကြပ် ကြည့်ရှုပြင်ဆင်ရိုက်နှိပ်ပေးသော **ဘဒ္ဒန္တခေမိဿရာဘိဝံသ** အားလည်းကောင်း၊ ကွန်ပျူတာ စာစီရိုက်နှိပ်ပေးတော်မူကြသော ဦးကုဏ္ဍာစာရ၊ ဦးစန္ဒာဝရ၊ ဦးပညာသေဋ္ဌာလင်္ကာရ၊ ဦးသုမန၊ ဦးဝိနယာစာရ၊ ဦးပညာဝံသ၊ ဦးစန္ဒာဝရ၊ ဦးမဏိသာရာလင်္ကာရ၊ ဦးအာစိဏ္ဏာလင်္ကာရတို့အားလည်းကောင်း၊ စွယ်တော်ပုံနှိပ်တိုက် ဝန်ထမ်းများနှင့် စာပေမိသားစုတို့အားလည်းကောင်း၊ ဓမ္မဒါန ကုသိုလ်ရှင်တို့အား လည်းကောင်း၊ အခြားလိုအပ်ရာရာ ကူညီဆောင်ရွက်ပေးကြသော ပုဂ္ဂိုလ်များအား လည်းကောင်း အထူးကျေးဇူးတင် ဝမ်းမြောက်ရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**(၇၅) နှစ်ပြည့် စိန်ရတုဝိဇာတ**
**ဂုရုပူဇာ ကျင်းပရေးကော်မတီ**

# မာတိကာ

❑ နိဒါန်း စကားချီး က


## ဂါထာကဏ္ဍ

၁။ နိဒါန်း
ဆရာတော်ဗရားကြီး၏သာသနာပြုခုနှစ်မှတ်တမ်း ထ
၂။ အမှာစာ န
၃။ ဂုရုဝဏ္ဏနာဂါထာတရာ ၁
၄။ ရွှေကျင်နိကာယ ဂဏာုက္ကဋ္ဌဝဏ္ဏနာ ၆၇
၅။ ရဋ္ဌဂုရုဝဏ္ဏနာ ၁၂၁
၆။ ဒါဌာဓာတုဝန္ဒနာ ၁၄၇
၇။ ဝိနည်းစာတော်ပြန်ပွဲ ရွတ်ရန်ဂါထာ ၁၅၂
၈။ ပဋ္ဌာန်းပွဲအခမ်းအနားဖွင့်ဂါထာ ၁၅၄
၉။ ၁၉-ကြိမ်မြောက်သာသနာလင်္ကာရစာမေးပွဲ
ဆုနှင်းသဘင်အခမ်းအနားဖွင့်ဂါထာ ၁၅၆
၁၀။ စစ်ကိုင်းမြို့ သာသနာလင်္ကာရစာမေးပွဲ
ဆုနှင်းသဘင် အခမ်းအနားဖွင့် ဂါထာ ၁၅၈
၁၁။ အာစရိယဂုဏပူဇာအခမ်းအနားဖွင့်ဂါထာ ၁၆၀

၁၂။ အာစရိယဂုဏဝိသိဋ္ဌပူဇာပူဇော်ခွင့်
ပန်ကြားလွှာဂါထာ ၁၆၂

၁၃။ မဟာသုဗောဓာရုံ သောတုဇနများ၏
အဓိဋ္ဌာန်ပြုလွှာ ဂါထာပါဘုရား ၁၆၅

၁၄။ ပထမရွှေကျင်ဆရာတော်ဘုရားကြီးအား
ပူဇော်ဆက်သအပ်သော ဂုဏပူဇာဂါထာများ ၁၆၇

၁၅။ ဓမ္မာစရိယဘွဲ့ရ မရူပမာလာ
ဂုဏထောမနာဂါထာများ ၁၇၀

၁၆။ ဝိနယကောဝိဒဘွဲ့ရ အရှင်တိသာသန
ဂုဏပူဇာထောမနာဂါထာများ ၁၇၄

၁၇။ အဂ္ဂါဘိဓဇ သဇ္ဇနောဒယဆရာတော်ကြီး
ဝိဇာတနှင့် ဂုဏပူဇာဂါထာများ ၁၇၈

၁၈။ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိဂ္ဂဝထေရ်
ဂုဏပူဇာဝန္ဒနာသီသဂါထာများ ၁၈၃

၁၉။ စံကင်းဆရာတော်ကြီး ၉၅-နှစ်ပြည့်
ဂုရုပသံသိယစာပန်းကုံး ၁၈၇

၂၀။ စံကင်းဆရာတော်ကြီး ၉၇-နှစ်ပြည့်
ဂုဏပသံသာဂီတိဂါထာများ ၁၉၆

၂၁။ စံကင်းဆရာတော်ကြီး သက်တော် ၁၀၀-ရောက်
မွေးနေ့ဂါထာ ၂၀၁

၂၂။ မြွေပုံကန်အရှေ့ရွာကျောင်းဆရာတော်ကြီး
သက်တော်ရာပြည့်ဂုဏူပသဉ္ဇိတာဂါထာများ ၂၀၅

၂၃။ နာယကဆရာတော်၏ ၄၇-နှစ်ပြည့်
ပဋ္ဌနာသီသဂါထာ ၂၀၈

၂၄။ အသောကာရုံဆရာတော်ကြီး အနှစ် ၉၀-ပြည့်
ဝိဇာယနပတ္ထနာသီသဂါထာ ၂၁၁
၂၅။ သမိဒ္ဓေါဒယ ဖွါးဘုရားကြီး ၉၇-နှစ်ပြည့်
ဝိဇာယနမေတ္တာပို့ အခမ်းအနားဖွင့်ဂါထာ ၂၁၃
၂၆။ ရွှေဟင်္သာဆရာတော်ဘုရားကြီး ၉၂-နှစ်ပြည့်
ဝိဇာယနဝန္ဒနာသီသဂါထာများ ၂၁၅
၂၇။ ရှင်ဂန္ဓသာရ ၏ ဥပသမ္ပဒမင်္ဂလာ
ထုတိဝေဒလ္လဂါထာများ ၂၁၈
၂၈။ ရှင်နန္ဒိယ၏ ဥပသမ္ပဒမင်္ဂလာ
ထောမနာသီသဂါထာများ ၂၂၄
၂၉။ ရှင်ဇနာဓိပ၏
ဥပသမ္ပဒမင်္ဂလာ ဇယာသီသဂါထာများ ၂၂၇
၃၀။ ရှင်မာနိတာလင်္ကာရ၏ ထုတိဝေဒလ္လဂါထာများ ၂၃၁
၃၁။ ရှင်သုဇနိန္ဒလင်္ကာရ၏
ဥပသမ္ပဒမင်္ဂလာဂုဏ်ပြုဂါထာများ ၂၃၆
၃၂။ ရှင်ဝါသဝ၏ဥပသမ္ပဒမင်္ဂလာထောမနာဂါထာများ ၂၄၀
၃၃။ ရှင်ဝိစာရဏ၏
ဥပသမ္ပဒမင်္ဂလာထုတိဝေဒလ္လဂါထာများ ၂၄၃
၃၄။ အမရပူရရွှေဦးကျောင်းတိုက် ကျောင်းတင်ပွဲ
ဇယမင်္ဂလာပတ္ထနာဂါထာများ ၂၄၇
၃၅။ မဟာသန္တာရုံကျောင်း တည်ထောင်အပ်နှင်း
ချီးကျူးဂုဏ်ပြုလွှာဂါထာများ ၂၅၀
၃၆။ ကျိုက်မရော၊ မဏ္ဍလာဇေယျကျောင်း၊
သိမ် ကထိန်ဇယမင်္ဂလာဂါထာများ ၂၅၄

၃၇။ ရန်ကုန်၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်
သီမာသမ္မုတိဇယမင်္ဂလာဂါထာ ၂၅၈
၃၈။ မန္တလေး၊ မဟာဗောဓိရိပ်သာ၊ ဦးမြင့်စိန်၏
စာဂါနုဿတိဂါထာ ၂၆၀
၃၉။ စစ်ကိုင်း၊ သကျမီတာစာသင်တိုက်
ကျောင်းရေစက်ချထောမနာသီသဂါထာ ၂၆၃
၄၀။ ရန်ကုန်၊ ဆုထူးပန်စာသင်တိုက် ကျောင်းရေစက်ချ
အနုမောဒနာပတ္ထနာသီသဂါထာများ ၂၆၆
၄၁။ ရန်ကုန်၊ သီတဂူဗုဒ္ဓတက္ကသိုလ်ဖွင့်ပွဲ
ဇယမင်္ဂလာဂါထာ ၂၇၀
၄၂။ ဘုန်းတော်ကြီးဦးဂုဏောဒယ၏
သာဓုကီဠနသံဝေဇနီယဂါထာ ၂၇၃
၄၃။ အမရပူရ၊ မဟာဂန္ဓာရုံဆရာတော်ဘုရား၏
သာဓုကီဠနဂုဏာနုဿရဏဂါထာများ ၂၇၆
၄၄။ တောင်သာ၊ ဓမိုက်ရွာ၊
အောင်မြေရွှေဘုံဆရာတော်၏
ဂုဏာနုဿရပူဇာဂါထာများ ၂၈၁
၄၅။ စစ်ကိုင်း၊ မဟာသုဒဿနဆရာတော်၏
သာဓုကီဠနသံဝေဇနီယဂါထာ ၂၈၄
၄၆။ ခြသေ့်ကန်ဆရာတော်ဘုရားကြီး၏
အန္တိမစျာပန ဂုဏာနုဿရနဂါထာများ ၂၈၉
၄၇။ ယင်းမာရွာဆရာတော်ဘုရားကြီး၏
အန္တိမစျာပနသံဝေဇနီယဂါထာများ ၂၉၄

## ရတုပိုဒ်စုံကဏ္ဍ


၁။ စစ်ကိုင်း၊ နန်းဦးစေတီ ရွှေထီးတော်တင်
ဂုဏပူဇာရတုပိုဒ်စုံ ၂၉၈

၂။ မန်း ဒေါ်အေးအေး မိသားစု
ရှင်ပြု နားသမင်္ဂလာ မင်္ဂလာရတုပိုဒ်စုံ ၃၀၀

၃။ ငါန်းမြာကြီး မာရ်အောင်သာသနာ့ဗိမာန်တော်
ရေစက်ချ ဇယမင်္ဂလာရတုပိုဒ်စုံ ၃၀၂

၄။ ပခာနနာယကဆရာတော်ဘုရား၏
အာစရိယဂုဏပူဇာ မင်္ဂလာရတုပိုဒ်စုံ ၃၀၄

၅။ ပခာနစာချဆရာတော် အရှင်ဝိသုဒ္ဓါစာရဘိဝံသ၏
ဂုဏပူဇာ မင်္ဂလာရတုပိုဒ်စုံ ၃၀၇

၆။ ညောင်ပင်ရွာ သီရိရတနာတိုက်ကျောင်းရေစက်ချ
မင်္ဂလာရတုပိုဒ်စုံ ၃၀၉


## ကောင်ကင်ကြိုး


၁။ သီရိဝိဇယငွေရတုစေတီတော် ကြေးရွှေထီး
အထွဋ်တင်ပူဇော် ကောင်းကင်ကြိုး ၃၁၁


## ဩဘာစာကဏ္ဍ


၁။ ဓမ္မနာဒ တိပိဋကဓရ
ထေရပူဇာထောမနာစာတမ်း ၃၁၃

၂။ ဓမ္မစေတီ ပိဋကတ်တိုက် ဆောက်လုပ်လှူဒါန်းသည့်
အကြောင်းအရာ ထောမနာစာတမ်း ၃၂၀

၃။ ဆေကိန္ဒာရာမကျောင်း၌
၁၉-ကြိမ်မြောက် အစည်းအဝေး၌
တင်သွင်းပူဇော်သည့် ဇယမင်္ဂလာဩဘာစာ ၃၃၀
၄။ ကျွဲထပ် ပုဂံစုရွာ လေသာကျောင်းတိုက်
သိမ်တော် အောင်မင်္ဂလာစာတမ်း ၃၃၈
၅။ သီရိဝိဇယ သမဂ္ဂကရဏီသိမ်တော်
ဇယမင်္ဂလာစာတမ်း ၃၄၁

## ရှစ်လုံးဖွဲ့ကဗျာ

၁။ ညောင်ပင်ရွာ အာစရိယဂုဏဝိသိဋ္ဌပူဇာ
ရှစ်လုံးဖွဲ့ကဗျာ ၃၄၅
၂။ သာသနတက္ကသီလမ္မာစရိယ အရှင်သိရိန္ဒအား
ဂုဏ်ပြုပူဇော်အပ်သောရှစ်လုံးဖွဲ့ကဗျာ ၃၄၇

❐

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

# နိဒါန်း စကားချီး

## ကဝိလက္ခဏာ

ဂီတိဂါထာ ကဗျာဗန္ဓ အသီအကုံး အထုံးအဖွဲ့ ကျွမ်းကျင်လိမ္မာခြင်းသည် ပညာရှိတို့ အမှတ်အသား= **ကဝိလက္ခဏာ**တစ်ပါး ဖြစ်လေသည်။ကျမ်းဂန်စာပေ မည်မျှပင် တတ်ကျွမ်းနေစေကာမူ ကဗျာလင်္ကာရေးဖွဲ့နိုင်မှု မရှိလျှင် ပညာရှိဂုဏ်အင်္ဂါတစ်ပါး ယုတ်လျော့နေသည်ဟု ဆိုနိုင်လေသည်။ **'ကဝိ'** ဟူသော ပုဒ်ကပင်လျှင် **'ကဝတိ ကဗျံ ဗန္ဓတိတိ ကဝိ'** ကဗျာလင်္ကာကို သီးကုံးဖွဲ့နွဲ့ရွတ်ဆိုတတ်သောကြောင့် **'ကဝိ'** ဆိုလေရာ ကဗျာလင်္ကာမှ သီကုံးဖွဲ့နွဲ့ရွတ်ဆိုသမှု မပြုတတ်လျှင် 'ကဝိ' မမည်နိုင်တော့ပေ။ **'ကဗျာ'**ဟူသည်မှာလည်း **'ကဝီနံ ကမ္မံ ကဗျံ'** ဟူသည်နှင့်အညီ ကဝိမည်တွင် စာဆိုရှင်တို့၏ ဥစ္စာဖြစ်သောကြောင့် **'ကဗျာ'** မည်လေသည်။

## ကဝိလေးမျိုး

**'ကဝိ'**ခေါ်တွင် စာဆိုပညာရှင်သည်

၁။ ကိုယ်ပိုင်အတွေးအခေါ်အခြေခံ၍ လင်္ကာကဗျာဖွဲ့ သီတတ်သူ စိန္တာကဝိ၊

၂။ အကြားကို အခြေခံ၍ နည်းမှီကာ လင်္ကာကဗျာ ဖွဲ့ သီတတ်သူ သုတကဝိ၊

၃။ အနက်အဓိပ္ပါယ် တစုံတခုကို စူးစမ်းလေ့လာ၍ ချို့လျက် ချဲ့လျက် လင်္ကာကဗျာ ဖွဲ့သီတတ်သူ အတ္ထကဝိ၊

၄။ အရှင်ဝင်္ဂီသကဲ့သို့ ရုတ်တရက်ထင်ပေါ်လာသည့် ပဋိဘာန်ဉာဏ် အခြေခံလျက် လင်္ကာကဗျာ ဖွဲ့သီတတ်သူ ပဋိဘာနကဝိ ဟု ကဝိအပြား လေးမျိုး လေးစား ရှိလေသည်။

## ကဝိသည် ကဗျာဗန္ဓတို့၏ ဖြစ်တည်ရာ

**"ဆန္ဒော နိဒါနံ ဂါထာနံ၊**
**အက္ခရာ တာသံ ဝိယဥ္စနံ။**
**နာမသန္နိဿိတာ ဂါထာ၊**
**ကဝိ ဂါထာနမာသယော။**

အဖွဲ့အနွဲ့ ဂါထာကဗျာတို့၏ နိဒါန်းကား ဆန်း၊ ထိုဂါထာကဗျာတို့ကို ပေါ်လွင်အောင် ထင်ရှားပြသည်ကား အက္ခရာများ၊ နာမ်ပုဒ်တို့ကား ထိုဂါထာကဗျာတို့၏ မှီတည်ရာ၊ ပညာရှိတို့ကား ထိုဂါထာကဗျာတို့၏ ဖြစ်တည်ရာ" ဟု မြတ်ဗုဒ္ဓ ဟောကြားတော်မူရာ အဆင့်မီ ကဗျာဗန္ဓလင်္ကာများကို ရေးသားဖွဲ့ဆိုနိုင်ရန်အတွက် ဆန်းကျမ်း, အလင်္ကာကျမ်း, အဘိဓာန်ကျမ်းတို့နှင့် လေ့လာပွမ်းတည်း ရင်းနှီးနေရုံမျှမက ပင်ကိုယ် ဉာဏ်ရည်ဉာဏ်သွေး အတွေးအခေါ်, စကားလုံး ရွေးချယ် သုံးနှုန်းတတ်မှုတို့ များစွာလိုအပ်သည်။

## စာဆိုရှင်တစ်ဦးဖြစ်ရန်

စာဆိုချွန် 'ကဝိ' သူမွန်တစ်ဦး ဖြစ်ရန်အတွက် ထိုအရည်အသွေးများအပြင် အထုံဝါသနာနှင့် လေ့လာလိုက်စား ကြိုးစားမှုလည်း မရှိမနေ လိုအပ်လေသည်။ စာပေကျမ်းဂန် ဗဟုသုတရှိပင် ရှိသော်လည်း ဝါသနာနှင့် ကြိုးစားမှု မရှိခဲ့ပါလျှင် စာဆိုရှင် ကဝိတစ်ဆူ မဖြစ်နိုင်ပေ။ ဝါသနာနှင့် ကြိုးစားမှုရှိသော်လည်း စာပေကျမ်းဂန် ဗဟုသုတကင်းမဲ့, စည်းကမ်းနည်းလမ်း နားပါးမလည် ဖြစ်ခဲ့ပြန်လျှင်လည်း စာဆိုရှင် ကဝိတစ်ဆူ မဖြစ်နိုင်ပေ။

"ဝိနာ ဂရုပဒေသံ တံ၊
ဗာလော လက်တ္တုမိစ္ဆတိ။
သမ္ဘာပုဏ္ဏော န ဝိညူဟိ၊
ဟာသဘာဝံ ကထံ နု သော။"

ဟူသော အလင်္ကာကျမ်းဆရာ၏ အဆိုအမိန့်နှင့်အညီ စည်းကမ်းနည်းလမ်းကို နားပါးမလည်ပဲ ကဗျာလင်္ကာဖွဲ့သီခဲ့လျှင်-

"ဒိတောင်ကြီးတက်ရတာ မောလိုက်တာ၊
ငါ့အဖေ မော်ကာကြည့် ခေါင်းပေါင်းကြီးပြုတ်ကျ"

ဟူသကဲ့သို့လည်းကောင်း၊

"လင်းကြက်က ဆော်၊ စည်တော်က နှောင်ဒိန်း၊
ပျိုတို့မောင်ကြက်ပြာပိုက်တယ်၊ ထီးက ငေါက်တောက်"

ဟူသကဲ့သို့လည်းကောင်း

အဆီအငေါ်မတည့် ကဗျာ မပီ ကာရန်မညီဖြင့် လူရယ်ဘွယ်ရာမျိုးသာ ဖြစ်ပေလိမ့်မည်။

## ပါမောက္ခချုပ်ဆရာတော်

ဆိုပါဦးမည်၊ နိုင်ငံအဝှန်းက **'ပါမောက္ခချုပ်ဆရာတော်'** ဟူသာ အသိများ ထင်ရှားကျော်ကြားနေသည့် မဟာသုဗော-ဓာရုံသာသနဝံသ ဂဏဝိပတိ မဟာနာယက ဒုတိယဆရာတော်ဘုရားသည် ဂီတိဂါထာ ကဗျာဗန္ဓအရာဝယ် ထိပ်တန်း

ပညာရှင်အချင်းချင်းကပင်လျှင် အသိအမှတ်ပြုရသည့် ကဝိသခင် စာဆိုရှင်တစ်ပါး ဖြစ်တော်မူလေသည်။ ဆရာတော်ဘုရားကို **'ကဝိပါရဂူ'** ဟု မညွှန်းဆိုလိုသော်လည်း **'ကဝိဂုဏ်မြောက် ပါမောက္ခတစ်ဆူ'** ဟုတော့ ရဲရဲကြီး ပြောကြားလိုပါသည်။

ဆရာတော်ဘုရား၏ ပင်ကိုယ်ဉာဏ်အရည်အသွေး ထက်မြက်မှု၊ ဂန္ထန္တရဗဟုသုတ ပြည့်ဝမှု၊ ဝါသနာအလေ့အလာနှင့် ကြိုးစားမှု ဝီရိယတို့က ဆရာတော်ဘုရား၏ နှလုံးသားနှင့် ဆက်သွယ်နေသော ကလောင်ဖျားမှ အသံလည်း ကြွယ်၊ အဓိပ္ပါယ်လည်း ပြည့်ဝ၊ စကားလုံးလည်း လှပသည့် ဂီတိဂါထာ ကဗျာဗန္ဓများကို ထွက်ကျယိုစီးစေလေသည်။

မြစ်ကမ်းနား သဲသောင်ပြင်ရှိ လက်ယက်တွင်းသည် မည်သို့ပင် ခပ်ယူကြစေကာမူ ရေအေးရေကြည်များ မကုန်နိုင် မခန်းနိုင် စိမ့်ယိုစီးထွက်နေသည်သာ ဖြစ်လေသကဲ့သို့ ဆရာတော်ဘုရား၏ ပဋိဘာန်ဉာဏ်တော်မှလည်း ကဗျာဗန္ဓ ဂါထာဂီတိများမှာ ရေးသား၍ မကုန်နိုင် မခန်းနိုင်လောက်အောင် ယိုစိမ့်စီးဆင်းနေလေသည်။

## ကဝိမှတ်ကျောက်တင် ကျမ်းနှစ်ဆူ

ဆရာတော်ဘုရား၏ ပင်ကိုယ်ပဋိဘာန်ဉာဏ် ထက်ထက်မြက်မြက် သွက်သွက်လက်လက် ရှိပုံကို ဆရာတော်

ဘုရားရေးသားသည့် **'ဂူဠှတ္ထနာဂါထာတရာ'** နှင့် **'ဂဏ္ဍာကတ္တ ဌဝဏ္ဏနာဂါထာတရာ'** ဟူသော ကျမ်းနှစ်ကျမ်းတို့ဖြင့် ညွှန်းဆိုလိုပါသည်။ ထိုတွင် **'ဂူဠှတ္ထနာ ဂါထာတရာ'**ကို နဝမ ရွှေကျင် သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး၏ သက်တော် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ရေးသားပူဇော်ခဲ့ပြီး **'ဂဏ္ဍာကတ္တဌဝဏ္ဏနာ ဂါထာတရာ'**ကိုမူ ဧကာဒသမ ရွှေကျင်သာသနာပိုင် ကြေးမြင်ဆရာတော်ဘုရားကြီး၏ သက်တော် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ရေးသားပူဇော်ခဲ့သည်။

**'ဂူဠှတ္ထနာ ဂါထာတရာ'**ကို စာပေပို့ချမှုစသည့် တာဝန် လုပ်ငန်းများကြားမှ ရသမျှအချိန်ယူ၍ သီတင်းနှစ်ပတ်ကြာမျှဖြင့် ရေးသားခဲ့ကြောင်း နိဂုံးပိုဒ်စုံရတုအရ သိရသည်။ ၎င်း၌ ဆရာတော်ဘုရား၏ ပါဠိမြန်မာ စကားလုံးများ ရွေးချယ်မှုကောင်းမွန်ပုံ, သဒ္ဒအတ္ထ အလင်္ကာနှစ်မျိုးကို အကွက်လှလှ အချက်ကျကျ အသုံးပြုလျက် ဖွဲ့နွဲ့မှု နိုင်နင်းပုံတို့ကို တွေ့မြင်နိုင်ပါသည်။

**'ဂဏ္ဍာကတ္တဌဝဏ္ဏနာ ဂါထာတရာ'**ကိုမူ မည်မျှ ကြာအောင် ရေးသည်ဟု (နိဒါန်း,နိဂုံးတို့၌ မပါ၍) မသိရသော်လည်း ၎င်းမှာလည်း အချိန်အများကြီးယူ၍ ရေးခဲ့သည် မဟုတ်ပေ။ ဤစာရေးသူမှတ်မိသမျှ ဆရာတော်ဘုရားက စာရေးစားပွဲမှာ ထိုင်၍ ရေးသည်။ ရေးပြီးရေးပြီးသမျှ နည်းနည်းချင်း

သာသနာရေးရုံးမှ ဝန်ထမ်းနှစ်ဦးအား ပေးသည်။ ဝန်ထမ်းနှစ်ဦးက တစ်နေရာမှာ တိုက်ပရိုက်ဖြင့် ဖယောင်းဖောက်သည်။ ဖောက်ပြီး ဖယောင်းကို စာကူးစက်မှာတင်၍ လှည့်သူက လှည့်ကြရသည်။ ဤစာရေးသူတို့က လိုအပ်ရာရာ ကူညီခဲ့ရသည်။ ဤနည်းဖြင့် ဧကာဒသမ ရွှေကျင်သာသနာပိုင် ကြေးမြင်ဆရာတော်ဘုရားကြီး၏ မွေးနေ့အမှီ ဓမ္မဒါနပြု ပူဇော်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို **ဂဏ္ဍုက္ကဋ္ဌဝဏ္ဏနာ**မှာ ရွှေကျင်ဂိုဏ်း ပေါ်ပေါက်လာပုံနှင့် ရွှေကျင်သာသနာပိုင်အဆက်ဆက်တို့ကို ဖော်ပြသီကုံးထားသဖြင့် **'ရွှေကျင်နိကာယ သာသနဝံသသခေ်ပဂါထာကျမ်း'** ဟု ဆိုနိုင်ပေသည်။ သီဟိုဠ်ရဟန်းတော် **'အရှင်သိရိဓမ္မ'** က မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်များကို ပါဠိဂါထာဖြင့် ရေးသားခဲ့သည်ကို မုံရွာလယ်တီ **'အရှင်ပဏ္ဍိတ'**က မြန်မာဘာသာဖြင့် အဓိပ္ပါယ်ဖွင့်ဆိုရေးသားသဖြင့် **"မဟာဝိသုဒ္ဓါရာမိကထေရုပ္ပတ္တိဒီပနီ"** ကျမ်း ဖြစ်ပေါ်လာလေသကဲ့သို့ စွမ်းနိုင်သူများအနေဖြင့် ဤ**ဂဏ္ဍုက္ကဋ္ဌဝဏ္ဏနာဂါထာတရာ**ကို အဓိပ္ပါယ် ဖွင့်ဆို ရေးသားနိုင်ခဲ့လျှင် ကောင်းမွန်သော **"ရွှေကျင်နိကာယ သာသနာဝင်ကျမ်း"** တစ်ဆူ ဖြစ်ပေါ်လာနိုင်စရာ ရှိပေသည်။

ထို**ဂဏ္ဍုက္ကဋ္ဌဝဏ္ဏနာဂါထာတရာ**ကို ဖတ်ရှုရလျှင် ဆရာတော် ဘုရား၏ သမိုင်းဆိုင်ရာနိုင်နင်းပုံ, အထူးသဖြင့် ပထမ

ရွှေကျင်သာသနာပိုင်ဆရာတော်ဘုရားကြီးမှ စ၍ ကောဒသမ ရွှေကျင်သာသနာပိုင်ဆရာတော်ဘုရားကြီးတိုင် ၁၂ ပါးသော ဆရာတော်ဘုရားကြီးတို့၏ ဂုဏ်ကို အသီးအသီး ထိမိသော စကားလုံးများဖြင့် ရွေးချယ်သီကုံးပူဇော်ထားပုံတို့ကို အံ့သြဘွယ် တွေ့မြင်နိုင်ပါသည်။

## ဆရာတော်ဘုရား၏ ပဌမဆုံး လက်ရာဂါထာ

ဆရာတော်ဘုရားသည် ဂီတိဂါထာများကို သက်ရွယ် နုနယ် ရှင်သာမဏေအရွယ်ကတည်းက စတင်ရေးသားခဲ့ သည်။ ဤ'**မင်္ဂလဂီတိကာ**' စာမျက်နှာ တစ်နေရာ၌ ပါရှိသော

**"ဗုဒ္ဓ**ဝါစံ ဘဏေယျာမ၊
**သာ**သနဿာဝ နုဂ္ဂဟံ။
**သ**ကိစ္စမနုယုဉ္ဇန္တာ၊
**နာ**သေမ အပရေ မယံ။"

ဟူသောဂါထာသည် ဆရာတော်၏ ပဌမဆုံးလက်ရာ ဂါထာဖြစ်သည်။ ရှင်သာမဏေဘဝတွင် ရေးသားခဲ့သည့် ပထမဆုံးလက်ရာ ဂါထာမှာပင် ရိုးရိုးမရေးသားပဲ **"ဗုဒ္ဓသာ သနာ"** ဟူသော စကားလုံးကို ပါဒတို့၏ အစ၌ ထည့်သွင်း သုံးနှုန်းလျက် အာဒိသင်္ကေတအနေအားဖြင့် စိတ်ဝင်တစား ရေးသားထားသည်ကို တွေ့ရသည်။

## လေ့ကျင့်ရန် အရေးကြီး

ထိုဂါထာနှင့် စပ်၍ "*အဲဒီတုန်းက ညောင်ပင်ရွာ ဝိနည်းပြန်စာပွဲမှာ နာယကကြီးက ငါရယ်, မတ္တရာက ဦးသီလာရယ်ကို ခိုင်းတယ် 'ဒီ ဝိနည်းစာပြန်ပွဲ ဖတ်ဖို့ မင်းတို့ ဂါထာတွေ ရေးကြ' တဲ့၊ အဲဒီ လို ခိုင်းလို့ ဒီကရေးလိုက်တာ၊ ဦးသီလာကြီး ကတော့ မရေး ဘူး၊ ငါက ရေးတော့ ရေးတတ်သွားတာပဲ၊ ဦးသီလာကတော့ မရေးတော့ မရေးတတ်တော့ဘူးပေါ့*" ဟု ဆရာတော်ဘုရား မိန့်ကြားတော်မူဘူးသည်။ ထို့ကြောင့် ပါဠိဂါထာဖြစ်စေ, မြန်မာကဗျာဖြစ်စေ ရေးတတ်ချင်လျှင် တတ်နိုင်သမျှ ကြိုးစား ၍ရေးသားပါမှ ရေးတတ်မည် ဖြစ်ကြောင်း သိမှတ်ထားသင့် ကြလေသည်။

တကယ်တမ်းပြောရလျှင် ပါဠိဂါထာရေးသားပုံကို ပါဠိပထမပြန် အကြီးတန်းမှာကတည်းက သင်ခဲ့ကြရသည်သာ ဖြစ်သည်။ သို့သော် အကြီးတန်းအောင်ပြီး ကိုးဆယ်ရာခိုင်နှုန်းထက် မနည်းသော သူတို့မှာ ဂါထာမရေးတတ်ကြ။ အကြောင်းမှာ သင်ရုံသာသင်ပြီး လက်တွေ့လေ့ကျင့်မှု မပြုကြသောကြောင့် ဖြစ်လေသည်။

မှန်ပေသည်၊ ဘွဲ့လက်မှတ် ကိုင်ထားသူ များစွာတို့သည် သူတို့၏ ပညာကို စာသင်ခန်းထဲမှာသာ ပြီးဆုံးစေခဲ့ကြပြီး လက်တွေ့ အသုံးမချကြလေသဖြင့် သံချေးတက် ပျက်စီးကုန်ကြလေသည်။ ဤစာရေးသူ ငယ်စဉ်က ဆရာတော်ဘုရား

ထံ အကြီးတန်းအတွက် ဆန်းစာဝါ သင်ယူခဲ့ရာ စာဝါအပြီး တွင် "*ကဲ- မင်းတို့ကို လှေလှော်တော့ သင်ပြီးသွားပြီ၊ကိုယ်တိုင် ကျွမ်းကျွမ်းကျင်ကျင်တတ်ဖို့ ဆိုတာကတော့ ကိုယ်တိုင်ပဲ မကြာမကြာ လှော်ခတ်ပြီး လေ့ကျင့်ယူမှ ရမှာပဲ*"ဟု မိန့်ကြား တော်မူသည်ကိုလည်း အမှတ်ရမိပါသည်။

## ဂီတိများကို စုစည်းခြင်း

ဆိုခဲ့ပြီးသည့်အတိုင်း သက်ရွယ်နုနယ် ရှင်သာမဏေ အရွယ်မှစ၍ အခွင့်သင့်တိုင်း ဆရာတော်ဘုရား ရေးသားခဲ့ သည့် ဂီတိဂါထာများမှာ အလွန်များပြားလှပါသည်။ ဘာသန္တရစာပေလေ့လာရန် သီဟိုဠ်သို့ မကြွမီကဆိုလျှင် စစ်ကိုင်းမန္တလေးရှိ သာသနာရေးဆိုင်ရာ သာရေးနာရေးပွဲ မှန်သမျှ ဆရာတော်ဘုရား၏ လက်ရာ ဂါထာဗန္ဓဖြင့် ကင်းသည့်ပွဲပင် အလွန်ရှားသည်-ဟု သိရပါသည်။ သို့သော် ထိုဂါထာဗန္ဓများမှာ တစုတစည်းတည်း မစုစည်းမိသဖြင့် "ပွဲပြီး မီးသေ" ဆိုသကဲ့သို့ ပျောက်ပျက်ကုန်ပါသည်။ အဖိုး တန်ရတနာများ ပျောက်ဆုံးသကဲ့သို့ နှမြောတသဖွယ် ကောင်းလှပါသည်။ ယခုအခါ ဆရာတော်ဘုရား၏ သက် တော် ၇၅ နှစ်ပြည့် ဝိဇာတကာလသမယတွင် ဆရာတော် ဘုရားအား စွမ်းနိုင်ရာက ပူဇော်သောအားဖြင့် မတ္တရာ- သာသနဇောတာရုံဆရာတော် အမှူးပြုသော တပည့်ကြီးများ

က ဂုရုဝဏ္ဏနာဂါထာတရာ, ဂဏုက္ကဋ္ဌဝဏ္ဏနာဂါထာတရာ, ရဋ္ဌဂုရုဝဏ္ဏနာဂါထာငါးဆယ် ကို အခြေခံထား၍ လက်လှမ်းမီသမျှ ဂါထာဗန္ဓနှင့် မြန်မာကဗျာများကို မပျောက်ပျက်စေရန် ရည်သန်စုစည်း၍ ဓမ္မဒါန ပြုပါသည်။

## ဓမ္မဂီတိကာ စီစဉ်ပုံ

"**ဓမ္မဂီတိကာ**" ကို စီစဉ်ရာ၌ **ဂုရုဝဏ္ဏနာ, ဂဏုက္ကဋ္ဌဝဏ္ဏနာ, ရဋ္ဌဂုရုဝဏ္ဏနာ** ဂါထာတို့နောက်ဝယ် ဂါထာဗန္ဓများကို အခမ်းအနားဖွင့်ဂါထာ, ဂုဏပူဇာဂါထာ, ရဟန်းခံဂါထာ, အလှူပွဲဂါထာ, ဈာပနဂါထာ စသည်ဖြင့် တူရာတူရာ ရှေးဦးစွာ စုစည်းပါသည်။ တဖန် ၎င်းတို့ကို ရေးသားခဲ့သည့် နှစ်စဉ်အလိုက် ဖြစ်နိုင်သမျှ ရှေ့နောက် ပြန်လည် စီစဉ်ထားပါသည်။ ပြောင်းလဲလာသော ခေတ်အရ စကားလုံး အသုံးအနှုန်းများ ပြောင်းလဲလာပုံကို သိသာနိုင်ရန် ဖြစ်ပါသည်။ ဥပမာ- '၁' ဂဏန်းကို မြန်မာစာဖြင့် ရေးရာတွင် ရှေးက 'ဂါထာတရာ' စသည်ဖြင့် 'စ်' မပါပဲ ရေးပါသည်။ ၁၃၅၀ ပြည့်နှစ်ခန့် နောက်ပိုင်းကာလရောက်မှ "တစ်ရာ" စသည်ဖြင့် 'စ်' ပါလာသည်။


ဤ **ဓမ္မဂီတိကာ** ကို စီစဉ်ရာ၌ လက်လှမ်းမီသမျှကိုသာ စုစည်း၍ စီစဉ်ရခြင်းဖြစ်ရာ ဤ**ဓမ္မဂီတိကာ**တွင် မပါဝင်ပဲ

ကြွင်းကျန်သော ဂါထာပဒများ များစွာများစွာ ကောန်ပင် ရှိကြ ပါသည်။ ၄င်းတို့ကို တွေ့ရှိကြသော ပုဂ္ဂိုလ်များအနေဖြင့် မေတ္တာထား၍ စုဆောင်းပေးပို့ကြပါရန်နှင့် ပေးပို့သမျှကို နောင်အခွင့်သင့်ပါလျှင် ထည့်သွင်း၍ ရိုက်နှိပ် ဓမ္မဒါန ပြု လုပ်သွား မည်ဖြစ်ကြောင်း မေတ္တာဖြင့်ပင် အသိပေး ပြော ကြားလိုပါသည်။

## မွေးနေ့ဓမ္မပူဇာ


နိဂုံးချုပ်အနေအားဖြင့် မိဘများ၏ အမွေအနှစ်ကို မပျောက်မပျက်ရအောင် ထိန်းသိမ်းရမည်မှာ သားသမီးများ၏ တာဝန်ဖြစ်သလို ဆရာသမားများ၏ ရင်တွင်းနှလုံးသွေးဖြင့် ရေးသားထားသည့် စာပေများကို ထိန်းသိမ်းရန်မှာ တပည့် များ၏ တာဝန်ဖြစ်ပါကြောင်းနှင့် ထိုတာဝန်ကို အပြည့်အဝ ကြီး မဟုတ်သော်လည်း တတ်နိုင်သမျှ ဖြည့်ဆည်း ထမ်း ဆောင်ခွင့်ရကြသဖြင့် အတိုင်းအတာတစ်ခုအထိ ဝမ်း မြောက်ဝမ်းသာ ဖြစ်ကြရပါကြောင်း၊ ဤသည်မှာ ဆရာတော် ဘုရား၏ ၇၅ နှစ်ပြည့် မွေးနေ့ အခါကာလ တပည့်များ၏ မွေးနေ့ ဓမ္မပူဇာဖြစ်ပါကြောင်း ပြောကြားလိုပါသည်။

**အရှင်အဘိဇာတာဘိဝံသ**
၁၃၇၆ ခု၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(12.2.2015 )နံနက် ၂း၂၅



နဝမ ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး

(၁၂၃၂ - ၁၃၃၄)



" ဤစာမွန် "

" သန္တကာမှာ၊ သူတော်စွာတို့၊ ရသာကဲလွန်၊
ဤစာမွန်ကို၊ အားသွန်ခွန်ပြည့်၊ မတ်ရှုကြည့်သော်၊
ပေါ်ပြည့်ဂုဏ်အင်၊ မြတ်ထေရ်ရှင်ကို၊ ကြည်လင်စိတ်ထား၊
သဒ္ဓါပွား၍၊ လေးစားကြည်ညို၊ ချီးကျူးဆိုလျက်၊
ပူးလိုစိတ်သွန်၊ ကျေးဇူခဲ့ဝန်တည်း "......။

" သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ "


သက်တော် ၈၈ ရာပြည့် ကျေးဇူးရှင် စံကင်းဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်တို့ကို သိရှိကြည်ညိုနိုင်ရန် ဤစာအုပ်ကို ဓမ္မလက်ဆောင် အဖြစ် ပေးဗျိုလိုက်ပါသည်။

ဓမ္မဒါနရှင်..............................

..............................

ပုံနှိပ်သူ-ဦးစိန်တင်၊ (ပ/၀၈၇၄) သုခဝတီစာပုံနှိပ်တိုက်၊
၈၄-ဗိုလ်ချုပ်လမ်း-မန္တလေးမြို့တွင် ရိုက်နှိပ်၍၊
ထုတ်ဝေသူ-ဦးစိန်တင်၊ (ထ-မြို/၀၆၄၂) သုခဝတီစာပေတိုက်၊
၈၄-ဗိုလ်ချုပ်လမ်း မန္တလေးမြို့မှ ထုတ်ဝေသည်။
ပုံနှိပ်ခြင်း (၆၇၆) အ-၁၀/၉၉၀

စာအုပ်ကျောဘက်ပုံ




စာအုပ်မျက်နှာဖုံးပုံ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

"အဘိဒ္ဓဇ မဟာရဋ္ဌဂုရု"
"ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက"
နဝမ ရွှေကျင် သာသနာပိုင်

# စံကင်းဆရာတော် ဘုရားကြီး

၏

(၁၃၃၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်)
သက်တော်တရာပြည့် မွေးနေ့မင်္ဂလာအခါ
ရေးဖွဲ့လျှောက်ဆိုအပ်သော

# ဂုရုဝန္ဒနာ ဂါထာတရာ

ဆရာတော်ဗရားကြီး၏ အတ္ထုပ္ပတ္တိနှင့်
လေးမြတ်ကြည်ညိုဖွယ် ဂုဏ်ရည်တို့ကို
ရသပေါ်လွင်အောင်
ပါဠိ-မြန်မာဖြင့် ရေးသားဖွဲ့နွဲ့ထားသည်။

သာသနာ - ၂၅၁၄၊ မြန်မာ - ၁၃၃၂

စံကင်းဆရာတော်ဘုရားကြီး၏
သက်တော်တရာပြည့် မွေးနေ့မင်္ဂလာအခါ
ရေးဖွဲ့လျှောက်ဆိုအပ်သော

# ဂုရုဝန္ဒနာ ဂါထာတရာ




(တရာပြည့် ဂါထာကြည့်)

## “ထွန်းပစေသား”

- ထက်အာကာ လှပြာလဲ့ ညသာတဲ့ သူ့ဗရင်၊
- တာရာကြယ် ဝန်းရံခ ထူးလှ သူ့တွင်၊
- မြေတဲ့ ရောင်ခြည်ရှင် ပြောင်လည်စဉ် တင့်ကြွား၊
- ပုဏ္ဏိန္ဒု စန္ဒာဝန်းငယ် ထွန်းပစေသား။

# နိဒါန်း
## ဆရာတော်ဗရားကြီး၏ သာသနာပြု ခုနှစ်မှတ်တမ်း

၁၂၇၂-ခုနှစ် နတ်တော်လပြည့်ကျော် ၆- ရက် အင်္ဂါနေ့ (စစ်ကိုင်းမြို့ လင်းယဉ်ရွာ၌) ဖွါးမြင်တော်မူခဲ့သည်။

၁၂၇၉-ခုနှစ်၊ လင်းယဉ်ရွာကျောင်းဆရာတော် ဦးနရိန္ဒထံ ပညာသင်ရန် အပ်နှံသည်။

၁၂၈၂-ခုနှစ်၊ လင်းယဉ်ရွာ၌ ရှင်ပြုသည်။

၁၂၈၈-ခုနှစ်၊ မန္တလေး ရေပန်းတိုက်၌ ထပ်မံရှင် ပြုသည်။

၁၂၈၉-ခုနှစ်၊ လင်းယဉ်ကျောင်း၌ ရှင်သာမဏေ အဖြစ်ဖြင့် တဝါဆိုသည်။

၁၂၅၀-ပြည့်နှစ်၊ မန္တလေး အနောက်ပြင် မြတောင်တိုက် ရောက်သည်။

၁၂၅၁-ခုနှစ်၊ တပေါင်းလပြည့်နေ့ မြတောင်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရေပန်းတိုက်သိမ်၌ ပဉ္စင်းဖြစ်သည်။

၁၂၅၃-ခုနှစ်၊ မန္တလေး အရှေ့ပြင်ဝိသုဒ္ဓါရုံတိုက်ရောက်သည်။
၁၂၅၄-ခုနှစ်၊ ကြေးမုံရွာ သီတာရုံကျောင်းဘုန်းကြီး ဦးပညာထံ တပည့်ခံသည်။
၁၂၅၆-ခုနှစ်၊ အရှေ့ဝိသုဒ္ဓါရုံဂဏဝါစကအဖြစ် ခန့်အပ်ခံရသည်၊ ရူပသိဒ္ဓိချုပ်စဉ် 'ဝိသုဒ္ဓါရုံ ဒွေဘော် လက်ကြီး'ကို ရေးသားခဲ့သည်။
၁၂၅၇-ခုနှစ်၊ 'ဆန္ဒောမဉ္ဇရီ'၏ ဆပ္ပစ္စယဒီပနီကျမ်း'ကို ရေးသားသည်။
၁၂၅၈-ခုနှစ်၊ အရှေ့ဝိသုဒ္ဓါရုံ ရမည်းသင်းကျောင်းဘုန်းကြီးအဖြစ် နေထိုင်သည်။
၁၂၆၃-ခုနှစ်၊ သက္ကတဘာသာ လေ့လာသည်၊ အဘိဓာနပ္ပဒီပိကာသူစိကျမ်းကို သီဟိုဠ်ပါဠိမှ မြန်မာပါဠိသို့ ပြန်၍ ရေးသားသည်၊ ပုဆိန်ပဲ့ရွာ ပျဉ်ကြားရိုးကျောင်း၌ တပည့်ခံသည်။
၁၂၆၄-ခုနှစ်၊ မန္တလေး အနောက်ပြင် 'မဟာဝိသုဒ္ဓါရုံတိုက်သစ်'တည်သည်။
၁၂၆၅-ခုနှစ်၊ ဝါဆိုလ၊ ဝိသုဒ္ဓါရုံတိုက်သစ်သို့ စာချအဖြစ် လိုက်ပါရသည်။
၁၂၆၅-ခုနှစ်၊ ပြာသိုလ ဝိသုဒ္ဓါရုံဆရာတော်ကြီးနှင့် အတူ 'ဗုဒ္ဓဂယာ'သို့ လိုက်ပါရသည်။
၁၂၆၆-ခုနှစ်၊ နယုန်လ စံကင်းရွာသို့ ကြွရောက် သီတင်းသုံး

သည်၊ ထိုအခါမှ စ၍ ယနေ့တိုင် 'စံကင်းဆရာ
တော်' တွင်သည်။

၁၂၈၆-ခုနှစ်၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ ဝါဆိုကျောင်းဘုန်းကြီး
အဖြစ် အုပ်ချုပ်နေထိုင်သည်၊ မန္တလေး ပရိ
ယတ္တိသာသနဟိတအသင်းက'ဘဒ္ဒန္တစန္ဒာဘိ
ဝံသ သာသနဟိတဓမ္မာစရိယ'တံဆိပ်ဆက်
ကပ်ကိုးကွယ်သည်။

၁၂၉၁-ခုနှစ်၊ ဝိသုဒ္ဓါရုံတိုက်ကြပ်ဆရာတော်အဖြစ် ခန့်အပ်
တင်မြှောက်သည်။

၁၂၉၄-ခုနှစ်၊ ရွှေကျင်နိကာယဥက္ကဋ္ဌမဟာနာယက'အဖြစ်
တင်မြှောက်သည်။

၁၃၀၅-ခုနှစ်၊ စစ်ကိုင်းတောင်ရိုး ဝိပဿနာဂန္ဓာရုံချောင်၌
ကမ္မဋ္ဌာနာစရိယအဖြစ် နေတော်မူသည်။

၁၃၁၅-ခုနှစ်၊ ၄င်းချောင်၌နေတော်မူစဉ်အစိုးရက 'အဘိဓ္ဓဇ
မဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်ဖြင့် ပူဇော်သည်။
ရွှေကျင် ဗဟိုဌာန ဝိသုဒ္ဓါရုံသို့ ကြွရောက်
သီတင်းသုံးသည်။

၁၃၃၂-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆-ရက်နေ့ သက်
တော် တရာပြည့်မြောက်သည်၊ ယနေ့တိုင်
ကျန်းမာရွှင်လန်းလျက်ရှိတော်မူသည်။

❐

# အမှာစာ

ဆရာတော်ဗရား သက်တော်တရာပြည့်နှစ်မှာ တပည့်က 'ဂါထာတရာ'ဖြင့် ပူဇော်ပါမည်'ဟု အရင်တစ်နှစ်က လျှောက်ကြားခဲ့၏၊ ထိုကတိဝန်ကို ကျေပြွန်စေရန် ဤဂါထာတရာကို သီကုံးပါသည်။

ထိုသို့ သီကုံးရာ၌ ဆရာတော်ဗရား၏ နှစ်သက်မြတ်နိုးဖွယ် တင့်တယ်လန်းဆန်း ဂုဏ်အလှပန်းကလေးများကို ရွေး၍ လှနိုင်သမျှ လှစေရန် စွမ်းအားထုတ်ထားပါသည်။ သီကုံးသူ၏ မကျွမ်းကျင်မှုကြောင့် ပင်ကိုယ်က လန်းဆန်းနေသော ဂုဏ်ပန်းပွင့်ကလေးများ ထိခိုက် ညှိုးနွမ်းသွားခဲ့သော် သီကုံးသူ မိမိ၏ တာဝန်သာဖြစ်ပါသည်။

ဤစာအုပ်အတွက် ပြင်ဆင်တည်းဖြတ်ပေးသော ကျေးဇူးရှင် သုဓောဓာရုံနာယကဆရာတော်နှင့် တိုက်အုပ်တိုက်ကြပ်ဘုန်းကြီးတို့အားလည်းကောင်း, စာမူကို ကူညီ၍

အချောကူးပေးသော တပည့်အရှင်ပညာနန္ဒ(ဓမ္မာစရိယ, သုဗောဓာရုံဂဏဝါစက)အားလည်းကောင်း၊ ဓမ္မဒါန ကုသိုလ်ရှင်အပေါင်းတို့အား လည်းကောင်း ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

**အရှင်နန္ဒမာလာဘိဝံသ**
သ-စ-အ,ဓမ္မာစရိယ
ပါဠိပါရဂူ
မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်း။
၁၃၃၂-ခု၊ နတ်တော်လဆန်း(၈)ရက်

❑

## ဂုရုဝဏ္ဏနာ ဂါထာတရာ

**၁။ ပုညဂ္ဂမာပိတဝိစိတြလက္ခဏံ၊**
**သဗ္ဗညုတာမတိယုဂန္ဓရော’ ဒိတံ။**
**ဝေနေယျပင်္ကဇသုဗောဓဒီဓိတိံ၊**
**ဝန္ဒေ နိသာကရ’ မုဍုန’ မိဿရံ။**

**ပုညဂ္ဂမာပိတဝိစိတြလက္ခဏံ**= ထွဋ်မြတ်ကုသိုလ် ကြိုဆို အပ်နှင်း ဖန်ဆင်းလေအပ် သပ်ရပ်ဆန်းကြယ် သပ္ပါယ်လှပ လက္ခဏာတော်ကြီးငယ်တို့နှင့် ပြည့်စုံတော်မူထသော၊ **သဗ္ဗညုတာမတိယုဂန္ဓရောဒိတံ**= ဉေ ယျကုန်စင် သိမြင်နှံ့စပ် ဉာဏ်မြတ်ဟုဆို ယုဂန္ဓိုရ်ထက်ကွန်းမှ တက်ထွန်းပေါ် ထွက်၍ လာပေထသော၊ **ဝေနေယျပင်္ကဇသုဗောဓဒီဓိတိံ** = ပွင့်ရန်အားယူ ထွက်ပြူငုံစ ဝေနေယျကြာ သတ္တဝါကို စိတ်မှာတွေဝေ အိပ်နေခြင်းမျိုး နိုးကြားစေနိုင် ကိုယ်ပိုင်တောက်ပ မြတ်ရောင်ခြည်လည်း ရှိထသော၊ **ဥဍုနံ**= နက္ခတ်တာရာ ကြယ်တကာတို့၏၊ **ဣဿရံ**= ရောင်ခြည်လွှမ်းမိုး ပိုင်စိုးအစဉ် အရှင်သခင် ဖြစ်တော်မူထသော၊ **နိသာကရံ**= ညခါခပင်း ငွေလမင်းဟူ ပုံ့သင်း

ဂုဏ်အင် မြတ်ဗရားသခင်ကို၊ **ဝန္ဒေ**= သဒ္ဓါကြည်မော့ မာန်ကို လျှော့၍ ကန်တော့လိုက်ပါ၏ အရှင်ဘုရား။

**၂။ ရွှေကျင်နိကာယဝရကေတုပမော သုဓီရော၊**
**သီလာဒျနေကဂုဏာသဥ္စယမီရသေဋ္ဌော။**
**သတ္တန္တရောပစိတဉာနိဝရော အခီဏော၊**
**သိန္ဓုံဝ ရတ္တရတနော ဇယတံ ဂုရေ သော။**

**ရွှေကျင်နိကာယဝရကေတုပမော**= ရွှေကျင်နိကာယ် ဂုဏ်မြင့်ကြွယ်လျက် တင့်တယ်ပျံ့သင်း စံကင်းတမူ မှန်ကင်း တဆူ ဖြစ်တော်မူထသော၊ **သုဓီရော**= နှံ့စပ်ရာရာ ပညာထိပ် သီး ပညာ့ရှင်ကြီးလည်း ဖြစ်တော်မူထသော၊ **သီလာဒျနေ ကဂုဏာသဥ္စယမီရသေဋ္ဌော**= ပညာရှိမြတ် ချီးမွမ်းအပ်သည့် ကျင့်မြတ်သီလ စစစုံလင် ဂုဏ်အင်များစွာ စုဝေး တည်ရှိရာ လည်း ဖြစ်ပေထသော၊ **အခီဏော**= သမုဒ္ဒရာရေတမျှ ဝေ၍ မကုန်နိုင်သော၊ **သတ္တန္တရောပစိတဉာနိဝရော**= ကျမ်းဂန်အရပ် ရပ် ဆည်းပူးအပ်သည့် ထူးမြတ်ဉာန်ရည် အတည်ပိုင်သ ဉာန်ကြီးရှင်လည်းဖြစ်တော်မူပေထသော၊ **သိန္ဓုံဝ**= ရတနာ၏ တည်ရာ မဟာသမုဒ္ဒရာကဲ့သို့၊ **ရတ္တရတနော**= သီလသုတ စသည်စုံလင် ခုံမင်စွဲမက်စရာ ရတနာလည်း ရှိတော်မူသော၊ **သော ဂုရု**= "ရွှေကျင်နိကာယ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု" ဂုဏ်ပြုထိပ်ထား ဤကျေးဇူးရှင် 'စံကင်းဆရာတော်မြတ်ဗရား

ကြီး'သည်၊ **ဇယတံ**= ဥပဒ်အန္တရာယ် ရန်စွယ်တသင်း မချဉ်းဝံ့လာ နေရောင်ဖြာက မြက်မှာနှင်းပေါက် ချက်ချင်းပျောက်သို့ အံ့လောက်ဖွယ်ရာ အောင်မြင်တော်မူပါစေသတည်း။ ။

## ၃။ ရွှေကျောင်ဂဏာမဟောဒယာ၊ ဒယန္တံ စန္ဒမဏ္ဍလံ။ ဝိဒ္ဓါကေဇဗောဓာပေန္တံ၊ ဝန္ဒာမိ ဂဏာနာယကံ။

**ရွှေကျောင်ဂဏာမဟောဒယာ**= ရွှေကျောင်ဂိုဏ်းဆို ယုဂန္ဓိုရ်၏တောင်တော်ထက်မှ၊ **ဥဒယန္တံ**= ရောင်ခြည်ဖြန့်ဝေ ပေါ်ထွက်၍လာပေထသော၊ **ဝိဒ္ဓါကေဇဗောဓာပေန္တံ**= ပညာရှိကြာမျိုး အသိဉာဏ်အားဖြင့် နိုးကြားစေတော်မူတတ်ထသော၊ **ဂဏာနာယကံ**= ကြယ်တာရာသွင် ဂိုဏ်းရွှေကျောင်၏ ဗရင်အတူနာယကတဆူဖြစ်တော်မူသော၊ **စန္ဒမဏ္ဍလံ**= ပြည့်ဝန်းလျှံဖြာလစန္ဒာကို၊ ဝါ-'ဘဒ္ဒန္တစန္ဒာဘိဝံသ'စန်းလနာမည် ဂုဏ်ရည်ထင်ရှား ကျေးဇူးရှင်ဆရာတော်မြတ်ဗရားကြီးကို၊ **ဝန္ဒာမိ**= လက်အုပ်ကြော့ဆန်း မလျော့တမ်းဖြင့် ကန်တော့ပန်း ဆက်လိုက်ပါသည်အရှင်ဗရား။ ။

## ၄။ သမ္ဗုတိ' သိ မဟာထေရ၊ ရွှေကျောင်ဂဏာမဟုက္ကဋ္ဌော။ ဂဏီနံ 'နဝမော သံဃ-ရာဇာ' သိ ဂဏာမဏ္ဍလော။

**မဟာထေရ**= ဂိုဏ်းမြတ်ရွှေကျောင် နေသွင်အလား အိုဆရာတော်မြတ်ကြီးဗရား၊ **တွံ**= အရှင်ဆရာတော်မြတ် ဗရား

ကြီးသည်၊ **သမ္ပတိ ရွှေကျောင်ဂဏာမဟုက္ကဒ္ဓော’သိ**= ရွှေကျောင်ဦးစီး လက်ရှိဥက္ကဋ္ဌကြီးတဆူဖြစ်တော်မူပါပေ၏၊ **ဂဏာမဏ္ဍလေ**= ရွှေကျောင်နွယ်ဂိုဏ်း ထင်ရှားသည့်အသိုင်းအဝိုင်း၌၊ **ဂဏီနံ**= ဂိုဏ်းမြတ်ဦးစီး ဂိုဏ်းခေါင်းဆောင်ကြီးတို့တွင်၊ **နဝမော သံဃရာဇာ’သိ**= ကိုးဆက်မြောက်စိုးစံ တန်ခိုးလျှံထိန်ငြိး ‘နဝမသံဃရာဇာကြီး’တဆူ ဖြစ်တော်မူပါပေသတည်း။

**၅။ ရွှေကျောင်နိကာယကေတူနံ၊ ဒီဃာယုကတမော’သိ တွံ။**
**တေန တွံ ဂဏာဝိသိဋ္ဌ၊ ‘သက်တော်ရှည်’တိ ပတီယသေ။**

**ဂဏာဝိသိဋ္ဌ**= ဂိုဏ်းတွင်ထူးခြား အို - ဆရာတော်မြတ်ကြီး ဗရား၊ **တွံ**= အရှင်ဆရာတော်မြတ်ဗရားကြီးသည်၊ **ရွှေကျောင် နိကာယကေတူနံ**= ရွှေကျောင်ဦးစီး ဂိုဏ်းမှန်ကင်းကြီးတို့တွင်၊ **ဒီဃာယုကတမော’သိ**= အာယုကပ်မိ ရာကျော် တည်ကာ သက်တော်အရှည်ဆုံး ဖြစ်တော်မူပါပေ၏၊ **တေန**= ထို့ကြောင့်၊ **တွံ**= အရှင်ဆရာတော်မြတ်ဗရားကြီးကို၊ **‘သက်တော်ရှည်’ တိ**= အာယုကပ်မိ ‘ဂဏာသက်တော်ရှည်’ဟူ၍၊ **ပတီယသေ**= ဝိသေသနပုဒ် ရှေ့ကထုတ်လျက် သမုတ်ထင်စွာ သိမှတ်အပ် ပါသတည်း။

**၆။ ရောဝတီ နဒျာသန္နေ၊ စံကင်းဝှယဇနာလယေ။**
**နိဝသံ ဒွါဒသဝဿံ၊ ဇာတောသိ ဇိနသာသနံ။**

**ရောဝတီ နဒျာသန္နေ**= ရောဝတီ နဒီကမ်းစပ် အနီးအရပ် ဖြစ်သော၊ **စံကင်းဝှယဇနာလယေ**= ခနေ့ဖြူတဖက်ကမ်း ခပ်

လျှမ်းလျှမ်းတည်နေ ဆန်ရေစပါး ပေါများပြည့်တင်း ရွာစံကင်း၌၊ **နိဝသံ ဒွါဒသဝဿံ**= ၁၅-ဝါအရ သာသနာပြုကြွရန် ပင့်လာကြသဖြင့် မျှတရွှင်ပြုံး ၁၂-နှစ်ကြာ သီတင်းသုံးတော်မူလျက်၊ **ဇိနသာသနံ**= အများကြည်ညို မှီခိုလေးစား အားထားကြရာ မြတ်ဗရား၏ သာသနာကို၊ **ဇောတေသိ**= ရှေ့ဆောင်ဟောကြား မြတ်တရားဖြင့် ထွန်းကား တိုးတက်စေတော်မူခဲ့ ပါသတည်း။

**၇။ စံကြင်းဝှယနေဂမာနံ၊ မဟာစေရော ယတိဿရော။**
**တေန တွံ 'စံကြင်းဆရာတော်'၊ မီတိ ယာဝဇ္ဇပါကဋော။**

**ယတိဿရော**= ဂဏ္ဌကျင် ဦးတင်ရှေ့ထား ဆရာတော်မြတ်ဗရားကြီးသည်၊ **စံကြင်းဝှယနေဂမာနံ**= သဒ္ဒါစသည် ဂုဏ်ရည်မြင့်မား စံကြင်းသူ,စံကြင်းသားတို့၏၊ **မဟာစေရော**= ဆုံးမပဲ့ပြင် သွန်သင်ပြသ အာစရိယတဆူ ဖြစ်တော်မူပါပေ၏၊ **တေန**= ထို့ကြောင့်၊ **တွံ**= အရှင်ဆရာတော်မြတ်ဗရားကြီးသည်၊ **စံကြင်းဆရာတော်မီတိ**='စံကြင်းဆရာတော်. . . စံကြင်းဆရာတော်'ဟူ၍၊ **ယာဝဇ္ဇပါကဋော**= ကမ္ဘာတွင်ကျော် ယနေ့တိုင် ထင်ပေါ်လျက်ရှိတော်မူပါပေသတည်း။

**၈။ ယတိဝဿေနေ'ကာသီတိ၊ ဝဿော တွ'မသိ ဇာတိယာ။**
**သတဝဿော သမ္ပတိ' သိ၊ ရတ္တညူ မီရ သာသနေ။**

**မီရ**= ပညာ့ထိပ်တင် အရှင်ဆရာတော်မြတ်ကြီးဗရား၊ **တွံ**= အရှင်ဆရာတော်မြတ်ဗရားကြီးသည်၊ **သမ္ပတိ**= တစ်သုံး

သုံးနှစ် သက္ကရာဇ်ဖော် နတ်တော်ကျော်ခြောက် ထွန်းတောက် မင်္ဂလာ ယနေ့အခါ၌၊ **ယတိ၀ဿေန**= ဆင်မြန်းသိက္ခာ ရဟန်းဝါတော်အားဖြင့်၊ **ကောသီတိ၀ဿော’သိ**= ရှစ်ဆယ့် တဝါ ရရှိတော်မူပါပြီ၊ **ဇာတိယာ**= ပြောင်းလွှဲဆက်သွယ် သက်ရွယ်တော်အားဖြင့်၊ **သတ၀ဿိကော’သိ**= အနှစ်တရာ ပြည့်မြောက်နေပါပြီ၊ **တွံ**= အရှင်ဆရာတော်မြတ်ဗရားကြီး သည်၊ **သာသနေ**= ဗရားမြတ်စွာ သာသနာတော်၌၊ **ရတ္တညူ’ သိ**= ညသိအများ ‘ရတ္တညူ’ပုဂ္ဂိုလ်မြတ်ကြီးတပါး ဖြစ်တော် မူပါပေသတည်း။ ။

**၉။ ၀ယေ ဟာနေပိ တေ ဓီရ၊ ဆဝိ၀ဏ္ဏော ပသီဒတိ။**
**ပုဏ္ဍရီကံ၀ ပဿာဒေသိ၊ ပဿန္တသန္တမာနသံ။**

**ဓီရ**= ပညာရှိ ထိပ်ခေါင်တင် ဆရာတော်အရှင်သူမြတ် ကြီးဗရား၊ **တေ**= အရှင်ဆရာတော်မြတ်ဗရားကြီး၏၊ **၀ယေ**= အရွယ်တော်သည်၊ **ဟာနေပိ**= ဖြေးဖြေးယိုယွင်း ယုတ်လျော့ကျ ဆင်း၍ လာပါသော်လည်း၊ **ဆဝိ၀ဏ္ဏော**= စိုပြေဝါဝင်း အရေ အဆင်းသည်၊ **ပသီဒတိ**= တောက်ပအစဉ် ကြည်လင်လျက် ရှိပါပေ၏၊ **ပဿန္တသန္တမာနသံ**= ကိုယ်တိုင်စေ့ငု တွေ့ရှုဖူးမြင် သူတော်ကောင်းတို့၏ စိတ်အစဉ်ကို၊ **ပုဏ္ဍရီကံ၀**= ရောင်ခြည် ပြည့်ရွှန်း လပြည့်ဝန်းကြီးကဲ့သို့၊ **ပဿာဒေသိ**= မြင်သူရွှင်မြူး အစဉ်ထူးအောင် ကြည်နူးစေနိုင်ပါပေသတည်း။

## ၁၀။ နေသိ တွံ ဟာနိ ဟာနိမှိ၊ ဝယသိ ပညာယာ တဝ။ သတ္တန္တရောပစိတာယ၊ သိန္ဓုဝ ရတနာန ဝေ။

**ဝယသိ**= အာယုမှတ်တိုင် မခိုင်ရွေ့ရှား ထူးပြားဆန်းကြယ် သက်ရွယ်တော်သည်၊ **ဟာနိမှိ**= ဖြေးဖြေးယိုယွင်း ယုတ်လျော့ကျဆင်း၍ လာပါသော်လည်း၊ **တဝ**= အရှင်ဆရာတော်မြတ်ဗရားကြီး၏၊ **သတ္တန္တရောပစိတာယ**= ကျမ်းဂန်အရပ်ရပ် ဆည်းပူးလေ့လာအပ်ပြီးသော၊ **ပညာယာ-ပညာယ**=သိမြင်နှံ့စပ် ပညာတော်မြတ်၏၊ **ဟာနိံ**= ဆုတ်ယုတ်ပျက်ပြား လျော့ပါးယိုယွင်းခြင်းသို့၊ **တွံ**= အရှင်ဆရာတော်မြတ်ဗရားကြီးသည်၊ **နေသိ**= အံ့လောက်ဖွယ်ပေ မရောက်ပဲရှိ၍ နေပါပေ၏၊ **သိန္ဓု**= ရတနာတို့တည်ရာ မဟာသမုဒ္ဒရာသည်၊ **ရတနာနံ**= သန္တာပုလဲ မြရွဲစုံစွာ ရတနာတို့၏၊ **ဟာနိံ**= ဆုံးရှုံးပျက် ပြား လျော့ပါးခြင်းသို့ **ဝေ နေတိ'ဝ** = ဥပမာအသွင် ရှုမြင်ချင့်ထောက် တကယ်ပင်မရောက်လေသကဲ့သို့ပါပေတည်း။

## ၁၁။ ဝဒန္တေ' ကေ မတိဟာနိ၊ ဝယောဟာနိမှိ ဇာယတိ။ န တေ ဓီရ ဓိယာ ဟာနိ၊ န သစ္စာ နေသ ဘာရတိ။

**ကေ**= စဉ်းစားဉာဏ်လို အချို့သော ပုဂ္ဂိုလ်တို့သည်၊ **ဝယောဟာနိမှိ** = စစယိုယွင်း အရွယ်၏ ယုတ်လျော့ခြင်းသည်၊ **ဇာယတိ**= မရှောင်လွှဲသာ ဓမ္မတာဖြင့် ဖြစ်လာခဲ့သည်ရှိသော်၊ **မတိဟာနိ**= သတိအားပြော့ ပညာဉာဏ်၏ ယုတ်လျော့ခြင်း

သည်၊ **ဟောတိ**= စင်စစ်မသွေ ဖြစ်တတ်ချေ၏ ဟူ၍၊ **ဝဒန္တိ**= အမြင်တိုလှ ပြောဆိုကြပါကုန်၏၊ **ဓီရ**= ပညာရှိထိပ်ထား အရှင်ဆရာတော်မြတ်ကြီးဗရား၊ **တေ**= အရှင်ဆရာတော်မြတ် ဗရားကြီး၏၊ **ဓိယာဟာနိ**= သတိအားပြေ့ ပညာ၏ ယုတ်လျော့ခြင်းသည်၊ **န ဟောတိ**= လုံးဝသေချာ မဖြစ်ပါ၊ **နေသံ**= စဉ်းစားဉာဏ်လို ထိုပုဂ္ဂိုလ်တို့၏၊ **ဘာရတိ**= 'အသက်ကြီးလျှင် ဉာဏ်အားနည်းသည်' ဟု အတည်ပြောကြား ဆိုစကားသည်၊ **န သစ္စာ**= ယုံဖွယ်လက်ခံ အမှန်မနီး အမှားကြီးသာ ဖြစ်ပါပေသတည်း။ ။

## ၁၂။ နေပုညမတ္ထိ တေ ဓီရ၊ သမယေ သမယန္တရေ။ ရဝိန္ဒ' ဘာယ ဝိဟစ္စ၊ တမတံဝ သုဒိပ္ပတိ။

**ဓီရ**= ပညာရှိထိပ်ထား အရှင်ဆရာတော်မြတ်ကြီးဗရား၊ **တေ**= အရှင်ဆရာတော်မြတ်ဗရားကြီး၏၊ **သမယေ-သမယန္တရေ**= ယူဆကြအဖြာဖြာ'သကဝါဒ ပရဝါဒ'အရာ၌၊ **နေပုညံ**= စွမ်းအင်ပါဝါ ကျွမ်းကျင်လိမ္မာခြင်းသည်၊ **အတ္ထိ**= ထင်ရှားမသွေ ရှိပါပေ၏၊ **တေ**= အရှင်ဆရာတော်မြတ်ဗရားကြီး၏၊ **နေပုညံ**= စွမ်းအင်ပါဝါ ကျွမ်းကျင်လိမ္မာခြင်းသည်၊ **သုဒိပ္ပတိ**= လှပထိန်ဝေ တောက်ပ၍ နေပါပေ၏၊ **ရဝိန္ဒု**= ရောင်ဝါတက်ထွန်း နေစက်ဝန်းသည်၊ **တမတံ**=အရောင်မချဉ်း မှောင်တသင်းကို၊ **အာဘာယ**= ထွန်းပပြောင်လည် ထောင်ရောင်ခြည်

ဖြင့်၊ **ဝိဟာစွ**- ခဏချက်ချင်း ပယ်ရှင်းပြီး၍၊ **သုဒိပ္ပတိဝ**= လှပ ထိန်ဝေ ထွန်းတောက်၍ နေလေသကဲ့သို့ပါပေတည်း။

**၁၃။ ရဝိန္ဒု ဝိယ ချာ'ဘာတိ၊ ပဋိဘာ ပိဋကတ္တယေ။**
**ဓီရ တွံ ဓီမတ' ဂ္ဂေါ' သိ၊ ဝိဒ္ဒသုဇနမဏ္ဍလေ။**

**ခေ**= အာကာသတွင် ထက်ကောင်းကင်၌၊ **ရဝိန္ဒု**= ရောင်ခြည်ဗရင် နေ့စဉ်ထက်ထွန်း နေစက်ဝန်းသည်၊ **အာဘာတိ ဝိယ**= အမှောင်ခွင်း၍ အလင်းဆောင်ကာ ရောင်ဝါဖြန့်ဝေ တောက်ပလေသကဲ့သို့၊ **ပိဋကတ္တယေ**= ပိဋကသုံးသွယ် ကျမ်းဂန်နယ်၌၊ **တဝ**= အရှင်ဆရာတော်မြတ်ဗရားကြီး၏၊ **ပဋိဘာ**= သိမြင်ပြတ်သား မြတ်ဉာဏ်ရည် စွမ်းပကားသည်၊ **အာဘာတိ**= အရှိန်ပြင်းပြ တောက်ပ၍ နေပါပေ၏၊ **ဓီရ**- ပညာထိပ်သီး အရှင်ဆရာတော်မြတ်ကြီးဗရား၊ **တွံ**= အရှင်ဆရာတော်မြတ်ဗရားကြီးသည်၊ **ဝိဒ္ဒသုဇနမဏ္ဍလေ**= ပညာရှိဂိုဏ်း သူတော်စင် အသိုင်းအဝိုင်း၌၊ **ဓီမတံ**= သိဉာဏ်ကြီးမား ပညာရှိ အများတို့တွင်၊ **အဂ္ဂေါ'သိ**= ထူးချွန်ကျော်လွှား အစဉ်အားဖြင့် ထင်ရှားကြီးမြတ်တော်မူပါပေသတည်း။

**၁၄။ တွံ သိ' ဓီရ ဂဏုက္ကဋ္ဌော၊ ဇာတိယာ သတာဝသိတော။**
**ပညာယ တေ သမော နေဝ၊ သုလဘော သမ္ပတိဇနေ။**

**ဓီရ**= ပညာရှိထိပ်သီး အရှင်ဆရာတော်မြတ်ကြီးဗရား၊ **တွံ**= အရှင်ဆရာတော်မြတ်ဗရားကြီးသည်၊ **ဂဏုက္ကဋ္ဌော'**

**သိ**= ရွှေကျင်ဂဏ ဥက္ကဋ္ဌကြီးတဆူ ဖြစ်တော်မူပါပေ၏၊ **ဇာတိ ယာ**= ဘဝဆက်နွယ် သက်ရှယ်တော်အားဖြင့်၊ **သတဝဿိ ကော**= အနှစ်တရာ ရှိတော်မူပါပြီ၊ **သမ္ပတ္တိဇနေ**= အတွေ့ထူး သစ် ယနေ့ခေတ်၌၊ **ပညာယ**= သိမြင်စုံစွာ မြတ်ပညာအားဖြင့်၊ **တေ သမော**= အရှင့်ထပ်တူ တူသသူကား၊ **နေဝ သုလဘော**= ကမ္ဘာ့အလယ် မရလွယ်ပဲ မြန့်ယ်စိန်လား အလွန်ရှားလှပါပေ သတည်း။

**၁၅။ ယဒိ ပညာ ဂဏီသဿ၊ သာ' ဿ ဒဗ္ဗံဝ ရူပိနီ။**
**နိက္ခေပမ္ပိ န ပဿေယျ၊ နာ' ယံ ဓာရေယျ မေဒနီ။**

**အဿ ဂဏီသဿ**= ဂိုဏ်းမြတ်ဦးစီး ဤဆရာတော်မြတ် ဗရားကြီး၏၊ **သာ ပညာ**= အရာရာတွင် သိမြင်နှံ့စပ် ထိုပညာ တော်မြတ်သည်၊ **ဒဗ္ဗံဝ**= တွေ့မြင်သိအပ် ရုပ်ဒြပ်ကြီးကဲ့သို့၊ **ယဒိ ရူပိနီ**= စွမ်းအင်စုရုံး ရုပ်လုံးပေါ်ကာ ဖြစ်လာခဲ့ပါမူ၊ **နိက္ခေပမ္ပိ**= ရုပ်လုံးပညာ ချထားရာဌာနကိုလည်း၊ **န ပဿေ ယျ**= မမြင်တွေ့နိုင်ရာပါ၊ **အယံ မေဒနီ**= နှစ်သိန်းလေးသောင်း ယူဇနာ ထုလ္လာကြီးမား ဤကမ္ဘာမြေသားကလည်း၊ **န ဓာရေ ယျ**= ပညာရုပ်လုံး စွမ်းအင်သုံးနှင့် စံနှုံးတွက်ဆ အလေးချိန် မမျှသဖြင့် မရရှောင်ရှား ဆောင်ထားနိုင်မည် မထင်ပါ့ ဘုရား။

**၁၆။ သက္ကုဏေယျ မဟာကာသံ၊**
**ပမေတုံ မင်္ဂုလေနယော။**
**သ ဇညာ ဓီရ ပညာယ၊**
**သာမတ္ထိယံ မသေသကံ။**

**ဓီရ**= ပညာရှိထိပ်ခေါင်တင် အို ဆရာတော်ရှင်သူမြတ်ကြီး ဗရား၊ **ယော**= အကြင်သူသည်၊ **မဟာကာသံ**= ကျယ်ဝန်းအစဉ် ထက်ကောင်းကင်ကို၊ **အင်္ဂုလေန**= တိုင်းထွာတွက်စစ် မိမိ၏ လက်သစ်ဖြင့်၊ **ပမေတုံ**= လက်သစ်ပေါင်းမည်မျှ ဟု တိုင်းထွာ ၍ပြခြင်းငှါ၊ **သက္ကုဏေယျ**= စွမ်းနိုင်လေရာ၏၊ **သော**= ကောင်းကင်ကို လက်သစ်ဖြင့် တွက်စစ်နိုင်သူ ထိုသသူသည်၊ **တဝ**= ပညာကြီးမား အရှင်ဆရာတော်မြတ်ဗရားကြီး၏၊ **ပညာယ သာမတ္ထိယံ**= သိမြင်ကြီးမား ပညာရည်စွမ်းပကားကို၊ **အသေသကံ ဇညာ**= ကြွင်းမဲ့ကုန်စင် သိမြင်နိုင်ရာပါသည် အရှင်ဗရား။

**၁၇။ သဘာသာယ’ ညဘာသာယ၊ ရစယိ ဝိမှယေ ကဗျေ။**
**ပဋိဘာယ သဉ္ဇာတာယ၊ ဝဂ်ိဂ သောဝါ’သိ သာသနေ။**

**ဂုရု**= ပညာရှိအများ လေးစားပူဇော် ဆရာတော်မြတ် ဗရားကြီးသည်၊ **သဘာသာယ**= တိုင်းရင်းသုံးစာ မြန်မာဘာ သာဖြင့်၄င်း၊ **အညဘာသာယ**= ပိဋကတ်စာ ပါဠိဘာသာဖြင့် ၄င်း၊ **ဝိမှယေ ကဗျေ**= ကဝိဥစ္စာ အံ့ရာဂုဏ်မြောက် ထွန်း

တောက်ပေါ်လာ *ကဗျာအနု ရတုဂါထာ မြောက်များစွာတို့ကို၊ **ရစယိ**= စီကုံးဖွဲ့နွဲ့ ရေးသားတော်မူခဲ့လေပြီ၊ **သာသနေ**= ဗုဒ္ဓမြတ်စွာ သာသနာတော်၌၊ **သဥ္ဇာတာယ**= ထွန်းတောက် လျှင်စွာ ဖြစ်ပေါ်လာသော၊ **ပဋိဘာယ**= ရုတ်တရက်ထင်ပေါ် ပဋိဘာန်ဉာဏ်တော်အားဖြင့်၊ **ဝဂ္ဂီသောဝါ’သိ**= စကားပိုင်စိုး တန်းခိုးထင်ပေါ် စာဆိုတော်ရှင်‘ဝဂ္ဂီသ’ကဲ့သို့ပါပေတကား။

***ကဗျာအနု ရတုဂါထာ အချို့ကို “စံကင်းဆရာတော်ဘုရားကြီး၏ ဩဝါဒဓမ္မကထာ” အခဏ်း (၃)၊ (လှခင်အင်ဆန်း စာပုံနှိပ်တိုက် ၁၃၃၁ ခုနှစ်ရိုက်) တွင်ကြည့်။**

**၁၈။ မိရ တ’ တ္တိ သာဘာဝိကီ၊ ပဋိဘာ စ’ မလံ သုတံ။**
**အမန္ဒာ’ဘိယောဂေါ တေန၊ ဆေကိဒ္ဓော’ဝါ’ သိဗန္ဓနေ။**

**မိရ**= ပညာရှင်ထိပ်ထား အို ဆရာတော်မြတ်ကြီးဘုရား၊ **တေ**= အရှင်ဆရာတော်မြတ်ဘုရားကြီး၏၊ **သာဘာဝိကီ ပဋိဘာစ**= သဘာဝမှီ ပင်ကိုယ်ဉာဏ်ရည်သည်၄င်း၊ **အမလံ သုတံ**= ပြည့်ဝ စုံလင် ညစ်ကြေးစင်သည့် တွေ့မြင်များလှ ဗဟုသုတသည် ၄င်း၊ **အမန္ဒာ, ဘိယောဂေါ**= လုံ့လအားသည်း မနည်းကြိုးစား ဝီရိယစွမ်းအားသည်၄င်း၊ **အတ္ထိ**= ထင်ရှားမသွေ့ရှိပါပေ၏၊ **တေန**= ထို့ကြောင့်၊ **တွံ**= အရှင်ဆရာတော်မြတ်ဘုရားကြီးသည်၊ **ဗန္ဓနေ**= ကဝိဥစွာ ကဗျာစီကုံး အနှုံးအဖွဲ့၌၊ **ဆေကိဒ္ဓော’ဝါ’ သိ**= ကျွမ်းကျင်လိမ္မာ အထူးချွန်ဆုံး ဖြစ်တော် မူပါပေသတည်း။

**၁၉။ ပါယေန သတိဝိကလာ၊ ဝယသိ မိဒိသေ ဇနာ။**
**တဒါ ကတမ္ပိ မုဿန္တိ၊ ဥတ္တာနသေယျကာဝ တေ။**

**ဤဒိသေ ဝယေ**= ကိုးဆယ်ကျော်ကာ တရာသို့ချဉ်း အိုမင်းရှော့ရယ် ဤအရွယ်၌၊ **ဇနာ**= မခြားရည်တူ အများပြည်သူတို့သည်၊ **ပါယေန**= ရေတွက်မှန်းထား အများစုအားဖြင့်၊ **သတိဝိကလာ**= မေ့လျော့လွတ်ကင်း သတိတွေ ချွတ်ယွင်းကြလေကုန်၏၊ **တေ**= အရွယ်ယွင်းယို ထိုလူအိုတို့သည်၊ **တဒါ ကတမ္ပိ**= ပြု၍ပြီးစ အမှုကိစ္စကိုလည်း၊ **မုဿန္တိ**= တွေဝေပြေင်းပြ မေ့လျော့ကြလေကုန်၏၊ **တေ**= အရွယ်ယွင်းယို ထိုလူအိုတို့သည်၊ **ဥတ္တာနသေယျကာဝ**= အရေးမပါ ပက်လက်အိပ်ရွယ် ကလေးငယ်ပမာ ဖြစ်ရှာကြလေကုန်၏၊ **ဝါ**= ကြီးမှုပယ်လှန် သူငယ်ပြန်ကြလေကုန်၏။

**၂၀။ နေသိ တွံ ဟာနိံ ဟာနိမှိ၊ ဝယသိ သတိယာ တဝ။**
**စိရကတမ္ပိ သရိတုံ၊ မလံ ထေရော ဝ အဘာယော။**

**တဝ**= ကျေးဇူးတော်ရှင် အရှင်ဆရာတော်မြတ်ဗရားကြီး၏၊ **ဝယသိ**= အရွယ်တော်သည်၊ **ဟာနိမှိ**= ယုတ်လျော့ကျဆင်း ယိုယွင်း၍ နေပါသော်လည်း၊ **သတိယာ**= ထူးခြားမှတ်မိမြတ်သတိ၏၊ **ဟာနိံ**= မှတ်ဉာဏ်လွတ်ကင်း ယိုယွင်းခြင်းသို့၊ **တွံ**= အရှင်ဆရာတော်မြတ်ဗရားကြီးသည်၊ **နေသိ**= အံ့

လောက်စရာ မရောက်ပဲရှိနေပါပေ၏၊ **ထေရော ဝ အဘယော**= သတိအရာစံထား *အဘယထေရ်ကျော်သုံးပါးတို့ကဲ့သို့၊ **စိရက တမ္ပိ**= နှစ်ပေါင်းကြာရှည် အခါဆီက ထို ဤပြုအပ် အမှုအရပ် ရပ်ကိုလည်း၊ **သရိတုမလံ**= ထူးခြားပိုင်ပိုင် မှတ်မိခြင်းငှာ စွမ်းနိုင်ပါပေသည်အရှင်ဘုရား။

***သတိကောင်းသောအရာတွင် စံတင်ထားရသော အဘယထေရ်ကျော် ၃ ပါးကား 'မဟာဂတိမ္ဗယအဘယထေရ်, ဒီဃဘာဏက အဘယထေရ်, တိပိဋကစူဠာဘယထေရ်' တို့တည်း၊ (ဒီ၊ဋ္ဌ၊၂။၁၂၀)**

**၂၁။ တွံ' သိ ဓီရ ဂဏုက္ကဋ္ဌော၊ ဇာတိယာ သတဝဿိကော။**
**သတိယာပိ သမော နေဝ၊ သုလဘော သမ္ဗတိဇနေ။**

**ဓီရ**= ပညာရှိခေါင်ဖျား အို- ဆရာတော်မြတ်ကြီးဘုရား၊ **တွံ**= အရှင်ဆရာတော်မြတ်ဘုရားကြီးသည်၊ **ဂဏုက္ကဋ္ဌော' သိ**= ရွှေကျောင်ဂဏ ဥက္ကဋ္ဌကြီးတဆူ ဖြစ်တော်မူပါပေ၏၊ **ဇာတိယာ**= ဘဝဆက်နွယ် သက်ရှယ်တော်အားဖြင့်၊ **သတဝဿိကော**= အနှစ်တရာ ရှိတော်မူပါပြီ၊ **သမ္ဗတိဇနေ**= တွေ့မြင်ဆန်းသစ် ယနေ့ခေတ်၌၊ **သတိယာ**= မြဲခိုင်မှတ်မိ မြတ်သတိအားဖြင့်၊ **သမော**= အရှင့်ထပ်တူ တူသသူကား၊ **နေဝ သုလဘော**= ကမ္ဘာ့အလယ် မရလွယ်ပဲ မြန်ယ်စိန်လား အလွန်ရှားလှပါပေသတည်း။

## ၂၂။ သုတမတ္ထိ ဝိသုတဿ၊ အနေကသတ္ထသဉ္စိတံ။ သန္နိစိတံ ဟဒယမှိ၊ မဏိဝ ရတနာလယေ။

**ရတနာလယေ**= မြစိန်နှင့်ရွဲ ပုလဲသန္တာ ရတနာများ နှံ့ထားသိုမှီး ရတနာတံတင်းကြီး၌၊ **မဏိဝ**= အသွေးအရည် ရတီပြည့်ငြား ပတ္တမြားရတနာ ကဲ့ပမာသို့၊ **ဟဒယမှိ**= သွေးရည်စုရုံး သဲနှလုံး၌၊ **သန္နိစိတံ**= ကျနသိုမှီး သိမ်းဆည်းအပ်သော၊ **အနေကသတ္ထသဉ္စိတံ**= ကျမ်းဂန်အရပ်ရပ် ဆည်းပူးလေ့လာအပ်သော၊ **သုတံ**= အများအစဉ် ကြားအမြင်သည်၊ **ဝိသုတဿ**= နှံ့စပ်ကျော်ကြား အရှင်ဆရာတော်မြတ်ဗရားအား၊ **အတ္ထိ**= ထင်ရှားမသွေ ရှိပါပေသတည်း။

## ၂၃။ တွံသိ ဓီရ ဂဏုက္ကဋ္ဌော၊ ဇာတိယာ သတဝဿိကော။ သုတေနပိ သမော နေဝ၊ သုလဘော သမ္ပတိဇနေ။

**ဓီရ**= ပညာရှိခေါင်ဖျား အို- ဆရာတော်မြတ်ကြီးဗရား၊ **တွံ**= အရှင်ဆရာတော်မြတ်ဗရားကြီးသည်၊ **ဂဏုက္ကဋ္ဌော’သိ**= ရွှေကျောင်ဂဏ ဥက္ကဋ္ဌကြီးတဆူဖြစ်တော်မူပါပေ၏၊ **ဇာတိယာ**= ဘဝဆက်နွယ် သက်ရွယ်တော်အားဖြင့်၊ **သတဝဿိကော**= အနှစ်တရာ ရှိတော်မူပါပြီ၊ **သမ္ပတိဇနေ**= တွေ့မြင်ဆန်းသစ် ယနေ့ခေတ်၌၊ **သုတေနပိ**= ကြားမြင်များလှ ဗဟုဿုတအားဖြင့်လည်း၊ **သမော**= အရှင်ထပ်တူ တူသသူကား၊ **နေဝ**

**သုလဘော**= ကမ္ဘာ့အလယ် မရလွယ်ပဲ မြန့ယ်စိန်လား အလွန် ရှားလှပါပေသတည်း။

**၂၄။ သဂ္ဂဏာဝုဋ္ဌိဘိလာသီ၊ ဂဏီသော ဂဏာကေသရီ။**
**ဝယီဒိသောပိ ယာဝဇ္ဇ၊ နိကာယမုရမာဝဟော။**

**ဂဏာကေသရီ**= ဂိုဏ်းတွင်ရဲတင်း ဂိုဏ်းမင်းတဆူ ဖြစ်တော်မူသော၊ **ဂဏီသော**= ဂိုဏ်းမြတ်ဦးစီး ဆရာတော်မြတ်ဗရားကြီးသည်၊ **သဂ္ဂဏာဝုဋ္ဌိဘိလာသီ**= ရွှေကျင်နွယ်လှိုင်း မိမိဂိုဏ်း၏ သိုင်းဝိုင်းဖြိုးလက် တိုးတက်ကြီးပွါး စည်ကားခြင်းကို လိုလားနှစ်သက်တော်မူသည်ဖြစ်၍၊ **ဝယီဒိသောပိ**= တရာပြည့်ကြွယ် ဤသို့သောအရွယ်တော်၌ပင်လျှင်၊ **ယာဝဇ္ဇနိကာယမုရမာဝဟော**= ဂိုဏ်းမြတ်တာဝန် လမ်းညွှန်ဦးစီးကြီးမှူး ခေါင်ထက် ယနေ့တိုင် ဆောင်ရွက်တော်မူလျက်ရှိပါပေသတည်း။

**၂၅။ သဒါ’ စရတိ သိဿာနံ၊ မတ္ထမေသော ကဝိဿရော။**
**သဒေါ’ ဝါဒေနာ’ နုဂ္ဂဟိ၊ ဟိတေသီ အနုကမ္ပကော။**

**ဧသ ကဝိဿရော**= ပညာရှိမျိုး စိုးမိုးပိုင်ငြား ဤဆရာတော်မြတ်ဗရားကြီးသည်၊ **သိဿာနံ**= ဆုံးမနာယူ ကြည်ဖြူလေးစား တပည့်အများတို့၏၊ **အတ္ထံ**= မျက်မှောက် တမလွန် နှစ်တန်တိုးပွါး အကျိုးတရားကို၊ **သဒါ’စရတိ**= မလပ်ဘယ်ခါ ပြုကျင့်တော်မူပေ၏၊ **ဟိတေသီ**= တပည့်အများ စီးအပွါးကို ကြီးမားမြော်မြင် အစဉ်ရှာမှီးလေ့ရှိတော်မူသည်ဖြစ်၍၊

**အနုကမ္ပကော**= သနားကယ်ယူ ငဲ့ညှာတော်မူတတ်ပါပေ၏၊ **ဩဝါဒေန**= နည်းညွှန်လမ်းပြ ဩဝါဒဖြင့်၊ **သဒါ အနုဂ္ဂဟိ**= ယနေ့တိုင်ဟူ အနားမယူပဲ ကြည်ဖြူပွံ့ထောက် ချီးမြှောက်တော်မူပါပေသတည်း။

**၂၆။ တွံ’သိ ဓီရ ဂဏုက္ကဋ္ဌော၊ ဇာတိယာ သတဝဿိကော။**
**ဝီရိယေန သမော နေဝ၊ သုလဘော သမ္ပတီဇနေ။**

**ဓီရ**= ပညာရှိခေါင်ဖျား အို- ဆရာတော်မြတ်ကြီးဗရား၊ **တွံ**= အရှင်ဆရာတော်မြတ်ဗရားကြီးသည်၊ **ဂဏုက္ကဋ္ဌောသိ**= ရွှေကျင်ဂဏ ဥက္ကဋ္ဌကြီးတဆူ ဖြစ်တော်မူပါပေ၏၊ **ဇာတိယာ**= ဘဝဆက်နွယ် သက်ရှယ်တော်အားဖြင့်၊ **သတဝဿိကော**= အနှစ်တရာ ရှိတော်မူပါပြီ၊ **သမ္ပတီဇနေ**= တွေ့မြင်ဆန်းသစ် ယနေ့ခေတ်၌၊ **ဝီရိယေန**= ရေ, ကြော, ရိုးကြွင်း သားသွေးကင်းပျောက် ခြောက်ကပ်ပစေ မသွေကြိုးပမ်း လုံ့လစွမ်းအားဖြင့်၊ **သမော**= အရှင်ထပ်တူ တူသသူကား၊ **နေဝ သုလဘော**= ကမ္ဘာ့အလယ် မရလွယ်ပဲ မြန့်ယ်စိန်လား အလွန်ရှားလှပါပေသတည်း။

**၂၇။ ဝိသုဒ္ဓေါ သုဒ္ဓနိကာယီ၊ ဂဏီသော ဂဏကေသရီ။**
**ဓမ္မဒါယီ သံဃပါလီ၊ သတ္ထုညဒတ္တသာဝယီ။**

**ဂဏကေသရီ**= ဂိုဏ်းတွင်ရဲတင်း ဂိုဏ်းမင်းတဆူ ဖြစ်တော်မူသော၊ **ဂဏီသော**= ဂိုဏ်းမြတ်ဦးစီး ဆရာတော်မြတ်

ဗရားကြီးသည်၊ **ဝိသုဒ္ဓေါ**= ကိုယ်တိုင်တော်က သီလပျံ့သင်း သန့်ရှင်းတော်မူသည်ဖြစ်၍၊ **သုဒ္ဓနိကာယီ**= စင်ကြယ်သီလ သန့်ရှင်းသောနိကာယရှိတော်မူပါပေ၏၊ **ဓမ္မဒါယီ**= တရားမွန် ကို ပြည့်ဝန်ထွေထွေ ပေးဝေတော်မူတတ်ပါပေ၏၊ **သံဃပါလီ**= သောင်းဂဏန်းတင် ရွှေကျောင်နွယ်ဖွါး သံဃာများကို မခြား ရင်သွေး အရေးတယူ လေးမူစိုးပိုင် ကြိုးကိုင်အုပ်ချုပ်တော် မူနိုင်ပါပေ၏၊ **သတ္တညဒတ္တသာဓယီ**= အတ္တ,ပရ နှစ်ဝအကျိုး သယ်ပိုးဆောင်ယူ ပြီးစေတော်မူတတ်ပါပေသတည်း။

## ၂၈။ ဓီရ’ တ္ထိ ရူပဝိဘဝေါ၊ ဇနပ္ပသာဒမာဝဟော။ သဒါစာရသမာစာရော၊ ဇောတိ ဇောတိပရာယဏော။

**ဓီရ**= ပညာကြီးမား ဆရာတော်အရှင်မြတ်ကြီးဗရား၊ **တေ**= အရှင်မြတ်ဗရား၏၊ **ဇနပ္ပသာဒမာဝဟော**= ဖူးသူမြင် လျှင် စိတ်ကြည်လင်အောင် စွမ်းအင်ပြောင်လက် ဆောင်ရွက် နိုင်သော၊ **ရူပဝိဘဝေါ**= ဂုဏ်ဒြပ်ထယ် သပ္ပါယ်ကဲလွန် ရုပ်ရည် မွန်သည်၄င်း၊ **သဒါစာရသမာစာရော**= နေ့စဉ်ကျင့်အပ် မြင့် မြတ်ထင်ရှား ကိုယ်ကျင့်တရားတော်သည်၄င်း၊ **အတ္ထိ**= စင်စစ် မှန်စွာ ရှိနေပါ၏၊ **တွံ**= ကောင်းဘဝမှာ ကောင်းရာကျင့်သုံး ကောင်းထုံးဖော်ငြား အရှင်ဆရာတော်မြတ်ဗရားသည်၊ **ဇောတိ ဇောတိပရာယဏော**= အလင်းမှလာ လင်းရာသို့သွား ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ပါပေသည်တကား။

## ၂၉။ ပသာဒဝေသာရယီ၊ ပညာကရပဘာသယီ။
## ပက္ကမွော ပက္ကဝဏ္ဏိဝ၊ ဂဏီသော ဓမ္မပါလယီ။

**ဓမ္မပါလယီ**= သဒ္ဓမ္မသုံးသွယ် မကွယ်ပစေ စောင့်ထိန်းတော်မူတတ်ပေသော၊ **ဂဏီသော**= ဂိုဏ်းစီးကြီးကိုင် ဂိုဏ်းပိုင်တပါး ဆရာတော်မြတ်ဗရားသည်၊ **ပသာဒဝေသာရယီ**= ဖူးသူမြင်လျှင် စိတ်ကြည်လင်အောင် အသွင်ဆောင်တတ်ပါပေ၏၊ **ပညာကရပဘာသယီ**= ရာထောင်နေမင်း မကလင်းသို့ဖြိုခွင်းမှောင်ရည် ပညာတည်းဟူသော ရောင်ခြည်လည်း ရှိပါပေ၏၊ **တွံ**= အဆင်းလည်းရှိ အချင်းပြည့်ကြွယ် ဂုဏ်ထယ်မြင့်မား အရှင်ဆရာတော်မြတ်ဗရားသည်၊ **ပက္ကဝဏ္ဏိ ပက္ကမွောဝ**= ဝါဝင်းစိုအိ မှည့်ရောင်ရှိ၍ မှည့်အိလေပြီး သရက်သီးကဲ့သို့ပါပေတည်း။

## ၃၀။ ပိယာယ ယာယ ဝါစာယ၊ ပိယက်ရော’ ပ္ပိယေ ဇနေ။
## သာဝါ’ချာတာ ဂဏီသေန၊ ဓိရော နော မဓုဘာဏာကော။

**ပိယာယ**= မေတ္တာရည်သန့် ကိုယ်လုံးဖြန့်ဝေ နှစ်သက်စေတတ်သော၊ **ယာယ ဝါစာယ**= ကျိုးရှိမှန်ရာ နာချမ်းသာဗြား အကြြင်စကားဖြင့်၊ **အပ္ပိယေ ဇနေ**= မကြည်ညိုလူ မုန်းပွါးသူတို့ကို၊ **ပိယက်ရော**= ဖျောင်းဖျသွေးဆောင် ကြည်ညိုအောင်ပြုနိုင်ပါပေ၏၊ **သာဝ**= ကျိုးရှိမှန်ရာ နာချမ်းသာဗြား ထိုစကားကိုသာလျှင်၊ **ဂဏီသေန**= ရွှေကျောင်ဥက္ကဌ် မထေရ်မြတ်သည်၊

**အာချာတာ**= ပြူးရောင်ပြုတဲ့ မမဲ့ကွန္ဒြေ သိရ်နေမြင့်စွာ မိန့်ဆိုတော်မူတတ်ပါပေ၏၊ **နော**= အကျွန်ုပ်တို့၏၊ **မီရော**= ပညာကြီးမား ဆရာတော်မြတ်ဘုရားကြီးသည်၊ **မဓုဘာဏကော**= ပျားသကာလို စကားချိုကို မိန့်ဆိုတတ်ပြား 'မဓုဘာဏီ' ပုဂ္ဂိုလ်တပါး ဖြစ်ပါပေသတည်း။

**၃၁။ တွံ'သိ ဓီရ ဂဏုက္ကဋ္ဌော၊ ဇာတိယာ သတဝဿိကော။**
**ဝိစာယပိ သမော နေဝ၊ သုလဘော သမ္ဗတီဇနေ။**

**ဓီရ**= ပညာခေါင်ဖျား အို- ဆရာတော်အရှင်မြတ်ကြီးဘုရား၊ **တွံ**= ပညာကြီးမား အရှင်ဆရာတော်မြတ်ဘုရားကြီးသည်၊ **ဂဏုက္ကဋ္ဌော'သိ**= ရွှေကျင်ဂဏ ဥက္ကဋ္ဌကြီးတဆူ ဖြစ်တော်မူပါပေ၏၊ **ဇာတိယာ**= ဘဝဆက်နွယ် သက်ရှယ်တော်အားဖြင့်၊ **သတဝဿိကော**= အနှစ်တရာ ပြည့်မြောက်တော်မူပါပြီ၊ **သမ္ဗတီဇနေ**= ရာစုပိုင်းဆစ် နှစ်ဆယ်ရာစုခေတ်၌၊ **ဝိစာယပိ**= မှန်ကန်ကျိုးရှိ ပြောင်းအိသာယာ နားချမ်းသာပြား ဆိုစကားဖြင့်လည်း၊ **သမော**= အရှင်ထပ်တူ တူသသူကား၊ **နေဝ သုလဘော**- ကမ္ဘာ့အလယ် မရလွယ်ပဲ မြနှယ်စိန်လား အလွန်ရှားလှပါပေသည်ဘုရား။

**၃၂။ န ရက္ခေ စမရီ ဝါလံ၊ ကိကီဝိ သကိယ' ဏ္ဍကံ။**
**ဘယာ' ယုဿ ဂဏီသော ဝ၊ ရက္ခေယျ သီလ မတ္တနော။**

**စမရီ**= မြီးဆံရှည်ပြား တိဗက်နွားဟု မှတ်သား၍ဆောင် 'စမရီ'သားကောင်သည်၊ **ဘယေ**= မြီးဆံပျက်ဖွယ် အန္တရာယ်ဆုံ

ဘေားကြုံလာသည်ရှိသော်၊ **အတ္တနော ဝါလံ**= လွန်စွာလှပ ဖားဖားကျတည် မိမိ၏ မြီးဆံရှည်ကို၊ **အာယုသာ**= ချစ်ခင်စုံ မက်ကိုယ့်အသက်ဖြင့်၊ **ဝါ**= လွန်စွာရဲဝံ့ အသက်စွန့်၍၊ **န ရက္ခေ**= ရဲမာန်အားဆောက် သို့လောက်တောင်ပင် စောင့်ရှောက်နိုင်မည် မထင်ပါ။ **ကိကီဝ**= ရှေးက'ယစ်'ကောင် အနက်ဆောင်လည်း ခုနောင်သိရ 'တိတီတူးမ'သည်လည်း၊ **ဘယေ**= အသိုက်ပျက်ဖွယ် အန္တရာယ်ဆုံ ဘေးကြုံလာသည်ရှိသော်၊ **သကိယ' ဏ္ဍကံ**= ရင်သွေးနုနု မိမိဥကို၊ **အာယုသာ**= ချစ်ခင်စုံမက် ကိုယ့်အသက်ဖြင့်၊ **ဝါ**= လွန်စွာရဲဝံ့ အသက်စွန့် ၍၊ **န ရက္ခေ**= ရဲမာန်အားဆောက် သို့လောက်တောင်ပင် စောင့်ရှောက်နိုင်မည်မထင်ပါ၊ **ဂဏီသော**- ဂိုဏ်းမြတ်ဦးစီး ဆရာတော်မြတ်ဗရားကြီးသည်သာလျှင်၊ **ဘယေ**= သီလပျက်ဖွယ် အန္တရာယ်ဆုံ ဘေးကြုံလာသည်ရှိသော်၊ **အတ္တနော သီလံ**= ၃ တ်ကမ္မဝါ အမိန့်စာဖြင့် သေချာနှင်းအပ် မိမိ၏ သီလတော်မြတ်ကို၊ **အာယုသာ**= ချစ်ခင်စုံမက် ကိုယ့်အသက် ဖြင့်၊ **ဝါ**= လွန်စွာရဲဝံ့ အသက်စွန့်၍၊ **ရက္ခေယျ**= ရဲမာန်အားတက် မပျက်ရစေ တကယ်ပင်စောင့်ရှောက်တော်မူနိုင်လေရာသတည်း။

**၃၃။ ပုဏ္ဏမာ ပုဏ္ဏမာယာတိ၊ ယာတိ ဟာနတမေကဒါ။**
**နေ'ကဒါ ထေရ တေ သီလံ၊ ဝိသုဒ္ဓံ သုဒ္ဓိပါပကံ။**

**ပုဏ္ဏမာ**= ပြည့်ဝရောင်ဖြာ လစန္ဒာသည်၊ **ကေဒါ**= တခါ တလေ ကွာလေနေနှင့် မသင့်ရောင်ဖြာ ဆန်းပက္ခအခါ၌၊ **ပုဏ္ဏံ**=

ရောင်ခြည်ဖြာဝန်း ပြည့်ဝန်းခြင်းသို့ **အာယာတိ**= အဌကထာအလို ရောက်ရဆို၏၊ **ကေဒါ**= တခါတလေ ရောင်ဝေဖြာသွန်း နေဝန်းကြုံလာ ဆန်းပက္ခအခါ၌၊ **ပုဏ္ဏာ**= ရောင်ခြည်ဖြာရွှန်း ပြည့်ဝန်းခြင်းသို့၊ **အာယာတိ**= သိပ္ပံအယူ ရောက်ရဟူ၏၊ **ကေဒါ**= တခါတလေ ရောင်ဝေဖြာထွန်း နေဝန်းကြုံလာ ဆုတ်ပက္ခအခါ၌၊ **ဟာနတံ**= လပြည့်ဝန်းမှသည် လခြမ်း, လခြမ်းမှသည် ပျောက်ကွယ်သည့်တိုင် မခိုင်ယိုယွင်း ဆုတ်ယုတ်ခြင်းသို့၊ **ယာတိ**= အဌကထာအလို ရောက်ရဆို၏၊ **ကေဒါ**= တခါတလေ ကွာလေနေနှင့် မသင့်ရောင်ဖြာ ဆုတ်ပက္ခအခါ၌၊ **ဟာနတံ**= လပြည့်ဝန်းမှသည် လခြမ်း, လခြမ်းမှသည် ပျောက်ကွယ်သည့်တိုင် မခိုင်ယိုယွင်း ဆုတ်ယုတ်ခြင်းသို့ **ယာတိ**= သိပ္ပံအယူ ရောက်ရဟူ၏၊ **ထေရ**= မြဲခိုင်သီလ ပညာစသည် ဂုဏ်ရည်ကြီးမား ဆရာတော်မြတ်ကြီးဗရား၊ **ဝိသုဒ္ဓံ**= ပုလဲငွေနှင်း ခရုသင်းပွတ်စ ပမာပြနိုင်းဖွယ် အလွန်တရာ စင်ကြယ်လှပေသော၊ **သုဒ္ဓိပါပကံ**= နှိုင်းယှဉ်ဖွယ်ရာ ပမာမမြင် သန့်စင်ထွင့်မြတ် နိဗ္ဗာန်တိုင် ရောက်စေတတ်သော၊ **တေ သီလံ**= ဥ_တ်ကမ္ဗဝါ အမိန့်စာဖြင့် သေချာနှင်းအပ်အရှင်ဗရား၏ သီလတော်မြတ်သည်ကား၊ **ကေဒါ**= ဘယ်သို့ကြုံလာ ဘယ်သောခါမှ၊ **န ယာတိ**= ဆုတ်ယုတ်ယိုယွင်း ပျက်ခြင်းမရောက် အံ့လောက်တည်နေ ပြည့်လျက်သာ ရှိပါပေသည် အရှင်ဗရား။

**၃၄။ ပိဠန္ဓတိ မဟာထေရော၊ မာလာ’ မိလာတရုစိရံ။**
**ရုစိရဝဏ္ဏာဂန္ဓေန၊ သဗ္ဗဒိသော’ ပဝါယကံ။**

**မဟာထေရော**= ဂိုဏ်မြတ်ဦးစီး မဟာထေရ် အရှင်မြတ်ကြီးသည်၊ **ရုစိရဝဏ္ဏာဂန္ဓေန**= လှပသင်းပျံ့ နှစ်သက်ဖွယ် ဆင်းရန့်ဖြင့်၊ **သဗ္ဗဒိသော’ပဝါယကံ**= ရပ်မျက်နှာလုံး လွှမ်းဖုံးပျံ့လှိုင် သင်းကြိုင်နေသော၊ **မာလာမိလာတရုစိရံ**= တင့်တယ်လန်းဆန်း ‘မြတ်သီလ’မည်ျိုးပန်းကို၊ **ပိဠန္ဓတိ**= သချ်ာတွက်စစ် ရှစ်ဆယ့်တစ်တိုင် မြဲခိုင်ကြည်လင် ပန်ဆင်လျက် ရှိပါပေသတည်း။

**၃၅။ တွံ’သိ ဓီရ ဂဏုက္ကဋ္ဌော၊ ဇာတိယာ သတဝဿိကော။**
**သီလေနပိ သမော နေဝ၊ သုလဘော သမ္ပတီဇနေ။**

**ဓီရ**= ပညာရှိခေါင်ဖျား အို-ဆရာတော်မြတ်ကြီးဗရား၊ **တွံ**= ပညာကြီးမား အရှင်ဆရာတော်မြတ်ဗရားကြီးသည်၊ **ဂဏုက္ကဋ္ဌော’သိ**= ရွှေကျောင်းနိကာယ ဥက္ကဋ္ဌကြီးတဆူ ဖြစ်တော်မူပါပေ၏၊ **ဇာတိယာ**= ဘဝဆက်နွယ် သက်ရှည်တော်အားဖြင့်၊ **သတဝဿိကော**= အနှစ်တရာ ပြည့်မြောက်တော်မူပါပြီ၊ **သမ္ပတီဇနေ**= ရာစုပိုင်းဆစ် နှစ်ဆယ်ရာစုခေတ်၌၊ **သီလေနပိ**= လုံးဝဖြူစင် ယူငင်ကျင့်အပ် သီလတော်မြတ်အားဖြင့်လည်း၊ **သမော**= အရှင်ထပ်တူ တူသသူကား၊ **နေဝ သုလဘော**= ကမ္ဘာ့အလယ် မရလွယ်ပဲ မြန့်ယ်စိန်လား အလွန်ရှားလှပါပေသည်ဗရား။

### ၃၆။ ပုညဝါပိ အနာယုမာ၊ အာယုမာပိ န ပုညဝါ။ တွံ’သိ ဓီရ ပုညဝါ၀၊ အာယုမာ ဇိနသာသနေ။

**ပုညဝါပိ**= အချို့သူမှာ ပုဉ်းကြီးပါသော်လည်း၊ **အနာယုမာ**= တရက်မတည် အသက်မရှည်လေပါ။ **အာယုမာပိ**= အသက်တရာ ရှည်ကြာပါသော်လည်း၊ **န ပုညဝါ**= ရှိန်ဝါပါး နည်း ပုဉ်းမကြီးလေပါ။ **ဓီရ**= ပညာရှိထိပ်ဖျား ဆရာတော် အရှင်သူမြတ်ကြီးဗရား၊ **တွံ**= ဂုဏ်အင်ကြီးမား အရှင်ဆရာ တော် မြတ်ဗရားကြီးသည်ကား၊ **ဇိနသာသနေ**= ဗရားမြတ်စွာ သာသနာ၌၊ **ပုညဝါ၀**= ရှေးကုသိုလ်ကံ နှိုးဆော်ဖန်တည်း ပုဉ်းကံကြီးတော်မူလျက်သာလျှင်၊ **အာယုမာ’သိ**= အာယု ကပ်လုံး ရှင်ပြုံး၍တည် သက်တော်ရှည်ပါပေသည်ဗရား။

### ၃၇။ တွံ’သိ ဓီရ ဂဏုက္ကဋ္ဌော၊ ဇာတိယာ သတဝဿိကော။ ပုညာ’ယုသာ သမော နေဝ၊ သုလဘော သမ္ပတိဇနေ။

**ဓီရ**= ပညာကြီးမား အရှင်ဆရာတော်မြတ်ကြီးဗရား၊ **တွံ**= အရှင်ဆရာတော်မြတ်ဗရားကြီးသည်၊ ဂဏုက္ကဋ္ဌော’ **သိ**= ရွှေကျောင်ဂဏ ဥက္ကဋ္ဌကြီးတဆူ ဖြစ်တော်မူပါပေ၏၊ **ဇာတိယာ**= ဘ၀ဆက်နွယ် သက်ရွယ်တော်အားဖြင့်၊ **သတဝဿိကော**= အနှစ်တရာ ပြည့်မြောက်တော်မူပါပြီ၊ **သမ္ပတိဇနေ**= ရာစုပိုင်းဆစ် နှစ်ဆယ်ရာစုခေတ်၌၊ **ပုညာယုသာ**= ပုဉ်းတော်

ကံတော် သက်ရှယ်တော်အားဖြင့်၊ **သမော**= အရှင့်ထပ်တူ တူသသူကား၊ **နေဝ သုလဘော**= ကမ္ဘာ့အလယ် မရလွယ်ပဲ မြနှယ်စိန်လား အလွန်ရှားလှပါပေသည်ဗရား။

**၃၈။ ဂုဏာမောဒေန္တာကမ္မိုတ-မာနသာ ကဝိသင္ဃနာ။**
**တဝ' န္တိကမုပါသန္တိ၊ အလီဝ ကေဇကာနနံ။**

**ဂုဏာမောဒေန**= ဝေးရပ်တိုင်ပျံ့ ဂုဏ်ရနံ့သည်၊ **အာကမ္မိုတမာနသာ**= ဖြားယောင်းသွေးဆောင်အပ်သောစိတ် ရှိကြကုန်သော၊ **ကဝိသင္ဃနာ**= ကဝိထိပ်သီး ပညာရှိသူတော်ကောင်းကြီးတို့သည်၊ **တဝန္တိကံ**= ဂုဏ်ပေါင်းကြိုင်လှျံ အရှင့်ထံသို့၊ **ဥပါသန္တိ**= ချိုတေးကဗျာ ဆိုကြွေးကာဖြင့် ပဏာဝပ်ဆင်း ကပ်ချဉ်း၍ လာကြပါကုန်၏၊ **အလီ**= ရနံ့သင်းရာ ပျံဆင်းကာဖြင့် ရသာဝတ်ရည် ထိုဤစုပ်သုံး ပျားပိတုန်းတို့သည်၊ **ကေဇကာနနံ**= ရေမှထွက်ပြူ ရနံ့ကြူသား ညိုဖြူရောင်နှော မြိုင်ကြာတောသို့၊ **ဥပါသန္တိဝ**= တစီစီညံ ဆိုမြည်သံဖြင့် ဝဲပျံ ရစ်ဆင်း ကပ်ချဉ်းလာကြလေသကဲ့သို့ပါဗရား။

**၃၉။ ဂုဏော' တော မေ ဝိဠန္တိတိ၊ ဓီရော နိ' န္တိ ပကာသိတုံ။**
**ဂဏီသော ပရမပ္ပိစ္ဆော၊ နိဇသန္တနိဂုဟကော။**

**ဓီရော**= ပညာရှိထိပ်သီး ဆရာတော်မြတ်ဗရားကြီးသည်၊ **မေ**= ငါ့အား၊ **တေ ဂုဏာ**= ဆိုပြီးစုံညီ ဂုဏ်ရည်တို့သည်၊ **ဝိဠန္တိတိ**= ထင်ရှားပြည့်စုံ ရှိကြကုန်၏ဟူ၍၊ **ပကာသိတုံ**=

တစစွန်းမျှ ဖော်ညွှန်းခြင်းငှါ၊ **နိစ္စံ**= လုံးဝသေချာ အလိုရှိတော်မမူပါ။ **ဂဏီသော**= ရွှေကျောင်းဦးစီး ဆရာတော်မြတ်ဗရားကြီးသည်၊ **နိဗ္ဗာသန္တိနိဂုဟကော**= မိမိသန္တာန် ဧကန်ရှိလျက် ဂုဏ်ကိုလျှို့ဝှက်တော်မူသည်ဖြစ်၍၊ **ပရမပ္ပိစ္ဆော**= အလွန်လိုနည်းအပ္ပိစ္ဆပုဂ္ဂိုလ်မြတ်ကြီးပါပေတည်း။

**၄၀။ ဓီမာဝ ဓီမတော သတ္တိံ၊ ဉာသာ န' ဉာသော' ပဝိဒ္ဓသု။**
**ကမလရသမလီဝ၊ ဝိဇာနေယျ န ဝါရိဇော။**

**ဓီမာဝ**= ဂုဏ်နှင့်ဒြပ် စပ်ဟပ်ထင်ပေါ် တကဲ့ပညာရှိပုဂ္ဂိုလ်ကျော်သည်သာလျှင်၊ **ဓီမတော**= ပညာရှိထိပ်သီး ဆရာတော်မြတ်ဗရားကြီး၏၊ **သတ္တိံ**= ထူးခြားစုံလင် ဂုဏ်သတ္တိစွမ်းအင်ကို၊ **ဉာသာ**= ရှိတိုင်းမှန်စွာ သိလေရာ၏၊ **အဉာသောပဝိဒ္ဓသု**= ပညာမဲ့သူ သာမန်လူသည်၊ **န ဉာသာ**= ရှိတိုင်းမှန်စွာ မသိနိုင်လေရာ၊ **အလီဝ**= ဝတ်ရည်စုပ်သုံး ပျားပိတုန်းသည်သာလျှင်၊ **ကမလရသံ**= ကြာပွင့်မှာတည် ဝတ်ရည်ကို၊ **ဝိဇာနေယျ**= သေချာပိုင်ပိုင် သိနိုင်ရာ၏၊ **ဝါရိဇော**- ရေတွင်ကျက်စား ရေထည်းငါးသည်၊ **န ဝိဇာနေယျ**= သေချာပိုင်ပိုင် မသိနိုင်ရာသည်သာလျှင်တည်း။

**၄၁။ ဧယျာပုရမုဒီစိယံ၊ လင်းယဉ်ဣစ္စာဘိပါကဋံ။**
**တဒ္ဒေသံဂဏာရာဇဿ၊ ဇာတဒ္ဒေသန္တိ သညိတံ။**

**ဧယျာပုရမုဒီစိယံ**= ဧယျာပုရ ရှေးကသမိုင်း ခု 'စစ်ကိုင်း' ခေါ် တိုင်းမြို့တော်၏ မြောက်တလွှား၌၊ **လင်းယဉ်**

**ဣစ္စာဘိပါကဋ္**= 'လင်းယဉ် လင်းယဉ်'သတင်းလွှင်လျက် အစဉ်ကျော်ဟီး ရပ်ရွာကြီးသည်၊ **အတ္ထိ**= ဆားတောင်ရှေ့မှာ ၅-မိုင်ကွာဝယ် သာယာတင့်ဆန်း စိမ်းလန်းဝေဝေ တည်ရှိပါပေ၏၊ **တဒ္ဒေသံ**= လင်းယဉ်ခေါ်ကြ ထိုဒေသကို၊ **ဂဏာရာဇသာ**= ရွှေကျောင်းဥူးစီး 'နဝမသံဃရာဇာ'ကြီး၏၊ **ဇာတဒ္ဒေသန္တိ**= ရွှေချက်သိုမြှုပ် ဒေသကြီးဟူ၍၊ **သညိတံ**= သမိုင်းတွင်စေ မှတ်တမ်းတင်အပ်ပါပေသတည်း။ ။

၄၂။ **တဒ္ဒေသိကာယေဘုယျေန၊**
**ဉာဏာလောကေန လောကိကာ။**
**ဒန္တာ စေတိ တဒ္ဒေသမ္ဘိ၊**
**လင်းယဉ်တိ ဝတ္တုမိစ္ဆိသုံ။**

**ယေဘုယျေန**= ထူးခြားမှတ်သား အများအားဖြင့်၊ **တဒ္ဒေသိကာ**= လင်းယဉ်ဒေသ မွေးဖွားကြငြား ထိုအရပ်သားတို့သည်၊ **ဉာဏာလောကေန'လောကိကာ**= စဉ်းစားဉာဏ်ဝင်း ပွင့်လင်းကြလေကုန်၏၊ **ဒန္တာ စ**= ဗုဒ္ဓဝါဒီ ဂုဏ်ရည်ဖြာပြေး ယဉ်လည်းယဉ်ကျေးကြလေကုန်၏၊ **ဣတိ တသ္မာ**= ထို့ကြောင့်၊ **တဒ္ဒေသမ္ဘိ**= သူတို့ဌာန ထိုဒေသကိုလည်း၊ **လင်းယဉ်တိ**= ပွင့်လင်းယဉ်ကျေး အနက်ပေးကာ လင်းယဉ်ရွာဟူ၍၊ **ဝတ္တုမိစ္ဆိသုံ**- လူကြီးသူမ ရွာတည်စက စ၍ခုတိုင် သင်းကြိုင်ကျော်ဆိုခေါ်လိုခဲ့ကြပါပေသတည်း။

**၄၃။ တစီးရှင် သီဟသူရညော၊ ပင်းယနဂရသာမိနော။**
**ပိယာ ရတနာပုံဒေဝိ၊ လင်းယဉ်ဓိတာတိ ဘာသိတာ။**

**ပင်းယနဂရသာမိနော**= 'သော်တာလ ပင်းယတည်' ဂုဏ်ရည်မိုးလျှံ ပင်းယတည်ထောင်၍ စိုးစံသော၊ **တစီးရှင် သီဟသူရညော**= တစီးရှင်ခေါ် တွင် သီဟသူဗရင်၏၊ **ပိယာရတနာပုံဒေဝီ**= နန်းမမြောက်သား ရတနာပုံမိဖုရားကို၊ **လင်းယဉ်ဓိတာတိ**= ငယ်အမည်'မစောဉ' 'စက်စက်'ဟုခေါ် ကတော်ရုပ်ပြေး လင်းယဉ်သွေးတူ လင်းယဉ်သူဟူ၍၊ **ဘာသိတာ**= ရာဇဝင်အများ စာတင်ထားကာ ရေးသားမိန့်ဆိုအပ်ပါသတည်း။

**၄၄။ ရတနာပုံဒေဝိယာ သူနု၊ စောယွန်းနာမ တဒါရဟု။**
**ဇေယျာပုရံ ပရိဂ္ဂယှ၊ ရာဇာဝါ' သိ ရဋ္ဌိဿရော။**

**တဒါ**= ထိုပင်းယခေတ်၌၊ **ရတနာပုံဒေဝိယာ**- နန်းမမြောက်သား ရတနာပုံမိဖုရား၏၊ **သူနု**= သားတော်သည်၊ **စောယွန်းနာမ**= အသခ်ယာစောယွန်းမည်သည်၊ **အဟု**= ဖြစ်လေပြီ၊ **သော**= ထိုအသခ်ယာစောယွန်းသည်၊ **ဇေယျာပုရံ**= ဧရာနဒီ ရစ်လည်စီးဆင်း ရှုခင်းသာလှ ဇေယျာပုရကို၊ **ပရိဂ္ဂယှ**= 'သာယာဝိုင်း စစ်ကိုင်းတည်' အညီကိန်းဆိုက် သိမ်းပိုက်တည်ထောင်ပြီး၍၊ **ရဋ္ဌိဿရော**= တိုင်းလုံးပိုင်သ အစိုးရသော၊ **ရာဇာဝါ'သိ**= ကြွင့်နန်းထူလှစ် မင်းဖြစ်ခဲ့လေပြီ။

**၄၅။ ဒေဝိယာယေဝ တနုဇော၊ တရဖျားက္ကတိပါကဋော။**
**ဝေပိတိကော စောယွန်းရညော၊ ရာဇာဝါ’သိ ရဋ္ဌိသယရော။**

**ဒေဝိယာယေဝ တနုဇော**= ရတနာပုံမိဖုရား၏ သားရတနာပင်ဖြစ်သော၊ **စောယွန်းရညော**= အသခ်ယာစောယွန်းမင်း၏၊ **ဝေပိတိကော**= မိတူ ဖ,ခြား နောင်တော်တပါးဖြစ်သော၊ **တရဖျားက္ကတိပါကဋော**= ထင်ရှားကျော်ကြား တရဖျားသည်၊ **ရဋ္ဌိသယရော**= ဇေယျာပုရ ဒုတိယစိုးစံသော၊ **ရာဇာဝါ’သိ**= ကြငှန်းထူလှစ် မင်းဖြစ်ခဲ့လေပြီ။

**၄၆။ အနဂ္ဃဘူမိပဒေသေ၊ လင်းယဉ်ဂါမမဟာလယေ။**
**အဇာယိ ရာဇာ ဇနေသော၊ ဇာယိ ရာဇာ သံယိသယရော။**

**အနဂ္ဃဘူမိပဒေသေ**= တန်ဘိုးမပြတ် ထူးမြတ်ကဲလွန်နေရာမွန်ဖြစ်သော၊ **လင်းယဉ်ဂါမ မဟာလယေ**= ပြန့်ပြူးသာယာ လင်းယဉ်ရွာ၌၊ **ရာဇာ ဇနေသော**= ပြည်သူပိုင်စိုးနေမျိုးရာဇာသည်၊ **အဇာယိ**= ထွက်ပေါ်ခဲ့လေပြီ၊ **ရာဇာသံယိသယရော**= သံယာ့ဥုးစီး ဘုန်းမီးဝေဖြာ သံယရာဇာသည်၊ **ဇာယိ**= ထွက်ပေါ်ခဲ့လေပြီ။

**၄၇။ လင်းယဉ်ကုလမုပပန္နီ၊ ဂဏီသော ဂဏာကောသရီ။**
**ဥုးအိုင် တသ ဇနေကော’ သိ၊ ဒေါ်မင်းထပ်နာမ ဇနနီ။**

**ဂဏာကောသရီ**= ခြသေ့်မင်းနှယ် ဂိုဏ်းဝယ်ရဲရင့် ပွဲလယ်တင့်သော၊ **ဂဏီသော**= ဂိုဏ်းပိုင်ဥုးစီး ဆရာတော်မြတ်ဗရား

ကြီးသည်၊ **လင်းယဉ်ကုလံ**= 'ပွင့်လင်းယဉ်ကျေး' ဘုန်းသွေးရည်ပျိုး လင်းယဉ်မျိုး၌၊ **ဥပပဇ္ဇိ**= သန္ဓေစွဲယူ ဖြစ်တော်မူခဲ့လေပြီ၊ **တဿ**= ဂိုဏ်းပိုင်ဥုးစီး ထိုဆရာတော်မြတ်ဗရားကြီး၏၊ **ဇနကော**= ကျေးဇူးလွန်ပေါ် ခမည်းတော်သည်၊ **ဦးအိုင် အာသိ**= 'ဦးအိုင်'ဖြစ်ပါပေ၏၊ **ဇနနီ**= ကျေးဇူးလွန်ပေါ် မြတ်မယ်တော်ကား၊ **ဒေါ်မင်းထပ်နာမ**= 'ဒေါ်မင်းထပ်' မည်ပါပေသတည်း။ ။

### ၄၈။ ဧ-ဒွိ-တိ-ဒွိ မြမ္မဝသေ၊ ရမ္မေ မာဂသိရာ’ ပရေ။
### ဆဋ္ဌာပဟေ ဇာယိ ဂဏီသော၊ ဒိတော မာဝ ယုဂန္ဓရေ။

**ဂဏီသံ**= ရွှေကျောင်ဥုးစီး ဆရာတော်မြတ်ဗရားကြီးကို၊ **ဧ-ဒွိ-တိ-ဒွိ မြမ္မဝသေ**= မြန်မာသက္ကရာဇ် တထောင့် နှစ်ရာသုံးဆယ့်နှစ်ခုနှစ်၌၊ **ရမ္မေ**= သဇင်ခိုင်ဝင်း ဂနိုင်တွင်း ကြိုင်သင်းကာနေ ပျော်စရာဖြစ်ပေသော၊ **မာဂသိရေ**= မိဂသီနက္ခတ် စန်းမြတ်ဆုံရာ နတ်တော်လအခါ၌၊ **အပရေ ဆဋ္ဌာပဟေ**= လပြည့်ကျော် ၆-ရက် မင်္ဂလာ အင်္ဂါနေ့အခါ၌၊ **ဇာယိ**= ထူးခြားသန့်စင် ဖွားမြင်တော်မူခဲ့လေပြီ၊ **ယုဂန္ဓရေ**= နေဝန်းလဝန်း တက်ထွန်းပေါ်ရာ ယုဂန္ဓိုရ်တောင်တော်သာ၌၊ **မာ-** ရောင်ခြည်ဖြာရွန်း လပြည့်ဝန်းကြီးသည်၊ **ဥဒိတော ဣဝ**= လင်းရောင်ဖြန့်ဝေ ထွက်ပေါ်၍လာလေသကဲ့သို့ပါပေတည်း။

### ၄၉။ ဓညဝတံ ဝရံ လဒ္ဓါ၊ ပဟာဋ္ဌဟာဒယာ ဥဘော။ ပိယပုပ္ဖသမ္ဖုလ္လိတေ၊ ဥရေ စာရေန္တိ တာဝဒေ။

**တာဝဒေ**= လက္ခဏာစုံလင် သားရတနာကလေး ဖွားမြင်ပြီးရာ ထိုအခါ၌၊ **ပဟာဋ္ဌဟာဒယာ**= ဝမ်းမြောက်ရွှင်ပြုံး စိတ်နှလုံးရှိကြကုန်သော၊ **ဥဘော**= ဦးအိုင်+ဒေါ်မင်းထပ် မေတ္တာစေတ်ကြည်နူး ထိုမိဖ နှစ်ဦးတို့သည်၊ **ဓညဝတံ**= ကုသိုလ်ဖန်တည်း ဘုန်းကံကြီးသူတို့ထက်၊ **ဝရံ**= ထူးမြတ်သာလွန် သားလှမွန်ကို၊ **လဒ္ဓါ**= ရရှိကြကုန်သည်ဖြစ်၍၊ **ပိယပုပ္ဖသမ္ဖုလ္လိတေ**= ချစ်ပန်းတဝေဝေ ဖူးပွင့်၍နေသော၊ **ဥရေ**= မေတ္တာလန်းဆန်း ရင်ခွင်နန်း၌၊ **စာရေန္တိ**= ပွေ့ချီယုယ ပျော်ပါးစေကြလေကုန်သတည်း။ ။

### ၅၀။ ပညဝတံ ဝရံ လဒ္ဓါ၊ ပဟာဋ္ဌဟာဒယာ ဥဘော။ ပိယပုပ္ဖသမ္ဖုလ္လိတေ၊ ဥရေ စာရေန္တိ တာဝဒေ။

**တာဝဒေ**= လက္ခဏာစုံလင် သားရတနာကလေး ဖွားမြင်ပြီးရာ ထိုအခါ၌၊ **ပဟာဋ္ဌဟာဒယာ**= ဝမ်းမြောက်ရွှင်ပြုံး စိတ်နှလုံး ရှိကြကုန်သော၊ **ဥဘော**= ဦးအိုင်+ဒေါ်မင်းထပ် မေတ္တာစေတ်ကြည်နူး ထိုမိဖနှစ်ဦးတို့သည်၊ **ပညဝတံ**= ကုသိုလ်ဖန်တည်း ပညာဉာဏ်ကြီးသူတို့ထက်၊ **ဝရံ**= ထူးမြတ်သာလွန် သားလှမွန်ကို၊ **လဒ္ဓါ**= ရရှိကြကုန်သည်ဖြစ်၍၊ **ပိယပုပ္ဖ သမ္ဖုလ္လိတေ**= ချစ်ပန်းတဝေဝေ ဖူးပွင့်၍နေသော၊ **ဥရေ**=

မေတ္တာလန်းဆန်း ရင်ခွင်နန်း၌၊ **စာရေန္တိ**= ပွေ့ချီယုယ ပျော်ပါးစေကြလေကုန်သတည်း။

**၅၁။ သုသုနော ဘဒ္ဒဝိသေသော၊**
**ဘာဂျ မာပိတ ရူပိယော။**
**သမ္ပဿိယ နိစ္ဆာရေတိ၊**
**မောင်ကောင်းယေဝါတိပါဠကော။**

**သုသုနော** = ပျိုနုသွေးသွေး သူငယ်လေး၏၊ **ဘဒ္ဒဝိသေသော** = ကောင်းမြတ်ပြည့်ကြွယ် ထူးခြားတင့်တယ်ကုန်သော၊ **ဘာဂျမာပိတရူပိယော**= ရှေးကုသိုလ်ကံ စီမံဖန်တည်း ရှုမငြီးဖွယ် တင့်တယ်ထူးခြား ရုပ်လက္ခဏာများတို့ကို၊ **သမ္ပဿိယ**= တွေ့မြင်စေ့ငု ကြည့်ရှုသုံးသပ်၍၊ **ပါဠကော**= အင်္ဂဝိဇ္ဇာ ပညာတတ်ပြီး လက္ခဏာဖတ်ဆရာကြီး 'ဦးသာညို'သည်၊ **မောင်ကောင်းယေဝါတိ**= အကောင်းစုံစွာ 'မောင်ကောင်း မောင်ကောင်း' ဟူ၍သာလျှင်၊ **နိစ္ဆာရေတိ**= ဥဒါန်းစကား မြွက်ကြားခဲ့လေသတည်း။

**၅၂။ သာဓု သော မာတရမဘိ၊ ပိတရမဘိ သာဓု သော၊**
**သာဓု စီရော သဗ္ဗမဘိ၊ တမဝှါ' လာဘိ တေန သော။**

**စီရော**= တိဟိတ်ပဋိသန္ ပင်ကိုယ်ဉာဏ်ရှိသော၊ **သော**= ဆရာတော်လောင်း ထိုသူငယ် 'မောင်ကောင်း'သည်၊ **မာတ**

**ရမတိ**= ကျေးဇူးသခင် မွေးမိခင်အပေါ်၌၊ **သာဓု**= မဆူပူတတ် ကောင်းမြတ်လှပေ၏၊ **သော**= ဆရာတော်လောင်း ထိုသူငယ် ‘မောင်ကောင်း’ သည်၊ **ပိတရမတိ**= ကျေးဇူးသခင် မွေးဖခင် အပေါ်၌လည်း၊ **သာဓု**= မဆူပူတတ် ကောင်းမြတ်လှပါပေ၏၊ **သဗ္ဗမတိ**= ဝန်းကျင်စုရုံး အားလုံးအပေါ်၌လည်း၊ **သာဓု**= အနိုင်မကျင့် မာန်မဝင့်ဘဲ အသင့်ပျော့ပျောင်း အလွန်ကောင်း လှပေ၏၊ **တေန**= ထိုသို့စုံလင် ကောင်းသုံးအင်ကြောင့်သာလျှင်၊ **သော**- ဆရာတော်လောင်း ဂုဏ်ပေါင်းမြင့်ကြွယ် ထိုသူငယ် သည်၊ **တမဝှါ်လဘိ**= ‘မောင်ကောင်း’ ဟူသည့် ထိုနာမည်ကို အတည်ပိုင်ဘိ ရရှိခဲ့လေသတည်း။

### ၅၃။ စီရေ ဝယော’ပ္ပတ္တေယော၊ ကာလမေတိ အဝသယော၊ တပ္ပိတာ သူနဝေါ ဟာယ၊ ပတော ဟောပဗ္ဗတော။

**စီရေ**= ပညာရည်ကောင်း ဆရာတော်လောင်းကလေး သည်၊ **ဝယောပ္ပတ္တေယော**= ပြုစုတည်ဆောက် ရွယ်မရောက်မီ ပင်လျှင်၊ **အဝသ ယောတပ္ပိတာ** = မိခိုအားထား လေးစားချစ် ခင် မွေးဖခင်ကြီးသည်၊ **သူနဝေါ**= မကြီးအရွယ် သားသီးအငယ် တို့ကို၊ **ဟာယ**= စွန့်ပစ်ခဲ့၍၊ **ကာလမေတိ**= ခန္ဓာဘုံညောင်း သဖြင့် ဘဝပြောင်းရှာခဲ့လေပြီ၊ **ဟောမပဗ္ဗတော**= အားပြုခိုမှီး ရွှေတောင်ကြီးသည်၊ **ပတော**= မမှီခိုက ပြိုကျလေသကဲ့သို့ ပါပေတည်း။

**၅၄။ ဧ-ဒွိ-တိ-န မြမ္မဝသော၊ နရိန္ဒတ္ထေရသာ’ န္တိကေ၊**
**နိယျာတေသိ မီရက်ုရံ၊ ဝိဇ္ဇာသိပ္ပံ ဂဏှာတဝေ။**

**မီရက်ုရံ**= ပညာရှိလောင်း သူငယ်လေးမောင်ကောင်းကို၊ **ဧ-ဒွိ-တိ-န မြမ္မဝသော**= တစ်နှစ်သုံးကိုး ဘုန်းမိုးဖြိုးသစ် မြန်မာ့နှစ်၌၊ **နရိန္ဒတ္ထေရသာန္တိကေ**= လင်းယဉ်ရွှာဦး ကျောင်းတော်ထူးမှ ကြီးမှူးရှေ့ဆောင် ဂုဏ်ရောင်ပျံ့သင်း နရိန္ဒထေရ်၏ ခြေတော်ရင်း၌၊ **ဝိဇ္ဇာသိပ္ပံ**= လူတို့တတ်အပ် ပညာရပ်တို့ကို၊ **ဂဏှာတဝေ**= သင်ယူစေ ခြင်းငှာ၊ **နိယျာတေသိ**= ဝပ်စင်း ရှိသေ အပ်နှင်းခဲ့လေသတည်း။

**၅၅။ ဒါရကော သိက္ခတိ သိပ္ပံ၊ ဗုဒ္ဓဝါဒါနုရူပိယံ။**
**တဿ သဒ္ဓါ ဗုဒ္ဓဝါဒေ၊ မူလဇာတာဝ သဏ္ဌိတာ။**

**ဒါရကော**= ဆရာတော်လောင်း သူငယ်‘မောင်ကောင်း’ သည်၊ **ဗုဒ္ဓဝါဒါနုရူပိယံ**= ကမ္မဝါဒအခြေခံ ဗုဒ္ဓဝါဒနှင့်လျော်ကန်သော၊ **သိပ္ပံ**= အတတ်ပညာ တတ်ကောင်းတတ်ရာကို၊ **သိက္ခတိ**= ကြိုးစားကြည်ဖြူ သင်ယူလေ၏၊ **တဿ**= ဆရာတော်လောင်း ထိုသူငယ်‘မောင်ကောင်း’၏၊ **သဒ္ဓါ**= ထုံတည်စွဲလျက် ယုံကြည်ချက်သည်၊ **ဗုဒ္ဓဝါဒေ**= အကျိုးမှန်သမျှအကြောင်းမကင်း မူရင်းဟောပြ မြတ်ဗုဒ္ဓ၏ ဝါဒတော်၌၊ **မူလဇာတာဝ**= အမြစ်သဖွယ် အသစ်တွယ်လျက်သာလျှင်၊ **သဏ္ဌိတာ**= ခိုင်မြဲစွာပေ တည်ရှိခဲ့လေသတည်း။

### ၅၆။ ဧ-ဒွိ-စ-ဒွိ မြမ္မဝဿေ၊ နရိန္ဒတ္ထေရသ’ န္တိကေ။ ပဗ္ဗာဇေသိ မီရက်ုံရုံ၊ ဓမ္မဘာရံ ဓရေတဝေ။

**မီရက်ုံရုံ**= ဆရာတော်လောင်း သူငယ်‘မောင်ကောင်း’ ကို၊ **ဧ. ဒွိ. စ. ဒွိ မြမ္မဝဿေ**= တစ်နှစ်လေးနှစ် မြန်မာ့နှစ်၌၊ **နရိန္ဒတ္ထေရသ’န္တိကေ**= နရိန္ဒမည်ကျော် ဆရာတော်၏ ကော်ရော်ဝပ်စင်း ခြေတော်ရင်း၌၊ **ဓမ္မဘာရံ ဓရေတဝေ**= ပရိယတ္တိဓမ္မ သာသနာ့တာဝန် အားသွန်ခွန်ဝေ ထမ်းဆောင်စေခြင်းငှာ၊ **ပဗ္ဗာဇေသိ**= ရှင်ပြုပေးခဲ့လေသတည်း။

### ၅၇။ စန္ဒပသန္နမုခေါ သော၊ စန္ဒသီတလမာနသော၊ တေန ‘စန္ဒော’တိ သမညာ၊ မကာသိ တဿ နာယကော။

**သော**= ဆန်းသစ်ဂုဏ်အင် ထိုကိုယ်ဥ်သည်၊ **စန္ဒပသန္နမုခေါ**= လစန္ဒာသွင် ကြည်လင်သာယာ မျက်နှာရှိပါပေ၏၊ **စန္ဒသီတလမာနသော**= လရောင်တမျှ ဧမြသောစိတ်ရှိပါပေ၏၊ **တေန**= ထို့ကြောင့်၊ **တဿ**= ဆန်းသစ်ဂုဏ်အင် ထိုကိုယ်ဥ်၏၊ **သမညံ**= သာသနာမှီ ဘွဲ့နာမည်ကို၊ **စန္ဒောတိ**= လမင်းသီတဂူ ဓိပ္ပါယ်ယူ၍ ဂုဏ်တူမှန်ပြ ‘ရှင်စန္ဒ’ ဟူ၍၊ **တဿ နာယကော**= သူ၏ဆရာ နရိန္ဒထေရ်မဟာသည်၊ **အကာသိ**= သာသနာ့ကင်ပွန်း အစဉ်ထွန်းအောင် ရည်ညွှန်းမှည့်ခေါ်ခဲ့လေသတည်း။

**၅၈။ စန္ဒော’ ယံ စန္ဒောဝါဘာယ၊ မဟာဂဏာ မဟဂ္ဂတော၊ လဒ္ဓလဒ္ဓော သုပညာတော၊ ဟေဿတိ သာသနမ္ဗရေ။**

**အယံစန္ဒော**= သာသနာ့ဥဒည်ကွန်းမှ ပေါ်ထွန်းသစ်စ ဤကိုယ်ဥ်စန္ဒသည်၊ **စန္ဒောဝ**= ရောင်ခြည်ဖြာရွှန်း လပြည့်ဝန်းကြီးကဲ့သို့ **သာသနမ္ဗရေ**= သာသနာ့ဝေဟင် မြတ်ကောင်းကင်၌၊ **အာဘာယ**= ဘုန်းရောင်ကံရောင် မြတ်ဉာန်ရောင်ဖြင့်၊ **မဟာဂဏာမဟဂ္ဂတော**= ဂိုဏ်းမြတ်ရွှေကျင် နေသွင်အလားမြင့်မားဘုန်းတောက် ဂိုဏ်းဘုရင်အဖြစ်သို့ ရောက်လျက်၊ **လဒ္ဓလဒ္ဓော**= ပူဇော်ကြွအသီးသီး တံဆိပ်ကြီးအတန်တန် လက်ခံရရှိတော်မူသည်ဖြစ်၍၊ **သုပညာတော**= နေသွင်လနှယ် ဂုဏ်ထည်ကြီးမား အလွန်ထင်ရှားသည်၊ **ဟေဿတိ**= စင်စစ်မသွေ ဖြစ်ပေလိမ့်သတည်း။

**၅၉။ စန္ဒော သော အနုပုဗ္ဗေန၊ ပုဏ္ဏော’ မာယာတိ အမ္ဗရေ၊ စန္ဒော နောပျာ’ နုပုဗ္ဗေန၊ ပုဏ္ဏော’ မာယာတိ သာသနေ။**

**သော စန္ဒော**= ကောင်းကင်မှာသာ ထိုလစန္ဒာသည်၊ **အမ္ဗ ရေ**= ပြာလဲ့လဲ့အသွင် ထက်ကောင်းကင်၌၊ **အနုပုဗ္ဗေန**= ဆန်းတရက်မှ စ၍ရေးရေး တဖြေးဖြေး၊ **ပုဏ္ဏံ**= ရောင်ဝါထွန်းလင်း ပြည့်ဝန်းခြင်းသို့၊ **အာယာတိ**= ရောက်လေ၏၊ **နော စန္ဒောပိ**= စန်းလမှီတူ သဒိသူဖြင့် မှည့်ယူနာမ ကျွန်ုပ်တို့

'ကိုယဉ်စန္ဒ' သည်လည်း၊ **သာသနေ**= တရားမြတ်တည်ရာ သာသနာတော်၌၊ **အနုပုဗ္ဗေန**= ကိုယဉ်မှ ဥုးပဥ္စင်း, ဥုးပဥ္စင်းမှ ဘုန်းကြီး, ဘုန်းကြီးမှ ဆရာတော်, ဂုဏ်ပေါ် ရေးရေး တဖြေးဖြေး၊ **ပုဏ္ဏံ**= ဂုဏ်နှင့်ဒြပ် စပ်ဟပ်ထိတုံ ပြည့်စုံကြီးပွားခြင်းသို့ **အာယာတိ**= စင်စစ်မသွေ ရောက်ရပါပေသတည်း။

### ၆၀။ ဓီရစန္ဒမှိ ဓီရကော်၊ သသကော် ပုဏ္ဏစန္ဒကေ၊ စန္ဒော'ဘယေ သကာဘာယ၊ ဥဒိတာ ဂဏမဏ္ဍလေ။

**ဓီရစန္ဒမှိ**= စွမ်းအင်ပြည့်ဝ ပညာရှိ ကိုယဉ်စန္ဒ၌၊ **ဓီရကော်**= ကြန်အင်စုံစွာ ပညာရှိအမှတ်လက္ခဏာသည်၊ **အတ္ထိ**= ထင်ရှားမသွေ ရှိပါပေ၏၊ **ပုဏ္ဏစန္ဒကေ**= ရောင်ဝါပြည့်ထွန်း လပြည့်ဝန်း၌၊ **သသကော်**= ကပ္ပဌာယီ ဂုဏ်ရည်ဖြာဟိတ် ယုန်တံဆိပ်သည်၊ **အတ္ထိ**= ထင်ရှားမသွေ ရှိပါပေ၏၊ **စန္ဒော'ဘယေ**= စန္ဒမည်ခေါ် ထိုနှစ်ဖော်တို့သည်၊ **သကာဘာယ**= ဉာဏ်ရောင်ငွေရောင် အမှောင်ဖြိုခွင်း ကိုယ်ပိုင်အရောင်အလင်းဖြင့်၊ **ဂဏမဏ္ဍလေ**= သံဃာ,တာရာ နှစ်ဖြာတင့်တယ် ဂိုဏ်းအလယ်၌၊ **ဥဒိတာ**=ထူးခြားဖေါ်ညွှန်း ပေါ်ထွန်း၍ လာကြလေကုန်သတည်း။

### ၆၁။ ဧ·ဒွိ·စ·ဋ္ဌ မြမ္မဝဿေ၊ ပုနော ပဗ္ဗဇ္ဇမာဂမိ၊ မန္တလေး ရေပန်းဝှ ထေရ– ပဏ္ဍာယီကာစွ သာသနေ။

**ဧ. ဒွိ. စ. ဋ္ဌ မြမ္မဝဿေ**= တစ်နှစ်လေးရှစ် မြန်မာ့နှစ်၌၊ **ဓီရော**= ပညာရည်လှ ကိုယဉ်စန္ဒသည်၊ **မန္တလေး ရေပန်းဝှ**

**ထေရုပဇ္ဈာယိကာစ**= မြို့ရွှေမန်းမှ ရေပန်းမည်သာ ထေရ်မဟာ ကို ဖွေရှာကြည့်ရှု ဥပဇ္ဈာယ်ပြု၍၊ **သာသနေ**= ဘုရားမြတ်စွာ သာသနာတော်၌၊ **ပုနောပဗ္ဗဇ္ဇံ**= တဖန်ဆင့်လစ် ရှင့်အဖြစ်သို့၊ **အဂမိ**= မုချမသွေ ရောက်ရှိခဲ့လေပြီ။

**၆၂။ ဒွါဒသသတပဏ္ဏာသ-မေ ဂေါဓေ စန္ဒသဝှယော။**
**မန္တလေးဝှပုရာဂမ္မ၊ အာဝသိ မြနဂါလယေ။**

**စန္ဒသဝှယော**= စန်းလနာမည် ပါရမီထူးလှ ရှင်စန္ဒသည်၊ **ဒွါဒသသတပဏ္ဏာသမေ ဂေါဓေ**= တထောင့်နှစ်ရာ့ငါးဆယ် ပြည့်ကြွယ်သာယာ နှစ်ဂေါဇာ၌၊ **မန္တလေးဝှပုရာဂမ္မ**= မန်းမြို့တော်ကြီး လာရောက်ပြီး၍၊ **မြနဂါလယေ**= အရိပ်နှင့်ရေ စိုပြေသာယာ 'မဏိရတနာရာမ' နာမသမိုက် မြတောင်တိုက်၌၊ **အာဝသိ**= စာပေပညာ သင်ယူကာဖြင့် မျှစွာရွှင်ပြုံး သီတင်းသုံးနေထိုင်ခဲ့လေပြီ။

**(ရှင်စန္ဒသည် ၁၂၄၈ ခုနှစ်တွင် မန္တလေးမြို့ ရေပန်းတိုက်၌ ဒုတိယအကြိမ် ရှင်ပြု၍ လင်းယဉ်ရွာကျောင်း၌ နှစ်ဝါနေပြီး ၁၂၅၀ ပြည့်နှစ်တွင် မန္တလေးမြို့ အနောက်ပြင် 'မြတောင်တိုက်'သို့ လာရောက်၍ ပညာသင်ယူခဲ့သည်။)**

**၆၃။ တဒါစေရေ မုပဂမ္မ၊ မဟာသာဟောန သာဓိယော၊**
**ဂန္ထန္တရေ သုဂ္ဂဟေတွာ၊ ပညာသတ္တိံ မတေဇယိ။**

**တဒါ**= ထို မြတောင်တိုက်မှာ နေစဉ်အခါ၌၊ **အာစေရေ**= ပညာတတ်ပြီး ဆရာကြီးတို့ထံသို့၊ **ဥပဂမ္မ**= ချဉ်းကပ်ပြီး၍၊ **မဟုဿာဟေန**= အားသွန်ခွန်ထုတ် မဆုတ်ဘယ်ခါ လွန်စွာပြင်းပြ ကြီးမားသောလုံ့လဖြင့်၊ **သာဓိယော**= ရှာမှီးဖုံဖုံ ပြီးစေအပ်ကုန်သော၊ **ဂန္ထန္တရေ**= ပိဋကတ်အခြေခံ ကျမ်းဂန်အရပ်ရပ်တို့ကို၊ **သုဂ္ဂဟေတွာန**= ကောင်းစွာသင်ယူပြီး၍၊ **ပညာသတ္တိံ**= ကျမ်းဂန်တတ်သိ ပညာ၏ စွမ်းရည်သတ္တိကို၊ **အတေဇယိ**= ထက်မြက်စေပြီ။

**၆၄။ ၈·၃ိ·ပ·၉ ဝဿေ စန္ဒော၊ ရမ္မေ ဖဂ္ဂုနိ ပုဏ္ဏမေ၊**
**မြန်ဂတ္ထေရု ပဋ္ဌာယိ၊ အလတ္ထ သောပသမ္ပဒံ။**

**စန္ဒော**= စိတ်နေကြွယ် လန့်ယ်အေးမြ ရှင်စန္ဒသည်၊ **၈. ၃ိ. ပ. ၉ ဝဿေ**= တထောင့်နှစ်ရာ ငါးဆယ့်တစ်ခုရတုသာယာ နှစ်ဂေါဇာ၌၊ **ရမ္မေ**= ပူအေးမျှ ရာသီသာယာဝေဆာပွင့်လန်း ပန်းသရဖီ သင်းကြည်မွှေးကြိုင် ဂနိုင်တကြောငှက်ဥသြတို့ ရွှင်မောတွန်ကျူး ပျော်မြူးနေကျ အခါသမယဖြစ်သော၊ **ဖဂ္ဂုနပုဏ္ဏမေ**= ရွက်ဟောင်းတွေကြွေ ရွက်သစ်ဝေ၍ စိုပြေသာယာ မင်္ဂလာစုပေါင်း တပေါင်းခေါ်ကြ မာသရာသီ ပုဏ္ဏမီ၌၊ **မြန်ဂတ္ထေရုပဋ္ဌာယိ**= 'ရာဇဂုရု' ဂုဏ်ပြု

ထင်ပေါ် မြတောင်ဆရာတော်ကြီး ဦးစီးချယ်လှယ် ဥပဇ္ဈာယ်ရှိသည်ဖြစ်၍၊ **သောပသမ္ပဒံ**= မြင့်မြတ်ဆန်းသစ် ရဟန်းအဖြစ်ကို၊ **အလတ္ထ**= ကောင်းစွာမသွေ ရရှိတော်မူခဲ့လေသတည်း။

**၆၅။ စန္ဒော’ ဒိကပ္ပေ ဖဂ္ဂုနိ၊ ပုဏ္ဏမေ’ တိ ဇနာသယာ၊**
**စန္ဒောပိ တဒဟုဃေဝ၊ အဟော ဝတ သမာဂမော။**

**အာဒိကပ္ပေ**= ကမ္ဘာတည်စ ကပ်ဦးကာလ၌၊ **စန္ဒော**= ရောင်ခြည်ဖြာရွှန်း လပြည့်ဝန်းသည်၊ **ဇနာသယာ**= အလင်းမျှော်ကြ ကပ်ဦးသားတို့၏ စိတ်ဆန္ဒဖြင့်၊ **ဖဂ္ဂုနပုဏ္ဏမေ**= သာယာချမ်းမြေ့ တပေါင်းလပြည့်နေ့၌၊ **ဧတိ**= ရောင်ဝါမြူးကွန့် လူးလွန့်ထွက်ပေါ် လာခဲ့ပေ၏၊ **စန္ဒောပိ**= စိတ်နေကကြွယ် လန်းယ်အေးမြ အရှင်စန္ဒသည်လည်း၊ **တဒဟု ဃေဝ**= သာယာချမ်းမြေ့ ထိုတပေါင်းလပြည့်နေ့၌ပင်လျှင်၊ **ဧတိ**= သာသနာ့ဥဒည်ကွန်းမှ တင့်ထွန်းထွက်ပေါ် ၍လာခဲ့ပေ၏၊ **သမာဂမော**= ထွက်ပေါ် ရာကာလ မည်နာမတို့ သဘာဝဂုဏ်ပြိုင် တိုက်ဆိုင်၍နေခြင်းသည်၊ **အဟော ဝတ**= ချီးကျူးစရာ အံ့ဩဖွယ်တပါးပါပေတကား။

**၆၆။ ဧ·ဒွိ·ပ·တိ မြမ္မဝဿေ၊ သက်မိ မြနဂါလယာ၊**
**စန္ဒော ဝိသုဒ္ဓါရာမံ၊ ကုသုမာ ကုသုမာ’ ဝ’ လိ။**

**သော စန္ဒော**= လန္ဒယ်ကြည်အေး လရောင်ပြေးလျက် စိတ်တွေးမြင့်လှ ထိုအရှင်စန္ဒသည်၊ **ဧ. ဒွိ. ပ. တိ မြမ္မဝဿေ**=

တထောင့်နှစ်ရာ့ငါးဆဲ့သုံး ရှင်ပြုံးဆန်းသစ် မြန်မာ့နှစ်၌၊ **မြနဂါလယာ**= သာယာပွင့်ခိုက် မြတောင်တိုက်မှ၊ **ဝိသုဒ္ဓါရာမံ**= ကမ္ဘာတုန်ကျော်ဟီး ဝိသုဒ္ဓါရုံတိုက်တော်ကြီးသို့၊ **သကံမိ**= ပြောင်းရွှေ့ကာပေ နေထိုင်လေ၏၊ **ဝလိ**= ဝတ်ရည်စုတ်သုံး ပျားပိတုံးသည်၊ **ကုသုမာ**= အမြင့်လန်းဆန်း တပွင့်ပန်းမှ၊ **ကုသုမံ**= အမြင့်လန်းဆန်း တပွင့်ပန်းသို့ **သကံမိ**= ပြောင်းရွှေ့ စုရုံး ဝတ်ရည်သုံးသကဲ့သို့ပါပေတည်း။

## ၆၇။ ဝိသုဒ္ဓါရာမာဓိပတိ၊ ဓီရေ မာနေတိ သဗ္ဗဒါ၊
## စန္ဒံ ပုစ္ဆေ’ ကပဥှ’ ဿ၊ ဝေယျတ္တိယ ပဇာနိတုံ။

**ဝိသုဒ္ဓါရာမာဓိပတိ**= ဝိသုဒ္ဓါရုံဦးစီး မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည်၊ **ဓီရေ**= နှံ့စပ်မြင်သိ ပညာရှိတို့ကို၊ **သဗ္ဗဒါ**= အခါခပ်သိမ်း၊ **မာနေတိ**= ကြိုဆိုအားကိုး မြတ်နိုး တော်မူတတ်ပါပေ၏၊ **စန္ဒံ**= စိတ်နေကကြွယ် လနှယ်ဓမြ အရှင်စန္ဒကို၊ **အဿ ဝေယျတ္တိယံ**= သူ့တွင်ထူးခြား ပညာစွမ်း ပကားကို၊ **ပဇာနိတုံ**= ထူးခြားထင်ပေါ် သိတော်မူခြင်းငှာ၊ **ဧကပဥှံ**= ရှုတ်တရက်မလွယ် ဖြေဖွယ်ခက်ခဲ နက်နဲလှစွာ ဉာဏ်စမ်းပြဿနာတခုကို၊ **ပုစ္ဆိ**= ပင်ကိုယ်ဉာဏ်ရှိ,မရှိ သိရန် စုံစမ်း မေးမြန်းတော်မူလေပြီ။

၆၈။ “မင္ဂုလိ သမီပါယ၊
သမီပါ အင်္ဂုလီ ကတိ?”
ထေရေန ပုဋ္ဌော ခဏေန၊
စန္ဒော“တိသော”တိဗျာကရိ။

**မင္ဂုလိသမီပါယ သမီပါ အင်္ဂုလီ**= အလယ်လက်နှင့် နီးတဲ့လက်နှင့် နီးတဲ့လက်တို့သည်၊ **ကတိ**= အဘယ်မျှတို့နည်း၊ **ဣတိ**= ဤသို့ **ထေရေန**= ဝိသုဒ္ဓါရုံဦးစီး ဆရာတော်ဗရားကြီးက၊ **ပုဋ္ဌော**= မေးမြန်းတော်မူအပ်သည်ရှိသော်၊ **စန္ဒော**= လနှယ်ဖြေ အရှင်စန္ဒသည်၊ **တိသောတိ**= သုံးချောင်းတို့ပါ ဗရားဟူ၍၊ **ခဏေန ဗျာကရိ**= မဆိုင်းမတွ ဖြေပြ လျှောက်ကြားလိုက်လေသတည်း။

(ဤပြဿနာမျိုးမှာ ယုတ်တရက်ဖြေဆိုရန်မဆိုထားဘိ အတော်စဉ်းစားဖြေတောင် ဝေ့လယ်ချောင်ပတ် ဖြစ်သွားတတ်ပါသည်။ သင်ကိုယ်တိုင်အဖြေမသိသေးက ကိုယ်ကိုယ်ကိုမေးကြည့်ပါ၊ “အလယ်လက်နဲ့ နီးတဲ့လက်ဘယ်နချောင်းလဲ?” ဝိသုဒ္ဓါရုံဆရာတော်ကြီးက တပည့်များ၏ ပညာရည်သွေးကို ဤပုစ္ဆာဖြင့် အကဲခတ်လေ့ရှိသည်ဟု ဆို၏။ ရုတ်တရက် အဖြေပေးနိုင်သူမှာ ‘နဝမ ရွှေကျင် သံဃရာဇာ’ ဖြစ်လာမည့် ဤအရှင်စန္ဒရဟန်းငယ်တစ်ပါးသာဟု ပြောရိုးရှိပါသည်။)

၆၉။ ဤဒိသာ’ ညာ ဒုဗ္ဗောဓာဝ၊ ပဥှာ ထေရေန ပုစ္ဆိတာ၊
ပုဋ္ဌော ပုဋ္ဌောဝ ဗျာကာသိ၊ နာဂသေနောဝ ကောသရိ။

**ဒုဗ္ဗောဓာဝ**= ရှုပ်ထွေးလျှို့ဝှက် အသိခက်သည်သာလျှင်ဖြစ်ကုန်သော၊ **ဤဒိသာ ပဥှာ**= ဝေ့လည်ရောင်ချာ ဤလို

အမေးပြဿနာတို့ကိုရင်း၊ **အညာပဉ္စာ**= ဤမှတပါး ဆန်းပြား လေးနက် အဖြေခက်ရာ ပြဿနာတို့ကိုရင်း၊ **ထေရေန**= ဝိသုဒ္ဓါရုံဦးစီး ဆရာတော်ဗရားကြီးသည်၊ **ပုဋ္ဌိတာ**= ဉာဏ်ရည် စုံစမ်း မေးမြန်းတော်မူအပ်လေပြီ၊ **ကေသရီ**= ခြသေ့်အလား ရဲတင်းသောဉာဏ်စွမ်းပကားရှိသော အရှင်စန္ဒသည်၊ **နာဂသေနောဝ** - မေးလာသမျှ ဖြေပြနိုင်သည့် ဉာဏ်ရည်ကဲမော် နာဂသိန်ထေရ်ကျော်ကဲ့သို့၊ **ပုဋ္ဌော ပုဋ္ဌောဝ**= မေးလိုက်တိုင်း မေးလိုက်တိုင်းသာလျှင်၊ **ဗျာကာသိ**= ရဲရင့်ပြတ်သား ဖြေကြား ခဲ့လေသတည်း။

## ၇၀။ စန္ဒော ဗျာကစ္စ’ ကိစ္ဆေန၊ ပုဋ္ဌိတတ္ထံ ယထာတထံ။ ဝိသုဒ္ဓါရာမေ စန္ဒဿ၊ ဂုဏာဂန္ဓော ပဝါယတိ။

**စန္ဒော**= လန္ဒယ်မြေ အရှင်စန္ဒသည်၊ **ပုဋ္ဌိတတ္ထံ**= ဖြေရန် ခဲခက် လေးနက်လှစွာ မေးပုစ္ဆာကို၊ **ယထာတထံ**= မဆုတ် မဆိုင်း ဟုတ်တိုင်းမှန်စွာ၊ **အကိစ္ဆေန**= ကြန့်ကြာဖင့်နွဲ့ ခက်ခဲ ခြင်းမရှိပဲ၊ **ဗျာကစ္စ**= ရဲရင့်ပြတ်သား ဖြေကြားနိုင်ခြင်းကြောင့်၊ **ဝိသုဒ္ဓါရာမေ**= ဝိသုဒ္ဓါရုံ တိုက်ရွှေဘုံ၌၊ **စန္ဒဿ**= ပညာရည် ထွန်းပ အရှင်စန္ဒ၏၊ **ဂုဏာဂန္ဓော**= ကျောစောသင်းပျံ့ ဂုဏ် ရနံ့ သည်၊ **ပဝါယတိ**= တတိုက်လုံးကြိုင် လှိုင်၍နေလေ သတည်း။

## ၇၁။ ဝိသုဒ္ဓါရာမသိလာယံ၊ ပညာခဂ္ဂမတေဇယိ၊ ပညာခဂ္ဂ ဒဠှဂ္ဂယှ၊ ပိင်္ဂကာရညမောဂဟိ။

**စန္ဒော**= လန္ဒယ်မြေ အရှင်စန္ဒသည်၊ **ဝိသုဒ္ဓါရာမသိလာယံ**= ဝိသုဒ္ဓါရာမ သဘာဝခိုင်ဖြိုး ကျောက်တုံးကြီး၌၊ **ပညာခဂ္ဂံ**= ရှုပ်ထွေးခုတ်ပိုင်း ဆုတ်ဆိုင်းမထင် သိမြင်လေးနက် ပညာတည်းဟူသော သန်လျက်ကို၊ **အတေဇယိ**= အသွားလက်လက် မြမြထက်အောင် ဖိလျက်မနှေး သွေးထားအပ်လေပြီ၊ **ပညာခဂ္ဂံ**= ရှုပ်ထွေးခုတ်ပိုင်း ဆုတ်ဆိုင်းမထင် သိမြင်လေးနက် ပညာတည်းဟူသော သန်လျက်ကို၊ **ဒဠှဂ္ဂယှ**= မလွှတ်တန်း မြဲခိုင်အောင် စွဲကိုင်လေပြီး၍၊ **ပိင်္ဂကာရည**= ပိင်္ဂကတ်တည်းဟူသော တောအုပ်ကြီးအတွင်းသို့၊ **ဩဂဟိ**= တိမ်တိုက်ခဲယဉ်း ပုဒ်ချုံရှင်း၍ ချဉ်းနင်းဝင်ရောက်နိုင်လေပြီ။

## ၇၂။ စန္ဒော သော ဆန္ဒောသတ္ထေသု၊ အတိဝ ကုသလော ဘဝိ၊ တေန’ သဿ ‘ဆန္ဒစန္ဒော’ တိ၊ ဂုဏာဂန္ဓော ပဝါယတိ။

**သော စန္ဒော**= စန်းလအသွင် ကြည်လင်မြေ ထိုအရှင်စန္ဒသည်၊ **ဆန္ဒောသတ္ထေသု**= အခက်ကျမ်းတွင် စာရင်းဝင်လျက် ဝေဒင်ထုံးမှီး ဆန်းကျမ်းကြီးတို့၌၊ **အတိဝ ကုသလော**= ကျွမ်းကျင်လိမ္မာ အလွန်ပင် နိုင်နင်းလှပါပေ၏၊ **တေန**= ထို့ကြောင့်၊ **အဿ**= ပညာရည်အသွေးလှ ထိုအရှင်စန္ဒ၏၊ **ဆန္ဒစန္ဒောတိ ဂုဏာဂန္ဓော**= ‘ဆန်းစန္ဒ’ဟူ မွှေးကြူထုံပျံ့ ဂုဏ်ရနံ့သည်၊ **ပဝါ**

**ယတိ**= မွေးတကြိုင်ကြိုင် အဝေးတိုင်လှိုင်လျက် ရှိပါပေသတည်း။

### ၇၃။ စန္ဒောပသဠ္ဌိတပညော၊ စန္ဒသီတလမာနသော၊ ရစယိ 'ဆန္ဒောမဉ္ဇရိ၊ ယာ ဆပ္ပစ္စယဒီပနီ'။

**ဥပသဠ္ဌိတပညော**= ဆရာ့ထံရင်း ကပ်ချဉ်းခိုမှီ ထိုဤစွဲမှတ် ဆည်းပူးလေ့လာအပ်ပြီးသော ပညာရှိသော၊ **စန္ဒသီတလမာနသော**= စန်းလသီတဂူ ကြည်ဖြူတွေးဆ ဧမြသော စိတ်ရှိသော၊ **စန္ဒော**= ပညာရည်အသွေးလှ အရှင်စန္ဒသည်၊ **ဆန္ဒောမဉ္ဇရိယာ ဆပ္ပစ္စယဒီပနီ**= 'ဆန္ဒောမဉ္ဇရီ၏ ဆပ္ပစ္စယဒီပနီ' နာမည်လျှမ်း တင့် ဆန်းကျမ်း၏အဖွင့်ကို၊ **ရစယိ**= ရေးသားတီထွင် စီရင်ခဲ့ လေသတည်း။

### ၇၄။ စန္ဒာ' ဂမ္ဘာ' ဘိဓမ္မိကာ၊ ဏွာနံ ရစယိ ဗန္ဓနံ။ သုဗောဓတ္ထံ ဓာတုကထာ၊ သရူပတ္ထ ပကာသကံ။

**စန္ဒော**= စာဉာန်ပေဉာန် ဧကန်ရှိလှ အရှင်စန္ဒသည်၊ **အာဘိဓမ္မိကဏွာနံ**= သဘာဝကျွမ်းကျင် အဘိဓမ္မာပညာရှင် အဖြစ်သို့၊ **အာဂမ္မ**= ဝိသုဒ္ဓါရုံဆရာမြတ် လက်ထပ်သင်ယူ ရောက်ရှိတော်မူ၍၊ **သုဗောဓတ္ထံ**= အဘိဓမ္မာနယ် စာသင်ငယ် တို့ သိလွယ်စေခြင်းငှာ၊ **ဓာတုကထာသရူပတ္ထပကာသကံ**= ဓာတုကထာ ကျမ်းလာသဘာဝ သရုပ်ကိုပြတတ်သော၊ **ဗန္ဓနံ**= 'ဓာတုကထာချိုး' ခေါ်ရိုးခေါ်စဉ် မည်တွင်၍လာ ဓာတုကထာ

အဘွဲ့ကဗျာကို၊ **ရစယိ**= ရေးစပ်တီထွင် စီရင်ခဲ့လေသတည်း။

**၇၅။ ဝိသုဒ္ဓါရာမိကော စန္ဒံ၊ သဒါ မာနေတိ ဒက္ခိယံ။
သတ္တဝသိကကာလေဝ၊ ဌပေသိ နာယကတ္တနေ။**

**ဝိသုဒ္ဓါရာမိကော**= ကဝိထိပ်သီး မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည်၊ **ဒက္ခိယံ**= အရာရာတွင် စွမ်းအင်ပြည့်ဝ ကျွမ်းကျင်လှပေသော၊ **စန္ဒံ**= ပညာရည်လျှံပ အရှင်စန္ဒကို၊ **သဒါမာနေတိ**= အလေးတမူ အရေးယူ အားကိုးလျက် အစဉ်ပင်မြတ်နိုးတော်မူလေ၏၊ **သတ္တဝသိကကာလေဝ**= ခုနှစ်ဝါအရ အခါကာလ၌ပင်လျှင်၊ **နာယကတ္တနေ**= ကျောင်းထိုင်ဥုးစီး ကျောင်းဘုန်းကြီးအဖြစ်၌၊ **ဌပေသိ**= ယုံကြည်စိတ်ချ အားကိုးရသဖြင့် သံဃာ့အလယ် ကြေငြာသွယ်မြွက်ကြား ခန့်ထားတော်မူခဲ့လေသတည်း။

**၇၆။ ဝိသုဒ္ဓါရာမာဓိပဿ၊ ဝိသုဒ္ဓပုညနိမ္မိတော။
နဝါရာမော ပါတုဘဝိ၊ ပစ္ဆိမဒေသမန္တလေ။**

**ဝိသုဒ္ဓါရာမာဓိပဿ**= ဝိသုဒ္ဓါရုံဥုးစီး ဆရာတော်ဘုရားကြီး၏၊ **ဝိသုဒ္ဓပုညနိမ္မိတော**= သန့်စင်ထူးမြတ် ကုသိုလ်ဇာတ်ကကျိုးမြတ်နှံ့သွင်း ဖန်ဆင်းအပ်သည်ဖြစ်၍၊ **ပစ္ဆိမဒေသ မန္တလေ**= မန္တလေးမြို့ အနောက်ပြင် ပေါ်လွင်သာစွာ ရပ်ဒေသ၌၊

**နဝါရာမော**= ဝိသုဒ္ဓါရုံ ကမ္ဘာတုန်ကျော်ဟီး တိုက်သစ်တော်ကြီး သည်၊ **ပါတုဘဝိ**= ထင်ရှားမသွေ ဖြစ်ပေါ် ၍လာခဲ့လေသတည်း။

## ၇၇။ ဧ・ဒွိ・စ・ဆ မြမ္မဝဿေ၊ နဝဝိသုဒ္ဓမာလယေ၊ ဝသိတွာ ဂဏဝါစကာ၊ ဘာဝေန ခုရမာဝဟော။

**စန္ဒော**= ဆန်းလအသွင် အစဉ်တိုးတက် ဖြိုးလက်ပြည့်ဝ အရှင်စန္ဒသည်၊ **ဧ. ဒွိ. စ. ဆ မြမ္မဝဿေ**= တစ် နှစ် လေး ခြောက် ထွန်းတောက်ဆန်းသစ် မြန်မာ့နှစ်၌၊ **နဝဝိသုဒ္ဓမာလယေ**= အသစ်ပေါ်လာ ဝိသုဒ္ဓါရုံတိုက်မဟာ၌၊ **ဂဏဝါစက ဘာဝေန**= ဦးဆောင်စာချ ဂဏဝါစကအဖြစ်ဖြင့်၊ **ဝသိတွာ**= နှစ်ခြိုက်ရွှင်ပြုံး သီတင်းသုံးနေထိုင်၍၊ **ခုရမာဝဟော**= သာသနာ့တာဝန် အားသွန်ခွန်သုံး ရွှင်ပြုံးစွာပေ ထမ်းဆောင်တော်မူလေသတည်း။

## ၇၈။ ဧ・ဒွိ・ဆ・ဆ မြမ္မဝဿေ၊ စံကင်းဝှယနောလယေ။ ဓမ္မာရာမေ ဝသိတွာန၊ ဓမ္မဇောတိ' မကာသိ သော။

**သော**= ဝိသုဒ္ဓါရုံ ဂဏဝါစက ထိုအရှင်စန္ဒသည်၊ **ဧ. ဒွိ. ဆ. ဆ မြမ္မဝဿေ**= တစ် နှစ် ခြောက် ခြောက် ထွန်းတောက် ဆန်းသစ် မြန်မာ့နှစ်၌၊ **စံကင်းဝှယနောလယေ**= ဆန်ရေစပါး ပေါများခိုင်ဖြိုး စံကင်းရွာကြီး၌၊ **ဓမ္မာရာမေ**= ရွာဦးရွာထိပ် တိတ်ဆိတ်သာယာ ဓမ္မာရုံကျောင်းမြတ်မဟာ၌၊ **ဝသိတွာန**= ၁၂ နှစ်ပတ်လုံး ရွှင်ပြုံးပျော်ပျော် သီတင်းသုံးနေထိုင်တော်မူ

၍၊ **ဓမ္မဇောတိ**= ဓမ္မရောင်ခြည် ပြောင်လည်ပဝင်း ထွန်းကားခြင်းကို၊ **အကာသိ**= အားသွန်ခွန်နှော စိတ်ရောကိုယ်ပါ ပြုလုပ်တော်မူခဲ့ပါသတည်း။

**၇၉။ ဧ・ဒွိ-ဠ・ဆ မြမ္မဝသေ၊ နဝဝိသုဒ္ဓမာလယေ။**
**ဂဏနာယကဘာဝေန၊ ဝိဟာသိ ဂဏဓောရယော။**

**သော**= 'စံကင်းဆရာတော်,စံကင်းဆရာတော်'ဟု ထင်ပေါ်ကျော်ကြား ထိုဆရာတော်မြတ်ဗုရားသည်၊ **ဧ. ဒွိ. ဠ. ဆ မြမ္မဝသေ**= တစ်နှစ်ရှစ်ခြောက် ထွန်းတောက်ဆန်းသစ် မြန်မာ့နှစ်၌၊ **နဝဝိသုဒ္ဓမာလယေ**= 'မဟာဝိဟာရ' သဖွယ် ဂုဏ်ထယ်အံ့ချီး မဟာဝိသုဒ္ဓါရုံတိုက်သစ်တော်ကြီး၌၊ **ဂဏဓောရယော**= ထူးကဲမြတ်မွန် ဂိုဏ်း၏ဝန်ကို ကျေပြွန်လေအောင် ထမ်းဆောင်တော်မူ၍၊ **ဂဏနာယကဘာဝေန**= ရှေ့ဆောင်လမ်းပြ ဂဏနာယကအဖြစ်ဖြင့်၊ **ဝိဟာသိ**= မျှတရှင်ပြုံး သီတင်းသုံးတော်မူလေသတည်း။

**၈၀။ ဂုဏာကမ္ပိတမာနသာ၊ ပရိယတ္တိသာမာဇိကာ။**
**"ဘဒ္ဒန္တ စန္ဒာဘိဝံသ'၊ စိဟနေနပျ' ပူဇယုံ။**

**ဂုဏာကမ္ပိတမာနသာ**= ပညာဂုဏ်ရောင် ဆွဲဆောင်အပ်သော စိတ်ရှိကုန်သည်ဖြစ်၍၊ **ပရိယတ္တိသာမာဇိကာ**= မန္တလေးမြို့ 'ပရိယတ္တိသာသနဟိတ' အသင်းသားတို့သည်၊

**ထေရံ**= စံကင်းဆရာတော် ထင်ပေါ်ကျော်ကြား ဆရာတော်ဗရားကို၊ **ဘဒ္ဒန္တစန္ဒာဘိဝံသ စိဟာနေနပိ**= "ဘဒ္ဒန္တစန္ဒာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ဖြင့်လည်း၊ **အပူဇယုံ**= အပ်နှင်းဆက်သ ပူဇော်ခဲ့ကြလေကုန်ပြီ။

**၈၁။ ဧ·ဒွိ·န·ဧ မြမ္မဝသော၊**
**ဂုရုံ ဝိသုဒ္ဓမာလယေ။**
**ဌပေသုံ နာယကဋ္ဌာနေ၊**
**'တိုက်ကြပ်ဣစ္စာ'တိပါကဋေ။**

**ဂုရုံ**= အများစိတ်တူ ကြည်ဖြူလေးစား စံကင်းဆရာတော်မြတ်ဗရားကို၊ **ဧ. ဒွိ. န. ဧ မြမ္မဝသော**= တစ်နှစ်ကိုးတစ် မြန်မာ့နှစ်၌၊ **ဝိသုဒ္ဓမာလယေ**= ဝိသုဒ္ဓါရုံ တိုက်ရွှေဘုံ၌၊ **တိုက်ကြပ်ဣစ္စာဒိ ပါကဋေ**= 'တိုက်ကြပ်ဆရာတော်' အများခေါ်ကြား အလွန်ထင်ရှားသော၊ **နာယကဋ္ဌာနေ**= တိုက်တာဦးစီး မှူးကြီးအဖြာဖြာ နာယကအရာ၌၊ **ဌပေသုံ**= ဂုဏ်ရည်ကဲမောက် ရဲရဲတောက်မို့ တင်မြှောက်ခန့်အပ်ကြလေကုန်သတည်း။

**၈၂။ ဧ·ဒွိ·န·စ မြမ္မဝသော၊ ရွှေကျင်ဂဏာသမိတိယာ။**
**ရွှေကျင်နိကာယ ဥက္ကဋ္ဌ နာယကော'သိ သမ္ဘာဝိတော။**

**ဂုရု**= အလေးပြုအပ် ဂုဏ်ဒြပ်ကြီးမား 'စံကင်းဆရာတော်မြတ်ဗရား'သည်၊ **ဧ. ဒွိ. န. စ မြမ္မဝသော**= တစ်နှစ်ကိုးလေး

ကျိုးပေးဆန်းသစ် မြန်မာ့နှစ်၌၊ **ရွှေကျောင်ဂဏာသမိတိယာ**= စုပေါင်းဆွေးနွေး ရွှေကျင်ဂိုဏ်း အစည်းအဝေးသည်၊ **သမ္မာဝိတော**= ပညာဂုဏ်ရည် ယုံကြည်လေးမြတ် တင်မြှောက်အပ်သည်ဖြစ်၍၊ **ရွှေကျောင်နိကာယ ဥက္ကဋ္ဌနာယကောသိ**= 'ရွှေကျင်နိကာယ ဥက္ကဋ္ဌမဟာနာယက' ဂဏကြိုးကိုင် စိုးပိုင်အုပ်စီး သာသနာပိုင်ကြီးတဆူ ဖြစ်တော်မူခဲ့လေသတည်း။

## ၈၃။ တေရသသတစတုတ္ထ၊ ဝဿေ ဇေယျာဝုပဗ္ဗတော၊ ဝိပဿနာဝုကန္တရေ၊ ဝသိ ယောဂီန နာယကော။

**ဝုရူ**= 'ရွှေကျင်နိကာယ သာသနာပိုင်' ကြိုးကိုင်အုပ်စီး ဆရာတော်မြတ်ဗရားကြီးသည်၊ **တေရသသတစတုတ္ထဝဿေ**= တထောင့်သုံးရာလေးခု ရတုသာယာ နှစ်ဂေါဇာ၌၊ **ဇေယျာဝုပဗ္ဗတော**= ဇရာနဒီ ခွေလည်ရစ်ပတ် တောင်မြတ်ဗွေလည် စေတီဖွေးဖွေး ရှုဝေးဖွယ်ရာ သာယာတင့်ဆန်း ဇေယျာတောင်တန်း၌၊ **ဝိပဿနာဝုကန္တရေ**= ဝိပဿနာကမ္မဋ္ဌာန်းကြီးပမ်းကျင့်ဆောင် ဝိပဿနာချောင်၌၊ **ယောဂီနံ**= ဝိပဿနာအလုပ် အားထုတ်ကြိုးစား ယောဂီအများတို့၏၊ **နာယကော**= လမ်းညွှန်ပြသ နာယကတဆူ ဖြစ်တော်မူလျက်၊ **ဝသိ**= ယောဂီအလုပ် အားထုတ်ရှင်ပျော် သီတင်းသုံးတော်မူခဲ့လေသတည်း။

## ၈၄။ ယောဂိနံ့ ယောဂနယဒေါ၊ ဘာဝယံ ဘာဝနံ့ သယံ။ ဝိဟာသေ’ကာဒသာဝဿံ၊ ရမ္မေ ဂုရု တဒိလယေ။

**ဂုရု**= ပညာရှိအများ လေးစားကြည်ညို မှီခိုအားထား ဆရာတော်မြတ်ဗရားကြီးသည်၊ **ရမ္မေ**= ဂနိုင်အတွင်း ကြိုင်သင်းလန်းဆန်း တောပန်းဝေဝေ စန်းရေသွင်သွင် နေချင်စရာ လွန်သာယာလှပေသော၊ **တဒိလယေ**= လူသံတိတ်ဆိတ် တောင်ရိပ် ရှိမြောင် ဝိပဿနာချောင်၌၊ **ယောဂိနံ့**= တောမှီခို အောင်း သီလရှင်ယောဂီအပေါင်းတို့အား၊ **ယောဂနယဒေါ**= အားထုတ်နည်းမှန် ပြဋ္ဌာန်ဟောကြား ပေးသနားတော်မူလျက်၊ **သယံ**= ကိုယ်တော်တိုင်၊ **ဘာဝနံ့**= ကုသိုလ်တရား တိုးပွားစေဌာ ကမ္မဋ္ဌာန်းဘာဝနာကို၊ **ဘာဝယံ**= လွန်စွာကြိုးစား ပွားများ အားထုတ်လျက်၊ **ကောဒသာဝဿံ**= သင်္ချာတွက်စစ် ဆဲ့တနှစ် ပတ်လုံး၊ **ဝိဟာသိ**= မျှတရှင်ပြုံး သီတင်းသုံး နေထိုင်တော်မူခဲ့ လေသတည်း။

## ၈၅။ တေရသာသတပန္နရသမေ နိကာယပုင်္ဂဝံ။ ရဋ္ဌိသာ ‘ဘိဒ္ဓဇမဟာ-ရဋ္ဌဂုရု’ တိ ပူဇယုံ။

**နိကာယပုင်္ဂဝံ**= ရွှေကျင်နိကာယ ဂဏရှေ့ဆောင် အခေါင်ထွဋ်ထား ဆရာတော်မြတ်ဗရားကို၊ **ရဋ္ဌိသာ**= ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ဝင်တို့သည်၊ **တေရသာသတ ပန္နရသမေ**= တစ်သုံးတစ်ငါး ထူးခြားဆန်းသစ် မြန်မာ့နှစ်၌၊

**အဘိဒ္ဓဇမဟာရဋ္ဌဂုရုတိ**= 'အဘိဒ္ဓဇမဟာရဋ္ဌဂုရု' ဘွဲ့ပြနှင်း အပ် တံဆိပ်တော်မြတ်ဖြင့်၊ **ပူဇယုံ**= ဂုဏ်ပြုဆက်သ ပူဇော်ကြ လေကုန်ပြီ။

**၈၆။ တတော ပဋ္ဌာယ ယာဝဇ္ဇ၊ ဂဏီသော ဂဏကေသရီ။ ဝိသုဒ္ဓေဟမဂုဟာယံ၊ ဝိသုဒ္ဓမမ္မနာဒကော။**

**ဂဏကေသရီ**= ခြင်္သေ့မင်းသွင် ဂိုဏ်းတွင်ရဲတင်း ဂိုဏ်း မင်းတဆူ ဖြစ်တော်မူသော၊ **ဂဏီသော**= ရွှေကျင်ဥက္ကဋ္ဌ ဂိုဏ်းမြတ်ဦးစီး ဆရာတော်မြတ်ဗရားကြီးသည်၊ **တတော ပဋ္ဌာယ**= 'အဘိဒ္ဓဇ မဟာရဋ္ဌဂုရု' ဂုဏ်ပြုဆက်သ တံဆိပ်တော် ခံယူရရှိပြီးရာ ထိုအခါမှစ၍၊ **ယာဝဇ္ဇ**= ကျန်းမာလန်းဆန်း ရွှင်လန်းကြံ့ခိုင် ယနေ့တိုင်အောင်ပင်၊ **ဝိသုဒ္ဓေဟမဂုဟာယံ**= ဝိသုဒ္ဓါရုံ ရတနာစုံလင်း ရွှေဂူကြီးအတွင်း၌၊ **ဝိသုဒ္ဓမမ္မနာဒကော**= အန္တလမ်းစဉ် ကပ်မဝင်ပဲ သန့်စင်တိကျ 'မဖျိမ တရား' ပြတ်သားစွာပေ ဟောကြား၍ နေတော်မူလေသတည်း။

**၈၇။ သတာဓိကံ ဘာသတံဝ၊ ပုဏ္ဏိန္ဒု သီတရံသိယာ။ ဝိဒ္ဓံသေန္တော တမဂတံ၊ နိဗ္ဗာပေန္တော မဟာဇနံ။**

**ပုဏ္ဏိန္ဒု**= ကျေးဇူးရှင်ဆရာ သာယာတည့်ထွန်း လပြည့် ဝန်းသည်၊ **သီတရံသိယာ**= ဓမ္မဘောင်တည် ဧမြသောရောင် ခြည်ဖြင့်၊ **တမဂတံ**= မိစ္ဆာပို့ဆောင် အဝိဇ္ဇာအမှောင်ကို၊ **ဝိဒ္ဓံသေန္တော**= ခဏချက်ချင်း ပယ်ရှင်းလေပြီး၍၊ **မဟာဇနံ**=

အမှောင်ချဉ်း၍ ရောင်လင်းမျှော်ငြား လူအများကို၊ **နိဗ္ဗာပေဿော**= အလင်းရောင်ပြ မှောင်မှုထုတ်ယူ အပူခပ်သိမ်းငြိမ်းစေလျက်၊ **သတာဝိကာံ**= နှစ်ပေါင်းတရာ ကျော်လျက်သာလျှင်၊ ဘာသတံဝ= တိမ်တိုက်ကင်းစင် ထက်ကောင်းကင်မှ နေ့စဉ်ရောင်ဖြာ သာ၍သာ နေပါစေသတည်း။

## ၈၈။ ဗောဓေသိ ကမလေ ဣန္ဒု ရံသိယာ ကေဇကောနနေ၊ တွံပိ ဓီရ သန္တုပ္ပလေ၊ သဒ္ဓမ္မကေဇကောနနေ။

**ဣန္ဒု**= ထက်ကောင်းကင်မှ ဖိုးရွှေလသည်၊ **ရံသိယာ**= မြေပြောင်လည် မိမိ၏ရောင်ခြည်ဖြင့်၊ **ကေဇကာနနေ**= သာယာရှုမော ကြာမြိုင်တော၌၊ **ကမလေ**= လှပထူးတင့် ကြာဖူးရင့်တို့ကို၊ **ဗောဓေသိ**= ကြိုင်တသင်းသင်း အိုင်အတွင်း၌ ခိုင်ချင်းဆက်နေ ဖူးပွင့်စေလေ၏၊ **ဓီရ**= ပညာရှိထိပ်ထား အို- ဆရာတော်မြတ်ကြီးဗရား၊ **တွံပိ**= စန်းလသဖွယ် ဂုဏ်ထယ်မြင့်မား အရှင်ဆရာတော်မြတ်ဗရားသည်လည်း၊ **သဒ္ဓမ္မကေဇကာနနေ**= သဒ္ဓမ္မသုံးသွယ် ကြာတောကြီးအလယ်၌၊ **သန္တုပ္ပလေ**= သီလရေမျိုး သမာဓိရိုးတံ ပညာဉာန်ဖူးပွင့် ထူးတင့်ဝေဆာ သူတော်ကောင်းတည်းဟူသော ကြာတို့ကို၊ **ဗောဓေသိ**= ပြိုင်ဆိုင်ကျူးရင့် အထူးတင့်အောင် ဖူးပွင့်စေခဲ့ပြီဗရား။

**၈၉။ စန္ဒာဘာကမိုတာ ဒကာ၊ အဏ္ဏဝါ ဥဂ္ဂတေ' ကဒါ။**
**ထေရာဘာကမိုတာ နရာ၊ ဒုဂ္ဂတာ ဥဂ္ဂတာ သဒါ။**

**စန္ဒာဘာကမိုတာ**= စန်းလရောင်ခြည် ဆွဲဆောင်အပ်သည် ဖြစ်၍၊ **အဏ္ဏဝါဒကာ**= အမြဲစီးနေ ပင်လယ်ရေတို့သည်၊ **ကေဒါ ဥဂ္ဂတာ**= ရံခါဆန်လျက် 'ဒီရေ' တက်ကြကုန်၏။ **ထေရာ ဘာကမိုတာ**= ထေရ်မြတ်ဂုဏ်ရောင် ဆွဲဆောင်အပ်ကုန်သည်ဖြစ်၍၊ **နရာ**= သံသရာတွင်း စီးဆင်းနေကြား လူအများတို့သည်၊ **ဒုဂ္ဂတာ**= သံသရာရေယဉ်ကြော နစ်မြော၍နေခြင်းမှ၊ **သဒါ**= အခါခပ်သိမ်း၊ **ဥဂ္ဂတာ**= အသိဉာဏ်ရ ဆန်တက်ကြလေကုန်သတည်း။

**၉၀။ ဥဋ္ဌုဂဏာပရိဝါရော၊ စန္ဒော ယာတျ' သိတမ္ဗရေ။**
**ဥရုဂဏာပရိဝါရော၊ မီရော ဝသတိ သာသနေ။**

**စန္ဒော**= ပြည့်ဝန်းလှံ့ဖြာ လစန္ဒာသည်၊ **ဥဋ္ဌုဂဏာပရိဝါရော**= နက္ခတ်တာရာ များစွာရံပတ် ခြံရံအပ်သည်ဖြစ်၍၊ **အသိတမ္ဗရေ**= တိမ်တိုက်ကင်းစင် ပြာလဲ့လဲ့ကောင်းကင်ပြင်၌၊ **ယာတိ**= ရှုမငြီးဖွယ် တင့်တယ်သာယာ လှည့်ပတ်သွားလာ၍နေ၏၊ **မီရော**= စန်းလသဖွယ် တင့်တယ်ထင်ရှား ဆရာတော်မြတ်ဗရားသည်၊ **ဥရုဂဏာပရိဝါရော** = ရွှေကျောင်ဂဏာ များလှသံဃာ ရံကာဝန်းလည် ခြံရံအပ်သည်ဖြစ်၍၊ **သာသနေ**= ဗရားမြတ်စွာ

သာသနာ၌၊ **ဝသတိ**= ရာကျော်အသက် ရှည်လျက်ကြွခိုင်နေထိုင်တော်မူလေသတည်း။

**၉၁။ 'နတ္ထိ စန္ဒေ သကာဘာ'တိ၊ ဟေဂိကာ သိပ္ပိကာ ဝဒုံ၊ 'အတ္ထိ သန္တေ ပညာဘာ'တိ၊ ဝိသဟာမ မယံ ဝတုံ။**

**စန္ဒေ**= ရောင်ဝါပြည့်ရွှန်း လပြည့်ဝန်းကြီး၌၊ **ဝါ**= လျှမ်းပရောင်ဝါ လစန္ဒာ၌၊ **သကာဘာ**= ထွန်းပပြောင်ဝင်း ကိုယ်ပိုင်အရောင်အလင်းသည်၊ **နတ္ထိ**= မရှိချေ၊ **ဣတိ**= ဤသို့ **ဟေဂိကာ သိပ္ပိကာ**= ခေတ်သစ်ပေါ်လာ သိပ္ပံဆရာတို့သည်၊ **ဝဒုံ**= စမ်းသပ်ဝေဖန် လက်ခံယုံကြည် ပြောဆိုကြကုန်၏၊ **သန္တေ**= ထူးခြားစုံလင် ဂုဏ်အင်ကြီးမား ဆရာတော်မြတ်ဗရားကြီး၌၊ **ပညာဘာ**= ကိုယ်ပိုင်ထွန်းပြောင် ပညာရောင်သည်၊ **အတ္ထိ**= စင်စစ်မသွေ ထင်ရှားရှိလျက်နေ၏၊ **ဣတိ**= ဤသို့၊ **မယံ**= အကျွန်ုပ်တို့သည်၊ **ဝတုံ**= (ဝတ္တုံ) **ဝိသဟာမ**= မကြောက်မရွံ့ နောက်မတွန့်ပဲ ရဲဝံ့စွာ ပြောဆိုနိုင်ကြပါကုန်၏။

**၉၂။ ခေမံ ယာယ ပယုဥ္ဇန္တာ၊ ခေမာယ စ' နပေက္ခကာ။ န ခေမာ, ထေရ မိမာဝ၊ သက္ကျဏာတိ သမေတဝေ။**

**သိပ္ပိကာ**= လောကဓာတ်တခွင် အဆန်းထွင်၍ စွမ်းအင်ပြသ အံ့စရာအောင်မြင် သိပ္ပံပညာရှင်တို့သည်၊ **ခေမံ**= ကမ္ဘာ၏အရံရှိုဟ် သိပ္ပံကခေါ်ဆိုသည့် ပြာညိုလှဲ့သန်း ကောင်းကင်

လမ်းမှ ထွက်မြန်းသာယာ လကမ္ဘာသို့၊ **ယာယ**= အာကာသ ခရီး ဒုံးယာဉ်ကိုစီးလျက် ကမ္ဘာကြီးဖြတ်ကျော် လအပေါ် ကွန်း ထောက် ဆိုက်ရောက်ရန်အလို့ငှာ၊ **ပယုဥ္ဇန္တာ**= စမ်းသပ်ကြ အဖန်ဖန် လက်တွေ့မှုလက်ခံသည့် သိပ္ပံနည်းကျကျ ကြိုးပမ်း လျက်ရှိကြကုန်၏၊ **စ**= ထိုသို့ပင် လကမ္ဘာတက်ရေး လက် မနှေးပဲ အသက်ပေးကာ ကြိုးပမ်းကြပါကုန်သော်လည်း၊ **ခေမာယ**= နိုင်ငံတကာအချင်းချင်း ချစ်ကြည်မှုမယိုယွင်းပဲ ထာဝစဉ် ငြိမ်းချမ်းခြင်းအလို့ငှာကား၊ **အနပေက္ခကာ**= မငဲ့ အသိ မဲ့သတိဖြင့် လှည့်မကြည့်အား ရှောင်ရှားနေကြလေကုန် ၏၊ **ခေမာ**= ဘဏ္ဍာငွေပုံအောလျက် စိတ်စောကြရာ ကောင်း ကင်မှ လစန္ဒာသည်၊ **သမေတဝေ**= အနုမြူဒုံးပျံ ဗုံးသံမစဲ စစ်ပွဲကြိုးပမ်း စိတ်မချမ်းမြေ့စရာ ဤကမ္ဘာ၏ ကြည်သာ ရွှင်အေး ငြိမ်းချမ်းရေးအလို့ငှာ၊ **န သက္ကုဏာတိ**= ဘယ်လိုမှ မလှမ်းနိုင်သဖြင့် မစွမ်းနိုင်ရိုး အမှန်သာတည်း။ **ထေရ**= ရွှေကျင်ဥက္ကဋ္ဌ အဘိဒ္ဓဇဘွဲ့ရှင် ကျေးဇူးရှင် ဆရာတော်မြတ် ကြီးဗရား၊ **ခိမာဝ**= ဘုန်းရောင်ကံရောင် ဉာန်ရောင်ထိန်လင်း ကျေးဇူးရှင်ဆရာတော်ဗရားကြီးတည်းဟူသော ရွှေလမင်းကြီး သာလျှင်၊ **သမေတဝေ**= အနုမြူဒုံးပျံ ဗုံးသံမစဲ စစ်ပွဲကြိုးပမ်း စိတ်မချမ်းမြေ့စရာ ဤကမ္ဘာ၏ ကြည်သာရွှင်အေး ငြိမ်းချမ်း ရေးအလို့ငှာ၊ **သက္ကုဏာတိ**= ငြိမ်းချမ်းရေး အရေးအောင် အောင် မေတ္တာတော်ဖြင့် သွေးဆောင်လျက် အေးချမ်းအောင် ကြိုးကိုင် အစွမ်းနိုင်ကြီး စွမ်းနိုင်ပါသည် အရှင်ဘုရား။

## ၉၃။ အာဒိကပ္ပေ ကပ္ပိကာနံ၊ ဆန္ဒံ ပူရေသိ စန္ဒိမာ။ ဣဒါနိ ထေရစန္ဒောပိ၊ ဆန္ဒံ ပူရေတု သဗ္ဗဒါ။

**အာဒိကပ္ပေ**= ကမ္ဘာတည်စ ခေတ်ဦးအခါကာလတုန်းက၊ **စန္ဒိမာ**= ကောင်းကင်ယံမှ ရောင်လျှံပသည့် ကမ္ဘာ့တန်းဆာ လ,စန်းရတနာသည်၊ **ကပ္ပိကာနံ**= နေရောင်ကွယ်စ အားငယ်ကြသည့် ကမ္ဘာ့ဦးသူ ရှေးခေတ်လူတို့၏၊ **ဆန္ဒံ**= ထွန်းပဝင်းပြောင် အလင်းရောင်မျှော်ကြ မျှော်လင့်ချက် စိတ်ဆန္ဒကို၊ **ပူရေသိ**= နေရောင်ယွန်းစ တက်ထွန်းပလျက် မွန်းလရောင်ခင်း ဖြန့်ကျင်းဝေဝေ ပြည့်စေခဲ့လေပြီ။ **ထေရ**= ဝါတော်ရှစ်ဆယ် မြောက် သက်ရွယ်တော်တရာရောက်လည်း ထွန်းတောက်သည့် ဉာဏ်အမြင် သမ္မဇဉ်ကြီးမား ကျေးဇူးရှင် ဆရာတော်မြတ်ကြီးဗရား၊ **ဣဒါနိ**= ကမ္ဘာ့ခေတ်နှောင်း အသစ်ပြောင်း၍ ခေတ် ကောင်းမကြုံ ဝိသမလောဘတွေ ဝိုင်းအုံလျက် အရိုင်းဘုံပမာ မှောင်အတိကျလျက်နေသော ယနေ့ခေတ်အခါကြီး၌၊ **စန္ဒောပိ**= ဘုန်းရောင်ကံရောင် ဉာဏ်ရောင်ထိန်ဝင်း ကျေးဇူးရှင်ဆရာတော်ဗရားကြီးတည်းဟူသော ရွှေလမင်းကြီးသည် လည်း၊ **ကပ္ပိကာနံ**= အနုမြူဒုံးပျံ ဗုံးသံမစဲ စစ်ပွဲမှောင်ကြီး ကာဆီး ရှေ့ဝယ် စိတ်အားငယ်ကြား ကမ္ဘာသူ,ကမ္ဘာသားတို့၏၊ **ဆန္ဒံ**= နိုင်ငံတကာချစ်ကြည် ကမ္ဘာတခု အသစ်တည်လျက် ခေတ် မီမီပျော်ရွှင်ရသည့် ငြိမ်းချမ်းရေး စိတ်ဆန္ဒကို၊ **ပူရေတု**=

ဘုန်းတော် ကံတော် မြတ်ဉာဏ်တော်နှင့် မေတ္တာတော်အရှိန် ကြီးသဖြင့် အဖြည့်ကြီး ဖြည့်နိုင်ပါစေသတည်း။

**၉၄။ သီလကဝစသန္နာဟိ၊ သမာဓိသတ္တိဓာရယိ။**
**ပညာခဂ္ဂဒဠဂ္ဂါယိ၊ ထေရော ဓမ္မသေနာပတိ။**

**ထေရော**= သီလ သမာ ပညာစွယ်စုံ နယ်ကုန်ကျော်ကြား ဆရာတော်မြတ်ဗရားသည်၊ **သီလကဝစသန္နာဟိ**= ကိလေ မြားဒဏ် ကြံ့ကြံ့ခံနိုင် ခံ့ခိုင်ကိုယ်တွင် သီလချပ်ဝတ်ကို ဝတ် ဆင်လေ့ရှိသော၊ **သမာဓိသတ္တိဓာရယိ**= ကိလေပစ်ကွင်း ထိမှန်ခွင်းနိုင် ကြံ့ခိုင်မြဲမြဲ သမာဓိလှံကြီးကို ကိုင်စွဲလေ့ ရှိ သော၊ **ပညာခဂ္ဂဒဠဂ္ဂါဟိ**= ကိလေသာရန်သူ ခေါင်းမပြူ အောင် ဖမ်းယူခုတ်လှဲ ပညာသန်လျက်ကို ကိုင်စွဲလေ့ရှိသော၊ **ဓမ္မသေနာပတိ**= နယ်ချဲ့ကိလေ တပ်လုံးကျေအောင် ရှာဖွေ တိုက်ထုတ် 'ဓမ္မဗိုလ်ချုပ်ကြီး' ဖြစ်ပါပေသည်တကား။

**၉၅။ အဘိဒ္ဓဇမဟာရဋ္ဌ၊ ဂုရု ဂုရူဟိ ပူဇိတော။**
**ပိဋကပါရဂေါ ဓီရော၊ မတိမတံ ဓဇူပမော။**

**ဓီရော**= ပညာရှိထိပ်သီး ဆရာတော်မြတ်ဗရားကြီးသည်၊ **ဂုရူဟိ ပူဇိတော**= သာသနာနှင့် ဘာသာတရား လေးစားကော် ရော် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရတို့က ပူဇော် အပ်သော၊ **အဘိဒ္ဓဇမဟာရဋ္ဌဂုရု**= 'အဘိဒ္ဓဇမဟာရဋ်၏ဂုရု'

ဂုဏ်ပြုလေးစား ဆရာတော်တပါးဖြစ်ပါပေ၏၊ **ပိဋကပါရဂေါ**= ကျမ်းဂန်အရပ်ရပ် ပိဋကတ်ကို နှံ့စပ်သိမြင် 'ပိဋကပါရဂူ' အရှင်လည်း ဖြစ်ပါပေ၏၊ **မတိမတံ**= နှံ့စပ်သိမြင် ပညာ့ရှင်တို့တွင်၊ **ဓဇူပမော**= မြင့်မားအလွန် အောင်တံခွန်ဟု ပြည့်ဝန်ဝင့်ကြွား ထင်ရှားလှပါပေသည်တကား။

**၉၆။ မယာ'ချာတာ ဂုဏာ ဓီရ၊ ကောဗိန္ဒု၊ ဝိယ' ဏ္ဏဝါ။**
**အဏ္ဏဝါပျ' ဓိကာ ထေရ၊ ဂုဏာယေဝ မနန္တကာ။**

**ဓီရ**= ကြီးမားပညာ အိုဆရာ၊ **မယာချာတဂုဏာ**= တပည့်ကြည်ညို သီဆိုကျူးသီ ဂါထာစီ၍ သာကြည်ထုတ်ဖော် ဆရာ၏ ဂုဏ်တော်တို့သည်၊ **ကောဗိန္ဒုဝိယ' ဏ္ဏဝါ**= အတိုင်းမသိ ပေါ ပြည့်နက်ကျယ် မြစ်ပင်လယ်မှ ထုတ်ဆယ်ကော်ပက် အပေါ်တက်သည့် ရေတစက်ပမာ ဖြစ်ပါကုန်၏။ **အဏ္ဏဝါဝိ**= အတိုင်းမရ နက်ကျယ်လှစွာ အဏ္ဏဝါထက်လည်း၊ **ထေရ ဂုဏာယေဝ**= အံ့သြမပြီး ချီးကျူးမကုန် ပြည့်စုံစုံညီ ထေရ်ဂုဏ်ရည်တို့ကသာ လျှင်၊ **အဓိကာ**= ပိုလွန်ထူးခြား များပြား လှကုန်သည်ဖြစ်၍၊ **အနန္တကာ**= မမြင်ဆုံးစ အနန္တသာ ဖြစ်ပါကုန်သည်ဗရား။

**၉၇။ ပုထုလာ' တီရဒဿနာ၊ ဂမ္ဘီရာ ဇလနိမျာ။**
**ပါဏ္ဍိနာ သလိလံ သပ္ပံ၊ ကော ဥဒ္ဓရိတုမုဿဟေ။**

**အတီရဒဿနာ**= ပတ်လည်ဝန်းကျင် ကမ်းမမြင်နိုင် လောက်အောင်၊ **ပုထုလာ**= မသိတိုင်းဆ ကျယ်ဝန်းလှပေသော၊

**ဂဘီရာ**= အစောက်အားဖြင့် ပိုင်းခြားမရ အလွန်နက်လှပေသော၊ **ဇလနိဓျာ**= ထူးခြားပြင်ကျယ် မြစ်ပင်လယ်ကြီးမှ၊ **သလိလံ သဗ္ဗံ**= ကြွင်းမဲ့ဥဿုံ အလုံးစုံသောရေကို၊ **ကော**= အဘယ်သူသည်၊ **ပါဏိနာ**= လက်ဖြင့်၊ **ဥဒ္ဓရိတုံ**= ကော်ပက်ခပ်ထုတ်ခြင်းငှာ၊ **ဥဿဟေ**= စွမ်းနိုင်ပါမည်နည်း။

**၉၈။ ဗြဟာကာသနိဿာဂတော၊ ဂဏနာတော အသင်္ခိယော။**
**ပစုရတာရကေ သဗ္ဗေ ကော တေ ဂဏေတုမုဿဟေ။**

**ဗြဟာကာသနိဿာဂတေ**= မြင့်ကျယ်လွင်ပြင် ထက်ကောင်းကင်မှ ညစဉ်လှည့်ပတ် သွားလာတတ်ကုန်သော၊ **ဂဏနာတော အသင်္ခိယေ**= ရေတွက်ပိုင်းခြား ဂဏန်းမထားနိုင်ကုန်သော၊ **တေ ပစုရတာရကေ သဗ္ဗေ**= ကြွင်းမဲ့ဥဿုံ လုံးစုံများစွာ ထိုကြယ်တာရာတို့ကို၊ **ကော**= အဘယ်သူသည်၊ **ဂဏေတုံ**= တလုံး,နှစ်လုံး စုရုံးပေါင်းလျက် ရေတွက်ခြင်းငှာ၊ **ဥဿဟေ**= စွမ်းနိုင်ပါမည်နည်း။

**၉၉။ မာဒိသာနံ အဝိသယော၊**
**ထေရော’ နန္တဂုဏာကရော။**
**ထေရာဒိသောဝ ထေရဿ၊**
**ဂုဏေ ကထေတု မုဿဟေ။**

**ထေရော**= ကျေးဇူးကြီးမား ဆရာတော်မြတ်ဗရားကြီးသည်၊ **အနန္တဂုဏာကရော**= အံ့၍မပြီး ချီး၍မကုန် ပြည့်စုံလှစွာ

အနန္တဂုဏ်ရည်တို့၏ တည်ရာဖြစ်တော်မူသည်ဖြစ်၍၊ **မာဒိသာနံ**= ကျွန်ုပ်ကဲ့သို့သောသူတို့၏၊ **အဝိသယော**= အနန္တဂုဏ်အင် စုံအလင်ကို ကုန်စင်အောင်မြွက်ဟ၍ ဆက်သနိုင်စရာ အရာမဟုတ်ပါပေ၊ **ထေရာဒိသောဝ**= ထေရ်ရ့လောက်စုံလင် ဂုဏ်အင်ကြီးမား ပညာရှိတပါးသည်သာလျှင်၊ **ထေရဿ ဂုဏေ**= အံ့ဖွယ်စုံညီ ထေရ်မြတ်၏ဂုဏ်ရည်တို့ကို၊ **ကထေတုံ**= ကုန်စင်မြွက်ဟ ချီးကျူးဆက်သခြင်းငှာ၊ **ဥဿဟော**= မုချပိုင်ပိုင် စွမ်းနိုင်လေရာသတည်း။

### ၁၀၀။ ဂဏီသော စန္ဒသိရီမာ၊ ဘာသတံ စန္ဒဂဏီမာ၊ သီတလစန္ဒပ္ပဘာယ၊ အာကာသေ စန္ဒအဥ္ဍသော။

**ဂဏီသော**= ထွန်းပငွေ့ကြယ် အသွယ်သွယ်ကို ချယ်လှယ်စိုးမိုး၍နေသော၊ **စန္ဒသိရီမာ**= ရောင်ခြည်ပဝင်း လမင်း၏ ကျက်သရေရှိသော၊ **စန္ဒဂဏီမာ**= ကြယ်ပေါင်းရံကာ လှပစွာဖြင့် ညခါပဝင်း ငွေလမင်းသည်၊ **သီတလစန္ဒပ္ပဘာယ**= မြေပြောင်လည် စန်းလ၏ရောင်ခြည်ဖြင့်၊ **အာကာသေ စန္ဒအဥ္ဍသော**= စန္ဒာလဝန်း လှည့်လည်ထွန်းရာ ထက်အာကာ၌၊ **ဘာသတံ**= ရွှန်းရွှန်းအိအိ ပြည့်ပြည့်သာသာ ထွန်းပပါစေသတည်း။

## နိဂုမ်း။

**နန္ဒမာလာ** - ဟေမဝါမှ၊ ဖွေရှာ ထူးတင့်၊ လှဖူးပွင့်၍၊ ခူးချင့်စဖွယ်၊ ရနံ့ကြွယ်သား၊ ခိုင်နွယ်လန်းဆန်း၊ ပွင့်သည့်ပန်းကို၊ ဆန့်တန်းငဲ့တူ၊ ဆွတ်ကာယူ၍၊ အတူစုရုံး၊ သွယ်ကာကုံးလျက်၊ ရွှင်ပြုံးကြည်အေး၊ ဆင်တော့ပေးသို့၊ ပျံ့မွှေး လန်းဆန်း၊ ထေရ်နဂုဏ်ပန်းကို၊ ပုံမှန်းအတူ၊ စိတ်ဖြင့်ယူ၍၊ ကြည်ဖြူသဒ္ဓါ၊ ဆင်စိမ့်ငှာဟု၊ ဂါထာတံခွန်၊ ဤစာမွန်ကို၊ အကျွန်သီကာ၊ နှုံးဖွဲ့ပါ၏၊ မဟာကဝိ၊ မြတ်ဉာဏ်ရှိတို့၊ ဆိုမိရာတွင်၊ အမှားမြင်က၊ နှုတ်တွင်၌သာ၊ ကဲ့ရဲ့ပါနှင့်၊ ကိုယ့်စာသွင်တူ၊ ပြင်တော်မူ၍၊ ဖေးကူပါဘိ၊ မှန်ရာရှိမည် . . . အသိထောက်ဆပါစေသော်။

**ဆန္ဒအာသာ** - ထေရ်ဆရာ၏၊ တရာသက်တော်၊ ရည်ညွှန်းဖော်လျက်၊ နာပျော်လှစွာ၊ မြတ်ဂါထာကို၊ တရာတိတိ၊ သီကုံးဘိ၏၊ သုတိသာယာ၊ ထုတိလ္လာကား၊ မြန်မာသကြဖ်၊ သုံးဆဲ့နှစ်ဟု၊ စွန်းလစ်သချာ၊ ထောင့်သုံးရာတည်း။ ဆောင်းဝင်ခါစ၊ နတ်တော်လဝယ်၊ ဆန်းစ ရှစ်ရက်၊ နိဂုမ်း ဆက်၍၊ ရေးရက်ချိန်တာ၊ နှစ်ပတ်ကြာခဲ့။ ဤစာရေးရ၊ မြတ်ပုညကြောင့်၊ ခုမှနောင်ခါ၊ ဖြစ်လေရာ၌၊ ပညာကြီးကျယ်၊ စည်းစိမ်ကြွယ်၍၊ စိတ်ဝယ် ချမ်းသာ၊ ကိုယ်ကျန်းမာလျက်၊ လိုရာဆန္ဒ၊ ပေါ်ပြည့်

ဝ၍၊ ပရဟိတာ၊ ဖြည့်ကျင့်ကာဖြင့်၊ ဆိုင်ရာပါရမီ၊ စုံပြည့် ညီလျက်၊ မဟာဗောဓိ၊ မြတ်ဉာဏ်သိသည် . . . ကဝိမြောက် ရပါစေသော်။

**သန္တကာမာ** - သူတော်စွာတို့၊ ရသာကဲလွန်၊ ဤစာမွန်ကို၊ အားသွန်ခွန်ပြည့်၊ ဖတ်၍ကြည့်သော်၊ ပေါ်ပြည့် ဂုဏ်အင်၊ မြတ်ထေရ်ရှင်ကို၊ ကြည်လင်စိတ်ထား၊ သဒ္ဓါပွား၍၊ လေးစား ကြည်ညို၊ ချီးကျူးဆိုလျက်၊ ဖူးလိုစိတ်သွန်၊ ကျေခဲ့ဝန်တည်း။ မြတ်မွန်ပြုရ၊ ဤပုည၏၊ ဘာဂကြည်ဖြူ၊ မျှရည်တူကို၊ နှစ်ဆူ မိဖ၊ စရိယနှင့်၊ များလှ သတ္တာ၊ ဝေငှပါ၏။ သာယာချမ်းမြေ့၊ သူတော်လေ့ဖြင့်၊ ယနေ့ကမ္ဘာ၊ ငြိမ်းချမ်းသာလျက်၊ ဘာသာ ပွင့်လင်း၊ တရားချဉ်း၍၊ မျိုးချင်း စာနာ၊ ရိုင်းပင်းကာဖြင့်၊ မက္ခာတူမျှ၊ နေထိုင်ကြလျက်၊ ဓမ္မမှန်သိ၊ ဉာဏ်ရရှိသည့် . . . . မသိပျောက်ကြပါစေသော်။



# အဖွင့် အမှာ

၁၃၄၇ ခုနှစ်၊ ပြာသိုလပြည့်နေ့တွင် သက်တော်(၁၀၀) ပြည့်မြောက်တော်မူသော ဇကာဒသမရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးကို မြတ်နိုး ပူဇော်သောအားဖြင့် ဂဏုက္ကဋ္ဌဝဏ္ဏနာဂါထာ (၁၀၀)ကို ရေးဖွဲ့ခြင်း ဖြစ်ပါသည်။

ဂဏုက္ကဋ္ဌဝဏ္ဏနာဂါထာ (၁၀၀)တွင် ရွှေကျင်နိကာယ သမိုင်းကြောင်းနှင့် ဂဏသမုဋ္ဌာပကရွှေကျင်ဆရာတော် ဘုရားကြီးမှ အစပြုသော ရွှေကျင်နွယ်ဝင် ထိပ်ခေါင်တင် ဂဏုက္ကဋ္ဌဆရာတော်ဘုရားကြီး ၁၂ ပါးတို့၏ အကြောင်းအရာ ကို အကျဉ်းသခ်ေပအားဖြင့် ဖွဲ့ဆိုထားပါသည်။

ဂါထာ(၁၀၀)ဟူသည် သက်တော်ရှည် ဆရာတော် ဘုရားကြီး၏ သက်တော် (၁၀၀) ပြည့်ကို အမှတ်အသား ပြုခြင်းမျှသာ ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ အကြောင်းအရာနှင့် ဂုဏ်ရည်တို့ကား ဂါထာပေါင်း ကုဋေ (၁၀၀) ဖွဲ့ဆိုသော်လည်း ကုန်နိုင်ဖွယ် မရှိပါ။

ဤဂဏုက္ကဋ္ဌဝဏ္ဏနာ ဂါထာ(၁၀၀) ကို ဟေမဝါမြိုင် ပန်းဂနိုင်၏ ပန်းတစ်ရုံ ပန်းတစ်ခိုင်မှ ဆွတ်ယူဖွဲ့ထုံး ပန်း တကုံးမျှသာဟု မှတ်ယူစေလိုပါသည်။

**အရှင်နန္ဒမာလာဘိဝံသ**
မဟာသုဓောဓာရုံ၊ စစ်ကိုင်းမြို့။
၁၃၄၇-ခု၊ ပြာသိုလဆန်း (၁၄)ရက်
(၂၄-၁-၈၆)

# ကျေးဇူးတင်ပါသည်

ဤဂဏ္ဍကုက္ကန္ဒဝဏ္ဏနာ ဂါထာ (၁၀၀) စာအုပ်ကို အချိန်မီ ဖြန့်ဝေလှူဒါန်းနိုင်သည်မှာ မဟာသုတောစာရှုံ **'အရှင်စန္ဒဝရ'** ၏ ပင်ပန်းခံကာ ကြိုးစားမှုကြောင့်သာ ဖြစ်ပါသည်။

**အရှင်ပညာသူရ၊ ရှင်ကဝိန္ဒ၊ ရှင်အဘိဇာတ** စသော တပည့်ရဟန်းသာမဏေများက လိုအပ်သမျှကူညီကြပါသည်။

စစ်ကိုင်းမြို့ တိုင်းသာသနာရေးဦးစီးဌာနမှ **မောင်တင်ဌေး၊ မောင်ဝင်းမောင်**တို့က လက်နှိပ်စက် ရိုက်နှိပ် ကူညီကြပါသည်။

**အားလုံးကို ကျေးဇူးတင်ပါသည်။**

**အရှင်နန္ဒမာလာဘိဝံသ**



ကောဒသမ ရွှေကျင်သာသနာပိုင် ကြေးမြင်ဆရာတော်ဘုရားကြီး

(၁၂၄၇ - ၁၃၅၁)



ရွှေကျင် နိကာယ

ဂဏုက္ကဋ္ဌဝဏ္ဏနာ

ဂါထာ တရာ

အရှင်ပန္နမာလာဘိဝံသ

မူရင်းကျမ်းစာအုပ် မျက်နှာဖုံး ပုံ

# “ရွှေကျင်နိကာယ ဂဏုက္ကဋ္ဌဝဏ္ဏနာ”

**၁။ သိဒ္ဓမိဒ္ဓနိကာယဿ၊ ဂဏုက္ကဋ္ဌဝိဘာဝိနံ။**
**အဋ္ဌုပ္ပတ္တိံ ပဝေဒေမိ၊ သရန္တော ဂုဏသဉ္စယံ။**

**သိဒ္ဓံ**=ဆန္ဒလိုအင် ပြီးစီးအောင်မြင်ပါစေသတည်း။ **ဂုဏသဉ္စယံ**= များလှစုံလင် ဂုဏ်အင်အပေါင်းကို၊ **သရန္တော**= မျှော်ခေါ် စေ့စေ့ လွှန်အောက်မေ့လျှက်၊ **ဣဒ္ဓနိကာယဿ**= သာသနာ့ဂုဏ်အင် စုံလင်ပြည့်ဝ ရွှေကျင်နိကာယ၏၊ **ဂဏုက္ကဋ္ဌဝိဘာဝိနံ**= ပညာရှိထိပ်သီး ဂိုဏ်းဥက္ကဋ္ဌ မထေရ်မြတ်ကြီးတို့၏၊ **အဋ္ဌုပ္ပတ္တိံ**= ဖြစ်ရပ်မျှော်ကြည့် အဋ္ဌုပ္ပတ္တိကို၊ **ပဝေဒေမိ**= အကျဉ်းချုံးကာ တင်ဆက်ပါအံ့။

## ရွှေကျင်ဂိုဏ်း ပေါ်လာပုံ

**၂။ မရမ္မေ’ သော ရွှေကျင်ဂဏော၊ အတီဝ ပါကဋော ဘဝေ။**
**အနဗ္ဘဗ္ဘေ ရဝိန္ဒုဝ၊ ယာဝ အဇ္ဇတနာ သုဘော။**

**သော ရွှေကျင်ဂဏော**= နေသွင်တူနိုင်း ရွှေကျင်ဂိုဏ်းသည်၊ **အနဗ္ဘေ**= တိမ်တိုက်ကင်းစင် ထက်ကောင်းကင်၌၊

**ရဝိန္ဒုဝ**= သရေတင့်စွ နေနှင့်လတို့ကဲ့သို့၊ **မရမ္မေ**= ပြည်ထောင်စုမြန်မာနိုင်ငံတော်၌၊ **အတိဝပါကဗ္ဗော**= အစဉ်အားဖြင့် အလွန်ပင် ထင်ရှားလှပါပေ၏။ **ယာဝ အဋ္ဌတနာ**= နှစ်တစ်ရာကျော်လစ် ယနေ့ခေတ်တိုင်အောင်၊ **သုဘော**= စည်းလုံးမပြယ် တင့်တယ်သည်၊ **ဘဝေ**= ဖြစ်ပါပေသတည်း။

**၃။ ရဋ္ဌရူပသံဝစ္ဆရေ၊ ရမ္မေ သဒ္ဓမ္မဇောတနေ။**
**ဇောတယံ သာသနံ သေ၊ ရွှေကျင်ဂဏော သမုဋ္ဌဝေါ။**

**ရဋ္ဌရူပသံဝစ္ဆရေ**= ၁၂၂၂ ခုနှစ်၌၊ **ရမ္မေ**= သူတော်နှလုံးကြည်ပြုံးရွှင်ပျော် မွေ့လျော်ရာဖြစ်သော၊ **သဒ္ဓမ္မဇောတနေ**= သာသနာရောင် ထွန်းပြောင်ထိန်ငြီး ရတနာပုံနေပြည်တော်ကြီး၌၊ **သေ ရွှေကျင်ဂဏော**= နေသွင်တူနိုင်း ဤရွှေကျင်ဂိုဏ်းသည်၊ **သာသနံ**= ဗုဒ္ဓမြတ်စွာ သာသနာကို၊ **ဇောတယံ**= ထွန်းပြောင်စေလျက်၊ **သမုဋ္ဌဝေါ**= ထူးခြားလှစွာ ဖြစ်ပေါ်လာခဲ့ပါသတည်း။

**၄။ ဝပ္ပရူပသံဝစ္ဆရေ၊ ရတနာသိခသမ္ဘဝေ။**
**ရဋ္ဌေ ကာရေသိ ကုမာရော၊ မင်းတုန်းနာဂရဘောဇကော။**

**ဝပ္ပရူပသံဝစ္ဆရေ**= ၁၂၁၄ ခု၌၊ **ရတနာသိခသမ္ဘဝေ**= ရတနာဥုးစွန်း ထွန်းရာမည့်ခေါ် ရတနာသိခမြို့တော်၌၊ **မင်းတုန်းနာဂရဘောဇကော**= မင်းတုန်းမြို့စားဖြစ်သော၊

**ကုမာရော**= မင်းသားသည်၊ **ရဋ္ဌံ**= တိုင်းရေးပြည်မှု ကြည့်ရှုစီစစ် မင်းအဖြစ်ကို၊ **ကာရေသိ**= ပြုခဲ့လေပြီ။

## ၅။ ယဒါ သော အမရပုရ-မာဂမ္မ တဒဇ္ဈာဝသိ။ တဒါ တေန ဝိဇိတမှိ၊ သာသနသုဒ္ဓိ စိန္တိတာ။

**ယဒါ**= အကြင်အခါ၌၊ **သော**= ထိုမင်းတုန်းမင်းသည်၊ **အမရပုရံ**= အမရပူရ နေပြည်တော်သို့၊ **အာဂမ္မ**= ချီလာ၍၊ **တံ**= ထိုအမရပူရ နေပြည်တော်ကို၊ **အဇ္ဈာဝသိ**= အာဏာတန်ခိုး လွှမ်းမိုး၍ပိုင် အုပ်စိုးနေထိုင်၏။ **တဒါ**= ထိုအခါ၌၊ **တေန**= ထိုမင်းတုန်းမင်းသည်၊ **ဝိဇိတမှိ**= နိုင်ငံတော်၌၊ **သာသနသုဒ္ဓိ**= ထူးခြားတင့်တယ် သာသနာတော်၏ သန့်ရှင်းစင်ကြယ်မှုကို၊ **စိန္တိတာ**= ဆောင်ရွက်ရန်ပေ ကြံစည်အပ်ခဲ့လေပြီ။

## ၆။ နိမန္တယိ နန္ဒထေရံ၊ ဝိနယေ ဂရုကံ သုတံ။ ခေါ်တောဂါမာ’ ရညာဝါသေ၊ ဝသန္တံ အမရပုရံ။

**ခေါ်တောဂါမာ’ ရညာဝါသေ**= ခေါ်တောရွာနီး ‘ကောင်းပင်ကုန်း’တောရကျောင်းကြီး၌၊ **ဝသန္တံ**= သီတင်းသုံး နေထိုင်လျက်ရှိသော၊ **ဝိနယေ ဂရုကံ**= ကျောက်ထီးပုံရှု ဝိနည်းကိုအလေးပြုသော၊ **သုတံ**= ထင်ပေါ် ကျော်ကြား လူသိများသော၊ **နန္ဒထေရံ**- နန္ဒမည်တွင် ထေရ်အရှင်ကို၊ **အမရပုရံ**- အမရပူရ နေပြည်တော်သို့၊ **နိမန္တယိ**= ပင့်လျှောက်ခဲ့လေပြီ။

**၇။ အန္တိကေ' မရပူရဿ၊ 'ရှမ်းကလေးကျွန်း' တိဝိဿုတော။**
**အာရညကေ ဝသာပေတွာ၊ ပစ္စယေဟိ' ဘိမာနယိ။**

**အမရပူရဿ**= အမရပူရနေပြည်တော်၏၊ **အန္တိကေ**= အနောက်မြောက်စပ် အနီးရပ်၌၊ **ရှမ်းကလေးကျွန်း တိဝိဿုတော**= ရှမ်းကလေးကျွန်း မော်ကွန်းတည်ထား လွန်ထင်ရှားသော၊ **အာရညကေ**= ကျင့်မှီခိုအောင်း တောရကျောင်း၌၊ **ဝသာပေတွာ**= သာယာရွှင်ပြုံး သီတင်းသုံးနေထိုင်စေ၍၊ **ပစ္စယေဟိ**= မှီတင်းပြုကြား ပစ္စည်းလေးပါးတို့ဖြင့်၊ **အဘိမာနယိ**= မြတ်နိုးကော်ရော် ပူဇော်ခဲ့လေပြီ။

**၈။ အဘိပ္ပသန္နော သဒ္ဓမ္မေ၊ ရာဇာ ဝိဇိတမဏ္ဍလေ။**
**နန္ဒထေရော' ပနိဿာယ၊ သာသနမလ သောဓယိ။**

**သဒ္ဓမ္မေ**= သဒ္ဓမ္မသုံးဖြာ သာသနာ၌၊ **အဘိပ္ပသန္နော**= သဒ္ဓါပိုမိုလွန်ကြည်ညိုသော၊ **ရာဇာ**= မင်းတုန်းမည်တွင် ဘုရင်မင်းတရားသည်၊ **ဝိဇိတမဏ္ဍလေ**= အာဏာဆင့်လွှမ်း နိုင်ငံတော်တဝှမ်း၌၊ **နန္ဒထေရံ**= နန္ဒမည်ကျော် ရှမ်းကလေး ကျွန်း ဆရာတော်ကို၊ **ဥပနိဿာယ**= လမ်းညွှန်သမှု အမှီပြု၍၊ **သာသနမလံ**= သာသနာ့ရန်ဘေး ညစ်အကြေးကို၊ **သောဓ ယိ**= သုတ်သင်ခဲ့လေပြီ။

**၉။ သက္ကရူပသံဝစ္ဆရေ၊ သံသိတော မဗ္ဗဝိနယော။**
**ရာဇာဏာပကတော ရညာ၊ သာသနသုဒ္ဓိကာမိနာ။**

**သက္ကရူပသံဝစ္ဆရေ**= ၁၂၁၇ ခုနှစ်၌၊ **သာသနသုဒ္ဓိကာမိနာ**= သာသနာတွင်း သန့်ရှင်းပြန့်ပွား လွန်လိုလားသော၊

**ရညာ**= မင်းတုန်းမည်တွင် ဘုရင်မင်းတရားသည်၊ **ရာဇာဏာ ပကာတော**= ပြစ်မှုချမှတ် မင်းအာဏာဖြင့် ပြုအပ်သော၊ **ဓမ္မ ဝိနယော**= ဓမ္မဝိနယ မည်ရတင့်ဆန်း အမိန့်တော်ပြန်တမ်းကို၊ **သံသိတော**= ထုတ်ဆင့်အပ်လေပြီ။

**၁၀။ ဝါစိကမဘိနန္ဒိံသု၊ သာသနသုဒ္ဓိကာမိနော။**
**သုပေသလာ တဒညာ စ၊ ပစ္စနိကမကံသု တံ။**

**သာသနသုဒ္ဓိကာမိနော**= သာသနာတွင်း သန့်ရှင်းပြန့်ပွါး လွန်လိုလားကြကုန်သော၊ **သုပေသလာ**= စည်းကမ်းနှစ်လို ချစ်ကြည်ညိုကြား ပုဂ္ဂိုလ်အများတို့သည်၊ **ဝါစိကံ**= ဓမ္မ,ဝိနယ မည်ရတင့်ဆန်း အမိန့်တော်ပြန်တမ်းကို၊ **အဘိနန္ဒိံသု**= ကြိုဆို အားရ လက်ခံကြလေကုန်ပြီ။ **တဒညာ စ**= အလဇ္ဇီဒုဿီလ ရှုပ်ပွေကြကြား ပုဂ္ဂိုလ်အများတို့သည်ကား၊ **တံ**= ထိုဓမ္မဝိနယ မည်ရတင့်ဆန်း အမိန့်တော်ပြန်တမ်းကို၊ **ပစ္စနိကမကံသု**= ဝေဘန်ပြစ်တင် ဆန့်ကျင်ကြလေကုန်ပြီ။

**၁၁။ ရာဇာဏာပကာတာ နေ' သာ ၊ ဝါစိကာ ဝိဇယံ ဂတာ။**
**သစေ ဂတာ ဂဏီမဿ၊ နာဘာဝိဿ သမုဋ္ဌဝေါ။**

**ရာဇာဏာပကာတာ**= ပြစ်မှုချမှတ် မင်းအာဏာဖြင့် ပြုအပ်သော၊ **သော ဝါစိကာ**= ဓမ္မဝိနယ မည်ရတင့်ဆန်း ဤအမိန့် တော်ပြန်တမ်းသည်၊ **ဝိဇယံ**= အာဏာသက်ဆင်း အောင်မြင်ခြင်းသို့၊ **န ဂတာ**= မရောက်ရှိခဲ့ပေ။ **သစေ ဂတာ**= အကယ်

ပေါက်ရောက် အောင်မြင်ခြင်းသို့ ရောက်ခဲ့ပါမူ၊ **ဣမသာ ဂဏာသာ**= ထူးခြားပေါ်လွင် ဤဂိုဏ်းရွှေကျင်၏၊ **သမ္ဘဝေါ**= ဖြစ်ပေါ်လာခြင်းသည်၊ **န အဘဝိဿာ**= မဖြစ်ခဲ့လေရာ။

## ၁၂။ ရာဇာဘိမာနိတော သုဓီ၊ သုဓိဝ ပါကဋော တတော။ ပရံ ထေရော နိဗ္ဗိန္နောဝ၊ သုဓီ' ဝဋ္ဋမဝဂတော။

**ရာဇာဘိမာနိတော**= ဘုရင်မင်းမြတ် ချစ်ခင်မြတ်နိုးအပ်သော၊ **သုဓီ**= ပညာရှိဖြစ်တော်မူသော၊ **သုဓိဝ**= ရောင်ဝါပဝင်း ငွေလမင်းကဲ့သို့၊ **ပါကဋော**= ထင်ပေါ်ကျော်ကြား လူသိများသော၊ **ထေရော**= နန္ဒတွင်ခေါ် 'ရှမ်းကလေးကျွန်း ဆရာတော်' သည်၊ **တတော ပရံ**= အမိန့်တော်ပြန်တမ်း ဆင့်ကမ်းပေါ်လာ နောက်အခါ၌၊ **နိဗ္ဗိန္နောဝ**= သာသနာရေး ရှုပ်ထွေးကြုံတွေ့ ငြီးငွေ့တော်မူသည်ဖြစ်၍သာလျှင်၊ **သုဓီ**= လမင်းသည်၊ **အဗ္ဘမဝဂတော ဣဝ**- အဗ္ဘတောင်စွယ် ပျောက်ကွယ်ဘိသကဲ့သို့ **အဝဂတော**= ဘဝတောင်စွယ် ပျောက်ကွယ်တော်မူခဲ့လေပြီ။

## ၁၃။ တဒါ ဟိ ဇာဂရတ္တေရော၊ ခေါတောအာရုညေ-ဝသံ။ အသဿုမျှ ဘိက္ခုသံဃော၊ သာသနမလ သောဓယိ။

**ဟိ**= သာသနာတွင်း သန့်ရှင်းစေလတ် အကြောင်းတရပ်ကား၊ **တဒါ**= ဓမ္မဝိနယ မည်ရတင့်ဆန်း အမိန့်တော်ပြန်တမ်းကို

ဆင့်ကမ်းပြီးရာ ထိုအခါ၌၊ **ဇာဂရတ္ထေရော**= ရှမ်းကလေးကျွန်း တပည့် စွမ်းရည်ရှိလှ 'ဇာဂရ'မည်တွင် ထေရ်အရှင်သည်၊ **ခေါတောအာရညကေ**= ခေါတောရွာနီး 'ကောင်းပင်ကုန်း' တောရကျောင်းတိုက်ကြီး၌၊ **ဝသံ**= နေထိုင်လျက်၊ **အဿဘူမျံ**= ရတနာသိခ မည်ရမသွေ မြင်းနယ်မြေ၌၊ **ဘိက္ခုသံဃေ**=ရဟန်း သံဃာအပေါင်း၌၊ **သာသနမလံ**= ဝိနည်းပြစ်ဘေး သာသနာ တော်၏ အညစ်အကြေးကို၊ **သောဓယိ**= သုတ်သင်ခဲ့လေပြီ။

**၁၄။ ယဒါ ရညာ သုမာပိတံ၊ ရတနာပုဏ္ဏသမ္မတံ။**
**သာသနံ ပဂ္ဂဏှိ ရာဇာ၊ နာညသာဓာရဏံ တဒါ။**

**ယဒါ**= အကြင်အခါ၌၊ **ရညာ**= မင်းတုန်းမည်တွင် ဘုရင်မင်းမြတ်သည်၊ **ရတနာပုဏ္ဏသမ္မတံ**= ရတနာပုံ ခေါ် ရွှေမြို့တော်ကို၊ **သုမာပိတံ**= နတ်မြို့အသွင် ရှုမြင်သပ်ရပ် ဖန်ဆင်းတည်ထောင် အပ်ခဲ့လေပြီ၊ **တဒါ**= ထိုအခါ၌၊ **ရာဇာ**= မင်းတုန်းမည်တွင် ဘုရင်မင်းမြတ်သည်၊ **သာသနံ**= ဗုဒ္ဓမြတ် စွာ သာသနာတော်ကို၊ **အနညာသာဓာရဏံ**= နှိုင်းကြည့် ဝေဘန် သူမတူတန်အောင်၊ **ပဂ္ဂဏှိ**- ချီးမြှောက်ခဲ့လေပြီ။

**၁၅။ တဒါ သော ဇာဂရတ္ထေရော၊ ရှိမ်းမကား ဣတိသမ္မတော။**
**အရညာဝါသေ ဝသိတွာ၊ ဇောတယိ ဇိနသာသနံ။**

**တဒါ**= ရတနာပုံနေပြည် တည်ထောင်ပြီးရာ ထိုအခါ၌၊ **သော ဇာဂရတ္ထေရော**= ဇာဂရမည်တွင် ထိုထေရ်အရှင်သည်၊

**ရှိမ်းမကား ဣတိသမ္ဘတေ**= 'ရှိမ်းမကား'ဟု သမုတ်ခေါ်အပ်မြို့အရပ်၌၊ **အရညာဝါသေ**= တောရကျောင်းတိုက်၌၊ **ဝသိတွာ**= သီတင်းသုံးနေထိုင်၍၊ **ဇိနသာသနံ**= ဘုရားမြတ်စွာသာသနာတော်ကို၊ **ဇောတယိ**= ထွန်းလင်းစေခဲ့ပြီ။

**၁၆။ ရဋ္ဌရူပသံဝစ္ဆရေ၊ သယံ ရာဇာ' ဘိမာနိတံ။**
**ဇာဂရာဘိဓာနတ္ထေရံ၊ ရာဇဓာနိံ နိမန္တယိ။**

**ရာဇာ**= မင်းတုန်းမည်တွင် ဘုရင်မင်းမြတ်သည်၊ **သယံ**= ကိုယ်တိုင်၊ **အဘိမာနိတံ**= လွန်စွာသိမှတ် မြတ်နိုးအပ်သော၊ **ဇာဂရာဘိဓာနတ္ထေရံ**= ဇာဂရမည်တွင် ထေရ်အရှင်ကို၊ **ရာဇဓာနိံ**= ရတနာပုံခေါ် ရွှေမြို့တော်သို့၊ **ရဋ္ဌရူပသံဝစ္ဆရေ**= ၁၂၂၂ ခုနှစ်၌၊ **နိမန္တယိ**= ပင့်လျှောက်ခဲ့လေပြီ။

**၁၇။ မန္တလာစလပဿမှိ၊ အာဝါသေဟိ ပရိက္ခတံ။**
**ဓမ္မိကံ နာမ အာရာမံ၊ ကာရာပေတွာန သာဓုကံ။**

**၁၈။ ရာဇာ ဇာဂရတ္ထေရဿ၊ နိယျာတေသိ' ဘိမာနိတော။**
**အရညာဝါသေ ဝသိတွာ၊ ဓမ္မကိစ္စာနိ ကာတဝေ။**

**မန္တလာစလပဿမှိ**= မန္တလေးတောင် ဂုဏ်ရောင်ထူးခြားမြောက်ဖက်နံပါးအရပ်၌၊ **အာဝါသေဟိ**= မြတောင်, မင်းကင်းထရံကာ, ရမည်းသင်းဟူ ရည်တူဝဲယာ လေးဖြာသမိုက် အရံ

တိုက်တို့ဖြင့်၊ **ပရိက္ခတံ**= ဂုဏ်ဝါတင့်လတ် ခြံရံအပ်သော၊ **ဓမ္မိကံ နာမ အာရာမံ**= မဟာဓမ္မိကာရာမ မည်ရသမိုက် ကျောင်းတော်တိုက်ကို၊ **သာဓုကံ**= ကောင်းစွာ၊ **ကာရာပေတွာန**= ဆောက်လုပ်စေပြီး၍၊ **အရညာဝါသေ**= လူသူမနီး တောရ ကျောင်းကြီး၌၊ **ဝသိတွာ**= သီတင်းသုံးနေထိုင်၍၊ **ဓမ္မကိစ္စာနိ**= ဂန္ထ, ဝိပဿနာ နှစ်ဖြာပြုရ ဓမ္မကိစ္စတို့ကို၊ **ကာတဝေ**= ပြုလုပ်ခြင်းငှာ၊ **ရာဇာ**= မင်းတုန်းမည်တွင် ဘုရင်မင်းမြတ်သည်၊ **အဘိမာနိတော**= အလွန်မြတ်နိုးအပ်သည်ဖြစ်၍၊ **ဇာဂရတ္ထေရဿ**= ဇာဂရမည်တွင် ထေရ်အရှင်အား၊ **နိယျာတေသိ**= ရိုသေဝပ်စင်း အပ်နှင်းခဲ့လေပြီ။

## ၁၉။ သုဓမ္မာယ စ သာလာယ၊ ဝါသံ မာဝေနိ ကာတဝေ။ ဂဏာဝိမုတ္တဘာဝေန၊ ရာဇာ တံ မဘိပူဇယိ။

**စ**= သည်မှုသာမကသေး၊ **သုဓမ္မာယ သာလာယ**= သုဓမ္မာရုံးတော်မှ၊ **အာဝေနိ**= မဆက်မစပ် လွတ်လပ်ကင်းကွာ သီးခြားသာလျှင်၊ **ဝါသံ**= ချမ်းသာသက်ဆုံး ကျင့်သုံးနေထိုင်ခြင်းကို၊ **ကာတဝေ**= ပြုခြင်းငှါ၊ **ရာဇာ**= မင်းတုန်းမည်တွင် ဘုရင်မင်းမြတ်သည်၊ **တံ**= ဇာဂရမည်တွင် ထိုထေရ်အရှင်ကို၊ **ဂဏာဝိမုတ္တဘာဝေန**= ဂဏဝိမုတ်အဖြစ်ဖြင့်၊ **အဘိပူဇယိ**= လေးမြတ်တူပျော် ပူဇော်ခဲ့လေပြီ။

**၂၀။ ဇာဂရာဘိဓာနတ္ထေရော၊ ဇာတိနာမေန ဝိဿုတော။**
**ဝိနေသိ ဝိနယေ သိဿ- ဂဏံ သော ဒဠှမတ္တနော။**

**ဇာတိနာမေန**= ဇာတိရွာတွင် ရွေကျင်ဟူသော အမည်အားဖြင့်၊ **ဝိဿုတော**= ထင်ပေါ်ကျော်ကြား အသိများသော၊ **သော ဇာဂရာဘိဓာနတ္ထေရော**= ဇာဂရမည်တွင် ထိုထေရ်အရှင်သည်၊ **အတ္တနော**= မိမိ၏၊ **သိဿဂဏံ**= ဝဲယာ ခညောင်းတပည့်အပေါင်းကို၊ **ဝိနယေ**= ကိုယ်နှုတ်သိပ်သည်း ကျင့်ဝိနည်း၌၊ **ဒဠှံ**=မြဲမြံစွာ၊ **ဝိနေသိ**= ကျနပဲ့ပြင် သွန်သင်ခဲ့လေပြီ။

**၂၁။ ဝိနယော သာသနဿာယု၊ အတော ရက္ခာမ သံဝရံ။**
**ဂရုံကစ္စ ယထာဓမ္မံ၊ စရာမ သာသနေ မယံ။**

**ဝိနယော**= ဗုဒ္ဓဟောဖေါ် ဝိနည်းတရားတော်သည်၊ **သာသနဿ**= သာသနာတော်သုံးရပ်၏၊ **အာယု**= အသက်ပါပေတည်း။ **အတော**= ထို့ကြောင့်၊ **မယံ**= ငါတို့သည်၊ **သံဝရံ**= စောင့်စည်းအပ်စွ သံဝရသီလကို၊ **ရက္ခာမ**=စောင့်ထိန်းကြပါကုန်စို့၊ **သာသနေ**= ဗုဒ္ဓမြတ်စွာ သာသနာ၌၊ **ဂရုံကစ္စ**= အရေးတခု အလေးပြုကြကုန်၍၊ **ယထာဓမ္မံ**= ဘုရားဟောဖေါ် တရားတော်အတိုင်း၊ **စရာမ**= ကျင့်ကြပါကုန်စို့။

**၂၂။ ပါတိမောက္ခံ ဝိသောဓေန္တော၊ ဇဟေယျာမပိ ဇီဝိတံ။**
**ပညတ္တံ လောကနာထေန၊ န ဘိန္ဒိဿာမ သံဝရံ။**

**ပါတိမောက္ခံ**= စောင့်သူမှန်သမျှ ပါယ်မကျအောင်ကယ်မ, တတ်ဘိ ပါတိမောက်ခေါ် သိက္ခာပုဒ်သီလတော်ကို၊

**ဝိသောဓေန္တာ**= အပြစ်ကင်းစင် သုတ်သင်လိုငြား တို့အများသည်၊ **ဇီဝိတံ**= အသက်ကို၊ **ဇဟေယျာမပိ**= သီလပျက်ရေး ကြံတွေးမငဲ့ စွန့်ကြရစေကာမူ၊ **လောကနာထေန**= လောကရှေ့ဆောင် ထွဋ်မှုဘုန်းခေါ်သည့်၊ **ပညတ္တံ**= အမိန့်တော်ချမှတ်ပညတ်အပ်သော၊ **သံဝရံ**= စောင့်စည်းအပ်စွ မြတ်သီလကို၊ **န ဘိန္ဒိသာမ**= ဖေါက်ဖျက်သမှု မပြုရှောင်ရှား လေးစားကြပါကုန်စို့။

**၂၃။ ဝိနယမှိ ဂရုံကစ္စ၊ ပဋိပန္နော သုစီဝရော။**
**သီသေပိ တထာ ကာရေသိ၊ ဂဋ္ဌန္တော ကာထမိဒိသံ။**

**သုစီဝရော**= တင့်တယ်လှဘိ ပညာရှိတွင် ထေရ်အရှင်သည်၊ **ဤဒိသံ ကထံ**= ဤသို့ဖေါ်ကြား ရဲရင့်သောစကားကို၊ **ဂဋ္ဌန္တော**= ကြုံးဝါးမိန့်ဆိုလျက်၊ **ဝိနယမှိ**= ကိုယ်နှုတ်စောင့်စည်းမြတ်ဝိနည်း၌၊ **ဂရုံကစ္စ**- အရေးတခု အလေးပြု၍၊ **ပဋိပန္နော**= သဒ္ဓါရွှင်ပြုံး ကျင့်သုံးတော်မူပြီ၊ **သီသေပိ**= ဆုံးမနာကြားတပည့်များတို့ကိုလည်း၊ **တထာ ကာရေသိ**= မိမိနည်းတူ ကျင့်မှုပုံသေ ကျင့်သုံးစေခဲ့လေပြီ။

**၂၄။ သုဒ္ဓေ ဒိဝမှိ ပုဏ္ဏိန္ဒု၊ ဘဂ္ဂဏောဟိ ပရိဝုတော။**
**ဝိရောစတီဝ သဒ္ဓမ္မေ၊ ဒွေကျင်ထေရော ဝိရောစတိ။**

**ပုဏ္ဏိန္ဒု**= ငွေရောင်တင့်ရွှန်း လပြည့်ဝန်းသည်၊ **သုဒ္ဓေ ဒိဝမှိ**= ညစ်ကြေးကင်းစင် ထက်ကောင်းကင်၌၊ **ဘဂ္ဂဏောဟိ**-

သင်္ချိုထောင်သောင်း ကြယ်တာရာအပေါင်း တို့သည်၊ **ပရိဝုတော**= ဝန်းကျင်ရံပတ် ခြံရံအပ်သည်ဖြစ်၍၊ **ဝိရောစတိဝ**- ထူးခြား ဝင့်ထယ် တင့်တယ်လေဘိသကဲ့သို့၊ **သဒ္ဓမ္မေ**= သဒ္ဓမ္မသုံးဖြာ သာသနာ၌၊ **ရွှေကျင်ထေရော**= ရွှေကျင်မည်ခေါ် မြတ်ထေရ်မော်သည်၊ **ဝိရောစတိ**= တပည့်အပေါင်း ခညောင်းရံကာ တင့်တယ်ပါပေသတည်း။

**၂၅။ ရွှေကျင်ထေရသိဿဂဏော၊ ဒန္တော ဝိနီတမာဂတော။**
**သမ္ပန္နော ပါသာဒိကေန၊ အတီဝ ဒဿနာရဟော။**

**ရွှေကျင်ထေရသိဿဂဏော**= ရွှေကျင်ဆရာ ထေရ်မဟာနှင့် များစွာသောင်းသောင်း တပည့်အပေါင်းတို့သည်၊ **ဒန္တော**= စိတ်နေပျံ့မွေး လွန်ယဉ်ကျေးသည်၊ **ဝိနီတမာဂတော**= ဣန္ဒြေမချွတ် ပိပြားသေဝပ်သည်၊ **ပါသာဒိကေန**- မြင်သူအထူး ကြည်နူးစေကြောင်း အသွင်အပြင်ကောင်းနှင့်၊ **သမ္ပန္နော**= ပြည့်စုံသည်၊ **ဟုတွာ**= ဖြစ်၍၊ **အတီဝ ဒဿနာရဟော**= လွန်စွာဦးခိုက် ဖူးမြော်ခြင်းငှါ ထိုက်ပါပေသတည်း။

**၂၆။ မနောဘာဝနီယံ သံဃံ၊ ရွှေကျင်နိကာယသမ္မတံ။**
**သာဓုဇနာ ဂရုံကစ္စ ၊ ပဿိံသု သန္တမာနသာ။**

**ရွှေကျင်နိကာယသမ္မတံ**= ရွှေကျင်နိကာယဟု သိမှတ်အပ်သော၊ **မနောဘာဝနီယံ**= သဒ္ဓါယိုဖိတ် ကုသိုလ်စိတ်အား

တိုးပွားစေနိုင်သော၊ **သံဃံ**= သံဃာတော်ကို၊ **သန္တမာနသာ**= ဣဿာကင်းစင် သူတော်စိတ်ဝင်ကြကုန်သော၊ **သာဓုဇနာ**= ကိုယ်နှုတ်စိတ်ကောင်း သူတော်စင်အပေါင်းတို့သည်၊ **ဂရုံ ကစွ**= လက်အုပ်တင်ဆက် အလေးအနက်ပြုကြကုန်၍၊ **ပဿိံသု**= ကြည်နူးပျော်ရွှင် ဖူးမြင်ခဲ့ကြလေကုန်ပြီ။

### ၂၇။ ရူပံဝ ပါကဋံ စိတ္တ-ပဋမှိ ဒဿနာရဟံ။ ဒဿနီယော သာသနမှိ၊ ရွှေကျင်ဂဏော သုပါကဋော။

**စိတ္တပဋမှိ**= ဆန်းကြယ်သပ်ရပ် ပန်းချီကားချပ်၌၊ **ရူပံ**= ဆေးစပ်ပိုင်ပိုင် စုတ်နိုင်နိုင်ဖြင့် ယှဉ်ပြိုင်အားခဲ ရေးဆွဲအပ်ရာ ရုပ်ပုံလွှာသည်၊ **ဒဿနာရဟံ**= မြင်ရသူနှစ်ခြိုက် ပြသထိုက်သည်ဖြစ်၍၊ **ပါကဋံ ဣဝ**= တိုင်းသိပြည်ကျော် ထင်ပေါ်လေဘိ သကဲ့သို့၊ **သာသနမှိ**- ကားချပ်ပမာသာသနာ၌၊ **ရွှေကျင် ဂဏော**= ရုပ်လွှာတူနိုင်း ရွှေကျင်ဂိုဏ်းသည်၊ **ဒဿနီယော**= မြင်သူနှစ်ခြိုက် ပြသထိုက်သည်ဖြစ်၍၊ **သုပါကဋော**= အစဉ်အားဖြင့် ထင်ရှားပါပေသတည်း။

## ၁။ ရွှေကျင်ဆရာတော်

**၂၈။ ရွှေကျင်နိကာယသတ္ထာရံ ရွှေကျင်နိကာယမာပကံ။**
**ဝိဘာဝိသေခရံ ဝီရံ၊ ဝန္ဒာမိ ဂဏနာယကံ။**

**ရွှေကျင်နိကာယမာပကံ**= ဂိုဏ်းမြစ်ရွှေကျင် စတင်ဦးဆောင် တည်ထောင်တော်မူသော၊ **ဝိဘာဝိသေခရံ**= ပညာရှိထိပ်တန်း ဦးဆောက်ပန်း ဖြစ်တော်မူသော၊ **ဝီရံ**= ရဲစွမ်းသတ္တိ လုံ့လရှိတော်မူသော၊ **ဂဏနာယကံ**= ဂိုဏ်းမြစ်တည်ထောင် ရှေ့ဆောင်ဖြစ်တော်မူသော၊ **ရွှေကျင်နိကာယသတ္ထာရံ**= ရွှေကျင်နိကာယ် ဂိုဏ်းဝယ်ဦးစီး ရွှေကျင်ဆရာတော်ဘုရားကြီးကို၊ **ဝန္ဒာမိ**= ရှိခိုးပါ၏။

**၂၉။ မရမ္မပရိမေ ဒေသေ၊**
**အမရပူရသမ္ဘဝေ။**
**ဆတ္တမုဿာပယိ ဘူပေါ၊**
**'ဘကြီးတော်' ဣတိ ဝိဿုတော။**

**မရမ္မပရိမေ ဒေသေ**= မြန်မာနိုင်ငံတော် အထက်ပိုင်းအရပ်၌၊ **အမရပူရသမ္ဘဝေ**= အမရပူရနေပြည်တော်၌၊ **ဘကြီးတော်ဣတိ ဝိဿုတော**= 'ဘကြီးတော်မင်းတရား'ဟု ထင်ရှားသော၊ **ဘူပေါ**= ပြည့်ရှင်မင်းသည်၊ **ဆတ္တမုဿာပယိ**= ထီးဖြူစိုက်ထူ စိုးစံတော်မူလေပြီ။

၃၀။ တဒါ ဟိ ဇာဂရတ္တေရော၊
ရတနာသိခသမ္ဘတော။
ရွှေကျင်တိ ဝိဿုတေ ဂါမေ၊
'လှုတောကြီး' ပဠကောဂတော။

၃၁။ ဉူးဖိုးမောင် ဒေါ် မိသညာဟိ၊
မာတူဟိ သုဇာတောသုမိ။
ဇနယန္တော မဟောဘာသံ၊
ဟာသယန္တော သမာတရံ။

**ဟိ**= ဆက်၍ ပြဆိုပါဦးအံ့၊ **တဒါ**= ဘကြီးတော်မင်း အာဏာလင်းရာ ထိုအခါ၌၊ **သုမိ**= ပညာရှိဖြစ်တော်မူသော၊ **ဇာဂရတ္တေရော**= ဇာဂရမည်တွင် ထေရ်အရှင်သည်၊ **ရတနာသိခသမ္ဘတော**= ရတနာဉူးစွန်း တည်ထွန်းသတ်မှတ် ရတနာသိခမြေအရပ်၌၊ **လှုတောကြီးပဠကော ဂတော**= 'လှုတောကြီး' ငါးရွာတွင် အပါအဝင်ဖြစ်သော၊ **ရွှေကျင်တိဝိဿုတေ**= 'ရွှေကျင်'ဟူ၍ ထင်ရှားကျော်စောသော၊ **ဂါမေ**= ရွာ၌၊ **ဉူးဖိုးမောင်+ဒေါ်မိသညာဟိ**= ဉူးဖိုးမောင်+ဒေါ်မိ အမည်ရှိကုန်သော၊ **မာတာပိတူဟိ**-မေတ္တာကြီးမား မိဘနှစ်ပါးတို့မှ၊ **မဟောဘာသံ**= ကြီးမားထွန်းပြောင် အလင်းရောင်ကို၊ **ဇနိယန္တော**= ဖြစ်စေလျက်၊ **သမာတရံ**- ကျန်းမာရွှင်ပျော် မိမိ၏ မယ်တော်ကို၊ **ဟာသယန္တော**= ရွှင်ပျစေလျက်၊ **သုဇာတော**= ဖွားမြင်တော်မူခဲ့လေသတည်း။

**၃၂။ ဘဒ္ဒကပ္ပသံဝစ္ဆရေ မရမ္မေဟိ သုသင်္ကေတိတေ။**
**အာသဠှိသုက္ကပက္ခမှိ၊ ဇာယိ တေရသမေ ဒိနေ။**

**မရမ္မေဟိ**= စွမ်းရည်ပြည့်ဖြိုး မြန်မာလူမျိုးတို့သည်၊ **သုသင်္ကေတိတေ**= ထူးခြားသတ်မှတ် အသုံးပြုအပ်သော၊ **ဘဒ္ဒကပ္ပသံဝစ္ဆရေ**= ၁၁၈၄ ခုနှစ်၌၊ **အာသဠှိသုက္ကပက္ခမှိ**= ရောင်ဝါတင့်လျှမ်း ဝါဆိုလဆန်း၌၊ **တေရသမေ ဒိနေ**= လရောင်ဖြိုးလက် တစ်ဆယ့်သုံးရက်နေ့၌၊ **ဇာယိ**= မီးရှူး သန့်စင် ဖွါးမြင်တော်မူလေပြီ။

**၃၃။ ရွှေကျောင်ဂါမေ မဟာဗောဓိ-ဝိဟာရသာမိနော သုဓီ။**
**သန္တိကေ သိပ္ပမာဒါယ၊ သမ္ပတ္တော ဝိညုတံ အယံ။**

**အယံ သုဓီ**= ပညာရှိသူတော်ကောင်း ဤဆရာတော် လောင်းသည်၊ **ရွှေကျောင်ဂါမေ**= ရွှေကျောင်ရွာ၌၊ **မဟာဗောဓိ ဝိဟာရသာမိနော**= 'မဟာဗောဓိကျောင်း' ကိန်းအောင်း ပျော်ရွှင် ထေရ်အရှင်၏၊ **သန္တိကေ**= ထံတော်၌၊ **သိပ္ပံ**= ယဉ် ကျေးဖွယ်ရာ စာပေအတတ်ပညာကို၊ **အာဒါယ**= သင်ယူ၍၊ **ဝိညုတံ**= ပညာထွန်းသစ် သိကြားလိမ္မာသူ၏အဖြစ်သို့၊ **သမ္ပတ္တော**= ရောက်ခဲ့လေပြီ။

**၃၄။ စုဒ္ဒသဝဿိကေ သော၊ ပဗ္ဗဇ္ဇတ္တမုပါဂတော။**
**ဥပဇ္ဈာယံ ကရိတွာန၊ ဝရဗုဒ္ဓိ’ ဘိဓာနကံ။**

**သော**= ရွှေကျောင်ဆရာတော် တွင်ခေါ်စေကြောင်း ဤ ဆရာတော်လောင်းသည်၊ **စုဒ္ဒသဝဿိကေ**= ပျိုမြစ်နုနယ်

ဆယ့်လေးနှစ်အရွယ်၌၊ **ဝရဗုဒ္ဓိဘိဓာနကံ**= 'ဝရဗုဒ္ဓိ' မည်ရှိပေါ်လွင် ထေရ်အရှင်ကို၊ **ဥပဇ္ဈာယံ ကရိတွာန**= မိဘသဖွယ် ဥပဇ္ဈာယ်ဟု ဆရာပြု၍၊ **ပဗ္ဗဇ္ဇတ္တံ**= ဂုဏ်ရောင်ထွန်းသစ် ရှင်သာမဏေ၏အဖြစ်သို့၊ **ဥပါဂတော**= ရောက်ခဲ့လေပြီ။

**၃၅။ ဝရဗုဒ္ဓိမဟာထေရော၊ သီဃဿ ဓမ္မကာမိနော။**
**ဇာဂရတ္တမုပါဒါယ၊ ဇာဂရောတိ မတ္တာယိ တံ။**

**ဝရဗုဒ္ဓိမဟာထေရော**= ဝရဗုဒ္ဓိ မည်ရှိတွင်ခေါ် မြတ်ထေရ်မော်သည်၊ **ဓမ္မကာမိနော**= သူတော်တရား လေးစားရိုကျိုး လွန်မြတ်နိုးသော၊ **သီဃဿ**= တပည့်၏၊ **ဇာဂရတ္တံ**= ထူးခြားရှင်ကြည် နိုးကြားမှုဂုဏ်ရည်ကို၊ **ဥပါဒါယ**= အစွဲပြု၍၊ **တံ**= ထိုတပည့်ကို၊ **ဇာဂရောတိ**= နိုးကြားတက်ကြွ 'ရှင်ဇာဂရ' ဟူ၍၊ **အတ္တာယိ**= မှည့်ခေါ်လေပြီ။

**၃၆။ ဇာဂရိယမနုယုတ္တော၊ ဇာဂရော သုတကာမိကော။**
**သီးလုံးထေရမုပဂမ္မ၊ ဗုဒ္ဓဝစနမုဂ္ဂဏှိ။**

**ဇာဂရိယံ**= မောဟကင်းကွာ နိုးကြားမှုအရာ၌၊ **အနုယုတ္တော**= မပြတ်ကြိုးကုတ် အားထုတ်သော၊ **ဇာဂရော**= 'ဇာဂရ' မည်တွင် သာမဏေရှင်သည်၊ **သုတကာမိကော**= နာယူမှတ်သား ဗဟုသုတကိုလိုလားသည်ဖြစ်၍၊ **သီးလုံးထေရံ**= နေပြည်တိုင်းကျော် သီးလုံးဆရာတော်ကို၊ **ဥပဂမ္မ**= ချဉ်းကပ်ပြီး၍၊ **ဗုဒ္ဓဝစနံ**= စာပေပရိယတ် ဘုရားစကားတော်မြတ်ကို၊ **ဥဂ္ဂဏှိ**= သင်ယူခဲ့လေပြီ။

**၃၇။ ဥပဋ္ဌာယံ ကရိတွာန၊ ဝရဗုဒ္ဓိ သုဓီဝရံ။**
**စေတိယသီမာယံ သော၊ သမ္ပတ္တော ဥပသမ္ပဒံ။**

**သော**= ဤရှင်ဇာဂရသည်၊ **ဝရဗုဒ္ဓိ**= ဝရဗုဒ္ဓိအမည်ရှိသော၊ **သုဓီဝရံ**= ပညာရှိတွင် ထေရ်အရှင်ကို၊ **ဥပဋ္ဌာယံ ကရိတွာန**= သွန်သင်သမှူ ဥပဇ္ဈာယ်ပြု၍၊ **စေတိယသီမာယံ**= ရေထွက်ရွာရှိ ဆုတောင်းပြည့်တွင် စေတီရှင်၏ ရင်ပြင်အနီး သိမ်တော်ကြီး၌၊ **ဥပသမ္ပဒံ**= မြင့်မြတ်စင်စစ် ရဟန်းအဖြစ်သို့၊ **သမ္ပတ္တော**= ကောင်းစွာမသွေ ရောက်ခဲ့လေသတည်း။

**၃၈။ အမရပုရံ ဂန္တွာန၊ ဂရုဝရာန သန္တိကေ။**
**သမုဂ္ဂဏှိ နာနာဂန္ထေ မဟုဿာဟေန သာဓိယေ။**

**သော**= 'ဇာဂရ'မည်တွင် ဤအရှင်သည်၊ **အမရပုရံ**= အမရပူရခေါ် နေပြည်တော်သို့၊ **ဂန္တွာန**= ကြွသွားပြီး၍၊ **ဂရုဝရာနံ**= အလေးပြုအပ် ကျေးဇူးရှင်ဆရာမြတ်တို့၏၊ **သန္တိကေ**= အထံ၌၊ **မဟုဿာဟေန**= လွန်ကဲပြင်းပြ ကြီးမားသော ဇွဲလုံ့လဖြင့်၊ **သာဓိယေ**= ပြီးစေထိုက်ကုန်သော၊ **နာနာဂန္ထေ**= သင်ကြားသင့်ရာ အမျိုးမျိုးသော ကျမ်းစာတို့ကို၊ **သမုဂ္ဂဏှိ**= ဇွဲမာန်လူလူ သင်ယူခဲ့လေပြီ။

**၃၉။ အမရပုရာ' ပက္ကမ္မ ၊ ဝသမာရညကေ သုဓီ။**
**အန္တေဝါသီန ဝါစေသိ၊ ပဋိပတ္တိမ္ပိ ပူရယိ။**

**သုဓီ**= ဉာဏ်ရည်ပြည့်ဝ အရှင်ဇာဂရသည်၊ **အမရပုရာ**= အမရပူရနေပြည်တော်မှ၊ **အပက္ကမ္မ**= ထွက်ခွါခဲ့ပြီး၍၊ **အာရ**

**ညကော**= မန်ကျည်းစဉ်, ခေါ်တော သဘောကျရာ ခါခါခို
အောင်း တောရကျောင်း၌၊ **ဝသံ**= နှစ်ခြိုက်ရှင်ပြုံး သီတင်းသုံး
လျက်၊ **အန္တေဝါသီနံ**= တပည့်တို့အား၊ **ဝါစေသိ**= ကျမ်းဂန်
အထွေထွေ ပို့ချခဲ့လေပြီ။ **ပဋိပတ္တိမ္ပိ**= ဝါသစုရ မည်ရသမုတ်
ပဋိပတ်အလုပ်ကိုလည်း၊ **ပူရယိ**= ဖြည့်ကျင့်ခဲ့လေပြီ။

**၄၀။ ယတိဝဿေန စုဒ္ဒသ- ဝဿိကော ဂဏနာယကော။**
**ဝိသောဓေသိ သာသန’ဿ- ဘူမျံ ရညာ’ ဘိယာစိတော။**

**ဂဏနာယကော**= တပည့်အပေါင်း ကောင်းအောင်
ရှေ့ဆောင် ဂုဏ်ရောင်ထွန်းပ ‘အရှင်ဇာဂရ’သည်၊ **ယတိ
ဝဿေန**= ရဟန်းနှစ်ကြာ သိက္ခာဝါအားဖြင့်၊ **စုဒ္ဒသဝဿိ
ကော**= တစ်ဆယ့်လေးဝါရှိသည်၊ **ဟုတွာ**= ဖြစ်လသော်၊ **ရညာ**=
မင်းတုန်းမည်တွင် ဘုရင်မင်းသည်၊ **အဘိယာစိတော**= ရိုသေ
လေးမြတ် တိုက်တွန်းတောင်းပန်အပ်သည် ဖြစ်၍၊ **အဿဘူ
မျံ**= ရတနာသီခ အမည်ရပေ မြင်းနယ်မြေ၌၊ **သာသနံ**=
သာသနာတော်ကို၊ **ဝိသောဓေသိ**= သုတ်သင်ခဲ့လေပြီ။

**၄၁။ ဧကူနဝီသဝဿိကော၊ ရတနာပုဏ္ဏ’ မာဂတော။**
**သဒ္ဓမ္မဇောတယတ္ထာယ၊ မင်းတုန်းရညာ နိမန္တိတော။**

**သော**= ‘ဇာဂရ’ မည်တွင် ထိုထေရ်အရှင်သည်၊ **ဧကူန
ဝီသ ဝဿိကော**= ရဟန်းသိက္ခာ ၁၉-ဝါ ရရှိသည်၊ **ဟုတွာ**=
ဖြစ်လသော်၊ **မင်းတုန်းရညာ**= မင်းတုန်းမည်တွင် ဘုရင်မင်း

မြတ်သည်၊ **နိမန္တိတော**= ပင့်လျှောက်အပ်သည်ဖြစ်၍၊ **သဒ္ဓမ္မ ဇောတ ယတ္ထာယ**= သာသနာ့ရောင် ထွန်းပြောင်စေရန် အကျိုးငှါ၊ **ရတနာပုဏ္ဏံ**= ရတနာပုံခေါ် နေပြည်တော်သို့၊ **အာဂတော**= ကြွရောက်တော်မူခဲ့လေပြီ။

**၄၂။ မန္တလာစလပဿမှိ၊ ဓမ္မိကာရာမသမ္ဘဝေ။**
**အာရညကေ ဝသန္တောဝ၊ ဝမ္မေသိ ဇိနသာသနံ။**

**သော**= 'ဇာဂရ' မည်တွင် ထိုထေရ်အရှင်သည်၊ **မန္တလာစလ ပဿမှိ**= မန္တလေးတောင်အောက် မြောက်ဖက်အနီး တော မြိုင်ကြီး၌၊ **ဓမ္မိကာရာမသမ္ဘဝေ**= မဟာဓမ္မိကာရာမဟု သမုတ်အပ်သော၊ **အာရညကေ**= လူသံတိတ်ဆိတ် အရိပ် ခိုအောင်း တောရကျောင်းတိုက်၌၊ **ဝသန္တောဝ**= နှစ်ခြိုက်ရွှင်ပြုံး သီတင်းသုံးလျက်သာလျှင်၊ **ဇိနသာသနံ**= ဗုဒ္ဓမြတ်စွာ သာသ နာကို၊ **ဝမ္မေသိ**= ကြီးပွားတိုးတက်စေခဲ့လေပြီ။

**၄၃။ ဂဏီသကဂုဏာဂန္ဓ၊ သမာကမ္ပိတမာနသာ။**
**ယတယော တမုပါသိံသု၊ အလီဝ ကေဇကာနနံ။**

**အလီ**= ဝတ်ရည်စုပ်သုံး ပျားပိတုံးတို့သည်၊ **ကေဇကာ နနံ**- ပေါလှုဝတ်ရည် ကြာတောဆီသို့၊ **ဥပါသင်္ကမ္မဝ**= ဝဲပျံစုပြုံ ချဉ်းကပ်ကြကုန်သကဲ့သို့၊ **ဂဏီသကဂုဏာဂန္ဓသမာကမ္ပိတ မာနသာ**= ဂိုဏ်းမြတ်ဦးဆောင် ဂုဏ်ရောင်ရနံ့ သင်းပျံ့ထုံဘိ ဆွဲဆောင်အပ်သော စိတ်ရှိကြကုန်သည်ဖြစ်၍၊ **ယတယော**=

တပည့်အပေါင်း ရဟန်းကောင်းတို့သည်၊ **တံ**= 'ဇာဂရ' မည်တွင် ထိုထေရ်အရှင်သို့ **ဥပါသိံသု**= စုပြုံလေးမြတ် ချဉ်းကပ်ခဲ့ကြလေကုန်ပြီ။

**၄၄။ ဆဗ္ဗိသဝဿကာလမှိ၊ မင်းတုန်းရညာ' ဘိယာစိတော။**
**ပါဟေတွာ ပဟိတပဏ္ဏော၊ သောဓယိ ဇိနသာသနံ။**

**သော**= အရှင်ဇာဂရ မြတ်လှထင်ပေါ် ထိုရွှေကျောင် ဆရာတော်သည်၊ **ဆဗ္ဗိသဝဿကာလမှိ**= ရဟန်းသိက္ခာ ဂုဏ်ဝါ တက်ဘိ ၂၆-ဝါ ရှိသောအခါ၌၊ **မင်းတုန်းရညာ**= မင်းတုန်း မည်တွင် ဘုရင်မင်းတရားသည်၊ **အဘိယာစိတော**= ရိုသေလေးမြတ် တိုက်တွန်းတောင်းပန်အပ်သည်ဖြစ်၍၊ **ပဟိတပဏ္ဏော**= 'ဝိနယဂရုဒီပနီ' စသည်တင့်ဆန်း ဆင့်ဆိုစာတန်းတို့ကို၊ **ပါဟေတွာ**= အလုံ့ဇန့်ကျိ ထို၍သတ်မှတ် နယ်အရပ်သို့ မပြတ်ပုံသေ ပေးပို့စေ၍၊ **ဇိနသာသနံ**= မြတ်ဘုရား၏ သာသနာတော်ကို၊ **သောဓယိ**= သုတ်သင်ခဲ့လေပြီ။

**၄၅။ ကျော့နတိံသဝဿမှိ၊ မင်းတုန်းရညာ' ဘိမာနိတံ။**
**လဒ္ဓမှိ နာမိဝါသေသိ၊ နိဿာယ' ပ္ပိစ္ဆတံ သုမိ။**

**သုမိ**= ဉာဏ်ရည်ကြီးမား ရွှေကျောင်ဆရာတော်ဘုရားကြီးသည်၊ **အပ္ပိစ္ဆတံ**= ထင်ပေါ်ကျော်ကြား မလိုလားသည့် ထူးခြားပြည့်စုံ အပ္ပိစ္ဆဂုဏ်ကို၊ **နိဿာယ**= အမှီပြု၍၊ **ဧကူနတိံ သဝဿမှိ**= ရဟန်းသိက္ခာ ဂုဏ်ဝါတက်ဘိ ၂၉ ဝါ ရှိသောအခါ၌၊

**မင်းတုန်းရညာ**= 'မင်းတုန်း' မည်တွင် ဘုရင်မင်းမြတ်သည်၊ **အဘိမာနိတံ**= လွန်စွာလေးမြတ် ပူဇော်ဆက်ကပ်အပ်သော၊ **လဉ္ဆမ္ပိ**= ရာဇဂုရု သွန်းထုခတ်နှိပ် ဘွဲ့တံဆိပ်တော်ကို သော်လည်း၊ **နာဓိဝါသေသိ**= လက်သင့်မခံ ပယ်လှန်တော်မူခဲ့လေပြီ။

**၄၆။ ပဥ္စတိံသဝဿကာလေ၊ လက်ာဒီပမတာရိ သော။**
**ဒါဌာဝရပူဇနာယ၊ ဘိန္နာနံ သမဂ္ဂါယ စ။**

**သော**= ဂိုဏ်းမြတ်ဦးစီး ထိုရွှေကျင်ဆရာတော်ဘုရားကြီးသည်၊ **ပဥ္စတိံသဝဿကာလေ**= ရဟန်းသိက္ခာ ၃၅- ဝါရှိသောအခါ၌၊ **ဒါဌာဝရံ**= မြတ်ဘုရား၏ ခတ်သားတွင်ခေါ် မြတ်စွယ်တော်ကို၊ **ပူဇနာယ**= ကြည်ညိုစိတ်သန် ပူဇော်ရန် အလို့ငှာရင်း၊ **ဘိန္နာနံ**= သီမာဝိဝါဒ ကွဲကြအယူ မတူကြာညောင်း သီဟိုဠ်ရဟန်းအပေါင်းတို့၏၊ **သမဂ္ဂါယ စ**= ညီညွတ်ရန် အလို့ငှာရင်း၊ **လက်ာဒီပံ**= လက်ာဒီပ မည်ရခေါ် ဆို ကျွန်းသီဟိုဠ်သို့၊ **အတာရိ**= သင်္ဘောလှေထူး သဒ္ဒါမြူးလျက် ဖြတ်ကူးတော်မူခဲ့လေပြီ။

**၄၇။ လက်ာသာသနဝိသုဒ္ဓိ- ကထာယ ဒီပိကံ ဂဏံ။**
**ဝိဘိန္နံ သမဂ္ဂံ ကစ္စ၊ ဝမ္မေသိ တမ္ပိ သာသနံ။**

**ဝိဘိန္နံ**=သိမ်အငြင်းပွား ကွဲပြား၍နေသော၊ **ဒီပိကံ ဂဏံ**= ကျွန်းနေကိန်းအောင်း သီဟိုဠ်ရဟန်းအပေါင်းကို၊ **လက်ာ**

**သာသနဝိသုဒ္ဓိကထာယ**= ကျွန်းမြတ်လင်္ကာ သာသနာ၏ လွန်စွာသန့်ရှင်း စိတ်ရင်းကြိုးပမ်း 'လင်္ကာသာသနဝိသုဒ္ဓိ' စာတမ်းဖြင့်၊ **သမဂ္ဂကာစ္စ**= ဖြေရှင်းသမှု ညီညွတ်အောင်ပြု၍၊ **တမှိ**= လင်္ကာခေါ်ဆို ကျွန်းသီဟိုဠ်၌၊ **သာသနံ**= သာသနာကို၊ **ဝမ္မေသိ**= ကြီးပွါးတိုးတက်စေခဲ့လေပြီ။

**၄၈။ ဝိဘာရူပသံဝစ္ဆရေ၊ သီပေါရညာ' ဘိယာစိတော။**
**သာသနကရဘာဝေန၊ သာသနမလံ သောဓယိ။**

**ဝိဘာရူပသံဝစ္ဆရေ**= ၁၂၄၄-ခုနှစ်၌၊ **သီပေါရညာ**= ကုန်းဘောင်နေဝန်း နောက်ဆုံးထွန်းပြောင်း သီပေါမင်းတရားသည်၊ **အဘိယာစိတော**= ရိုသေလေးမြတ် တောင်းပန်အပ်သည်ဖြစ်၍၊ **သာသနကရဘာဝေန**= သာသနာပြု သာသနာပိုင် ဘုန်းလှိုင်တေဇော် ဆရာတော်၏ အဖြစ်ဖြင့်၊ **သာသနမလံ**= သာသနာရန်ဘေး ညစ်အကြေးကို၊ **ဝိသောဓယိ**=သုတ်သင်တော်မူခဲ့လေပြီ။

**၄၉။ ဝိဘင္ဂ နဝ ဌာနာနိ၊**
**ပဟိတ္တိ ဂဏနာယကော။**
**သောဓေသိ သာသနံ ထေရော၊**
**တောင်တော်ထေရဒုတိယကော။**

**ထေရော**= ဂိုဏ်းမြတ်ဦးစီး ရွှေကျင်ဆရာတော်ဘုရားကြီးသည်၊ **တောင်တော်ထေရဒုတိယကော**= ဒုတိယသာသနာပိုင် ဘုန်းလှိုင်ကျော်မော် တောင်တော်ဆရာတည်းဟူသော

အဖော် ရှိသည်ဖြစ်၍၊ **နဝ ဌာနာနိ**= တနိုင်ငံလုံး သိမ်းကျုံး ဖော်ပြ ကိုးဌာနတို့ကို၊ **ဝိဘဇ္ဇ**= ခွဲဝေသတ်မှတ်ပြီး၍၊ **ဂဏနာယကေ**= အဖွဲ့ခေါင်းဆောင် ဂုဏ်ရောင်ထူးခြား သာသနာပြုဆရာတော်အများတို့ကို၊ **ပဟိဏိ**= စေလွှတ်တော်မူပြီ။ **သာသနံ**= ဗုဒ္ဓမြတ်စွာ သာသနာတော်ကို၊ **သောဓေသိ**= ညစ်ကြေးကင်းစင် သုတ်သင်တော်မူလေပြီ။

## ၅၀။ တဒါ ထေရော သီပေါရညာ၊ ပူဇိတံ ဂုရုလဥ္ဆကံ။ ပဟာယ ကေစာရာယ၊ မင်းကွန်းသေလမုပါဂမိ။

**ထေရော**= ဂိုဏ်းမြတ်ဦးစီး ရွှေကျင်ဆရာတော်ဘုရားကြီးသည်၊ **တဒါ**= ကိုးတိုင်းကိုးဌာန သာသနာပြုရာ ထိုအခါ၌၊ **သီပေါရညာ**= သီပေါမင်းသည်၊ **ပူဇိတံ**= ရိုသေလေးမြတ် ပူဇော်ဆက်ကပ်အပ်သော၊ **ဂုရုလဥ္ဆကံ**= ရာဇဂုရု သွန်းပြုခတ်နှိပ် ဘွဲ့တံဆိပ်ကို၊ **ပဟာယ**= အလျှူမခံ ပယ်လှန်တော်မူပြီး၍၊ **ကေစာရာယ**= တောရပ်ခိုမှီ ဧကစာရီကျင့်သုံးရန်အလို့ငှာ၊ **မင်းကွန်းသေလံ**= ရောနဒီ ကမ်းဆီထိပ်မိုး မင်းကွန်းတောင်ရိုးသို့၊ **ဥပါဂမိ**= ကြွရောက်တော်မူခဲ့လေပြီ။

## ၅၁။ မဏိရူပသံဝစ္ဆရေ၊ ထေရော ဖဂ္ဂုနမာသိကေ။ ကာလာပက္ခေ သတ္တမိယံ၊ စန္ဒောဝ’ တ္ထမဝဂတော။

**ထေရော**= ဘုန်းရောင်ထိန်ငြီး ရွှေကျင်ဆရာတော်ဘုရားကြီးသည်၊ **မဏိရူပသံဝစ္ဆရေ**= ၁၂၅၅ခုနှစ်၌၊ **ဖဂ္ဂုန မာသိ

**ကေ**= ရွက်ဟောင်းကြွေပြောင်း လတပေါင်း၌၊ **ကဏှပက္ခေ**= လဆုတ်ပက္ခဖြစ်သော၊ **သတ္တမမှိ**= ၇ ရက်နေ့၌၊ **စန္ဒော**= ရောင်ဝါတင့်ထွန်း လပြည့်ဝန်းသည်၊ **အတ္ထမဝဂတော ဣဝ**= အတ္ထတောင်စွယ် ပျောက်ကွယ်လေသကဲ့သို့၊ **အတ္ထမဝ ဂတော**= တစ်ဘဝ နာမ်ရုပ် ထိန်းအုပ်မနေ ချုပ်ငြိမ်းခြင်းသို့ ရောက်တော်မူခဲ့လေသတည်း။

## ၂။ ဝိသုဒ္ဓါရုံဆရာတော်

**၅၂။ အစ္စယေ ရွှေကျောင်ဂုရုမှိ၊ တံသိဿာ ဂဏဇေဋ္ဌကာ။**
**ဂဏုက္ကဋ္ဌမုစ္စိနိံသု၊ ဝိသုဒ္ဓါရာမိကံ သုဓိံ။**

**ရွှေကျောင်ဂုရုမှိ**= ဂိုဏ်းမြတ်ဦးစီး ရွှေကျောင်ဆရာတော် ဘုရားကြီးသည်၊ **အစ္စယေ**= တဘဝမွှန် လွန်တော်မူသည် ရှိသော်၊ **တံသိဿာ**= လက်ထက်တော်ပွါး တပည့်သား ဖြစ်ကြကုန်သော၊ **ဂဏဇေဋ္ဌကာ**= ရွှေကျောင်ဂိုဏ်းဝယ် တင့်တယ် ရည်ထူး ကြီးမှူးထင်ပေါ် ဆရာတော်တို့သည်၊ **သုဓိံ**= ထွင်း ဖောက်ဇေကန် ပညာဉာဏ်ရှိတော်မူသော၊ **ဝိသုဒ္ဓါရာမိကံ**= ဘုန်းရောင်, ကံရောင် ဉာဏ်ရောင်ထိန်ငြီး ဝိသုဒ္ဓါရုံ ဆရာ တော်ဘုရားကြီးကို၊ **ဂဏုက္ကဋ္ဌံ**= ကြီးမှူးစင်စစ် ဂိုဏ်းဥက္ကဋ္ဌ အဖြစ်သို့၊ **ဉစ္စိနိံသု**=စိတ်တူ ကိုယ်တူ ကြည်ဖြူရွေးကောက် တင်မြှောက်ခဲ့ကြလေကုန်ပြီ။

**၅၃။ ပိဋကေ ဂန္ထန္တရေ စ၊ ထေရော ဗျတ္တတရော ဝိဒူ။**
**ပဝရော ဂန္ထကာရာနံ၊ ဝိဘာဝိသောခရော အဟု။**

**ထေရော**= ဝိသုဒ္ဓါရုံ လွှမ်းခြုံကျော်ကြား ဆရာတော်ဘုရားသည်၊ **ပိဋကေ စ**= ဘုရားဟောဖေါ် ပိဋကတော်၌ လည်းကောင်း၊ **ဂန္ထန္တရေ စ**= မာဂဓ သက္ကတ မည်ရဆန်းပြား ကျမ်းတပါး၌လည်းကောင်း၊ **ဗျတ္တတရော**= ထူးခြားသိမြင် ကျွမ်းကျင်တော်မူသော၊ **ဝိဒူ**= ရာရာနှံ့စပ် သိတတ်လေဘိ ဉာဏ်ထူးရှိသည်၊ **ဂန္ထကာရာနံ**= ကျမ်းပြုထိုထို များပုဂ္ဂိုလ်တို့တွင်၊ **ပဝရော**= သာလွန်ကောင်းမြတ်သည်၊ **ဝိဘာဝိသောခရော**= ထိုခေတ်ပေါ် ထင် ပညာရှင်တို့ နှိုင်းယှဉ်ဆင့်တန်း ဦးဆောက်ပန်းသည်၊ **အဟု**= ဖြစ်တော်မူခဲ့လေပြီ။

**၅၄။ ထေရော ဗာဝီသ ဝဿာနိ၊ ဂဏာဓိကွော မုရာဝဟော။**
**အဋ္ဌသတ္တတိဝဿမှိ၊ ကိတ္တိယေဝါ’ ဝသေသကော။**

**ထေရော**= ဂိုဏ်းမြတ်ဦးစီး ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည်၊ **ဗာဝီသ ဝဿာနိ**= ရှည်ကြာတွက်စစ် ၂၂-နှစ်တို့ကာလပတ်လုံး၊ **ဂဏာဓိကွော**= ရွှေကျင်နိကာယဥက္ကဋ္ဌမဟာနာယက ဓမ္မသေနာပတိ သမ္မုတိသံဃရာဇာ ကျော်ညာထင်ပေါ် ဒုတိယရွှေကျင် သာသနာပိုင်ဆရာတော်သည်၊ **ဟုတွာ**= ဖြစ်တော်မူ၍၊ **မုရာဝဟော**= နိကာယတာဝန် ကျေပွန်စဉ်ဆက် ဆောင်ရွက်တော်မူပါပေ၏၊ **အဋ္ဌသတ္တတိဝဿမှိ**=

ဘုန်းရောင်တင့်တယ် ၇၈ နှစ်အရွယ်၌၊ **ကိတ္တိယေဝ**= ဝိသုဒ္ဓါ ရုံဆရာတော် ထင်ပေါ်သတင်း ကျော်စောခြင်းသည်သာလျှင်၊ **အဝသေသကော**= အမှန်စင်စစ် ကြွင်းကျန်ရစ်ခဲ့ လေပြီတကား။

## ၃။ ကျိုက္ကစံဆရာတော်နှင့် ဒီပဲရင်းဆရာတော်

**၅၅။ ဝိသုဒ္ဓါရာမာဓိပမှိ၊ အစ္စယေ ဂဏာဓေဋ္ဌကာ။**
**ဒီပဲရင်း ကျိုက္ကစံထေရာ၊ ဂဏုက္ကဋ္ဌမုရာဝဟာ။**

**ဝိသုဒ္ဓါရာမာဓိပမှိ**= ဝိသုဒ္ဓါရုံ ဘုန်းဂုဏ်ထိန်ပြီး ဆရာ တော်ဘုရားကြီးသည်၊ **အစ္စယေ**= တဘဝမွန် လွန်တော်မူခဲ့ သည်ရှိသော်၊ **ဂဏာဓေဋ္ဌကာ**= ရွှေကျင်ဂုဏ်ရောင် ထွန်းပြောင် အားခဲ အကြီးအကဲဖြစ်တော်မူကြကုန်သော၊ **ဒီပဲရင်း ကျိုက္ကစံထေရာ**= 'ဒီပဲရင်းဆရာတော်' 'ကျိုက္ကစံဆရာတော်' ထင်ပေါ်ကျော်ကြား ထေရ်မြတ်နှစ်ပါးတို့သည်၊ **ဂဏုက္ကဋ္ဌမုရာဝဟာ**= ရွှေကျင်နိကာယဉက္ကဋ္ဌ မဟာနာယက သမ္မုတိ သံဃရာဇာ တတိယရွှေကျင်သာသနာပိုင် ပြိုင်ဆိုင်ညီမျှ ဆောင်ရွက်တော်မူကြပါပေကုန်၏။

**၅၆။ တေသံ ဟိ ကျိုက္ကစံထေရော၊ ပိဋကတ္တယပါရဂူ။**
**ဂန္ထကာရော ဓမ္မကာမော၊ ပရိသတိ ဝိသာရဒေါ။**

**ဟိ**= လနေအလား ထေရ်နှစ်ပါး၏ ထူးခြားဂုဏ်ကို ထုတ်၍ဆိုအံ့၊ **တေသံ**= ဒီပဲရင်း,ကျိုက္ကစံ ဘုန်းလျှံတောက်ကြွား

ထေရ်မြတ်နှစ်ပါးတို့တွင်၊ **ကျိုက္ကစံထေရော**= ကျိုက္ကစံကျောင်းတိုက် နှစ်ခြိုက်ရွှင်ပျော် ကျိုက္ကစံဆရာတော်သည်၊ **ပိဋကတ္တယ ပါရဂေါ**= ပိဋကတ်သုံးပုံ ကျမ်းစုံတက်လှမ်း တဖက်ကမ်းရောက် တတ်မြောက်တော်မူသည်ဖြစ်၍၊ **ဓမ္မကာမော**= ဗုဒ္ဓဟောကြား မြတ်တရားကို လေးစားရိုကျိုး မြတ်နိုးတော်မူပါပေ၏။ **ပရိသတိ**= ရဟန်းရှင်လူ သွင်မူများလတ် ပရိသတ်၌၊ **ဝိသာရဒေါ**= ကြောက်ရွံ့ခြင်းကင်း ရဲတင်းတော်မူပါပေ၏။

**၅၇။ ထေရော သော ကေဝသံဝ၊ ဂဏုက္ကဋ္ဌမုရာဝဟော။**
**ဆသဋ္ဌိဝဿဝယမှိ၊ ကိတ္တိယေဝါ’ ဝသေသကော။**

**သော ထေရော**= ဂိုဏ်းမြတ်ဦးစီး ထိုကျိုက္ကစံဆရာတော် ဘုရားကြီးသည်၊ **ကေဝသံဝ**= သချာဖေါ်ပြ တနှစ်တာ ကာလမျှသာလျှင်၊ **ဂဏုက္ကဋ္ဌမုရာဝဟော**= ရွှေကျင်နိကာယ ဥက္ကဋ္ဌတာဝန် အားသွန်နှောင်ဆက် ဆောင်ရွက်တော်မူလျက်၊ **ဆသဋ္ဌိဝဿဝယမှိ**= ဘုန်းရောင်တင့်တယ် ၆၆နှစ်အရွယ်၌၊ **ကိတ္တိယေဝ**= ကျိုက္ကစံဆရာတော် ထင်ပေါ်သတင်း ကျော်စောခြင်းသည်သာလျှင်၊ **အဝသေသကော**= မယွင်းအမှန် ကြွင်းကျန်ခဲ့ပါပေသတည်း။

**၅၈။ ဒီပဲရင်းဝှမဟာထေရော၊ သုမီ ဂမ္ဘီရဉာဏိကော။**
**သောခရော စိတြဘာဏီနံ၊ ပရမတ္ထဝိသာရဒေါ။**

**သုမီ**= သွက်လက်လျှင်မြန် အမြင်သန်ဘိ ဉာဏ်ရည် ရှိတော်မူသော၊ **ဒီပဲရင်းဝှမဟာထေရော**= ဒီပဲရင်းဟု ဌာန်

ရင်းမည်ကျော် မထေရ်မော်သည်၊ **ဂမ္ဘီရဉာဏဂေါစရော**= နက်နဲ မြင်ဘိ ဉာဏ်စွမ်းရှိတော်မူပါပေ၏၊ **စိတြဘာဏိနံ**= ချိုသာ ဆန်းပြား မြတ်တရားကို ဟောကြားတတ်ဆို များပုဂ္ဂိုလ်တို့တွင်၊ **သေခရော**= နှိုင်းယှဉ်ထက်တန်း ဦးဆောက်ပန်း ဖြစ်တော်မူပါ ပေ၏၊ **ပရမတ္ထဝိသာရဒေါ**= ပရမတ္ထအရာ လိမ္မာဉာဏ်ကွန့် ရဲဝံ့တော်မူပါပေ၏။

## ၄၉။ ဝါစယံ ဒေသယံ ဓမ္မ- သဘာဝမတိဒုဒ္ဒသံ။ ဂန္ထေပိ ရစယံ ထေရော၊ ဝဍ္ဎေသိ ဇိနသာသနံ။

**ထေရော**= ပညာရည်စွမ်း တင့်လွှမ်းထင်ပေါ် ဒီပဲရင်း ဆရာတော်သည်၊ **အတိဒုဒ္ဒသံ**= လွန်စွာနက်နဲ မြင်နိုင်ခဲသော၊ **ဓမ္မသဘာဝံ**= ပရမတ်စစ် အနှစ်တည်ငြား သဘာဝတရားကို၊ **ဝါစယံ**= တပည့်အများ သင်ကြားပို့ချလျက်၊ **ဒေသယံ**= ဟောပြလျက်၊ **ဂန္ထေပိ**= ပရမတ္ထစက္ခု စ,ပြုထင်ရှား ကျမ်းဂန်အများတို့ကို လည်း၊ **ရစယံ**= စီရင်ရေးသားလျက်၊ **ဇိနသာသနံ**= ဘုရားမြတ်စွာ သာသနာကို၊ **ဝဍ္ဎေသိ**= ကြီးပွါးဖြိုးလက် တိုးတက်စေပြီ။

## ၆၀။ သော’ ကာဒသဝဿာနိ၊ ဂဏာကုဋ္ဌမုရာဝဟော။ ပဉ္စသတ္တတိဝယမှိ၊ ကိတ္တိယေဝါ’ ဝသေသကော။

**သော**= ထူးခြားထင်ပေါ် ဤဒီပဲရင်းဆရာတော်သည်၊ **ကောဒသ ဝဿာနိ**= သင်္ချာတွက်စစ် ၁၁- နှစ်တို့ကာလပတ်လုံး၊

**ဂဏုတ္တရုဋ္ဌမုရာဝဟော**= ရွှေကျင်နိကာယ ဥက္ကဋ္ဌတာဝန် အား သွန်နှောင်ဆက် ဆောင်ရွက်တော်မူလျက်၊ **ပဉ္စသတ္တတိဝယမှီ**= ဘုန်းရောင်တင့်တယ် ၇၅ နှစ်အရွယ်၌၊ **ကိတ္တိယေဝ**= ဒီပဲ ရင်းဆရာတော် ထင်ပေါ်သတင်း ကျော်စောခြင်းသည်သာလျှင်၊ **အဝသေသကော**= မယွင်းအမှန် ကြွင်းကျန်ခဲ့ပါပေသတည်း။

## ၄။ အလုံဆရာတော်

**၆၁။ ဒီပဲရင်းထေရစန္ဒမှီ၊ အတ္ထဂ်တေ မဟာဂဏော။**
**ဂဏုတ္တဋ္ဌဘာဝေနေဝ၊ အလုံထေရမပူဇယုံ။**

**မဟာဂဏော**= တုန့်နိုင်းနေသွင် ဂိုဏ်းရွှေကျင်၌၊ **ဒီပဲရင်း ထေရစန္ဒမှီ**= ဒီပဲရင်းဆရာတော် ထင်ပေါ်တင့်ရွှန်း လပြည့် ဝန်းသည်၊ **အတ္ထဂ်တေ**= အတ္ထတောင်စွယ် ပျောက်ကွယ်သည် ရှိသော်၊ **အလုံထေရံ**= အလုံတွင်ခေါ် မထေရ်မော်ကို၊ **ဂဏုတ္တဋ္ဌဘာဝေနေဝ**= ကြီးမှူးစင်စစ် ဂိုဏ်းဥက္ကဋ္ဌ အဖြစ် ဖြင့်သာလျှင်၊ **အပူဇယုံ**= တင်မြှောက်ရွှင်ပျော် ပူဇော်ခဲ့ကြ လေကုန်ပြီ။

**၆၂။ အယံ ထေရော ဝိနယမှိ၊ ဂရုကော သီလသံဝရုံ။**
**ပါလယံ သာသနံ တမှိ၊ ဝိသုဒ္ဓံ သုဒ္ဓိပါပကာံ။**

**အယံ ထေရော**= အလုံဆရာတော် ထင်ပေါ်ကျော်လတ် ဤမထေရ်မြတ်သည်၊ **ဝိနယမှိ**= ဗုဒ္ဓဟောဖေါ် ဝိနည်းတရား

တော်၌၊ **ဂရုကော**= အရေးတယူ အလေးမူသည်ဖြစ်၍၊ **သီလသံဝရံ**= စောင့်စည်းအပ်စွ ကိုယ်ကျင့်သီလကို၊ **ပါလယံ**= စာမရိထုံး ကျင့်သုံးအားဆောက် စောင့်ရှောက်တော်မူတတ်ပါပေ၏၊ **တမှိ**= အလုံတွင်ငြား ထိုဆရာတော်ဘုရား၌၊ **သာသနံ**= ဗုဒ္ဓညွှန်ပြ မြတ်ဘုရား၏ အဆုံးအမသည်၊ **ဝိသုဒ္ဓံ**= ညစ်ကြေးမတွယ် စင်ကြယ်သည်ဖြစ်၍၊ **သုဒ္ဓိပါပကံ**= စင်ကြယ်ရာမှန် မြတ်နိဗ္ဗာန်သို့ ဧကန်မသွေ ဆိုက်ရောက်စေတတ်ပါပေ၏။

## ၆၃။ ဧသော’ ကာဒသ ဝဿာနိ၊ ဂဏုက္ကဋ္ဌမုရာဝဟော။ အဋ္ဌသတ္တတိဝယမှိ၊ ကိတ္တိယေဝါ’ ဝသေသကော။

**ဧသော**= တိုင်းသိပြည်ကျော် ဤအလုံဆရာတော်သည်၊ **ဧကာဒသ ဝဿာနိ**= သင်္ချာတွက်စစ် ၁၁ နှစ်တို့ကာလပတ်လုံး၊ **ဂဏုက္ကဋ္ဌမုရာဝဟော**= ရွှေကျောင်နိကာယ ဥက္ကဋ္ဌတာဝန် အားသွန်မပျက် ဆောင်ရွက်တော်မူလျက်၊ **အဋ္ဌသတ္တတိဝယမှိ**= ဘုန်းရောင်တင့်တယ် ၇၈ နှစ်အရွယ်၌၊ **ကိတ္တိယေဝ**= အလုံဆရာတော် ထင်ပေါ်သတင်း ကျော်စောခြင်းသည်သာလျှင်၊ **အဝသေသကော**= မယွင်းအမှန် ကြွင်းကျန်ခဲ့ပါပေသတည်း။

## ၅။ ချမ်းသာကြီးဆရာတော်

**၆၄။ အစ္စယေ အလုံထေရမှိ၊ ရွှေကျောင်ဂဏာသမာဂမေ။**
**ဂဏာကုက္ကဌော သမဘာဝိ၊ ချမ်းသာကြီးက္ကတိ ပါကဋော။**

**အလုံထေရမှိ**= ထူးခြားထင်ပေါ် အလုံဆရာတော်သည်၊ **အစ္စယေ**= တဘာဝမွန် လွန်တော်မူသည်ရှိသော်၊ **ရွှေကျောင်ဂဏာသမာဂမေ**= ဂိုဏ်းမြတ်ရွှေကျောင် နေသွင်ရည်သွေး သံဃာ့အစည်းအဝေး၌၊ **ချမ်းသာကြီးက္ကတိပါကဋော**= ရှိမ္ဗကားမြို့အနီး ချမ်းသာကြီးဟု ဘုန်းမီးနေလ ထွန်းပသိုက်မြိုက် မြတ်ကျောင်းတိုက်၌ ပျော်ပိုက်စံစား ချမ်းသာကြီးဆရာတော်ဘုရားသည်၊ **ဂဏာကုက္ကဌော**= ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက သမ္မုတိသံဃရာဇာ ဂိုဏ်ဝါသင်းလှိုင် ပဌမရွှေကျောင်သာသနာပိုင်သည်၊ **သမဘာဝိ**= ကောင်းစွာမသွေ ဖြစ်တော်မူပါပေသတည်း။

**၆၅။ ဂုရုန် နိကဋသိသော၊ ဂုရုန် ခုရမာဝဟော။**
**ဂုရုန် ဟိတကာမော သော၊ ဂုရုန် ဓမ္မာရကော။**

**သော**= ဂိုဏ်းရောင်ကြီးမား ထိုချမ်းသာကြီးဆရာတော်ဘုရားသည်၊ **ဂုရုန်**= ရွှေကျင်,ဝိသုဒ္ဓါရုံ ဘုန်းဂိုဏ်ကြီးလတ်ကျေးဇူးရှင်ဆရာတော်မြတ်တို့၏၊ **နိကဋသိသော**= အနီးအစပ် ချဉ်းကပ်ဖြည့်တင်း တပည့်ရင်းဖြစ်တော်မူပါပေ၏၊

**ငုရှုနံ**= ရွှေကျင်,ဝိသုဒ္ဓါရုံ ဘုန်းငုဏ်ကြီးလတ် ကျေးဇူးရှင် ဆရာတော်မြတ်တို့၏၊ **ခုရမာဝဟော**= တာဝန်အရပ်ရပ် ထမ်းဆောင်တော်မူတတ်ပါပေ၏၊ **ငုရှုနံ**= ရွှေကျင်,ဝိသုဒ္ဓါရုံ ဘုန်းငုဏ်ကြီးလတ် ကျေးဇူးရှင်ဆရာတော်မြတ်တို့၏၊ **ဟိတကာမော**= အကျိုးစီးပွား လိုလားတော်မူတတ်ပါပေ၏၊ **ငုရှုနံ**= ရွှေကျင်,ဝိသုဒ္ဓါရုံ ဘုန်းငုဏ်ကြီးလတ် ကျေးဇူးရှင် ဆရာတော်မြတ်တို့၏၊ **ဓမ္မာရကော**= မိန့်ဆိုရေးသား မြတ်တရားကို ဆောင်ထားတတ်ပါပေ၏။

**၆၆။ စတုမာသံဝ ထေရော သော၊ ဂဏုက္ကဋ္ဌခုရာဝဟော။**
**သတ္တာသီတိကဝဿမှိ၊ ကိတ္တိယေဝါ’ ဝသေသကော။**

**သော ထေရော**= ဘုန်းရောင်တောက်ကြွား ထိုချမ်းသာ ကြီးဆရာတော်ဘုရားသည်၊ **စတုမာသံဝ**= သင်္ချာတွက်ဆ လေးလမျှသာလျှင်၊ **ဂဏုက္ကဋ္ဌခုရာဝဟော**= ရွှေကျင်နိကာယ ဥက္ကဋ္ဌတာဝန် အားသွန်မပျက် ဆောင်ရွက်တော်မူသည်ဖြစ်၍၊ **သတ္တာသီတိကဝဿမှိ**= ဘုန်းရောင်တင့်တယ် ၈၇- နှစ် အရွယ်၌၊ **ကိတ္တိယေဝ**= ချမ်းသာကြီးဆရာတော် ထင်ပေါ် သတင်း ကျော်စောခြင်းသည်သာလျှင်၊ **အဝသေသကော**= မယွင်းအမှန် ကြွင်းကျန်ခဲ့ပါပေသတည်း။

## ၆။ လှတောဆရာတော်

**၆၇။ ချမ်းသာကြီး၀ှမဟာထေရေ၊ အစ္စယေ ဂဏပါလကာ။**
**ဂဏာ့ဂ္ဂဋ္ဌဘာဝေနေ၀၊ လှတောထေရမပူဇယုံ။**

**ချမ်းသာကြီး၀ှမဟာထေရေ**= ချမ်းသာကြီးမည်တွင် ထေရ်အရှင်သည်၊ **အစ္စယေ**= တဘ၀မွန် လွန်တော်မူသည် ရှိသော်၊ **ဂဏပါလကာ**= ရွှေကျင်ဂိုဏ်းကြီး လွှန်ပွါးစီးဖို့ ထန် သည်းလုံ့လ အသုံးချလျက် စောင့်ရှောက်ကြပြား ဆရာတော် အများတို့သည်၊ **လှတောထေရံ**= လှတောကြီးအုဋ္ဌ်ကျောင်း ကိန်းအောင်းစံပျော် လှတောဆရာတော်ကို၊ **ဂဏာ့ဂ္ဂဋ္ဌဘာဝေ နေ၀**= ရွှေကျင်နိကာယဉက္ကဋ္ဌ မဟာနာယက သမ္မုတိ သံဃရာ ဇာ ဂုဏ်ဝါသင်းလှိုင် ဆဋ္ဌရွှေကျင်သာသနာပိုင်အဖြစ် ဖြင့် သာလျှင်၊ **အပူဇယုံ**= လေးမြတ်တူပျော် ပူဇော်တင်မြှောက် ကြလေကုန်ပြီ။

**၆၈။ ဂုရုနော ဘာဂိနေယျောသော၊**
**သုသီလော သုဝစော အဟု။**
**သေတဏ္ဍာဒနုပဗ္ဗဇ္ဇာ၊**
**ဂုရုနိဗဒ္ဓဝါသိကော။**

**သော**= ဂုဏ်ဝါထင်ပေါ် ဤလှတောဆရာတော်သည်၊ **ဂုရုနော**= ရွှေကျင်ဂဏ အမွန်စတည်ထောင် ဂုဏ်ရောင်ကြီး

မား ရွှေကျောင်ဆရာတော်ဘုရား၏၊ **ဘာဂိနေယျော**= နှီးရင်း သွေးသား တူတပါးသည်၊ **ဟုတွာ**= ဖြစ်၍၊ **သုသီလော**= မျိုးရိုးဗီဇ ကောင်းသောအကျင့်သီလရှိသည်၊ **သုဝစော**= ဆုံးမစကား လေးစားနာယူ ဆိုလွယ်သော စကားရှိသူသည်၊ **အဟု**= ဖြစ်ခဲ့လေပြီ၊ **သောတဿာဒနုပဗ္ဗဇ္ဇာ**= ဝတ်ဖြူစင်ကြယ် သူတော်ငယ်အဖြစ်မှစ၍၊ **ဂုရုနိဗဒ္ဓ နိဝါသိကော**= ရွှေကျောင် ဟုခေါ် မထေရ်မော်၏ ထံတော်နီးပါး ဝပ်တွားပျော်မွေ့ အမြဲနေလေ့ရှိသည်၊ **အဟု**= ဖြစ်ခဲ့လေပြီ။

**၆၉။ ထေရော သော တီဏိ ဝဿာနိ၊ ဂဏုက္ကဋ္ဌမုရာဝဟော။**
**တျာသီတိကဝဿမှိ၊ ကိတ္တယေဝါ' ဝသေသကော။**

**သော ထေရော**= လှုတောမည်ကျော် ထိုမထေရ်မော်သည်၊ **တီဏိ ဝဿာနိ**= သင်္ချာတွက်စစ် သုံးနှစ်တို့ကာလပတ်လုံး၊ **ဂဏုက္ကဋ္ဌမုရာဝဟော**= ရွှေကျောင်ဂိုဏ်းကြီး ဦးစီးတာဝန် အားသွန် မပျက် ဆောင်ရွက်တော်မူသည်ဖြစ်၍၊ **တျာသီတိက ဝဿမှိ**= ဘုန်းရောင်တင့်တယ် ၈၃ နှစ်အရွယ်၌၊ **ကိတ္တိယေဝ**= လှုတောဆရာတော် ထင်ပေါ်သတင်း ကျော်စောခြင်းသည် သာလျှင်၊ **အဝသေသကော**= မယွင်းအမှန် ကြွင်းကျန်တော်မူခဲ့ ပါပေသတည်း။

## ၇။ ကျိုက်လတ်ဆရာတော်

**၇၀။ အစ္စယေ လှတောထေရမှိ၊ ရွှေကျင်ဂဏသမာဂမေ။**
**ဂဏုက္ကဋ္ဌောသမဘာဝိ၊ကျိုက်လပ်ထေရော သုပါကဋော။**

**လှတောထေရမှိ**= ဂုဏ်ရည်ထင်ပေါ် လှတောဆရာတော်သည်၊ **အစ္စယေ**= ဘဝတောင်စွန် လွန်တော်မူသည် ရှိသော်၊ **ရွှေကျင်ဂဏသမာဂမေ**= ရွှေကျင်နိကာယ ဂဏထိပ်သီး သံဃာ့အဖွဲ့အစည်း၌၊ **သုပါကဋော**= သီလ,သမာဓိ,ပညာ ဂုဏ်ဝါကြီးမား လွန်ထင်ရှားသော၊ **ကျိုက်လပ်ထေရော**= ပစ္ဆိမာရုံ တိုက်ဘုံရွှင်ပျော် ကျိုက်လပ်ဆရာတော်သည်၊ **ဂဏုက္ကဋ္ဌော**= ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက သမ္မုတိ သံဃရာဇာ ဂုဏ်ဝါသင်းလှိုင် သတ္တမရွှေကျင်သာသနာပိုင် သည်၊ **သမဘာဝိ**= ကောင်းစွာမသွေ ဖြစ်လာခဲ့ပါပေသတည်း။

**၇၁။ ဓညဝါ ပညဝါ ထေရော၊ ပစ္ဆိမာရာမနာယကော။**
**ဓမ္မကာမော ဂန္ထကာရော၊ ပရိယတ္တိဝိသာရဒေါ။**

**ပစ္ဆိမာရာမနာယကော**= ပစ္ဆိမာရုံတိုက်ကြီး ဦးစီးထင်ပေါ် နာယကဆရာတော်ဖြစ်တော်မူသော၊ **ထေရော**= မြို့မည် ကျိုက်လပ် အမည်တပ်လျက် ဝေးရပ်ထင်ပေါ် ကျိုက်လပ် ဆရာတော်သည်၊ **ဓညဝါ**= ရှေးကုသိုလ်ကံ ကျိုးပေးသန်သဖြင့် အမှန်မသွေ ဘုန်းကံကြီးမားပါပေ၏။ **ပညဝါ**= အရာရာတွင် သိမြင်နိုင်သည့် ကြီးမားသော ပညာလည်းရှိပါပေ၏၊ **ဓမ္မ**

**ကာမော**= ဗုဒ္ဓဟောကြား မြတ်တရားကို လေးစားရိုကျိုး မြတ်နိုးတတ်ပါပေ၏၊ **ဂန္ထကာရော**= များကျိုးမျှော်ရှု ကျမ်းပြု အကျော် ဖြစ်တော်မူပါပေ၏။ **ပရိယတ္တိဝိသာရဒေါ**= စာပေ ပရိယတ် အရပ်ရပ်၌ သိတတ်ပိုင်စွာ ရဲဝံ့တော်မူပါပေ၏။

**၇၂။ ပန္နရသ ဝဿာနေ’ သ၊ ဂဏာုက္ကဋ္ဌမုရာဝဟော။**
**ပဉ္စာသီတိကဝဿမှိ၊ ကိတ္တိယေဝါ’ ဝသေသကော။**

**ဧသော**= ဂုဏ်ဝါထင်ပေါ် ဤကျိုက်လပ်ဆရာတော်သည်၊ **ပန္နရသ ဝဿာနိ**= ရှည်ကြာတွက်စစ် ၁၅ နှစ်တို့ ကာလပတ်လုံး၊ **ဂဏာုက္ကဋ္ဌမုရာဝဟော**= ဈွေကျင်ဂိုဏ်းကြီး ဦးစီးတာဝန် အားသွန်မပျက် ဆောင်ရွက်တော်မူသည်ဖြစ်၍၊ **ပဉ္စာသီတိက ဝဿမှိ**= ဘုန်းရောင်တင့်တယ် ၈၅ နှစ်အရွယ်၌၊ **ကိတ္တိယေဝ**= ကျိုက်လပ်ဆရာတော် ထင်ပေါ်သတင်း ကျော်စောခြင်းသည် သာလျှင်၊ **အဝသေသကော**= မယွင်းအမှန် ကြွင်းကျန်တော် မူခဲ့ပါပေသတည်း။

## ၈။ ကန္နီဆရာတော်

**၇၃။ အစ္စယေ ကျိုက်လပ်ထေရမှိ၊ ဈွေကျင်ဂဏာသမာဂမေ။**
**ဂဏာုက္ကဋ္ဌော သမဘဝိ၊ ကန္နီထေရော သုပါကဋော။**

**ကျိုက်လပ်ထေရမှိ**= ဘုန်းဂုဏ်ထင်ပေါ် ကျိုက်လပ် ဆရာတော်သည်၊ **အစ္စယေ**= ဘဝတောင်စွန် လွန်တော်မူသည် ရှိသော်၊ **ဈွေကျင်ဂဏာသမာဂမေ**= ဈွေကျင်နိကာယ ဂဏာထိပ်

သီး သံဃာ့အဖွဲ့အစည်း၌၊ **သုပါကဋော**= ဂုဏ်ဝါကြီးမား လွန်ထင်ရှားသော၊ **ကန္တိထေရော**= ဝိသုဒ္ဓါရုံတိုက်အုပ် သမုတ် ထင်ပေါ် ကန္တိဆရာတော်သည်၊ **ဂဏုတ္တမော**= ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက သမ္မုတိသံဃရာဇာ ဂုဏ်ဝါသင်းလှိုင် အဋ္ဌမရွှေကျင်သာသနာပိုင်သည်၊ **သမဘာဝိ**= ကောင်းစွာမသွေ ဖြစ်လာခဲ့ပါပေသတည်း။

**၇၄။ သုဗျတ္တော ပဋိပဋ္ဌိမှိ၊ ကိစ္စေသု သံဝိဓာယကော။**
**ပိယဝါစော ဟိတကာမော၊ ရွှေကျင်ဂဏာဓိရန္တရော။**

**သော**= ဘုန်းဂုဏ်ထင်ပေါ် ထိုကန္တိဆရာတော်သည်၊ **ပဋိပဋ္ဌိမှိ**= ကျောင်းတိုက်ရေးရာ အုပ်ချုပ်မှုအဖြာဖြာ၌၊ **သုဗျတ္တော**= အလွန်ကျွမ်းကျင်တော်မူ၏၊ **ကိစ္စေသု**= သံဃာ့ကိစ္စ ဟူသမျှ တို့၌၊ **သံဝိဓာယကော**= စီမံမိန့်မြွက် ဆောင်ရွက်တော်မူတတ် ၏၊ **ပိယဝါစော**= မေတ္တာယှက်တွယ် ချစ်ဖွယ်သော စကားကို ဆိုတော်မူတတ်၏၊ **ဟိတကာမော**= အများအကျိုး ပွါးတိုးစေ ပြား လိုလားတော်မူသည်ဖြစ်၍၊ **ရွှေကျင်ဂဏာဓိရန္တရော**=ရွှေ ကျင် နိကာယ ကိစ္စတာဝန် အားသွန်ထမ်းပျော် ဆောင်ရွက် တော်မူတတ်ပါပေ၏။

**၇၅။ သုမိရော ကေဝသံဝ၊ ဂဏုက္ကဋ္ဌဓိရာဝဟော။**
**ပဉ္ဉာသီတိကဝဿမှိ၊ ကိတ္တိယေဝါ’ ဝသေသကော။**

**သုမိရော**= ထက်မြက်လျှင်မြန် ပညာဉာဏ်ကြီးမား ကန္တိ ဆရာတော်ဘုရားသည်။ **ကေဝသံဝ**= တွက်စစ်သချာ

တနှစ်ခန့်ကာလသာလျှင်၊ **ဂဏာုက္ကဋ္ဌမုရာဝဟော**= ရွှေကျင်ဂိုဏ်းကြီး ဦးစီးတာဝန် အားသွန်မပျက် ထမ်းရွက်တော်မူသည်ဖြစ်၍၊ **ပဉ္စာသီတိကဝဿမှိ**= ဘုန်းရောင်တင့်တယ် ၈၅ နှစ်အရွယ်၌၊ **ကိတ္တိယောဝ**= ကန္နီဆရာတော် ထင်ပေါ်သတင်း ကျော်စောခြင်းမျှသည်သာလျှင်၊ **အဝသေသကော**= မယွင်းအမှန် ကြွင်းကျန်တော်မူခဲ့ပါပေသတည်း။

## ၉။ စံကင်းဆရာတော်

### ၇၆။ အစ္စယေ ကန္နီထေရမှိ၊ ရွှေကျင်ဂဏသမာဂမေ။
### ဂဏာုက္ကဋ္ဌော သမဘာဝိ၊ စံကင်းထေရော သုပါကဋော။

**ကန္နီထေရမှိ**= စွမ်းရည်ထင်ပေါ် ကန္နီဆရာတော်သည်၊ **အစ္စယေ**= ဘဝတောင်စွန် လွန်တော်မူသည်ရှိသော်၊ **ရွှေကျင်ဂဏသမာဂမေ**= ရွှေကျင်နိကာယ ဂဏထိပ်သီး သံဃာ့အဖွဲ့အစည်း၌၊ **သုပါကဋော**= ဘုန်းရောင်ကံရောင် ဉာဏ်ရောင်ဖွံ့မ်းအား အလွန်ထင်ရှားသော၊ **စံကင်းထေရော**= ပြိုင်စံကင်းခေါ် စံကင်းဆရာတော်သည်၊ **ဂဏာုက္ကဋ္ဌော**= ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက သမ္မုတိသံဃရာဇာ ဂုဏ်ဝါသင်းလှိုင် နဝမရွှေကျင်သာသနာပိုင်သည်၊ **သမဘာဝိ**= ကောင်းစွာမသွေ ဖြစ်လာခဲ့ပါပေသတည်း။

**၇၇။ ဒီဃာယုကတမော သော၊ ဂဏုက္ကဋ္ဌဝိဘာဝိနံ။**
**စန္ဒော၀ သကိယာဘာယ၊ သဂဏံ သီတမာနယိ။**

**သော**= ဂိုဏ်းလုံးထင်ပေါ် ဤစံကင်းဆရာတော်သည်၊ **ဂဏုက္ကဋ္ဌဝိဘာဝိနံ**= ရွှေကျင်နိကာယ သံဃာ့ဦးစီး ဥက္ကဋ္ဌ မဟာနာယက ဆရာတော်ဘုရားကြီးတို့တွင်၊ **ဒီဃာယုက တမော**= အာယုကပ်ကျော် သက်တော်အရှည်ဆုံး ဖြစ်တော်မူ ပါပေ၏၊ **စန္ဒော**= ရောင်ဝါတင့်ထွန်း လပြည့်ဝန်းသည်၊ **သကိ ယာဘာယ**= ဘော်ငွေသွင်ဆောင် ကိုယ်ပိုင်အလင်းရောင်ဖြင့်၊ **သဂဏံ**= မိမိအတူ ကမ္ဘာသူ့,ကမ္ဘာသား သတ္တဝါအများကို၊ **သီတမာနယိဣဝ**= မြေလေအောင် စွမ်းဆောင်လေဘိသကဲ့သို့ **စန္ဒော**= လမင်းအမည် ဂုဏ်ရည်ထင်ရှား စံကင်းဆရာတော် ဘုရားသည်လည်း၊ **သကိယာဘာယ**= သီလသမာ ပညာပဝင်း ကိုယ်ပိုင်အရောင်အလင်းဖြင့်၊ **သဂဏံ**= ရွှေကျင်ဂိုဏ်းဝင် များလူရှင်နှင့် ထို့ပြင်တပါး သတ္တဝါအများကို၊ **သီတမာနယိ**= မေတ္တာဖြန့်ပေး မြေလေအောင် စွမ်းဆောင်ခဲ့ပါပေသတည်း။

**၇၈။ ထေရော ဗာဝီသ ဝဿာနိ၊ ဂဏုက္ကဋ္ဌမုရာဝဟော။**
**ဒွါဓိကသတဝဿမှိ၊ ကိတ္တိယောဝါ' ဝသေသကော။**

**ထေရော**= စွမ်းရည်ထင်ပေါ် စံကင်းဆရာတော်သည်။ **ဗာဝီသ ဝဿာနိ**= ရှည်ကြာတွက်စစ် ၂၂ နှစ်တို့ပတ်လုံး၊

**ဂဏုဋ္ဌကူမုရာဝဟော**= ရွှေကျင်ဂိုဏ်းကြီး ဦးစီးတာဝန် အား သွန်မပျက် ဆောင်ရွက်တော်မူသည်ဖြစ်၍၊ **ဒွါဓိက သတ ဝဿမှိ**= ဘုန်းရောင်တင့်တယ် သက်တော် ၁၀၂ နှစ်အရွယ်၌၊ **ကိတ္တိယေဝ**= စံကင်းဆရာတော် ထင်ပေါ် သတင်း ကျော်စော ခြင်းသည်သာလျှင်၊ **အဝသေသကော**= မယွင်းအမှန် ကြွင်း ကျန်တော်မူခဲ့ပါပေသတည်း။

## ၁၀။ မြောင်းမြဆရာတော်

**၇၉။ အစ္စယေ စံကင်းထေရမှိ၊ ရွှေကျင်ဂဏသမာဂမေ။**
**ဂဏုဋ္ဌကွော သမဘာဝိ၊ မြောင်းမြထေရော သုပါကဋော။**

**စံကင်းထေရမှိ**= နိုင်ငံထင်ပေါ် စံကင်းဆရာတော်သည်၊ **အစ္စယေ**= ဘဝတောင်စွန် လွန်တော်မူသည်ရှိသော်၊ **ရွှေကျင် ဂဏသမာဂမေ**= ရွှေကျင်နိကာယ ဂဏထိပ်သီး သံဃာ့အဖွဲ့ အစည်း၌၊ **သုပါကဋော**= ဘုန်းကံစွမ်းအား အလွန်ထင်ရှား သော၊ **မြောင်းမြထေရော**= မြောင်းမြပဋ္ဌာနတာရုံ လွှမ်းခြုံဦးစီး မြောင်းမြဆရာတော်ဘုရားကြီးသည်၊ **ဂဏုဋ္ဌကွော**= ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက သမ္မုတိသံဃရာဇာ ဂိုဏ်ဝါသင်းလှိုင် ဒသမရွှေကျင်သာသနာပိုင်သည်၊ **သမဘာဝိ**= ကောင်းစွာမသွေ ဖြစ်တော်မူလာပါပေ၏။

**၈၀။ ဂရုကော ဝိနယေ သော၊ တိပ္ပဋ္ဌန္တော မုရာဝဟော။**
**ဘာသိတာ ဗျတ္တဝါစံဝ၊ အဘီတနာဒနာဒိကော။**

**သော**= တိုင်းသိပြည်ကျော် ဤမြောင်းမြဆရာတော်သည်၊ **ဝိနယေ**= အာဏာဆင့်မျိုး မြတ်ဝိနည်း၌၊ **ဂရုကော**=အရေးတခု အလေးပြုတော်မူပါပေ၏၊ **တိပ္ပဋ္ဌန္တော**= သာသနာ့အလုပ် အားထုတ်စေရန် ထက်သန်ပြင်းပြ ထူးကဲသောဆန္ဒ ရှိတော်မူပါပေ၏၊ **မုရာဝဟော**= သာသနာ့တာဝန် အားသွန်မပျက် ဆောင်ရွက်တော်မူပါပေ၏၊ **ဗျတ္တဝါစံဝ**= လိမ္မာပါးနပ် စကားမြတ်ကိုသာလျှင်၊ **ဘာသိတာ**= မိန့်ကြားတော်မူတတ်ပါပေ၏၊ **အဘီတနာဒနာဒိကော**= မကြောက်မရွံ့ ရဲဝံ့ပြတ်သား မြတ်စကားကို ထူးခြားပိုမို ပြောဆိုတတ်ပါပေ၏။

**၈၁။ ထေရော တိဏောဝ ဝဿာနိ၊ ဂဏုက္ကဋ္ဌမုရာဝဟော။**
**သတ္တာသီတိကဝဿမှိ၊ ကိတ္တိယေဝါ’ ဝသေသကော။**

**ထေရော**= တိုင်းသိပြည်ကျော် မြောင်းမြဆရာတော်သည်၊ **တိဏိယေဝ ဝဿာနိ**= သင်္ချာတွက်စစ် ၃ နှစ်တို့ ကာလပတ်လုံးသာလျှင်၊ **ဂဏုက္ကဋ္ဌမုရာဝဟော**= ရွှေကျင်ဂိုဏ်းကြီး ဉူးစီးတာဝန် အားသွန်မပျက် ဆောင်ရွက်တော်မူသည် ဖြစ်၍၊ **သတ္တာသီတိကဝဿမှိ**= ဘုန်းရောင်တင့်တယ် ၈၇ နှစ် အရွယ်၌၊ **ကိတ္တိယေဝ**= မြောင်းမြဆရာတော် ထင်ပေါ်သတင်း

ကျော်စောခြင်းသည်သာလျှင်၊ **အဝသေသကော**= မယွင်း အမှန် ကြွင်းကျန်တော်မူခဲ့ပါပေသတည်း။

## ၁၁။ အရှေ့ဝိသုဒ္ဓါရုံဆရာတော်

**၈၂။ အစ္စယေ မြောင်းမြထေရမှိ၊ ရွှေကျင်ဂဏာသမာဂမေ။**
**ဂဏာုတ္တမ္မော သမဘာဝိ၊ ဝိသုဒ္ဓါရာမိကော သုဓီ။**

**မြောင်းမြထေရမှိ**= တိုင်းသိပြည်ကျော် မြောင်းမြဆရာတော်သည်၊ **အစ္စယေ**- ဘဝတောင်စွန် လွန်တော်မူသည်ရှိသော်၊ **ရွှေကျင်ဂဏာသမာဂမေ**= ရွှေကျင်နိကာယ ဂဏာထိပ်သီး သံဃာ့အဖွဲ့အစည်း၌၊ **သုဓီ**= ထူးခြားထက်သန် ပညာဉာဏ်ရှိတော်မူသော၊ **ဝိသုဒ္ဓါရာမိကော**= အရှေ့ဝိသုဒ္ဓါရုံ ခိုလှုံရွှင်ပျော် သက်တော်ရှည်ဆရာတော်သည်၊ **ဂဏုတ္တမ္မော**= ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက သမ္မုတိသံဃရာဇာဂုဏ်ဝါသင်းလှိုင် ဧကာဒသမရွှေကျင်သာသနာပိုင်သည်၊ **သမဘာဝိ**= ကောင်းစွာမသွေ ဖြစ်တော်မူပါပေသတည်း။

**၈၃။ သုဝဏ္ဏပသံဝစ္ဆရေ၊ နဂရေ ဝမ်းတွင်းသညိတေ။**
**သာဖန်းဂါမေ ဂဏာုတ္တမ္မော၊ သုဇာတော မောဒယံ ဇနေ။**

**ဂဏုတ္တမ္မော**= ဘုန်းရောင်ထိန်ငြိး ရွှေကျင်နိကာယ ဥက္ကဋ္ဌဆရာတော်ဘုရားကြီးသည်၊ **သုဝဏ္ဏပသံဝစ္ဆရေ**= မြန်မာ

တွက်စစ် ၁၂၄၇ ခုနှစ်၌၊ **ဝမ်းတွင်းသညီကေ**= ဝမ်းတွင်းအမည်ရှိသော၊ **နဂရေ**= မြို့၌၊ **သာဖန်းဂါမေ**= လယ်ယာကိုင်းကျွန်းဖြစ်ထွန်းစုံစွာ သာဖန်းရွာ၌၊ **ဇနေ**= နှစ်လိုကြညောင်း မိဘဆွေမျိုးအပေါင်းတို့ကို၊ **မောဒယံ**=ပီတိဖြာဝေ ဝမ်းမြောက်စေလျက်၊ **သုဇာတော**= မီးရှူးသန့်စင် ဖွါးမြင်တော်မူခဲ့လေပြီ။

**၈၄။ ပန္နရသဝဿိကမှိ သုဓီ၊ သုစီရဿ' န္တိကေ။**
**ပဗ္ဗာဇေသုံ သာသနမှိ၊ ဓမ္မဘာရံ ဓရေတဝေ။**

**သုဓီ**= ပညာရှိသူတော်ကောင်း ဆရာတော်လောင်းကို၊ **ပန္နရသဝဿိကမှိ**= ၁၅-နှစ်အရွယ် ငယ်စဉ်ကာလ၌၊ **သာသနမှိ**= ဗုဒ္ဓမြတ်စွာ သာသနာ၀ယ်၊ **ဓမ္မဘာရံ**= ပိဋကတ်မွန် ဓမ္မဝန်ကို၊ **ဓရေတဝေ**= နှစ်ပေါင်းရှည်အောင် ထမ်းဆောင်စိမ့်သောငှာ၊ **သုစီရဿ**= သာဖန်းရွာမ နိစ္စရှင်ပြုံး သီတင်းသုံးသည့် 'သူဌေးကုန်း' ခေါ် ဆရာတော်၏၊ **အန္တိကေ**= အနီးဝပ်တွား ထံတော်ပါး၌၊ **ပဗ္ဗာဇေသုံ**= ရှင်ပြုပေးကြလေကုန်ပြီ။

**၈၅။ အယမာယတိကံ ဗုဒ္ဓ- သာသနံ ဇောတယိဿတိ။**
**တေနဿ ဇောတယော နာမံ၊ အဘာဝိ မီရသမ္မတံ။**

**အယံ**= ပါရမီဓာတ် ကိန်းဝပ်တည်နေ ဤရှင်သာမဏေသည်၊ **အာယတိကံ**- လာလတံ့စင်စစ် အနာဂတ်ကာလ၌ဖြစ်သော၊ **ဗုဒ္ဓသာသနံ**= ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကို၊

**ဇောတယိဿတိ**= ထွန်းလင်းစေပေလိမ့်မည်၊ **တေန**= ထို့ကြောင့်၊ **အဿ**= ထူးမြတ်ပုံနေ ဤရှင်သာမဏေ၏၊ **ဓီရသမ္မတံ**= မြော်မြင်ကြီးလတ် ဆရာမြတ်တို့ မှည့်ခေါ်အပ်သော၊ **ဇောတယော နာမံ**= 'ရှင်ဇောတယ' ဟူသော ဘွဲ့အမည်သည်၊ **အဘာဝိ**= ဖြစ်ခဲ့လေပြီ။

**၈၆။ ကတွာနုပဋ္ဌံ ပည- ထ္တေရံ ဝိသုဒ္ဓမာကရေ။**
**ဓီရောပသမ္ပဒံ လဒ္ဓါ၊ စက္ကံ ဇောတေတုမာရဘိ။**

**ဓီရော**= ထက်မြက်လျှင်မြန် ပညာဉာဏ်ထွန်းပ 'ရှင်ဇောတယ' သည်၊ **ဝိသုဒ္ဓမာကရေ**= အရှေ့ဝိသုဒ္ဓါရုံ တိုက်ရွှေဘုံ၌၊ **ပညတ္ထေရံ**= ပညာထေရ်မော် တိုက်အုပ်ဆရာတော်ကို၊ **ဥပဋ္ဌံ ကတွာ**= ဆုံးမပဲ့ပြင် သွန်သင်ကြည့်ရှု ဥပဇ္ဈာယ်ပြု၍၊ **ဥပသမ္ပဒံ**= မြင့်မြတ်စင်စစ် ရဟန်းအဖြစ်ကို၊ **လဒ္ဓါ**= ရတော်မူ၍၊ **စက္ကံ**= ဗုဒ္ဓမြတ်စွာ သာသနာကို၊ **ဇောတေတုံ**= ဂုဏ်ရောင်ပဝင်း ထွန်းလင်းစေခြင်းငှါ၊ **အာရဘိ**= မဆုတ်စတမ်း လုံ့လစွမ်းဖြင့် ကြိုးပမ်းတော်မူခဲ့လေပြီ။

**၈၇။ ဝသန္တော ဝိသုဒ္ဓါရာမေ၊ ဂရုဝရာန သန္တိကေ။**
**နာနာဂန္ထေ ဥဂ္ဂဏှိတွာ၊ သမ္ပတ္တော ပဋုတံ အယံ။**

**အယံ**= 'အရှင်ဇောတယ' မည်ရတွင်ခေါ် ဤရဟန်းတော်သည်၊ **ဝိသုဒ္ဓါရာမေ**= ရန့်သင်းထုံ ပညာစုံသည့် ရွှေဘုံသိုက်

မြိုက် အရှေ့ဝိသုဒ္ဓါရုံကျောင်းတိုက်၌၊ **ဝသန္တော**= နှစ်ခြိုက် ရွှင်ပြုံး သီတင်းသုံးလျက်၊ **ဂရုဝရာနံ**= ပညာဂုဏ်အင် စုံလင် ပေလတ် ကျေးဇူးရှင်ဆရာမြတ်တို့၏၊ **သန္တိကေ**= အထံတော်၌၊ **နာနာဂန္ထေ**= ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် သိမှတ်ဖွယ်ရာ အမျိုးမျိုးသော ကျမ်းစာတို့ကို၊ **ဥဂ္ဂဏှိတွာ**= သင်ယူ၍၊ **ပဋုတံ**= တတ်မြောက်စုံလင် ကျွမ်းကျင်သူ၏ အဖြစ်သို့၊ **သမ္ပတ္တော**= ကောင်းစွာမသွေ ရောက်ခဲ့ပါပေသတည်း။

**၈။ ဝါစကေနာ’ ဝါသိကေန၊ နိယုတ္တေနာ’ ဓိပေန စ။**
**ဝသန္တော ဝိသုဒ္ဓါရာမေ၊ ဇောတေသိ ဇိနသာသနံ။**

**ဝိသုဒ္ဓါရာမေ**= မဟာဝိသုဒ္ဓါရုံ တိုက်ရွှေဘုံ၌၊ **ဝါစကေန**= ဂဏဝါစက မည်ရစင်စစ် စာချဆရာတော်၏ အဖြစ်ဖြင့်၎င်း၊ **အာဝါသိကေန**= ကြေးမြင်ကျောင်းကြီး အုပ်စီးစင်စစ် ကျောင်းဘုန်းကြီးအဖြစ်ဖြင့်၎င်း၊ **နိယုတ္တေန**= ကြီးကြပ်ရေးမှူး ရာထူးစင်စစ် တိုက်ကြပ်ဆရာတော်အဖြစ်ဖြင့်၎င်း၊ **အဓိပေန စ**= အုပ်ချုပ်ရေးမှူး ရာထူးစင်စစ် တိုက်အုပ်ဆရာတော်အဖြစ်ဖြင့်၎င်း၊ **ဝသန္တော**= တာဝန်ထမ်းရွက် နှစ်သက်ရွှင်ပြုံး သီတင်းသုံးတော်မူလျက်၊ **ဇိနသာသနံ**= ဘုရားမြတ်စွာ သာသနာကို၊ **ဇောတေသိ**=ကောင်းသောဂုဏ်ရောင် ထွန်းပြောင်စေခဲ့လေပြီတကား။

### ၈၉။ သဂ္ဂလောကသံဝစ္ဆရေ၊ ရွှေကျင်ဂဏာသမာဂမေ။
### ဂဏုက္ကဋ္ဌဘာဝေနိမံ၊ ပူဇယုံ ဂဏဇေဋ္ဌကာ။

**သဂ္ဂလောကသံဝစ္ဆရေ**= မြန်မာဝေါဟာ သချ်ာတွက်စစ် ၁၃၃၇ ခုနှစ်၌၊ **ရွှေကျင်ဂဏာသမာဂမေ**= ရွှေကျင်ဂိုဏ်းလုံး စည်းရုံးညီရေး သံဃာ့အစည်းအဝေး၌၊ **ဂဏဇေဋ္ဌကာ**= ရွှေကျင်ဂိုဏ်းထူး ကြီးမှူးထင်ပေါ် ဆရာတော်တို့သည်၊ **ဣမံ**= သက်တော်ရာရောက် ထွန်းတောက်ထင်ပေါ် ဤသက်တော်ရှည်ဆရာတော်ကို၊ **ဂဏုက္ကဋ္ဌဘာဝေန**= ရွှေကျင်နိကာယ ဥက္ကဋ္ဌမဟာနာယက သမ္မုတိသံဃရာဇာ ဂုဏ်ဝါထွန်းသစ် သာသနာပိုင်ဆရာတော် အဖြစ်ဖြင့်၊ **ပူဇယုံ**= စိတ်တူကိုယ်တူ ကြည်ဖြူရွှင်ပျော် ပူဇော်ခဲ့ကြလေကုန်ပြီ။

### ၉၀။ အာဘာလောကသံဝစ္ဆရေ၊ ရဋ္ဌိသာ ဂဏဇေဋ္ဌကံ။
### အဂ္ဂမဟာပဏ္ဍိတောတိ၊ လဒ္ဓေန အဘိမာနယုံ။

**ဂဏဇေဋ္ဌကံ**= ရွှေကျင်ဥက္ကဋ္ဌ လေးမြတ်ပူဇော် ထင်ပေါ်ဝေးနီး သက်တော်ရှည်ဆရာတော်ဘုရားကြီးကို၊ **ရဋ္ဌိသာ**= ပြည်ထောင်စုမြန်မာနိုင်ငံ စီမံအုပ်ချုပ် ပြုလုပ်နိုင်ကြ နိုင်ငံတော်အစိုးရတို့သည်၊ **အာဘာလောကသံဝစ္ဆရေ**= မြန်မာဝေါဟာ သချ်ာတွက်စစ် ၁၃၄၀ ပြည့်နှစ်၌၊ **အဂ္ဂမဟာပဏ္ဍိ တောတိ လဒ္ဓေန**= အဂ္ဂမဟာပဏ္ဍိတ် ဘွဲ့တံဆိပ်ဖြင့်၊ **အဘိမာနယုံ**= ရိုသေဆက်ကပ် လေးမြတ်ကြလေကုန်သတည်း။

**၉၁။ ရွှေကျင်ထေရော ဝိသုဒ္ဓါရုံ၊**
**ဒီပဲရင်း ကျိုက္ကစံ အလုံ။**
**ချမ်းသာ လှတော ကျိုက်လတ် ကန္နီ၊**
**စံကင်း မြောင်းမြ ဒိဝင်္ဂတာ။**

**ရွှေကျင်နိကာယေ**= နှစ်တရာကျော် ထင်ပေါ်လေပြီး ရွှေကျင်ဂိုဏ်းကြီး၌၊ **ရွှေကျင်ထေရော**= ရွှေကျင်ဆရာတော်နှင့်၊ **ဝိသုဒ္ဓါရုံထေရော**= ဝိသုဒ္ဓါရုံဆရာတော်နှင့်၊ **ဒီပဲရင်းထေရော**= ဒီပဲရင်းဆရာတော်နှင့်၊ **ကျိုက္ကစံထေရော**=ကျိုက္ကစံဆရာတော်နှင့်၊ **အလုံထေရော**= အလုံဆရာတော်နှင့်၊ **ချမ်းသာထေရော**= ချမ်းသာကြီးဆရာတော်နှင့်၊ **လှတောထေရော**= လှတောဆရာတော်နှင့်၊ **ကျိုက်လတ်ထေရော**= ကျိုက်လတ်ဆရာတော်နှင့်၊ **ကန္နီထေရော**= ကန္နီဆရာတော်နှင့်၊ **စံကင်းထေရော**= စံကင်းဆရာတော်နှင့်၊ **မြောင်းမြထေရော**= မြောင်းမြဆရာတော်နှင့်၊ **ဣမေ ထေရာ**= ဂဏုက္ကဋ္ဌ ဂဏဦးစီး ဤဆရာတော်ဘုရားကြီးတို့သည်၊ **ဒိဝင်္ဂတာ**= နတ်ပြည်စံပျော် လွန်တော်မူကြလေကုန်ပြီ။

**၉၂။ ထေရော စာယံ သတဗီဝီ၊ ဝိသုဒ္ဓါရာမိကော သုဓီ။**
**ဂုရဝေါ မေ ဂဏုက္ကဋ္ဌာ၊ ရွှေကျင်ဂဏဓုရန္ဓရာ။**

**သုဓီ**= ထက်မြက်လျှင်မြန် ကောင်းမြတ်သော ပညာဉာဏ်ရှိတော်မူသော၊ **ဝိသုဒ္ဓါရာမိကော**= ဝိသုဒ္ဓါရုံ ရွှေဘုံသမိုက်

မြတ်ကျောင်းတိုက်၌ ပျော်ပိုက်ရွှင်ပြုံး သီတင်သုံးတော်မူသော၊ **အယံ ထေရော စ**= ဘုန်းရောင်ကံရောင် ဉာဏ်ရောင်ထိန်ငြီး ဤဧကောဒသမ ရွှေကျင်သာသနာပိုင်ဆရာတော်ဘုရားကြီး သည်ကား၊ **သာတဇီဝီ**= တရာပြည့်မီ သက်တော်ရှည်လျက် ရွှင်ကြည်စိတ်ထား သဒ္ဓါပွါးလျက် အများလူရှင် ဖူးမြင်နိုင်ဘိ သက်တော်ထင်ရှားရှိသည်၊ **ဟောတိ**= ဖြစ်ပါငြပ၏။ **ဣမေ ဂုရဝေါ**= ကျောက်ထီးအသွင် အစဉ်လေးစား အားထားခိုမှီး ဤဆရာတော်ဘုရားကြီးတို့သည်၊ **ဂဏုက္ကဋ္ဌာ**= ဂိုဏ်းမြတ်ဦးစီး ဂဏုက္ကဋ္ဌမထေရ်မြတ်ကြီးတို့သည်၊ **ဟုတွာ**= ဖြစ်တော်မူကြကုန်၍၊ **ရွှေကျင်ဂဏဓုရန္ဓရာ**= ရွှေကျင်ဂိုဏ်းမြတ် နှင်းအပ်တာဝန် ကျေပွန်လေအောင် စွမ်းရည်ပြောင်ကာ ထမ်းဆောင်တော်မူကြပါပေသတည်း။

## ၉၃။ ဝိသုဒ္ဓါရာမာဓိပေန၊ နိကာယဝရကေတုနာ။ ပဂ္ဂဟိတော သုဓီရဿ၊ သမ္ဗုဓသာဝကော အယံ။

**နိကာယဝရကေတုနာ**= ရွှေကျင်နိကာယ် မှန်ကင်းသဖွယ် ဖြစ်တော်မူသော၊ **ဝိသုဒ္ဓါရာမာဓိပေန**= ဒုတိယရွှေကျင် သာသနာပိုင် ဦးကိုင်ထိပ်သီး ပဌမဝိသုဒ္ဓါရုံ ဆရာတော်ဘုရား ကြီးသည်၊ **အယံ**= သက်တော်ထင်ရှား ဤရာပြည့်ဆရာတော် ဘုရားကို၊ **ပဂ္ဂဟိတော**= အရေးတယူ ကြည်ဖြူဝမ်းမြောက် ချီးမြောက်တော်မူအပ်ပါပေ၏၊ **အယံ**= သက်တော်ထင်ရှား

ဤရာပြည့်ဆရာတော်ဘုရားသည်၊ **သုစီရသ**= ပညာရှိ ထိပ်သီး ပဌမဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏၊ **သမ္ဘူခသာဝကော**= လက်ထက်တော်ပွါး တပည့်ကြီးတပါး ဖြစ်ပါပေသတည်း။

**၉၄။ သုစီရော ယာဝဋ္ဌတနာ၊ ပဋ္ဌာယာ’ ဂတကာလတော။ သန္တော ဝိသုဒ္ဓါရာမေ၊ စိရဝါသိတမော အယံ။**

**အယံ သုစီရော**= ပညာရှိထိပ်သီး ဤသက်တော်ရှည် ဆရာတော်ဘုရားကြီးသည်၊ **အာဂတကာလတော**= ရှင်သာမဏေဘဝ ရောက်လာရာအခါကာလမှ၊ **ပဋ္ဌာယ**= အစပြု၍၊ **ယာဝ’ဋ္ဌတနာ**= သက်တော်တရာ ရှည်ကြာပျော်မွေ့ ယနေ့တိုင်အောင်၊ **ဝိသုဒ္ဓါရာမေ**= ဝိသုဒ္ဓါရုံ ရွှေဘုံသိုက်မြိုက် မြတ်ကျောင်းတိုက်၌၊ **ဝသန္တော**= ချမ်းမြေ့ရွှင်ပြုံး သီတင်းသုံးတော်မူရကား၊ **စိရဝါသိတမော**= ရှည်ကြာလွန်ကဲ အနေမြဲသည့် အောင်ပွဲရသူ ဆရာတော်ကြီး ဖြစ်တော်မူပါပေသတည်း။

**၉၅။ သန္တကာယော သန္တဝါစော၊ သုစီရော သန္တမာနသော။ ပဿန္တသန္တဇနာန၊ မာနသံ သန္တမာဝဟော။**

**သုစီရော**= ပညာရှိထိပ်သီး သက်တော်ရှည်ဆရာတော်ဘုရားကြီးသည်၊ **သန္တကာယော**- ကြည်ညိုဘွယ်ရာ ငြိမ်သက်သော ကိုယ်အမူအရာ ရှိတော်မူပါပေ၏၊ **သန္တဝါစော**-

အေးချမ်းစေခြား ငြိမ်သက်သောစကား ရှိတော်မူပါပေ၏။ **သန္တမာနသော**= ကျန်းမာရွှင်ပြုံး ငြိမ်သက်သော စိတ်နှလုံး ရှိတော်မူပါပေ၏။ **ပဿန္တသန္တဇနာနံ**- ဖူးမြင်ရခြား သူတော်စင်အများတို့၏၊ **မာနသံ**= စိတ်ကို၊ **သန္တမာဝဟော**= ငြိမ်းချမ်းလေအောင် စွမ်းဆောင်တော်မူပါပေသတည်း။

**၉၆။ အတ္တနောယေဝ အတ္တနိ၊ ပသာဒမာစရေ ဗုဓော။**
**နာ ညေသံ ပန အညေသံ၊ ပသာဒေါ တံ န ကာရဏံ။**

**ဗုဓော**= အရာရာတွင် ဆင်ခြင်နိုင်းဆို ပညာရှိပုဂ္ဂိုလ်သည်၊ **အတ္တနောယေဝ**= မိမိ၏သာလျှင်၊ **အတ္တနိ**= မိမိ၌၊ **ပသာဒံ**= ကြည်ညိုခြင်းကို၊ **အာစရေ**= ပြုကျင့်ရာ၏။ **အညေသံ**= အများရှင်လူ တပါးသူတို့၏၊ **အတ္တနိ**= မိမိ၌၊ **ပသာဒံ**- ကြည်ညိုခြင်းကို၊ **န အာစရေ**= မပြုကျင့်ရာ၊ **အညေသံ**= အများရှင်လူတပါးသူတို့၏၊ **ယော ပသာဒေါ**= အကြင်ကြည်ညိုခြင်းသည်၊ **အတ္ထိ**= ရှိ၏၊ **တံ**= ထိုသူတပါးတို့၏ ကြည်ညိုခြင်းကား၊ **န ကာရဏံ**= မိမိအဘို့နှစ်မြို့ဖွယ်ကောင်း မင်္ဂဖိုလ်အကြောင်း မဟုတ်ပါပေ။

**၉၇။ ဒုက္ကရာ သီလဝိသုဒ္ဓိ၊ အဓိဂမော တထာ န ဟိ။**
**သီလမှိ ဝိသုဒ္ဓေ တေန၊ အဓိဂမော န ဒုလ္လဘော။**

**သီလဝိသုဒ္ဓိ**= ပွတ်သစ်ဖြူဝင်း ခရုသင်းသဖွယ် သီလ၏ စင်ကြယ်မှုသည်၊ **ဒုက္ကရာ**= ခဲယဉ်းသဖြင့်ပြုအပ်သည်၊

**ဟောတိ**= ဖြစ်၏၊ **အဓိဂမော**= ရအပ်ကြည်နူး မဂ်ဖိုလ်တရားထူးသည်၊ **တထာ**= ထိုအတူ ခဲယဉ်းသဖြင့်ပြုအပ်သည်၊ **န ဟိ ဟောတိ**= မဖြစ်သည်သာတည်း၊ **သီလမှိ**= သီလသည်၊ **ဝိသုဒ္ဓေ**= ခရုသင်းပွတ်သစ် ပုလဲနှစ်သဘွယ် စင်ကြယ်သည်ရှိသော်၊ **တေန**= ထိုပုဂ္ဂိုလ်သည်၊ **အဓိဂမော**= ရအပ်ကြည်နူး မဂ်ဖိုလ်တရားထူးကို၊ **န ဒုလ္လဘော**-ခဲယဉ်းသဖြင့် ရအပ်သည် မဟုတ်ပါပေ။

## ၉၈။ ဝံ ထေရော မဟောဝါဒံ၊ ဒဒါတိ မဂ္ဂဒီပကံ။ တသောဝါဒံ ကရိဿာမ၊ ပူဇေန္တာ ဂဏဇေဋ္ဌကံ။

**ဧဝံ**= ဤသို့ **ထေရော**= သက်တော်ရှည်ကြာ ထေရ်မဟာသည်၊ **မဂ္ဂဒီပကံ**= နိဗ္ဗာန်ရောက်ကြောင်း လမ်းကြောင်းအစ ညွှန်၍ပြသော၊ **မဟောဝါဒံ**= အဖိုးတန်လှ မြတ်သောဩဝါဒကို၊ **ဒဒါတိ**= သာယာမိန့်ခွေ ပေးတော်မူတတ်ပါပေ၏၊ **ဂဏဇေဋ္ဌကံ**= ရွှေကျောင်းဦးစီး သက်တော်ရှည်သာသနာပိုင် ဆရာတော်ဘုရားကြီးကို၊ **ပူဇေန္တာ**= ဝမ်းမြောက်ရွှင်ပျော် ပူဇော်ကြကုန်သည်ဖြစ်၍၊ **တဿ**= သက်တော်ရှည်ပြား ထိုသာသနာပိုင်ဆရာတော်ဘုရားကြီး၏၊ **ဩဝါဒံ**= ဆုံးမလမ်းညွှန် ဩဝါဒမှန်ကို၊ **ကရိဿာမ**= ဝမ်းသာရွှင်ပျ လိုက်နာပြုလုပ်ကြပါကုန်စို့။

### ၉၉။ သဒ္ဓမ္မအမ္ဗရေ ဒါနီ၊ သံယောဂူပရိဝါရိတော။
### လသတံ ထေရပုဏ္ဏိန္ဒူ၊ အနဂ္ဃာဗာဓဝါရိတော။

**ဒါနီ**= ၁၃၄၇ ခု ရတုသာစို ခွါညိုနံ့သင်း မြောက်လေညှင်း တည့် ငွေနှင်းမှုန်ကျ ကြယ်ဖုသျှနှင့် ဝင်းပစန္ဒာ ဆုံလာကြုံတွေ့ ဤပြာသိုလပြည့်နေ့၌၊ **သဒ္ဓမ္မအမ္ဗရေ**= သဒ္ဓမ္မသုံးဖြာ သာသနာဟု လွန်စွာသန့်စင် ထက်ကောင်းကင်၌၊ **ထေရပုဏ္ဏိန္ဒူ**= သီလ သမာ ပညာရောင်ထွန်း ဆရာတော်ဘုရားကြီးတည်းဟူသော လပြည့်ဝန်းသည်၊ **အနဂ္ဃာဗာဓဝါရိတော**= ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ပြစ်မျိုးသဘွယ် အန္တရာယ်အသီးသီး မတားဆီးအပ်သည်ဖြစ်၍၊ **သံယောဂူပရိဝါရိတော**= ကြယ်တာရာသွင် ထေရ်အရှင်ဟု ရွှေကျောင်တပည့် ဂုဏ်ရှိထည်မှတ် ပရိသတ်အပေါင်း ရံခညောင်းလျက်၊ **လသတံ-လသတု**= အစဉ်ထာဝရ ထွန်းပထိန်ဝေ တင့်တယ်တော်မူပါပေသတည်း။

### ၁၀၀။ ဝိဇာတသမယော သော၊ ဂုရုန’ ဠ သမာဂမော။
### ဂါထာသတံ ပဝေဒေမိ၊ သော မေ ဂုရုပူဇနာ။

**အဋ္ဌ**= ယန္နေ့၊ **ဧသ သမာဂမော**= ထက်အောက်စုံလင် ဂိုဏ်းရွှေကျောင်မှ ထေရ်ရှင်အပေါင်း နှစ်ထောင်းအားရ စည်းဝေးကြရာ ဤပွဲမဟာသည်၊ **ဂုရုနော**= ရွှေကျောင်ဉူးစီး ဧကာဒသမရွှေကျောင်သာသနာပိုင် ဆရာတော်ဘုရားကြီး၏၊ **ဝိဇာတသမယော**= နှစ်တရာမြောက် ထွန်းတောက်၍လာရာပြည့်

မွေးနေ့တော်အခါပါတည်း၊ **အဋ္ဋ**= ရာပြည့်မွေးနေ့ ကြုံတွေ့ဆုံလာ ဤယခုအခါ၌၊ **ဂါထာသတံ**= ရွှေကျင်နိကာယ သံဃာ့ဥသျှောင် ခေါင်းဆောင်ဦးစီး ဂဏုက္ကဋ္ဌ ဆရာတော်ဘုရားကြီးတို့၏ အံ့ချီးဘွယ်ရာ ဂုဏ်မဟာကို လွန်စွာကျဉ်းလှ သခေ်ပဖြင့် ဖော်ပြဖွဲ့ဆို ကြည်ညိုဖွယ်ရာ တစ်ရာသောဂါထာကို၊ **ပဝေဒေမိ**= ပူဇော်လိုစိတ် လွန်ယိုဖိတ်လျက် ဂုဏ်ဟိတ်ကြည်ညို လျှောက်ဆိုပါ၏ဘုရား၊ **သော**= ဂါထာတရာ ကျူးသီကာဖြင့် သဒ္ဒါရွှင်ပျော် ဤလျှောက်ဆိုပူဇော်ခြင်းသည်၊ **မေ**= တပည့်တော်၏၊ **ဂုရုပူဇနာ**= အလေးပြုအပ် ဆရာမြတ်ကို တုပ်ဝပ်ကော်ရော် ပူဇော်ခြင်းပါဘုရား။



တေရသမ ရွှေကျင်သာသနာပိုင် ညောင်ရွှေဆရာတော်ဘုရားကြီး

(၁၂၇၃ - ၁၃၆၅)



ရဋ္ဌဂုရုဝဏ္ဏနာ

ရစိတာ

ပါဠိ မရမ္မ ဘာသာဟိ

နန္ဒမာလာဘိဝံသေန

မဟာ သုဓောဓာရာမဝါသိကေန

၁၃၅၉ - ၁၉၉၇

မူရင်းကျမ်းစာအုပ် မျက်နှာဖုံး ပုံ

# ရဋ္ဌဂုရုဝဏ္ဏနာ

**၁။ ဝန္ဒိယ ဂုဏီန ဂုဏ-ဝါဒိန ဂုဏသာဂရံ။**
**ဝဏ္ဏယိဿံ ဂုဏံ အဂ္ဂ-ဂုရုနော ဓမ္မဇောတကံ။**

**ဂုဏီနံ**= ချီးမွမ်းဖွယ်ဂုဏ် ပြည့်စုံဘိဟူ ဂုဏ်ရှိသူတို့၏၊ **ဂုဏဝါဒိနံ**= ဂုဏ်ရည်ရှုမြော် ဂုဏ်ပြုစကား မိန့်ကြားတော်မူတတ်သော၊ **ဂုဏသာဂရံ** = သမုဒ်ပင်လယ် ရေနက်ကျယ်သို့ အံ့ဖွယ်စုံလင် ဂုဏ်အင်များပြား မြတ်ဘုရားကို၊ **ဝန္ဒိယ**= ဂုဏ်ရည်မြတ်နိုး ရှိခိုးပြီး၍၊ **အဂ္ဂဂုရုနော**= အဂ္ဂဂုရု ဂုဏ်ပြုပူဇော် တံဆိပ်တော်ဖြင့် ထင်ပေါ်လှပြား ကျေးဇူးတော်ရှင် ကန်ကြီးဆရာတော်ဘုရား၏၊ **ဓမ္မဇောတကံ**= ဓမ္မအရောင် ထွန်းလင်းပြောင်ဘို့ စွမ်းဆောင်နိုင်ဘိ ဂုဏ်ရည်ရှိသော၊ **ဂုဏံ**= သီလစသည် မြတ်ဂုဏ်ရည်ကို၊ **ဝဏ္ဏယိဿံ**= ငါးဆယ် ဂါထာ ကျူးသီကာဖြင့် လွန်စွာကြည်ညို ရွတ်ဆိုလျှောက်ကြား ပါအံ့။

**၂။ ပါစိနဒေသော မရမ္မ-ရဋ္ဌေ စေတိယသောဘိတော။**
**အစ္စုဂ္ဂတတလော ရမ္မော၊ သျာမရဋ္ဌသုပါကဋော။**

**စေတိယသောဘိတော**= ပုထိုးစေတီ အလီလီဖြင့် ဂုဏ်ရည်မြင့်ကြွယ် လွန်တင့်တယ်သော၊ **မရမ္မရဋ္ဌေ**= ပြည်ထောင်စုခေါ် မြန်မာနိုင်ငံတော်၌၊ **အစ္စုဂ္ဂတတလော**= ပင်လယ်ပြင်ထက် မြင့်တက်တည်ဘိ ကုန်းမြေရှိသော၊ **ရမ္မော**= မြင်သူနှလုံး ရွှင်ပြုံးကြည်သာ မွေ့လျော်ရာဖြစ်သော၊ **သျာမရဋ္ဌသုပါကဋော**= ရှမ်းပြည်နယ်ဟု ပြည့်ကြွယ်ရတနာ ဂုဏ်ဝါကြီးမား လွန်ထင်ရှားသော၊ **ပါစိနပဒေသော**= အရှေ့ပိုင်း ခေါ်ကြ ကုန်းမြေ ဒေသသည်၊ **အတ္ထိ**= အစဉ်အားဖြင့် ထင်ရှားမသွေ တည်ရှိပါပေသတည်း။

**၃။ နာနာကုလသမာကိဏ္ဏော၊ ခေတ္တဝတ္ထုပရိက္ခတော။**
**ပဒေသော ဥဇုစိတ္တာန၊ သျာမရဋ္ဌသုပါကဋော။**

**နာနာကုလသမာကိဏ္ဏော**= ရှမ်း ပလောင် ပအိုဝ့် မချို့ များပြား တိုင်းရင်းသားဟု မျိုးခြားစုံစွာ လူမျိုးစုံတို့၏ နေရာဖြစ်သော၊ **ခေတ္တဝတ္ထုပရိက္ခတော**= စိမ်းညိုရံပတ် လယ်ယာမြေတို့ဖြင့် ခြံရံအပ်သော၊ **ဥဇုစိတ္တာနံ**= ရိုးသားဖြောင့်မတ် စိတ်ဓာတ်ရှိသူတို့၏၊ **ပဒေသော**= စင်ဖြူများစွာ နေထိုင်ရာဖြစ်သော၊ **သျာမရဋ္ဌ သုပါကဋော**= ဂုဏ်ဝါမြင့်ကြွယ် ရှမ်းပြည်နယ်ဟု မျိုးနွယ်များပြား လွန်ထင်ရှားသော အရပ်ဒေသသည်၊ **အတ္ထိ**= အစဉ်အားဖြင့် ထင်ရှားမသွေ တည်ရှိပါပေသတည်း။

**၄။ ဥတုဘောဇနသမ္ပန္နော၊ ဝနပုပ္ဖေဟိ သောဘိတော။**
**သမ္ပန္နော ဆာယုဒကေဟိ၊ ပဒေသော သျာမသညိတော။**

**ဥတုဘောဇနသမ္ပန္နော**= ချမ်းအေးလေမှု ဥတုရာသီ အဆီသြဇာ လွန်စွာပြည့်ဝ အစာအာဟာရတို့နှင့် ပြည့်စုံထသော၊ **ဝနပုပ္ဖေဟိ**= နုပျိုလန်းဆန်း ရောင်စုံပန်းတို့ဖြင့်၊ **သောဘိတော**= ရှုချင်စဖွယ် လွန်တင့်တယ်ထသော၊ **ဆာယုဒကေဟိ**= တောတောင်မှီနေ အရိပ်ရေတို့နှင့်၊ **သမ္ပန္နော**= လောက်ငကုံလုံ ပြည့်စုံထသော၊ **သျာမသညိတော**= ရှမ်းပြည်နယ်အမည်ရှိသော၊ **ပဒေသော**= ကုန်မြင့်ဒေသ ရပ်ဌာနသည်၊ **အတ္ထိ**= အစဥ်အားဖြင့် ထင်ရှားမသွေ တည်ရှိပါပေသတည်း။

**၅။ ဘူတပုဗ္ဗံ အယံ ဒေသော၊**
**နဝမောရဋ္ဌသညိတော။**
**ကူဒ္ဒေါ ဖီတော ဇနာကိဏ္ဏော၊**
**စော်ဘွားရာဇူဟိ သာသိတော။**

**ဘူတပုဗ္ဗံ**= နှစ်ပေါင်းလွန်ကြာ ရှေးအခါ၌၊ **အယံ ဒေသော**= ကုန်းမြင့်ဌာန ဤဒေသသည်၊ **နဝ မောရဋ္ဌသညိတော**= ရှမ်းတို့ဌာနီ မောကိုးပြည်ဟု တွင်သည်ခေါ်ဘိ အမည်ရှိသော၊ **ကူဒ္ဒေါ**= ဘောဂဖုံဖုံ လွန်ပြည့်စုံသော၊ **ဖီတော**= မှန်ကန် မိုးလေ စားရေ ဝတ်ပေါ သာယာဝပြောသော၊ **ဇနာကိဏ္ဏော**= တိုင်းရင်းခေါ်တုံ လူမျိုးစုံတို့ မူပုံများးစွာ ရောနှော

နေထိုင်ရာဖြစ်သော၊ **စော်ဘွားရာဇူပဟိ**= ပြည်ငယ်သေဌ်နင်း စော်ဘွားမင်းတို့သည်၊ **သာသိတော**= ဆုံးမအုပ်ချုပ် မင်းလုပ် အပ်သော၊ **ပဒေသော**= နယ်ပယ်ကျယ်လှ အရပ်ဌာနကြီး ပါပေတည်း။

**၆။ တသ္မိံ ညောင်ရွှေတိ ဝိဿုတံ၊ နဂရံ ပုင္ဒဘေဒနံ။**
**စော်ဘွားရာဇာ အဇ္ဈာဝသိ၊ မဏ္ဍိတံ ရာဇမန္ဒိရံ။**

**တသ္မိံ** = ပြည့်စုံဖြိုးကြွယ် ထိုရှမ်းပြည်နယ်၌၊ **ညောင်ရွှေတိ ဝိဿုတံ**= ညောင်ရွှေဟူ၍ ထင်ရှား လူသိများသော၊ **ပုင္ဒ ဘေဒနံ**= အထုပ်ကိုဖြည် အရောင်းအဝယ်တို့ဖြင့် စည်ကား သော၊ **နဂရံ**= မြို့၌၊ **စော်ဘွားရာဇာ**= စော်ဘွားမင်း သည်၊ **မဏ္ဍိတံ**= လှပပြုပြင် တန်ဆာဆင်အပ်သော၊ **ရာဇ မန္ဒိရံ**= ဟော်နန်းတော်၌၊ **အဇ္ဈာဝသိ**= စိုးမိုးအုပ်ချုပ် မင်းလုပ်ကာပေ နေထိုင်လေသတည်း။

**၇။ နဂရေ တမှိ တံရညာ၊**
**ကာရိတော ဓမ္မဇောတကော။**
**အာရာမော ဘိက္ခုသံဃဿ၊**
**ကန်ကြီးကျတိ သုပါကဋော။**

**တမှိ နဂရေ**= ထိုညောင်ရွှေမြို့၌၊ **တံရညာ**= စော်ဘွား မည်တွင်, ထိုရှမ်းဘုရင်သည်၊ **ကာရိတော**= ဆောက်လုပ်

လျှံဒါန်းအပ်သော၊ **ကန်ကြီးက္ကတိ သုပါကမ္ဘော**= ကန်ကြီး ကျောင်းတိုက်ဟူ၍ ထင်ရှားကျော်ကြားသော၊ **ဓမ္မဓော တကော**= တရားတော်အရောင် ထွန်းပြောင်စေတတ်သော၊ **ဘိက္ခုသံဃဿ အာရာမော**= ရဟန်းတော်အပေါင်း စံ ညောင်းပျော်ရာ ကျောင်းဝိဟာသည်၊ **အတ္ထိ**= အစဉ်အားဖြင့် ထင်ရှားမသွေ တည်ရှိပါပေသတည်း။

**၈။ သီတုဒကဇလာသယ၊ မုပါဒါယ ပကိတ္တိတော။**
**ကန်ကြီးဝှယမဟာရာမော၊ ပုညကမ္မသုနိမ္မိတော။**

**ပုညကမ္မသုနိမ္မိတော**= ကောင်းမှုကုသိုလ် ခုလိုမယွင်း ဖန်းဆင်းအပ်သော၊ **ကန်ကြီးဝှယမဟာရာမော**= ကန်ကြီး သမိုက် ကျောင်းတော်တိုက်ကို၊ **သီတုဒကဇလာသယံ**= ကြည် စိမ့်အေးစွာ ရေကန်သာကို၊ **ဥပါဒါယ**= စွဲမှီသမှု အကြောင်းပြု ၍၊ **ပကိတ္တိတော**= ကန်ကြီးကျောင်းတိုက် ဂုဏ်နှင့်လိုက်အောင် သမိုက်တွင်စေ ခေါ်ဆိုအပ်ပါပေသတည်း။

**၉။ စော်ဘွားရာဇာ မဟာထေရံ၊ နိမန္တေတွာန သာဒရံ။**
**ဝသာပေသိ ကန်ကြီးဝှယေ၊ ကာတုံ သဒ္ဓမ္မဓောတနံ။**

**စော်ဘွားရာဇာ**= 'စောရွှေသိုက်'တွင် စော်ဘွားဘုရင် သည်၊ **မဟာထေရံ**= ကန်ကြီးမည်တွင် ထေရ်အရှင်ကို၊ **သာဒရံ**= ရိုသေအားထား လေးစားခြင်းရှိသည်ဖြစ်၍၊ **နိမန္တေ**

**တွာန**= ပင့်ဆောင်၍၊ **သဒ္ဓမ္မဇောတနံ**= သူတော်တရား ထွန်းကား ပြန့်ပွားခြင်းကို၊ **ကာတုံ**= ပြုခြင်းငှာ၊ **ကန်ကြီးဝှယေ**= ကန်ကြီးမည်သာ ကျောင်းတိုက်တာ၌၊ **ဝသာပေသိ**= မျှတ ရွှင်ပြုံး သီတင်းသုံး နေထိုင်စေခဲ့လေသတည်း။

**၁၀။ ဈာနဂေါပ သံဝစ္ဆရေ မာသေ ဖုဿောတိ လက္ခိတေ မောက္ခဒိနေ မရမ္မဿ၊ ထေရော ဓမ္မဇောတယိ။**

**ထေရော**= ကန်ကြီးမည်တွင် ထေရ်အရှင်သည်၊ **ဈာန ဂေါပ သံဝစ္ဆရေ**= မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်၌၊ **မာသေ ဖုဿောတိ လက္ခိတေ**= ဖုဿမည်ရ ပြာသိုလ၌၊ **မရမ္မဿ**- ပြည်ထောင်စုခေါ် မြန်မာနိုင်ငံတော်၏၊ **မောက္ခဒိနေ**= "လွတ်လပ်ရေးနေ့"၌၊ **ဓမ္မံ**= ဗုဒ္ဓဟောကြား မြတ်တရားကို၊ **အဇောတယိ**= ကန်ကြီးမည်သာ ကျောင်းဝိဟာ၌ ဦးစွာမသွေ ထွန်းလင်းစေတော်မူခဲ့ပါပေသတည်း။

**၁၁။ ဘိက္ခူနံ ဒေသဝါသီနံ၊ ဿျာမကုလဝိဇာယိနံ။ ဓမ္မံ ဝါစေသိ သတ္ထုနော၊ ဓမ္မညူ ဓမ္မစောဒကော။**

**ဓမ္မညူ**= တရားသိမြင် ပညာရှင်ဖြစ်တော်မူသော၊ **ဓမ္မဇောတကော**= တရားအရောင်, ထွန်းပြောင်စေပြား ကန်ကြီးဆရာတော်ဘုရားသည်၊ **ဒေသဝါသီနံ**= ရှမ်းပြည်၌ နေထိုင်ကြကုန်သော၊ **ဿျာမကုလဝိဇာယိနံ**= ရှမ်းမျိုးနွယ်ဖွား

ဖြစ်ကြကုန်သော၊ **ဘိက္ခုနံ**= ဘုရားသားကျော် ရဟန်းတော်တို့အား၊ **သတ္ထုနော** - နတ်လူတို့၏ ဆရာ ဘုရားမြတ်စွာ၏၊ **ဓမ္မံ**= ပိဋကတ်ဓမ္မခန် တရားမှန်ကို၊ **ဝါစေသိ**= ကောင်းစွာမသေ့ ပို့ချတော်မူခဲ့ပါပေသတည်း။

**၁၂။ အာရာမေ ယတ္ထ ထေရေန၊ သဒ္ဓမ္မဇောတနံ ကတံ။ အာသိ ဝဿေန ပညာသံ၊ ပညာသတ္တနိ်တေဇကော။**

**ယတ္ထ**= ကန်ကြီးသမိုက် အကြင်ကျောင်းတိုက်၌၊ **ထေရေန**= နီးဝေးပေါ်လွင် ကန်ကြီးထေရ်အရှင်သည်၊ **သဒ္ဓမ္မဇောတနံ**= သူတော်တရား ထွန်းကားခြင်းကို၊ **ကတံ**= လုံ့လဖွဲ့သန် စိတ်အားမာန်ဖြင့် အဖန်ဖန်ကြိုးကုတ် အားထုတ်တော်မူအပ်လေပြီ **ပညာသတ္တနိ်တေဇကော**= ပညာလက်နက် ဒါးသန်လျက်ကို ထက်အောင် သွေးရာဖြစ်ပေသော၊ **သော အာရာမော**= ကန်ကြီးသမိုက် ထိုကျောင်းတော်တိုက်သည်၊ **ဝဿေန**= ကန်ကြီးထေရ်ကျော် ရှင်ပျော်အားသစ် သီတင်းသုံးတော်မူခဲ့ရာ နှစ်အားဖြင့်၊ **ပညာသံ အာသိ**= ရာစုတွက်စစ် ၅၀ နှစ်ဟု စင်စစ်မသေ့ ဖြစ်ခဲ့လေပြီတကား။

**၁၃။ သမယောယံ ပညာသာယ၊ ပညာသတ္တသုဓာရိနော အာရာမဿ သတံ ဓမ္မ ဇောတိနော ဟိတကာရိနော။**

**အယံ**= စုပေါင်းမင်္ဂလာ ယနေ့အခါသည်၊ **ပညာသတ္တသုဓာရိနော**= ပညာလက်နက် စွမ်းထက်လွန်အောင် ကိုင်

ဆောင်တော်မူပြား ကန်ကြီးဆရာတော်ဘုရား၏၊ **သတံ မမ္မဇောတိနော**= သူတော်ကောင်းတရား ရှင်လူများတို့ သိပြားလေအောင် ထွန်းပြောင်စေရာ ဖြစ်ပေသော၊ **ဟိတ ကာရိနော**= ရှင်လူအများ ကျိုးစီးပွားကို ပိုင်းခြားသေချာ ပြုလုပ်ရာဖြစ်သော၊ **အာရာမသ္သ**= ကန်ကြီးမည်ခေါ် ကျောင်းတိုက်တော်၏၊ **ပညာသာယ သမယော**= နှစ် ၅၀ ကြာ ပြည့်ရာကာလ အခါသမယပါပေတည်း။

**၁၄။ ဝိဟာရာဓိပတိ ထေရော၊**
**ကန်ကြီးဝံသသုမာပကော။**
**သိက္ခာကာမော သိက္ခာပကော၊**
**သိဿသိဿဟိတံကရော။**

**ကန်ကြီဝံသသုမာပကော**= ကန်ကြီးအန္ဓယ် ဂုဏ်ကြွယ် ရှေ့ဆောင် တည်ထောင်တော်မူသော၊ **ဝိဟာရာဓိပတိ ထေရော**= ကန်ကြီးကျောင်းတိုက် သမိုက်ထင်ပေါ် ဦးဆောင် အဓိပတိ ဆရာတော်သည်၊ **သိက္ခာကာမော**= ကိုယ်ကျင့်သိက္ခာ လွန်စွာ အားကိုး မြတ်နိုးတော်မူတတ်ပါပေ၏၊ **သိဿေ**= ခိုဝင်ခညောင်း တပည့်အပေါင်းတို့ကို၊ **သိက္ခာပကော**= ကိုယ်ကျင့်တရား လေးစားတတ်အောင် ရှေ့ဆောင်လေပြား သင်ကြားပေးတော်မူတတ်ပါပေ၏၊ **သိဿဟိတံကရော**= တပည့်များအကျိုး ပွားတိုးလေအောင် ရွက်ဆောင်တော်မူတတ်ပါပေ၏။

**၁၅။ သံဃပိတာ မဟာထေရော၊ ပိဋကေသု ဝိသာရဒေါ။**
**ဝသန္တာ တံ သုနိဿာယ၊ ဝုဒ္ဓိပတ္တာဝ သာသနေ။**

**မဟာထေရော**= ကန်ကြီးတွင်ပြား ကျေးဇူးရှင် ဆရာတော်ဘုရားသည်၊ **သံဃပိတာ**= ကန်ကြီးသံဃာ ပေါင်းများစွာ၏ အားထားရာအစစ် ဘခင်သဖွယ် ဖြစ်တော်မူပါပေ၏၊ **ပိဋကေသု**= ဘုရားဟောဖော် ပိဋကတ်တော်တို့၌၊ **ဝိသာရဒေါ**= ကျွမ်းကျင်လိမ္မာ ရဲရင့်တော်မူပါပေ၏၊ **တံ ထေရံ**= ဆိုပြီးဂုဏ်အင် ထိုထေရ်အရှင်ကို။ **သုနိဿာယ**= ဆုံးမကြည်ညို မှီခိုရသည်ဖြစ်၍၊ **ဝသန္တာ**= ထေရ်ရှင်ထံပါး ခစားကြသူ များရှင်လူတို့သည်၊ **သာသနေ**= ဗုဒ္ဓမြတ်စွာ သာသနာတော်၌၊ **ဝုဒ္ဓိပတ္တာဝ**= ကိုယ်ကျင့်သီလ ဉာဏစွမ်းအား ကြီးပွားကြရကုန်သည်သာတည်း။

**၁၆။ ကန်ကြီးထေရံ မဟာပုညံ၊ သီလဘူသနဘူသိတံ။**
**ပညဝန္တံ ဗဟုဿုတံ၊ ဝန္ဒာမ ဂဏနာယကံ။**

**မဟာပုညံ**= ဘုန်းကံစွမ်းအား ကြီးမားတော်မူသော၊ **သီလဘူသနဘူသိတံ**= ကျင့်ဝတ်သီလ ထာဝရဖြူစင် တန်ဆာဆင်အပ်သော၊ **ပညဝန္တံ**= ကျမ်းဂန်တတ်သိ သမာဓိစွမ်းအင် ထက်မြက်သည့် ပညာရှင် ဖြစ်တော်မူသော၊ **ဗဟုဿုတံ**= လောကဓမ္မ နှစ်ဌာနစုံ စွမ်းဟုန်ကြီးဘိ များသော ဗဟုဿုတရှိတော်မူသော၊ **ဂဏနာယကံ**= ရွှေကျောင်ဂဏ နိကာယ ဦးစီး

ဥက္ကဋ္ဌဆရာတော်ဘုရားကြီးဖြစ်တော်မူသော၊ **ကန်ကြီး ထေရံ**= ကန်ကြီးတွင်ပြြား ကျေးဇူးရှင်ဆရာတော်ဘုရားကို၊ **ဝန္ဒာမ**= လက်အုပ်ကျော့ဆန်း ဂုဏ်ရည်မှန်းလျက် ကန်တော့ ပန်းဆက်ကြပါကုန်စို့တကား။

**၁၇။ အဋ္ဌုပ္ပတ္တိံ ပဝေဒေမိ၊ ဂဏာဓိဋ္ဌဝိဘာဝိနော။**
**ပညာသာယံ အာရာမဿ၊ သမယေ ဓမ္မဓာရိနော။**

**အာရာမဿ**= ကန်ကြီးမည်ခေါ် ကျောင်းတိုက်တော်၏။ **ပညာသာယ**= ၅၀ သက်တမ်း ပြည့်လွှမ်းကြုံလစ် ရွှေရတုနှစ် ဖြစ်သော။ **သမယေ**= ဂုဏ်ပေါင်းစုံခ အခါသမယ၌။ **ဓမ္မဓာရိ နော**= သူတော်တရား လက်ကိုင်ထားတော်မူသော။ **ဂဏာဓိဋ္ဌ ဝိဘာဝိနော**= ပညာရှိထိပ်သီး ဂိုဏ်းဥက္ကဋ္ဌ ဆရာတော်ဘုရား ကြီး၏။ **အဋ္ဌုပ္ပတ္တိံ** = ဘဝကြောင်းဇာတ် အဋ္ဌုပ္ပတ်ကို။ **ပဝေ ဒေမိ**= အကျဉ်းအားဖြင့် စဉ်းစားမှန်ရာ လျှောက်ကြားပါအံ့။

**၁၈။ ဟံသာဝတိမဏ္ဍလဿ၊ သာယာဝတီသုသညိတေ။**
**နာဂရေ သုံးဆယ် နဂရံ၊ ခေတ္တဝတ္ထုယုတိ သောဘိတံ။**

**ဟံသာဝတိမဏ္ဍလဿ**= ဟံသာဝတီ ဂုဏ်ရည်သစ်လှိုင်း ပဲခူးတိုင်း၏၊ **သာယာဝတီသုသညိတေ**= သာယာဝတီ အမည် ရှိသော၊ **နာဂရေ**= မြို့ပေါင်းစုံပိုင် ထိုခရိုင်၌၊ **ခေတ္တဝတ္ထုယုတိ**= စိမ်းလန်းစိုပြေ လယ်ယာမြေတို့ဖြင့်၊ **သောဘိတံ**= ရှုချင်စဖွယ်

လွန်တင့်တယ်သော၊ **သုံးဆယ်နဂရံ**= သုံးဆယ်မြို့သည်၊**အတ္ထိ**-
အစဉ်အားဖြင့် ထင်ရှားမသေ့ တည်ရှိပါပေသတည်း။

**၁၉။ တံပတီစိယံ နဒ္ဒျောကာ၊**
**'လှိုင်' ဣတိ ပတိကိတ္တိတာ။**
**တဒါသန္နေ ဧကော ဂါမော၊**
**'မာလာကာကုန်း'သုသညိ တော။**

**တံပတီစိယံ**= ထို'သုံးဆယ်မြို့'၏ အနောက်အရပ်၌၊ **လှိုင်ဣတိ ပတိကိတ္တိတာ**= အမည်စွဲမှတ် 'လှိုင်' ဟူ၍ ခေါ်ဆို အပ်သော၊ **ဧကော နဒီ**= မြစ်တစ်မြစ်သည်၊ **အတ္ထိ** = ရှိပါပေ၏၊ **တဒါသန္နေ**= ထိုလှိုင်မြစ်၏အနီး၌၊ မာလာကာကုန်း **သုသညိ တော**= လူတို့ ခေါ်ဘိ 'မာလာကာကုန်း'အမည်ရှိသော၊ **ဧကော ဂါမော**= ရွာတစ်ရွာသည်၊ **အတ္ထိ**= အစဉ်အားဖြင့် ထင်ရှားမသေ့ တည်ရှိပါပေသတည်း။

**၂၀။ တံ ဂါမေ ဂဏာဝရဿ၊ ဇာတိဘူမိ ဝိဘာဝိနော။**
**တမှိ ဓီရော ကုလေ ဇာတော၊ ပုညလက္ခဏာဘူသိတော။**

**တံဂါမော**= 'မာလကာကုန်း'မည်သော ထိုကျေးရွာသည်၊ **ဂဏာဝရဿ**= ရွှေကျောင်ဟူဘိ ဂိုဏ်းမြတ်ရှိသော၊ **ဝိဘာဝိနော**= ပညာရှိထိပ်တင် အရှင်ဆရာတော်ဘုရားကြီး၏၊ **ဇာတိဘူမိ**= ဖွားတော်မူရာ အရပ်ဌာနပါပေတည်း၊ **တမှိ**= ထို'မာလကာ

ကုန်း’ရွာ၌၊ **ဓီရော**= ပညာရှိထိပ်သီး, ဆရာတော်ဘုရားကြီးသည်၊ **ကုလေ**= သဒ္ဓါပြည့်ဖြိုး, ဗုဒ္ဓဘာသာမျိုးရိုး၌၊ **ပုညလက္ခဏာ ဘူသိတော**= ဘုန်းလက္ခဏာစုံလင်, တန်ဆာဆင် အပ်သည် ဖြစ်၍၊ **ဇာတော**= ဂုဏ်ဝါထွန်းပေါ်, ဖွားမြင်တော် မူခဲ့ပါပေ သတည်း။

**၂၁။ ဂန္ထရူပသံဝစ္ဆရေ၊ မာသေ အာသဠှိစန္ဒိကေ။**
**ဒသမေ ဗုဒ္ဓဝါရေ သော၊ ဇာတော ကုလပမောဒကော။**

**သော**= ကန်ကြီးထေရ်လောင်း, ထိုသူတော်ကောင်းကလေး သည်၊ **ဂန္ထရူပသံဝစ္ဆရေ**= မြန်မာတွက်စစ် ၁၂၇၃ ခုနှစ်၌၊ **အာသဠှိစန္ဒိကေ မာသေ**= စိမ်းရောင်တင့်ဆန်း ဝါဆိုလဆန်း၌၊ **ဒသမေ**= မင်္ဂလာကြုံတွေ့ ၁၀ ရက်နေ့၌၊ **ဗုဒ္ဓဝါရေ**= ဗုဒ္ဓဟူးနေ့ ၌၊ **ကုလပမောဒကော**= ဆွေမျိုးအပေါင်း နှစ်ထောင်း အား တက် ရွှင်လန်းဝမ်းမြောက်စေလျက်၊ **ဇာတော**= ကောင်းစွာ မသေွ ဖွားမြင်တော်မူခဲ့လေပြီ။

**၂၂။ တံဂါမေ ဝသတံ ဂုရု-ဝရာနမုပသင်္ကိကော။**
**သုဓီရော မဟာသာဟောန၊ အက္ခရသမယံ ဂဏှိ။**

**သုဓီရော**= ကန်ကြီးထေရ်လောင်း သူတော်ကောင်းဘိ ထိုပညာရှိကလေးသည်၊ **တံဂါမေ**= ထိုရွာ၌၊ **ဝသတံ**= မျှတ ရွှင်ပြုံး သီတင်းသုံးတော်မူကြကုန်သော၊ **ဂုရုဝရာနံ**= ဆရာ

မြတ်တို့၏၊ **ဥပသန္တိကေ**= ခယဝပ်စင်း ထံတော်ရင်း၌၊ **အက္ခရသမယံ**= အရေးအဖတ်, အက္ခရာအတတ်ကို၊ **မဟုသာဟေန**= လုံ့လကြီးစွာ, အားထုတ်ကာဖြင့်၊ **ဥဂ္ဂဏှိ**= သင်ယူခဲ့လေပြီ။

**၂၃။ ပေသိတော ဂုရုဝရေဟိ၊ ဝိဘာဝီနမုပန္တိကံ။**
**ဓမ္မမုဂ္ဂဏှိတုံ တေဟိ၊ သုစီရော ဂါမနိဂ္ဂတော။**

**သုစီရော**= ကန်ကြီးထေရ်လောင်း သူတော်ကောင်းဘိ ထိုပညာရှိကလေးသည်၊ **ဝိဘာဝီနံ**= ကျမ်းဂန်တတ်သိ ပညာရှိတို့၏၊ **ဥပန္တိကံ**= အထံတော်သို့၊ **တေဟိ**= ထိုဆရာမြတ်တို့မှ၊ **ဓမ္မံ**= သင်ယူအပ်ဘိ ပရိယတ္တိဓမ္မကို၊ **ဥဂ္ဂဏှိတုံ**= သင်ယူစိမ့်သောငှာ၊ **ဂုရုဝရေဟိ**= ကျေးဇူးရှင် ဆရာမြတ်တို့သည်၊ **ပေသိတော**= စေလွှတ်အပ်သည်ဖြစ်၍၊ **ဂါမနိဂ္ဂတော**= ဇာတိရွာမြေ ထွက်ခွါခဲ့လေသတည်း။

**၂၄။ နဂရေ ထူပသောဘိတေ၊**
**'ရန်ကုန်'ဣတိ သုသမ္မတေ။**
**ဓမ္မဒီပိကအာရာမေ၊**
**'ကျောင်းတော်ရာ' ဣတိဝိဿုတော။**

**ထူပသောဘိတေ**= စေတီပုထိုး, အမျိုးမျိုးတို့ဖြင့် တင့်တယ်သော၊ **ရန်ကုန်ဣတိ သုသမ္မတေ**= အလောင်းမင်းတရား ပိုင်းခြားရွေ့နုတ် 'ရန်ကုန်'ဟူ၍ သမုတ်အပ်သော၊ **နဂရေ**=

မြို့တော်ကြီး၌၊ **ကျောင်းတော်ရာဣတိဝိသုတော**= 'ကျောင်းတော်ရာဟူ၍ ထင်ရှားသော။ **ဓမ္မဒီပိကအာရာမော**= 'ဓမ္မဒီပိက' မည်ရအကျော် ကျောင်းတိုက်တော်ကြီးသည်၊ **အတ္ထိ**= အစဉ်အားဖြင့် ထင်ရှားမသွေ တည်ရှိပါပေသတည်း။

**၂၅။ ကံသာဝှယပရိဝေဏေ၊ ဓမ္မဒီပိကအာရာမေ။**
**ဝသတော ဓမ္မဝီရဿ၊ ဓီရော ပဗ္ဗဇ္ဇမလာဘိ။**

**ဓီရော**-ကန်ကြီးထေရ်လောင်း သူတော်ကောင်းဘိ ပညာရှိကလေးသည်၊ **ဓမ္မဒီပိကအာရာမေ**= ဓမ္မဒီပိကာရာမ မည်ရကျော်ဟီး ကျောင်းတော်ကြီး၌၊ **ကံသာဝှယပရိဝေဏေ**= ကံသာကျောင်း၌၊ **ဝသတော**= မျှတရွှင်ပြုံး သီတင်းသုံးတော်မူသော၊ **ဓမ္မဝီရဿ**= ဓမ္မအရာ လွန်စွာကဲတင့် ရဲရင့်လေပြား ဆရာတော်ဘုရား၏၊ **သန္တိကေ**= အထံတော်၌၊ **ပဗ္ဗဇ္ဇံ**= ရှင်အဖြစ်ကို၊ **အလာဘိ**= ကောင်းစွာမသွေ ရရှိတော်မူခဲ့လေပြီ။

**၂၆။ ထေရဝရ တေဇောဝရံ၊ ကတွာ နုပဇ္ဈံ ဝရံ။**
**ပဗ္ဗဇ္ဇံ အလာဘိ သော၊ နာမေန ဝိမလော သုတော။**

**သော**= ကန်ကြီးထေရ်လောင်း, ဤသူတော်ကောင်းကလေးသည်၊ **ထေရဝရတေဇောဝရံ**= မထေရ်မြတ်မော် 'အရှင်တေဇော' အမည်ရှိ ဆရာတော်ကို၊ **ဥပဇ္ဈံ ဝရံ**= ဆုံးမပဲ့ပြင်, သွန်သင်ပေတတ် ဥပဇ္ဈာယ်ဆရာမြတ်ကို၊ **ကတွာန**= ပြု၍၊ **ပဗ္ဗဇ္ဇံ**= ရှင်အဖြစ်ကို၊ **အလာဘိ**= ကောင်းစွာ မသွေ

ရရှိတော်မူခဲ့လေပြီ၊ **နာမေန**= ဥပဇ္ဈာယ်ဆရာတော် မှည့်ခေါ် လေကြောင်း ဘွဲ့အမည်အားဖြင့်၊ **ဝိမလော သုတော**= 'ရှင်ဝိမလ' ဟူ မှတ်ယူထင်ပေါ် ကျော်ကြားတော်မူပါပေသတည်း။

**၂၇။ ဇာတိယာ သော ပန္နရသ-ဝဿိကော ဝိမလော ဂဏိ။**
**ဓမ္မဝရံ ဝိဘာဝီဟိ၊ ဂန္ထ န္တရံပိ ဥဂ္ဂဏိ။**

**သော ဝိမလော**= 'ရှင်ဝိမလ' ခေါ်ကြမည်တွင် ထိုသာမဏေအရှင်သည်၊ **ဇာတိယာ**= သက်တော်အားဖြင့်၊ **ပန္နရသ ဝဿိကော**= ၁၅ နှစ်ရှိသည်ဖြစ်၍၊ **ဝိဘာဝီဟိ**= ပညာရှိခေါ် ပုဂ္ဂိုလ်ကျော်တို့အထံမှ၊ **ဓမ္မဝရံ**= ဗုဒ္ဓဟောကြား မြတ်တရားကို၊ **ဂဏိ**=သင်ယူခဲ့လေပြီ၊ **ဂန္ထန္တရမ္ပိ**= ပိဋကတ်အခြေခံ ကျမ်းအတန်တန်ကိုလည်း၊ **ဥဂ္ဂဏိ**= ကောင်းစွာမသွေ သင်ယူခဲ့လေသတည်း။

**၂၈။ သုံးဆယ်နဂရသမီပမှိ၊ နဂရံ ဥက္ကံ သုဝိဿုတံ။**
**ဂန္တွာ တတ္ထ အာဝသိ၊ ဥဂ္ဂဏှံ ပိဋကတ္တယံ။**

**သော**= 'ရှင်ဝိမလ' မည်တွင် ထိုသာမဏေအရှင်သည်၊ **သုံးဆယ် နဂရသမီပမှိ**= သုံးဆယ်မြို့အနီး၌၊ **သုဝိဿုတံ**= အလွန်ထင်ရှားသော၊ **ဥက္ကံနဂရံ**= ဥက္ကံမြို့သို့၊ **ဂန္တွာ**= သွားရောက်၍၊ **တတ္ထ**= ထိုဥက္ကံမြို့၌၊ **ပိဋကတ္တယံ**= သုံးပုံသတ်မှတ် ပိဋကတ် ဒေသနာ ကျမ်းရွှေစာကို၊ **ဥဂ္ဂဏှံ**= သင်ယူလျက်၊ **အာဝသိ**= နေထိုင်ခဲ့လေပြီ။

**၂၉။ ရောခေိပ္ပသံဝစ္ဆရေ၊ ဝေသာခေ ကဏှပက္ခိကေ။**
**ဒသမေ သောပသမ္ပဒံ၊ အလဘိ ဗုဒ္ဓိကေ ဝရံ။**

**သော**= 'ရှင်ဝိမလ'မည်တွင် ထိုသာမဏေအရှင်သည်၊ **ရောခေိပ္ပသံဝစ္ဆရေ**= မြန်မာသက္ကရာဇ် ၁၂၉၂ ခုနှစ်၌၊ **ဝေသာခေ ကဏှပက္ခိကေ**= ကဆုန်လဆုတ်ဖြစ်သော၊ **ဒသမေ**= မင်္ဂလာကြုံတွေ့ ၁၀-ရက်နေ့၌၊ **ဗုဒ္ဓိကေ**= ဘုရားကြီး ကျောင်းတိုက်၌၊ **ဥပသမ္ပဒံ ဝရံ**= မြတ်သော ရဟန်းအဖြစ်ကို၊ **အလဘိ**= ကောင်းစွာမသွေ ရရှိခဲ့လေသတည်း။

**၃၀။ ကတ္វာနုပဇ္ဈံ ထေရံ၊ 'ရေတွင်းကုန်း' ဣတိ ဝိဿုတံ။**
**ဥပသမ္ပဒမာဂမ္မ၊ ဓမ္မမုဂ္ဂဏှိ ဉာဏိကော။**

**ဉာဏိကော**= ထက်မြက်ဉာဏ်မြင် သာမဏေအရှင်သည်၊ **ရေတွင်းကုန်းဣတိ ဝိဿုတံ**= 'ရေတွင်းကုန်း'မည် ကျော်ဆရာတော်ကို၊ **ဥပဇ္ဈံ ထေရံ**= ဥပဇ္ဈာယ်ထေရ်ကို၊ **ကတွာန**= ပြု၍၊ **ဥပသမ္ပဒံ**= ရဟန်းအဖြစ်သို့၊ **အာဂမ္မ**= ရောက်ရှိပြီး၍၊ **ဓမ္မံ**= ပရိယတ်ဒေသနာ ကျမ်းရွှေစာကို၊ **ဥဂ္ဂဏှိ**= ကောင်းစွာ မသွေ သင်ယူခဲ့ပါပေသတည်း။

**၃၁။ မန္တလေးနဂရံ ဂန္တွာ၊ ပညာသတ္ထနိတေဇိတံ။**
**အာဝသိ ဝိသုဒ္ဓါရာမေ၊ သုဓီရော သုတကာမကော။**

**သုတကာမကော**= သုတအများ လွန်လိုလားသော၊ **သုဓီရော**= ပညာရည်သွေး ရဟန်းတော်ကလေးသည်၊ **ပညာ**

**သတ္တနိတေဇိတုံ**= ပညာလက်နက် ထက်မြက်စေရန်အလို့ငှာ၊ **မန္တလေးနဂရံ**= ပညာစုံလင် သိမြင်အားပေး မြို့မန္တလေးသို့၊ **ဂန္တွာ**= သွားရောက်၍၊ **ဝိသုဒ္ဓါရာမေ**= အရှေ့အင်းခန်း စွဲလန်း ခေါ်ကြ မဟာဝိသုဒ္ဓါရာမတိုက်၌၊ **အာဝသိ**= ကောင်းစွာ မသေ့ နေထိုင်ခဲ့လေပြီ။

## ၃၂။ မေဓါဝိပ္ပသံဝစ္ဆရေ၊ ပုန္နောပသမ္ပဒံ လဘိ။
## စံကင်းထေရုပဇ္ဈာယေန၊ သုစီရော မလဟာရကော။

**မလဟာရကော**= အကုသိုလ်အညစ် ဖယ်ရှားပစ်တတ် သော၊ **သုစီရော**= ဉာဏ်စွမ်းထင်ပေါ် ရဟန်းတော်ကလေး သည်၊ **မေဓါဝိပ္ပသံဝစ္ဆရေ**= မြန်မာတွက်စစ် ၁၂၉၅ ခုနှစ်၌၊ **စံကင်းထေရုပဇ္ဈာယေန**= စံကင်းထေရ်မော် ဥပဇ္ဈာယ် ဆရာ တော်ဖြင့်၊ **ပုန္နောပသမ္ပဒံ**= ထပ်မံထွန်းသစ် ရဟန်း အဖြစ်ကို၊ **လဘိ**= ကောင်းစွာမသေ့ ရရှိခဲ့ပါပေသတည်း။

## ၃၃။ မန္တလေးနဂရဝါသီနံ၊ သတ္တဆေကဝိဘာဝိနံ။
## သန္တိကာ ဂန္ထမုဂ္ဂဏှံ၊ အာသိ ဂန္ထေ ပဋုတရော။

**သုစီရော**= ဉာဏ်စွမ်းထင်ပေါ် ရဟန်းတော်ကလေးသည်၊ **မန္တလေးနဂရဝါသီနံ**= မန္တလေးမြို့ မချို့ရွှင်ပြုံး သီတင်းသုံး တော်မူကြကုန်သော၊ **သတ္တဆေကဝိဘာဝိနံ**= ကျမ်းတတ် လိမ္မာ ထေရ်ဆရာတို့၏၊ **သန္တိကာ**= အထံတော်မှ၊ **ဂန္ထံ**=

တတ်ထိုက်ရာရာ ကျမ်းရွှေစာကို၊ **ဥဂ္ဂဏှံ**= အပတ်တကုတ် စွမ်းအားထုတ်ကာ ပြုလုပ်သင်ယူသည်ရှိသော်၊ **ဂန္ထေ ပဏ္ဍိတ ရော**= ကျမ်းတတ်ထင်ပေါ် ပုဂ္ဂိုလ်ကျော်သည်၊ **အာသိ**= ကောင်းစွာမသေွ ဖြစ်ခဲ့လေသတည်း။

**၃၄။ သုစိ သုစိန သန္တိကာ၊ ဥဂ္ဂဏှံ ဓမ္မမုတ္တမံ။**
**ဗဟုံ လဟုံ ဥဂ္ဂဏှာတိ၊ ဂဟိတံပိ န မုဿတိ။**

**သုစိ**= ဉာဏ်ရည်ထက်လှ ရဟန်းတော်ကလေး 'ရှင်ဝိမလ' သည်၊ **သုစိနံ**= ကျမ်းဂန်တတ်သိ ပညာရှိပုဂ္ဂိုလ်ကျော်တို့၏၊ **သန္တိကာ**= အထံမှ၊ **ဓမ္မမုတ္တမံ**= သင်ယူထိုက်စွ မြတ်ဓမ္မကို၊ **ဥဂ္ဂဏှံ**= သင်ယူသည်ရှိသော်၊ **ဗဟုံ**= များစွာ၊ **ဥဂ္ဂဏှာတိ**= သင်ယူ၏၊ **လဟုံ**= လျင်မြန်စွာ၊ **ဥဂ္ဂဏှာတိ**= သင်ယူ၏၊ **ဂဟိတံပိ**= သင်ပြီးသမျှကိုလည်း၊ **န မုဿတိ**= မမေ့ပါပေ။

**၃၅။ ဒွေနဝိပ္ပသံဝစ္ဆရေ၊ သာသနဟိတဥဿဝေ။**
**ဥစ္စိနိ ဗျာကာတု ဆေကေ၊ တမှိ စိရော ဇယံ လဘိ။**

**ဒွေနဝိပ္ပသံဝစ္ဆရေ**= မြန်မာတွက်စစ် ၁၂၉၈ ခုနှစ်၌၊ **သာသနဟိတဥဿဝေ**= 'ပရိယတ္တိသာသနဟိတအသင်း' စာမေးပွဲ၌၊ **ဗျာကာတုံ ဆေကေ**= ပြဿနာအဆန်း ဖြေစွမ်းနိုင်သည့် ပညာရှိတို့ကို၊ **ဥစ္စိနိ**= ရွေးချယ်ခဲ့ပြီ၊ **တမှိ**= ထိုသို့ဆင်ယင် စာပွဲသဘင်၌၊ **စိရော**= ဉာဏ်ရည်ထက်လှ ရဟန်း

တော်ကလေး 'အရှင်ဝိမလ'သည်၊ **ဇယံ**= အောင်ပွဲကို၊ **လဘိ**= ကောင်းစွာမသွေ့ ရရှိခဲ့ပါပေသတည်း။

**၃၆။ နဝဝဿိကကာလမှိ၊ လဒ္ဓေါ တေနာဘိဝံသိကော။**
**ဒုဗ္ဗောဓပဉ္ဟံ ဗျာကစ္စ၊ ဇယတဂ္ဂေါ ဓီရော ဘဝိ။**

**တေန**= ထိုရဟန်းတော်ကလေး 'အရှင်ဝိမလ'သည်၊ **နဝ ဝဿိကကာလမှိ**= ရဟန်းသိက္ခာ ၉ ဝါရသောအခါ၌၊ **အဘိဝံသိကော**= "ဝိမလာဘိဝံသ၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို၊ **လဒ္ဓေါ**= ရအပ်လေပြီ၊ **ဒုဗ္ဗောဓပဉ္ဟံ**= သိရန် ခက်စွာ မေးပုစ္ဆာကို၊ **ဗျာကစ္စ**= ဖြေဆို၍၊ **ဓီရော**=ဉာဏ်ရည်ထက်လှ ရဟန်းတော်ကလေး 'အရှင် ဝိမလ'သည်၊ **ဇယတဂ္ဂေါ**= အောင်သူထိပ်တန်း တစ်ဂဏန်း သည်၊ **ဘဝိ**= ဖြစ်ခဲ့လေပြီ။

**၃၇။ ဓမ္မာစရိယစ္စနေ၊ ဒုတိယေ ဓမ္မမုဿဝေ။**
**ဓီရော ဂန္ထေသု ပုစ္ဆိတံ၊ ဗျာကရံ ဇယမလဘိ။**

**ဓီရော**=ဉာဏ်ရည်ထက်လှ၊ ရဟန်းတော်ကလေး 'အရှင် ဝိမလ'သည်၊ **ဓမ္မာစရိယစ္စနေ**= ဓမ္မာစရိယတို့ကို ရွေးချယ်သော၊ **ဒုတိယေ ဓမ္မမုဿဝေ** = ဒုတိယအကြိမ် ဆင်ယင်စာမေးပွဲသဘင်၌၊ **ဂန္ထေသု**= ၉ ကျမ်းတို့၌၊ **ပုစ္ဆိတံ**= မေးခွန်းကို၊ **ဗျာကရံ**= ဖြေဆိုလျက်၊ **ဇယံ**= အောင်မြင်ခြင်းကို၊ **အလဘိ**= ကောင်းစွာမသွေ့ ရရှိခဲ့လေသတည်း။

**၃၈။ ဒိနင်္ဂေါပသံဝစ္ဆရေ၊ ကတေ ဇယိန ပူဇိတေ။**
**သန္တာဂါရေ ရာဇဒတ္တံ၊ ဓီရော ဂဏှိ သုလဉ္ဆကံ။**

**ဓီရော**= ဉာဏ်ရည်ထက်လှ ရဟန်းတော်ကလေး 'အရှင်ဝိမလ'သည်၊ **ဒိနင်္ဂေါပသံဝစ္ဆရေ**= မြန်မာတွက်စစ် ၁၃၀၈ ခုနှစ်၌၊ **သန္တာဂါရေ**= ရန်ကုန်မြို့တော်ခန်းမ၌၊ **ကတေ**- ဆင်ယင်ကျင်းပပြုလုပ်အပ်သော၊ **ဇယိန ပူဇိတေ**= စာအောင် ဆုနှင်းသဘင်၌၊ **ရာဇဒတ္တံ**= 'ဗိုလ်ချုပ်အောင်ဆန်း', လှူဒါန်း ဆပ်ကပ်အပ်သော၊ **သုလဉ္ဆကံ**= "သာသနဓဇ သိရီပဝရ ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို၊ **ဂဏှိ**= လက်ခံရယူခဲ့လေပြီ။

**၃၉။ နိသာယ ဓီရော သကိယံ၊ ပဘာဝံ ကုန္ဒိပါဒကံ။**
**ပိဋကေ ပဋုတံ ပတွာ၊ ဗဟူနံ ဟိတမာဝဟိ။**

**ဓီရော**= ဉာဏ်ရည်ထက်လှ ရဟန်းတော်ကလေး 'အရှင်ဝိမလ'သည်၊ **ကုန္ဒိပါဒကံ**= လိုအင်ဆန္ဒ ပြည့်ဝစေနိုင်သော၊ **သကိယံ ပဘာဝံ**= ကိုယ်ပိုင် အစွမ်းသတ္တိကို၊ **နိသာယ**= အမှီပြု၍၊ **ပိဋကေ**= သုံးပုံသတ်မှတ် ပိဋကတ်၌၊ **ပဋုတံ**= တတ်မြောက် လိမ္မာသည်၏ အဖြစ်သို့၊ **ပတွာ**= ရောက်၍၊ **ဗဟူနံ**= ရဟန်းရှင်လူ များပြည်သူတို့၏၊ **ဟိတံ**= အကျိုးစီးပွားကို၊ **အာဝဟိ**= ရွက်ဆောင်တော်မူခဲ့ပြီ။

**၄၀။ ဂုရုဝရာနာနုဘာဝံ၊ နိဿာယ သုဒ္ဓသီလတံ။**
**သုဝိနယေ ပတိဋ္ဌာယ၊ ဓီရော သဒ္ဓမ္မ ဇောတယိ။**

**ဓီရော**= ဉာဏ်ရည်ထက်လှ ရဟန်းတော်ကလေး 'အရှင်ဝိမလ' သည်၊ **ဂုရုဝရာနံ**= ကျေးဇူးကြီးလတ် ဆရာမြတ်တို့၏၊ **အာနုဘာဝံ**= ဆုံးမမြွက်ဖော် အစွမ်းအာနုဘော်ကို၊ **နိဿာယ**= အမှီပြု၍၊ **သုဒ္ဓသီလတံ**= စင်ကြယ်သီလ ပြည့်ဝသည်၏ အဖြစ်သို့ **ပတွာ**= ရောက်၍၊ **သုဝိနယေ**= ဗုဒ္ဓမြတ်စွာ အဆုံးအမ သာသနာတော်၌၊ **ပတိဋ္ဌာယ**= တည်၍၊ **သဒ္ဓမ္မံ**= သူတော်ကောင်းတရားကို၊ **ဇောတယိ**= ထွန်းလင်းစေတော်မူခဲ့လေပြီ။

**၄၁။ သျာမဒေသမုပဂန္တွာ၊**
**အင်းလေး ရမ္မေ မဟာသရေ။**
**အင်းလျားဂါမေ ဝသံ ဓီရော၊**
**သိဿေ ဓမ္မသိက္ခာပကော။**

**ဓီရော**= ဉာဏ်ရည်ထက်လှ ရဟန်းတော်ကလေး 'အရှင်ဝိမလ'သည်၊ **သျာမဒေသံ**= 'ရှမ်းပြည်နယ်'သို့၊ **ဥပဂန္တွာ**= ကြွရောက်တော်မူ၍၊ **ရမ္မေ**= မြင်သူရွှင်ပြုံး နှလုံးမွေ့လျော်ဖွယ်ဖြစ်သော၊ **အင်းလေးမဟာသရေ**= 'အင်းလေး'မြည်ဟီး ရေအိုင်ကြီး၌၊ **အင်းလျားဂါမေ**= 'အင်းလျားရွာ'၌၊ **ဝသံ**= မျှညီရွှင်ပြုံး သီတင်းသုံးတော်မူလျက်၊ **သိဿေ**= ဆည်းကပ်

လာခြား တပည့်အများတို့ကို၊ **ဓမ္မသိက္ခာပကော**= ပရိယတ်ဓမ္မ အဝဝကို ကျနသေချာ သင်ကြားတော်မူပါပေသတည်း။

**၄၂။ ပဋ္ဌောတတ္တာယသာသန-ပဋ္ဌောတာရာမသညိတေ။**
**တမှိ ဝသံ သုဝါစေသိ၊ သိဿေ ဓီရော ယထာဗလံ။**

**ဓီရော**=ပညာရှိခေါ် ရဟန်းတော်သည်၊ **တမှိ**=ထို 'အင်းလျားရွာ'၌၊ **သာသနပဋ္ဌောတာရာမသညိတေ**= သာသနပဋ္ဌောတာရုံကျောင်း၌၊ **ဝသံ**= မျှတရွှင်ပြုံး သီတင်းသုံးနေထိုင်တော်မူလျက်၊ **ပဋ္ဌောတတ္တာယ**= သာသနာ့အရောင် ထွန်းပြောင်စေရန်အလို့ငှာ၊ **သိဿေ**= ဆည်းကပ်လာခြား တပည့်အများတို့ကို၊ **ယထာဗလံ**= စွမ်းအားရှိသလောက်၊ **ဝါစေသိ**= ကျမ်းဂန်အဝဝ ကျနသေချာ ပို့ချတော်မူခဲ့ပါပေသတည်း။

**၄၃။ ဒိနင်္ဂေါပသံဝစ္ဆရေ၊ မန္တလေးနဂရေ သုဘေ။**
**ဝိသုဒ္ဓါရာမေအာဝသိ၊ နာယကော ပရိဝေဏိကော။**

**ဒိနင်္ဂေါပသံဝစ္ဆရေ**= မြန်မာတွက်စစ် ၁၃၀၈ ခုနှစ်၌၊ **မန္တလေးနဂရေ သုဘေ**= လှပယဉ်ကျေး မြို့မန္တလေး၌၊ **ဝိသုဒ္ဓါရာမေ**= မဟာဝိသုဒ္ဓါရုံတိုက်သစ်၌၊ **နာယကော ပရိဝေဏိကော**= ဝါဆိုကျောင်းဦးစီး ကျောင်းထိုင်ဘုန်းကြီးသည်၊**ဟုတ္တာ**= ဖြစ်၍၊ **အာဝသိ**= သီတင်းသုံးတော်မူခဲ့လေပြီ။

**၄၄။ ဓနဂေါပသံဝစ္ဆရေ၊ မရမ္မမောက္ခသမ္မတော။**
**သျှာမရဋ္ဌ သုဂန္ဓာန၊ ဓီရော ဇောတေသိ သာသနံ။**

**ဓီရော**= ဉာဏ်ရည်ထင်ပေါ် မထေရ်ကျော်သည်၊ **ဓနဂေါပသံဝစ္ဆရေ**= မြန်မာတွက်စစ် ၁၃၀၉ ခုနှစ်၌၊ **မရမ္မမောက္ခသမ္မတော**= မြန်မာ့လွတ်လပ်ရေးနှစ်၌၊ **သျှာမရဋ္ဌ**= ရှမ်းပြည်နယ်သို့၊ **သုဂန္ဓာန**= သာသနာပြုရန် မြတ်အကြံဖြင့် ဧကန်မြင်မြော် ကြွရောက်တော်မူ၍၊ **သာသနံ**= ဗုဒ္ဓမြတ်စွာ သာသနာတော်ကို၊ **ဇောတေသိ**= ထွန်းကားစေတော်မူခဲ့လေပြီ။

**၄၅။ ဆဋ္ဌသင်္ဂီတိယံ ထေရော၊ အာသိ ပါဠိဝိသောဓကော။**
**မိလိန္ဒပဉှာ စူဠဝဂ္ဂေ၊ ဓီမတာ တေန သောဓိတော။**

**ထေရော**= သာသနာပြုအကျော် မထေရ်မော်သည်၊ **ဆဋ္ဌသင်္ဂီတိယံ**= ဆဋ္ဌသံဂါယနာ ပွဲမဟာ၌၊ **ပါဠိဝိသောဓကော**= ပါဠိမှန်တင်ပြ ပါဠိဝိသောဓကသည်၊ **အာသိ**= ဖြစ်ခဲ့လေပြီ၊ **ဓီမတာ**= ပါဠိကျွမ်းကျင် ပညာရှင်ဖြစ်တော်မူသော၊ **တေန**= ထိုမထေရ်မော်သည်၊ **မိလိန္ဒပဉှာ**= 'မိလိန္ဒပဉှာပါဠိ'ကိုလည်းကောင်း၊ **စူဠဝဂ္ဂေ**= 'စူဠဝဂ္ဂပါဠိ'ကိုလည်းကောင်း၊ **သောဓိတော**= ပါဠိမှန်သတ်မှတ် သုတ်သင်အပ်လေပြီ။

**၄၆။ ဒကဂေါပသံဝစ္ဆရေ၊ နိကာယသမိတိ အကာ။**
**ဂဏေန သမ္မတော ဓီရော၊ ဂဏာဘာရနိတ္ထာရကော။**

**ဒကဂေါပသံဝစ္ဆရေ**= မြန်မာတွက်စစ် ၁၃၁၈ ခုနှစ်၌၊ **နိကာယသမိတိ**= ရွှေကျင်နိကာယ သံဃာ့အစည်းအဝေး

ကြီးကို။ **အကာ**= ပြုလုပ်ခဲ့လေပြီ၊ **ဓီရော**= ပညာရှိအမော် ဆရာတော်ကို၊ **ဂဏေန**= ရွေကျင်ဂိုဏ်းသံဃာသည်၊ **ဂဏ ဘာရ နိတ္ထာရကော**= 'ဂိုဏ်းလုံးဝန်ဆောင်ဆရာတော်'ဟူ၍၊ **သမ္မတော**= သမုတ်ထင်စွာ တင်မြှောက်ခဲ့အပ်ပါသတည်း။

**၄၇။ ကဘာလောကသံဝစ္ဆရေ၊ သဗ္ဗဂဏသဘံ အကာ။ ဘာရာဝဟော မဟာထေရော၊ သမဂ္ဂကိစ္စကာရကော။**

**ကဘာလောကသံဝစ္ဆရေ**= မြန်မာတွက်စစ် ၁၃၄၁ ခုနှစ်၌၊ **သဗ္ဗသဘံ**= ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို၊ **အကာ**= ပြုလုပ်ခဲ့လေပြီ၊ **မဟာထေရော**= ကန်ကြီးထေရ်မော် ဆရာတော်သည်၊ **သမဂ္ဂကိစ္စကာရကော**= ဂိုဏ်းပေါင်းစုံ သံဃာ့ ညီညွတ်ရေး မြော်တွေးသမှု ညီညွတ်ရေးကို ပြုလျက်၊ **ဘာရာ ဝဟော**= သံဃာ့ဝန်တာ ဆောင်ရွက်တော်မူခဲ့ပါပေသတည်း။

**၄၈။ ပူဇိတော ရဋ္ဌသာမီဟိ၊ ပဏ္ဍိတောတိ ဂုရူတိ စ။ ဇောတိကောတိ မဟာထေရော၊ ပါကဋိန္ဒြိယ ခေတလံ။**

**ရဋ္ဌသာမီဟိ**= တိုင်းပြည်သနင်း အစိုးရမင်းတို့သည်၊ **ပူဇိတော**= ဘွဲ့တံဆိပ်တော် ပူဇော်ဆက်ကပ်အပ်သည်ဖြစ်၍၊ **မဟာထေရော**= ကန်ကြီးတွင်ခေါ် ဆရာတော်သည်၊ **ပဏ္ဍိ တောတိ**= 'အဂ္ဂမဟာပဏ္ဍိတ'ဟူ၍လည်းကောင်း၊ **ရဋ္ဌဂုရူတိ စ**= 'အဘိဓဇမဟာရဋ္ဌဂုရု'ဟူ၍လည်းကောင်း၊ **ဇောတိကောတိ**

**စ**= 'အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက'ဟူ၍လည်းကောင်း၊ **ကုန္တုဝ ခေတလေ**= ကောင်းကင်ထက်လင်း ငွေလမင်းကဲ့သို့ **ပါကဋော**= အစဉ်အားဖြင့် ထင်ရှားတော်မူခဲ့ပါပေသတည်း။

**၄၉။ ဓွေကျင်ဂဏသမိတိယာ၊ သမ္ဘော ဂဏမုက္ကဋ္ဌော။**
**သပရဋ္ဌမာဝဟန္တော၊ ထေရော သဒ္ဓမ္မဇောတကော။**

**ဓွေကျင်ဂဏသမိတိယာ**= ဓွေကျင်နိကာယသံဃာသည်၊ **ဂဏမုက္ကဋ္ဌော**= 'ဓွေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယက' ဟူ၍၊ **သမ္ဘော**= သမုတ်တင်မြှောက်အပ်သော၊ **ထေရော**= ကန်ကြီးထေရ်မော် ဆရာတော်သည်၊ **သပရဋ္ဌမာဝဟန္တော**= မိမိသူတပါး ကျိုးစီးပွားကို ပိုင်းခြားမယုတ် အားထုတ်တော်မူသည်ဖြစ်၍၊ **သဒ္ဓမ္မဇောတကော**= သာသနာရောင် ထွန်းလင်းပြောင်ဘို့ ရှေ့ဆောင်ကာပေ ဆောင်ရွက်တော်မူပါပေသတည်း။

**၅၀။ တေရသမဂဏုက္ကဋ္ဌော၊ သုစိ နိကာယနာယကော။**
**အရောဂေါဝ ပရောသတံ၊ ရက္ခတံ သုဒ္ဓိသာသနံ။**

**တေရသမဂဏုက္ကဋ္ဌော**= ၁၃ ပါးမြောက် ဓွေကျင်နိကာယ ဥက္ကဋ္ဌဖြစ်တော်မူသော၊ **နိကာယနာယကော**= ဓွေကျင်နိကာယ သာသနာပိုင်ဆရာတော်ဘုရားကြီးသည်၊ **ပရောသတံ**= နှစ်ပေါင်းရာကျော်ကာလပတ်လုံး၊ **အရောဂေါဝ**= ရောဂါကင်းကွာ ကျန်းမာတော်မူလျက်သာလျှင်၊ **သုဒ္ဓိသာသနံ**= သန့်ရှင်း

လှစွာ မြတ်ဗုဒ္ဓ၏သာသနာကို၊ **ရက္ခတံ**= အစဉ်မကွာ စောင့်ရှောက်တော်မူနိုင်ပါစေသတည်း။

## နိဂမန

**နန္ဒမာလာဘိဝံသေန၊ သုဗောဓာရာမဝါသိနာ။**
**ရစိတာ ပဏ္ဏာသ ဂါထာ၊ ရဋ္ဌဂုရုဿ ဝဏ္ဏနာ။**

**သုဗောဓာရာမဝါသိနာ**= သုဗောဓာရုံတိုက် နှစ်ခြိုက်ရွှင်သာ နေထိုင်ပါသော၊ **နန္ဒမာလာဘိဝံသေန**= နန္ဒမာလာဘိဝံသ ခေါ်ကြမည်တွင် တိုက်အုပ်မထေရ်ရှင်သည်၊ **ရဋ္ဌဂုရုဿ ဝဏ္ဏနာ**= ရဋ္ဌဂုရုဆရာတော် ပူဇော်သောအား ရေးသားဖွဲ့စီ 'ရဋ္ဌဂုရုဝဏ္ဏနာ' အမည်ရှိသော၊ **ပဏ္ဏာသ ဂါထာ**= ကန်ကြီးကျောင်းတိုက် ကြံ့ကြိုက်၍လာ နှစ် ၅၀ ပြည့်အခါ ဝယ် သာယာဖွဲ့စီ ၅၀ အညီဖြစ်သော ဂါထာတို့ကို၊ **ရစိတာ**= သုဗောဓာရုံနာယက ဘာတိကနောင်တော် မိန့်ခေါ်ညွှန်ကြား အလေးထားကာ ရေးသားစီကုံးအပ်ပါသတည်း။

**ရစိတာ**
**ပါဠိ မရမ္မဘာသာဟိ**
**နန္ဒမာလာဘိဝံသေန**
မဟာသုဗောဓာရာမဝါသိကေန
၁၃၅၉ - ၁၉၉၇

# ဒါဌာဓာတုဝန္ဒနာ

## ၁။ စူဠာမဏိစေတိယမှိ၊ ဒိဝေ ဒေဝေန ပူဇိတံ။
## ဒါဌာဝရံ သမ္ဗုဒ္ဓဿ၊ ဝန္ဒာမ သိရသာဒရံ။

**ဒိဝေ**= သက္ကဍ္ဍသာ ပဇာပတိ စရိုထင်ရှား နတ်မင်းများတို့ စံပြောဌာနီ တာဝတိံသာနတ်ပြည်၌၊ **ဒေဝေန**= မျက်စိတစ်ထောင် အလင်းဆောင်သည့် ဂုဏ်ရောင်ပဝင်း သိကြားနတ်မင်းသည်၊ **စူဠာမဏိစေတိယမှိ**= အလောင်းတော်မြတ်ဗောဓိသတ်၏ ဆံမြတ်ကေသာ တည်ရှိရာဟု 'စူဠာမဏိ' မည်ရှိတွင်ခေါ် မြတ်စေတီတော်၌၊ **ပူဇိတံ**= လေးမြတ်တူပျော် ပူဇော်ကိုးကွယ်အပ်သော၊ **သမ္ဗုဒ္ဓဿ**- သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားဝေဖန် အခြေခံဟောကြား ရှင်တော်မြတ်ဘုရား၏၊ **ဒါဌာဝရံ**= ပုလဲနှစ်အတူ စိန်စစ်လို ဖွေးဖြူသည့် တစ်ဆူထင်ပေါ် လက်ယာအထက် မြတ်စွယ်တော်ကို၊ **သိရသာ**= ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **အာဒရံ**= ယုံကြည်အားကိုး ပွားတိုးသဒ္ဓါ မြတ်နိုးစွာသာလျှင်၊ **ဝန္ဒာမ**= အကြိမ်ကြိမ်ဝပ်လျှိုး လက်စုံမိုးကာ ရှိခိုးကြပါကုန်၏ အရှင်ဘုရား။

### ၂။ နာဂိန္ဒေန ဂဟေတွာန၊ ဘဝနမှိ သုပူဇိတံ။
### ဒါဌာဝရံ သမ္ဗုဒ္ဓဿ၊ ဝန္ဒာမ သိရသာ ဒရံ။

**နာဂိန္ဒေန**= 'ဇေယျသေန' အမည်ရသည့် တေဇထန်ပြင်း နဂါးမင်းသည်၊ **ဂဟေတွာန**= သဒ္ဓါကြည်ဖြူ ပင့်ယူခဲ့ပြီး၍၊ **ဘဝနမှိ**= နတ်နဂါးတို့ ပျော်ပါးစိုးစံ ဘုံဗိမာန်၌၊ **သုပူဇိတံ**= လေးမြတ်တူပျော် ပူဇော်ကိုးကွယ်အပ်သော၊ **သမ္ဗုဒ္ဓဿ**= သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားဝေဖန် အခြေခံဟော ကြား ရှင်တော်မြတ်ဘုရား၏၊ **ဒါဌာဝရံ**= ပုလဲနှစ်အတူ စိန်စစ်လိုဖွေးဖြူသည့် တစ်ဆူထင်ပေါ် လက်ယာအောက် မြတ်စွယ်တော်ကို၊ **သိရသာ**= ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **အာဒရံ**= ယုံကြည်အားကိုး ပွားတိုးသဒ္ဓါ မြတ်နိုးစွာသာလျှင်၊ **ဝန္ဒာမ**= အကြိမ်ကြိမ်ဝပ်လျှိုး လက်စုံမိုးကာ ရှိခိုးကြပါကုန်၏ အရှင်ဘုရား။

### ၃။ ဂန္ဓာရပုရေ စေတိယမှိ၊ ဇနေဟိ သုဋ္ဌု ပူဇိတံ။
### ဒါဌာဝရံ သမ္ဗုဒ္ဓဿ၊ ဝန္ဒာမ သိရသာဒရံ။

**ဂန္ဓာရပုရေ**= ဆန်ရေစပါး ပေါများစုံသည့် ဂန္ဓာရတိုင်းပြည်၌၊ **စေတိယမှိ**= ထူးခြားတင့်တယ် ရတနာခြယ်စီ မြတ်စေတီ၌၊ **ဇနေဟိ**= သဒ္ဓါကြည်ဖြူ ဂန္ဓာရပြည်သူတို့သည်၊ **သုဋ္ဌု ပူဇိတံ**= ဂန္ဓာရတိုင်းဖွား ထူးခြားပေါ်လွင် ရဟန္တာထေရ်အရှင်သည် ချစ်ခင်လေးမြတ် ပင့်ဆောင်အပ်သဖြင့် လေးမြတ်

တူပျော် ပူဇော်ကိုးကွယ်အပ်သော၊ **သမ္ဗုဒ္ဓဿ**= သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားဝေဖန် အခြေခံဟောကြား ရှင်တော်မြတ်ဘုရား၏၊ **ဒါဌာဝရံ**= ပုလဲနှစ်အတူ စိန်စစ်လိုဖွေးဖြူသည့် တစ်ဆူထင်ပေါ် လက်ဝဲအထက် မြတ်စွယ်တော်ကို၊ **သိရသာ**= ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **အာဒရံ**= ယုံကြည်အားကိုး ပွားတိုးသဒ္ဓါ မြတ်နိုးစွာသာလျှင်၊ **ဝန္ဒာမ**= ကြိမ်ကြိမ်ဝပ်လျှိုး လက်စုံမိုးကာ ရှိခိုးကြပါကုန်၏ အရှင်ဘုရား။

## ၄။ ကာလိင်္ဂရဋ္ဌေ ပူဇေတွာန၊ လင်္ကာဒီပေ သုမာနိတံ။ ဒါဌာဝရံ သမ္ဗုဒ္ဓဿ၊ ဝန္ဒာမ သိရသာဒရံ။

**ကာလိင်္ဂရဋ္ဌေ**= အိန္ဒိယအရှေ့တောင်ပိုင်း သမိုင်းအညီ ကာလိင်္ဂတိုင်းပြည်၌၊ **ပူဇေတွာန**= ‘ခေမ’ မည်တွင် ရဟန္တာထေရ်အရှင်သည် ချစ်ခင်လေးမြတ် ပင့်ဆောင်အပ်သဖြင့် လေးမြတ်တူပျော် ပူဇော်ကြကုန်ပြီး၍၊ **လင်္ကာဒီပေ**= မြရည်စိမ်းစို ကျွန်းသီဟိုဠ်၌၊ **သုမာနိတံ**= ရဟန်းရှင်လူ ပြည်သူအများ လေးစားကော်ရော် ပူဇော်မြတ်နိုးအပ်သော၊ **သမ္ဗုဒ္ဓဿ**=သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားဝေဖန် အခြေခံဟောကြား ရှင်တော်မြတ်ဘုရား၏၊ **ဒါဌာဝရံ**= ပုလဲနှစ်အတူ စိန်စစ်လိုဖွေးဖြူသည့် တစ်ဆူထင်ပေါ် လက်ဝဲအောက် မြတ်စွယ်တော်ကို၊ **သိရသာ**= ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **အာဒရံ**= ယုံကြည်အားကိုး ပွါးတိုးသဒ္ဓါ မြတ်နိုးစွာသာလျှင်၊ **ဝန္ဒာမ**=

အကြိမ်ကြိမ်ဝပ်လျှိုး လက်စုံမိုးကာ ရှိခိုးကြပါကုန်၏ အရှင်ဘုရား။

**၅။ ယတော’ဒါတာ နိက္ခမိံသု၊ ဟာသနေ ကထနေ တဒါ။**
**ဒါဌာယော’ တာ သမ္ဗုဒ္ဓဿ၊ မယံ ပူဇေမ သာဓုကံ။**

**တဒါ**= ရှင်တော်ဘုရား ထင်ရှားသက်တော် ဖူးမြော်ရရာ ထိုအခါ၌၊ **ဟာသနေ**= ရွှင်ကြည်နှလုံး ပီတိဖုံးလျက် ပြုံးစရာကြုံ အကြောင်းဆုံရာ အခါသမယ၌လည်းကောင်း၊ **ကထနေ**= မဟာကရုဏာ မြတ်ပညာဖြင့် သစ္စာတရား ဟောကြားမိန့်မှာ အခါသမယ၌လည်းကောင်း၊ **ယတော**= ပုလဲနှစ်အတူ စိန်စစ် လို ဖွေးဖြူသည့် လေးဆူထင်ပေါ် အကြင်မြတ်စွယ်တော်တို့မှ၊ **ဩဒါတာ**= ကေလာသငွေတောင် နေရောင်စွဲဟပ် တဖြတ်ဖြတ် သို့ တလျှပ်လျှပ်တူတွေး ဖြူဖွေးသော ရောင်ခြည်တော်တို့ သည်၊ **နိက္ခမိံသု**= ဖူးမြင်မဝ အထူးပင်မြူးရွှင်ကာ ထွက်ကြွ တော်မူကြလေကုန်ပြီ။ **သမ္ဗုဒ္ဓဿ**= သစ္စာလေးပါး မြတ် တရားကို ပိုင်းခြားဝေဖန် အခြေခံဟောကြား ရှင်တော်မြတ် ဘုရား၏၊ **တော ဒါဌာယော**= ပုလဲနှစ်အတူ စိန်စစ်လို ဖွေးဖြူ သည့် လေးဆူထင်ပေါ် ထိုမြတ်စွယ်တော်တို့ကို၊ **မယံ**= ရုပ်နာမ် နှစ်ဖြာ ငါးခန္ဓာကို သူငါမှည့်ခေါ် တပည့်တော်တို့ သည်၊ **သာဓုကံ**= ကောင်းမွန်စွာ၊ **ပူဇေမ**= ဆီမီးရောင်လွှမ်း

ပန်းရေချမ်းဖြင့် မျှော်မှန်း ဂုဏ်တော် ရှိခိုးပူဇော်ကြပါကုန်သည် အရှင်ဘုရား။

အနက်မြန်မာပြန်

**အရှင်နန္ဒမာလာဘိဝံသ**

(သ·စ·အ ဓမ္မာစရိယ) ပါဠိပါရဂူ

MA, Ph.D (THESIS) SRILANRA

မဟာသုဗောဓာရုံကျောင်းတိုက်

(စစ်ကိုင်း)

## ဝိနည်းစာတော်ပြန်ပွဲ ရွတ်ရန်ဂါထာ

'ဗုဒ္ဓ' ဝါစံ ဘဏေယျာမ၊
'သာ' သနဿာ' ဝ နုဂ္ဂဟံ။
'သ' ကိစ္စ' မနုယုဉ္ဇန္တာ၊
'နာ' သေမ အပရေ မယံ။

**ဘဏ္ဍေ** = သာသနာ့ရှုပ်ထွေး ရန်ခပေးကို မနှေးပယ်ဖျက် ခမ္မစက်ဖြင့် အချက်ပိုင်ပိုင် ပြုလုပ်နိုင်ငြား အရှင်မြတ်တို့ဘုရား၊ **မယံ**= သာသနာဘေး ကာကွယ်ရေးဟု နီးဝေးကျော်ကြား တပည့်တော်အများတို့သည်၊ **အပရေ** = သာသနာ့ပြင် ရန်သူ ပင်ဟုတွင်တွင်ကျော်ကြားမိစ္ဆာတရားတို့ကို **နာသေမ**= အမြောက် စိန်ပုံး ပစ်သည့်ထုံးသို့ လုံးလုံးကြေညက် မပေါ်ထွက်အောင် ဆော်နှက်ကြပါကုန်စို့ဘုရား။ **သာသနဿ**= ဗုဒ္ဓမြတ်ရှင် ဗျာဒိတ်တင်၍ သုံးအင်တည်ထား သာသနာတော်မြတ်ကြီး အား၊ (ဝါ) သာသနာတော်မြတ်ကြီးကို၊ **အနုဂ္ဂဟံဝ**= ကိုယ်နှင့် အသက် မငဲ့ကွက်ဘဲ သက်သက်သာသနာ ချီးမြှင့်ခြင်းအကျိုး ငှာသာလျှင်၊ **သကိစ္စံ** = ပိဋကတ်တွင် ပရိယတ်ပင်ဟု အခြေပြု

လျက် ဖွေစုသမုတ် ကိုယ့်အလုပ်ကို၊ **အနုယုဥ္စန္တာ** = အအား မနေ တရားတွေကို များဖွေပြုလုပ် လွန်အားထုတ်ကြကုန်သည် ဖြစ်၍၊ **ဗုဒ္ဓဝါစံ** = "ဝိနယော နာမ သာသနဿ အာယု"မိန့် မူအညီ အာဏာရည်ဘုရားစကား ဝိနည်းတရားတော်များ ကို၊ **ဘာဏေယျာမ**= သာသနာအတွက် ပထမအချက်မို့ ထက် ထက်သဒ္ဓါ စေတနာဖြင့် ယုံကြည်စွာ နဖူးပြင်မှာ ဦးတင်ကာ မြူးရွှင်သာယာစွာ ရွတ်ဆိုကြပါကုန်စို့ဘုရား။

**(ဆရာတော်၏ ပထမဆုံး လင်္ကာရဂါထာ ဖြစ်သည်၊ 'ဗုဒ္ဓ သာသနာ' ဟူသော စကားလုံးကို ပါဒတို့အစ၌ ထား၍ ဖွဲ့သီထားသည့် 'အာချက္ခရ သင်္ကေတဂါထာ' ဖြစ်သည်။)**



မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ

# အခမ်းအနားဖွင့် ပဋ္ဌာန်းမွန်းဂါထာ

❀❀❀

**နိသိန္နော ရတနဃရေ၊ သမ္ဗုဒ္ဓေါ တိဒိဝါလယော။**
**ဒေသေသိ ဝရပဋ္ဌာနံ၊ သမ္ဗုဒ္ဓေါ တံ ဘဏာမ ဟေ။**

**သမ္ဗုဒ္ဓေါ**= သစ္စာလေးတန် တရားမှန်ကို ကေန်သိမြင် ဘုရားရှင်သည်၊ **ရတနဃရေ**= ဗောဓိညောင်ရှင် အောင်ပလ္လင် ၌ သဗ္ဗညုဉာဏ်ရောင် ထွန်းပြောင်ကာစ စတုတ္ထလာ ရတနာ ဃရ သတ္တာဟကြိမ် ထူးမြတ်သည့်စံအိမ်တော်၌၊ **နိသိန္နော**= ၇ ရက်တာ ကာလကြာမျှ ဖလသမာပတ် ခံစားလတ်၍ ဉာဏ် မြတ်ကြည်ဖြူ တပါးတည်း စံတော်မူလျက်၊ **ဝရပဋ္ဌာနံ**= အဘိဓမ္မာမည်ဆို ကျမ်းထိုထိုထက် မြင့်မိုရ်ခြေကုတ် ရေသ မုဒ်သို့ အဟုတ်နက်နဲ ခက်ခဲလှစွာ မဟာပကရဏ မည်ရတင့် ဆန်း ပဋ္ဌာန်းကျမ်းကို၊ **သမ္ဗုဒ္ဓေါ**= မဟာသမုဒ္ဒရာ နက်ကျယ်စွာ၌ မဟာမစ္ဆ တိမိရတို့ မြူးကြွခွင့်ကြုံ ဆိုသည့်ပုံသို့ ဉာဏ်ဟုန်စွမ်း သန် သဗ္ဗညုဉာဏ်လည်း ကေန်နက်ဝှမ်း မြတ်ပဋ္ဌာန်း၌ ခွင့် လမ်းပြည့်ဝ ကျက်စားရသဖြင့် မြူးကြွရောင်ခြည် အလီလီ

အထပ်ထပ် ဆင်ခြင်သုံးသပ်တော်မူလေပြီ။ **တိဒိဝါလယေ**= သက္ကာစံရာ ဝတိံသာ၏ အောင်ချာထွန်းလစ် ပင်ကသစ်ခြေ တည်နေစံပြု ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌၊ **နိသိန္နော**= မယ်တော်နတ်သား အမျှုးထားလျက် ထူးခြားစုံစွာ နတ်ပြဟ္မာပေါင်း တိုက်တစ်သောင်းမှ ရိုက်ညောင်းသံဝါ ရံကာပြည့်ထပ် ပရိသတ် အလယ် စံပယ်ကြည်ပျော် ထိုင်နေတော်မူလျက်၊ **ဝရပဋ္ဌာနံ**= အဘိဓမ္မာမည်ဆို ကျမ်းထိုထိုထက် မြင့်မိုရ်ခြေကုတ် ရေသမုဒ်သို့ အဟုတ်နက်နဲ ခက်ခဲလှစွာ မဟာပကရဏ မည်ရတင့်ဆန်း ပဋ္ဌာန်းကျမ်းကို၊ **ဒေသေသိ**= ဝါတွင်းသုံးလ ဆုံးတိုင်ကျအောင် ဓမ္မသင်္ဂဏီ အစချီလျက် ပိပြင်ခွဲညား တန့်မနားဘဲ ဟောကြား တော်မူခဲ့လေပြီ။ **ဟော**= နက်နဲကြီးကျယ် အံ့ဘွယ်တင့်ဆန်း မြတ်ပဋ္ဌာန်းကို ရှင်လန်းကြည်နူး သဒ္ဓါထူးဖြင့် ဆင့်ကူးထပ်ထပ် သံမပြတ်အောင် ရွတ်ဖတ်တူပျော် ပူဇော်လိုငြား အို. . . အရှင်မြတ်တို့ဘုရား၊ **မယံ**= ပဋ္ဌာန်းရွှေစာ ဒေသနာကို စေတနာပို ရွတ်ဆိုလိုငြား တပည့်တော်များတို့သည်၊ **တံ ဝရပဋ္ဌာနံ**= ကြောင်းကျိုးသတ္တိ သုံးမျိုးညှိလျက် အသိခက်ခဲ နက်နဲလှစွာ မဟာပကရဏ မည်ရကျော်ဟိး ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို၊ **ဘဏာမ**= ရှင်မြူးဝမ်းသာ ရွတ်ဆိုကြပါကုန်စို့ အရှင်ဘုရား။

**ရေးသားပူဇော်သူ- အရှင်နန္ဒမာလာဘိဝံသ**

မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်း။

၁၃၅၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
၁၉ ကြိမ်မြောက်၊ သာသနာ့လင်္ကာရစာမေးပွဲ
ဆုနှင်းသဘင်

# အခမ်းနားဖွင့် ဂါထာ

❀❀❀

**အယံ ဇယော သာသနဿ ၊ အလင်္ကာရဝိလာသတံ။**
**ဇယဝတံ ပူဇနာယ ၊ ဝိဝရာမ မယံ သဘံ။**

**အယံ ဇယော**= သာသနာ့လင်္ကာရစာသဘင် ပါဝင်ဆင်နွှဲ ဤအောင်ပွဲသည်။ **သာသနဿ**= ဗုဒ္ဓမြတ်ရှင် ဉာဏ်သဗ္ဗညုဖြင့် သိမြင်ပိုင်းခြား ရေတွက်အားဖြင့် သုံးပါးထင်ပေါ် သာသနာတော်မြတ်ကြီး၏။ **အလင်္ကာရဝိလာသတံ**= "ရဟန်းကျင့်ဝတ် တစ်ပါးတတ်က လူနတ်ဦးခိုက် ပူဇော်ထိုက်"ဟု နှစ်ခြိုက်ဖွယ်ရာ ဆင်တန်ဆာသီလ ဆင်ယင်ကြသဖြင့် ထာဝရတင့်တယ် လှမျိုးကြွယ်ပြား ရှင်သာမဏေအများတို့၏၊ **ဇယော**= သာသနာ့လင်္ကာရ မည်ရထင်ပေါ် ငယ်,ကြီး,ကျော်ဟု

စာတော်မေးခမ်း ဉာဏ်အစွမ်းဖြင့် ကြိုးပမ်းပိုင်ပိုင် ဖြေဆိုနိုင်၍ မြိုင်ဆိုင်တင့်ကဲ စာအောင်ပွဲကြီးပါပေတည်း။

**ဒါနီ**= ၁၃၅၆ ခု ရတုသာယာ ကြတ္တိကာနက္ခတ် စန်းမြတ်တွေ့ဆုံ ရဂုံမြိုင်တန်း စိမ်းလန်းသာယာ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် ယနေ့အခါ၌။ **ဗဟုဝတံ** = အငယ်,ကြီး,ကျော် စာတော်အောင်ပန်း ဆင်းမြန်းကိုယ်စီ ဂုဏ်ရည်တင့်ကြွား အောင်ပွဲရသာမဏေကျော်အများတို့ကို။ **ပူဇနာယ** = ဆုနှင့်လက်မှတ် ကိုယ်စီအပ်လျက် လေးမြတ်တူပျော် ချီးကျူးပူဇော်ခြင်းငှာ။ **မယံ** = သာသနာလင်္ကာရ ဆုနှင်းသဘင် ပါဝင်ကြပြား တပည့်တော်အများတို့သည်။ **သဘံ** = ၁၉ ကြိမ်မြောက်ထွန်းတောက်၍လာ သာသနာလင်္ကာရ မည်ရဆင်နွဲ စာပေဆုနှင်းသဘင်ပွဲကို။ **ဝိဝရာမ** = စဉ်မကွာ အချိန်သင့်သဖြင့် မင်္ဂလာအရှိန်မြှင့်ရအောင် ခွန်းဆင့်ကြေငြာ ဖွင့်လှစ်ကြပါကုန်စို့ဘုရား။

**အရှင်နန္ဒမာလာဘိဝံသ**

၁၃၅၆၊ ကျွတ်ဆုတ် ၁၃ ရက်။

## စစ်ကိုင်းမြို့၊ သာသနာလင်္ကာရစာမေးပွဲ ဆုနှင်းသဘင်

# အခမ်းအနားဖွင့် ဂါထာ

❀❀❀

**သမယာယံ အလင်္ကာရ-သဘာယ’ လင်္ကတံ သဘံ။**
**ဝိဝရာမ မယံ ဒါနိ၊ ပူဇိတုံ ဧယဂါဟိနော။**

**အယံ**= ၁၃၅၈ သက္ကရာဇ်ကြို ကြာရုံပွင့်လန်း အိုင်လုံး လွှမ်းလျက် တင့်ဆန်းသာယာ သီတင်းကျွတ်လပြည့်ကျော် ၁၄-ရက် ဤမင်္ဂလာအခါသည်၊ **အယံ**= မဟာနာယက ဩဝါဒါစရိယ သာသနာလင်္ကာရအမှူးဆောင် ဂုဏ်ရောင်သစ်လွင် ထေရ်အရှင်တို့နှင့်တကွ သာသနာလင်္ကာရ အောင်ပွဲရအမော် သာမဏေကျော်တို့ကိုအမှူးထား ထူးခြားသဒ္ဓါ များစွာသောင်းသောင်း ဒကာ,ဒကာမအပေါင်းတို့ နှစ်ထောင်းအားရ စည်းဝေးကြရာ ဤယခုအခါသည်၊ **အလင်္ကာရသဘာယ**= သာသနာ့တန်ဆာ ဂုဏ်ရောင်ဖြာသည့် သာသနာလင်္ကာရ မည်ရဆင်နွှဲ စာသဘင်ပွဲ၏၊ **သမယော**= ငယ်,ကြီး,ကျော်တန်း မြတ်အောင်ပန်းကို လက်လှမ်းကြည်ဖြူ ပန်ဆင်သူတို့ ဆုယူ

ကြရာ ပူဇော်ပွဲမင်္ဂလာ အခါပါတည်း၊ **ဒါနိ**= ၁၃၅၈ သက္ကရာဇ် ကြို ကြာရုံပွင့်လန်း အိုင်လုံးလွှမ်းလျက် တင့်ဆန်းသာယာ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် ဤမင်္ဂလာအခါ၌၊ **မယံ**= သာသနာအညွန့် အစွန့်ရှည်ရန် စီအမံဖြင့် ရည်သန်ကြပြား တပည့်တော်အများတို့သည်၊ **ဇယဂ္ဂါဟိနော**= သာသနာလင်္ကာရ ဖွဲ့အလှဖြင့် ပွဲရအမော် သာမဏေကျော်ဟု ထင်ပေါ်နီးဝေး ရှင်သာမဏေကလေးတို့ကို၊ **ပူဇေတုံ**= ဆုနှင့်လက်မှတ် တန်ရာကပ်လျက် လေးမြတ်တူပျော် ချီးမြှင့်ပူဇော်ခြင်းအကျိုးငှာ၊ **အလင်္ကတံ သဘံ**= သာသနာလင်္ကာရ မည်နာမဖြင့် ဓမ္မအရှိန် ဂုဏ်သိရ်ဆင့်ကဲ (၂၁)ကြိမ်မြောက် စာတော်အောင် ဆုနှင်းသဘင်ပွဲကို၊ **ဝိဝရာမ**= ပတ္တကလ္လံ အချိန်တန်သဖြင့် ကောန်ပြည့်စုံ ဖွင့်လှစ်ကြပါကုန်စို့တကား။

**အရှင်နန္ဒမာလာဘိဝံသ**

သ·စ·အ ဓမ္မာစရိယ၊ ပါဠိပါရဂူ
M.A သီရိလင်္ကာ
တိုက်အုပ်ဆရာတော်
မဟာသုဗောဓာရုံ၊ စစ်ကိုင်းမြို့။

မဟာနန္ဒိယာရာမ ပေါ်တော်မူကျောင်းတိုက်၌
'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ
စစ်ကိုင်းမြို့၊ မဟာသုဓောဓရုံကျောင်းတိုက်
ပဓာနနာယကဆရာတော်နှင့်
'မဟာဂန္ထဝါစကပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ
ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသ တို့အား ပူဇော်သောအားဖြင့်

# အာစရိယဂုဏပူဇာ အခမ်းအနားဖွင့်ဂါထာ

❀❀❀

**ပူဇနီယ တိလောကေန၊ သမ္ဗုဒ္ဓံ ဓမ္မပူဇကံ။**
**ဝန္ဒိတွာန ဝိဝရာမ၊ သဘံ သုဂုဏပူဇိတံ။**

**ဘောနွှော**= ၁၃၅၅ ခု ရတုသာစို လဝါဆိုဒုတိယ အာသဠ္ဌတွင် စန်းနှင့်ယှဉ်လျက် ရှုမြင်သာစွာ ဆန်းပက္ခ၏ ပဌမတွင်လာ ရက်မြတ်အခါဝယ် ညီညာဖျဖျ အာစရိယနှင့် ဂုဏပူဇာပွဲမဟာကို နွဲ့ကာစုပေါင်း အို-ရှင်လူပရိသတ်အပေါင်းတို့၊ **တိလောကေန**=သုံးလောကဟူ နတ်လူပြဟ္မာ သတ္တဝါအများ

လောကသားသည်၊ **ပူဇနီယံ**= ယုံကြည်လေးမြတ် သဒ္ဓါခေတ်ဖြင့် ဆည်းကပ်တူပျော် ရှိခိုးပူဇော်အပ်သော၊ **ဓမ္မပူဇကံ**=ကိုယ်တိုင်သိပြား မြတ်တရားကို လေးစားကော်ရော် ပူဇော်တော်မူတတ်သော၊ **သမ္ဗုဒ္ဓံ**= သစ္စာလေးတန် တရားမှန်ကို ဧကန်သိမြင် ဂုဏ်အင်ကြီးမား ရှင်တော်မြတ်ဘုရားကို၊ **ဝန္ဒိတွာန**= ဂုဏ်တော်ရည်မှန်း သဒ္ဓါလွှမ်းလျက် ရှင်လန်းရိုကျိုး ရှိခိုးပြီး၍၊ **ဂုဏပူဇိကံ**= ထူးခြားစုံညီ မြတ်ဂုဏ်ရည်ကို ယုံကြည်တူပျော် ချီးကျူးပူဇော်ရာဖြစ်သော၊ **သဘံ**= အာစရိယ ဂုဏပူဇာ ညီညာဆင်နွှဲ သဘင်ပွဲကို၊ **ဝိဝရာမ**= မင်္ဂလာအခါတော်ရပြီမို့ သဘင်မဟာစီစဉ်အလာပြလျက် ကြည်ရွှင်သဒ္ဓါ ထာဝရပွင့် သစ်ကြုံရအောင် အော်. . . ဖွင့်လှစ်ကြပါကုန်စို့ဘုရား။

**စီကုံး** - **ရှင်နန္ဒမာလာဘိဝံသ**

မဟာသုဗောဓာရုံ၊ စစ်ကိုင်း

၁၃၅၅ ခု၊ ဒုတိယဝါဆိုလဆန်း ၅ ရက်။ (၂၃·၇·၉၃)

**ရွတ်ဆို** - **အရှင်သုဇန**

မစိုးရိမ်ကျောင်းသစ်၊ သဲအင်းရွာ၊

စဥ့်ကူးမြို့နယ်၊ ညောင်ပင်ရွာ
မဟာနန္ဒိယာရာမ ပေါ်တော်မူကျောင်းတိုက်၌
**'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ**
စစ်ကိုင်းမြို့၊ မဟာသုဗောဓာရုံကျောင်းတိုက်
ပဓာနနာယကဆရာတော်နှင့်
**'မဟာဂန္ထဝါစကပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ**
**ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသ** တို့အား

ပူဇော်သောအားဖြင့် ဆင်ယင်ကျင်းပအပ်သော

## အာစရိယဂုဏာဝိသိဋ္ဌပူဇာ ပူဇော်ခွင့်
## ပန်ကြားလျှောက်ထားလွှာ

❀❀❀

(၁) ဘူမိပုဗ္ဗော တုဝံ ဘန္တေ၊ အာဇညော ဂုဏာဓာရကော။
ဩကာသံ ဒေဟိ ပူဇာယ၊ ထေရော'သိ ပူဇနာရဟော။

**ဘန္တေ**= သီလ,သမာဓိ,ပညာ ဂုဏ်ဝါကြီးမား ဆရာတော်
အရှင်သူမြတ်ဘုရား၊ **တုဝံ**= ပရိသတ်အလယ် ဂုဏ်မြင့်ကြွယ်

လျက် တင့်တယ်လေပြား အရှင်သူမြတ်ဘုရားသည်၊ **ဘူမိပုတ္တော**= ညောင်ပင်ရှာဇာတိ ဘုန်းကံရှိသည့် ကဝိထွန်းထား 'မ- တထောင် တကောင်ဘွား' ဟု လေးစားမှတ်ယူ သားရတနာဖြစ်တော်မူသည်ဖြစ်၍၊ **ဂုဏာဓာရကော**= 'အဂ္ဂမဟာပဏ္ဍိတ' မည်ရအကျော် ဘွဲ့ထူးကိုဆောင်တော်မူသော၊ **အာဇဉော**= တထောင်တွင်တယောက် ပေါ်ပေါက်ရန်ခက် အဖက်ဖက်စုံညီ ဂုဏ်ရည်ပြည့်ပြား အာဇာနည်ပုဂ္ဂိုလ်တပါး ဖြစ်တော်မူပါသည် အရှင်ဘုရား၊ **ထေရော**= သီလစသည် ဂုဏ်ရည်ပြည့်လှိုင် ကြံ့ခိုင်လေပြား အရှင်ဆရာတော်မြတ်ဘုရားသည်၊ **ပူဇနာရဟော**= တပည့်ဒါယကာ ပေါင်းများစွာတို့ ကြည်သဒ္ဓါဉူးခိုက် ပူဇော်ခြင်းကို ထိုက်တော်မူသည်၊ **အသိ**= စင်စစ်မသွေ ဖြစ်ပါပေ၏၊ **ပူဇာယ**= ဂုဏ်ရည်ထုတ်ဖော် ပူဇော်သက္ကာ ကြည်သဒ္ဓါဖြင့် ညီညာဝပ်စင်း ပူဇော်ခြင်းငှါ၊ **သြကာသံ**= မင်္ဂလာကုသိုလ် ပွဲကြောင်းဆိုသဖြင့် ကြည်ညိုမြတ်လေး အခွင့်အရေးကို၊ **ဒေဟိ**= မေတ္တာရှေ့ထား ကရုဏာပွါးလျက် ပေးသနားတော်မူပဲ့ါ အရှင်ဘုရား။

**(၂) ဘူမိပုတ္တော တုဝံ ဘန္တေ ဝါစကော ဂုဏာဓာရကော။**
**သြကာသံ ဒေဟိ ပူဇာယ၊ ထေရောသိ ပူဇနာရဟော။**

**ဘန္တေ**= ပရိယတ်ဂုဏ်ရောင် ထွန်းပြောင်ထင်ရှား စာချဆရာတော် အရှင်သူမြတ်ဘုရား၊ **တုဝံ**= ပရိသတ်အလယ်

ဂုဏ်မြင့်ကြွယ်လျက် တင့်တယ်လေပြား ဆရာတော်အရှင်သူမြတ်ဘုရားသည်၊ **ဘူမိပုဏ္ဏော**= ညောင်ပင်ရွာဇာတိ ဘုန်းကံရှိသည့် ကဝိထွဋ်ထား 'မ-တထောင်တကောင်ဘွား' ဟု လေးစားမှတ်ယူ သားရတနာဖြစ်တော်မူ၍။ **ဂုဏာဓာရကော**= 'မဟာဂန္ထဝါစကပဏ္ဍိတ'ဟု ဘွဲ့ရအကျော် ဂုဏ်ထူးကို ဆောင်တော်မူသော၊ **ဝါစကော**= ကျမ်းဂန်စာပေ အထွေထွေကို မသွေကျန နည်းလမ်းပြလျက် ပို့ချသင်ကြား စာချဆရာတော်တပါးဖြစ်တော်မူပါသည်အရှင်ဘုရား။ **ထေရော**= သီလ စသည် ဂုဏ်ရည်ပြည့်လှိုင် ကြံ့ခိုင်လေပြား အရှင်သူမြတ်ဘုရားသည်၊ **ပူဇနာရဟော**= တပည့်ဒါယကာပေါင်းများစွာတို့ ကြည်သဒ္ဓါဦးခိုက်ပူဇော်ခြင်းကို ထိုက်တော်မူသည်၊ **အသိ**= စင်စစ်မသွေ ဖြစ်တော်မူပါပေ၏။ **ပူဇာယ**= ဂုဏ်ရည်ထုတ်ဖော် ပူဇော်သက္ကာကြည်သဒ္ဓါဖြင့် ညီညာဝပ်စင်း ပူဇော်ခြင်းငှါ၊ **ဩကာသံ**= မင်္ဂလာကုသိုလ် ပွါးကြောင်းဆိုသဖြင့် ကြည်ညိုမြတ်လေးခွင့်အရေးကို၊ **ဒေဟိ**= မေတ္တာရှေ့ထား ကရုဏာပွါးလျက်ပေးသနားတော်မူပါ့အရှင်ဘုရား။

**ဖွဲ့**- **အရှင်နန္ဒမာလာဘိဝံသ**
**ဆို**- **ပူဇော်ပွဲကျော်မတီ**

၁၃၄၀ ပြည့်နှစ်၊ နယုန်လပြည့်နေ့၊
စစ်ကိုင်းမြို့၊ မဟာသုဓောဓာရုံတိုက်
နှစ် ၂၀ ပြည့် ကျောင်းတိုက်နေ့ သုဓောကေဓမ္မသဘင်၌
မဟာသုဓောဓာရုံ သောတုဇနများ၏

## အဝိဋ္ဌာန်ပြုလှူ ဂါထာပါဘုရား

❀❀❀

**သုဒန္တာဝ အနယာမ ၊ ဇယပုပ္ဖေဟိ မဏ္ဍိတုံ။**
**သုသီလာ သုသမာရဒ္ဓါ ၊ ကာဟာမ ဗုဒ္ဓသာသနံ။**

**ဘန္တေ**= သုဓောကေ ဓမ္မသဘင် ပါဝင်တက်ရောက် ရဲရဲတောက်အာဇာနည် ဘာမထီစိတ်ထား အို- အရှင်ကောင်းအရှင်မြတ်တို့ဘုရား၊ **မယံ**= သုဓောဓာရုံဂဏ ထာဝရသစ်လွင်ချစ်ခင်လေးစား တပည့်တော်အများတို့သည်၊ **ဇယပုပ္ဖေဟိ**= မူလ က,ခ ပ,ဒု,တပုံ စပြုဆင်နွဲ မြတ်အောင်ပွဲ၏ လွန်ကဲတင့်ဆန်း မြတ်အောင်ပန်းတို့ဖြင့်၊ **မဏ္ဍိတုံ**= အရှုံးမသိ နှလုံးရည်ဖြင့် ပြုံးကြည်လန်းရွှင် တန်ဆာဆင်ခြင်းငှာ၊ **သုဒန္တာဝ**=ဆရာကောင်းတပည့် အနှစ်ပြည့်လျက် ပိရိက္ခန္ဓေ သိရ်သရေဖြူဖွေး

အလွန်ယဉ်ကျေးကြကုန်သည်ဖြစ်၍ သာလျှင်၊ **အနုယာမ**= နောင်တော့နောင်တော် ပုဂ္ဂိုလ်ကျော်ကို မှန်းမြော်စိုက်စိုက် အောင်ပွဲဆိုက်အောင် အစဉ်လိုက်ကြပါကုန်အံ့၊ **သုသီလာ**= သာသနာ့စည်းကမ်း ကျောင်းစည်းကမ်းကို နည်းလမ်းကုန်စင် လွန်ခင်မင်လျက် ပြုပြင်လိုက်နာ ကောင်းသော အကျင့်သီလ ရှိကြပါကုန်သည်ဖြစ်၍၊ **သုသမာရဒ္ဓါ**= စာပေတတ်ချင် စိတ် ကောင်းဝင်လျက် အစဉ်ကြိုးကုတ် လွန်စွာ အားထုတ်ကြကုန် သည်ဖြစ်၍၊ **ဗုဒ္ဓသာသနံ**= ပရိယတ်,ပဋိပတ် နှစ်ရပ်စုံစွာ မြတ်ဘုရား၏ သာသနာတော်ကို၊ **ကာဟာမ**= နိုင်ရာဝန်ထမ်း ကိုယ်စီစွမ်းဖြင့် ကြိုးပမ်းကြပါကုန်စို့ဘုရား။

## ရွှေကျင်နိကာယ ဂဏသမုဋ္ဌာပက
## ကျေးရှူးရှင် ပထမရွှေကျင်ဆရာတော်ဘုရားကြီးအား
## ပူဇော်ဆက်သအပ်သော

# ဂုဏပူဇာဂါထာများ

❀❀❀

**(၁) ပုရေ ဒဗ္ဗေ ဝိနဋ္ဌမှိ၊ ဂုဏာ စရိံသု ကောဝလံ။**
**ဂဏိဘူတာ ဂုဏာ ဒါနိ၊ မညေ ဒဗ္ဗံ ဂဏာနုဂ္ဂိဒံ။**

**ပုရေ**= ရှစ်ဆယ်ကျော်နှစ် မှန်းမြော်လစ်၍ တွက်စစ်သင်္ချာ ဟိုရှေးခါ၌၊ **ဒဗ္ဗေ**= သီလ, သမာ ပညာပြည့်ကြွယ် လွန်ခန့်ထည်၍ တင့်တယ်ထင်ပေါ် ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဒြပ်တော်သည်၊ **ဝိနဋ္ဌမှိ**= အတ္တတောင်စွယ် နေမင်းနှယ်သို့ ပျောက်ကွယ်ရုပ်သိမ်း ချုပ်ငြိမ်းတော်မူသည်ရှိသော်၊ **ဂုဏာ ကောဝလံ**= ဒြပ်တော်မဖက် သက်သက်ထင်ပေါ် ဂုဏ်တော်ကျေးဇူးတော်တို့သည်သာလျှင်၊ **စရိံသု**= သီရိလင်္ကာ ပြည်မြန်မာနှင့် တဖြာတိုင်းမည် အပြည်ပြည်၌ ဂုဏ်ရည်ထင်ပေါ် လှည့်လည်တော်မူခဲ့ကြလေကုန်ပြီ။ **ဒါနိ**= ယောင့်သုံးရာ

သုံးဆယ့်ရှစ် သက္ကရာဇ်ဟု ထွန်းသစ်စုံလင် များလူရှင်တို့ ကြည်လင်ဝမ်းသာ ယခုအခါ၌၊ **ဂုဏာ**= ရတနာသိင်္ဂီ နှစ်အဆီ သို့ ချစ်ကြည်ဘွယ်ကောင်း ရွှေကျောင်းဆရာတော်ဘုရားကြီး၏ ဂုဏ်တော်အပေါင်းတို့သည်၊ **ဂဏီဘူတာ**= နိုင်ငံတကာ ပျံ့နှံ့ ရာမှ ကြွလာပေါင်းစုံ စုဝေးမိကြကုန်သည်ဖြစ်၍၊ **ဣဒံ ဒပ္ပံ**= ဗြဟ္မာသိကြား ဖန်ဆင်းလားသို့ ထူးခြားပေါ်လွင် ဤ ရွှေကျောင်း ဆရာတော်ဘုရားကြီး၏ ရုပ်ပုံတော်အသွင်ကို၊ **ဂဏှန္တိ**= ရွှေကျောင့်အနွယ် မပျက်ပြယ်အောင် သက်နှယ်လေးစား တပည့် သားတို့ အားထားဖူးမြင် ရှိဦးတင်ဘို့ ခုပင်ပုံဆောင် ရယူခဲ့ကြ လေယောင်တကား။

## ၂။ ထေရော နော ပုနရာဂမိ၊ ဇာတိဘူမျာ ဝိဘူသနာ။ ဂဏိကာနံ သင်္ဂဟာယ၊ သာသနဿ ဝိသုဒ္ဓိယာ။

**ဒါနိ**= ဆောင်းခါလွန်မြောက် နှင်းတွေပျောက်လျက် တောင်မြောက်လေမြူး နွေဦးသာစ ဤလတပေါင်း အခါ သမယ၌၊ **နော**= ကျက်သရေလျှံ့ တက်နေသွင်သို့ ရွှေကျောင် ဂိုဏ်းသား တပည့်တော်အများတို့၏၊ **ထေရော**= ဂိုဏ်းမြတ် ရွှေကျောင် နေအသွင်၏ ပြေခွင်ကျော်ကြား ကျေးဇူးရှင်ရွှေကျောင် ဆရာတော်ဘုရားကြီးသည်၊ **ဇာတိဘူမျာ**= အာဇာနည်မော် ပုဂ္ဂိုလ်ကျော်တို့ ထွက်ပေါ်ခဲ့ရာ ရတနာသိင်္ခ နာမကျက်သရေ မြင်းနယ်မြေကို၊ **ဝိဘူသနာ-ဝိဘူသနာယ**= ကမ္ဘာတခွင်

သမိုင်းတင်လျက် နှိုင်းယှဉ်လေ့လာ အလှဆင်ခြင်း အလို့ငှာလည်းကောင်း၊ **ဂဏ္ဌိကာနံ**= သီရိလင်္ကာ ပြည်မြန်မာနှင့်တဖြာ တိုင်းမည် အပြည်ပြည်၌ ကြာရှည်ပြန့်ပွား ရွှေကျောင်းတပည့်များတို့ကို၊ **သင်္ဂဟာယ**= ရွှေကျောင်းကျင့်ထုံး တဖြောင့်သုံးလျက် စည်းလုံးညီညာ ချစ်ကြည်စွာဖြင့် မေတ္တာပိုမို နှစ်ကိုယ်တစိတ် ယိုဖိတ်စေလျှင်း ချီးမြှောက်ခြင်း အလို့ငှာလည်းကောင်း၊ **သာသနဿ**= သင်ယူကျင့်ကြံ အသိဉာဏ်ဟု သုံးတန်မြွက်ဖော် သာသနာတော်မြတ်ကြီး၏၊ **သုဝိသုဒ္ဓိယာ**= တက်သစ်နေရောင် သရေဆောင်လျက် ထွန်းပြောင်ရှည်ကြာ ကြီးပွားတိုးတက်ရန် အလို့ငှာလည်းကောင်း၊ **ပုနရာဂမိ**= ရွှေကျောင်ဆရာတော် ပြည်လုံးကျော်လျက် ထင်ပေါ်ကျက်သရေ တဖန်ကြွလာတော်မူလေပြီတကား။

ရေးသား၊ ရွတ်ဖတ်ပူဇော်သူ

**အရှင်နန္ဒမာလာဘိဝံသ**

မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်းမြို့။



**ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ ပင်းဟဲရွာ၌ ဖွားမြင်ခဲ့၍ စစ်ကိုင်းတောင်၊ မြို့ချောင်၌ ပညာသင်ယူကာ ၁၃၃၇ ခု၊ အစိုးရစာချတန်းတွင် အောင်မြင်သဖြင့် သာသနဓဇဓမ္မာစရိယဘွဲ့ထူးကို ဆွတ်ခူးရရှိသော ဆရာလေး မရူပမာလာ** အား **ဂုဏ်ပြုချီးကျူးအပ်သော**

# ဂုဏာထောမနာ ဂုဏ်ပြုလွှာ

❀❀❀

**(၁) ဝိဇာတာ ကချင်မဏ္ဍလေ၊ ရမ္မေ မရမ္မရဋ္ဌိယေ။**
**ဓိတာ' ယံ ဗုဒ္ဓဘတ္တိနှ၊ ကချင်မဏ္ဍလဇာတိကာ။**

**ရမ္မေ**= ကျောင်းကန်စေတီ အလီလီဖြင့် ဂုဏ်ရည်စုပေါင်း အလွန်မွေ့လျော်ဖွယ်ကောင်းပေထသော၊ **မရမ္မရဋ္ဌိယေ**= တိုင်းနှင့်ပြည်နယ် ၁၄-သွယ်ဖြင့် မိုးကြယ်တူစွာ ပြည်မြန်မာ၏ သာယာတင့်တယ် လှပသောပြည်နယ် တနယ်ဖြစ်သော၊ **ကချင်မဏ္ဍလေ**= ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ ပျော်ပါးမှီတွယ် ကချင်ပြည်နယ်၌။ **ဝိဇာတာ**= မိုးညှင်းပိုင်တွဲ ရွာပင်းဟဲ၌ ထူးကဲဂုဏ်အင် စုံအလင်ဖြင့် အမှန်ပင် ဖွားမြင်ခဲ့သော၊

**ဗုဒ္ဓဘတ္တိနံ**= လှပသာယာ ပင်းဟဲရွာမှ သဒ္ဓါကြည်ပျော် 'ဦးဘခေါ် နှင့် ကြင်ဖော်ဒေါ်ကျက်' ဂုဏ်ရည်တက်လျက် နှစ်သက်ရွှင်အား ဗုဒ္ဓဘာသာမိဘနှစ်ပါးတို့၏၊ **ဓီတာ**= ဂုဏ်ရည်ထွန်းသစ် သမီးချစ်ဖြစ်သော၊ **အယံ**= ဓမ္မာစရိယ ဘွဲ့ထူးရလျက် 'မရူပမာလာ' မည်သညာဖြင့် ဂုဏ်ဝါပျံ့မွှေး ဤသီလရှင်ဆရာလေးသည်၊ **ကချင်မဏ္ဍလဇာတိကာ**= ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ ပျော်ပါးမှီတွယ် ကချင်ပြည်နယ်မှ တင့်တယ်ကြွားဝင့် တောက်ပြောင်သော ကြယ်တပွင့် ဖြစ်ပါပေသည်တကား။

## (၂) သာဝိကာ မဟာထေရဿ၊ ဓီတာ မြို့သု ကိတ္တိနော။ ပါဝစနံ သုသိက္ခန္တိ၊ ဇယမာလံ အလက်ရီ။

**မဟာထေရဿ**= သာသနာရောင် ထွန်းလင်းပြောင်ဘို့ ရှေ့ဆောင်ထင်ပေါ် မိုးညှင်းမြို့ အရှေ့ကျောင်းဆရာတော်၏၊ **သာဝိကာ**= ဘိက္ခုနီဝင် သီလရှင်ဟု ကျင့်စဉ်ပြည့်ဝ တပည့်မဖြစ်သော၊ **မြို့သုကိတ္တိနော**= ပဌမကျော် ဓမ္မာစရိယ ပါဠိပါရဂူ ဘွဲ့ထူးယူလျက် စင်ဖြူထင်ရှား ဆရာများကြောင့် ကျော်ကြားမြင့်ခေါင် မြို့ချောင်၏၊ **ဝါ**= စာပေပညာ ကျင့်သိက္ခာဖြင့် ဂုဏ်ဝါထွန်းပြောင် မြို့ချောင်၏၊ **ဓီတာ**= ယုယပိုက်ထွေး ပညာပေးသဖြင့် လူမွေးလူတောင် ထွန်းပြောင်ထင်ရှား သမီးတော်တပါးဖြစ်သော၊ **အယံ**= သာသနဓဇဓမ္မာစရိယ ဘွဲ့ထူးရ

လျက် 'မရူပမာလာ' မည်သညာဖြင့် ဂုဏ်ဝါပျံ့မွှေး ဤသီလ ရှင်ဆရာလေးသည်၊ **ပါဝစနံ**= ဗုဒ္ဓရှင်မြတ် ဟောကြားအပ်သည့် ပိဋကတ်ထွေထွေ မြတ်စာပေကို၊ **သုသိက္ခန္တိ**= ဇေယျသိန်ဆရာ တော် အဦးဖေါ်လျက် ရှင်ပျော်တကကြွ ထက်မြက်ကြသည့် 'ဒေါ်ကဥ္စနဝတီ' 'ဒေါ်ကုန္ဒသိဂ်ီ' 'ဒေါ်ဥတ္တမစာရီ' 'ဒေါ်စန္ဒာရီ'၊ ဂုဏ်ရည်အသီးသီး ဓမ္မာစရိယ ပါဠိပါရဂူဆရာကြီးတို့၏ ထံနီးကြည်ဖြူ ကောင်းစွာသင်ယူရသည်ဖြစ်၍၊ **ဇယမာလံ**= အောင်ပွဲဆင့်ဆင့် မြင့်ထက်မြင့်လျက် အဆင့်ခေါင်လွှမ်း ဓမ္မာစရိယမြတ်အောင်ပန်းကို၊ **အလင်္ကရိ**= ၁၃၃၇ ခု ရတု သာယာ ချိန်အခါ၌ သာယာရှင်လန်း ရှုမခန်းအောင် ဆွတ် လှမ်းပန်ဆင်နိုင်ခဲ့လေပြီတကား။

## (၃) ရူပမာလာ သော ဓီတာ၊ ဇယမာလာဟိ လင်္ကတာ။ အနာကုလာ အနာတုရာ၊ သောဘတံ ဇိနသာသနံ။

**ဇယမာလာဟိ**= ငယ်,လတ်,ကြီး,ကျော် ထင်ပေါ်တက် လှမ်း ဓမ္မာစရိယတိုင်အောင်သော မြတ်အောင်ပန်းတို့ဖြင့်၊ **အလင်္ကတာ**= စာပေချစ်ခင် သူတော်စင်တို့ ခုံမင်လေးမြတ် လှပစွာ တန်ဆာဆင်အပ်သော၊ **ရူပမာလာ**= အဆင်းလည်းရှိ အချင်းပြည့်လျက် ထူးဘိဂုဏ်အင် 'မရူပမာလာ'အမည်တွင် သော၊ **သော ဓီတာ**= သာသနာ့ဂုဏ်ရောင် တင့်ထွန်းပြောင်ဘို့ ရွက်ဆောင်ရှင်ပျော် ဤသမီးတော်ကလေးသည်၊ **အနာကု**

**လာ**= ဥပဒ်အန္တရာယ် ရန်စွယ်ခပင်း နှောင့်ယှက်ခြင်းကင်းသည် ဖြစ်၍။ **အနာတုရာ**= ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ဝေး ကွာအရှင်း ကျန်းမာခြင်းရှိသည်ဖြစ်၍။ **ဇိနသာသနံ**= သတ္တဝါ မြားမြောင် စီးပွားဆောင်သည့် အခေါင်ထွဋ်မှူးထီး မြတ်ဘုရား၏ သာသနာတော်ကြီးကို၊ **သောဘတံ သောဘတူ**= ဘိက္ခုနီဝင် သီလရှင်တို့ ဂုဏ်အင်ဝင့်ထယ် လွန်မြင့်ကြွယ်လျက် အတင့်ကြီး တင့်တယ်အောင် ဆောင်ရွက်နိုင်ပါစေသတည်း။

**အရှင်နန္ဒမာလာဘိဝံသ**

မဟာသုဗောဓာရုံတိုက် စစ်ကိုင်းမြို့

၁၃၃၉ ခု၊ တပေါင်းလ

တိပိဋက ဝိနယရေ့, ဝိနယကောဝိဒ
အရှင်တိသာသန အား ဂုဏ်ပြုပူဇော်အပ်သော

# ဂုဏပူဇာ ထောမနာ ဂါထာ

❀❀❀

**(၁) တိ-ဗွိမံ သာသနံ ယေန၊ သာ-သိတံ ဌပိတံ ဟိတံ။**
**သ-တ္ထုနော ဝိနယံ တဿ၊ န-မဿံ သေ ဓာရယိ။**

**ယေန**= ပစ္စုပ္ပန် သံသရာ နှစ်ဖြာအကျိုး ပွားတိုးစေရန် စိတ်ရည်သန်လျက် ဝေဘန်ဆုံးမ လမ်းညွှန်ပြသည့် လောက ထွဋ်မှုထား အကြွင်ရှင်တော်မြတ်ဘုရားသည်၊ **သာသိတံ**=နတ်လူအကျိုး ပွားတိုးစေရန် ရည်သန်ရှုမြော် ဆုံးမတော်မူအပ်သော၊ **ဟိတံ**= နတ်လူအများ ကျိုးစီးပွားကို ထူးခြားလေအောင် စွမ်းဆောင်နိုင်သော၊ **တိဗွိမံ သာသနံ**= ပရိယတ်နှင့် ပဋိပတ် တစ်ဖြာ သင် ကျင့်ပါ၍ ပွင့်လာပဋိဝေ မိန့်ချေသတ်မှတ် သာသနာတော်သုံးရပ်ကို၊ **ဌပိတံ**= ကမ္ဘာ့အလယ် လွှန်ခန့် ထည်မျှ အုံ့ဖွယ်စိုက်ထူ တည်ထားတော်မူခဲ့လေပြီ။ **တဿ သတ္ထုနော**= ပစ္စုပ္ပန်,သံသရာ နှစ်ဖြာအကျိုး ပွားတိုးစေရန်

စိတ်ရည်သန်လျက် ဝေဘန်ဆုံးမ လမ်းညွှန်ပြသည့် လောက ထွဋ်မှုထား ထိုရှင်တော်မြတ်ဘုရား၏၊ **ဝိနယံ**= ကိုယ်နှုတ်နှစ်ထွေ ယဉ်ကျေးစေဖို့ မိန့်ချွေပညတ် ဝိနည်းတရားတော်မြတ်ကို၊ **နမဿံ**= ရိုသေလေးမြတ် ရှိခိုးဦးညွှတ်လျက်၊ **ဧသော**= 'အရှင် တိသာသန' ဘွဲ့ရထင်ပေါ် ဤရဟန်းတော်သည်၊ **မာရယိ**= စာမျက်နှာနှစ်ထောင်ကျော် မြတ်ဗုဒ္ဓအာဏာတော်ကို ရှင် ပျော်သဒ္ဒါ ယုံကြည်စွာဖြင့် ကောင်းစွာမသေ့ ဆောင်ထားခဲ့ပါ ပေသတည်း။

## (၂) ဝိနယဓာရကော ဧသော ၊ ဝိနယဿ သုကောဝိဒေါ။ သုဇာတော မာတာပိတူဟိ ၊ ဂရုဝရေဟိ သိက္ခိတော။

**ဧသော**= 'အရှင်တိသာသန' ဘွဲ့နာမဖြင့် ပါကဋထင်ပေါ် ဤရဟန်းတော်သည်၊ **မာတာပိတူဟိ**= ငါန်းဇွန်မြို့နယ် သတင်းကြွယ်သည့် မိုးတောင်လယ်ကျင်းဦး တင့်ထူးသာလှ ထိုရွာမဌ် ပျော်ကြဖွေရာ နှစ်ဖြာမိဘ 'ဦးထွန်းဝေ ဒေါ်မြရီ' တို့မှ၊ **သုဇာတော**= ထောင့်သုံးရာနှစ်ဆယ့်ရှစ် သက္ကရာဇ် အခါ လနတ်တော်ကျော်တက် ဆယ့်တစ်ရက်ဟု နှစ်သက် ဖွယ်ရာ မင်္ဂလာကြုံတွေ့ စနေနေ့ဝယ် ပျော်မွေ့သန့်စင်ဖွားမြင် ပြီး၍၊ **ဂရုဝရေဟိ**= ကျမ်းတတ်လိမ္မာ ကျင့်သိက္ခာနှင့် လွန်စွာ ပြည့်စုံ ဘုန်းဂုဏ်ကြီးလတ် ကျေးဇူးရှင်ဆရာတော်မြတ်တို့မှ၊ **သိက္ခိတော**= အက္ခရာသမယ အခြေခံမှစလျက် ကျနသေချာ

တတ်ပညာကို ဖွေရှာထပ်ထပ် သင်ယူအပ်သည်ဖြစ်၍၊ **ဝိနယဓာရကော**= စာမျက်နှာနှစ်ထောင်ကျော် မြတ်ဗုဒ္ဓအာဏာတော်ကို ရှင်ပျော်နှုတ်တက် အရကျက်လျက် နှစ်သက်ရင့်ကျူး “ဝိနယ ဓရ” ပုဂ္ဂိုလ်ထူးသည်၊ **ဝိနယဿ သုကောဝိဒေါ**= ဝိနည်းပိဋက ကတ် ကျမ်းမြတ်ရွှေစာ ဌကထာနှင့် ဋီကာခိပ္ပါယ် အသွယ်သွယ် ရှင်းပြ ဝိနိစ္ဆယမကျန် ဝေဘန်ရှုမျှော် “ဝိနယကောဝိဒ” ပုဂ္ဂိုလ်ကျော်သည်၊ **အာသိ**= စင်စစ်မသွေ ဖြစ်ခဲ့ပါပေသတည်း။

## (၃) ပူဇနေယျံ ပူဇယာမ ၊ ဂုဏေ နိမုဂ္ဂမာနသာ။ ဒီဃာယု သေ နိရောဂေါ ၊ ဇောတေတံ ဇိနသာသနံ။

**မယံ**= ညီညာတူပျော် ပူဇော်လိုငြား တပည့်တော်အများတို့သည်၊ **ဂုဏေ**= ဗုဒ္ဓဟောကြား မြတ်တရားကို မှတ်သားကြည်ဖြူ ဆောင်ယူနိုင်ဘိ စွမ်းရည်ရှိသည့် တတ်သိလွှမ်းခြုံ မြတ်သောဂုဏ်၌၊ **နိမုဂ္ဂမာနသာ**= ဝင်ရောက်ငုတ်လျှိုး မြတ်နိုးရွှင်သာ ကြည်နူးသော စိတ်ရှိကြကုန်သည် ဖြစ်၍၊ **ပူဇနေယျံ**= ဥပါလိထေရ်အရှင် ပုံသွင်တမျှ ဝိနယကို တိကျနှုတ်ငုံ လွှမ်းခြုံဆောင်ထား ဉာဏ်အားထင်ပေါ် ပူဇော်ထိုက်သော အရှင်တိသာသန ပုဂ္ဂိုလ်ကျော်ကို၊ **ပူဇယာမ**= ခါခါဝပ်လျှိုး မြတ်နိုးသဒ္ဓါ စေတနာဖြင့် မကွာတူပျော် ပူဇော်ကြပါကုန်သည်ဘုရား။ **သော**= ‘အရှင်တိသာသန’ ဝိနယဓရနှင့် ကောဝိဒအကျော် ဘွဲ့တော်

နှင်းအပ် ဤအရှင်မြတ်သည်၊ **ဒီဃာယု**= အာယုကပ်မီ သက်တမ်းတည်လျက် ရှင်ကြည်ပကတိ ရှည်ကြာသော အသက်ရှိသည်ဖြစ်၍၊ **နိရောဂေါ**= နုပျိုကျန်းမာ လန်းဖြာပကတိ အနာရောဂါ မရှိသည် ဖြစ်၍၊ **ဇိနသာသနံ**= ရှင်တော်ဘုရား ဟောကြားမိန့်မှာ သုံးရပ်သော သာသနာကို၊ **ဇောတေတံ**= ထောင်နေရောင်လင်း အမှောင်ကင်းသို့ သန့်ရှင်းပုံသေ ထွန်းလင်းအောင် ဆောင်ရွက်တော်မူနိုင်ပါစေသတည်း။

**အရှင်နန္ဒမာလာဘိဝံသ**
မဟာသုဓောဓာရုံ၊ စစ်ကိုင်း
၁၃၆၀ ပြည့်၊ ကဆုန်လဆုတ် ၁၅။

စစ်ကိုင်းတောင်ရိုး၊ ရတနာခုဝံနှင့်
သဗ္ဗနေ့ာဒယ ကျောင်းတိုက်တို့၏
ဝိဟာရာဓိပတိ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ
အဘိဓဇမဟာရဋ္ဌဂုရု

**သဋ္ဌနောဒယဆရာတော်ဘုရားကြီး ၏**

ဓာတာဒိဝသ ရဋ္ဌဂုရုဂုဏာဝိသိဋ္ဌပူဇာ
မင်္ဂလာအခမ်းအနားဦး ရွတ်ဖတ်ပူဇော်အပ်သော

# ဝန္ဒနာ, ဂုဏာကိတ္တနာ, ပတ္ထနာ မင်္ဂလာဂါထာများ

❀❀❀

## ဝန္ဒနာဂါထာ

(၁) သုသာဓယံ သုဇနာန၊ ဟိတံ ဩဝါဒဒါယကံ။
ကုန္ဒျဝ ပါကဋံ ထေရံ၊ ဝန္ဒာမ ဓမ္မဘာဏကံ။

**သုဇနာနံ**= ကိုယ်ကျင့်တရား လွန်လေးစားလျက် စိတ်ထားဖြူစင် လူရှင်မခြား သူတော်စင်အများတို့၏၊ **ဟိတံ**= ခုနောင်သံသရာ နှစ်ဖြာကောင်းကျိုး ချမ်းသာမျိုးကို ပွါးတိုးစေကြောင်း အကျိုးစီးပွါးကို၊ **သုသာဓယံ**= မကောင်းမှုပွါး အကျင့်များကို မြစ်တားဆုံးမ ကောင်းရာပြလျက် ဆုံးမပဲ့ပြင် ဖြူစင်

စိတ်ဓာတ် ကောင်းစွာ ပြီးစေတော်မူတတ်သော၊ **ဩဝါဒ ဒါယကာ**= တိပိဋကရွေးချယ် စာပေနယ်နှင့် တသွယ်မလွန် မိုးစွန်ထိပ်နင်း ဆန်လျှသင်းနှင့် မယွင်းမပျက် ဂုဏ်ရောင်တက်သည့် ဝါးချက်ဇီဝိတ အာယုဒါနသီတဂူ ကြည်ဖြူထက်ဗဟိုကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ မိန့်ဆိုမြွက်သူ ဩဝါဒါစရိယ ဖြစ်တော်မူသော၊ **ဣန္ဒြပ ပါကဋ္**= ထက်အာကာသံ ကြယ်ပေါင်းရံလျက် ညဥ့်ယာမ်တင့်ရွှန်း လပြည့်ဝန်းသို့ တင့်ထွန်းရောင်ဝါသာသနာ၌ လွန်စွာထင်ရှား ကျော်ကြားတော်မူသော၊ **ဓမ္မဘာကရံ**= ဓမ္မအရောင် ထွန်းလင်းပြောင်ဘို့ စွမ်းဆောင်နိုင်ဘိထူးခြားသော သတ္တိရှိတော်မူသော၊ **ထေရံ**= ကျေးဇူးတော်ရှင်ဂုဏ်အင်ပွါးစီး သဇ္ဇနောဒယဆရာတော်ဘုရားကြီးကို၊ **ဝန္ဒာမ**= မေတ္တာပေမ ဂါရဝဖြင့် ထာဝရရိုကျိုး လက်စုံမိုးလျက် ရှိခိုးကန်တော့ကြပါကုန်၏ အရှင်ဘုရား။

## ဂုဏာကိတ္တနာဂါထာ

(၂) ပိဋကေ ပါရဂေါ အာသိ၊ ဓာရကော ပါဠိဝစနေ။
ကုသလေဟိ သုဇနေဟိ၊ သိက္ခန္တော ပါဠိပါဠဧကေ။

**ထေရော**= သာသနာ့ဂုဏ်ရောင် ထွန်းလင်းအောင်ဟု စွမ်းဆောင်အားသည်း သဇ္ဇနောဒယဆရာတော် ဘုရားကြီးသည်၊ **ပါဠိဝစနေ**= ဘုရားမုခပါဠ် သမုတ်အပ်သည့် ထွဋ်မြတ်

ဂုဏ်ဝါ ပါဠိဘာသာ၌၊ **ကုသလေဟိ**= သင်ယူတတ်မြောက် စွမ်းအားမောက်သည့် မုန်သောက်မာတင် အလွန်ပင် ကျွမ်းကျင်တော်မူကြကုန်သော၊ **သုဗ္ဗနေဟိ**= ပရိယတ်ဂုဏ်ရောင် ထွန်းပြောင်ထိပ်သီး ဆရာမြတ်ကြီးတို့မှ၊ **ပါဠိပါဠေကေ**= ပိဋကတ်သုံးသွယ် နိကာယ်ငါးဖြာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် များမြောင်လှစွာ ပါဠိကျမ်းစာတို့ကို၊ **သိက္ခန္တော**= ထကြွလုံ့လ ဆုံးမနာယူ ထံမှုလုပ်ကျွေး သင်တွေးအံရွတ် တပည့်ဝတ်ကို မချွတ်ကြည်ဖြူ အားထုတ်သင်ယူတော်မူသည် ဖြစ်၍၊ **စာရကော**= စာပေစကား နှုလုံးသား၌ သိုထားပိုင်ပိုင် ဆောင်ထားနိုင်သည်ဖြစ်၍၊ **ပိဋကေ ပါရဂေါ**= ပင်လယ်ပိဋကတ် လွန်နှံ့စပ်လျက် ကူးခတ်လွယ်ကူ အောင်လံထူသည့် မှတ်ယူထင်ပေါ် ပိဋကတ်ပါရဂူပုဂ္ဂိုလ်ကျော်သည်၊ **အာသိ**= ကောင်းစွာမသွေ ဖြစ်တော်မူခဲ့ပါပေသတည်း။

## (၃) ဟိတကာရီ မိတဘာဏီ၊ သိက္ခာသီလဝိသောဓယီ။ သတ္တစာရီ အတ္တညဏီ၊ မိစ္ဆာညဏဝိမောစယီ။

**ထေရော**= ဓုဝံရတနာ ကျောင်းမဟာနှင့် တစ်ဖြာသဇ္ဇနော ဒယ ဝိဟာရအရှင် ဂုဏ်အင်ပွါးစီး သဇ္ဇနောဒယ ဆရာတော် ဘုရားကြီးသည်၊ **ဟိတကာရီ**= မိမိသူတပါး ကျိုးစီးပွါးတို့ များပြားနိုင်စေ ဆောင်ရွက်တော်မူတတ်ပါပေ၏။ **မိတဘာဏီ**= ကျမ်းရှိမှန်ငြား ဆိုစကားကို ပိုင်းခြားကာပေ နှိုင်းချိန်၍

ပြောဆိုတတ်ပါပေ၏။ **သိက္ခာသီလဝိသောဓယီ**= သိက္ခာသီလ အာစာရကို ထာဝရဖြူစင် မြူမတင်အောင် တူယှဉ်စွဲမှတ် သတိကပ်လျက် ဉာဏ်မြတ်ရှုမျှော် သုတ်သင်တော်မူတတ်ပါပေ၏။ **သတ္တစာရီ**= ကျမ်းဂန်အရပ်ရပ် နှံ့စပ်လိမ္မာ ဉာဏ်ပညာဖြင့် ဖွေရှာခဲကပ် ခွဲဖြတ်ဆင်ခြင် ကျက်စားနိုင်သော ဉာဏ်အမြင် ရှိတော်မူပါပေ၏။ **အတ္ထညာဏီ**= အက္ခရာပုဒ်ပါဌ် ရုပ်ခေတ် ပစ္စည်း အနည်းနည်းရှုမြော် အနက်ဉာဏ်ကြီးတော်မူပါပေ၏။ **မိစ္ဆာဉာဏဝိမောစယီ**= အသိမမှန် မိစ္ဆာဉာဏ်မှ ကေန် မသွေ လွတ်မြောက်စေတော်မူတတ်ပါပေ၏။

### (၄) အဘိဓဇမဟာရဋ္ဌ-ဂုရုတိ ရဋ္ဌပူဇိတော။ ပါကဋော သာသနေ ထေရော၊ သကိယဂုဏပူဇိတော။

**ထေရော**= သီလသမာ ပညာပြည့်စုံ လွှမ်းခြုံကျော်ဟိး သင်္ဃနာယကဆရာတော်ဘုရားကြီးသည်၊ **သကိယဂုဏပူဇိတော**= ကိုယ်ပိုင်ဂုဏ်ရည် စုံအညီဖြင့် ပုံထည်ထင်ပေါ် အလွန် တင့်တယ်တော်မူသည်ဖြစ်၍၊ **အဘိဓဇမဟာရဋ္ဌဂုရုတိ**= တံခွန်တိမ်ယံ မြတ်နိုင်ငံ၏ အောင်လံတစ်ခု အလေးပြုသည့် ဂရုဆရာ အဓိပ္ပါယ်ပါသည့်သာသနိက ထူးလှရည်မျှော် 'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်ဖြင့်၊ **ရဋ္ဌပူဇိတော**= တူပျော် လေးမြတ် ဆက်ကပ်ကော်ရော် နိုင်ငံတော်က ပူဇော်အပ်သည် ဖြစ်၍၊ **သာသနေ**= ရွှေပြည်မြန်မာ ထွန်းတောက်လာသည့်

ဂုဏ်ဝါပွါးစီး သာသနာတော်မြတ်ကြီး၌၊ **ပါကဋော**= နေလ ပမာ ရောင်ဝါပြိုးပြက် တန်ခိုးတက်လျက် ဖြိုးလက်ဖြာဝေ ထင်ရှားတော်မူပါပေသတည်း။

## ပဋ္ဌာနာဆုတောင်းဂါထာ

**(၅) ပသတ္ထသဒ္ဓဂုဏောဟိ၊ သာမုဟာဒယတောသကံ။**
**မဟာထေရံ ပဿေယျာမ၊ ဝဿသတံ အနာမယံ။**

**ပသတ္ထသဒ္ဓဂုဏောဟိ**= ကြေညာတက်လှမ်း အထက်တန်းဟု ချီးမွမ်းဖွယ်စုံညီ ကိုယ်ပိုင်ဂုဏ်ရည်တို့ဖြင့်၊ **သာမုဟာဒယတောသကံ**= သူတော်နှလုံး အစဉ်သုံးလျက် ရွှင်ပြုံးနှစ်သက်စေတတ်သော၊ **မဟာထေရံ**= သီလသမာ ပညာခိုင်ဖြိုး သဇ္ဈနော ဒယဆရာတော်ဘုရားကြီးကို၊ **ဝဿသတံ**= လူတို့သက်တမ်း အထက်မှန်းလျက် မပြတ်တမ်းတွက်စစ် ရက်နှစ်များစွာ အနှစ်တစ်ရာကာလကြာအောင်၊ **အနာမယံ**= ကိုယ်စိတ်လန်းဖြာ ဝမ်းပန်းသာလျက် ကျန်းမာတော်မူသည်ကို၊ **ပဿေယျာမ**= တွေ့လိုပါကြောင်း မြင်လိုကြောင်းဟု မှူကောင်းဖြာဖြာ ဆုတောင်းကြပါကုန်သည် အရှင်ဘုရား။

**အရှင်နန္ဒမာလာဘိဝံသ**
မဟာသုဗောဓာရုံ၊ စစ်ကိုင်း။

မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ ညောင်ကန်အေး
သာသနာ့ရိပ်သာတွင် ဆင်ယင်ကျင်းပအပ်သော
သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ မကုဋာရာမကျောင်းတိုက်
ဝိဟာရာဓိပတိ

**အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဂ္ဂဝမဟာထေရ်အား**

ပူဇော်ကန်တော့သည့် အခမ်းအနား၌ ရွတ်ဆိုအပ်သော

## ဝန္ဒနာ ပူဇာ အာသီသဂါထာ

❀❀❀

**(၁) ပူဇိတံ ရဋ္ဌပါလေဟိ ၊ ရဋ္ဌကာမေဟိ ဘူသိတံ။**
**မဟာထေရံ ဘိဝန္ဒာမ ၊ သက္ကစ္စံ သိရသာ မယံ။**

**ရဋ္ဌပါလေဟိ**= မြန်မာစစ်မှန် မျိုးစိတ်သန်လျက် ရဲမာန်ထန်ပြင်း ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရမင်းတို့သည်၊ **ပူဇိတံ**= ထိပ်တန်းတော်ဝင် ပညာရှင်ဟု ဂုဏ်တင်တူပျော် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ဖြင့် ပူဇော်အပ်သော။ **ရဋ္ဌကာမေဟိ**= ပြည်သူအများ အရေးထားလျက် လေးစားချစ်ခင် ဖြူစင်သီလ အာဒိပြ၍ ရံခတင့်ညောင်း ဂုဏ်အပေါင်း

တို့ဖြင့်၊ **ဘူသိတံ=** ကမ္ဘာ့တန်ဆာ ရတနာထက် များစွာသစ်လွင် ထူးကဲစွာတန်းဆာဆင်အပ်သော၊ **မဟာထေရံ**= ခြောက်ဆယ့်လေးဝါ သိက္ခာသီလ ထေရဂုဏ်ရည် စုံညီထိပ်သီး သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ မကုဋ္ဌာရာမဆရာတော်ဘုရားကြီးကို၊ **မယံ**= စုပေါင်းညီညာ ကြည်သဒ္ဓါဖြင့် ပူဇာဒါန ပြုကြတူပျော် ဘုရားတပည့်တော်တို့သည်၊ **သက္ကစ္စံ**= အားတက်ရွှင်ပြ ဂါရဝဖြင့် ဆန္ဒသဒ္ဓါ ရှိသေစွာ၊ **သိရသာ**= ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **အဘိဝန္ဒာမ**= လက်ဆယ်ဖြာ ယှက်ကာမိုးလျက် ရှိခိုးကန်တော့ကြပါကုန်၏ အရှင်ဘုရား။

(၂) **ပူဇယာမ မဟာထေရံ ၊ လင်္ကာယံ ဓမ္မဇောတကံ။**
**ဝိဟာရာဓိပတိံ ဓီရံ ၊ အညဘာသာယ ကောဝိဒံ။**

**လင်္ကာယံ**= တမ္ဗပဏ္ဏိ မည်ရှိသီဟဠ ထိုမှတဖြာ လင်္ကာဒီပ အမည်ရလျက် ခေါ်ကြစီလုံ လွှမ်းခြုံထင်ပေါ် သီရိလင်္ကာနိုင်ငံတော်၌၊ **ဓမ္မဇောတကံ**= ဗုဒ္ဓမြတ်စွာ စေသတ္ထာ၏ ဒေသနာဓမ္မ ဟောပြထင်ပေါ် ထွန်းလင်းစေတော်မူတတ်သော၊ **ဝိဟာရာဓိပတိံ** = ကိုလံဘို, ကန္ဒီ တလီအနုရာဓပုရ သုံးဌာန၌ မည်ရထင်ရှား ဝိနယာလင်္ကာရ မကုဋ္ဌာရာမ မြန်မာကျောင်းတိုက် နှစ်ခြိုက်ရွှင်ပျော် ကျောင်းပိုင်ဆရာတော်ဖြစ်တော်မူသော၊ **အညဘာသာယ ကောဝိဒံ**= အင်္ဂလိပ်, သီဟိုဠ် ထိုထိုများစွာ ဘာသန္တရ ကျနသေချာ တတ်ကျွမ်းလိမ္မာ

တော်မူသော၊ **မိရံ**= အရာရာပင် စိတ်ပါဝင်လျက် ဆင်ခြင်နိုင်းသိ ပညာရှိတော်မူသော၊ **မဟာထေရံ**= အဂ္ဂမဟာပဏ္ဍိတ ဘွဲ့မည်ရလျက် သံဃာ့ဦးစီး မကုဋ္ဌာရာမဆရာတော်ဘုရားကြီးကို၊ **ပူဇယာမ**= ပီတိလျှမ်းဖြာ လွှမ်းသဒ္ဓါဖြင့် ဝမ်းသာတူပျော် ပူဇော်ကြပါကုန်သည်ဘုရား။

**(၃) ဒီဃာယု ဘဝတံ ထေရော ၊ နီရောဂေါ နိရုပဒ္ဒဝေါ။**
**သကေ ရဋ္ဌေ စ လင်္ကာယံ ၊ ဇောတေတံ ဇိနသာသနံ။**

**ထေရော**= အဂ္ဂမဟာပဏ္ဍိတ် ဘွဲ့တံဆိပ်ဖြင့် ဂုဏ်ဟိတ် ထင်ပေါ် မကုဋ္ဌာရာမဆရာတော်သည်၊ **နီရောဂေါ**= ကိုးဆယ့်ခြောက်ဖြာ ရောဂါမရှိ ပကတိရွှင်ပျော် ကျန်းမာတော်မူသည်၊ **နိရုပဒ္ဒဝေါ**= ဘေးရန်အန္တရာယ် သွယ်သွယ်ကင်းကွာ စိတ်ချမ်းသာတော်မူသည်၊ **ဒီဃာယု**= အာယုကပ်မီ ရာကျော်တည်လျက် ရွှင်ကြည်မပျက် ရှည်သောအသက်ရှိတော်မူသည်၊ **ဘဝတံ**= စင်စစ်မသွေ ဖြစ်တော်မူပါစေသတည်း၊ **သကေ ရဋ္ဌေ စ**= ဇာတိဌာနေ မွေးရပ်မြေဟု တည်နေစံပျော် ဇာတိမြန်မာနိုင်ငံတော်၌လည်းကောင်း၊ **လင်္ကာယံ**= ပဝတ္တိဌာန သာလှစိမ်းစို ကျွန်းသီဟိုဠ်၌လည်းကောင်း၊ **ဇိနသာသနံ**= ရှင်တော်ဘုရား ဟောကြားမြွက်ဖော် မြတ်ဘုရား၏ သာသနာတော်ကို၊ **ဇောတေတံ**= ထောင်သောင်းနေရောင် ထွန်း

လင်းပြောင်သို့ ဂုဏ်ရောင်လက်ဝေ ထွန်းကားအောင် ဆောင်ရွက်တော်မူနိုင်ပါစေသတည်း။

အရှင်နန္ဒမာလာဘိဝံသ
(၇. ၅. ၉၁)

အဘိဓဇမဟာရဋ္ဌဂုရု၊ ရွှေကျင်နိကာယဥက္ကဋ္ဌ
မဟာနာယက ဓမ္မသေနာပတိ ကျေးဇူးတော်ရှင်
သက်တော်ရှည်ဆရာတော်မြတ်ဗရားကြီး၏
၁၃၂၇–ခု၊ နတ္တော်လပြည့်ကျော် (၆) ရက်
(၉၅) နှစ်ပြည့် သက်တော်ရှည်မင်္ဂလာနေ့၌
ချီးကျူးပူဇော်သော

## ဂုရုပသံသိယ စာပန်းကုံး

❀❀❀

## ပထမဝန္ဒနာ . . .

**(၁) စန္ဒဒီဓိတိသံဝါသ, ဖုလ္လသုဂန္ဓဂန္ဓိနံ။**
**ပသတ္ထံ သီလသမ္ပန္နံ, ဂုရုံ ဝန္ဒာမ သာဓုကံ။**

**စန္ဒဒီဓိတိသံဝါသဖုလ္လသုဂန္ဓဂန္ဓိနံ**= သသပဏ္ဍိတ် ဂုဏ်ပြု တံဆိပ်ဖြင့် ခပ်နိုပ်ပေါ်ထွန်း ငွေလဝန်း၏ တင့်ရွှန်းဖြန့်ဖြူး ရောင်ခြည်ဦးနှင့် ယှက်ကူးကြွားဝင့် ငွါးငွါးစွင့်လျက် ကားကားပွင့်လာ ပဒုမ်ကြာဟူ ဆွတ်ဖြူကြိုင်လှောင်း ကြာအပေါင်း

တို့ထက်၊ **ပသတ္ထံ**= လေအောက်လေညှာ နှစ်ဖြာဖြတ်ပြေး ရပ်ဝေးတိုင်တိုင် ကြိုင်လှိုင်သင်းကြူ အရိယာသူမြတ်တို့ ချီးမွမ်းတော်မူအပ်သော။ **သီလသမ္ပန္နံ**= မကျိုး, မပေါက် မပြောက်, မကျား တောက်ကြွားတင့်တယ် လေးသွယ်ပါရိ သုဒ္ဓိမည်တုံ သီလဂုဏ်နှင့် ပြည့်စုံတော်မူသော၊ **ဂုရုံ**= သိက္ခာ ကာမ သံသာရဘီရုံ လဇ္ဇီဂုဏ်ဖြင့် လွှမ်းခြုံကျော်ကြား ကျေးဇူး ရှင် သက်တော်ရှည်ဆရာတော်ဗရားကြီးကို။ **သာဓုကံ**= သက်တော်ရှည်ရန် ရည်သန်ဆုတောင်း အမှုကောင်းဖြင့် စုပေါင်းညီညာ ဤအခါဝယ် ကြည်သာရွှင်လန်း သီလဂုဏ်ကို ရည်မှန်းလျက် တင့်ဆန်းစေတနာ ကောင်းမွန်စွာ။ **ဝန္ဒာမ**= လက်အုပ်ကြော့ဆန်း မလျော့တမ်းဖြင့် ကန်တော့ပန်း ဆက်ကြပါကုန်၏ အရှင်ဘုရား။

## ဒုတိယဝန္ဒနာ . . .

### (၂) ဂန္ဓိရနေမနိခါတ- မေသိကာစလဋ္ဌာယိနံ။ ပသတ္ထံ ဋ္ဌိတိသမ္ပန္နံ၊ ဂုရုံ ဝန္ဒာမ သာဓုကံ။

**ဂမ္ဘီရနေမနိခါတမေသိကာစလဋ္ဌာယိနံ**= ရှစ်မြှောင့်ပုံ တယ် ပန်းချီခြယ်လျက် ဆန်းကြယ်လှစွာ မြို့သာယာဘို့ နက်စွာစိုက်ထူ အောင်လံတလူလူဖြင့် လွှင့်ထူကြံ့ခိုင် မြို့ ကျောက်တိုင်ကြီးတို့ထက်။ **ပသတ္ထံ**= လောကမေ်လေကြမ်း

တိုက်ငှေ့ရမ်းလည်း ဆံခြမ်းတချည် ထိုဤမရှား ခန့်ညား တည့်မတ် အရိယာသူမြတ်တို့ ချီးမွမ်းတော်မူအပ်သော။ **ဌိတိသမ္ပန္နံ**= တည်ကြည်စွာဘိ သမာဓိဂုဏ် ပြည့်စုံတော်မူသော။ **ဂုရုံ**=သိက္ခာကာမ သံသာရဘီရုံ လဇ္ဇီဂုဏ်ဖြင့် လွှမ်းခြုံကျော်ကြား ကျေးဇူးရှင်သက်တော်ရှည် ဆရာတော်ဗရာကြီးကို။ **သာဓုကံ**= သက်တော်ရှည်ရန် ရည်သန်ဆုတောင်း အမှုကောင်းဖြင့် စုပေါင်းညီညာ ဤအခါဝယ် ကြည်သာရွှင်လန်း သမာဓိဂုဏ်တော်ကို ရည်မှန်းလျက် တင့်ဆန်းစေတနာ ကောင်းမွန်စွာ၊ **ဝန္ဒာမ**= လက်အုပ်ကြော့ဆန်း မလျော့တမ်းဖြင့် ကန်တော့ပန်းဆက်ကြပါကုန်၏ အရှင်ဗရား။

## တတိယဝန္ဒနာ . . .

### (၃) သုတိဏှာသတ္တသုတိဏှာ- ဝဇိရာတိသုတိဏှာကံ။ ပသတ္ထံ မတိသမ္ပန္နံ၊ ဂုရုံ ဝန္ဒာမ သာဓုကံ။

**သုတိဏှာသတ္တသုတိဏှာဝဇိရာ**= ကျောက်တိုင်,သံတိုင် လွန်ကြံ့ခိုင်လည်း ခုတ်နိုင်ဖြတ်လှဲ တောင်ပြိုလဲအောင် ဖေါက်ခွဲချေဖျက် အစွမ်းထက်သည့် လက်နက်စကြာ ထက်မြက်စွာသား ဝရဇိန်အများထက်၊ **အတိသုတိဏှကံ**= ကိလေစိုင်ခဲ တောင်ခဲပဲကို ဖြိုခွဲခုတ်ဖျက် အလွန်ထက်မြက်ပေထသော။ **ပသတ္ထံ**= ဗုဒ္ဓစဖြာ အရိယာတို့ ကြည်သာခွန်းချီ ဆင့်

ထိုထိုဖြင့် ဖွင့်ဆိုတခန်း ချီးမွမ်းအပ်ပေထသော၊ **မတိသမ္ဘန္ဒီ**= ခက်ခဲနက်နဲ ဖျက်ခွဲထက်မြက် သွက်လက်လျှင်မြန် ပင်ကိုယ်ဉာဏ် ရှိတော်မူသော။ **ဂုရုံ**= သိက္ခာကာမ သံသာရဘီရုံ လဇ္ဇီဂုဏ်ဖြင့် လွှမ်းခြုံကျော်ကြား ကျေးဇူးရှင်သက်တော်ရှည်ဆရာတော်ဗရားကြီးကို၊ **သာစုကံ**= သက်တော်ရှည်ရန် ရည်သန်ဆုတောင်း အမှုကောင်းဖြင့် စုပေါင်းညီညာ ဤအခါဝယ် ကြည်သာရွှင်လန်း ပညာဂုဏ်တော်ကို ရည်မှန်းလျက် တင့်ဆန်းစေတနာ ကောင်းမွန်စွာ။ **ဝန္ဒာမ**= လက်အုပ်ကြော့ဆန်း မလျော့တမ်းဖြင့် ကန်တော့ပန်းဆက်ကြပါကုန်၏ အရှင်ဗရား။

## ပသံသာ ...

(၄) ရွှေကျင်နိကာယသေဋ္ဌော ဟိ၊
ဇေဋ္ဌောတိ ပရိဝိသုတော။
သုစိဝ ဇောတယီ ထေရော၊
မဟာဥက္ကဋ္ဌနာယကော။

**ဟိ**= ကျေးဇူးရှင့်ဂုဏ် ကြည်ယုံဦးညွှတ် ဂါထာရွတ်လျက် တွတ်တွတ်သံချို ဖွင့်ဆိုရင့်ကျူး လျှောက်တင်ပါဦးအံ့။ **ထေရော**= သီလ, သမာ ပညာစွယ်စုံ ဘုန်းဂုဏ်ကြီးမား ကျေးဇူးရှင် ဆရာတော် မြတ်ဗရားကြီးသည်။ **ရွှေကျင်နိကာယ**

**သေဋ္ဌော**= မင်တုန်းဗရင် ရွှေနန်းရှင်၏ ခင်မင်ကြည်ညို မှီခို အားထား နာမည်အားဖြင့် ထင်ရှားခေါ်တွင် ထေရ်ရွှေကျင်မှ ဆက်ဝင်နွယ်ပိုင်း ရွှေကျင်ဂိုဏ်းဝယ် တုနှိုင်းဖက်ရှား အမြတ် ဆုံးဆရာတော်တပါးဖြစ်တော်မူပါပေ၏။ **ဇေဋ္ဌောတိပရိ ဝိသုတော**= သီလ သမာ ပညာသက်ရှယ် မြင့်ကြွယ်ကြီးမား ပြိုင်ဖက်ရှား၍ အကြီးဆုံးဆရာတော်တပါးလည်း ဖြစ်တော်မူ ပါပေ၏။ **မဟာဥက္ကဋ္ဌနာယကော**= ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက သံဃာ့ဥုးစီး ကျေးဇူးရှင်ဆရာတော်မြတ် ဗရားကြီးသည်၊ **သုစိဝ**= တာရာဂဏ ဝန်းရံခလျက် အာကာသ ယာဥ် ရောင်ရှင်ပြည့်ရွှန်း လပြည့်ဝန်းကြီးကဲ့သို့။ **ဇောတယိ**= အရောင်ဖြန့်ကျင်း အမှောင်ခွင်းလျက် ထွန်းလင်းတင့်တယ် တော်မူလေပြီတကား။

## (၅) သီလကာဝစသန္နာဟီ၊ သမာဓိသတ္တိစာရယီ။ ပညာခဂ္ဂဒင္ဋဂ္ဂါဟီ၊ ထေရော ဓမ္မသေနာပတီ။

**ထေရော**= သီလ, သမာ ပညာစွယ်စုံ ဘုန်းဂုဏ်ကြီးမား ကျေးဇူးရှင်ဆရာတော်မြတ်ဗရားကြီးသည်။ **သီလကာဝစ သန္နာဟီ**= ကိလေမြှားဒဏ် ကြံ့ကြံ့ခံဘို့ ရည်သန်ရိုးရင်း နှလုံး သွင်းဖြင့် ထောင်ချဉ်းကိုးဖြာ ကုဋ္ဌေသာမျှ ရွှေလွှာချပ်ဝတ် ကိုယ်လုံးစွပ်လျက် ကြည်ဆွတ်ခုံမင် ဝတ်ဆင်လေ့ ရှိတော်မူ သော၊ **ပညာခဂ္ဂဒင္ဋဂ္ဂါဟီ**= ကိလေရန်သူ ခေါင်းမပြူအောင်

ဖမ်းယူခုတ်လှဲ ပညာတည်းဟူသော သံလျက်ကို ခိုင်မြဲစွာ ကိုင်စွဲလေ့ရှိတော်မူသော။ **ဓမ္မသေနာပတိ**=နယ်ချဲ့ကိလေ တပ်လုံးသေအောင် ရှေ့ဆောင်တိုက်ထုတ် ဦးစီးလုပ်သည့် တရားဗိုလ်ချုပ်ကြီးဖြစ်တော်မူပါပေသည်တကား။

## (၆) အဘိဓ္ဓဇမဟာရဋ္ဌဂုရု ဂုရုဟိ ပူဇိတော။ ပိဋကပါရဂေါ ဓီရော၊ မတိမတံ ဓဇူပမော။

**ဓီရော**= ပစ္စုပ်သံသာ ကျိုးနှစ်ဖြာကို တိုးပါစေကြောင်း ဉာဏ်ရည်လောင်း၍ ထိန်းကျောင်းအစဉ် မြော်မြင်ကြီးမား ကျေးဇူးရှင်ဆရာတော်မြတ်ဗရားကြီးသည်။ **ဂုရူဟိ**= သာသနာ့ဂုဏ်ရည် ယုံကြည်လေးစား သဒ္ဓါပွားသည့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရမင်းများတို့သည်။ **ပူဇိတော**= ခွင့်ရေးသီးခြား ထောက်ပံ့ထား၍ လေးစားကော်ရော် ပူဇော်အပ်ပေသော၊ **အဘိဓ္ဓဇမဟာရဋ္ဌဂုရု**= သာသနာမှု အလေးပြုသည့် ပြည်သူ့ဆရာ ကဲသာအလွန် မြတ်တံခွန်ဟု အမွန်နှင်းအပ် "အဘိဓ္ဓဇမဟာရဋ္ဌဂုရု" ဗွဲ့ပုံမြတ်ဖြင့် ဝေးရပ်တိုင်းကျော် အဘိဓ္ဓဇမဟာရဋ္ဌဂုရု ဆရာတော်တပါး ဖြစ်တော်မူပါပေ၏။ **ပိဋကပါရဂေါ**= ပိဋကနှင့် သတ္တနယ်ကုန် စွယ်စုံတတ်ကျွမ်း တဖက်ကမ်းပေါက် ရဲရဲတောက်မျှ မုန်သောက်မာတင် ဇာနည်ရှင်ဟူ "ပိဋကပါရဂူ" ဆရာတော်တပါး ဖြစ်တော်

မူပါပေ၏။ **မတိမတံ**= ကမ္ဘာ့အလယ် ဂုဏ်မြင့်ကြွယ်လျက် တင့်တယ်ထင်ရှား ပညာရှိအများတို့၏။ **မဇ္ဈုပမော**= အောင်လံအလား လွှန်မြင့်မားလျက် ထင်ရှားတော်မူပါပေသည်တကား။

## ပဋ္ဌာနာ . . .

**(၇) သော ဖုလ္လတံ ပဒုမကာနနဂန္ဓဂန္ဓီ၊**
**သောမော သ တာရဂဏသေဝိတသံဃသံဃီ။**
**ဒဒ္ဒလ္လတံ နဘာတလေ နရနန္ဒနန္ဒီ၊**
**သူရော သတံသမပရံ ဇယမမ္မမမ္မီ။**

*(ဝသန္တတိလကာ)*

**သော ပဒုမော**= ရှင်တော်လဝန်း ရောင်ဝါထွန်းမှ တင့်ရွှန်းပွင့်လာ ထိုကျေးဇူးတော်ရှင် ပဒုမ်ကြာသည်၊ **ပဒုမကာနနဂန္ဓဂန္ဓီ**= ပရိယတ်ကမ်းစပ် ကန်ဘောင်ခတ်၍ ပဋိပတ်ရေစိမ်းထွေကြည်မြ ပွင့်ကြကြာပျို သာသနာဟုဆိုအပ်သော ပဒုမာကြာတော၌ ရွှင်မောကြည်နူး ရနံ့ထူးကို ဖြန့်ဖြူးပေးဝေကြိုင်လှိုင်စေလျက်၊ **သတံသမပရံ**= ရက်,လ, စ-ဖြာ တွက်စစ်ကြာသည့် နှစ်တရာကျော် ကာလပတ်လုံး၊ **ဖုလ္လတံ**= ရှုသူမြင်သူ အေးအေးလူဘို့ ပွင့်ဖြူချပ်လွှာ ထပ်တရာစေ့ ပတ်ကာကွေ့လျက် မမေ့နိုင်ဘွယ် ဝတ်ဆံခြယ်၍ ရေဝယ်ထူးတင့် မခူးဝင့်အောင် ဖူးပွင့်တော်မူပါစေသတည်း။ **သော သောမော**=

မသာလျှင်မျှော် သာလျှင်ပျော်သည့် ငွေသော်တာစန်း ထိုကျေးဇူးတော်ရှင်လပြည့်ဝန်းသည်။ **တာရဂဏ သေဝိတ သံယသံယီ**= ရွှေကျင်နိကာယ သံဃာ့ကြယ်ပေါင်း ရံခြောင်း လျက် ရောင်ပေါင်းယှက်တွဲ ဖက်လဲခိုလှုံ ကြယ်ပေါင်းစုံ အခြံ အရံရှိတော်မူလျက်၊ **နဘတလေ**= သာသနာ့နယ် အာကာ သပြင်ကျယ်၌၊ **နရနန္ဒနန္ဒီ**= ရှုသူမြင်သူ စိတ်ကြည်လူလျက် စင်ဖြူလေးမြတ် အလွန်နှစ်သက်အပ်သည်ဖြစ်၍၊ **သတံ သမပရံ**= ရက်,လ, စဖြာ တွက်စစ်ကြာသည့် နှစ်တရာကျော် ကာလပတ်လုံး။ **ဒဒ္ဒလ္လတံ**= အရောင်ဖြန့်ကျင်း အမှောင်ခွင်း လျက် ထွန်းလင်းတော်မူပါစေသတည်း။ **သူရော**= ပုရိသာဇည အာသဘဌာနီ ဂုဏ်ရည်မြင့်မား ကျေးဇူးရှင်သာသနာ့ သူရဲ ကောင်းကြီး ဖြစ်တော်မူသော အရှင်ဆရာတော်မြတ်ဗရား သည်။ **မမ္ဗမမ္ဗိ**= ကိလေစစ်ပွဲ တပ်ကုန်စွဲ၍ ကြိတ်ခဲမြှော်မြင် စစ်အောင်မြင်ကြောင်း အလွန်ကောင်းသော လမ်းစဉ်ရှိသည် ဖြစ်၍။ **သတံသမပရံ**= ရက်,လ, စ-ဖြာ တွက်စစ်ကြာသည့် နှစ်တရာကျော် ကာလပတ်လုံး။ **ဇယ**= သပြေအနု ငွေခရုဖြင့် ဇေယျတုသံ မေရုပျံ့အောင် အော်ရန်ဟစ်ကြွေး အောင်သံပေး လျက် အောင်ရေးရည်ရော် အောင်စည်ဆော်၍ အောင်လံ တော်လွှင့် အောင်ကုန်းမြင့်၌ အောင်ပွင့်ကိုကုံး အောင်ပန်းဖုံး ၍ အောင်ဘုန်းတောက်ကာ အောင်ဆုဖြာသည် အောင်ပါစေ ဗရား အောင်စေဗရား။

နန္ဒမာလာဘိဝံသေန, ပိယသိဿေန ဂုရုနော။
ဂုရုပသံသိယာ ဂီတာ, ရစိတာ အဘိကင်္ခယာ။

အရှင်နန္ဒမာလာဘိဝံသ
အစိုးရ,စေတိယင်္ဂဏ နှင့်
ပရိယတ္တိသာသနဟိတဓမ္မာစရိယ
ပါဠိပါရဂူ၊
မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်းမြို့။

အဘိဓမ္မမဟာရဋ္ဌဂုရု ရွှေကျင်နိကာယသာသနာပိုင်
ကျေးရှူးရှင် မန္တလေး ဝိသုဒ္ဓါရုံ, သက်တော်ရှည်
စံကင်းဆရာတော်ဘုရားကြီး၏
၁၃၂၉–ခု၊ နတ်တော်လဆုတ် (၆)ရက်
(၉၇)နှစ်ပြည့် သက်တော်ရှည် မင်္ဂလာနေ့၌
ချီးကျူးပူဇော်သော

## ဂုဏပသံသာ ဂီတိဂါထာများ

❀❀❀

**(၁) ပုဏ္ဏာမာ ပုဏ္ဏာမာယာတိ ၊ ယာတိ ဟာနတမေကာဒါ။**
**နော ယာတိ ဓီရ တေ သီလံ ၊ အဟော ဝိမှယကာရံပရံ။**

**ပုဏ္ဏာမာ**= တောင်မြတ်ဥဒည် စခန်းဆီမှ မှောင်ရည်မလူး ရောင်ခြည်ဦးဖြင့် ကွန့်မြူးထွက်လာ လစကြာသည်၊ **ဝါ** = မသာလျှင် မျှော်မှန်းဆ သာလျှင် ပျော်စမ်းရသည့် သော်တာ စန်းဆိုတဲ့ လမင်းကြီးသည်၊ **ကောဒါ**= ဥဏှုဂူနန်း ရောင်ခြည် လျှမ်းသည့် နေနန်းနှင့်ကွာ အခွင့်သာ၍ တင့်သာယာမြူး

ဆန်း ပက္ခထူး၌၊ **ပုဏ္ဏံ**= ဝိုင်းဝိုင်းစက်စက် ရောင်ယှက်ဖြာဝေ လပြည့်ဝန်းကြီးအနေသို့၊ **အာယာတိ**= စင်စစ်မသွေ ရောက်ရှိပါပေ၏။ **ကောဒါ**= အသရေလျှမ်းတင့် နေနန်းမြင့်နှင့် အသင့်ကြုံလာ ဆုတ်ပက္ခအခါ၌၊ **ဟာနတံ**= စန်းလရှိန်ဝါ ထိန်မသာဘဲ မှန်စွာမသွေ ဆုတ်ယုတ်သည့်အနေသို့၊ **ယာတိ**= စင်စစ်မသွေ ရောက်ရှိပါပေ၏။ **ဓီရ**= ရဋ္ဌဂုရု ပြည်သူ့ဆရာ ပညာသီလ ပြည့်ဝကျော်မော် သက်တော်ရှည် ဆရာတော်အရှင်သူမြတ်ကြီးဘုရား၊ **တေ**= ကမ္ဘာတဝှန်းပြည့်ကြွယ် အံ့မခန်း သိဖွယ် ဂုဏ်အသွယ်သွယ်တို့ဖြင့် ခြယ်လှယ်ထင်ရှား အရှင်ဆရာတော်မြတ်ဘုရားကြီး၏၊ **သီလံ**= ပွတ်သစ်စခရုသင်း ဖြူဝင်းသည့်ပမာ လွန်စွာသန့်စင် မြူမတင်သည့် ဖြူစင်ပြောင်ဝင်း စတုပါရိသုဒ္ဓိသီလတည်းဟူသော ရွှေလမင်းကြီးသည်ကား၊ **ဟာနတံ**= ကျိုးပေါက် ပြောက်ကျား မှောက်မှားသည့်အနေ ဖောက်ပြားဆုတ်ယုတ်သည့်အနေသို့၊ **နော ယာတိ**= သဒ္ဓါ,ဝီရိ, သတိ,ပညာ လေးဖြာစိုးမိုး ဂုဏ်တန်ခိုးကြောင့် မရောက်ရိုးအမှန်ပါဘုရား။ **တေ**= အံ့ဖွယ်ဂုဏ်ရည် စုံအညီဖြင့် ပုံထည်ကျော်ကြား အရှင်ဆရာတော် မြတ်ဘုရာကြီး၏၊ **သီလံ**= စတုပါရိ သုဒ္ဓိလေးသွယ် မြင့်ကြွယ်တေဇော် မြတ်သီလတော်သည်၊ **ပရံ**= ကမ္ဘာ့အံ့ဖွယ် နှိုင်းမလွယ်အောင် ခန့်ထည်ဂုဏ်ဝါ အလွန်အမင်းသာလျှင်၊ **အဟော ဝိမှယကာရံ**= ရင်သပ်ရှုမော တအံ့ဩဖြင့် အဟောအစ္ဆရိယ နှုတ်မြွတ်ဟလျက်

ကမ္ဘာ့နယ်ပယ် အခန့်ထည်အောင် အော်. . . အံ့ဖွယ်ကို ပြုတတ်ပါပေသည် အရှင်ဘုရား။

**(၂) အာကာသော မိနိတုံ သက္ကာ၊ ရဋ္ဌယာ အင်္ဂလေနဝါ။ နတွေဝ ထေရ တေ ဉာဏံ၊ အဟော ဝိမှယကရံပရံ။**

**အာကာသော**= တက်ခေတ်လူတွေစူးစမ်း ထူးဆန်းသည့် နယ်ပယ် အာကာသခေါ်တဲ့ ပြင်ကျယ်ကြီးကို၊ **ဝါ**= လနေ နက္ခတ် လှည့်ပတ်ခါညီ ပြာရီအုံ့မှိုင်း ရှုတိုင်းသာယာ ထက် အာကာကို၊ **ရဋ္ဌယာ**= အတိုင်းအထွာ,ပမာဏ ထာဝရစံနမူ အမှန်ယူချိန်ထိုး ကမ္ဘာ့ပေကြိုးကြီးဖြင့်လည်းကောင်း၊ **အင်္ဂလေန ဝါ**= မြန်မာအသုံး စံထုံးတွက်စစ် ကိုယ်ပိုင်သုံးလက် သစ်ဖြင့်သော်လည်းကောင်း၊ **မိနိတုံ**= ဘယ်နှပေ ဘယ်နှသစ် ဟု တွက်စစ်တိကျ တိုင်းထွာ၍ ပြခြင်းငှာ၊ **သက္ကာ**= စွမ်းနိုင် လေရာ၏။ **ထေရ**= သီလပြည့်ကြွယ် ပညာရည်ခန့်ထည်လျက် ပြန့်ကျယ်ကျော်ကြား ဆရာတော်အရှင်သူမြတ်ကြီးဘုရား၊ **တေ**= အံ့ဖွယ်ဂုဏ်ရည် စုံအညီဖြင့် ပုံထည်ကျော်ကြား အရှင် ဆရာတော်ဘုရားကြီး၏၊ **ဉာဏံ**= ထက်မြက်လျှင်မြန် အမြင် သန်သည့် ဝေဘန်မြင်မြော် မြတ်ဉာဏ်တော်ကို၊ **မိနိတုံ**= ဘယ်နှပေ ဘယ်နှသစ်ဟု တွက်စစ်တိကျ တိုင်းထွာ၍ ပြခြင်း ငှာ၊ **နတွေဝ သက္ကာ**= ဘယ်သူတယောက်မျှ ရဲဂုဏ်မောက်၍ ပြီးမြောက်ပိုင်ပိုင် စွမ်းဆောင်နိုင်မည် မဟုတ်ပါဘုရား။

**တေ**= အုံ့ဖွယ်ဂုဏ်ရည် စုံအညီဖြင့် ပုံထည်ကျော်ကြား အရှင် ဆရာတော်ဘုရားကြီး၏၊ **ဉာဏံ**= ထက်မြက်လျှင်မြန် အမြင် သန့်သည့် ဝေဘန်မြင်မြော် မြတ်ဉာဏ်တော်သည်၊ **ပရံ**= ကမ္ဘာ့အံ့ဖွယ် နှိုင်းမလွယ်အောင် ခန့်ထည်ဂုဏ်ဝါ အလွန် အမင်းသာလျှင်၊ **အဟော ဝိမှယကရံ**= ရင်သပ်ရှုမော တအံ့ သြဖြင့် အဟောအစ္ဆရိယ နှုတ်မြွက်ဟလျက် ကမ္ဘာ့နယ်ပယ် အခန့်ထည်အောင် အံ့ဖွယ်ကို ပြုတတ်ပါပေသည်ဘုရား။

## (၃) သီလဝတံ ဝင့်သကာ၊ ဓီမတံ ဓီမတံ ကရ။ ဝန္ဒာမ တံ မဟာထေရော၊ ဗှာတံ ဝဿသတာဓိကော။

**သီလဝတံ**= ခရုသင်းပွတ်သစ် ပုလဲနှစ်အတူ စင်ဖြူသီလ ရှိကြသူပုဂ္ဂိုလ်အများတို့တွင်၊ **ဝင့်သက**= လူတိုင်းကြည်ဖြူ ပန့်ယူဆင်မြန်း ဦးစိုက်ပန်းဖြစ်တော်မူသော၊ **ဓီမတံ ဓီမန္တာနံ**= အမြော်အမြင် တော်ဝင်ကြီးမား ပညာရှိအများတို့တွင်၊ **ဓီမ**= တိဟိတ်ပဋိသန် အခြေခံလျက် ဝေဘန်ပိုင်းဆစ် ပညာရှိအစစ် ဖြစ်တော်မူသော၊ **ဓီမတံ**= မေတ္တာ စေတနာ ဝေဖြာဆွတ်ဖြန်း ကျင့်ခန်းတလီ စုံညီဖြန့်ဝေ ပညာရှိကိစ္စ အထွေထွေကို၊ **ကရ**= အားကြိုးမာန်တက် ဆောင်ရွက်တော် မူတတ်သော၊ **ထေရ**= ဂုဏ်အလီလီ စုံအညီဖြင့် ပုံထည်ကျော်ကြား ဆရာ တော်အရှင်မြတ်ကြီးဘုရား၊ **တံ**= ဆိုပြီးဂုဏ်အင် စုံအလင် ထက် များဖြင်ဘုန်းဟုန် ကျေးဇူးဂုဏ်တို့ စုပုံတည်ငြား အရှင်

ဆရာတော်မြတ်ဘုရားကြီးကို၊ **ဝန္ဒာမ**= ဂုဏ်အလီ လီ ယုံအကြည်ဖြင့် စုံမိမြတ်နိုး စေတနာသဒ္ဓါဖြိုးလျက် ရှိခိုး ကန်တော့ကြပါကုန်၏ အရှင်ဘုရား။ **မဟာထေရော**= ကြယ် စုံရံခ စန်းလပမာ လျှမ်းပဂုဏ်သိရ် တထိန်ထိန်ငြီး ဆရာတော် မြတ်ဘုရားကြီးသည်၊ **ဝဿသတာဝိတော ဟုတွာ**= သက် တော်ရာကျော် ရှည်တော်မူသည် ဖြစ်ပါ၍၊ **ဌာတံ ဌာတု**= မိုးကြယ်ခပင်း ရံခလျှင်းသည့် ရွှေလမင်းကြီးပုံအသွင် ရွှေကျင် ဂဏ သာသနာ့ကျက်သရေဆောင် အခေါင်ဦးစီး ဂုဏ်တော် ကြီးဖြင့် ထိန်ညီးဖြာဝေ တည်ရှိပါစေအရှင်ဘုရား။

**အရှင်နန္ဒမာလာဘိဝံသ**
မဟာသုဓောဓာရုံတိုက်၊ စစ်ကိုင်းမြို့။
၁၃၂၉ ခု၊ နတ်တော်လ။

ရွှေကျင်နိကာယ ဥက္ကဋ္ဌ၊ မဟာနာယက
အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီး၏
ဝါတော် ရှစ်ဆယ်မြောက်, သက်တော် တရာရောက်
မွေးနေ့တော် မင်္ဂလာအခါ
(၁၂၃၂–၁၃၃၁ ခု၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့)
စစ်ကိုင်းမြို့၊ မဟာသုဓောဓာရုံတပည့်များ၏

# ဆန္ဒပြုဆုတောင်းလွှာ

❀❀❀

**(၁) ခေမံ ယာယ ပယုတ္တာ၊ ခေမာယ စ ’နပေက္ခကာ။**
**န ခေမာ, ထေရ ဓီမာ၀၊ သက္ကုဏာတိ သမေတဝေ။**

**သိပ္ပိကာ**= လောကဓာတ်တစ်ခွင် အဆန်းထွင်၍ စွမ်းအင်ပြသ အဖွဲ့စရာအောင်မြင် သိပ္ပံပညာရှင်တို့သည်၊ **ခေမံ**= ကမ္ဘာ၏အရံဂြိုဟ် သိပ္ပံကခေါ် ဆိုသည့် ပြာညိုလဲ့သန်း ကောင်းကင်လမ်းမှ ထွက်မြန်းသာယာ လကမ္ဘာသို့၊ **ယာယ**= အာကာသခရီး ဒုံးယာဉ်ကိုစီးလျက် ကမ္ဘာကြီးဖြတ်ကျော် လအပေါ်

ကွန်းထောက် ဆိုက်ရောက်ရန်အလို့ငှာ၊ **ပယုဥ္ဇန္တာ**= စမ်းသပ်ကြဖန်ဖန် လက်တွေ့မှ လက်ခံသည့် သိပ္ပံနည်းကျကျ ကြိုးပမ်းလျက် ရှိကြကုန်၏၊ **စ**= ထိုသို့ပင် လကမ္ဘာတက်ရေး လက်မနှေးပဲ အသက်ပေးကာ ကြိုးပမ်းကြပါသော်လည်း၊ **ခေမာယ**= နိုင်ငံတကာအချင်းချင်း ချစ်ကြည်မှုမယိုယွင်းပဲ ထာဝစဉ်ငြိမ်း ချမ်းခြင်းအလို့ငှာကား၊ **အနပေက္ခကာ**= မငဲ့မသိမ့်သတိဖြင့် လှည့်မကြည့်အား ရှောင်ရှား၍ နေကြလေကုန်၏၊ **ခေမာ**= ဘဏ္ဍာငွေပုံအောလျက် စိတ်စောကြရာ ကောင်းကင်မှ လစန္ဒာ သည်၊ **သမေတဝေ**= အနုမြူဗုံးပျံ ပုံးသံမစဲ စစ်ပွဲကြိုးပမ်း စိတ်မချမ်းမြေ့စရာ ဤကမ္ဘာ၏ ကြည်သာရွှင်အေး ငြိမ်းချမ်း ရေးအလို့ငှာ၊ **န သက္ကုဏာတိ**= ဘယ်လိုမှ မလှမ်းနိုင်သဖြင့် မစွမ်းနိုင်ရိုး အမှန်သာတည်း၊ **ထေရ**= ရွှေကျင်ဥက္ကဋ္ဌ အဘိဓဇဗွဲ့ရှင် ကျေးဇူးရှင် ဆရာတော် မြတ်ကြီးဗရား၊ **ဓိမာဝ**= ဘုန်းရောင်, ကံရောင် ဉာန်ရောင်ထိန်လင်း ကျေးဇူးရှင်ဆရာတော် ဗရားကြီးတည်းဟူသော ရွှေလမင်းကြီးသည်သာလျှင်၊ **သမေတဝေ**= အနုမြူဗုံးပျံ ပုံးသံမစဲ စစ်ပွဲကြိုးပမ်း စိတ်မချမ်း မြေ့စရာ ဤကမ္ဘာ၏ ကြည်သာရွှင်အေး ငြိမ်းချမ်းရေးအလို့ငှာ၊ **သက္ကုဏာတိ**= ငြိမ်းချမ်းရေး အရေးမအောင်အောင် မေတ္တာ တော်ဖြင့် သွေးဆောင်လျက် အေးချမ်းအောင် ကြိုးကိုင် အစွမ်းနိုင်ကြီး စွမ်းနိုင်ပါသည် အရှင်ဘုရား။

## (၂) အာဒိကပ္ပေ ကပ္ပိကာနံ ၊ ဆန္ဒံ ပူရေသိ စန္ဒိမာ။ ဣဒါနိ ထေရစန္ဒောပိ ၊ ဆန္ဒံ ပူရေတု သဗ္ဗဒါ။

**အာဒိကပ္ပေ**= ကမ္ဘာတည်စ ခေတ်ဦးအခါကာလတုန်းက၊ **စန္ဒိမာ**= ကောင်းကင်ယံမှ ရောင်လျှံပသည့် ကမ္ဘာ့တန်းဆာ လစန်းရတနာသည်၊ **ကပ္ပိကာနံ**= နေရောင်ကွယ်စ အားငယ် ကြသည့် ကမ္ဘာဦးသူ ရှေးခေတ်လူတို့၏၊ **ဆန္ဒံ**= ထွန်းပဝင်း ပြောင် အလင်းရောင်မျှော်ကြ မျှော်လင့်ချက် စိတ်ဆန္ဒကို၊ **ပူရေသိ**= နေရောင်ယွန်းစ တက်ထွန်းပလျက် မွန်းလရောင်ခင်း ဖြန့်ကျင်းဝေဝေ ပြည့်စေခဲ့လေပြီ၊ **ထေရ**= ဝါတော်ရှစ်ဆယ် မြောက် သက်ရွယ်တော်တရာရောက်လည်း ထွန်းတောက် သည့် ဉာဏ်အမြင် သမ္ဗဇဉ်ကြီးမား ကျေးဇူးရှင်ဆရာတော်မြတ် ကြီးဗရား၊ **ဣဒါနိ**= ကမ္ဘာ့ခေတ်နှောင်း အသစ်ပြောင်း၍ ခေတ်ကောင်းမကြုံ ဝိသမလောဘတွေ ဝိုင်းအုံလျက် အရိုင်း ဘုံပမာ မှောင်အတိကျလျက်နေသော ယနေ့ခေတ်အခါကြီး၌၊ **စန္ဒောပိ**= ဘုန်းရောင်,ကံရောင် ဉာဏ်ရောင်ထိန်လင်း ကျေးဇူး ရှင်ဆရာတော်ဗရားကြီးတည်းဟူသော ရွှေလမင်းကြီးသည် လည်း။ **ကပ္ပိကာနံ**= အနုမြူဒုံးပျံ ဗုံးသံမစဲ စစ်ပွဲမှောင်ကြီး ကာဆီးရှေ့ဝယ် စိတ်အားငယ်ပြား ကမ္ဘာသူ ကမ္ဘာသားတို့၏၊ **ဆန္ဒံ**= နိုင်ငံတကာချစ်ကြည် ကမ္ဘာတခုအသစ်တည်လျက် ခေတ်မီမီပျော်ရွှင်ရသည့် ငြိမ်းချမ်းရေးဆန္ဒကို၊ **ပူရေတု**=

ဘုန်းတော်,ကံတော် မြတ်ဉာန်တော်နှင့် မေတ္တာတော် အရှိန်ကြီးသဖြင့် အဖြည့်ကြီးဖြည့်နိုင်ပါစေ အရှင်ဘုရား။

နန္ဒမာလာဘိဝံသေန ၊ သုဗောဓာရာမဝါသိနာ။
ဂုရုနော ပိယသီသေန ၊ ဂါထာယမဘိဂန္ထိတာ။

သုဗောဓာရုံနာယကေန ၊ သုဗောဓာရာမဝါသိနာ။
ဂုရုနော ပိယသီသေန ၊ ဂါထာယမဘိကိတ္တိတာ။

မန္တလေးတိုင်း၊ မတ္တရာမြို့နယ် မြွေပုံကန်ရွာ
သက်တော်ရှည် မြွေပုံကန် အရှေ့ရွာကျောင်း
ဆရာတော်ဘုရားကြီး သက်တော် ရာပြည့်ဂုဏာပူဇော်ပွဲမဟာ၌
ရွက်ဆိုပူဇော်အပ်သော

# ဂုဏ္ဏူပသဦတာ ပဋ္ဌနာ ဂါထာ

❀❀❀

**၁။ ဇာတိယာ ဝဿသတိကော၊ နာဂသီလဝိဘူသိတော။**
**နာဂါနံ ဝံသဇော ထေရော၊ ဗဟူနံ ဟိတကာရကော။**

**နာဂါနံ**= မကောင်းသောအမှု မပြုကြောင်း ထွန်းလှန်ဖယ်ရှား အရှင်သာရိပုတ္တရာ အစရှိသော ရဟန္တာပုဂ္ဂိုလ် အများတို့၏၊ **ဝံသဇော**= ဝိနည်းမိန့်မှာ ကျင့်သိက္ခာတို့ စဉ်လာမပျက် အနွယ်အဆက်ဖြစ်တော်မူသော၊ **ထေရော**= မြစ်ကမ်းဇရာ တောင်သေလာနှင့် တောင်ယာဝန်းရံ 'မြွေပုံကန်'ဟု ကျောင်း ကန်ဘုရား စေတီများတို့ စည်ကားသိုက်မြိုက် ကျောင်းတော်တိုက်ဝယ် နှစ်ခြိုက်ရှင်ပျော် သီတင်းသုံးတော်မူသည့် ထင်ပေါ်ဝေးနိုး မြွေပုံကန်ဆရာတော်ဘုရားကြီးသည်၊ **ဇာတိယာ**= သန္ဓေ

စတယ် ကိုးလလွယ်လျက် မြတ်မယ်ဝမ်းကြာ တိုက်ခန်းသာမှ ကောင်းစွာမွေးဖွား ဇာတိအားဖြင့်၊ **ဝဿသတိကော**= လူတို့ ဝေါဟာ နှစ်တရာဟု ရှည်ကြာကာလ သက်တော်ရသည်ဖြစ်၍၊ **နာဂသီလဝိဘူသိတော**= ရဟန္တာအရှင်မြတ် ကျင့်သုံးအပ်သည် ထူးမြတ်စုံလင် သီလတည်းဟူသော ဂုဏ်တို့ဖြင့် တန်ဆာဆင် အပ်သည်ဖြစ်၍၊ **ဗဟူနံ ဟိတကာရကော**= ရဟန်းရှင်လူ များပြည်သူတို့ ဆူဆူကောင်းကျိုး ပွါးတိုးစေရန် စိတ်ရည်သန် လျက် အမှန်မသွေ ဆောင်ရွက်တော်မူခဲ့ပါပေသတည်း။

## ၂။ မယံ ဘန္တေ ပဏ္ဍယာမ၊ ထေရံ ပသေမှ ပေသလံ။ အရောဂံ ဝဿသတံပိ၊ သန္တာနံ ဓမ္မဇောတကံ။

**ဘန္တေ**=မြေပုံကန်အရှေ့ကျောင်း ကိန်းအောင်းစံလျက် သက်တော်ရှည်ငြား ဆရာတော်အရှင်သူမြတ်ကြီးဘုရား၊ **မယံ**=ဆရာတော်အား လေးစားကြည်ညို မှီခိုအားထား တပည့်ဒါယကာဒါယိကာမအများတို့သည်၊ **သန္တာနံ**= အပူ ခပ်သိမ်း ကင်းငြိမ်းပြီးငြား ဘုရားအစရှိသော သူတော်စင် အများတို့၏၊ **ဓမ္မဇောတကံ**= စစ်မှန်ထင်ရှား မြတ်တရားကို ထွန်းကားစေရန် စိတ်ရည်သန်လျက် အမှန်ရွှင်ပျော် ဆောင် ရွက်တော်မူတတ်သော၊ **ပေသလံ**=သီလရိုကျိုး ချစ်မြတ်နိုး လျက် အားကိုးကြည်ယုံ ကိုယ်ကျင့်တရားနှင့် ပြည့်စုံတော်မူ သော၊ **ထေရံ**=ဆရာတော်ဘုရားကြီးကို၊ **ဝဿသတံပိ**=

အာယုကပ်မှန်း တရာတန်းဟု ရှင်လန်းကြည်သာ နှစ်တရာ ကာလပတ်လုံးပင်လျှင်၊ **အရောဂံ**= ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ ကပ်လာမရှိ ပကတိဝမ်းသာ ကျန်းမာလျက် ရှိသည်ကို၊ **ပဿေမု**=အားရကြည်ညို ဖူးတွေ့လိုကြပါကုန်သည် အရှင်ဘုရား။



ကျေးဇူးရှင် နာယကဆရာတော်ဘုရား၏
၇၇ နှစ်မြောက် သက်တော်ရှည်မင်္ဂလာအခါတွင်
ဆျောက်အပ်သော

## ဆုတောင်းစာ, ဆုတောင်းလွှာပါဘုရား

❀❀❀

### (၁) နာယကော’ နာမယော ဟောတု၊ စိရံ ပါလေတု သာသနံ။ ပူရေတု တဿ သင်္ကပ္ပါ ၊ ပါရမီပိ ပရမ္ပရံ။

**နာယကော**= သုဗောဓာရုံနာယက ပါကဋ္ဌထင်ပေါ် ကျေးဇူးရှင်ဆရာတော်ဘုရားသည်၊ **အနာမယော**= ရောဂါဝေဒနာ ကပ်လာမရှိ ပကတိလန်းဖြာ ကျန်းမာတော်မူသည်၊ **ဟောတု**= တက်သစ်လဆန်း ပွင့်သစ်ပန်းသို့ စိမ်းလန်းစိုပြေ ဖြစ်ပါစေသတည်း **သာသနံ**= ပရိယတ်,ပဋိပတ်,ပဋိဝေ (ပ) သုံးလုံးကျေစေဘို့ မိန့်ချွေဟောအပ် သာသနာတော်မြတ်ကြီးကို၊ **ပါလေတု**= မြင့်မိုရ်တောင်မင်း လေးပြင်းမဖြို သို့ကလိုခိုင်မာ ခွန့်ရှည်ကြာအောင် စောင့်ရှောက်တော်မူနိုင်ပါစေသတည်း၊ **တဿ**= သုဗောဓာရုံနာယက ပါကဋ္ဌထင်ပေါ် ထို

ကျေးဇူးရှင် ဆရာတော်ဘုရား၏၊ **သက်ပွေါ်**= သာသနာရေး ဘာသာရေးဟု မြော်တွေးဖန်တည် ကောင်းမြတ်သော အကြံ အစည်ဟူသမျှသည်လည်းကောင်း၊ **ပါရမီပိ**= ဒါန,သီလ စသည်ပေါင်းစု တောင်းဆုအလီလီ ကောင်းမှုပါရမီ ဟူသမျှ သည်လည်းကောင်း၊ **ပရမ္ဘရံ**= နိဗ္ဗာန်နန်းနှင့် စခန်းသင့်အောင် မြင့်ထက်မြင့်လာ အဆင့်ဆင့်သာလျှင်၊ **ပူရေတု**= တိမ်မဲညို သန်း မိုးမင်းဖြန်း၍ အိုင်စန်းပြည့်လာ ကဲ့ပမာသို့ မှန်စွာမသွေ ပြည့်ပါစေဘုရား။

## (၂) သုဗောဓာရုံ မဟာရညေ ၊ ဖုလ္လတံဝ မဟီရုဟော။ ပိယာဒိန္နော ဒိဇာကိဏ္ဏော ၊ စိရဋ္ဌာယီ ပတာနနော။

**သုဗောဓာရုံမဟာရညေ**= စန်းမြရေအိုင် တကြိုင်ကြိုင်ဖြင့် မြိုင်မြိုင်ဖူးပွင့် ထူးတင့်လှမော ပန်းစုံပေါသည့် သုဗောဓာရုံ ရဂုံခိုင်ဖြိုး ဂနိုင်ကြီးအတွင်း၌၊ **မဟီရုဟော**= အသီးချိုမြ အပွင့်လှ၍ ထာဝရမွှေးကြိုင် ဂနိုင်အုပ်စီး သစ်ပင်ကြီးအလား ကျေးဇူးရှင်နာယကဆရာတော်ဘုရားသည်၊ **ပိယာဒိန္နော**= ဥတုရာသီ အခါညီတိုင်း ပွင့်ကိုင်းဝေဆာ ရသာပြည့်ကြွယ် သီးပွင့်ထည်လျက်၊ **ဒိဇာကိဏ္ဏော**= ပွင့်သီးစုံမက် ကျေးငှက် များစွာ ပျံ့ကာရစ်ဝဲ စားပွဲတော်ကြံ့ ဝိုင်းအုံနေလျက်၊ **စိရဋ္ဌာ ယီ**= နှစ်ပေါင်းတရာ မကပါပဲ သဘာဝမှီ ကြာမြင့်စွာ တည် လျက်၊ **ပတာနနော**= ကိုင်းခက်ဖူးညွန့် လူးလွန့်ယှက်သန်း

အံ့မခန်းမျှ အဆန်းတကြယ် တင့်တယ်လျက်၊ **ဖုလ္လတံဝ**=
လွန်စွာကြီးမြင့် အံ့ချီးလင့်မျှ သီးပွင့်၍သာ နေပါစေသတည်း။

၁၃၄၀ ပြည့်နှစ် ၊ တန်ခူးလဆန်း (၁၄)ရက်၊
ရောဝတီတိုင်း၊ ကျုံပျော်မြို့၊ အသောကာရာမတိုက်၊
အသောကာရုံဆရာတော်ဘုရားကြီး၏
သက်တော် (၉၀) ပြည့်မြောက် (၉၁) နှစ်ရောက်

# ဝိဇာယနမင်္ဂလာအခါ ပတ္တနာသီသဂါထာ

❀❀❀

**စိရံ ဇီဝတု နော ထေရော၊ သီလာဒိဂုဏဘူသိတော။**
**နိရာပဒေါ နိရာမယော၊ သာသနဿ သိရိန္ဓရော။**

**နော**= ဆရာတော်ဘုရား ဂုဏ်တော်များကို လေးစား ရည်မျှော် တပည့်တော်တို့၏၊ **သီလာဒိဂုဏဘူသိတော**= စတုပါရိ သုဒ္ဓိသီလ အာဒိပြလျက် တိကျစုံလင် ထူးမြတ်သည့် ဂုဏ်တို့ဖြင့် တန်ဆာဆင်အပ်သော၊ **ထေရော**= ဧရာတိုင်းမော် သမိုင်းကျော်သည့် ကျုံပျော်နဂရ အသောကဟု နာမမည်ဟီး ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည်၊ **နိရာပဒေါ**= ခုနှောင် တွေ့ဘွယ် အန္တရာယ်ခပင်း လွန်စွာကင်းသည်ဖြစ်၍၊ **နိရာ မယော**= ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ လွန်စွာကင်းရှင်း

အားပြည့်တင်းလျက် စိတ်တွင်းကြည့်ပျော် အလွန်ကျန်းမာတော်မူသည်ဖြစ်၍၊ **သာသနဿ**= ဗုဒ္ဓမြတ်ရှင် ဉာဏ်သဗ္ဗညုဖြင့် တီထွင်ဖန်တီး သာသနာတော်မြတ်ကြီး၏၊ **ဌိတိယာ**= တည်တံ့ခိုင်မြဲ (see note) 

**ရေးသားပူဇော်သူ - အသျှင်နန္ဒမာလာဘိဝံသ**
မဟာသုဗောဓာရုံ၊ စစ်ကိုင်း

## စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယချောင် သာသနာ့မိခင် ဖွါးဖွါးကြီး ၏ သက်တော် ၉၇ နှစ်ပြည့် ဝိဇာယနမင်္ဂလာနေ့၌ သက်တော်ရှည်ကြောင်း ဆုတောင်းမေတ္တာပို့သ၍

# အခမ်းအနားဖွင့် ဂါထာ

❀❀❀

**သုပုဏ္ဏံ အမ္မ တေ အာယု၊ သီလံ မာလံ၀ ဘူသိတံ။**
**အယံ ကာလော ဝိဇာယနော၊ ဝိ၀ရာမ သဘံ မယံ။**

**အမ္မ**=ဖွါးဖွါးမိခင် အို- သမိဒ္ဓေါဒယထိပ်ခေါင်တင်၊**တေ**= သီလလုံခြုံ သမာဓိဂုဏ်ကဲမောက် ပညာဂုဏ်ရဲရဲတောက်သဖြင့် အံ့လောက်သည့် အာဇာနည် ပါရမီထူးခြား သမိဒ္ဓေါဒယ မိခင်ဖွါးဘုရား၏၊ **အာယု**=မွေးမိမာတာ ဖွားမြင်ရာမှ စခါရေတွက် လူ့အသက်သည်၊ **သုပုဏ္ဏံ**= ၉၇ နှစ် ထွန်းသစ် မသွေ ပြည့်မြောက်ခဲ့ပါပေပြီ။

**အမ္မ**=ဖွါးဖွါးမိခင် အို - သမိဒ္ဓေါဒယထိပ်ခေါင်တင် **တေ**= သီလရှင်သာသနာ ဂုဏ်ဝါထွန်းတောက် ထက်တန်း ရောက်အောင် ချီးမြှောက်ကြိုးစား သမိဒ္ဓေါဒယမိခင်ဖွါးဘုရား၏၊

**မာလံဝ ဘူသိတံ**=သဇင်, နှင်းဆီ သရဖီသို့ ချစ်ကြည်ခုံမင် အလှဆင်အပ်သော၊ **သီလံ**=ခရုသင်းပွတ်သစ် ပုလဲနှစ်အသွင် ပြစ်စင်ဝင်းပ ကျင့်သုံးအပ်သော ဆယ်ပါးသီလသည်၊ **သုပုဏ္ဏံ**= ၁၇-နှစ် ပျိုမြစ်နုနယ် ထိုအရွယ်မှ ကိုယ်ဝယ် ဆင်ဘိ ရေတွက်ကြည့်သော် အနှစ်ရှစ်ဆယ်တိတိ ပြည့်ပါပြီ။

**အယံ ကာလော**= ၃၉ ခု ရတုပေါမန် မြောက်လေပြန်၍ မြိုင်ယံအတွင်း သဇင်သင်းလျက် ငွေနှင်းကျရာ နတော်လပြည့် ကျော် ၁၄ ရက် ယနေ့အခါသည်၊ **ဝိဇာယနော**= သမိဒ္ဓေါဒယ သာသနာ့မိခင် ကျေးဇူးရှင်၏ ဖွါးမြင်ခဲ့ရာ ဝိဇာယနမင်္ဂလာ နေ့မြတ်အခါပါတည်း။

**ဘောန္တော**=သက်တော်ရှည်ဩား ဖွါးဘုရားကို အားထား မှီခို ကြည်ညိုလေးစား အို-သူတော်စင် ပရိသတ်အများတို့၊ **မယံ**=သက်တော်ရှည်ကြောင်း ဆုတောင်းပြုလုပ် အကျွန်ုပ်တို့ သည်၊ **သဘံ**= သက်တော်ရှည်ရန် ရည်သန်ဆင်နွဲ ဖွါးဘုရား၏ ဝိဇာယနသဘင်ပွဲကို၊ **ဝိဝရာမ**=မေတ္တာထွန်းတင့် နှုတ်ခွန်းဆင့် လျက် အသင့်မကြာ ဖွင့်လှစ်ကြပါကုန်စို့တကား။

**နိဂုံး ဆုတောင်း**

**ဒို့ရဲ့ဖွါးဖွါး၊ များပြားဂုဏ်တွေ။**
**ရာကျော်အသက်၊ ရှည်လျက်သာနေ။**
**ကုသိုလ်တရား၊ ပွါးများနိုင်စေ။**
**ကျန်းမာကြောင်း ဆုတောင်းမေတ္တာဝေ။ ။**

၁၃၄၇–ခု၊ နတ်တော်လဆန်း ၈ ရက်
ရွှေကျင်နိကာယ ဥပဉက္ကဋ္ဌ မဟာနာယက၊
နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊
အဘိဓဇမဟာရဋ္ဌဂုရု ဂန္ထကာရကအကျော်
ကျေးဇူးရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏
သက်တော် (၈၂) နှစ် ပြည့်မြောက်ရာ
ဝိဇာယနမင်္ဂလာအခါဝယ်
ပူဇော်လျှောက်ကြားအပ်သော

# ဝန္ဒနာသီသဂါထာ

❀❀❀

**(၁) ပါကဋာ ခေ ရဝိန္နျဝ၊ ကိတ္တိ ယဿ မဟီတလေ။**
**မဟာထေရာ’ ဘိဝန္ဒာမ၊ ပဏ္ဍိတ္တံ အာယုဝဍ္ဎနံ။**

**ယဿ**= သရေလင်းဖြာ ရွှေဟင်္သာဟု ကြေညာပဝင်း ဂုဏ်သတင်းဖြင့် ထုံသင်းလျှံကြား အကြင်ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏။ **ကိတ္တိ**= ထက်အောက်မြန်ပြည် လွှမ်းတည်နှံ့စပ် အရပ်ရပ်ကြွင်း ကျော်စောခြင်းသည်။ **ခေ**= ကျယ်ပြန့် ကြည်

လင် ထက်ကောင်းကင်၌၊ **ရဝိန္ဒုဝ**= ကျက်သရေမင်္ဂလာ ပြည့်ဝစွာဖြင့် ရောင်ဝါထွန်းပ နေနှင့်လတို့ကဲ့သို့၊ **မဟီတလေ**= နိုင်ငံတကာ ကျယ်ပြန့်စွာသည့် ကမ္ဘာတခွင် မြေအပြင်၌၊ **ပါကဋာ**= အစဉ်အားဖြင့် ထင်ရှားတော်မူပါပေ၏။ **တံ မဟာထေရံ**= သရေလင်းဖြာ ရွှေဟင်္သာဟု ကြေညာပဝင်း ဂုဏ်သတင်းဖြင့် ထုံသင်းလှပြား ထိုကျေးဇူးရှင် ဆရာတော်ဘုရားကြီးကို၊ **အာယုဝဍ္ဎနံ**= အာယုကပ်သက် ရာကျော်တက်၍ နှစ်သက်ကြည်ပျော် သက်ရှည်တော်မူခြင်းကို၊ **ပတ္ထေန္တာ**= ကုသိုလ်စုဆောင်း အမှုကောင်းဖြင့် ဆုတောင်းကြကုန်သည် ဖြစ်၍၊ **အဘိဝန္ဒာမ**= လက်အုပ်အဥ္ဇလီ တင်အချီဖြင့် ရှင်ကြည် မြတ်နိုး သဒ္ဒါဖြိုးလျက် ရှိခိုးကြပါကုန်သည်ဘုရား။

## (၂) ပုဏ္ဏိန္ဒု၊ တာရကေ သဗ္ဗေ၊ အတိက္ကမ္မ ဝိရောစတိ။ ထေရောပိ ဂုဏဝိယေ သဗ္ဗေ၊ အတိက္ကမ္မ ဝိရောစတိ။

**ပုဏ္ဏိန္ဒု**= ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးကင်းစင် ထက်ကောင်းကင်၌ ကြည်လင်တင့်ရှန်း လပြည့်ဝန်းသည်။ **သဗ္ဗေ**= ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော၊ **တာရကေ**= မိုးလုံးပြည့်မီ စီရရီဖြင့် ရောင်ခြည်သွဲ့သွဲ့ ပြာလဲ့လဲ့ဖြာ ကြယ်တာရာတို့ကို၊ (ဝါ) သိန်းသန်းကုဋေ တွက်ရေမက လွန်များလှသည့် ထွန်းပရောင်ဖြာ ကြယ်တာရာတို့ကို၊ **အတိက္ကမ္မ**= စွမ်းတန်ခိုး ပိုင် လွှမ်းမိုးနိုင်သည်ဖြစ်၍၊ **ဝိရောစတိ**= ကမ္ဘာ့အလယ် ဂုဏ်မြင့်

ကြွယ်လျက် ဝင့်ထည်ဖြာဝေ တင့်တယ်ပါပေ၏။ **ထေရောပိ**= အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ပြည်သူ့ဆရာ ဂုဏ်ဝါကြီးမား ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည်လည်း၊ **သဗ္ဗေ**= ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော၊ **ဂုဏဲယေ**= သီလ သမာ ပညာရည်တူ သရဖူဆောင်း ဂုဏ်ရှိသူအပေါင်းတို့ကို၊ **အတိက္ကမ္မ**= စွမ်းတန်ခိုးပိုင် လွှမ်းမိုးနိုင်သည်ဖြစ်၍၊ **ဝိရောစတိ**= သာသနာ့အလယ် ဂုဏ်မြင့်ကြွယ်လျက် ဝင့်ထည်စွာပေ တင့်တယ်တော်မူပါပေသတည်း။

၁၃၁၉ ခုနှစ်၊ နယုန်လဆန်း (၁၅) ရက်နေ့ စစ်ကိုင်းတောင်
ဝိပဿနာချောင် – အတီသုခသိမ်၌ ရဟန်းအဖြစ်သို့
တက်ရောက်သော သာမဏေရ မွှာစရိယ ရဟန်းလောင်း
**ရှင်ဂန္ဓသာရ အား** ဂုဏ်ပြုချီးကျူးသော

## ဥပသမ္ပဒမင်္ဂလာ–ထုတိဝေဒလ္လဂါထာများ

❀❀❀

**(၁) စန္ဒနော ဂန္ဓသာရော နော၊ နန္ဒနော သာရမဋ္ဌရီ။**
**ဇယမာလီ ဝရသာကီ၊ ဇာတော ဟိ ဒါနိ မဋ္ဌရီ။**

**ဟိ**= ထုပ္ပတ်ဂုဏ်အင် မစုံလင်လဲ ပုံတင်ကဲသည့် ဂုဏ်ရဲ ကျော်မောက် ပြောင်မြောက်ခွန်းဟ စာတင်ကာ ညွှန်းပြရပါ ဦးအံ့။ **နော**= ချီးကျူးရာမှာ သူမသာအောင် မူရာထုံးပြ ခွန်း ဟန္ဒုတ်ဖေါ် ချီးကျူးတတ်သော ဗရားတပည့်တော်တို့၏။ **အယံ**= ညောင်ပင်ရှာ ပေါ်တော်မူဆရာတော် ဝိပဿနာချောင် ပျော် ဆရာတော်တို့နှင့်တကွ မန်းပြည်တော်တခွင် ပေါ်ထင် ကျော်ဘိ မွှာစရိယကထိက စာချဆရာတော် ဦးအဂ္ဂိယ မွှာစရိယ, ဦးနာရဒ, ဦးဝိမလာဘိဝံသ မွှာစရိယတို့၏ ဝိသာသဌာနီ အတွင်းမှိုလျှက် နှင်းဆီသွင်လာ ဆင်းပညာကို

သင်ကာယူရ ဤရဟန်းလောင်း ကိုရင်ဂန္ဓသာရသည်။ **နန္ဒ နော**= ဗရားပစ္စေ မြတ်မုနေတို့ နှုတ်ချေမိန့်ဟ ချီးမွမ်းကြသဖြင့် ဗုဒ္ဓဆက်နွယ် နှစ်သက်ဖွယ်လည်း ဖြစ်ထသော။ **ဂန္ဓသာရော**= ညှင်းညှင်းသာသာ တိုက်ခတ်လာသည့် လေသာ, လေအေး လေပြေလေးနှင့် ယှဉ်ထွေးရောယှက် ပေါင်းကာဖက်၍ တွေး လျက်စိတ်ကူး ကြည်နူးသာယာ သွယ်ကာယှက်လောင်း ရနံ့ ကောင်း၏ ပျံ့ပေါင်းဖြစ်ရာ နံ့သာနှစ်မဟာလည်း ရှိထသော။ **စန္ဒနော**= ဂန္ဓာရုံတွင် သူဗရင်မို့ မူအင်စွမ်းထက် တမ်းလျက် စိတ်ကူး ကြည်နူးဖွယ်ရာ စန္ဒကူးမဟာနှင့် မကွာသွင်ဟူ ပမာတူ ကြ မြတ်သီလလည်း ရှိပါပေ၏။ **သာရမဥ္စရိ**= ကြိုင်ပျံ့ကာမြူး ခိုင်နံ့သာထူးဟု လက်ဦးလှမ်းကိုင် ပညာတည်းဟူသော မြတ် ပန်းခိုင်လည်း ရှိပါပေ၏။ **မဥ္စရိ**= သီလပန်းခိုင် ပညာပန်းခိုင် အောင်ပန်းခိုင်တို့ဖြင့် မြိုင်ဆိုင်တင့်လွင် ပန်းခိုင်တို့၏ အရှင် ဖြစ်ပေသော။ **ဝရသာကီ**= သာကီနွယ်ဇာတ် သုံးလူ့နတ်၏ မြေးမြတ်တွင်ခေါ် သာမဏေကျော်မွှာစရိယ ရှင်ဂန္ဓသာရ သည်။ **ဒါနိ**= သာသနာရောင် ထွန်းလင်းပြောင်သည့် နှစ် ထောင့်ငါးရာ သာသနာနှစ် တွက်စစ်ကျော်စ ဗုဒ္ဓသာသနာ အနာဂတ်ခေတ်အခါ၌။ **ဇာတော**= "ရက္ခိဿာမျာဟံ သာသ နံ" ဟု စိတ်ကမှန်းရည် အာသဘိဝါစာ ခွန်းချိုသာလျက် ပညာ ထွန်းသစ် လူတို့ဇာစ်ဝယ် ခေတ်သစ်အနေ ဖြစ်ထွန်း ပေါ် ပေါက်ခဲ့လေပြီတကား။ ။

## (၂) ဝဋံသကော သြသဓော နု၊ သင္ဃနော ဇယဝလ္လရီ။ အယံ နော ဓမ္မာစရိယော၊ သင္ဃနော ဇယဝလ္လရီ။

**အယံ**= မ-တထောင် တကောင်ဖွါး ယောက်ျားမြတ်ဇာနည် ပီသသည်ဟု ခွန်းရည်နှုတ်ဟ ပြောထုတ်ကြသည့် သာကိယ နွယ် ဂုဏ်ထယ်ကြီးလှ သာမဏေကျော် ဓမ္မာစရိယ ဤရဟန်း လောင်း ကိုရင်ဂန္ဓသာရသည်။ **ဇယဝလ္လရီ**= ဇမ္ဗူဒိပ်ကြီး ပွဲ တင်ဟီးလျက် စစ်ပြီးအောင်ပွဲ ဆင်နွဲညာန်ပိုင် အောင်ပန်းခိုင် ရှိတော်မူသော။ **သင္ဃနော သြသဓော နု**= ရှေးဖြစ်နှောင်းဖော် အလောင်းတော်မဟောသဓာပင် ဖြစ်၍နေသလော။ **နော**= မိဋ္ဌာန်မတည် စိတ်ကြံစီမို့ ဖန်ရည်သမုတ် တကယ်အမှန် မဟုတ်ပါ။ **အယံ**= ပွဲတိုင်းမရှောင် နွဲတိုင်းအောင်ပြား ဇာနည် သားပင် ထင်ရှားတင့်တယ် သံဃာ့လယ်ဝယ် ဂုဏ်ထယ်ကြီး မား ဤရဟန်းလောင်းသည်ကား။ **နော**= ပညာသင်ဖော် တပည့် တော်တို့၏။ **ဝဋံသကော**= ခေါင်နွဲချယ်လှယ် အောင်ပွဲအသွယ် သွယ်ကို တကယ်ရရှိ ဂုဏ်ပြည့်ထူးမောက် ဦးဆောက်ပန်း လည်း ရှိထသော။ **ဇယဝလ္လရီ**= ကြံသူတိုင်းမပိုင် သင်းလှိုင်ပျံ့ ကျော် ရနံ့တော်သည့် ဂန့်ဂေါ်သရဖီ ပန်းစုံညီသို့ ဂုဏ်ရည် ဝံ့ကြွား နံ့သာများပိုင် မြတ်သော အောင်ပန်းခိုင်လည်း ရှိပါ ပေသော။ **ဓမ္မာစရိယော သင္ဃနော**= ရွှေမန်းခရိုင် စဥ့်ကူးပိုင်၏ တောင်လက်ျာဝှေ့ ကျွန်းစက်စွေ့၌ ထွန်းထွေရောင်ဖြာ ညောင်

ပင်ရှာဝယ် နှစ်ဖြာမိဘ ဂုဏ်ထူးကြသည့် 'ဉူးစံလှ-ဒေါ်ခင်' ရွှေရင်မျက်ရှု ဖက်ပြုဘုန်းရှင် သာမဏေကျော် ဓမ္မာစရိယ 'ရှင်ဂန္ဓသာရ' သည်သာလျှင်။ **ဟောတိ**= တက်သစ်စခေတ် အခါဝယ် သစ်သဒ္ဒါပိုမြောက် မင်းမဟော်ဆိုလောက်အောင် ပြောင်မြောက်စွာပေ အမှန်ပင် ဖြစ်လေတော့သတည်း။

**(၃) ရဋ္ဌဂုရုပဇ္ဈာယိကော၊ ဂဏော ဒါနိ သုဇာနိယော။ ထမ္ဘိတော သောဒရိယေဟိ၊ ဇောတိကေဟိ ပထမ္ဘိတော။**

**သုဇာနိယော**= သာသနာ့အာဇာနည် ဂုဏ်ရည်တင့်မော် သာမဏေကျော်, ဓမ္မာစရိယ ကိုရင်ဂန္ဓသာရသည်။ **ရဋ္ဌဂုရု ပဇ္ဈာယိကော**= ရွှေကျင်နိကာယ ဉက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ အဘိဓဇမဟာရဋ္ဌဂုရု ဗွဲ့ပြခပ်နိုပ် တံဆိပ်ရကျော် နေလပေါ်သို့ ကျော်မော်တင့်တယ် စံကင်းဆရာတော်ဘုရား ဉပဇ္ဈာယ်ရှိသည်ဖြစ်၍။ **သောဒရိယေဟိ**= ရတနာပုံခေါ် မန်းပြည်တော်၏ ကျော်မော်တင့်ရာ မြတ်ဉစ္စာနှင့် သဒ္ဒါပေါ လွှန် စိတ်မွန်တည်ကြ သာသနာ့ဒါယကာ ပေါ်ထွန်းရာမှတ် ဝါးတန်းရပ်ဝယ် သကတ်မညှိုး ဒြပ်ဖြိုးဝေ သဒ္ဒါစွေသည့် အမိဒေါ်ရွှေ ရဟန်းအစ်မနှင့် နန်းအမတ အတူမှန်းဆင်ကြ သည့် သမီး-ဒေါ်သန်းခင်-ဒေါ်သန်းတင် ညီမအရင်းတို့သည်။ **ထမ္ဘိတော**= ဗုဒ္ဓလက်ထက် ထက်မြက်သဒ္ဓါ ဝိသာခါသို့ သဒ္ဓါ ရှေ့ပြေး စိတ်ကောင်းမွေးကာ လေးဖြာပစ္စယ လိုရမရှိ စိတ်

တိုင်းပြည့်အောင် သတိဆောင်လတ် ထောက်ပံ့အပ်သည် ဖြစ်၍ဝှင်း။ **ဇောတိကေဟိ**= သာသနာရောင် ယုဂန်တောင်သို့ ထွန်းပြောင်လိုလား စိတ်အားတော်သန် တိုးပွါးရန်ဘို့ ဖန်ဖန် ပြုလုပ် သမုတ်ထင်ပေါ် မထေရ်ကျော်အရှင်မြတ်တို့သည်။ **ဥပထမ္ဘိတော**= သဗ္ဗညုရှင် နှုတ်တွင်မိန့်မှာ ဥ တ်ကမ္မဝါဖြင့် ခါခါရွတ်ဘာသ် ထောက်ပံ့အပ်သည်ဖြစ်၍ဝှင်း။ **ဒါနိ**= တ ထောင့်သုံးရာ စွန်းလာဆဲ့ကိုး ဆင့်တိုးရောက်လစ် သက္ကရာဇ် ဟု ထွန်းသစ်နွှေကုန် မေထုန်ရာသီ စုံညီတင့်တယ် ဇေဋ္ဌ ကြယ်မြတ် စန်းနှင့်ဟတ်လျက် ပန်းမြတ်စံပယ် ပင်လုံးထယ် အောင် သွယ်ဆောင်ပွင့်ကုန် လ,နယုန်၏ စန်းဂုဏ်တင့်လတ် ယုန်ဆွေနတ်ဝယ် ထွေပတ်ရောက်ဘိ လပြည့်မင်္ဂလာ ချိန် အခါ၌။ **ဇာတော**= ဘဝင်ခေါင်ချဉ်း အောင်သတင်းတို့ဖြင့် အောင်ခြင်းယှဉ်လာ သူမသာအောင် မင်္ဂလာဂုဏ်မြောက် ရဟန်းအဖြစ်သို့ ရောက်ခဲ့လေပြီတကား။

**(၄) ရဋ္ဌဂုရုပမုခါ စ၊ မာတရော တပဒါယကာ။**
**ပမောဒေန္တော သဉာတကာ၊ အဇယီ ဒါနိယံ သဘာ။**

**ရဋ္ဌဂုရုပမုခါ စ**= ရွှေကျောင်နိကာယ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ အဘိဓဇမဟာရဋ္ဌဂုရု ဗွဲ့ပြချီးကျူး စံကင်း ဆရာတော်ဗရား အမှူးရှိကုန်သော ထေရ်ကြီး, ထေရ်ငယ် အသွယ်သွယ်တို့သည်ဝှင်း။ **မာတရော**= မြင့်မိုရ်မေရု ပုံနှိုင်း

ပြုလည်း ဆိုမှုမလွယ် ဂုဏ်ထယ်ကြီးမား ရဟန်းမယ်တော် ခမည်းတော် နှစ်ပါးတို့သည်၎င်း။ **တပဒါယကာ**= သာသန ဒါယဇ္ဇ ပွဲထူးသ,သည့် မြုံးကြွသဒ္ဒါ စေတနာနှင့် လေးဖြာပစ္စယ မလိုရအောင် ထောက်ပံ့လေကြ ကုန်သည်ရဟန်းအစ်မကြီး ဒေါ်ရွှေမိနှင့် သမီး ဒေါ်သန်းခင်-ဒေါ်သန်းတင်တို့သည်၎င်း။ **သဉာတကာ**= မိဘက်,ဖဘက် ဆင်းသက်စဉ်လာ မျိုးဆွေဉာနှင့် ကမ္ဘာတဝှမ်း ဗြဟ္မာလွှမ်းဖုံး သတ္တဝါအားလုံးတို့သည်၎င်း။ **ပမောဒေန္တာ**= သာဓု သာဓု ဥဒါန်းပြုလျက် စိတ်မှုကြည်လင် ပီတိခွင်သို့ ပြေးဝင်ကျော်မောက် အလွန်ဝမ်းမြောက်ကြကုန် သည်ဖြစ်၍။ **ဒါနိ**= ပရိသတ်စုံလင် ပွဲကြီးယင်လျက် ဂုဏ်အင် ချီးကျူး အမှုုးတင်ရာ ယခုအခါ၌။ **အယံ သဘာ**= ညချမ်း ထွက်လာ လစန်းစကြာနှင့် မကွာသွင်ဟူ ပမာတူလှ သာမ ဏေကျော် ဓမ္မာစရိယ 'ရှင်ဂန္ဓသာရ'၏ ရဟန်းခံပွဲသဘင်သည်။ **အဇယိ**= ကျော်စောသတင်း အခေါင်ချည်းလျက် အောင်ခြင်း ကြီး အောင်မြင်ခဲ့လေပြီတကား။

**(မန္တလေး - ဝိသုဒ္ဓါရုံ၊ ဇယမေဒနီ သာမဏေရ၊ "သာသန ဓဇ သိရီပဝရဓမ္မာစရိယ" ရှင်နန္ဒမာလာ စီကုံးရေးသားသည်။)**

စစ်ကိုင်းမြို့ မဟာသုဓောဓာရုံတိုက်၌
ပညာသင်ယူလျက်ရှိသော
တောင်သာမြို့နယ် – တမိုက်သာရွာ
အောင်မြေရွှေဘုံအုတ်ကျောင်း

## ရှင်နန္ဒိယ ၏

# ဥပသမ္ပဒမင်္ဂလာ ထောမနာသီသဂါထာ

❀❀❀

၁။ ထေရံ ကတ္တာနုပဋ္ဌာယံ၊ သံဃေနနုဂ္ဂဟိတော ဝရံ။
ဒါယကေဟိ ပတ္တော ဒါနိ၊ နန္ဒိယော နန္ဒိယတ္တနံ။

**က္ကဒါနိ**=သုံးဆဲ့ကိုးခု ရတုအပြောင်း ပျော်ဖွယ်ကောင်းသည့် ရွက်ဟောင်းတွေကြွေ ရွက်သစ်ဝေလျက် မြိုင်ခြေရှင်မော ငှက်ဥသြတို့ သံနှောကြည်ကြည် သရဖီလည်း ဝေစီပွင့်လန်း ရှုမခမ်းအောင် တင့်ဆန်းသောစွ ဤတပေါင်းလဆန်း (၁၁) ရက်နေ့ အခါသမယ၌၊ **နန္ဒိယော**= ရိုးသားပွင့်လင်း အပြစ်ကင်းလျက် စိတ်ရင်းဖြူဆွ နှစ်သက်ဖွယ်ကောင်းလှသော ‘ကိုရင် နန္ဒိယ’ သည်၊ **နန္ဒိယော**= ကိုတင်အောင်+မသန်းကြည် အနှစ်တည်လျက် ချစ်ကြည်သားလှ ‘ကိုရင်နန္ဒိယ’ သည်၊

**ထေရံ**=အကၡရသိပ္ပံ အခြေခံလျက် ဝေဘန်သင်ကြား တမိုက်သာရွှာ အောင်မြေရွှေဘုံ ဆရာတော်ဘုရားကို **ဥပဇ္ဈာယံ ကတွာန**=ကြီးငယ်အမှု အပြစ်စုကို ကြည့်ရှုဆုံးမ သွန်သင်ပြမည့် မိဘသဖွယ် ဥပဇ္ဈာယ်ပြု၍၊ **သံဃေန**= ဥပ သမ္ပဒကံ ဆောင်ရွက်ရန်ဟု စိတ်သန်တူညီ သာမဂ္ဂီဖြင့် ဂုဏ်ရည်ခညောင်း သံဃာတော်အပေါင်းသည်၊ **အနုဂ္ဂဟိတော**= ဉတ်ကမ္မဝါ ရွက်ဖတ်ကာဖြင့် မှန်စွာပြီးမြောက် ခရီးရောက် အောင် ချီးမြှောက်အပ်သည်ဖြစ်၍ရင်း၊ **ဒါယကေဟိ**= တောင်သာမြို့နယ် ဂုဏ်မြင့်ကြွယ်လျက် တင့်တယ်သာယာ တမိုက်သာ၌ သဒ္ဓါကြည်နူး 'ဦဘကြူး' နှင့် ရှင်မြူးညီမျှ 'ဒေါ်ဒေါ်ပေါ်' ရဟန်းဒကာ ရဟန်းအမတို့သည်၊ **အနုဂ္ဂဟိတော**= ပရိက္ခရာ ရှစ်အင် စုံအလင်ဖြင့် ဂုဏ်တင်ပံ့ထောက် ချီးမြှောက်အပ်သည်ဖြစ်၍ရင်း၊ **ဝရံ**= သိက္ခာသီလ ဂုဏ်ပေါင်းခသဖြင့် တောင့်တအပ်ပေ အလွန်ပင် ကောင်းမြတ်လှပေထသော၊ **နန္ဒိယတ္တနံ**= လူနတ်ဦးခိုက် မြတ်နိုးထိုက်သည့် နှစ်ခြိုက်ရှင်ပျော် ရဟန်းတော်ကလေးအဖြစ်သို့၊ **ပတ္တော**=ရှေးကုသိုလ်ကံ အကျိုးပေးသန်သဖြင့် အမှန်မသွေ ဆိုက်ရောက်ခဲ့လေပြီတကား။

**၂။ အယံ နဝေါ ဣမေ ဇနော၊ အညမညံ သုပဂ္ဂဟာ။**
**သဒ္ဓမ္မေန အာမိသေန၊ သောဘေန္တု ဇိနသာသနံ။**

**အယံ နဝေါ**=ကျင့်ဝတ်သိက္ခာ ပြည့်စုံစွာဖြင့် ဂုဏ်ဝါထွန်းပ ဤရဟန်းတော်ကလေး 'အရှင်နန္ဒိယ' သည်၊ **သဒ္ဓမ္မေန**=

သူတော်တကာ ကျင့်သုံးရာသည့် မြတ်စွာဗုဒ္ဓ ထုတ်ပြမြွက်ဖော် တရားတော်ဖြင့်ရှင်း၊ **က္ကမေ ဇနာ**=သဒ္ဓါ,သီလ စာဂ,ပညာ တူမျှစွာမို့ ဂုဏ်ဝါတင့်ဆန်း ရှုမခန်းမျှ ဤရဟန်းဒကာ ရဟန်း အမတို့သည်၊ **အာမိသေန**=သာသနာ့အလုပ် လွန်ကြိုးကုတ်၍ အားထုတ်စေမှု မြော်ရည်ပြုသည့် စတုပစ္စယ အာမိသဖြင့်ရှင်း၊ **အညမည်**=ဆိုင်ရာကျင့်ဝတ် ကိုယ်စိတ်ညွတ်လျက် မချွတ် မယွင်း အချင်းချင်း၊ **သုပဂ္ဂဟာ**= ကိုယ်စိတ်အားဆောက် အရာရောက်အောင် ချီးမြှောက်ကြကုန်သည်ဖြစ်၍၊ **ဇိနသာသနံ**=ငါးမာရ်အောင်ငြား မြတ်ဘုရား၏ တည်ထားသတ်မှတ် သာသနာတော်မြတ်ကို၊ **သောဘေန္တု**=နေမင်းရာထောင် ထွန်းလင်းပြောင်သို့ ဂုဏ်ရောင်မြင့်ဝေ အတင့်တယ်ကြီး တင့်တယ်အောင် ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

**အရှင်နန္ဒမာလာဘိဝံသ**
သ၊စ၊အ ဓမ္မာစရိယ၊ ပါဠိပါရဂူ
မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်းမြို့။
၁၃၃၉-ခု၊ တပေါင်လဆန်း (၁၁)ရက်။

စစ်ကိုင်းမြို့ မဟာသုဓောဓာရုံကျောင်းတိုက်
ရဟန်းလောင်း **ရှင်ဇနာဓိပ** ၏

# ဥပသမ္ပဒမင်္ဂလာဇယာသီသဂါထာ

❀❀❀

**(၁) ဇေယျမှိ မဏ္ဍလေ ဇာယိ၊ သိပ္ပံ သိက္ခိ ဝရန္တိကေ။**
**ပဗ္ဗဇိတွာ သုဓောဓေသ၊ ပါဒေ'ယံ ဂန္ထမာဒဒါ။**

**အယံ**= သံဃာ့အလယ် ဂုဏ်မြင့်ကြွယ်လျက် တင့်တယ်ရည်သွေး ဤရဟန်းတော်ကလေးသည်၊**ဇေယျမှိ**= စစ်ပင်ကိုင်း၍ စစ်ကိုင်းမည်သာ သင်္ချာ၏ ပြည်ချာနဂရ အတုလနှင့် ပုရဇေယျာ ရောရစ်ဝိုင်း မြို့စစ်ကိုင်း၌၊ **မဏ္ဍလေ**= ရပ်ခွင်ဒိသာ မြောက်မျက်နှာဝယ် လယ်ယာချောင်းကန် အပေါင်းရံလျက် ပြောင်းနှံသီးစုံ စားမကုန်အောင် များထုံပွါးစီး စာရေးအရှေ့ ရွာကြီး၌၊**ဇာယိ**= ၁၃၂၃ ခု ရတုသာယာ ချိန်အခါ၌ မာတာပိတ မိနှင့်ဘဟူ 'ဦးပွ+ဒေါ်ခွေး' ရင်သွေးရတနာ ရှည်ကြာဘက်နေ ဖွားမြင်ခဲ့လေပြီ၊ **ဝရန္တိကေ**= ရွာစာရေး အရှေ့ လွန်ပျော်မွေ့ဟု ခြသေ့်ကန်ကျောင်း ခိုအောင်းကြည်သာ မြတ်

ဆရာ၏ မေတ္တာသက်နှင်း ထံတော်ရင်း၌၊ **သိပ္ပံ**= ပါဠိ+မြန်မာ အက္ခရာဟူ နှစ်လွှာရေးဖတ် စာပေအတတ်ကို၊ **သိက္ခိ**= ကောင်းစွာ စင်ဖြူ အမြင်လူအောင် သင်ယူခဲ့လေပြီ **ပဗ္ဗဇိတွာ**= ဆရာ မြတ်ထံ နည်းနာခံလျက် ကျင့်ကြံအားသည်း ရှင်သာမဏေ ပြုပြီး၍၊ **သုဗောဓသော**= ဇေယျာပုရ သုဗောဓဟု မည်ရထင်ပေါ် ကျောင်းတိုက်တော်၌ ရှင်ပျော်နေငြား သုဗောဓာရုံ နာယက ဆရာတော်ဘုရား၏၊ **ပါဒေ**= ပညာရင်နို့ သောက်စို့ကြရာ ကပ်လာဝပ်စင်း ထံတော်ရင်း၌၊ **ဂန္ထံ**= သဒ္ဒါ သင်္ဂဟာ အခြေစ လျက် ထိုမှတဖန် အစွမ်းဉာဏ်ဖြင့် ကျမ်းဂန် အရပ်ရပ် စာပေမြတ်ကို၊ **အာဒဒါ**= ဖွဲ့ဉာဏ်လုံ့လ အသုံးချ လျက် ထုံးအရပေ သင်ယူခဲ့လေပြီတကား။

## (၂) ဇနာဓိပုပဇ္ဈာယေန၊ ဇနာဓိပေါ ဝရတ္တနံ။ သမ္ပတ္တောယံ အဓိပေဟိ၊ စရိတေဟိ သုထမ္ဘိတော။

**အယံ ဇနာဓိပေါ**= ဇနာဓိပ အမည်ရလျက် သံဃာ့အလယ် တင့်တယ်ရည်သွေး ဤရဟန်းတော်ကလေးသည်၊ **ဇနာဓိပု ပဇ္ဈာယေန**= စာရေးရှာသား လူအများ၏ လေးစားထိုက်တန် ခြသေ့်ကန်ဟု ဂုဏ်လျှံထင်ပေါ် ဆရာတော်ဘုရား အားထား မှီတွယ် ဥပဇ္ဈာယ်ဖြင့်၊ **အဓိပေဟိ**= စတုပါရိ သုဒ္ဓိလေးအင် လွန်ဖြူစင်အောင် ချစ်ခင်စောင့်တတ် ဆရာတော် အရှင်သူ မြတ်တို့သည်၊ **သုထမ္ဘိတော**= သိထိလ ဓနိတ ဗျဥ္ဇနပုဒ်

မယုတ်ညီစွာ ကမ္မဝါကို မှန်စွာရွတ်ဖတ် ထောက်ပံ့အပ်သည် ဖြစ်၍ငင်း။ **စရိတေဟိ**= ရှာစာရေး အရှေ့ လွန်ပျော်မွေ့သည့် မရွေ့သဒ္ဓါ ငါးဖြာသီလ ကျင့်သုံးကြသည့် 'ဒေါ်ဂျမ်းပုံမခင်မြ' ရဟန်းအမတို့သည်၊ **သုထမ္ဘိတော**= ရဟန်းပရိက္ခရာ ရှစ်ဖြာ စုံလင် ပွဲကြီးယင်လျက် အစဉ်ထာဝရ သာသနာ့အမွေ မသွေ ခံတတ် ထောက်ပံ့အပ်သည်ဖြစ်၍ငင်း။ (ဒါနိ- ၁၃၄၃-ခု ရတုသာယာ ချိန်အခါမို့ ငွေလွှာနှင်းမှုံ ဖြန့်ခင်းကြုံသဖြင့် အေးတုံပိုကဲ တပို့တွဲဟု ပေါက်လဲပွင့်ရာ လဆန်းငါးရက်နေ့ မင်္ဂလာအခါ၌) **ဝရတ္တနံ**= သကျပုတ္တိယ သမဏာဟု နာမထွန်း သစ် မြတ်သောရဟန်းအဖြစ်သို့၊ **သမ္ဘတ္တော**= ကုသိုလ်ရေးကံ ကျိုးပေးသန်သဖြင့် အမှန်မသွေ ရောက်ရှိခဲ့လေပြီတကား။

## (၃) ဇနေန အဓိပံ ရက္ခံ၊ ဇနာနံ ဟိတသာဂရံ။ ဇနာဓိပံ အဓိပါယ၊ ပါတ္တာ' ယံ ဇိနသာသနံ။

**အယံ**= "ဇနာဓိပ" အမည်ရလျက် သံဃာ့အလယ် တင့် တယ်ရည်သွေး ဤရဟန်းတော်ကလေးသည်။ **ဇနာနံ**= သူတော်ကောင်းမျိုး ကောင်းကြိုးချစ်ခင် များလူရှင်တို့၏။ **ဟိတသာဂရံ**= လူနတ်နိဗ္ဗာန် သုံးတန်အကျိုး ပွါးတိုးလွန်စွာ စီးပွါးသမုဒ္ဒရာဖြစ်သော၊ **ဇနေန**= အတ္တာသမ္မာပဏိဓိ စက်ပြည့် ကိန်းအောင်း သူတော်ကောင်းသည်၊ **အဓိပံ**= တရေးတယူ အလေးမူလျက် ဖွေးဖြူစေလတ် စောင့်ထိန်းအပ်သည့် ကျင့်

မြတ်အစ စတုပါရိသုဒ္ဓိသီလကို၊ **ရက္ခံ-ရက္ခန္တော**= ယစ်စာမရိ ထုံးကိုမှီ၍ ယုံကြည်မပျက် ကိုယ့်အသက်ကို စွန့်ရက်လွန်စွာ စောင့်ထိန်းလျက်သာလျင်၊ **ဇနာဓိပံ**= စွမ်းရည်ထူးချွန် ပုဂ္ဂိုလ်မွန်တို့ ဖြစ်လွန်နှစ်လို့ သောက်စို့ကိုယ်စီ ပညာတည်းဟူသော နို့ရည်ကို၊ **အဓိပါယ**= အားပါးတရ ဖွဲ့လုံ့လဖြင့် ကျနမချို့ အားအင်ပျို့အောင် သောက်စို့သည် ဖြစ်၍၊ **ဇိနသာသနံ**= ငါးမာရ်အောင်မြင် ဘုရားရှင်၏ တိထွင်မိန့်မှာ မြတ်ဘုရား၏ သာသနာတော်ကို။ **ပါတု**= သီလ ပညာ ရှိန်အဝါဖြင့် ထိန်သာ ပဝင်း ကမ္ဘာလင်းအောင် မယွင်း ပုံသေ စောင့်ရှောက်နိုင်ပါစေသတည်း။

**ရွတ်ဖတ်သူ** - ရှင်လက္ခဏာဘိက
**ရေးသားသူ** - အရှင်နန္ဒမာလာဘိဝံသ
သ·စ·အ ဓမ္မာစရိယ၊ ပါဠိပါရဂူ



## သာသနာလင်္ကာရသာမဏေကျော် ရှင်မာနိတ ၏

# ဥပသမ္ပဒမင်္ဂလာ ထုတိဝေဒလ္လဂါထာများ

❀❀❀

**(၁) မာနိတော မာနတံ ယာတိ၊ ဥဿာဟေန မဟာဿဝေ။**
**မာနေန မာနတံ ယာတိ၊ ဒါနိ သော သီမမာဠကေ။**

**မာနိတော**= သိက္ခာသုံးရပ် မြတ်နိုးတတ်၍ ဗျူပွတ်ပေါ်လွင် မြော်အမြင်ဖြင့် ခေါ်တွင်မူလ 'ရှင်မာနိတ'သည်၊ **မာနိတော**= "သာသနာလင်္ကာရ သာမဏေကျော်"စာပေတော်၍ ဘွဲ့မော်ဆက်ကပ် မြတ်နိုးအပ်သဖြင့် ဆင့်ထပ်ခေါ်ရ "သာမဏေကျော် ရှင်မာနိတ"သည်၊ **ဥဿာဟေန**= နေ့စဉ်မပြတ် သတိကပ်လျက် ကျက်မှတ်ဆောင်ထား ကြံစဉ်းစား၍ ဉာဏ်အားသွင်းလတ် လုံ့လဓာတ်ကြောင့်၊ **မဟာဿဝေ**= ဝိနယပိဋကအင်္ဂုတ္တရနှင့် ဓမ္မပဒတဖြာ ကျမ်းစာအရပ်ရပ် မူချမှတ်လျက် ခဲကတ်စုံလင် ပူဇ္ဇာဆင်၍ ခေါ်တွင်ဉာဏ်စမ်း သာမဏေစာ လျှောက်မေးခမ်း၌၊ **မာနတံ**= "သာသနာလင်္ကာရ သာမဏေ

ကျော်” ဘွဲ့မော်ဆက်ကပ် မြတ်နိုးအပ်သူ၏ အဖြစ်သို့ **ယာတိ**= ကောင်းစွာမသွေ ရောက်ရှိခဲ့လေပြီ။

**ဒါနီ**= လေးဆဲ့ငါးခု ရတုသာစုံ ငွေနှင်းမှုံနှင့် ဖူးငုံဆင့်လွှမ်း ပေါက်လဲပန်းတို့ တင့်ဆန်းနီရဲ တပို့တွဲ၏ ပိုကဲကျော်လာ ဤ ၇ ရက်နေ့မင်္ဂလာအခါ၌၊ **မာနေန**= ဗုဒ္ဓမြတ်စွာ သာသနာကို လွန်စွာအားကိုး သဒ္ဓါဖြိုးလျက် မြတ်နိုးအစဉ် ချစ်ခင်ခြင်းကြောင့်၊ **သိမမာဠကေ**= ဇာတိချက်ကွာ ဆင်နင်းရွာ၏ သာယာကြည်ဖြူ အောင်လံထူသည့် ဇမ္ဗူမင်္ဂလာ ရွှေရပ်သာကျောင်း သိမ်တန်ဆောင်းဟု ဂုဏ်ပေါင်းလျှံငြီး သိမ်တော်ကြီး၌၊ **မာနတံ**= သကျပုတ္တိယ သမဏဇာတ် မည်မှတ်စင်စစ် မြတ်နိုးအပ်သူ၏ အဖြစ်သို့၊ **ယာတိ**= ဥတ္တိစတုတ္ထကံ အမိန့်သံကြောင့် ဧကန်မသွေ ရောက်ရှိပေသည်တကား။

### (၂) နာယကော တသသုပဇ္ဈာယော၊ အာစေရော ဇမ္ဗုမင်္ဂလော။ မာတရော ဒမ္ပတီ ဂါမေ၊ ဒါယကာ ပုငှဘောဒနေ။

**နာယကော**= ဧရာရစ်ဝိုင်း စစ်ကိုင်းသေလာ တောင်လက်ျာ၌ ဂုဏ်ဝါထွန်းပ သုဗောဓ၏ ပဓာနရှေ့ဆောင် ဂုဏ်ရောင်ကြီးမား နာယကဆရာတော်ဘုရားသည်၊ **တဿ**= “သာသနာလင်္ကာရသာမဏေကျော်” ဘွဲ့မော်ပိုင်သ ရှင်မာနိတ၏၊ **ဥပဇ္ဈာယော**= ပြစ်ကြီးပြစ်ငယ် အသွယ်သွယ်ကို မကွယ်မလှပ်

အမြဲကပ်၍ မပြတ်ရှုမြင် ပြုပြင်ပေတတ် ဥပဇ္ဈာယ်ဆရာမြတ်ပါ ပေတည်း။ **ဇမ္ဗူမင်္ဂလော**= ဝက်လက်နယ်တွင်း ရွာဆင်နင်း၏ ဂုဏ်သတင်းမွှေးကြူ အောင်လံထူသည့် ဇမ္ဗူမင်္ဂလာ ရွှေရပ်သာ ကျောင်း ကိန်းအောင်းပျော်ရွှင် ဆရာတော် 'အရှင်စိန္တိတညာန' သည် တသ- "သာသနာလင်္ကာရ သာမဏေကျော်" ဘွဲ့မော် ပိုင်သ ထို'ရှင်မာနိတ'၏၊ **အာစေရော**= အက္ခရာသမယ အခြေ စ၍ ကျနပွဲပြင် သွန်သင်ပေတတ် မူလဆရာမြတ်ပါပေတည်း။

**ဂါမေ**= ရွှေဘိုတောင်လက် ဂုဏ်ရောင်တက်သည့် ဝက် လက်မြို့နယ် ပြန့်ကျယ်လွှန်စွာ လယ်ယာစိုက်ခင်း ပျံ့သင်း စိမ်းစို ကုသိုလ်ခနေ ပေါပြည့်ဝသည့် ဌာနမည်ရင်းရွာ ဆင်နင်း ၌၊ **ဒမ္ပတီ**= သဒ္ဓါသီလ စာဂပညာ လေးဖြာစုံညီ ပုံအထည်ဖြင့် ဂုဏ်ရည်တူမျှ 'ဦးတင်ရ-ဒေါ်ညွန့်ခင်' ဆွေကြင် သက်လျော် ဇနီးမောင်နှံနှစ်ဖော်တို့သည်၊ **တဿ**= "သာသနာ လင်္ကာရ သာမဏေကျော်" ဘွဲ့မော်ပိုင်သ ထို'ရှင်မာနိတ'၏၊ **မာတ ရော**= ကျေးဇူးဂုဏ်ကို တောင်မြင့်မိုရ်နှင့် နှိုင်းဆိုရာငြား ခမည်းတော် မယ်တော်နှစ်ပါးတို့ပါပေတည်း။ **ပုဗ္ဗဘေဒနေ**= ဖောက်ကားရောင်းဝယ် အသွယ်သွယ်ဖြင့် ကုန်သည်များစွာ ရပ်တကာမှ ရောက်လာစုံညီ အထုပ်ဖြည်လျက် လွှန်စည် တိုးတက် မြို့ဝက်လက်၌၊ **ဒမ္ပတီ**= နှစ်ဦးနှစ်ဝ ကျင့်သီလနှင့် စာဂစုံညီ မြတ်ဂုဏ်ရည်ကြောင့် ဒေဝီဒေဝ သံဝါသဟု မွမ်းဟ ဆိုညွှန်း 'ဦးကြွယ်ထွန်း+ဒေါ်တင်ချော' စိတ်သဘောဖြူကြည်

တူညီရှင်ပျော် ဇနီးမောင်နှံနှစ်ဖော်တို့သည်၊ **တဿ**= “သာသနာလင်္ကာရ သာမဏေကျော်” ဘွဲ့မော်ပိုင်သ ထို‘ရှင်မာနိတ’ ၏၊ **ဒါယကာ**= ပရိက္ခရာရှစ်စုံ သဒ္ဓါဟုန်ဖြင့် ကြည်ယုံရွှင်လန်း ပေးလှူဒါန်းသည့် ရဟန်းဒါယကာ ရဟန်းဒါယိ ကာမတို့ပါပေတည်း။

## (၃) မာနံ မာနေတု မာနိတော၊ မာနံ နေတု သုမာနသော။ သဒ္ဓမ္မေ မာနသံ လဒ္ဓါ၊ မာနိတော ဟောတု မာနိတော။

**မာနိတော**= “သာသနာလင်္ကာရ သာမဏေကျော်” ဘွဲ့မော်ပိုင်သ ‘အရှင်မာနိတ’ခေါ် ထင်ပေါ်ရည်သွေး ရဟန်းတော်ကလေးသည်၊ **မာနံ**= ဗုဒ္ဓမြတ်ရှင် ဉာဏ်သဗ္ဗညုဖြင့် တီထွင်မိန့်အပ် လွန်ထူးမြတ်သည့် သုံးရပ်တွင်ခေါ် သာသနာတော်မြတ်ကြီးကို၊ **မာနေတု**= လွန်စွာအားကိုး သဒ္ဓါဖြိုးလျက် မြတ်နိုးနှစ်သက်ပါစေသတည်း။ **မာနံ**= ဗုဒ္ဓမြတ်ရှင် ဉာဏ်သဗ္ဗညုဖြင့် တီထွင်မိန့်အပ် လွန်ထူးမြတ်သည့် သုံးရပ်တွင်ခေါ် သာသနာတော်မြတ်ကြီးကို၊ **သုမာနသော**= မကောင်းညစ်ဆိုး စိတ်မျိုးမဝင် ဖြူစင်နှလုံး အဖြောင့်သုံးလျက် ကျင့်သုံးညီစွာ စိတ်ကောင်းနှလုံးကောင်းရှိသည်ဖြစ်၍ သာလျှင်၊ **နေတု**= ထောင်သောင်းနေရောင် ထွန်းလင်းပြောင်သို့ ဂုဏ်ရောင်သတင်း ကမ္ဘာချဉ်းအောင် ဆောင်ကြဉ်းနိုင်ပါစေသတည်း။ **မာနိတော**= “သာသနာလင်္ကာရသာမဏေကျော်” ဘွဲ့မော်

ပိုင်သ 'အရှင်မာနိတ'ခေါ် ထင်ပေါ်ရည်သွေး ရဟန်းတော်ကလေးသည်၊ **သဒ္ဓမ္မေ**= ပရိယတ်နှင့် ပဋိပတ်တထွေ ပဋိဝေဓတဖြာ သူတော်စွာတို့ သုံးဖြာသတ်မှတ် သာသနာတော်မြတ်ကြီး၌၊ **မာနသံ**= မာနအရင်းခံ ကိလေမာရ်ကို တွမ်းလှန်ပယ်သတ် အရဟတ္တဖိုလ်တည်းဟူသော တရားထူးတရားမြတ်ကို၊ **လဒ္ဓါ**= သမထဝိပဿနာ ဘာဝနာစခန်း မဆုတ်တန်းဖြင့်ကြိုးပမ်းနိုင်ဘိ ရရှိသည်ဖြစ်၍၊ **မာနိတော**= အများရှင်လူစိတ်ကြည်ဖြူလျက် ဂုဏ်ယူဝမ်းမြောက် သဒ္ဓါပေါက်အောင်ထွန်းတောက်ကြည်ညို မြတ်နိုးအပ်သောပုဂ္ဂိုလ်သည်၊ **ဟောတု**= စင်စစ်မသွေ ဖြစ်ပါစေသတည်း။

**ဂုဏ်ပြုလှူဖတ်ကြားသူ** - **ရှင်အဘိဇာတ**
မဟာသုဗောဓာရုံ၊ စစ်ကိုင်း။
**ရေးသားဂုဏ်ပြုသူ** - **အရှင်နန္ဒမာလာဘိဝံသ**
သ-စ-အ ဓမ္မာစရိယ၊ ပါဠိပါရဂူ
မဟာသုဗောဓာရုံ၊ စစ်ကိုင်း။



"သာသနာလင်္ကာရ သာမဏေကျော်ဘွဲ့" ဘွဲ့ရ
**အရှင်သုဇနိန္ဒ ၏**

# ဥပသမ္ပဒမင်္ဂလာ ဂုဏ်ပြုလွှာ

❀❀❀

**(၁) သုဇာတော' ယံ သုဇနေပဟိ၊ သုဇနမှာ သုသိက္ခိတော။**
**သုဗောဓေ သုသုခေနေဝ၊ သိက္ခန္တော ဇယတံ ဂတော။**

**အဿ**= သာသနာလင်္ကာရသာမဏေကျော် ဘွဲ့မော်ဂုဏ်ထူး ညာဏ်ရည်မြူးလျက် ဆွတ်ခူးပိုင်သ ဤ'အရှင်သုဇနိန္ဒ' သည်၊ **သုဇနေပဟိ**= တံတားဦးမြို့ နှစ်လိုသာကြွယ် ရွာတပယ်၌ ယာလယ်လုပ်ငန်း သက်မွေးဝမ်းဖြင့် ရှင်လန်းတူပျော် 'ဦးလင်း+ဒေါ်ခင်လေး' ခမည်းတော် မယ်တော်တို့မှ၊ **သုဇာတော**= ရတနာသုံးပါး ဦးထိပ်ထားလျက် ထူးခြား လက္ခဏာ ပြည့်စုံစွာဖြင့် ကောင်းစွာမသွေ ဖွားမြင်ခဲ့ပါပေ၏၊ **သုဇနမှာ**= တပယ်တောင်ကျောင်း စံကိန်းအောင်းလျက် ကျိုးကြောင်းပြသ မြတ်ဓမ္မဖြင့် ဆုံးမပေတတ် ဆရာတော်အရှင်သူမြတ်မှ၊ **သုသိက္ခိတော**= မြန်မာပါဠိ တတ်သိဇကောန် အခြေခံမှတ်

ပညာရပ်ကို နီးကပ်ကြည်ဖြူ ကောင်းစွာသင်ယူခဲ့ပါပေ၏။ **သုဗောဓေ**= ဧရာရစ်ဝိုင်း မြို့စစ်ကိုင်း၌ သစ်လှိုင်းဂုဏ်ဝါ ထွန်းတောက်လာသည့် ဝေဖြာပွါးစီး မဟာသုဗောဓာရုံ ကျောင်းတိုက်ကြီး၌၊ **သုသုခေနေဝ**= အသင်အပြ စံနစ်ကျ၍ ပင်မဓာတ်ခံ ရင့်သန်ပွင့်လန်း ပညာစွမ်းကြောင့် ရွှင်လန်း ကြည်ဖြူ အလွယ်တကူသာလျှင်၊ **သိက္ခန္တော**= ၄ နှစ်ကာလ သင်ချိန်မျှ၌ လုံ့လဇွဲကူ အားထုတ်သင်ယူသည်ဖြစ်၍၊ **ဇယ တံ**= သုဗောဓေ ဟူသမျှနှင့် စိုးရငယ်,လတ် ဆင့်ထပ်ပေါ် လာ သကျသီဟ ပ,ဒု,တဟု သာသနာလင်္ကာရ သာမဏေကျော် ဘွဲ့မော်ပိုင်သ အောင်ပွဲရသူ၏အဖြစ်သို့ **ဂတော**= ကောင်းစွာ မသွေ ရောက်ရှိခဲ့ပါပေသတည်း။

## (၂) ပစ္စယေ သုပနိဿာယ၊ ထေရာနံ ပဂ္ဂဟေန စ။ သမ္ပတ္တော ဒါနိ သဒ္ဓမ္မေ၊ ဒုလ္လဘံ ဇိနသူနုတံ။

**ဧသ**= သာသနာလင်္ကာရသာမဏေကျော် ဘွဲ့မော်ဂုဏ်ထူး ဉာဏ်ရည်မြူးလျက် ဆွတ်ခူးပိုင်သ ဤ'အရှင်သုဇနိန္ဒ'သည်၊ **ပစ္စယေ**= မန်းမြို့ဌာနီ ပါရမီနှင့် စာဂီဂုဏ်ဆင့် အပုံတင့်၍ 'ဒေါ်မြင့်မြင့်' ခေါ် ထင်ပေါ်လျှမ်းကြွ ရဟန်းအမ၏ လွှမ်းထ သဒ္ဓါ စေတနာဖြင့် ဝေဖြာရွှင်လန်း ပေးလှူဒါန်းသည့် သင်္ကန်း သပိတ် ပရိက္ခရာ များစွာသီးသီး ရဟန်းဆောင်ပစ္စည်းတို့ကို၊ **သုပနိဿာယ**= ခံယူသုံးစွဲ နှလုံးထဲ၌ ပြီးမြဲရွှင်စွာ သာသနာ၏

နှစ်ဖြာအလုပ် အားထုတ်ထာဝရ အမှီရသည်ဖြစ်၍ငင်း၊ **ထေရာနံ**= တပယ်တောင်ကျောင်း ကိန်းအောင်စံပျော် ဆရာတော်နှင့် ထင်ပေါ်ဘုန်းဂုဏ် မဟာသုဗောဓာရုံနာယက ပါကဋအမော် ဆရာတော်ကို ရည်မြော်ထူးခြား အမျှုးထားလျက် များပြားစုံလင် ဥပသမ္ပဒကံဆောင် ထေရ်အရှင်တို့၏၊ **ပဋ္ဌဟေန စ**= ဥပဇ္ဈာယ်ဆရာ တဖြာနှုသ္ဘာဝက အရာပြုလျက် ကျနသေချာ ဥ တ်ကမ္မဝါကို ဖတ်ကာမယွင်း ချီးမြှောက်တော်မူခြင်းကြောင့်ငင်း၊ **သဒ္ဓမ္မေ**= သူတော်တရား ဟောကြားစုံစွာ မြတ်ဘုရား၏ သာသနာ၌၊ **ဒုလ္လဘံ**= ရှေးကုသိုလ်ကံကျိုးပေးသန်မှ ဧကန်ရနိုင် ကိုယ်ပိုင်စင်စစ် ဒုလ္လဘတမျိုးဖြစ်သော၊ **ဇိနသူနုတံ**= သဗ္ဗညုတ ဉာဏသခင် ဘုရားရှင်၏ ရွှေရင်တော်နှစ် သားတော်စစ်အဖြစ်သို့၊ **ဒါနိ**= ၁၃၄၆ ခု၊ ရတုဂိမာန် တိမ်ယံမည်းညို တောလုံးစိုမျှ ရွာသွန်းချသဖြင့် လှပသစ်လွင် မြက်သစ်ပင်တို့ စိမ်းရွှင်လန်းဖြာ နယုန်လပြည့်နေ့ မင်္ဂလာအခါ၌၊ **သမ္ပတ္တော**= ကောင်းစွာမသွေ ရောက်ရှိခဲ့လေပြီတကား။

## (၃) သု,သုခေနေဝ ဇာတေတာ၊ ဇ,ယမာရဿ သာသနံ၊ နိဗ္ဗုန္တော သေ ပါပကော၊ ဓာရေန္တော ဇိနဘာသိတော။

**ဧသော**=သာသနာလင်္ကာရ သာမဏေကျော် ဘွဲ့မော်ဂုဏ်ထူး ဉာဏ်ရည်မြူးလျက် ဆွတ်ခူးပိုင်သ ဤ‘အရှင်သုဇနိန္ဒ’

သည်၊ **ပါပကေ**= အပါယဘောင် ပို့ဆောင်ချတတ် ယင်း
သကတ်ကြောင့် "ပါပ" ခေါ်ရိုး ညစ်ဆိုးလှငြား သူယုတ်မာ
တရားတို့ကို၊ **နိန္ဒန္တော**= မိမိသန္တာန် လက်မခံပဲ တွန်းလှန်ထာဝရ
ကဲ့ရဲ့ရှုတ်ချ လျက်ရင်း၊ **ဇိနဘာသိတေ**= ရှင်တော်ဘုရား
ဟောကြားမြွက်ဖေါ် တရားတော်တို့ကို၊ **ဓာရေန္တော**= ခြင်္သေ့
အဆိ သိင်္ဂီရွှေခွက် တည်မပျက်သို့ နှုတ်တက်ဆောင်ထား
နှလုံးသားဖြင့် စဉ်းစားဉာဏ်ယှဉ် သိမြင်အနက် ဆောင်ထား
လျက်ရင်း၊ **ဇယမာရသ**= ဒေဝပုတ္တ ကိလေသနှင့် ဘိသင်္ခါရ,
ခန္ဓာ တဖြာမစ္စု မြော်ရှုပိုင်းခြား မာရ်ငါးပါးကို ဟန့်တား အောင်
မြင် အောင်ပွဲယင်ငြား မြတ်ဘုရား၏၊ **သာသနံ**= သင်ယူကျင့်
သုံး ရှင်ပြုံးသိမြင် ဂုဏ်အင်ကြီးလှ သဒ္ဓမ္မသုံးဖြာ သာသနာ
တော်မြတ်ကြီးကို၊ **သုသုခေနေဝ**= ဘေးရန်အန္တရာယ် ရန်စွယ်
မနှောင့် ဖြူးဖြောင့်ကြည်ဖြူ အလွယ်တကူဖြင့်သာလျှင်၊
**ဓောတောတံ**= နေအထောင်ထွန်း လဝန်းသချေ် ထွက်ပေါ်
ပေသို့ မသွေဝင်းဝါ ထွန်းလင်းတင့်တယ်နိုင်ပါ စေသတည်း။

အရှင်နန္ဒမာလာဘိဝံသ
သ·စ·အ ဓမ္မာစရိယ၊ ပါဠိပါရဂူ
မဟာသုဗောဓာရုံတိုက်၊
စစ်ကိုင်းမြို့ ။ (၂·၆·၈၄)

# ရှင်ဝါသဝ ၏
# ဥပသမ္ပဒမင်္ဂလာ ထောမနာဂါထာများ

❀❀❀

**(၁) ဇာတော’ ယ မှာဘော ဂါမေ ၊ ဂရုဝရာန သန္တိကေ။**
**သိပ္ပမာဒါယ သဒ္ဓါယ ၊ အဂ္ဂဟိ ပဗ္ဗဇ္ဇတ္တနံ။**

**အယံ**= ဥပသမ္ပဒမင်္ဂလာ ဆင်ယင်ပါ၍ စဥ်လာဂုဏ်ဟိတ် မြွတ်ဘိသိက်ဖြင့် ဦးထိပ်သွန်းဖြန်း သီလပန်းတို့ ကြိုင်လန်း ပျံ့မွှေး ဤရဟန်းတော်ကလေးသည်၊ **ဂါမေ**= မန္တလေးတိုင်း ရှုတိုင်းသာယာ မြို့တောင်သာ၏ လယ်ယာလုပ်ခင်း ပျံ့သင်း စုံညီ စေတီဘုရား ကျောင်းကန်များဖြင့် စည်ကားသိုက်မြိုက် နှစ်ခြိုက်ဖွယ်ရာ မဟာဂါမ သာစွာ့ထိပ်သီး ‘တမိုက်ရွာ’ကြီး၌၊ **ဥဘတော**= သဒ္ဓါလန်းရွှင် ‘ဦးသန်းခင်’နှင့် ချစ်ကြင်မက္ခာ တူမျှစွာဖြင့် မေတ္တာသက်ဝင် ‘ဒေါ်အောင်တင်’ဟု တူယှဉ်စိတ် ထား မိဘနှစ်ပါးတို့မှ၊ **သုဇာတော**= မိမ်းရှုးသန့်စင် ဖွားမြင်ခဲ့ သည်ဖြစ်၍၊ **ဂရုဝရာနံ**= ရွာတမိုက်ကျောင်း ကိန်းအောင်း စံလတ် ဆရာမြတ်တို့၏၊ **သန္တိကေ**= ဆည်းကပ်ဝပ်စင်း

ထံတော်ရင်း၌၊ **သိပ္ပံ**= တတ်သင့်ရာရာ အက္ခရာသမယ အခြေပြုလျက် များလှစုံစွာ တတ်ပညာကို၊ **အာဒါယ**= ဖွဲ့နှင့်လုံ့လ အသုံးချလျက် ထုံးပြုကြည်ဖြူ သင်ယူရသည်ဖြစ်၍၊ **သဒ္ဓါယ**= သာသနာ့ဂုဏ် အာရုံစွဲမှီ ယုံကြည်လေးစား သဒ္ဓါတရားဖြင့်၊ **ပဗ္ဗဇ္ဇတ္တာနံ**= သာသနာ့ဝန်ထမ်း ကျင့်ခန်းဖြာဝေ ရှင်သာမဏေအဖြစ်ကို၊ **အဂ္ဂဟိ**= ကောင်းစွာမသွေ ရယူခဲ့ပါပေသတည်း။

## (၂) ဥပဇ္ဈာယံ ကရိတွာန ၊ သုဗောဓာရာမနာယကံ။
## သဒ္ဓါနံ ပစ္စယာ’ ဒါယ ၊ ဒါနိ ပတ္တော’ ပသမ္ပဒံ။

**သုဗောဓာရာမနာယကံ**= ဇေယျာစစ်ကိုင်း ရစ်ဝိုင်းရှေးသုဗောဓာရုံ ရွှေဘုံသမိုက် မြတ်ကျောင်းတိုက်၌ နှစ်ခြိုက်စံပျော် နာယကဆရာတော်ကို၊ **ဥပဇ္ဈာယံ ကရိတွာန**= ပြစ်ကြီးပြစ်ငယ် သွယ်သွယ်အမှု ကြည့်ရှုပြုပြင် ဆရာရှင်ဟု ဥပဇ္ဈာယ်ပြု၍၊ **သဒ္ဓါနံ**= ဇေယျာတိုင်းမွန် သမိုင်းချွန်သည့် ရွှေဇွန်မြို့နယ် ယာလယ်လုပ်ခင်း လက်ပံကျင်းမှ စိတ်ရင်းဖြူစင် ‘ဦးဘခင်’ နှင့် ချစ်ကြင်မြတ်လေး (ဒေါ်တင်အေး) ဟု မြော်တွေးသဒ္ဓါဂုဏ်ဝါဝင်းပ ရဟန်းဒါယကာ, ရဟန်းဒါယိကာမတို့၏၊ **ပစ္စယံ**= သဒ္ဓါကြည်ဖြူ ပေးလှူဝမ်းသာ ပစ္စည်းပရိက္ခရာကို၊ **အာဒါယ**= သာသနာ့အလုပ် အားထုတ်နိုင်ရန် ရည်သန်စိတ်ဖြူ ခံယူရသည်ဖြစ်၍၊ **ဥပသမ္ပဒံ**= တဆင့်တက်လှမ်း ကျင့်ခန်းစုံလင် ဂုဏ်အင်ထွန်းသစ် ရဟန်းတော်အဖြစ်သို့၊ **ဒါနိ**= ၁၃၄၇ ခု ရတုသာယာ လ,စန္ဒာနှင့် တာရာဖုသ ဆုံဆည်းကြလျက်

မြေလေညှင်း ငွေနှင်းစိုစို ခွာညိုသင်းရာ ပြာသိုလပြည့်ကျော် ၁ ရက်နေ့ ယခုအခါ၌၊ **ပတ္တော**= ရှေးကုသိုလ်ကံ ကျိုးပေးသန်သဖြင့် အမှန်မသွေ ဆိုက်ရောက်ခဲ့လေပြီတကား။

## (၃) ဂရုဝရေ ဥပါသိယ၊ သိက္ခိယ ပိဋကတ္တယံ။ ဝါသဝေါ သီလသမ္ပန္နော၊ ဇောတေတံ ဇိနသာသနံ။

**ဝါသဝေါ**= ဘုရားသားကျော် ရဟန်းတော်ကလေး 'အရှင်ဝါသဝ'သည်၊ **ဂရုဝရေ**= အလေးပြုအပ် ကျေးဇူးရှင် ဆရာမြတ်တို့ကို၊ **ဥပါသိယ**= တပည့်ကျင့်ဝတ် မချွတ်ကုန်စင် ချစ်ခင်လေးမြတ် ဆည်းကပ်အပ်သည်ဖြစ်၍၊ **ပိဋကတ္တယံ**= သုတ် အဘိဓမ္မာ တဖြာဝိနည်း ကျမ်းကြီးပြည့်စုံ ပိဋကတ်သုံးပုံကို၊ **သိက္ခိယ**= ဖွဲ့နှင့်လို့လ အသုံးချလျက် ဆုံးမကိုယ့်ကိုယ် ကြည်ညိုသမှု သင်ယူခြင်းကိုပြု၍၊ **သီလသမ္ပန္နော**= ကိုယ်နှုတ်ပြုပြင် သွန်သင်ဆုံးမ ကိုယ်ကျင့်သီလနှင့် ပြည့်စုံသည်ဖြစ်၍၊ **ဇိနသာသနံ**= ဗုဒ္ဓမြတ်စွာ ရောင်ဝါထိန်ငြိး သာသနာတော်မြတ်ကြီးကို၊ **ဇောတေတံ ဇောတေတု**= ထောင်သောင်းနေရောင် ထွန်းလင်းပြောင်ဘို့ စွမ်းဆောင်ကာပေ ထွန်းလင်းအောင် ဆောင်ရွက်နိုင်ပါစေသတည်း။

**ဘာသ်ကြားသူ** - **အရှင်နန္ဒိယ**၊ သုဗောဓာရုံ။
**ရေးသားသူ** - **အရှင်နန္ဒမာလာဘိဝံသ**
သ·စ·အ၊ ပါဠိပါရဂူ၊ သုဗောဓာရုံ။

### စစ်ကိုင်းမြို့၊ ဝိပဿနာဂန္ဓာရုံချောင်၊ ရွှေဥမင်ကျောင်းတိုက် ရဟန်းလောင်း **ရှင်ဝိစာရဏ** ၏

# ဥပသမ္ပဒမင်္ဂလာ ထုတိဝေဒလ္လဂါထာများ

❀❀❀

**(၁) သဇာတော ယေန ဇာတေနၤ ကုလာနေ’ န္တိ သမုန္နတိံ။**
**သယမ္ပိ ဂရုဝရာနံ၊ သိသော ယာတိ သမုန္နတိံ။**

**ဇာတေန**= ပြည့်စုံစက်မြတ် လေးရပ်စုံညီ လည်ပတ်သည် ကြောင့် လူ့ပြည်ဘဝ ဒုလ္လဘကို ကြုံရလေငြား မွေးဖွားရှ် လာသော။ **ယေန**= ရှင်ဝိစာရဏ မည်ရပေါ်ထင် အကြင်သား ကိုရင်ကြောင့်။ **ကုလာနိ**= စစ်ကိုင်းဇေယျာ ရေခါးရွာမှ သဒ္ဓါပွါးစီး ဦးကြီး + ဒေါ်လွန်းပေါ် ခမည်းတော် မယ်တော် ၂ ပါး ဆွေမျိုးအများတို့သည်။ **သမုန္နတိံ**= လောကကျက်သရေ တက်နေအလား မြင့်မားဖြိုးလက် ဂုဏ်တက်ခြင်းသို့။ **ဧန္တိ**= ကောင်းစွာမသွေ ရောက်ကြရလေကုန်၏။ **သော**= ‘ရှင်ဝိစာရဏ’ မည်ရပေါ်ထင် ထိုသားကိုရင်သည်။ **ဇာတော**= အတိဇာတ အမည်ရသည့် သားလှရတနာ မှန်စွာမသွေ ဖြစ်ပါပေသည်

တကား။ **သဿမွိ**= 'ရှင်ဝိစာရဏာ' ဘွဲ့မည်ရသည့် သာသနာ့အာဇာနည် ဂုဏ်ရည်သင်းကြိုင် မိမိကိုယ်တိုင်သည်လည်း၊ **ဂရုဝရာနံ**= စစ်ကိုင်းဇေယျာ တောင်သေလာဦ ဂုဏ်ဝါလွှမ်းခြုံ ဂန္ထာရုံဝိပဿနာ မဟာသုဒဿန မည်ရထို့ပြင် ရွှေဥမင်ဟု ချစ်ခင်လေးအပ် ကျေးဇူးရှင်ဆရာမြတ်တို့၏၊ **သိသော**= ဆုံးမပဲ့ပြင် သွန်သင်သမျှ ဂါရဝဖြင့် ထာဝရလေးစား ဝပ်တွားခညောင်း တပည့်ကောင်းသည်၊ **ဟုတွာ**= အမှန်စင်စစ် ကေန်ဖြစ်၍၊ **သမုန္နတိ**= သာသနာ့အလယ် ဂုဏ်မြင့်ကြွယ်လျက် တင့်တယ်ဖြိုးလက် ကြီးပွါးတိုးတက်ခြင်းသို့၊ **ယာတိ**= စင်စစ်မသွေ ရောက်ရပါပေသတည်း။

## (၂) ကိုကျော်ညွှန့် လှလှမြင့် ဇာယ-မ္ပတိကာ မာတုဇေဋ္ဌကာ။ အနုဂ္ဂဟံ ကရောန္တာဝ၊ အဂ္ဂဏ္ဍုံ ဒါယကတ္တနံ။

**မာတုဇေဋ္ဌကာ**= မန်းရတနာပုံ ရိပ်မြုံစံစား သဒ္ဓါပွါးသည့် (ဦးထွန်းမြင့်+ဒေါ်တင်လှ၊ ဦးချစ်မောင်+ဒေါ်မြကြင်) နှစ်ပါးမိဘ အမျိုးရှိကုန်သော၊ **ကိုကျော်ညွှန့် လှလှမြင့် ဇာယမ္ပတိကာ**= 'ကိုကျော်ညွှန့်+လှလှမြင့်' ဂုဏ်တင့်လူလူ ငြိမ်းအိသူသမီး ခိုင်ဖြိုးသဒ္ဓါ စေတနာအား ထူးခြားထင်ပေါ် ဇနီးမောင်နှံ နှစ်ဖော်တို့သည်၊ **အနုဂ္ဂဟံ**= ရှစ်ပါးပရိက္ခရာ စုံလင်စွာဖြင့် သဒ္ဓါဖြူလှ ဥပသမ္ပဒမင်္ဂလာသဘင် ဆင်ယင်ပံ့ထောက် ချီးမြှောက်ကော်ရော် ပူဇော်လှူဒါန်းခြင်းကို၊ **ကရောန္တာဝ**=

သုံးဝစေတနာ ညီစွာအားထုတ် ပြုလုပ်ကြကုန်သည်ဖြစ်၍ သာလျှင်၊ **ဒါယကတ္တန်**= သခေျာကမ္ဘာ လွန်ရှည်ကြာလည်း မှန်စွာရခဲ ထူးကဲစင်စစ် ရဟန်းဒါယကာ ရဟန်းဒါယိကာမ၏ အဖြစ်ကို၊ **အဂဏှုံ**= ကြည်အိသဒ္ဓါ ပီတိဖြာလျက် မှန်စွာမသွေ ရယူခဲ့ကြလေကုန်သတည်း။

## (၃) ကတ္တာ ထေရံ ဥပဇ္ဈာယံ၊ ဒါနိ ပတ္တော’ ပသမ္ပဒံ။ ဝိစာရဏော ဝိသာရဒေါ၊ ဇောတေတံ ဇိနသာသနံ။

**ဒါနိ**= ၁၃၄၇-ခု ရတုသာစို ခွါညှိနှံသင်း မြောက်လေညှင်း ကြောင့် ငွေနှင်းမှုံကျ ကြယ်ဖုသျှနှင့် ဝင်းပစန္ဒာ ဆုံလာကြုံ တွေ့ ပြာသိုလပြည့်ကျော် ၈ ရက်နေ့မင်္ဂလာ ယခုအခါ၌၊ **ထေရံ**= ဧရာရစ်ဝိုင်း စစ်ကိုင်းသေလာ ဝိပဿနာဂန္ထာရုံ နယ်လုံးခြုံလျက် ဘုန်းဂုဏ်ထင်ပေါ် နိုင်ငံကျော်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ထာဝရကျော်ကြား ဝိပဿနာဆရာတော် ဘုရားကို၊ **ဥပဇ္ဈာယံ ကတ္တာ**= မိဘသဖွယ် ပြစ်ကြီးငယ်ကို မကွယ်ကြည့်ရှု ဥပဇ္ဈာယ်ပြု၍၊ **ဥပသမ္ပဒံ**= သာကီယဇာတ် ဘုရားမြတ်၏ သားမှတ်စင်စစ် ရဟန်းတော်၏အဖြစ်သို့၊ **ပတ္တော**= ဉ တ်ကမ္မဝါ မိန့်အာဏာကို ခါခါရွတ်ဖတ် မိန့်တော် မြတ်ကြောင့် သတ်မှတ်သိက္ခာ ဆင်တန်ဆာဖြင့် ဂုဏ်ဝါထွန်း တောက် ဆိုက်ရောက်၍လာသော၊ **ဝိစာရဏော**= သံယာ့ အလယ် ဂုဏ်မြင့်ကြွယ်လျက် တင့်တယ်ရည်သွေး ‘အရှင်ဝိ

စာရဏ’ ရဟန်းတော်ကလေးသည်၊ **ဝိသာရဒေါ**= ပိဋကတ်သုံးသွယ် နိကာယ်ငါးဖြာ မြတ်ကျမ်းစာ၌ ပညာရဲရင့် ပွဲလယ်တင့်သည်ဖြစ်၍၊ **ဇိနသာသနံ**= ဗုဒ္ဓမြတ်စွာ သာသနာကို၊ **ဇောတေတံ ဇောတေတု**= ထောင်သောင်းနေရောင် ထွန်းလင်းပြောင်သို့ စွမ်းဆောင်ကာပေ ထွန်းလင်းအောင် ဆောင်ရွက်နိုင်ပါစေသတည်း။

**အရှင်နန္ဒမာလာဘိဝံသ၊**
သ-စ-အ ဓမ္မာစရိယ၊ ပါဠိပါရဂူ
မဟာသုဓောဓာရုံတိုက်၊ စစ်ကိုင်းမြို့။

၁၃၄၃ ခု၊ နယုန်လပြည့်ကျော် (၁၃) ရက်၊ (၃၀.၆.၈၁)
နေ့တွင်
အစိုးရရှင့် စေတိယင်္ဂဏ ဓမ္မာစရိယ၊
သက္ကသီဟ သာသနာလင်္ကာရ ရွှေကျင်ဂိုဏ်း၊
မြို့နယ် သံဃနာယက ဆရာတော် ဖြစ်တော်မူသော
**အရှင်ကုဿလရာဘိဝံသ** ကို
အမရပူရမြို့ ရွှေကျောင်းတိုက် နာယကဆရာတော်အဖြစ်
တင်မြှောက်ပူဇော်ရာ၌ ရွတ်ဖတ်အပ်သော

# ဇယမင်္ဂလာ ပဋ္ဌနာဂါထာ

❀❀❀

**ပုဗ္ဗင်္ဂမော အယျောမှာကံ၊ ကုဿလော ပဋ္ဌာယ ဌာနိမံ။**
**နိယျာတေမ ဂါရဝေန၊ သြဝါဒံ ဒေတု နာယကော။**

**အယျော**=‘အရှင်ကုဿလရာဘိဝံသ’ အမည်ရသည့် ပါက မှ အကျော် အရှင်ဆရာတော်ကလေးသည်၊ **အမှာကံ**= ရွှေး ဆက်နွယ် မပျက်ပြယ်အောင် သက်နှယ်လေးစား တပည့် ဒကာ, ဒကာမအများတို့၏၊ **ပုဗ္ဗင်္ဂမော**=ရှေ့ဆောင်လမ်းပြ

နာယကဟု ပါကဋ္ဌထင်ရှား ခေါင်းဆောင်ဆရာတော်တပါး ဖြစ်တော်မူပါပေ၏။ **ဣတော**=လေးဆယ့်သုံးခု ရတုသာယာ နွေအခါ၏ လေသာမိုးဖွဲ့ မစဲဖြာဖြာ နယုန်လပြည့်ကျော် ဆယ့်သုံးရက်နေ့ မင်္ဂလာအခါမှ၊ **ပဋ္ဌာယ**=သတ်မှတ်ပိုင်းခြား အချိန်အားဖြင့် ထူးခြားသမှု အစပြု၍၊ **ဣမံ ဌာနံ**= အမရ ရေဦး အခြေထူးသည့် ပြန့်ပြူးသာယာ ဤကျောင်းတိုက်တာ ကြီးကို၊ **ဂါရဝေန**=သီလအာဒိ သမာဓိတဖြာ မြတ်ပညာဟု သုံးဖြာစုံညီ မြတ်ဂုဏ်ရည်ကို ယုံကြည်လေးစား အရေးထား သောအားဖြင့်၊ **နိယျာတေမ**= ဦးစီးအရာ မြတ်ဆရာဟု သဒ္ဓါ ခါတ်ရင်း မပြတ်သွင်းလျက် အပ်နှင်းကြပါကုန်၏ အရှင် ဘုရား။ **နာယကော**= ရေဦး အမရ ဝိဟာရ၏ နာယကအကျော် ထင်ပေါ်နီးဝေး အရှင်ဆရာတော်ကလေးသည်၊ **အမှာကံ**= ရတနာသုံးရပ် အရှင်မြတ်ကို ဆည်းကပ်အားထား တပည့် ဒကာ, ဒကာမ အများတို့အား၊ **သြဝါဒံ**=ပစ္စုပ်,သံသာ နှစ်ဖြာ အကျိုး ပွားတိုးစေကြောင်း သြဝါဒတရားကောင်းကို၊ **ဒေတု**= ပညာ, ကရုဏာ အခြေပါလျက် ခါခါမပြတ်ဘော် ပေးသနား တော်မူပါ အရှင်ဘုရား။

**အယံ အယျော ဣမေ ဇနာ၊ ဥဘော အညောညနိဿိတာ။**
**သဒ္ဓမ္မေန အာမိသေန၊ ဇောတေန္တု ဇိနသာသနံ။**

**အယံ အယျော**=အမရ ရေဦး အခြေထူးသည့် ပြန့်ပြူး သာယာ ကျောင်းဝိဟာ၌ နှစ်ဖြာမူရ ကိုယ်ကိစ္စကို နေ့ည

မယုတ် အားထုတ်ရှင်ပျော် ဤဆရာတော်ကလေးသည်၊ **သဒ္ဓမ္မေန**=သူတော်တကာ ကျင့်သုံးရာသည့် မြတ်စွာဗုဒ္ဓ ထုတ်ပြမြွက်ဘော် တရားတော်ဖြင့်ရင်း၊ **ဣမေ ဇနာ**= ရတနာသုံးရပ် ဆုံးဖြတ်မှီခို ကြည်ညိုလေးစား ဤဒကာ, ဒကာမ အများတို့သည်၊ **အာမိသေန**=သာသနာ့အလုပ် အားထုတ်စေမှု မြော်ရည်ပြုလျက် စတုပစ္စယ အာမိသဖြင့်ရင်း၊ (ပဂ္ဂဏှာန္တေန= ကိုယ်စီပံ့ထောက် ချီးမြှောက်သောအားဖြင့်) **ဥဘော**= ဆရာ ဒကာ ဤနှစ်ဖြာတို့သည်၊ **အညောညနိဿိတာ**= ဆိုင်ရာကျင့် ဝတ် မချွတ်စေကြောင်း ထိန်းကျောင်းကြည်ညို အချင်းချင်း မှီခိုကြကုန်သည်ဖြစ်၍၊ **ဇိနသာသနံ**=ငါးမာရ်အောင်မြင် ဘုရားရှင်၏ အစဉ်ခိုင်ပြီး သာသနာတော်မြတ်ကြီးကို၊ **ဓာရေန္တု**= ရာထောင်နေမင်း ထိန်ထိန်ဝင်းသို့ မယွင်း ပုံသေ ထွန်းလင်းတော်မူနိုင်ကြပါစေကုန်သတည်း။

**ရေးသားပူဇော်သူ - အရှင်နန္ဒမာလာဘိဝံသ**(ပါဠိပါရဂူ)

မဟာသုဗောဓာရုံတိုက်၊

စစ်ကိုင်းတောင်ရိုး။

**စစ်ကိုင်းတိုင်း၊ ကလေးမြို့၊ မဟာသန္တာရုံကျောင်းတိုက်**
**တည်ထောင်, အပ်နှင်း, ဖွင့်လှစ်ပူဇော်ပွဲအခမ်းအနားဌ်**
**ရွတ်ဆိုအပ်သော**

# ချီးကျူးဂုဏ်ပြုလင်္ကာနှင့် ဆုမြတ်မေတ္တာပို့သလင်္ကာ

❀❀❀

**၁။ သဥ္ဇာပိတော’ ယ’ မာရာမော၊ ထေရေနာ’ ရညဝါသိနာ။**
**ဒီဃဒဿီ နိယျာတေသိ၊ သန္တာရာမနိဝါသိနော။**

**အရညဝါသိနာ**= ဝေးရပ်သီခေါင် နယ်ခြားတောင်ဟု ရှိမြောင်ပိတ်ပေါင်း တောရကျောင်း၌ ခိုအောင်းပျော်ဘိ သီတင်းသုံးတော်မူလေ့ရှိသော၊ **ထေရေန**= ခုတင်ပဋိပတ် ကျင့်မြတ်ဖြူစင် များလူရှင်တို့ ချစ်ခင်လေးစား ‘ကျော်ရွာဆရာ တော်ဘုရား’သည်၊ **အယံ အာရာမော**= မုနိထွဋ်မှခေါင် ဘုန်း ရောင်ကြီးမား မြတ်ဘုရား၏ တည်ပြားဌာနေ မြတ်သောမြေ၌ သုံးထွေသာသနာ တည်စိမ့်ငှာဟု ရည်ကာဖန်တည်း ဤသံဃ အရာမ်ကြီးကို၊ **သုဥ္ဇာပိတော**= ကောင်းစွာမသွေ ဖြစ်ထွန်းပေါ် ပေါက်စေတော်မူခဲ့ပါပေ၏၊ **ဒီဃဒဿီ**= သာသနာတော်

အရှည်မြှော်လျက် ရည်ရော်အားထုတ် ပြုလုပ်တတ်ငြား ကျော်ရွှာဆရာတော်ဘုရားသည်၊ (**ဣမံ အာရာမံ**= မုနိထွဋ် ခေါင် ဘုန်းရောင်ကြီးမား မြတ်ဘုရား၏ တည်ငြားဌာနေ မြတ်သောမြေ၌ သုံးထွေသာသနာ တည်စိမ့်ငှာဟု ရည်ကာ ဖန်တည်း ဤသံဃအရာမ်ကြီးကို) **သန္တာရာမနိဝါသိနော**= မန်းမြို့ရွှေဘုံ သန္တာရုံ၌ တူစုံညီညာ လက်တွဲကာဖြင့် သာသ နာ့အလုပ် အားထုတ်ကြငြား 'အရှင်ကောဝိဒ, အရှင်ပညာ နန္ဒ' ညီတော် နောင်တော်နှစ်ပါးအား၊ **နိယျာတေသိ**= သာသ နာရောင် ထွန်းပြောင်စေရေး မြော်ကာတွေးလျက် အားပေး ကြည်ဖြူ အပ်နှင်းတော်မူခဲ့လေသတည်း။

### ၂။ အာနန္ဒော'ယံ တိက္ခပညော၊ ကောဝိဒေါ စီရသိက္ခိတော။ သန္တာရာမံ သုမာပေသိ၊ သန္တကာမေဟိ ထမ္ဘိတော။

**တိက္ခပညော**= "သာသနဓဇဓမ္မာစရိယ အဂ္ဂမဟာ အကျော်" ဘွဲ့မော်ဆွတ်ခူး မြတ်ဂုဏ်ထူးကို ရင့်ကျူးပန်ဆင် ထက်မြက်သည့် ပညာရှင်ဖြစ်ထသော၊ **ကောဝိဒေါ**= အရာရာ တွင် သမ္ပဇဉ်ဖြင့် ဆင်ခြင်တိုင်းထွာ ကျွမ်းကျင်လိမ္မာထသော၊ **စီရသိက္ခိတော**= အမရပူရမဟာဂန္ဓာရုံ သင်းထုံကျော်ကြား ဆရာတော်များမှ သင်ကြားနာယူ ကျမ်းဆူဆူနှင့် ကျင့်မူနည်း နာ သင်ယူအပ်ပြီးသောအတတ်ပညာရှိထသော၊ **အယံ အာနန္ဒော**= 'အရှင်ပညာနန္ဒာဘိဝံသ' ဘွဲ့နာမဖြင့် အဂ္ဂမဟာ

အကျော် ထင်ပေါ်နီးဝေး ဤဆရာတော်ကလေးသည်၊ **သန္တကာမေဟိ**= ကလေးမြို့ ကျော်ရွာတောရဆရာတော်, မန္တလေးမြို့ ရွှေကျင်နိကာယဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက် ဇယမေဒနီဆရာတော်, သံတော်ဆင့်ဆရာတော်, ဝိဇိတာရုံဆရာတော်, အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ, ဆရာတော်အရှင်ကုဏ္ဍလာဘိဝံသ, စစ်ကိုင်းမြို့ မဟာသုဗောဓာရုံတိုက် နာယကဆရာတော်, ထင်ပေါ်ဝေးနီး ဆရာတော်အသီးသီးတို့သည်၊ **သန္တကာမေဟိ**= တဏှာသိမ်းလတ် အငြိမ်းဓာတ်ကို တိမ်းမပ်လိုလား ကလေးမြို့ ကျောင်းဒကာ ကျောင်းအမအများတို့သည်၊ **ထမ္ဘိတော**= ကူညီပံ့ထောက် ချီးမြှောက်ကော်ရော် ပူဇော်အပ်သည်ဖြစ်၍၊ **သန္တာရာမံ**=မဟာသန္တာရာမ မည်ရထင်ပေါ် ကျောင်းတိုက်တော်ကို၊ **သုမာပေသိ**= သာသနာရောင် ထွန်းပြောင်စေရေး မြော်ကာတွေးလျက် အရေးကုန်အောင် ဖန်ဆင်းတည်ထောင်အပ်ခဲ့လေပြီတကား။

**၃။ အယံ အယျော ဣမေ ဇနာ၊ ဥဘော အညောညနိဿိတာ၊ သဒ္ဓမ္မေန အာမိသေန၊ ဇောတေန္တု ဇိနသာသနံ။**

**အယံ အယျော**= သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာအကျော် ဘွဲ့မော်ပန်ဆင် 'အရှင်ပညာနန္ဒာဘိဝံသ' မည်ရ အကျော် ထင်ပေါ်နီးဝေး ဤကလေးမြို့ မဟာသန္တာရုံ ဆရာ

တော်ကလေးသည်၄င်း၊ **ဣမေ ဇနာ**= ကလေးမြို့နယ် ဒွေး
ကြွယ်ဥစ္စာ စေတနာနှင့် သဒ္ဓါကြီးမား ဤကျောင်းဒါယကာ
ကျောင်းအမ ဆွမ်းဒါယကာ ဆွမ်းအမအများတို့သည်၄င်း၊
**ဥဘော**= ဆရာဒကာ ဤနှစ်ဖြာတို့သည်၊ **သဒ္ဓမ္မေန**= ဆရာ့
တာဝန် လွှန်ကျေပွန်အောင် လမ်းညွှန်ဟောပြ မြတ်ဓမ္မဖြင့်
၄င်း၊ **အာမိသေန**= ဒကာ့တာဝန် လွှန်ကျေပွန်အောင် မြတ်
မွန်စေတနာ ကြည်သဒ္ဓါဖြင့် မြစ္စာလှူဒါန်း ဆွမ်း, သင်္ကန်း,
ကျောင်း, ဆေး လေးပါးပစ္စယ အာမိသဖြင့်၄င်း၊ **အညောညနိ
ဿိတာ**= ဆရာဒကာ ညီညာကြည်ညို အချင်းချင်းမှီခိုကြ
ကုန်သည်ဖြစ်၍၊ **ဇိနသာသနံ**= ငါးမာရ်အောင်မြင် ဘုရားရှင်
၏ တီထွင်ဖန်တည်း သာသနာတော်မြတ်ကြီးကို၊ **ဇော
တေန္တု**= ထောင်သောင်းနေရောင် ပမာဆောင်လျက် ထွန်း
ပြောင်အောင်ပေ ဆောင်ရွက်တော်မူနိုင်ကြပါစေသတည်း။

**အရှင်နန္ဒမာလာဘိဝံသ**

၂၅ - ၅ - ၈၂

၁၃၄၃ ခု၊ တန်ဆောင်မုန်းလဆန်း (၅) ရက်
ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာ
မဏ္ဍလာဇေယျကျောင်းတိုက် သိမ်ရေစက်ချနှင့်
ကထိန်ပွဲတော်

# ဇယမင်္ဂလာ အနုမောဒနာဂါထာများ

❀❀❀

**(၁) သီမမာဌ္ဌ ကာရာပေန္တိ၊ သံဃကိစ္စာနိ ကာတဝေ။**
**သုခကာမာ ဇေယျဘူမျာ ၊ အယံ ဒါနိ ဇယံ ဂတာ။**

**သုခကာမာ**= ချမ်းသာသုခ လိုလားကြ၍ မြတ်လှကုသိုလ်မှုထိုထိုကို ခုလိုစုဆောင်း ဒါယကာဒါယကာမ အပေါင်းတို့သည်၊ **ဇေယျဘူမျာ**= ရွှေမြိုင်မြို့တော် သတင်းကျော်၍ ထင်ပေါ်မဆုံး ပိန္နဲကုန်း၏ စုရုံးသာယာ မင်္ဂလာဟု မဏ္ဍလာဇေယျ သရေစုံသည့် ရွှေဘုံမည်သင်း ကျောင်းတော်ကြီးအတွင်း၌၊ **သံဃကိစ္စာနိ**= ဥပုသ် ပဝါရဏာ တဖြာရဟန်းခံ အတန်တန်အဝဝ သံဃာ့ကိစ္စ ဟူသမျှတို့ကို၊ **ကာတဝေ**= ကိုယ်စိတ်တူညီ သာမဂ္ဂီဖြင့် ချစ်ကြည်မပျက် စဉ်အဆက်ဟု

ဆောင်ရွက်မှန်စွာ ပြုနိုင်ရန်အလို့ငှာ၊ **သီမာမာဠှ**= ကြီးမား သဒ္ဓါ စေတနာဖြင့် အသပြာစုဆောင်း ကျပ်ရှစ်သောင်းဟု စုပေါင်းဖန်တီး သိမ်ကျောင်းတော်ကြီးကို၊ **ကာရာပေန္တိ**= သုံး တန်စေတနာ ပြတ်သားကာဖြင့် မှန်စွာမသွေ ဆောက်လုပ်စေ ကြလေကုန်၏၊

**အယံ**= ကြီးမားသဒ္ဓါ စေတနာဖြင့် အသပြာစုဆောင်း ကျပ်ရှစ်သောင်းဟု စုပေါင်းဖန်တီး ဤသိမ်ကျောင်းတော်ကြီး သည်၊ **ဒါနိ**= ၁၃၄၃ ခု ရတုသာယာ နှစ်အခါဟု ကြည်သာရွှင်ပြ (တန်ဆောင်မုန်းလဆန်း ၅-ရက်) ယနေ့အခါသမယ၌၊ **ဇယံ ဂတာ**= သိကြားလူယုံ အမှုစုံသည့် ဝိသကြုံနတ် ဖန်ဆင်းအပ် သို့ သပ်ရပ်ပုံသေ ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ခဲ့လေ သတည်း။

## (၂) ဒေါ်ရင်တီပမုခါ သန္တာ ၊ သာသနဝုဍ္ဎိကာမကာ။ သီမမာဠံ နိယျာတေန္တိ ၊ ကထိနံ ဒေန္တိ သဒ္ဓယာ။

**သန္တာ**= ကိလေသာဟူ ကြိုက်ကြိုက်ဆူသည့် အပူကင်း ပြတ် အငြိမ်းဓာတ်ကို လေးမြတ်ခုံမင် သူတော်စင်ဖြစ်ကြ ကုန်သော၊ **သာသနဝုဍ္ဎိကာမကာ**= ဗုဒ္ဓမြတ်စွာ သာသနာ၏ ရှည်ကြာမြင့်လေး ကြီးပွားရေးကို အားပေးကြပြား အလွန် လိုလားကြပေကုန်သော၊ **ဒေါ် ရင်တီ ပမုခါ**= သဒ္ဓါရွှင်ကြည် 'ဒေါ် ရင်တီ'နှင့် စိတ်ညီတူမျှ ယူအဆဟု ဖြူစွာသဒ္ဓါ အရာရာ

ကောင်း ပိန္နဲရွှေမြိုင် ဒါယကာ ဒါယိကာမအပေါင်းတို့သည်၊ **သီမမာဠ်**= သံဃာ့ကံဆောင် အလုပ်အောင်လျက် ဂုဏ်ရောင်ထိပ်သီး သိမ်ကျောင်းဆောင်ကြီးကို၊ **နိယျာတေန္တိ**= မဏ္ဍလာဇေယျံ ရွှေဘုံဌာန နာယကအကျော် ဆရာတော်အမှူးထား သံဃာတော်အများအား ထူးခြားသဒ္ဓါ စေတနာဖြင့် ကောင်းစွာမသွေ အပ်နှင်းလှူဒါန်းကြလေကုန်၏၊ **သဒ္ဓယာ (သဒ္ဓါယ)**= ရတနာသုံးတန် အရင်းခံ၍ ကံ,ကံအကျိုး မြတ်နိုးယုံကြည် အမြစ်တည်လျက် သစ်လည်ထူးခြား ခိုင်မြဲသော သဒ္ဓါတရားဖြင့်၊ **ကထိနံ**= အကျိုးငါးတန် အာနိသံကို ရရန်မြော်ခေါ် ကထိန်သင်္ကန်းအလှူတော်ကို၊ **ဒေန္တိ**= သိမ်လှူရေစက် ယှဉ်တွဲဖက်လျက် နှစ်သက်စွာပေ လှူဒါန်းကြလေကုန်သတည်း။

**(၃) သီမာ'ယံ စိရသံ ဌာတံ ၊ ဇေယျဘူမျာ သိရိန္ဓရာ။**
**ပဋ္ဌလန္တိ သာခုဇနာ ၊ မောဒန္တု သောမ္မမာနသာ။**

**အယံ သီမာ**= နိမိတ် ကမ္မဝါ ပရိသာဟု သုံးဖြာစုံလင် ဂုဏ်အင်ပြည့်လတ် ဤသိမ်တော်မြတ်သည်၊ **ဇေယျဘူမျာ**= ပိန္နဲရွှေမြိုင် သတင်းကြိုင်လျက် သင်းလှိုင်ဂုဏ်ဝါ မင်္ဂလာဟု မဏ္ဍလာဇေယျံ ရွှေဘုံကျော်ဟီး ကျောင်းတော်ကြီး၏၊ **သိရိန္ဓရာ**= သံဃာ့ကိစ္စ အဝဝကို ကျနဆောင်ရွက် အဆက်ဆက်ဟု တိုးတက်ထွန်းပြောင် ကျက်သရေဆောင်လျက်၊ **ပဋ္ဌလန္တိ**=

ဥဒည်တက်ထွန်း နေစက်ဝန်းသို့ ရွှန်းရွှန်းထိန်ဝါ ထွန်းတောက်ပလျက်သာလျှင်၊ **စိရသံ**= ဗုဒ္ဓမြတ်စွာ သာသနာ၏ သင်္ချာငါးထောင် နှစ်များမြောင်ဟု ဂုဏ်ရောင်တင့်ကာ ရှည်မြင့်စွာသာလျှင်၊ **ဌာတံ (ဌာတု)**= ကျောက်တိုင်,သံတိုင် မယိမ်းယိုင်သို့ မြဲခိုင်စွာပေ တည်တံ့ပါစေသတည်း၊ **သာဓုဇနာ**= ကောင်းမြတ်ဂုဏ်အင် စုံအလင်ဖြင့် ပုံသွင်လှဆောင်း သူတော်စင်အပေါင်းတို့သည်၊ **သောမ္မမာနသာ**= ပီတိသောမနသ် မြဲမပြတ်ပဲ စွဲကပ်စိမ့်ဝင် သဲဘဝင်၌ အစဉ်ရွှင်ပြုံး ငြိမ်းချမ်းသော စိတ်နှလုံးရှိကြကုန်သည်ဖြစ်၍၊ **မောဒန္တု**= အားအင်ပြည့်မောက် သံကုန်ဆောက်လျက် ဝမ်းမြောက်ရွှင်ပျော် သာဓုခေါ်နိုင်ကြပါစေကုန်သတည်း။

**ရေးသားသူ -** **အရှင်နန္ဒမာလာဘိဝံသ**
သ・စ・အ・ဓမ္မာစရိယ ပါဠိပါရဂူ
မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်းမြို့။

၁၃၆၁ ခု၊ တပေါင်းလဆန်း ၁၄ ရက်
ရန်ကုန်၊ မင်္ဂလာဒုံ ရွှေနံ့သာစံပြကျေးရွာ
သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက် ဓမ္မာဘိသေကသိမ်

# သီမာသမ္မုတိဇယမင်္ဂလာ အာသီသဂါထာ

❀❀❀

**သီမာသမ္မုတိ' နုညာတာ၊ သမ္ဗုဒ္ဓေန သိရီမတာ။**
**ကမ္မာကမ္မာနမတ္ထာယ၊ သီမာ' ယံ တိဋ္ဌတံ စိရံ။**

**သိရီမတာ**= ဘုန်းကံပါရမီ စုံပြည့်ညီသဖြင့် ဂုဏ်ရည်လက်ဝေ မက်မပြေအောင် တက်နေအသွင် ကျက်သရေရှင် ဖြစ်တော်မူထသော၊ **သမ္ဗုဒ္ဓေန**= သစ္စာ (၄)တန် တရားမှန်ကို ဇေကန်မိမိ ကိုယ်တိုင်သိလျက် များဘိဝေနေ သိစေဟောကြားရှင်တော်မြတ်ဘုရားသည်၊ **ကမ္မာကမ္မာနံ**= ဝိနည်းကျမ်းဂန် လမ်းမှန်ညွှန်ပြ ဆောင်ရွက်ရသည့် သံဃာ့အဖွဲ့အစည်း လုပ်နည်းလုပ်ထုံး သိမ်းကျုံးဖေါ်ပြ ကံကြီးကံငယ် ဟူသမျှတို့၏၊ **အတ္ထာယ**= ကိုယ်စိတ်နှစ်လီ သာမဂ္ဂီဖြင့် ရှင်ကြည်ချမ်းသာ အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းအကျိုးငှါ၊ **သီမာသမ္မုတိ**=

နိမိတ်, ပရိသာ ကမ္မဝါ ဟု သုံးဖြာသမ္ပတ် ပြည့်စုံလတ်၍ ဝိပတ်လွတ်ကင်း မယွင်းစစ်မှန် သိမာသမ္မုတိကံကို၊ **အနုညာတာ**= သာသနာတည်မူ အရှည်ရှုလျက် ဓမ္မုပဒေ လိုက်နာစေ ဟု မိန့်ချေသတ်မှတ် ပညတ်တော်မူခဲ့လေပြီ။

**အယံ သီမာ**= မင်္ဂလာဒုံ ရွှေနန်းသာ တည်ရာဌာန မည်နာ မဖြင့် သဒ္ဓမ္မပဇ္ဇောတာရုံ လွှမ်းခြုံသမိုက် ကျောင်းတော်တိုက် ဝယ် နှစ်ခြိုက်ကြည်သာ ထေရ်မဟာတို့ ညီညာသမုတ် ဖွင့် ထုတ်ထင်စွာ ဤဓမ္မာဘိသေက သိမ်မဟာသည်၊ **စိရံ**= ဤ မြေကမ္ဘာ ဤပြည်ရွာ၌ သုံးဖြာသဒ္ဓမ္မ တည်သမျှ ကြည်သာ လျက် ရှည်ကြာသော ကာလပတ်လုံး၊ **တိဋ္ဌတံ-တိဋ္ဌတု**= သာသနာ့အသက် သွေးကြောဆက်လျက် မပျက်စဉ်လာ တည်ရှိပါစေသတည်း။

### မန္တလေးမြို့ မဟာဗောဓိရိပ်သာ

### ဆရာကြီး ဦးမြင့်စိန်၏

# သာသနာနုဂ္ဂဟ စာဂါနုဿတိ

**၁။ ပရိက္ခာရေန ပူဇေမိ၊ ထေရေ သာသနကာရကေ။**

**ပုနောပသမ္ပဒံ ကမ္မံ၊ ကာရေတွာန သုဒုလ္လဘံ။**

**အဟံ**= ရုပ်နာမ်ခန္ဓာ ဟုတ်မှန်ရာကို သူငါမှည့်ခေါ် တပည့်တော်သည်၊ **သုဒုလ္လဘံ**= ကမ္ဘေ့ကမ္ဘာ လွန်ရှည်ကြာလည်း မှန်စွာမယွင်း ရဘို့ရန်အလွန်ခဲယဉ်းလှပေသော၊ **ပုနောပသမ္ပဒံ ကမ္မံ**= ပုနောပသမ္ပဒ မည်ရမှန်စွာ ကံထပ်မင်္ဂလာကို၊ **ကာရေတွာန**= ရှစ်စုံပရိက္ခရာ လှူဒါန်းပါ၍ သဒ္ဓါကြည်နူး ပီတိထူးဖြင့် ရည်စူးမဂ္ဂင် နိဗ္ဗာန်ဝင်ဘို့ မြော်မြင်ကြီးကြီး ဆောင်ရွက်စေပြီး၍၊ **သာသနကာရကေ**=ဗုဒ္ဓမြတ်စွာ သာသနာ၏ ရှည်ကြာတည်တံ့ ကမ္ဘာပြန့်လျက် ရှင်းသန့်စေမှု သာသနာပြုဖြစ်တော်မူကြပေကုန်သော၊ **ထေရေ**= သီလသိက္ခာ ဂုဏ်ဝါမြင့်မား ဆရာတော်အများတို့ကို၊ **ပရိက္ခာရေန**=

သပိတ်, သင်္ကန်း ဆင်မြန်းစရာ ရှစ်ပါး ပရိက္ခရာဖြင့်၊ **ပူဇေမိ**= ဝမ်းသာရွှင်ပျော် ပူဇော်ပါ၏ အရှင်ဘုရား။

**၂။ သုဗောဓာရာမထေရာနံ၊ ဘာတရာနံ ကနိဋ္ဌကံ။**
**ထေရံ ပူဇေမိ သတာမံ၊ ပုနောပသမ္ပဒါယ' ဟံ။**

**အဟံ**= ခန္ဓာနာမ်ရုပ် မှန်အဟုတ်ကို သမုတ်သူငါ သညာ မှည့်ခေါ် တပည့်တော်သည်။ **ဘာတရာနံ**= မိတူဖတူ ရွေးကံတူသဖြင့် တအူထုံ့ဆင်း နောင်ညီအရင်း ဖြစ်ကြကုန်သော၊ **သုဗောဓာရာမထေရာနံ**= သုဗောဓာရုံ တိုက်ရွှေဘုံဟု လွှမ်းခြုံကြေငြာ ကျောင်းတိုက်တာကို ညီညာတူပျော် တည်ထောင်တော်မူကြသော မထေရ် ၆-ပါးတို့တွင်၊ **ကနိဋ္ဌကံ**= နောင်တော် ၅-ပါး ထောက်ထားနှုနယ် ညီတော်အငယ်ဖြစ်သော၊ **ထေရံ**= နန္ဒမာလာဘိဝံသ ဘွဲ့ရထင်ပေါ် မြတ်ထေရ်တော်ကို၊ **သတာမံ**= ရေတွက်ရွေးကောက် ပါးတရာမြောက်၊ **ပုနောပသမ္ပဒါယ**=သပိတ်သင်္ကန်း လှူဒါန်းကြည်သာ ကံထပ်ခြင်းမင်္ဂလာဖြင့်၊ **ပူဇေမိ**= သီလသိက္ခာ မြတ်နိုးစွာဖြင့် စိတ်မှာတူပျော် ပြုလုပ်ပူဇော်ပါ၏ အရှင်ဘုရား။

**၃။ အဟော မေ သုကတံ ကမ္မံ၊ သာသနာနုဂ္ဂဟံ ဝရံ။**
**အနေန ပရမံ သန္တိံ၊ ပါပုဏေယျမနုတ္တရံ။**

**ဝရံ**= သာသနာတော်နှင့် စပ်သဖြင့် အလွန်မြတ်လှပေသော၊ **သာသနာနုဂ္ဂဟံ**= သာသနာ့အထောက်အကူ ကြည်ဖြူ

လေးမြတ် ပြုလုပ်အပ်သော၊ **ကမ္မံ**= သာသနာပြု မြတ်ကောင်းမှုကို၊ **မေ**= ငါသည်၊ **အဟောသုကတံ**= မွန်မြတ်စေတနာကောင်းစွာပြုအပ်ပါပေပြီတကား၊ **အနေန**= သာသနာနုဂ္ဂဟသာသနာ့ပူဇာ ဖြာဖြာပေါင်းစု မွန်မြတ်ကောင်းမှုကြောင့်၊ **အဟံ**= ငါသည်၊ **အနုတ္တရံ**= အလွန်အသာ မရှိပါသဖြင့် ဂုဏ်ဝါပြည့်ဖုံး အမြတ်ဆုံးဖြစ်သော၊ **ပရမံသန္တိံ**= ကိလေသာနှင့် ခန္ဓာဖြစ်ခြင်း ဘေးရန်ရှင်းသဖြင့် လွတ်ကင်းပူပန် မြတ်နိဗ္ဗာန်သို့၊ **ပါပုဏေယျံ**= ကိုယ်တိုင်လွတ်မြောက် ဉာဏ်မြင်ပေါက်၍ ဆိုက်ရောက်ရပါစေသတည်း။

**အရှင်နန္ဒမာလာဘိဝံသ**

မဟာသုဗောဓာရုံ

စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်၊ သကျသီဟတာသီလရှင်စာသင်တိုက်
ကျောင်းနှင့် ကျောင်းမြေ ရေစက်ချ
လှူဒါန်းပွဲအခမ်းအနားတွင်
မဟာသုဗောဓာရုံတိုက် တိုက်အုပ်ဆရာတော်
**အရှင်နန္ဒမာလာဘိဝံသ** သီကုံးရေးသားအပ်သော

# ဓမ္မဒေသနာ အာသီသဂါထာ

၁၃၆၀-ခု၊ တန်ခူးလပြည့်ကျော် (၇) ရက်၊ (၇- ၄- ၁၉၉၉)
ဗုဒ္ဓဟူးနေ့

❀❀❀

(၁) သကျဓီတူနမတ္တာယ၊ အာရာမော သုဌု ကာရိတော။
ဝိဒေသိကေဟိ သဒ္ဓေဟိ၊ ဘိက္ခုနီဝံသဒီပကော။

**သကျဓီတူနံ**= သကျမုနိ တုမရှိသား မြတ်ဘုရား၏ ထပ်ပွါးနွယ်မြော် သမီးတော်ဟု ထင်ပေါ်ကြည်သာ ဂုဏ်ရည်ဖြာသည့် သာသနာနွယ်ဝင် သီလရှင်ဆရာကလေးတို့၏၊ **အတ္ထာယ**= ပရိယတ်, ပဋိပတ် နှစ်ရပ်ကြိုးကုတ် သာသနာ့အလုပ်ကို အားထုတ်ရှင်လန်း မပင်ပန်းဘဲ အေးချမ်းသာယာ

သာသနာပြုရန် အကျိုး၄ှာ၊ **ဘိက္ခုနီဝံသဒီပကော**= မဟာပဇာပတိမိထွေးတော် အစဖော်လျက် မြင်မြော်ဉာဏ်လွှမ်း လုံ့လစွမ်းဖြင့် ကြိုးပမ်းယူအပ် ဘိက္ခုနီအနွယ်ကို ထွန်းပြောင်စေတတ်သော၊ **အာရာမော**= မင်းဝံတောင်ထိပ် တောတောင်ရိပ်ဝယ် တိတ်ဆိတ်အေးချမ်း ကမ္မဋ္ဌာန်းနှင့် စာကျမ်းဓမ္မခန် သင်အံနှစ်ခြိုက် သကျဓိတာမည်သော စာသင်တိုက်ကို၊ **သဒ္ဓေဟိ**= ဘာသာတရား လွန်လေးစားလျက် အားထားကြည်ညို မှီခိုကြဘိ ကြီးမားသော သဒ္ဓါတရားရှိကြကုန်သော။ **ဝိဒေသိကေဟိ**= အင်္ဂလန်နှင့် ဂျပန်နီပွန် ပြည်အမွန်ဝယ် ထူးချွန်ပညာမြတ်ဥစ္စာနှင့် မက္ကာပြည့်စုံ ရေစက်ဆုံငြား ဒေါက်တာ ဟီရိုကိုခါဝနာမိ နှင့် ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့သည်။ **သုဋ္ဌု ကာရိတော**= စေတနာလွှမ်း သဒ္ဓါစွမ်းဖြင့် ရွှင်လန်းကြည်သာ ဆောက်လုပ်လှူဒါန်းအပ်ပါပေသည်ဘုရား။

### ၂။ အာရာမော'ယံ စိရံ ဌာတု၊ သကျဓမ္မပဇ္ဇောတကော။ ဝါစေန္တော သကျဓိတူနံ၊ သောဘေန္တု သကျသာသနံ။

**သကျဓမ္မပဇ္ဇောတကော**= သကျနွယ်ဖွား မြတ်ဘုရား၏ တရားအရောင် ထွန်းလင်းပြောင်ဘို့ စွမ်းဆောင်ကြိုးပမ်းမြတ်စခန်းဖြစ်ပေသော၊ **အယံ အာရာမော**= မင်းဝံတောင်ထိပ် တောတောင်ရိပ်ဝယ် တိတ်ဆိတ်အေးချမ်း ကမ္မဋ္ဌာန်းနှင့်

စာကျမ်းဓမ္မခန် သင်အံနှစ်ခြိုက် ဤ'သကျဓီတာ'မည်သော စာသင်တိုက်သည်၊ **စိရံ**= ငါးထောင်သာသနာ ရှည်မြင့်ကြာအောင်၊ **တိဋ္ဌတု**= ကောင်းစွာမသွေ တည်တံ့ပါစေသတည်း၊ **သကျဓီတူနံ**= သကျနွယ်ဖွား မြတ်ဘုရား၏ ထူးခြားရင်နှစ် သမီးချစ်အများ သီလရှင်ဆရာကလေးတို့အား၊ **ဝါစေန္တာ**= ကျမ်းဂန်ပိဋကတ် အရပ်ရပ်ကို ကျက်မှတ်သင်အံ ဝေဘန်ပိုင်းခြား လွန်ကြိုးစားလျက် သင်ကြားပို့ချကုန်သည်ဖြစ်၍၊ **သကျသာသနံ**= သကျနွယ်ဖွား မြတ်ဘုရား၏ သုံးပါးမြွက်ခေါ် မြတ်သာသနာတော်ကို၊ **သောဘေန္တု**= မင်္ဂလာကျက်သရေထွန်းတက်နေသို့ မသွေဖြာလျှမ်း ကမ္ဘာလွှမ်းလို့ ကြိုးပမ်းကာပေ တင့်တယ်အောင် ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

ရန်ကုန်မြို့၊ ဆူထူးပန်စာသင်တိုက်
ကုသလကာရီ ဆွမ်းစားကျောင်း

# ကျောင်းရေစက်ချ အနုမောဒနာ
# ပတ္တနာသီသဂါထာ

❀❀❀

## အနုမောဒနာ

**၁။ ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။**
**ဝရဒါနံ ဒဒန္တေဟိ၊ သဒ္ဓိတံ ပုညမင်္ဂလံ။**

**သံဃဿ**= ရှေ့တွင်ကြွရောက် မျက်မှောက်ထင်စွာ များသံဃာနှင့် လေးဖြာရပ်ခွင် ပျော်ရွှင်စုရုံး သီတင်းသုံးသည့် အားလုံးရည်မြော် သံဃာတော်အား၊ **ဝိဟာရဒါနံ**= အေး ပူကင်းစင် မှက်ခြင်အစ များလှသွယ်သွယ် အန္တရာယ်ကို ကာကွယ်ပေတောင်း ကိန်းအောင်းစံပျော် ကျောင်းအလှူ တော်ကို၊ **အဂ္ဂံ**= အဆင်းအင်အား ချမ်းသာများနှင့် လှူပြောား မျက်စိ စရှိဖုံဖုံ အလုံးစုံကို ကြည်ယုံသဒ္ဓါ လှူရာရောက်လတ်

အလွန်မြတ်'ဟူ၍။ **ဗုဒ္ဓေန**= သဗ္ဗညုတ ဉာဏသခင် သိမြင်ပြတ်သား မြတ်ဘုရားသည်၊ **ဝဏ္ဏိတံ**= ဖွင့်ထုတ်မြွက်ဖော် ကျိုးကြောင်းမြော်၍ သင့်လျော်စွာပေ ချီးမွမ်းတော်မူအပ်လေပြီ၊ **တုမှေဟိ**= ဗုဒ္ဓစကား လေးစားပူဇော် ကျောင်းအလှူတော်ပွဲဆင်နွှဲစုပေါင်း သင်သူတော်ကောင်းတို့သည်။ **ဝရဒါနံ**= အာမိသဒါန မှန်သမျှ၏ ထာဝရရှေ့ဆောင် ဂုဏ်ရောင်ထင်ပေါ် အမြတ်ဆုံးအလှူတော်ကို၊ **ဒဒန္တေဟိ**= စေတနာအား သဒ္ဓါပွါးလျက် ပိုင်းခြားတူပျော် ပေးလှူပူဇော်ခြင်းတို့ဖြင့်၊ **ပုညမင်္ဂလံ**= ဘဝလွတ်ကြောင်း နှစ်ထောင်းအားရ မင်္ဂလာ မြတ်ပုညကို၊ **သဥ္စိတံ**= စေတနာပွါး သဒ္ဓါအားဖြင့် ပိုင်းခြားကာပေ ဆည်းပူးရယူအပ်ခဲ့လေပြီတကား။

## ပဋ္ဌနာ

**၂။ အဟော ဒါနံ ပရမဒါနံ၊ ဒါနိ သံဃေ ပတိဋ္ဌိတံ။**
**ပပေ္ပါမ နိဗ္ဗုတိံ တေန၊ ဘာဂံ လဘန္တု ပါဏိနော။**

**ဒါနိ**= ၄၁-ခု ခုနှစ်ရာသီ မိဂသီစန်း ပွင့်လန်းသဇင်ပျော်ရှင်တူဖော် လနတ်တော်၏ ကြည်ပျော်စန္ဒာ ၁၄-ရက်နေ့ မင်္ဂလာ အခါ၌၊ **သံဃေ**= ဆုထူးပန်ကျောင်း ကိန်းအောင်းရှင်ပျော် သံဃာတော်၌၊ **ပတိဋ္ဌိတံ**= လက်ရောက်ကော်ရော် ပူဇော် ဆက်ကပ် တည်စေအပ်သော၊ **ဒါနံ**= နိဗ္ဗာန်ရည်မှန်း သဒ္ဓါ

စွမ်းဖြင့် လှူဒါန်းပူဇော် ကျောင်းအလှူတော်သည်၊ **အဟော ပရမဒါနံ**= ဒါနတကာ မယှဉ်သာသဖြင့် စဉ်လာထိပ်သီး အမြတ်ဆုံးသော အလှူတော်ကြီး ဖြစ်ပါပေသည်တကား၊ **တေန ဒါနေန**= သံဃာရည်မှန်း ရှင်လန်းပူဇော် ထိုကျောင်း အလှူတော်ကြောင့်၊ **မယံ**= သာသနာနှင့် ဘာသာတရား လေးစားကြည်ညို မှီခိုအားထား တပည့်တော်အများတို့သည်၊ **နိဗ္ဗုတိံ**= ကိလေသာဟူ အပူခပ်သိမ်း ကင်းငြိမ်းရာမှန် မြတ် နိဗ္ဗာန်သို့၊ **ပပ္ပေါမ**= ပါရမီအဆင့်ဆင့် မြင့်ထက်မြင့်၍ မလင့် ပုံသေ ဆိုက်ရောက်ကြရပါစေကုန်သတည်း၊ **ပါဏိနော**= အနန္တ စကြာဝဠာ နတ်ဗြဟ္မာနှင့် ကမ္ဘာသူကမ္ဘာသား သတ္တဝါအများ တို့သည်၊ **ဘာဂံ**= ရရှိနှစ်လို မြတ်ကုသိုလ်၏ ပိုလိုကင်းပ အဘို့ဘာဂကို၊ **လဘန္တု**= ဝမ်းမြောက်ကြည်နူး ပီတိထူးကြောင့် ရွှင်မြူးစွာပေ ရရှိကြပါစေကုန်သတည်း။

## အာသီသ

**၃။ သလ္လာနေ ယောဂမာပဇ္ဇ၊ ပဏ္ဍိတော သဟိတာဝဟံ။**
**သလ္လေန သလ္လမုဟစ္စ၊ နိဿလ္လော ဘဝတံ အယံ။**

**အယံ**= ဆုထူးပန်ကျောင်း ကိန်းအောင်းရှင်ပျော် ဤ သံဃာတော်သည်၊ **သဟိတာဝဟံ**= ကိုယ်စီစီးပွါး ကြီးထွားလေ အောင် သာသနာ့အကျိုးကို ဆောင်တတ်သော၊ **ပဏ္ဍိတော**=

အရာရာတွင် သမ္ဗုဇဉ်ဖြင့် ဉာဏ်မြင်ကြီးဘိ ပညာရှိသည်၊ **ဟူတွာ**= ပြုပြုပြင်ပြင် အစဉ်ထွန်းသစ် အမှန်ဖြစ်၍၊ **သလ္လာ နေ**= ကာမဂုဏ်ဆိုး အာရုံမျိုးကို ပယ်ချိုးနင်းနှိမ် ဆိတ်ငြိမ်ပေ တောင်း သခ်မ်းကျောင်း၌၊ **ယောဂမာပဇ္ဇံ**= ဂန္ထဝါသ နှစ်ဌာန ဟု သာသနာ့အလုပ်ခွင် ပျော်ရွှင်ကြိုးကုတ် လွန်အားထုတ် လျက်၊ **သလ္လေန**= လေးလက်လျှင်လျှား စိန်သွားတပ်ဆင် စွမ်းအင်ကြီးမား အရိယာမဂ်တည်းဟူသောမြှားဖြင့်၊ **သလ္လံ**= ငါးပါးအာရုံ ကာမဂုဏ်၌ စုပုံပစ်ခတ် မာရ်စစ်တပ်၏ တန့် ရပ်မနား ဆိပ်လူးမြှားကို၊ **ဥဗ္ဗဟာစ္စ**= အစဉ်စောင့်ကြပ် ပစ်ခတ် ထုတ်နှင် သုတ်သင်ဖယ်ရှား ဟန့်တားပြီး၍၊ **နိဿလ္လော**= ကာမဂုဏ်ငါး အာရုံများ၌ ထူးခြားပြင်းထန် မြှားဒဏ်လွတ် ကင်း ထာဝရငြိမ်းချမ်းခြင်းသည်၊ **ဘဝတံ-ဘဝတု**=စင်စစ်မသွေ ဖြစ်တော်မူပါစေသတည်း။

**အရှင်နန္ဒမာလာဘိဝံသ**
သ၊ စ၊ အ ဓမ္မာစရိယ၊ ပါဠိပါရဂူ
မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်းမြို့။

## သိတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
## (ရန်ကုန် ကင်းပတ်စ်) ဖွင့်ပွဲ အခမ်းအနား
# ဇယမင်္ဂလာ ဂါထာ

❀❀❀

**၁။ သီတဟာဒယသမ္ဗုဒ္ဓေါ၊ သဒ္ဓမ္မော ဗုဒ္ဓဒေသိတော။**
**တိဋ္ဌန္တော ဣဓ လောကမှိ၊ ဗဟူနံ သုခမာဝဟော။**

**သီတဟာဒယော**= မေတ္တာပါရမီ နှစ်အဆီဖြင့် စွမ်းရည်ကြီးမား ဖြည့်ဆည်းအားကြောင့် ထူးခြားလေဘိ အေးမြသောစိတ်နှလုံးရှိတော်မူသော၊ **သမ္ဗုဒ္ဓေါ**= သစ္စာ ၄ တန် တရားမှန်ကို ကောန်မြင်သိ မုနိထွဋ်ထား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း၊ **ဗုဒ္ဓဒေသိတော**= ဒေသနာဉာဏ် ဝေဖန်ပိုင်းခြား သတ္တဝါများ၏ ကွဲပြားစရိုက် လူတိုင်းကြိုက်၍ နှစ်ခြိုက်ရှင်ပျော် ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော၊ **သဒ္ဓမ္မော**= သုံးပုံပိဋကတ် ငါးရပ်နိကာယ် ပြည့်ကြွယ်အနှစ်၊ ထွန်းသစ်ထင်ပေါ် တရားတော်သည်လည်းကောင်း၊ **ဣဓ လောကမှိ**= အများသတ္တဝါ မှီရာဌာန ဤကမ္ဘာလောကကြီး၌၊ **တိဋ္ဌန္တော**=

မီးရှူးတန်ဆောင် အလင်းဆောင်လျက် ထွန်းပြောင်ထင်ပေါ်တည်တံ့လျက်နေသည်ရှိသော်၊ **ဗဟူနံ**= လူနတ်တိရစ္ဆာန် ဝေဖန်ပိုင်းခြား သတ္တဝါအများတို့၏၊ **သုခမာဝဟော**= ကိုယ်စိတ်လန်းဖြာ လွှန်ကျန်းမာလျက် ကြည်သာနှလုံး ရွှင်ပြုံးကြစေ စွမ်းဆောင်နိုင်ပါပေသည်တကား။

## ၂။ အသမ္မောသာယ ဓမ္မဿ၊ ဓမ္မံ ဓာရေန္တု မာမကာ။ ပရိယာပုဏနာ သော၊ သဒ္ဓမ္မဋ္ဌိတိကာရဏာ။

**မာမကာ**= ဗုဒ္ဓသာသနာ လွှန်စွာမြတ်နိုး အားကိုးကြငြား သာသနာပြုပုဂ္ဂိုလ်အများတို့သည်၊ **ဓမ္မဿ**= ကောင်းမြတ်ပြည့်စုံ၊ သုံးပုံပိဋကတ် တရားမြတ်ရွှေစာ ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာ၏၊ **အသမ္မောသာယ**= ကမ္ဘာ့အလယ် ပျောက်ကွယ်၍ မသွားစေခြင်းငှာ၊ **ဓမ္မံ**= ပိဋကသုံးသွယ် နိကာယ်ငါးဖြာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ထွန်းပြောင်ထင်ရှား မြတ်တရားကို၊ **ဓာရေန္တု**= သင်ယူ,ကျက်မှတ် ဆက်မပြတ်အောင်၊ လုံ့လဓာတ်ကြီးစွာ ဆောင်ထားနိုင်ကြပါစေကုန်သတည်း။ **သော ပရိယာပုဏနာ**= အဆက်မပြတ် သင်ယူ ရွှင်မူနှလုံး ဤကျင့်သုံးခြင်းသည်၊ **သဒ္ဓမ္မဋ္ဌိတိကာရဏာ**= သာသနာငါးထောင် ရှည်အောင်ခိုင်ခံ့ တည်တံ့နိုင်ပေ အကြောင်းရင်းဖြစ်ပါပေသတည်း။

## ၃။ သီတဂူဝိဋ္ဋာယတနံ၊ သဒ္ဓမ္မဘာကရံ သုဘံ။
## သမုပ္ပန္နံ စိရံ ဌာတံ၊ ဒဒံ ဉာဏာသုခါဝဟံ။

**သုဘံ**= ဒဂုံ ပင်လုံ အကောင်းဆုံးသည့် ပြည့်စုံကြွယ်ဝ ရန်ကုန်တိုင်းဒေသ၏ လှပသာယာ ဂုဏ်ဝါမြင့်ကြွယ် တင့်တယ်လှပေထသော၊ **သဒ္ဓမ္မဘာကရံ**= ကမ္ဘာအနှံ့ ကျယ်ပြန့်ထွန်းပြောင် တရားရောင်တို့ ဦးဆောင်ဖြန့်ဝေ ထွန်းလင်းရာ ဖြစ်ပေထသော၊ **သီတဂူဝိဋ္ဋာယတနံ**= ရဟန်းရှင်လူ စိတ်ကြည်ဖြူသည့် သီတဂူစန်းလ လွှမ်းထထင်ပေါ် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကျောင်းတော်ကြီးသည်၊ **သမုပ္ပန္နံ**= ရန်ကုန်တိုင်းဒေသကြီး အံ့ချီးဖွယ်ရာ ပြည်မြန်မာ၌ ကောင်းစွာမသွေ ဖြစ်ထွန်းပေါ်ပေါက်၍ လာခဲ့ပါပေ၏။ (**ဝေါ**= သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ခေါ်ဆိုထင်ရှား ပြည်သူများတို့ လေးစားရှုမြင် အစဉ်အံ့ချီး ဤတက္ကသိုလ်ကျောင်းတော်ကြီးသည်၊) **ဒဒံ ဉာဏံ**= လောကဓမ္မ နှစ်ဌာန၌ သုတစုံလင် ဉာဏ်အမြင်ကို ပြသင်ဖြန့်ဝေ ပြန့်နှံ့စေလျက်၊ **သုခါဝဟံ**= အမျိုး,ဘာသာ သာသနာအကျိုး ပွားတိုးလေအောင် ချမ်းသာသုခကို ဆောင်လျက်၊ **စိရံ ဌာတံ**= အစွန့်ရှည်ကြာ ဤကမ္ဘာ၌ ညီညာကြည်သန့် အရှည်ခံ့လျှတ် တည်တံ့ပါစေသတည်း။

အရှင်နန္ဒမာလာဘိဝံသ

(၅. ၆. ၁၁)

### ဘုန်းတော်ကြီး-ဦးဂုဏောဒယ ၏
### ၁၃၁၉ ခု၊ နှောင်းတာကူးလဆန်း (၄)ရက်၊
### သာစုကီဋ္ဌနသဘင်၌ ရွတ်ဘာသ်အပ်သော
# သံဝေဂဂီတိဂါထာ

**၁။ မဟာယောဓော ပရဇ္ဇတိ၊ အပရာဇိတောပိ နာတိတံ။**
**သုသုခေနေဝ အလဋ္ဌိ၊ ကရောတု မံ သကိစ္စိတံ။**

**မဟာယောဓော**= သီလချပ်ဝတ် မြဲမြဲဝတ်လျက် တမွတ်ကဲတင့် ရဲရင့်သမာ ပညာထိန်လက် စိန်သံလျက်ကို ချိန်ထွက်မနှေး " ကိလေသာတော်လှန်ရေး " သို့ အားပေးကိုယ်တိုင်စိတ်ခိုင်မပြောင်း သာသနာသူရဲကောင်းအဝင် ကျေးဇူးရှင်အရှင်မြတ်ဗရားသည်၊ **အပရာဇိတောပိ**= အပရာဇိတ ပလ္လင်မဌ် ရန်စက်သူပုန် တပ်လုံးကုန်အောင် ရှေ့ဆောင်ဖြိုခွင်းအောင်ပွဲကျင်းလျက် အောင်နင်းသခင် အောင်တော်မူ ရှင်တော်မြတ်ဗရားသော်မှပင်လျှင်၊ **နာတိတံ**= အဏုမာဘုန်းတန်ခိုးချွန်းလျက် ပုန်းလျှိုးကွယ်ဝှက် သေမင်းမမြင်ရာပက်သို့လှမ်းထွက်ကြွဟူ လွန်မြောက်ခြင်းငှာ စွမ်းနိုင်တော်မမူထသော၊

**အလင်္ကာ**= လူနတ်တကာ ဗြဟ္မာ,သိကြား လေးစားချစ်ခင် ဗုဒ္ဓရှင်မှ နားတွင်မရှက် ရက်စက်ကြမ်းကြုတ် သေမင်းယုတ်ကို၊ **သကိစ္စိတံ**= လောကသဘာဝ မရဏဓမ္မတာ သေစာဆက်သွင်း ချက်ချင်းမဆိုင်း သင်အလိုရှိတိုင်းသာလျှင်၊ **မံ**= သင့်၏ ရန်ပက် တော်လှန်ဖျက်၍ နန်းပက်နိဗ္ဗူ ရောက်ကြောင်းဟူသည့် လေးဆူသစ္စာ သိရာသိကြောင်း တရားကောင်းကို မစောင်းမြှော်ငြား ငါကဲ့သို့သောဗုဒ္ဓအားသားတော်အား၊ **ကရောတု**= ယုတ်မာသမူ သင်ပြုလိုလျှင် ပြုပေတော့ဟု၊ **သုသုခေနေဝ**=သဘာဝဓမ် တရားမှန်မို့ ငြင်းဆန် မပြု လွယ်လွယ်ကူကူနှင့် ခွင့်ပြုလျက်သာလျှင်၊ **ပရိဒ္ဓတိ**=အနိုင်မယူ နှလုံးသွေးဖြင့် အော်- အရှုံးပေးတော်မူခဲ့ပြီ ဗုဒ္ဓား။

## ၂။ အပ္ပမာဒေဝ မမံဝ၊ ပဿိယ မရဏာဿတိ။ ခုဝါခုဝံ သကကာယေ၊ ဘာဝေထ ဝိနဿာဿနိ။

**မမံဝ**=ရေမြှုပ်,ရေပွက် ရုပက်ဝေဒနာ သညာတံလျှပ် မြန်တတ်သဘော ငှက်ပျောသဏ္ဌာ ဝိညာမျက်လှဲ့ ယှက်ဘွဲ့ ပေါင်းမှု ငါ့၏ခန္ဓာကိုယ်ပျက်မှုကိုသာလျှင်၊ **ပဿိယ**= မျက်စိတမှိတ် လျှပ်တပစ် တမိနစ်တွင်း ဖြစ်ပျက်ခြင်းကို ထင်လင်းပုံပြု တွေ့ဆုံကြည့်ရှုကြကုန်၍၊ **သကကာယေ**= ကိုယ်စီကိုယ်င ကိုယ့်ခန္ဓာကိုယ် အဝဝ၌၊ **ခုဝါခုဝံ**= ‘သေရမှာကားမြဲ နေရမှာ မမြဲ’ ဟူသော၊ **မရဏာဿတိ**=ဗုဒ္ဓမြတ်ရှင် ဉာန်သဗ္ဗညုဖြင့်

စီရင်မှတ်တန်း မရဏာသတိမြတ်ကမ္မဋ္ဌာန်းကို၊ **ဘာဝေထ**= သဟောတ္တပ္ပဉာဏ် သံဝေဂမှန်ဖြင့် မြန်မြန်တိုးပွါး အဖိုးများအောင် ကြိုးစားပွါးရစ်ကြပါကုန်လော့၊ **ဇိနသာသနီ**= 'မရဏာသတိံ ဘိက္ခဝေ ဘာဝေထ' အာဒိပြလျက် ဆုံးမတိုက်တွန်း ဖေါ်ညွှန်းလမ်းပြ ဗုဒ္ဓဝစနကို၊ **အပ္ပမာဒေထ**= ကိုယ်ကျိုးကိုယ်ချင့် ကိုယ်တိုင်ကိုယ်ရွေ့ ကိုယ့်အတွေ့ဖြင့် ဓလေ့ထုံးစံ တရားမှန်ကို မလွှန်မကျော်, **အော်** --- ပြတော်မူခဲ့ရှာပြီဗရား။

၁၃၃၉ ခု၊ နတ်တော်လပြည့်ကျော် ၂ ရက်နေ့
သက်တော် ၇၈ နှစ်၊ သိက္ခာတော် ၅၉ ဝါအရတွင်
လွန်တော်မူသော
ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက ဂန္ထကာရကအကျော်
အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရား၏

## သာဓုကီဠနသဘာ ဂုဏာနုဿရဏကထာ

❀❀❀

**၁။ နတ္တာ သော ဂဏီသဿ၊ ရွှေကျင်နိကာယကေတုနော။**
**ဇေယျမှိ ဂန္ဓာရီပဿ ၊ ထေရော ပဏ္ဍိမသာဝကော။**

**သော ထေရော**= မျက်မှောက်ခေတ်တွင် ဂုဏ်သစ်လွင် လျက် ပြိုင်ယှဉ်ကင်းပ ဂန္ထကာရကအကျော် ဤကျေးဇူးရှင် မဟာဂန္ဓာရုံဆရာတော်သည်၊ **ရွှေကျင်နိကာယကေတုနော**= ထက်ရပ်ဝေဟင် နေအသွင်သို့ မြေပြင်ထင်ရှား အစဉ်အား ဖြင့် ဝင့်ကြွားတင့်တယ် ရွှေကျင်ဂိုဏ်းကြီး၏ မှန်ကင်းသဖွယ် ဖြစ်တော်မူသော၊ **ဂဏီသဿ**= ဂိုဏ်းမြတ်ဦးစီး မဟာဝိသုဒ္ဓါ

ရာမ ဆရာတော်ဘုရား၏၊ **နတ္တာ**= မွေးချင်းအစစ် မြေးရင်း ဖြစ်တော်မူပါပေ၏။ **ဇေယျမှိ**= ကျောင်းကန်စေတီ ဝေဝေစီ လျက် ခွေလည်ရော ရေဇလာဖြင့် သေလာရစ်နှောင် စစ်ကိုင်း တောင်၌၊ **ဂန္ဓာဝီပသေ**= သူတော်ဝလေ့ ဂူပျော်မွေ့လျက် ကိုယ်တွေ့တရား ဟောကြားမြွက်ဖော် မဟာဂန္ဓာရုံ ဆရာ တော်၏၊ **ပစ္ဆိမသာဝကော**= ရဟန်းဖြစ်မြောက် ဂုဏ်ဝါတောက် အောင် ချီးမြောက်ခဲ့ပေ နောက်ဆုံးတပည့်ဖြစ်ပါပေသတည်း။

## ၂။ တေဇယိသုပညာသတ္တိ၊ ပဋ္ဌောတော’အဘယသာမိကော။ ပခုက္ကူဂဏာဓိရာ စ ၊ ဝါစေန္တာ ပိဋကတ္တယံ ။

**ပဋ္ဌောတော**= ရွှေကျင်ဥက္ကဋ္ဌ သမုတ်အပ်သည် ထွဋ်မြတ် ထင်ပေါ် ကျေးဇူးရှင် မြောင်းမြဆရာတော်သည်၎င်း၊ **အဘယ သာမိကော**= ပါဠိသက္ကတစွယ်စုံ နယ်ကုန်တတ်ကျွမ်း အံ့မခန်း မျှ ဉာဏ်စွမ်းထင်ပေါ် ကျေးဇူးရှင် အဘယာရာမ ဆရာတော် သည်၎င်း၊ **ပခုက္ကူဂဏာဓိရာ စ**= ပါဠိအဋ္ဌကထာ နိုင်နင်းစွာဖြင့် ခါခါပို့ချ ပခုက္ကူဂဏအကျော် မဟာဝိသုတာရာမဆရာတော် တို့သည်၎င်း၊ **ပိဋကတ္တယံ**= အဋ္ဌကထာ ဋီကာ စုံလင်စွာဖြင့် သုံးဖြာပိဋကတ် ကျမ်းစာမြတ်ကို၊ **ဝါစေန္တာ**=လက်ထပ်သင်ပြ အခါခါပို့ချတော်မူကြကုန်သည်ဖြစ်၍၊ **က္ကမသေ**= မျက်မှောက် ခေတ်တွင် ဂုဏ်သစ်လွင်လျက် ပြိုင်ယှဉ်ကင်းပ ဂန္ထကာရက အကျော် ဤကျေးဇူးရှင်မဟာဂန္ဓာရုံဆရာတော်၏၊ **ပညာ**

**သတ္တိံ**= ကျမ်းဂန်ထွေထွေ နိုင်နင်းပေသည့် ထူးထွေဆန်းပြား ပညာရည်စွမ်းပကားကို၊ **တေဇယိံသု**= ဝရဇိန်လက်နက် အစွမ်းထက်သို့ လက်လက်မသွေ ထက်မြက်စေတော်မူကြ လေကုန်သတည်း။

**၃။ နာနာဂန္ထေ ကရောန္တေန ၊ ကိတ္တိ’ မဿ မဟီတလေ။**
**သုပါကဋာ’ ရဋ္ဌန္တရာ ၊ ရဝိန္ဒူ ဝိယ ခေတလေ။**

**နာနာဂန္ထေ**= ရတနာ့ဂုဏ်ရည် အစတည်လျက် ခေတ်မီ များစွာ ဘာသာဋီကာ ကျမ်းစာတို့ကို၊ **ကရောန္တေန**=ထူးကဲစွာလှ ဖွဲ့လုံ့လဖြင့် ကျနပြုပြင် ရေးသားစီရင်တော်မူခြင်းကြောင့်၊ **ဣမဿ**= မျက်မှောက်ခေတ်တွင် ဂုဏ်သစ်လွှင်လျက် ပြိုင် ယှဉ်ကင်းပ ဂန္ထကာရကအကျော် ဤကျေးဇူးရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရား၏၊ **ကိတ္တိ**= ချီးမွမ်းအံ့ဩ သောသောညံညံ ကျော်စောသံသည်၊ **ခေတလေ**= ဆီးနှင်းမြူတိမ် သူရိန်ကင်းစင် ထက်ကောင်းကင်၌၊ **ရဝိန္ဒူ ဝိယ**= သရဒရာသီ သာကြည် တောက်ထွန်း နေဝန်းလဝန်းတို့ကဲ့သို့၊ **မဟီတလေ**= လူတို့ နေရာ ကျယ်လှစွာသည့် ကမ္ဘာတခွင် မြေအပြင်၌၊ **အာရဋ္ဌန္တရာ**= နိုင်ငံရပ်ခြား တိုင်းတပါးတိုင်အောင်၊ **သုပါကဋာ**= မဟာဂန္ဓာရုံဆရာတော် ပြည်လုံးကျော်လျက် ထုတ်ဖော်အံ့ အား အစဉ်အားဖြင့် ထင်ရှားတော်မူပါပေသတည်း ။

**၄။ သယံ ထေရော သိက္ခာကာမော၊**
**အညေသံ ပိ နုသာသကော ။**
**သုမာပိတော ဂန္ဓာရာမော၊**
**အညေသံ ဒဿနာရဟော။**

**ထေရော**= အရှင်ဇနကာဘိဝံသ ဘွဲ့နာမဖြင့် ထာဝရ ကျော်မော် ကျေးဇူးရှင် မဟာဂန္ဓာရုံဆရာတော်သည်၊ **သယံ သိက္ခာကာမော**= အဓိသီလ စိတ္တ,ပညာ ကျင့်သိက္ခာကို မြဲစွာ ရိုကျိုး ကိုယ်တော်တိုင် မြတ်နိုးသည်ဖြစ်၍၊ **အညေသမ္ပိ**=မိမိ ထံမှောက် ခိုဝင်ရောက်သည့် မြားမြောက်တင့်ဆန်း ငါးရာကျော် တပည့်တပန်းတို့ကိုလည်း၊ **အနုသာသကော**= သိက္ခာကျင့်ဝတ် မြတ်နိုးတတ်ဘို့ စွဲမှတ်ပုံသေ ဆုံးမ သွန်သင်တော်မူတတ်ပါပေ ၏။ **အညေသံ ဒဿနာရဟော**= ဣဿာမဝင် စိတ်ကြည်လင် သည့် လူရှင်အလယ် စံပြသဖွယ် ဖြစ်သော၊ **ဂန္ဓာရာမော**= တောင်သမန်အင်း ဆောင်လေညှင်းကြောင့် ရှုခင်းသာယာ ချမ်းမြေ့စွာသည့် မဟာဂန္ဓာရုံ သင်းထုံကျော်ဟီး ကျောင်းတိုက် ကြီးကို၊ **သုမာပိတော**= ခိုင်မာကျစ်လစ် နည်းစနစ်ဖြင့် စင်စစ် မသွေ ဖန်ဆင်းတည်ထောင်အပ် လေပြီတကား။

**၅။ နတ္ထိ ဒါနိ မဟာထေရော ၊ ဗဟူနံ ပရိဏာယကော။**
**သမဂ္ဂါ ပဋိပဇ္ဇာမ ၊ သော သိဿာန ပူဇနာ ။**

**ဒါနိ**= သုံးဆယ့်ကိုးခု ရတုဟေမန် မြောက်လေပြန်သည့် မြိုင်ယံအတွင်း သဇင်သင်းလျက် ငွေနှင်းကျရာ လွမ်းဆွတ်

ဖွယ် ယနေ့အခါ၌၊ **ဗဟုနံ**= ဗုဒ္ဓဘာသာ သာသနာကြည်ညို မှီခိုအားထား ရှင်လူအများတို့၏၊ **ပရိဏာယကော**= နှုတ်မြွက် ဟောကြား ကျမ်းရေးသားလျက် ဉာဏ်အားသစ်စေ ခေါင်း ဆောင်ကောင်းတပါး ဖြစ်တော်မူပေသော၊ **မဟာထေရော**= အရှင်ဇနကာဘိဝံသ ဘွဲ့နာမဖြင့် ထာဝရကျော်မော် ကျေးဇူး ရှင် မဟာဂန္ဓာရုံဆရာတော်သည်၊ **နတ္ထိ**= သက်တော်အားဖြင့် ထင်ရှားမသေ့ ရှိတော်မမူတော့ပါချေ၊ **မယံ**= မဟာဂန္ဓာရုံ တိုက်ရွှေဘုံ၌ ခိုလှုံပျော်ငြား တပည့်တော်အများတို့သည်၊ **သမဂ္ဂါ**= ဆရာသခင် ရှိနေစဉ်သို့ ချစ်ခင်ကြင်နာ အချင်းချင်း ညီညွှတ်ကြကုန်သည် ဖြစ်၍သာလျှင်၊ **ပဋိပဇ္ဇာမ**= ဆရာချမှတ် လမ်းစဉ်မြတ်ကို စိတ်ဓာတ်တွေညီ သွေမဖည်ပဲ အတည်စဉ် စိုက် လမ်းဆုံးဆိုက်အောင် လိုက်ကြပါကုန်စို့ဘုရား။ **သော**= ဆရာ့လမ်းစဉ် လွှန်ချစ်ခင်လျက် အစဉ်မကွာ ဤလိုက်နာခြင်း သည်သာလျှင်၊ **သိဿာနံ**=ဆရာကောင်းထံ လွှန်ကျိုးနွံလျက် နည်းခံသင်ကြား တပည့်ကောင်းပီသသူအများတို့၏၊ **ပူဇနာ**= ဆရာ့ကျေးဇူး ဂုဏ်အထူးကို ရွှင်မြူးထုတ်ဖော် အကောင်းဆုံး ပူဇော်ခြင်း ဖြစ်ပါပေသတည်း။

***(အရှင်နန္ဒမာလာဘိဝံသ မဟာသုဓောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့ ရေးသားပူ ဇော်ပါသည်။)***

## တောင်သာမြို့နယ်၊ ဓမိုက်ရွာ၊
## ကျေးရူးတော်ရှင် အောင်မြေရွှေဘုံ
## မဟာအုတ်ကျောင်းဆရာတော်၏
## တနှစ်မြောက် အထိမ်းအမှတ်ပွဲ

# ဂုဏာနုဿရပူဇာ ဂါထာ

❀❀❀

### (၁) ထေရဒဗ္ဗေ ဝိနဋ္ဌေပိ၊ ကေဝဿမတီတကေ။
### ဂုဏာနိ အဝိနဋ္ဌာနိ၊ ဟဒယေ နော ပတိဋ္ဌရေ။

**ကေဝဿမတီတကေ**=ငွေနှင်းမှုံမှုံ လေညှင်းသုန်လည်း အေးတုံအသဲ ရှိနိုင်ဘဲမို့ ပူပွဲဆင်ရာ လွန်ခဲ့သည့် တနှစ်ကျော် အခါကာလတုန်းက၊ **ထေရဒဗ္ဗေ**=တာရာကြယ်ရံ လမင်းဟန်ဖြင့် ခြံရံဝင့်ကြွား တပည့်သားတို့ လေးစားဖူးမြော် ဆရာတော်ဘုရား၏ ဒြပ်တော်သည်၊ **ဝိနဋ္ဌေပိ**= အတ္တတောင်စွယ် လမင်းကွယ်သို့ သွယ်သွယ်စားစား တပည့်များကို စွန့်ထားကြဉ်ဖယ် ပျောက်ကွယ်၍သွားခဲ့ပါသော်လည်း၊ **ဂုဏာနိ**=ကြီးမားမေတ္တာ ကရုဏာဖြင့် အရာရာတွင် သွန်သင်ပြသ

ဆုံးမခဲ့ဘူး ဂုဏ်ကျေးဇူးတို့သည်ကား၊ **အဝိနဋ္ဌာနိ**= ရွှေခွက်မှာ တည် ခြင်္သေ့ဆီသို့ အရည်မယွင်း ပျောက်ပျက်ခြင်း မရှိကြ ကုန်သည်ဖြစ်၍၊ **နော**=ဆရာ့ကျေးဇူး ဂုဏ်အထူးကို ကြည် နူးမှန်းမြော် တပည့်တော်တို့၏၊ **ဟဒယေ**=အသိစိတ်ခေတ် ကိန်းဝပ်ဖြစ်ရာ ဂုဟာသယ နာမထင်လင်း နှလုံးသား အတွင်း ၌၊ **ပတိဋ္ဌရေ -ပတိဋ္ဌဟန္တိ**=ရှေ့နောက်မပျက် သတ္တိ ဆက် လျက် နှစ်သက်ကြည်စွာ တည်ရှိကြပါကုန်သည်ဘုရား။

## (၂) ထေရဂုဏံ သရိတွာန၊ ကတညူ ကတဝေဒိနော။ မယံ သိဿာ သမဂ္ဂါဝ၊ ကရောမ ဒါနိ ပူဇနံ။

**ထေရဂုဏံ**=ကြီးမားမေတ္တာ ကရုဏာဖြင့် အရာရာတွင် သွန်သင်ပြသ ဆုံးမခဲ့ဘူး ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးကို၊ **သရိတွာန**=တနှစ်လွန်လာ အချိန်ကြာလည်း ဘယ်ခါမမေ့ ယနေ့တိုင်သာ အခါခါ သတိရကြပါကုန် သည်ဖြစ်၍၊ **ကတ ညူ ကတဝေဒိနော**=ဆရာပြုဘူး ဂုဏ်ကျေးဇူးကို အထူးသိမြင် ချစ်ခင်လေးမြတ် ပေးဆပ်တတ်ကြကုန်သော၊ **သိဿာ**= ဆရာ့ထံပါး ဝပ်တွားခိုဝင် ပညာသင်လျက် ချစ်ခင်ညွှတ် ပျောင်း တပည့်ကောင်း ဖြစ်ကြကုန်သော၊ **မယံ**=ဆရာ့ဂုဏ်ရည် ယုံကြည်မှန်းဆ လွမ်းတရည်မြော် တပည့်တော်တို့သည်၊ **သမဂ္ဂါဝ**= ဆရာတော့်ကျောင်း စုပေါင်းခိုဝင် ချစ်ခင်လေးမြတ် စိတ်ခေတ်ကြည်စွာ ညီညွတ်ကြကုန်သည်ဖြစ်၍သာလျှင်၊

**ဒါနီ**= ၁၃၄၂ တွက်စစ်ခါညီ ရာသီဟောမန် မြောက်လေပြန်၍ မြိုင်ယံအတွင်း ခွါညိုသင်းသည့် ငွေနှင်းစိုစို၊ လပြာသို၏ ထွန်းဆို ပေါ်တက် လပြည့်ကျော် ၁၁ ရက် အခါသမယ၌၊ **ပူဇနံ**=ဆရာ့ကျေးဇူး ဂုဏ်အထူးကို ရှင်မြူးတသ ဂါရဝဖြင့် ထာဝရချစ်ကြည် နှစ်လည်ဆင်နွဲ အထိမ်းအမှတ်ပူဇော်ပွဲကို၊ **ကာရောမ**=ပြုကြခုလို အမှုဆိုသည့် ကုသိုလ်အမျှ ဘို့ဘာဂကို ဝေငှအနေ အလွမ်းဖြေလျက် မသွေကြည်သာ ပြုလုပ်ကြပါ ကုန်သည်ဘုရား။

၁၃၄၂-ခု ပြာသိုလ (၁၉၈၁၊ ဇန္နဝါရီလ)

၁၃၄၈–ခု နယုန်လဆန်း (၅) ရက်နေ့တွင် လွန်တော်မူ၍
နယုန်လဆန်း (၈) ရက်နေ့တွင် ဆင်ယင်ကျင်းပအပ်သော
သက်တော် (၇၀) နှစ် သိက္ခာတော် (၅၁) ဝါရှိ
စစ်ကိုင်းတောင်ရိုး၊ မဟာသုဒဿနချောင်
**ဆရာတော် အရှင်နရိန္ဒထေရ်၏**
**သာဓုကီဠနသရီရပူဇာ အခမ်းအနား၌ ရွတ်ဆိုပူဇော်အပ်သော**

## သံဝေဇနီယဂါထာ

❀❀❀

**(၁) သမာဂမေ သမိကာံဝ ၊ ထေရံ ပဿိမှ ဓီတိမံ။**
**နိဗ္ဗာတော ထေရံ ပဿိဿာမ ၊ထေရော နော နိဗ္ဗန္နံ ဂတော။**

**သမာဂမေ**= ဝိဿနာနွယ်ဝင် ထေရ်အရှင်တို့ နှစ်စဉ်ဆုံဆည်း ဝိပဿနာဝိနည်းစာတော်ပြန်ပွဲကြီး၌၊ **သမိကာံဝ**= သက်တော်နှစဉ် ဟိုယခင်က ကြည်လင်ကျန်းမာ နှစ်တိုင်းသာလျှင်၊ **ဓီတိမံ**= သာသနာတည်တံ့ အရှည်ခံ့ဘို့ ကြည်သန့်စရာ စေတနာဖြင့် ညီညာအားတက် ဆောင်ရွက်လေဘိ လုံ့လဝီရိယရှိတော်မူသော၊ **ထေရံ**= မဟာသုဒဿန မည်ရတင့်ဆန်းကျောင်းသခ်မ်း၌ ရှင်လန်းမှိုကာ ကြည်သဒ္ဓါဖြင့် နှစ်ဖြာခုရ

သာသနာ့အလုပ် အားထုတ်ရှင်ပျော် 'အရှင်နရိန္ဒ'မည်သော မထေရ်မော်ကို၊ **ပဿိမှ**= ခြေရင်းထံပါး ဝင်ခ,စားလျက် စကားဆုံးမ ဩဝါဒကို ကြည်စွာသဒ္ဓါ နာယူကာဖြင့် မကြာခဏ ဖူးတွေ့ခဲ့ကြရလေကုန်ပြီ။ **ကွတော**= ၁၃၄၈-ခု ရတုခါကြုံ နယုန်မာသ ဆန်းပက္ခ၏ ပဥ္စမဒိနာ ပူဇျာကြုံရ ယခုအခါကာလမှ၊ (**အပရကာလေ**)= နေ့ ရက် လ,ပြောင်း နှစ်ပေါင်းရှည်ကြာ နောက်အခါ၌၊ **ထေရံ**= မဟာသုဒဿန မည်ရတင့်ဆန်း ကျောင်း သခ်မ်း၌ ရှင်လန်းမှီကာ ကြည်သဒ္ဓါဖြင့် နှစ်ဖြာမုရ သာသနာ့အလုပ် အားထုတ်ရှင်ပျော် 'အရှင်နရိန္ဒ'မည်သော မထေရ်မော်ကို၊ **န ပဿိဿာမ**= ကြုံခွင့်ဆုံရေး အပုံဝေးသဖြင့် ကြုံတွေးလွမ်းတ မျော်မှန်းဆလျက် ဦးချအစဉ် ဖူးမြင်ခွင့် ရရှိနိုင်ကြတော့မည် မဟုတ်ပေ၊ **နော**= သာဓုကီဠနသဘင် ဆင်ယင်ကြငြား တပည့်တော်အများတို့၏၊ **ထေရော**= မဟာသုဒဿန မည်ရတင့်ဆန်း ကျောင်းသခ်မ်း၌ ရှင်လန်းမှီကာ ကြည်သဒ္ဓါဖြင့် နှစ်ဖြာမုရ သာသနာ့အလုပ် အားထုတ်ရှင်ပျော် 'အရှင်နရိန္ဒ'မည်သော မထေရ်မော်သည်၊ **နိဓနံ ဂတော**= တဘဝသံသရာ ငါးခန္ဓာရုပ်သိမ်းလျက် အော်. . . ချုပ်ငြိမ်းတော်မူခဲ့လေပြီတကား။

**(၂) မနောရမာ သုဒဿနာ ၊ သုဒဿနမလက်တံ။**
**သက်န္တောဝါ' သိ ဝေမ္ဗိ ၊ သော်စယာမ ဘုသံ ထုနံ။**

**ထေရော**= မဟာသုဒဿန မည်ရတင့်ဆန်း ကျောင်း သခ်မ်း၌ ရှင်လန်းမှီကာ ကြည်သဒ္ဓါဖြင့် နှစ်ဖြာမုရ သာသနာ့

အလုပ် အားထုတ်ရှင်ပျော် 'အရှင်နရိန္ဒ' မည်သော မထေရ် မော်သည်၊ **မနောရမာ**= တောင်စွယ်ချိုင့်ဝှမ်း မြိုင်တန်းဂနိုင် တူပြိုင်ပွင့်လန်း ဒဟတ်ပန်းတို့ တင့်ဆန်းထွေးယှက် ကျေး ငှက်ရှင်မြူး ကြည်နူးလွန်စွာ စိတ်နှလုံးမွေ့လျော်ရာဖြစ်သော၊ **သုဒဿနာ**= မဟာသုဒဿန မည်ရတင့်ဆန်း ကျောင်းသင်္ခမ်း မှ၊ **အလင်္ကတံ**= ရွှေဘုံ ရွှေနန်း ရွှေကြငှန်းဟု တင့်ဆန်းရောင်ဖြာ ဘုံခန်းဝါ၌ ရတနာခုနစ်သွယ် စီခြယ်သပ်ရပ် တန်းဆာဆင် အပ်သော၊ **သုဒဿနံ**= ဝတီဘုံဖျား နတ်,သိကြားတို့ စံစား ကြည်ပျော် သုဒဿန နန်းမြို့တော်သို့၊ **သက်ျွှောဝ**= မြေအိုး ပမာ လူ့ခန္ဓာကို အာသာမတွယ် စွန့်ပယ်ကြရိုး ရွှေအိုးပမာ နတ်ခန္ဓာဟူ ရယူပျော်မွေ့ ပြောင်းရွှေ့စံနေတော်မူသည်သာ လျှင်၊ **အာသိ**= စင်စစ်မသွေ အမှန်ပင် ဖြစ်ခဲ့လေပြီ၊ **ဧဝမ္ပိ**= မြေအိုးကွဲနှင့် ရွှေအိုးလဲယူ ကြည်ဖြူဝမ်းသာ ဤသို့ပင် ဖြစ်ပါ သော်လည်း၊ **မယံ**= သာမုကိဋ္ဌနသဘင် ဆင်ယင်ကြပြား တပည့်တော် အများတို့သည်၊ **ဘုသံ**= ရင်တွင်းသောက လှိုင်းထပြိုဆင်း အလွန်အမင်းသာလျှင်၊ **ထုနံ ထုနန္တာ**=

**"ဟာ ယောဂါ ဝိပ္ပယော ဂန္တာ၊**

**ဟာ နိစ္စံ သဗ္ဗသင်္ခတံ။**

**ဟာ ဇီဝိတံ ဝိနာသန္တံ၊**

**ဣစ္စာသိ ပရိဒေဝနာ"**

ခါခါမြွက်ဟ ငြီးတွားကြလျက်၊ **သောစယာမ**= သောကဗျာပါ ပူလှစွာဖြင့် မျက်နှာညှိုးမှိန် အစိုးရိမ်ကြီး စိုးရိမ်ကြပါကုန်သည် အရှင်ဘုရား။

## (၃) ဘာဝနံ ဘာဝယိဿာမ ၊ သံဝိဂ္ဂမာနသာ မယံ။ သရီရပူဝံ ကာဟာမ ၊ ထေရဂုဏာမနုဿရံ။

**ဒါနီ**= ၁၃၄၈ ခု ရတုခါကြုံ နယုန်မာသ ဆန်းပက္ခ၏ အဋ္ဌမဒိနာ ပူဇာပွားကြ ဤသာစုကိဋ္ဌန အခါသမယ၌၊ မယံ= သာစုကိဋ္ဌနသဘင် ဆင်ယင်ကြငြား တပည့်တော်အများတို့ သည်၊ **သံဝိဂ္ဂမာနသာ**= အဝိဇ္ဇာနှင့် တဏှာမြစ်ငုတ် ရင်း မပြုတ်၍ မြတ်ယုတ်ဘဝ ဇာတိရက အိုကြ,သေကြ မနေရဟု ဒိဋ္ဌမြင်သိ ထိတ်လန့်သောစိတ်ရှိကြကုန်သည်ဖြစ်၍၊ **ဘာဝနံ**= ဇီဝိန်ပျက်ယွင်း သေရခြင်းကို ဉာဏ်သွင်းရှုကာ သတိရခြင်း ဟူသော မရဏာဿတိဘာဝနာကို၊ **ဘာဝယိဿာမ**= အို့. နာ. သေရေး ဒုက္ခဘေးမှ လွတ်ရေးကောန် ကြောင်းရင်းမှန် သဖြင့် ကြိမ်ဖန်များစွာ ပွားများကြပါကုန်စို့ဘုရား၊ **ထေရဂုဏံ**= သီလ, သမာဓိ,ပညာ, အရာရာပြည့်စုံ လွှမ်းခြုံရည်စူး မထေရ် မြတ်၏ ဂုဏ်ကျေးဇူးကို၊ **အနုဿရံ အနုဿရန္တာ**= ဖန်ဖန် တွေးခေါ် အဆွေးပေါ်လျက် ငေးမြော်လွမ်းတ အောက်မေ့ ကြကုန်သည်ဖြစ်၍၊ **သရီရပူဝံ**= ခန္ဓာငါးချက်ကြောင်း မဆက် သဖြင့် ချုပ်ပျက်ကောန် ကြွင်းကျန်ယခု ဥတုဇမှတ် ရုပ်ကလာပ်

ကို လေးမြတ်ကော်ရော် ပူဇော်ခြင်းအမှုကို၊ **ကာ ဟာမ**= သောကဖြေသိပ် သံဝေစိတ်ဖြင့် ထိတ်လန့်ခါခါ ပြုလုပ်ကြပါကုန်စို့ဘုရား။

**အရှင်နန္ဒမာလာဘိဝံသ**
မဟာသုဗောဓာရုံကျောင်းတိုက်
စစ်ကိုင်းမြို့
၁၃·၆·၈၆

**စစ်ကိုင်းမြို့၊ စာရေးအရှေ့ရွာ၊ ခြသေ့်ကန်ကျောင်း**
**နာယကဆရာတော်၊ စစ်ကိုင်းတောင်ရိုး ရွှေကျင်နိကာယ**
**မဟာဂန္ဓာရုံ ဝိပဿနာ ဝိနည်းပြန်ဌာန ဩဝါဒါစရိယ**
**ရွှေကျင်နိကာယရတ္တညူမဟာနာယက**
**သက်တော် ၉၅ နှစ်၊ သိက္ခာတော် ၇၂ ဝါအရ**
**၁၃၆၀–ပြည့်နှစ် ဝါဆိုလဆုတ် ၅–ရက်နေ့၌**
**ဘဝနတ်ထံ စံလွန်တော်မူသော**
**ဘဒ္ဒန္တဇောတိကမဟာထေရ**
**ခြသေ့်ကန်ဆရာတော်ဘုရားကြီး အန္တိမဈာပနအခမ်းအနား၌**
**ရွတ်ဖတ်ပူဇော်အပ်သော**

## ဂုဏာနုဿရဏာသံဝေဇနီယဂါထာ

❀❀❀

**၁။ ဓမ္မဿ ကုသလော ထေရော၊ အတ္တနိ ဓမ္မဇောတကော။**
**ဗဟူနံ ဟဒယေ ဓမ္မံ၊ ဇောတနော တေန ဇောတိကော။**

**ထေရော**= ခြသေ့်ရေကန် အကြောင်းခံလျက် ခြသေ့်ကန် ကျောင်း ကမ္ပည်းဆောင်းသား ဂုဏ်ပေါင်းထင်ပေါ် ကျောင်း တိုက်တော်၌ ရှင်ပျော်ခိုမှီး ခြသေ့်ကန်ဆရာတော်ဘုရားကြီး

သည်၊ **ဓမ္မသ**= ပိဋကတ်သုံးသွယ် နိကာယ်ငါးဖြာ ဓမ္မက္ခန္ဓာ ပေါင်း ရှစ်သောင်းလေးထောင် များမြောင်သတ်မှတ် သင်ယူ အပ်သည့် ပရိယတ်ခေါ် မြတ်တရားတော်၌၊ **ကုသလော**= သင်ယူကျန ကျွမ်းကျင်တော်မူလှသည်ဖြစ်၍၊ **အတ္တနိ**= သီလဖြူစင် ကျင့်ဓုတင်နှင့် ဆင့်ယှဉ်သမာ ပညာလွှမ်းဖုံး မိမိ၏ စိတ်နှလုံး၌၊ **ဓမ္မဇောတကော**= ဓမ္မအရောင် စွမ်း ဆောင်လက် ဝေထွန်းလင်းစေတော်မူတတ်ပါပေ၏။ **ဗဟူနံ**= ဆည်းကပ်ကြည်ညို သဒ္ဓါပိုလျက် မှီခိုအားထား တပည့် ဒါယကာ ဒါယိကာမအများတို့၏၊ **ဟာဒယေပိ**= သဒ္ဓါကြည်လင် စိတ်ကောင်းယှဉ်လျက် သန့်စင်ရွှင်ပြုံး စိတ်နှလုံး၌လည်း၊ **ဓမ္မဇောတနော**= ဓမ္မအရောင် ထွန်းလင်းပြောင်ဘို့ စွမ်းဆောင် မသွေ ရှင်းပြတော်မူတတ်ပါပေ၏၊ **တေန**= မိမိသူတပါး နှလုံးသား၌ ထူးခြားစွမ်းဆောင် တရားရောင်ကို ထွန်းပြောင် စေတတ် ထိုအကြောင်းသကတ်ကြောင့်၊ **ထေရော**= ခြသ်ေ့ရေ ကန် အကြောင်းခံလျက် ခြသေ့်ကန်ကျောင်း ကမ္ပည်းဆောင်း သား ဂုဏ်ပေါင်းထင်ပေါ် ကျောင်းတိုက်တော်၌ ရွှင်ပျော်ခိုမှီး ခြသေ့်ကန်ဆရာတော်ဘုရားကြီးသည်၊ **ဇောတိကော**= "ဓမ္မ အရောင် ထွန်းပြောင်စေပြား ထေရ်ဘုရား"ဟု ထူးခြားဘွဲ့ပေါ် ထင်ရှားတော်မူခဲ့ပါပေသတည်း။

**၂။ ဇာတော ဘူမျံ့ ဓမ္မေ ဇာတော၊ သီလဝါ သုတဓာရကော။**
**သဒ္ဓမ္မံ ဇောတယိတွာန၊ ဒိနေ ထေရော ဒိဝင်္ဂတော။**

**ထေရော**= ခြသေ့်ရေကန် အကြောင်းခံလျက် ခြသေ့် ကန်ကျောင်း ကမ္ဘည်းဆောင်းသား ဂုဏ်ပေါင်းထင်ပေါ် ကျောင်းတိုက်တော်၌ ရှင်ပျော်ခိုမှီး ခြသေ့်ကန်ဆရာတော် ဘုရားကြီးသည်၊ **ဘူမျံ့**= သမိုင်းမြန်မာ ရှေးအခါက ကျေးရွာ ပေါ်ထွန်း တင်မော်ကွန်းဝယ် ကန်ဇွန်းနိမ့်မြင့် ပြိုင်ကာဆင့် လျက် ထူးတင့်ပေါ်လာ ရွာနှစ်ရွာကို ခုခါမြော်တွေး ရွာစာ ရေး၌၊ **ဇာတော**= သဒ္ဓါပြည့်စုံ 'ဦးဂွမ်းပုံ'နှင့် လွှမ်းခြုံဂုဏ်မြင့် 'ဒေါ်မယ်တင့်'ဟု ရှယ်ဆင့်ပန်ထွာ ဘုန်းသမ္ဘာနှင့် အင်္ဂါစုံလင် ဖွားမြင်တော်မူခဲ့ပါပေ၏၊ **ဓမ္မေ**= ဗုဒ္ဓဟောကြား မြတ်တရားဟု ပိုင်းခြားထင်ပေါ် သုံးရပ်သော သာသနာတော်၌၊ **ဇာတော**= ပရိက္ခရာစုံလင် သိက္ခာတင်လျက် ကျင့်စဉ်တရား အလေးထား သည့် ဘုရားသားကျော် ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူ သည် ဖြစ်၍၊ **သီလဝါ**= စောင့်သူမှန်က ပါယ်မကျအောင် ကာယ်မစောင့်ရှောက် ပါတိမောက်ဟူ စင်ဖြူလေဘိ မြတ် သောသီလရှိတော်မူပါပေ၏၊ **သုတဓာရကော**= ရှင်တော် ဘုရား ဟောမြွက်ကြားသည့် များပြားနက်ကျယ် နှစ်သက်ဖွယ် နှင့် စ, လယ်, အဆုံး ကောင်းခြင်းသုံးဟု စုရုံးဖော်ပြ မြတ်ဓမ္မ ကို ပြည့်ဝနာယူ ဆောင်ထားတော်မူတတ်ပါပေ၏၊ **ထေရော**= ခြသေ့်ရေကန် အကြောင်းခံလျက် ခြသေ့်ကန်ကျောင်း ကမ္ဘည်း

ဆောင်းသား ဂုဏ်ပေါင်းထင်ပေါ် ကျောင်းတိုက်တော်၌ ရှင်ပျော်ခိုမှီး ခြသေ့်ကန် ဆရာတော်ဘုရားကြီးသည်၊ **သဒ္ဓမ္မံ=** ရှင်တော်ဘုရား ဟောမြွက်ကြားသည့် ထူးခြားထင်ပေါ် သူတော်ကောင်းတရား ဟုဆိုအပ်သော သာသနာတော်ကို၊ **ဇောတယိတွာန**= အမှောင်ပယ်ရှင်း အရောင်သွင်းလျက် ထွန်းလင်းစေရန် စိတ်အကြံဖြင့် ဧကန်ရှင်ပျော် ဆောင်ရွက်တော်မူပြီး၍၊ **ဒိနေ**= ၁၃၆၀ ပြည့်နှစ် တွက်စစ်ခါညီ ရာသီ ကတ္တဠု ဝါဆိုလဝယ် အနတ္တသုတ် ဖွင့်ထုတ်ဟောရာ နေ့အခါ နှင့် မဟာထေရ ဝိဇာတအကြို တစ်ရက်အလိုဆိုကြ လပြည့် ကျော် ၅ ရက်နေ့အခါသမယ၌၊ **ဒိဝင်္ဂတော=** နတ်ဘုံ စခန်း ပြဟ္မာ့နန်းသို့ ကြွလှမ်းရည်မြော် စံလွန်တော်မူခဲ့ပါပေသတည်း။

### ၃။ ဟာ ယာယီ’ နိစ္စတံ ထေရော၊ ဟာယန္တိ ဒုဗ္ဘဂါဇနာ။ ဓမ္မဿာ’ ပရိဟာနာယ၊ ဓမ္မကိစ္စံ ကရောမသေ။

**ထေရော**= ခြသေ့်ရေကန် အကြောင်းခံလျက် ခြသေ့်ကန် ကျောင်း ကမ္ပည်းဆောင်းသား ဂုဏ်ပေါင်းထင်ပေါ် ကျောင်း တိုက်တော်၌ ရှင်ပျော်ခိုမှီး ခြသေ့်ကန် ဆရာတော်ဘုရားကြီး သည်၊ **အနိစ္စတံ=** မြက်ဖျားနှင်းပေါက် နေရောင်တောက်က သွေ့ခြောက်လျင်စွာ ဥပမာသို့ ဖြစ်လာပျက်မြဲ မလွဲတံထွာ ဓမ္မတာသဘောသို့၊ **ဟာ ယာယိ**= “ဖြစ်ရလေခြင်း ဖြစ်လေ ခြင်း”ဟု ရင်တွင်းသောက ပူဆွေးကြဘို့ မုချမှန်စွာ ရောက်

တော်မူခဲ့ရရှာလေပြီ၊ **ဇနာ**= ဆရာတော်အား လွန်လေးစား လျက် အားထားကြည်ညို မှီခိုကြဖြား တပည့်ဒါယကာ ဒါယိ ကာမ အများတို့သည်၊ **ဒုဗ္ဗဂါ**= ထေရ်ရှင်ဆုံးမ ဩဝါဒကို မနာရပြီ စိတ်ကြံစည်လျက် ထိုဤတမ်းတ ကံဆိုးကြကုန်သည် ဖြစ်၍၊ **ဓမ္မသာ**= ထေရ်ရှင့်ထံပါး ဝပ်တွားကြည်ညို မှီခိုနာကြား ထူးမြတ်သော တရားမှ၊ **ဟာယန္တိ**= နာခွင့်မကြုံ ပူပုံတွေပွါး သောကများလျက် ပျက်ပြားဆုတ်ယုတ်ကြရလေကုန်၏၊ **ဓမ္မသာ**= အိုနာသေရေး ဒုက္ခဘေးမှ လွတ်ရေးအမှန် မြတ် နိဗ္ဗာန်သို့ ဧကန်ရောက်ဖြား စစ်မှန်သောလောကုတ္တရာတရားမှ၊ **အပရိဟာနာယ**= သတိ, သမာ ပညာလွတ်ကင်း မဆုတ် ယုတ်ခြင်းအကျိုးငှာ၊ **ဓမ္မကိစ္စံ**= သင်ယူရှုမှတ် ပရိယတ်နှင့် ပဋိပတ်စုံလင် နေ့စဉ်ကြိုးကုတ် ဓမ္မအလုပ်ကို၊ **ကရောမသေ**= သမ္မပ္ပဓာန်လုံ့လ အသုံးချလျက် ဆုံးမခါခါ ပြုလုပ်ကြပါကုန်စို့ တကား။

**အရှင်နန္ဒမာလာဘိဝံသ**

မဟာသုဗောဓာရုံ၊ စစ်ကိုင်း။

ရွှေဘိုမြို့နယ်၊ ယင်းမာရွာ၊
သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၆၂ ဝါ အရတွင်
ဒေဝနတ်ကျောင်း ရွှေပြောင်းစံတော်မူသော
ယင်းမာရွာကျောင်း ဆရာတော်ဘုရားကြီး၏
အန္တိမစျာပန သာရုဏ်ဌနပူဇော

# သံဝေဇနီယဂါထာ နှင့် အဘိယာစနကထာ

❀❀❀

**၁။ ယင်းမာဂါမေ ဝသန္တာနံ၊ သန္တာနံ ဟိတကာရကော။**
**ထေရော ဒေဝါနမတ္ထာယ၊ ဂိမှေ နု တိဒိဝံ ဂတော။**

**ယင်းမာဂါမေ**= ရန်ကြီးအောင်နှင့် ကုန်းဘောင်ပြည်သာ ရတနာသိယ် မည်ရရွှေဘို အရိပ်ခိုလျက် ရွှေဘိုလက်ယာ တောင်မျက်နှာ၌ လယ်ယာသီးနှံ ပြည့်လျှံပွားစီး ယင်းမာ အမည်ရှိသော ရွာကြီး၌၊ **ဝသန္တာနံ**= ရှေးကုသိုလ်ကံ ပြုစီမံ၍ ပျော်စံရိပ်မြုံ နေထိုင်လျက် ရှိကြကုန်သော၊ **သန္တာနံ**= သရဏ ဂုံသီလ ဆောက်တည်ကြလျက် ဗုဒ္ဓဘာသာ မျိုးမြန်မာဟု ဂုဏ်ဝါတင့်ကြား တပည့်ဒါယကာ ဒါယိကာမ အများတို့၏၊

**ဟိတကာရကော**= ပစ္စုပ္ပန် တမလွန် နှစ်တန်အကျိုး ပွားတိုးစေရန် ရည်သန်မပျက် ဆောင်ရွက်တော်မူတတ်သော၊ **ထေရော**= ရှစ်ဆယ့်သုံးနှစ်သက်တော် သိက္ခာတော် ခြောက်ဆယ့်နှစ် တွက်စစ်သချာ ဂုဏ်ဝါလွန်ကြီး ယင်းမာဆရာတော်ကြီးသည်၊ **ဂိမှေ**= ၁၃၆၂ ခုနှစ် တွက်စစ်ခါညီ ရာသီမိဿ စိတြနက္ခတ်စန်းမြတ်တွေ့ကြုံ ရဂုံတောတန်း ကံ့ကော်ပန်းတို့ ပွင့်လန်းဝေဆာ တန်ခူးလပြည့်ကျော် ၂ ရက်နေ့ နွေရာသီအခါ၌၊ **ဒေဝါနံ**= ကံ၏အကျိုး မှီအားကိုးလျက် မြတ်နိုးရတနာ သုံးဖြာသရဏဂုံ ယုံကြည်အားထား နတ်အများတို့၏၊ **အတ္ထာယ**= ဗုဒ္ဓဟောကြား မြတ်တရားကို နာကြားစေရန် ရည်သန်တိုးပွား အကျိုးများစေခြင်းအလို့ငှါ၊ **တိဒိဝံ**= ဥယျာဉ်ဗိမာန် နတ်ပေါင်းရုံလျက် ပျော်စံနှစ်ရှည် နတ်တို့ပြည်သို့၊ **ဂတော နု**= တပည့်အများ စွန့်ပစ်ထားလျက် ကြွသွားတော်မူခြင်းဖြစ်ပါသလား အရှင်ဘုရား။

**၂။ စိတ္တေ မာသေ မဟာထေရ၊ ဒေဝဗ္ဗာနေ ဂတေ တယိ။**
**ဝိစိတ္တာမှာ မယံ အဇ္ဇ၊ ကရောန္တာ သာဓုကီဠနံ။**

**မဟာထေရ**= တပည့်အများ လွန်သနား၍ ကြီးပွားလေအောင် ရှေ့ဆောင်ဟောကြား ဆရာတော်အရှင်မြတ်သူမြတ်ကြီးဘုရား၊ **တယိ**= တပည့်အများ လွန်လေးစားလျက် အားထားမှီခို ကြည်ညိုဆည်းကပ် ဆရာတော်အရှင်သူမြတ်သည်၊ **စိတ္တေ မာသေ**= ရာသီမိဿ စိတြနက္ခတ် စန်းမြတ်

တွေ့ကြုံ ရဂုံနွှေဦး တင့်ထူးသာဆန်း ကံ့ကော်ပန်းတို့ ပွင့်လန်း ခါထူး အတာကူးသည့် တန်ခူးခေါ် ရာ လအခါ၌၊ **ဒေဝဋ္ဌာနံ ဂတော**= နတ်တို့ပျော်စံ နတ်ဗိမာန်သို့ ကေန်ရည်မျှော် ကြွသွား တော်မူသည်ရှိသော်၊ **အဋ္ဌ**= ၁၃၆၂ ခု ရတုခါညီ ရာသီမိဿ လမြတ်ကဆုန် ပြည့်ကြုံကဲထက် ဆုတ်သုံးရက်ဟု မပျက်ဆုံရ စျာပနသဘင် ပျော်မရှင်ဘဲ ဆင်ယင်ကြရာ ယခုအခါ၌၊ **သာဓု ကီဠနံ**= ဆရာ့ကျေးဇူး ဂုဏ်အထူးကို ချီးကျူးမြွက်ဟ လွမ်းဆွတ် ကြလျက် ကျင်းပဆင်နွဲ သာဓုကီဠန သဘင်ပွဲကို၊ **ကရောန္တော**= တပည့်ဒါယကာ ကြည်မသာလဲ ညီညာပေါင်းစု ကောင်းမှုပြု လုပ်အား ထုတ်ကြကုန်သည်ဖြစ်၍၊ **ဝိစိတ္တာ အမှာ**= ငိုပွဲယိုပွဲ ပြို၍လဲမျှ ကြေကွဲဝမ်းနည်းကြပါကုန်သည် အရှင်ဘုရား။

**၃။ မယံ ဘန္တေ ဘိယာစာမ၊ သန္တေ သန္တော ပကာရကော။**
**ခမထ နော ပရာဓေ စေ၊ အယံ အမှာက ယာ စနာ။**

**ဘန္တေ**= ကျေးဇူးဂုဏ်အင် စုံလင်များပြား ဆရာတော် အရှင်သူမြတ်ကြီးဘုရား၊ **မယံ**= ဆရာ့ကျေးဇူး အထူးရည်မြော် ပူဇော်ကြငြား တပည့်တော်အများတို့သည်၊ **သန္တေ**= ကိုယ် နှုတ်နှလုံး ရှင်ပြီးကြည်လန်း မူမသန်း၍ ငြိမ်းချမ်းတော်မူကြ ကုန်သော၊ **သန္တော ပကာရကော**= မပူမပင် သူတော်စင်တို့ ပျော်ရွှင်နှလုံး အစဉ်သုံးဘို့ ကျင့်ထုံးမြွက်ဖော် အကျိုးပြု တော်မူကြပါပေကုန်သော၊ **တုမှေ**= သိက္ခာဝါတော် ၆၀-

ကျော်မျှ ရှင်ပျော်သီလ သမထနှင့် ဓမ္မဝိပဿနာ မကွာရှုပြီး ကျေးဇူးရှင် ဆရာတော်ဘုရားကြီးတို့ကို၊ **အဘိယာစာမ**= တွေးခေါ် ရင့်သန် ကျင့်အမှန်ဟု ခွင့်ပန်လေးစား လျှောက်ထားတောင်းပန်ကြပါကုန်၏ အရှင်ဘုရား၊ **အပရောဓေ**= ဆရာ့အပေါ် အတွေးချော်လျက် မလျှော်အမှု တခုခုကို ပြုမိဆိုးညစ်ဖြစ်မှားမိသောအပြစ်သည်၊ **စေ အတ္ထိ**= အကယ်၍များ ရှိလေငြားအံ၊ **နော**= ပညာနုနယ် သိမကြွယ်၍ ကျင့်ဝယ်ဆိုးညစ်အပြစ်ရှိငြား တပည့်ဒါယကာဒါယိကာမ အများတို့အား၊ **ခမထ**= ခွင့်လွတ်ကြည်ဖြူ ဖေးမကူလျက် များလူသံသရာဖြစ်ကင်းရာကို ကောင်းစွာညွှန်ပြ သည်းခံတော်မူကြပါ အရှင်ဘုရား၊ **အယံ**=အန္တိမစျာပနံ သာစုကိဋ္ဌနသဘင် ဆင်ယင်ကျင်းပ ပြုလုပ်ကြလျက် ဂါရဝ ရှိကျိုး ရှိခိုးဝပ်တွား ၍ လျှောက်ထားတောင်းပန်ခြင်းသည်၊ **အမှာကံ**= ဆရာမြတ်ဂုဏ် စိတ်အာရုံ၌ လွှမ်းခြုံတည်ငြား တပည့်တော်အများတို့၏၊ **ယာစနာ**= အပြစ်ခပ်သိမ်း ပပျောက်ငြိမ်းဖို့ ညွှတ်တိမ်းစေတနာရှိခိုးတောင်းပန်ခြင်းဖြစ်ပါသည် အရှင်ဘုရား။

**ရေးသားပူဇော်သူ- အရှင်နန္ဒမာလာဘိဝံသ**
**တိုက်အုပ်ဆရာတော်**
**မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်း။**

### စစ်ကိုင်းတောင်၊ ရွှေစေတီ သာသနာ့ရိပ်သာ
### နန်းဦးစေတီ ရွှေထီးတော်တင်လှူ ပူဇော်ပွဲ

## ဂုဏပူဇာ ရတုပိုဒ်စုံ

❀❀❀

**နန်းဦးစေတီ။** ။ ဘွဲ့ထူးချီသား၊ တုမှိုနိူင်းရှား၊ မြတ်ဘုရားကို၊ ထူးခြားသွင်ဆောင်၊ လမ်းဦးတောင်၌၊ ရှေ့ဆောင်ကြည်ညို၊ သီတင်းပိုသည့်၊ သီဟိုဠ်ရောက်ကြီး၊ သံဃာထီးဟု၊ ဝေးနီးကြေညာ၊ ထေရ်မြတ်စွာလျှင်၊ သဒ္ဒါအားထောက်၊ "ခြောက်ရာ့ခြောက်ဟု"၊ ထွန်းတောက်တွက်စစ်၊ သက္ကရာဇ်ဝယ်၊ တည်လစ်ပူဇော်၊ စေတီတော်တည့်၊ ဘွဲ့တော်စာတမ်း၊ ရှိခဲ့မှန်းလည်း၊ လမ်းဦးခေါ်တွင်၊ "နန်းဦးရှင်"တည့်၊ ဖူးမြင်ကြရ၊ ဦးချကိုယ်စီ၊ စိတ်ဇော ကြည်သည်၊ **စေတီနန်းဦး၊တည်သည်ဘုရား။**

**ပန်းဖူးဝေစီ။** ။ ပင်လုံးချီထား၊ ရာသီနွေစ၊ ပင်လုံးလှသို့၊ မြူးကြွသဒ္ဒါ၊ မြို့ဇေယျာ၌၊ ဂုဏ်ဝါ တင့်မှန်၊ 'ဦးသိန်းတန်' နှင့်၊ ရည်သန်ဆုယူ၊ 'ဒေါ်ဒေါ်ဖြူ'တို့ ခံယူသြဝါ၊ ထေရ်မဟာ၌၊

ကြေညာဝေစီ မြတ်စေတီကို၊ ပြန်လည်ပြုပြင်၊ အထွဋ်မှုတင်ခဲ့။ ခုတွင်တဖန်၊ မြတ်နိဗ္ဗာန်ကို၊ ရည်သန်ပြုလုပ်၊ မြို့မိုးကုတ်မှ၊ စိန်ထုပ်ကို ဖြေ၊ 'ဒေါ်ဒေါ်ရွှေ'တို့၊ စိတ်နေ ရွှင်ပျော်၊ ရွှေထီး တော်ကို၊ ပူဇော်တင်မည်၊ တောင်းဆုရည်သည်။

**ဝေစီပန်းဖူး၊ စည်သည်ဘုရား။**

**ဆန်းထူးလေပြီ။** ။ မြတ်စေတီကား၊ သက်ရှည်လွန်ကြာ၊ နှစ်ကိုးရာတည့်၊ စွန်းလာခြောက်ခြောက်၊ ဘုန်းရောင်တောက် လျက်၊ ထွန်းပေါက်ဝေစီ၊ ရွှေစေတီဟု၊ ဂုဏ်ရည်တင့်စွာ၊ မြတ်ရိပ်သာဌ၊ မဟာနာယက၊ ကြီးမှူးကြလျက်၊ ထူးလှကံဟုန်၊ မြို့ရန်ကုန်မှ၊ ကြည်ယုံကြံ့ခိုင်၊ ဦးမြလှိုင်နှင့်၊ ယှဉ်ပြိုင် ကြင် ထုံး၊ ဒေါ်ကြင်အုံးတို့၊ ထွဋ်ဆုံးပူဇော်၊ စိန်ဖူးတော်တည့်၊ တူပျော်သဒ္ဓါ၊ သူတော်စွာတို့၊ ညီညာစုပေါင်း၊ မြတ်ဆု တောင်း လျက်၊ဦးခေါင်းညွှတ်ချို၊ အောင်တေးသီသည်။

**လေပြီဆန်းထူး၊ ကြည်သည်ဘုရား။**

**ရေးသားပူဇော်သူ - အရှင်နန္ဒမာလာဘိဝံသ**

မဟာသုဗောဓာရုံ၊ စစ်ကိုင်း

၁၃၄၆ ခု၊ နှောင်းတန်ခူးလဆန်း ၁၃ ရက်၊
မန္တလေးမြို့၊ ဈေးချိုတော် ဒီရုံ
ဘုရားအမ ကျောင်းအမ
ရွှေဝါ ရွှေကြံ့မင်း အထည်ဆိုင်ပိုင်ရှင် **ဒေါ်ဒေါ်အေး** မိသားစု၏
သာသနပ္ပုဂ္ဂါမင်္ဂလာ ရှင်ပြုနားသမင်္ဂလာ နှစ်ဖြာတွဲယှဉ်
အခမ်းအနားသဘင်၌ ကောင်းချီးသံချို နှစ်လိုထပ်ထပ်
ရွတ်ဆိုအပ်သော

# မင်္ဂလာရတုပိုဒ်စုံ

**ကောင်းမှုဖွေရှာ။** ။ အောင်ကြောင်းပါတည့်၊ မြတ်စွာဗုဒ္ဓ၊ ဟောညွှန်ပြသည့်၊ ဓမ္မရွှေစာ၊ ဒေသနာကား၊ ဝေဆာတင့်လျှမ်း၊ 'အို-ရဟန်းတို့ ပွင့်လန်းမှုပို၊ မြတ်ကုသိုလ်ကို၊ ပြုလိုရောက်က၊ မကြောက်ကြနှင့်၊ ပုညဟူသည်၊ ဤအမည်ကား၊ သုံးလီလျှမ်းဖြာ၊ မြတ်ချမ်းသာ၏၊ ကြည်သာစွဲကပ်၊ အမည်မှတ်လော့၊' သုံးရပ်ဖေါ်ပြ၊ မြတ်ဒါနနှင့်၊ သီလတဖြာ၊ ဘာဝနာတည့်၊ ဆယ်ဖြာပုည၊ ကုသလကြောင့်၊ သုခချမ်းသာ၊ လျှမ်းလျှမ်းဖြာသည်။ **ဖွေရှာကောင်းမှု စွမ်းရည်ဘုရား။**

**တောင်းဆုဝေဖြာ။** ။ နောက်နှောင်းခါတည့်၊ သဒ္ဓါ, သီလ၊ များသုတနှင့်၊ စာဂ, ပညာ၊ ကျင့်ထိုက်ရာဟု၊ ငါးဖြာတရား၊ ပြည့်စုံငြား၍၊ ထူခြားသူ့ထံ၊ မြတ်ဆုပန်မှ၊ ဧကန် ပြည့်နိုင်၊ ဂတိပိုင်ဟု၊ မြဲခိုင်ဆိုငြား၊ ထိုစကားကို၊ လိုလားဂုဏ်ရည်၊ ထုံဝသီဖြင့်၊ ယုံကြည်တည်ရေး၊ မြော်ကာတွေးလျက်၊ အားပေးလှူဒါန်း၊ ကျင့်ဆောင်ခန်းဖြင့်၊ ပွင့်လန်းဝေဆာ၊ ကြိုးပမ်းပါသည်။ **ဝေဖြာတောင်းဆု မှန်းသည်ဘုရား။**

**ပေါင်းစုကြေညာ။** ။ သိကြောင်းပါတည့်၊ မြန်မာပြည်လွှမ်း၊ မြို့ရွှေမန်း၏၊ ပွင့်လန်းထင်ပေါ်၊ ဈေးချိုတော်မှ၊ တွင်ခေါ်ဒီရုံ၊ ကုန်ပေါင်း စုံသား၊ မည်တုံပျံ့သင်း၊ ရွှေကြံ့မင်းဟု၊ သန့်ရှင်းထည်ဆိုင်၊ လုပ်ငန်းပိုင်တည့်၊ ကြံ့ခိုင်သဒ္ဓါ၊ စေတနာတို့ ရင်မှာဆော်သွေး၊ 'ဒေါ်ဒေါ်အေး'နှင့်၊ ချစ်သွေးရည်လု၊ မိသားစု၏၊ ခေါ်မှုသာသန၊ ဒါယဇ္ဇတည့်၊ ပဗ္ဗဇ္ဇမင်္ဂလာ၊ ချိန်အခါ၌၊ မြတ်ရာ ပူညှ၊ ဖို့ဘာဂကို၊ ဝေငှခါခါ၊ သိကြောင်းဖြာသည်။
**ကြေညာပေါင်းစု လွှမ်းသည်ဘုရား။**

**အရှင်နန္ဒမာလာဘိဝံသ**
(၂၂. ၃. ၈၅)

**စစ်ကိုင်းတိုင်း၊ ငါးစွန်မြို့နယ် ၊ ငါန်းမြာကြီးရွာ၊**
**မာရ်အောင် မဟာစည်သာသနာ့ရိပ်သာအတွင်း**
**ဆောက်လုပ်ပြီးစီးသော**
**မာရ်အောင်သာသနာ့ဗိမာန်တော်ကြီး**
**ရေစက်ချအခမ်းအနားတွင် ရွတ်ဆိုအပ်သော**

# ဇယမင်္ဂလာ ပိုဒ်စုံရတုစာ

❀❀❀

**ကြောင်းပြုဝေဖြာ။** ။အောင်မြေလွှာတည့် ဇေယျာစစ်ကိုင်း၊ ဒေသတိုင်း၏၊ ရှုတိုင်းသာယာ၊ စိမ်းလန်းဖြာသား၊ လယ်ယာစိုက်ခင်း၊ မြနှယ်ဝင်းသား၊ ဖြည့်သွင်းအခွန်၊ မြို့ငါန်းဇွန်၏၊ တံခွန်နှယ်ထီး၊ ‘ငါန်းမြာကြီး’ဟု၊ ဝေးနီးကျော်ကြား၊ လွန်ထင်ရှားသည့်၊ ထူးခြားသာယာ၊ နိဂုံးရွာ၌၊ ဘာသာရှေ့ဆောင်၊ ဓမ္မရောင်ဖြင့်၊ မာရ်အောင်တွင်မည်၊ မဟာစည်ဟု၊ သာကြည်အံ့ရာ၊ မြတ်ရိပ်သာ၌၊ ဘာသာကိစ္စ၊ ဆောင်ရွက်ကြဘို့၊ ဓမ္မသဘာ၊ တည်ဆောက်ပါသည်။ **ဝေဖြာကြောင်းပြု တင့်ဝေသောဝ်။**

**ကောင်းမှုတေဇာ။** ။ ဖြစ်ထွန်းရာတည့်၊ ဘာသာတရား၊ လင်းရောင်ပွားလျက်၊ ထွန်းကားစေရန်၊ စိတ်ရည်သန်၍၊ စီမံထုတ်ဖော်၊ ဗိမာန်တော်ကို၊ အကျော် ထေရ၊ နာယကဟု၊ မြို့မ မုံရွာ၊ ထေရ်ဆရာနှင့်၊ ဂုဏ်ဝါကြည်လင်၊ ပြင်ဦးလွင်မှ၊ အရှင်ထေရ်ကျော်၊ မန်းမြို့တော်၌၊ ထင်ပေါ် လွန်စွာ၊ မြတ်ရိပ်သာ၏၊ ကမ္မဋ္ဌာနာ စရိယ၊ 'ဦးပညိန္ဒ'ဟု၊ နာယကထေရ်မော်၊ ဆရာတော်တို့ မှန်းမြော်ရှေ့ဆောင်၊ ဓမ္မရောင်ဟု၊ ထွန်းပြောင်စေငှာ၊ တည်ဆောက်ပါသည်။
**တေဇာကောင်းမှု မြင့်စေသောဝ်။**

**တောင်းဆုခေမာ။** ။ နိဗ္ဗုတာတည့်၊ မြေလွှာသာစွာ့၊ ဤဌာနကား၊ ဓမ္မဇာနည်၊ မြတ်မထေရ်တို့၊ ထူးသည် ထက်ချွန်၊ ဖွားရာမွန်တည့်၊ ဦးစွန် ဓမ္မ၊ ရောင်ပေါင်းခသဖြင့်၊ ဓမ္မအောင်မြေ၊ ဆိုထိုက် ပေသား၊ မသွေ ကြောင်းဖြာ၊ သာသနာနှင့်၊ ဘာသာကိစ္စ၊ ဆောင်ရွက် ကြဘို့၊ ပုညကာရီ၊ ကူအညီဟု၊ တူမှီစိတ်ကောင်း၊ ရှိကြ ညောင်းသား၊ မိုးကောင်း ဟိုပင်၊ နယ်တခွင်နှင့်၊ ထိုပြင် မန္တလေး၊ လှူသူငွေးတို့၊ ဖြူဖွေးသဒ္ဓါ၊ တည်ဆောက်ပါသည်။ **ခေမာတောင်းဆု ရင့်စေသောဝ်။**

၁၃၅၅-ခု ဝါဆိုလဆန်း ၅-ရက်၊ စဉ့်ကူမြို့နယ်၊ ညောင်ပင်ရွာ
မဟာနန္ဒိယာရာမ ပေါ်တော်မူကျောင်းတိုက်၌
ဆင်ယင်ကျင်းပ ပြုလုပ်အပ်သော
စစ်ကိုင်းမြို့ မဟာသုဓောဓာရုံကျောင်းတိုက်
ပဓာနနာယက ဆရာတော်
ဘုရား၏

# အဂ္ဂမဟာပဏ္ဍိတ အာစရိယဂုဏပူဇာ မင်္ဂလာ ရတုစာ

❀❀❀

**မြတ်သောအခါ။** ။ ဆိုထိုက်ရာကား၊ အောင်ချာဇိနှ၊ မြတ်ဗုဒ္ဓတို့၊ ထွန်းပ သရေ၊ ဘုန်းရောင်ခြွေလျက်၊ လေးထွေ သစ္စာ၊ ဟောမိန့်မှာဘို့ လူ့ရွာ ထင်ပေါ်၊ ဂုဏ်ဟိတ်မော်ဖြင့်၊ ပွင့်တော်မူရာ၊ ခေတ် အခါတည်း၊ သစ္စာအမှန်၊ ဓမ္မကျွန်ကို၊ ဝေဖန်ဟောပြ၊ သုံးလောက၌၊ ဓမ္မရောင်လျှံ၊ မြတ်အောင်လံကို၊ မိုးယံစွင့်စွင့်၊ ထူကာလွှင့်လျက်၊ ခွန်းဆင့် အောင်တေး၊ အောင်သံပေး၍၊ ရန်ဘေးမာရ်စစ်၊ တွန်းလှန်ပစ်သား၊ ရှင်ချစ် သံဃာ၊ အရိယာတို့

ဂုဏ်ဝါရွှန်းပ၊ ပေါ် ထွန်းကြ၍၊ သုံးဝ ရတနာ၊ ဂုဏ်ရောင်ဖြာလျက်၊ မှန်စွာ တင့်မော၊ လွန်ကျော်စောသည်၊ **မြတ်သောအခါ ကြုံသည်ဘုရား။**

**မြတ်သော ဘဝါ။** ။ ဆိုထိုက်ရာကား ၊လူ့ရွာလောက၊ လူ့ဘဝ တည့်၊ ကမ္မ ကုသိုလ်၊ စွမ်းအားပို့၍၊ ကြည်ညို့ မေတ္တာ၊ တို့ဆရာ ကား၊ ပြည်သာတင့်ထူး၊ မြို့စဥ့်ကူး၏၊ ပွင့်ဖူးသာယာ၊ ညောင်ပင် ရှာ၍၊ နှစ်ဖြာမိဘာ၊ ဦးစံလှနှင့်၊ အနန္တဂုဏ်ရှင်၊ 'ဒေါ်ဒေါ်ခင်'မှ၊ သန့်စင်ဖွားမြောက်၊ ထွန်းပေါ် ပေါက်သား၊ တယောက် တွင်ခေါ်၊ ပုဂ္ဂိုလ်ကျော်တည့်၊ ရွယ်တော် ပျိုမြစ်၊ သက်ကိုး နှစ်ဝယ်၊ ရှင် ဖြစ် ၍လာ၊ သာသနာ၌၊ နှစ်ဖြာဓုရ၊ ကျင့်လုံ့လဖြင့်၊ ကြည်စွာ့ သဒ္ဓါ၊ ကျင့်သိက္ခာကို၊ ဆင်ကာ တင့်လွှမ်း၊ အမြင့်လှမ်း လျက်၊ ရဟန်းသဘော၊ ဂုဏ်ရောင်ပြောသည်၊ **မြတ်သောဘဝါပုံထည် ဘုရား။**

**မြတ်သော ဆရာ။** ။ ထေရ်မဟာကား၊ ဇေယျာပုရ တိုင်းဌာန၌၊ သာစွာ့မည်သာ၊ သုဗောဓာဟု၊ ဂုဏ်ဝါပေါင်းဆိုက်၊ မြတ်ကျောင်း တိုက်၏၊ သမိုက်ရာရှိ အဓိပတိဟု၊ များသိ ထင်ပေါ်၊ နှစ်ရာကျော် သား၊ ထေရ်မော်သံဃာ၊ မြတ်ဆရာတည့်၊ ပြည်သာစိုးရ၊ မြတ်နိုးကြလျက်၊ အဂ္ဂမဟာ၊ ပဏ္ဍိတာဟု၊ မြင့်စွာထင်ပေါ်၊ တံဆိပ်တော်ဖြင့်၊ ပူဇော်ကိုးကွယ်၊ ဂုဏ်မြင့်ကြွယ်၍၊ တင့်တယ်

နေသွင်၊ ဂိုဏ်းရွှေကျင်၏၊ ထေရ်ရှင် ဝန်ဆောင်၊ မြတ်ဘုန်းခေါင်တည့်၊ ထို့နောင် ကြည်ညို၊ ဂိုဏ်းပေါင်း ဆိုသား၊ ဗဟိုသံဃာ၊ ဝန်ဆောင်ပါမို့ ဂုဏ်ဝါ ကျော်စော၊ အံ့ဖွယ်နှော့သည်။ **မြတ်သော ဆရာ ဂုဏ်ရည်ဘုရား။**

**ရေးဖွဲ့ = အရှင်နန္ဒမာလာဘိဝံသ [၂၃. ၇. ၉၃]**
**ရွတ်ဆို = တက်ခေတ် လင်းဇော်**

စဉ့်ကူးမြို့နယ်၊ ညောင်ပင်ရွာ၊
မဟာနန္ဒိ ယာရာမ ပေါ်တော်မူကျောင်းတိုက်၌
ဆင်ယင်ကျင်းပ ပြုလုပ်အပ်သော
စစ်ကိုင်းမြို့၊ မဟာသုဓောဓာရုံကျောင်းတိုက်
ပဓာနနာယကဆရာတော် **အရှင်ဝိသုဒ္ဓါဓာရာဘိဝံသ**၏

မဟာဂန္ထဝါစကပဏ္ဍိတ

# ဂုဏပူဇာ မင်္ဂလာ ရတုစာ

❀❀❀

**သာစွာ့ တခွင်**။ ။ ရှုတိုင်းယဉ်သား၊ ဝန်းကျင်အလှ၊ ရောင်သွေးမြသို့ စိုက်ကြ မျိုးမှန်၊ ကိုင်းသီးနှံတို့ ပြည့်လျှံဝေဆာ၊ မြစ်ဧရာနှင့်၊ သေလာမြင့်ခေါင်၊ ယက္ကန်းတောင်တည့်၊ ဘုန်းရောင်အံ့လည်၊ တိုး၍မှီသား၊ စေတီပုထိုး၊ ရောင်ခြည်ပျိုးလျက်၊ ဆင့်တိုးဂုဏ်ပေါင်း၊ မြတ်ရွှေကျောင်းနှင့်၊ ခေါင်းလောင်းကသာ၊ မြတ်ဓမ္မာ ကို၊ ကြည်သာရွတ်ဆို၊ တေးသို့ချိုလျက်၊ ခုလိုတင့်တယ်၊ ဂုဏ်ပေါင်းချယ်သား၊ မြို့နယ်စဉ့်ကူး၊ သမိုင်းထူးသည့်၊ ရင်ကျူးစုံစွာ၊ ညောင်ပင်ရွာကား၊ အံ့ရာ စုံလင်၊ ဂုဏ်ပေါင်းဆင်သည်။ **တခွင်သာစွာ့ စုံညီဘုရား**။

**ကြာလှအသွင်။** ။ ပုံနှိုင်းယှဉ်သား၊ ရှုမြင် ဥပမာ၊ အလင်္ကာတည်း၊ ကြည်သာစုံလင်၊ ရွှာညောင်ပင်၌၊ ပျော်ရွှင် ချမ်းမြ၊ နေထိုင်ကြသည့်၊ မိဘစုံလင်၊ 'ဦးမြဒင်'နှင့်၊ ချစ်ခင်သည်းစုံ၊ 'ဒေါ်ပန်းအုံ'မှ၊ လွှမ်းခြုံမေတ္တာ၊ ဖွားမြင်လာသည့်၊ ရတနာမြသားအလှတည့်၊ မြတ်စွာ့ဘဂဝါ၊ သာသနာ၌၊ သဒ္ဓါပြည့်လျှမ်း၊ ရှင်ရဟန်းသို့၊ တက်လှမ်းရယူ၊ အလုပ်ဟူသည့်၊ နှစ်မူ ဓုရ၊ ဝီရိယဖြင့်၊ ဓမ္မအောင်ပန်း၊ ဆွတ်ယူလှမ်းလျက်၊ အောင်ပန်းပန်ဆင်၊ အောင်ပွဲယင်သည်။ **အသွင်ကြာလှ ပုံထည်ဘုရား။**

**စာချအရှင်။** ။ ဘွဲ့ထူးတွင်သား၊ ဂုဏ်အင် ထွန်းပေါ်၊ ငယ်ကသော်လျှင်၊ အကျော် သာမဏော၊ အောင်ပွဲပေတည့်၊ ဆင့်တွေ သီးသီး၊ ငယ်,လတ်,ကြီးနှင့်၊ ထိုပြီး စာချ၊ ဓမ္မာစရိယဟု၊ သာသနာ့ဇာနည်၊ ဂုဏ်ပေါင်းညီလျက်၊ တလီ သကျ၊ စေတိယဟု၊ ဌာနထူးကဲ၊ စာမေးပွဲ၌၊ ထန်ကဲ လှံ့လ၊ အောင်ပွဲရ၍၊ သ,စနှင့် အာ၊ ဂုဏ်သုံးဖြာဟု၊ ဓမ္မာစရိ၊ ဘွဲ့ထူးရှိလျက်၊ တတ်သိလိမ္မာ၊ ကျန်းဂန်ရာ၌၊ မဟာဂန္ထ ဝါစကနှင့်၊ ပဏ္ဍိတမည်တွင်၊ ဘွဲ့ထူးဆင်သည်။ ။ **အရှင်စာချ ဂုဏ်ရည်ဘုရား။**

**ရေးဖွဲ့ = အရှင်နန္ဒမာလာဘိဝံသ၊** (၂၃ ·၇·၉၃)
**ရွတ်ဆို = တက်ခေတ်လင်းဇော်**



စဥ့်ကူးမြို့နယ်၊ ညောင်ပင်ရွာ၊
မဟာနန္ဒိယာရာမ ပေါ်တော်မူကျောင်းတိုက်၌ ပုညသဟာယ
ကုသိုလ်ရှင်များ စုပေါင်း၍
ဆောက်လုပ်လှူဒါန်းအပ်သော သိရိရတနာတိုက်ကျောင်း

## ရေစက်ချ အလှူတော်မင်္ဂလာ ရတုစာ

❀❀❀

**ကောင်းမှုဖွေရှာ။** ။ အောင်ကြောင်းပါတည့်၊ မြတ်စွာဗုဒ္ဓ၊ ဟောညွှန်ပြသည့်၊ ဓမ္မရွှေစာ၊ ဒေသနာကား၊ ဝေဆာတင့်ဆန်း၊ "အို-ရဟန်းတို့၊ ပွင့်လန်းမှုဆို၊ မြတ်ကုသိုလ်ကို၊ ပြုလို ထောက်ဆ၊ မကြောက်ကြနှင့်၊ ပုညဟူသည်၊ ဤအမည်ကား၊ သုံးလီ လျှမ်းဖြာ၊ မြတ်ချမ်းသာ၏၊ ကြည်သာ စွဲလတ်၊ အမည်မှတ်လော့၊" သုံးရပ်ဖော်ပြ၊ မြတ်ဒါနနှင့်၊ သီလတစ်ဖြာ၊ ဘာဝနာတည့်၊ ဆယ်ဖြာပုည၊ ကုသလကြောင့်၊ သုခချမ်းသာ၊ လျှမ်းလျှမ်း ဖြာသည်။ **ဖွေရှာ ကောင်းမှု-စွမ်းရည် ဘုရား။**

**တောင်းဆုဝေဖြာ။** ။ နောက်နှောင်းခါတည့်၊ သဒ္ဓါ,သီလ၊ များသုတနှင့်၊ စာဂ,ပညာ၊ ကျင့်ထိုက်ရာဟု၊ ငါးဖြာတရား၊ ပြည့်စုံ

ငြား၍၊ ထူးခြားသူထံ၊ မြတ်ဆုပန်မှ၊ ဇေကန်ပြည့်နိုင်၊ ဂတိပိုင်ဟု၊
မြဲခိုင်ဆိုငြား၊ ထိုစကားကို၊ လိုလား ဂုဏ်ရည်၊ ထုံဝသီဖြင့်၊
ယုံကြည်လေးစား၊ မြတ်ဘုရားနှင့်၊ တရား,သံဃာ၊ သာသနာ၏၊
ရှည်ကြာတည် ရေး၊ မျှော်ကာတွေးလျက်၊ အားပေးလှူဒါန်း၊
ကျင့်ဆောင်ခန်း ဖြင့်၊ ပွင့်လန်းဝေဆာ၊ ကြိုးပမ်းပါသည်။
**ဝေဖြာ တောင်းဆု- မှန်းသည်ဘုရား။**

**ပေါင်းစုကြေငြာ။** ။သိကြောင်းပါတည့်၊ ဝေဆာတင့်ထူး၊ မြို့စဉ့်
ကူး၏၊ ရင်ကျူးသာယာ၊ **'ညောင်ပင်ရွာ'**မှ၊ လက်ယာတောင်ဟူ၊
'ပေါ်တော်မူ'ဟု၊ ခေါ်ယူသမိုက်၊ မြတ်ကျောင်းတိုက်ဝယ်၊
နှစ်ခြိုက်သဒ္ဓါ၊ စေတနာဖြင့်၊ ရတနာသိရီ၊ သမိုက်မှည့်လျက်၊
ထိုက်ဘိ ဝိဟာ၊ ကျောင်းမြတ်စွာကို၊ လေးဖြာရပ်ခွင်၊ ထေရ်အရှင်
တို့ ခိုဝင်ရွှင်ပြုံး၊ သီတင်းသုံးဖို့ ညွှတ်ရုံးဝမ်းသာ၊ လှူဒါန်းပါသည်။
**ကြေငြာပေါင်းစု- လွှမ်းတည်ဘုရား။**

**ရေးဖွဲ့ - အရှင်နန္ဒမာလာဘိဝံသ**
**ရွတ်ဆို- တက်ခေတ် လင်းဇော်**



**စစ်ကိုင်းမြို့၊ မဟာသုဓောဓာရုံကျောင်းတိုက်**
**၂၅ နှစ်မြောက် ကျောင်းတိုက်နေ့ အထိမ်းအမှတ်အဖြစ်**
**တည်ထားကိုးကွယ်အပ်သော**
**သိရိဝိဇယဌေ့ရတုစေတီ**
**ကြေးရွှေထီးတော် အထွဋ်တင်ပူဇော်ပွဲ**

## ကောင်းကင်ကြိုး

❀❀❀

၁။ တေဇာ ဝေဖြာ ဇေယျာလေ မြို့ကြီး မြို့ကြီး၊
မြစ်ရော ရစ်ခွေကာ ချစ်လေရှာ ဝေ့ဝိုက်လို့စီး။

၂။ တောင်ဇေယျာ အနီးမှာလ ရှုမငြီး ဝေဝေဆာ၊
လူ့လောက ပြူထောမန သုဗောဓ ကျောင်းမြတ်မဟာ။

၃။ ခြောက်ပါးညီနောင် ကျောင်းတည်ထောင် ဂုဏ်ရောင်
လင်းလင်း၊ သမ္မာတော် ကမ္ဘာကျော် ပမာနော် ထွန်းတဲ့
နေမင်း။

၄။ ကျောင်းတိုက်တည် အခြေပြုလို့ ငွေရတု အချိန်ရောက်
သော်၊ ထိမ်းမှတ်ဖွဲ့ ငြိမ်းဓာတ်နဲ့ ကိန်းဝပ်တဲ့ မြတ်စေ
တီတော်။

၅။ သိရီဝိဇယ မြတ်စေတီကိုလေ ထီးတော်ရွှေ တင်ပွဲ
တင်ပွဲ၊ ရှိသဒ္ဒါ သိမကွာ တပည့်ဆရာ ကျင်းပဆင်နွှဲ။
၆။ နတ်တို့ပျော်စံ ဝတိံဌာန် တိမ်ယံက လွှားလွှား၊ ဆင်း
ကြွန်သွဲ့ ဝင်းလျှံတဲ့ မြင်းပျံနဲ့ ပင့်တဲ့ရထား။
၇။ ဝိသကြုံ မာတလိ ပဥ္စသိ နောက်တော်က ခေါ်၊ ထပ်
မနား မြတ်ဘုရား နတ်သိကြား ဦးချလို့နော်။
၈။ စေတီမြတ် ရွှေဘုံမှာလေ နတ်လူတွေ စုဝေးစုဝေး။
မှတ်ပေနော် မြတ်တေဇော် ဓာတ်မွေတော် ကိန်းဝပ်လို့
လေး။
၉။ တပို့တွဲ ပေါက်လဲ စုံညီ ဖူးတန်စီ၊ လမ်းရှစ်ချက် ဆန်း
ရှစ်ရက် မြန်းနှစ်သက် အောင်ကိန်းဆင်ပြီ။

**ရေးဖွဲ့ပူဇော်သူ = မောင်ညီထွေး**

ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ ဖလ်ယဉ်မွှာရုံ၌
ကျင်းပပူဇော်အပ်သော
ကျေးဇူးတော်ရှင် မင်းကွန်း ဓမ္မနာဒတိပိဋကဓရ
ဆရာတော်ဘုရား၏
တိပိဋကဓရ ၂၅ ကြိမ်မြောက် အထိမ်းအမှတ်
ငွေရတုသဘင်၌ ဖတ်ကြားပူဇော်အပ်သော

# ဓမ္မနာဒတိပိဋကဓရ ထေရပူဇာ

# ထောမနာစာတမ်း

(၁) ဓမ္မိဿရ ဓမ္မရာဇာ ဓမ္မာဓိပတိ တုမရှိသည့် မုနိ ထွဋ်ထား မြတ်ဘုရားသည် ထူးခြားမြင်သန် သဗ္ဗညုဉာဏ်ကို ကေန်ပိုင်သ ရရှိတော်မူပြီးသည့်အခါမှစ၍ အနုပါဒိသေသ နိဗ္ဗာနဓာတ်ကိန်း ပျော်စံငြိမ်းတော်မူသည်အထိ ဝေနေယျ သတ္တဝါတို့၏ အကျိုးကိုသာ ကြည့်လျက် အချိန်ပြည့်မအား မြတ်ဉာဏ်တော်ဖြန့်ကား၍ ပိုင်းခြားဝေဘန် "အနေကဇာတိ သံသာရံ" အစ 'ဟန္ဒ ဒါနိ" အဆုံး စုရုံးမြွက်ဟ အနန္တရတနာ ဒေသနာကို ကရုဏာရှေ့ထား ဟောကြားတော်မူခဲ့သည် ဖြစ်ပါကြောင်း။

(၂) ယင်းသို့ဟောဖော် မြတ်ဘုရား၏ ဒေသနာတော်သည် မြော်ခေါ်တွေးဆ နည်းအမျိုးမျိုးတို့ဖြင့် သိမ်မွေ့လှ၍ အတ္တဗျူဠနစုံလင် ခုံမင်စဖွယ် ဆန်းကျယ်လေးနက် သိမြင်ခက်၍ ငြိမ်သက်မြေ မွန်မြတ်လှသဖြင့် တက္ကစွမ်းရည် မထောက်မီပဲ ဉာဏ်ရည်ထူးပြည့် ပညာရှိတို့သာ သိနိုင်မြဲခိုင်တိကျ ဂုဏ်ပြည့်ဝလျက် ရှိရှိသမျှဟူ ကမ္ဘာသူကမ္ဘာသား လူမျိုးစုအများတို့၏ နားသောတအတွင်း သက်ဆိုင်ရာ ဘာသာစကားဖြင့် သက်ဆင်းလျက် ချက်ချင်းနားလည် ဉာဏ်ရည်ကွန့်မြူး "အဘိက္ကန္တံ ဘန္တေ, အဘိက္ကန္တံ ဘန္တေ" ဟု ဥဒါန်း ကျူးစေလျက် တင့်ထူးလှစွာ ဝိမုတ္တိအရသာကို မြဲစွာ ခံ့ခိုင် ကိုယ်စီပိုင်အောင် ပေးစွမ်းနိုင်သည် ဖြစ်ပါကြောင်း။

(၃) ယင်းသို့ပေးစွမ်း အံ့မခန်းမျှ ဂုဏ်ပန်းဝေလွှင် မြတ်ဘုရား၏ ဒေသနာတော် အစဉ်ကို ညီရှင်အာနန္ဒာ ထေရ်မြတ်စွာသည် သေချာကျန တလုံးတပါဒမျှမချန် သုံးတန်ပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် နှလုံးသားတွင်သိုလှောင်လျက် နှုတ်ဆောင်မိမိ ရရှိတော်မူသည်ဖြစ်၍ ရှင်ချစ်ညီတော် **'အာနန္ဒာမထေရ်ကျော်'**သည် ထင်ပေါ်ပွင့်လာ သာသနာ၌ ဦးစွာပဌမ **'တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက'** ဘွဲ့ထူးရအကျော် အာဇာနည် ပုဂ္ဂိုလ် မော်တစ်ဆူ ဖြစ်တော်မူပါကြောင်း။

(၄) ယင်းသို့မြွက်ဖော် အာနန္ဒာမထေရ်ကျော်ကဲ့သို့ပင် ရှင်တော်ဗုဒ္ဓ ဟောသမျှဒေသနာ မြတ်ရွှေစာကို ပေလွှာ ကျောက်ပြား မရေးသားပဲ ကြီးမားဝီရိ သတိ,သမာ, ပညာ ထက်လှ အာဇာနည်ပုဂ္ဂလတို့သည် နှုတ်ရဆောင်ထား တပည့်သားတို့အား သင်ကြားပို့ချ သာသနာတော် ပြန့်ပွား အောင် အဆက်ဆက်ဆောင်ရွက်ခဲ့ကြရာ ဗုဒ္ဓသာသနာ ရှည်ကြာများမြောင် နှစ်လေးရာကျော်တိုင်အောင် ထွန်းပြောင် ထိန်ပ အထောင်မကသော တိပိဋကရေ အာဇာနည် ပုဂ္ဂလ တို့ မုချသေချာ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည် ဖြစ်ပါကြောင်း။

(၅) ယင်းသို့ထွန်းတောက် တိပိဋကရေ အာဇာနည် ပုဂ္ဂိုလ်ကျော်တွေ ပေါ်ပေါက်လာခဲ့ပါသော်လည်း ညှိုးခြောက် ရောင်ဝါ သာသနာနှစ်လေးရာကျော်သို့ ရောက်သောအခါ သဒ္ဓါယိုယွင်း မိစ္ဆာမင်းတို့ နှိပ်နင်းအုပ်စိုး အခါမျိုးဟု ခေတ် ဆိုးကြုံရ မြတ်ဘုရား၏တပည့်သားသာဝကတို့သည် ဗုဒ္ဓ စကား မြတ်တရားကို နှလုံးသားအတွင်း သွတ်သွင်းဆောင် ထားခြင်းငှာ မစွမ်းနိုင် ယိမ်းယိုင်ချိန့် ဖြစ်လာခဲ့ကြသည်ကို သတိမူ သင်ခန်းစာယူလျက် ကြည်ဖြူဆောင်ရွက် ကျွန်းသီ ဟိုဠ် '**ဝဋ္ဋဂါမဏိ**'မင်းလက်ထက်ဝယ် စဉ်ဆက်နွယ်လာ တိပိဋကရေ ပုဂ္ဂိုလ်ကျော်ငါးရာတို့သည် အနာဂတ်သာသနာ အရေး မြော်တွေးတွက်ဆ အစည်းအဝေးထိုင်ကြပြီးလျှင် မလယအပိုင် အာလောကမည်သောလိုဏ်ဝယ် ကညစ်ကိုင်

အခြေမပျက်ရအောင် ပေထက်အက္ခရာ တင်တော်မူခဲ့ကြသည် ဖြစ်ပါကြောင်း။

(၆) ယင်းသို့မြင်မြော် ပေထက်အက္ခရာ တင်တော်မူခဲ့ကြသဖြင့် ဗုဒ္ဓဟောကြား မြတ်တရားတို့သည် ပြန့်ပွားခြင်းသို့ မရောက် ကွယ်ပျောက်မည့်အရေးမှ သီသီကလေးလွတ်ကာ ရောင်ဝါထွန်းပေါ် နှစ်ပေါင်း နှစ်ထောင်ကျော်သည်အထိ ပေလွှာများတွင်တလှည့် သာဝကတို့၏ နှလုံးသားတွင်တလှည့် အနှစ်ပြည့်လျက် လှည့်ကာပြောင်းကာ ကွန့်မြူးကာဖြင့် ကမ္ဘာသူကမ္ဘာသား လူအများတို့၏ မီးရှူးသဖွယ် တင့်တယ်ထွန်းပြောင် အကျိုးဆောင်ခဲ့သည် ဖြစ်ပါကြောင်း။

(၇) ယင်းသို့ထွန်းပြောင် မြတ်ဘုရား၏ တရားရောင်တို့သည် မြားမြောင်တွက်ဆ နှစ်ပေါင်းနှစ်ထောင်ကျော်လာသော အခါကာလ၌ ထာဝရသုံးသပ် သာဝကတို့၏ နှလုံးခေတ်ဝယ် ကိန်းဝပ်စံပယ် တင့်တယ်ခြင်းနည်းပါး လှုပ်ရှားခြင်းမတွေ့ရ ပေပုရပိုက်တို့၌သာ အိပ်မောကျလျက် တိပိဋကစရဲ ပုဂ္ဂလအာဇာနည် ဉာဏ်ရည်သစ်လွင် ထေရ်အရှင်တို့ကို ဖူးချင်သော်လည်း မဖူးမြင်ရ အတိဒုလ္လဘ ကြုံခဲလှစွာ ယင်းအခါဝယ် မယွင်းသဒ္ဓါ ပညာစုံလင် သူဌေးကြီး 'ဆာဦးသွင်' သည် မြော်မြင်တွက်ဆ စိတ်ကူးရလျက် ဗုဒ္ဓသာသနာ ရောင်ဝါတန်ခိုး ပွားတိုးစေကြောင်း နည်းကောင်းထိပ်သီး နိုင်ငံတော်သမ္မတ နာယကအဖြစ်ပါဝင်သော ဗုဒ္ဓသာသနာနုဂ္ဂဟ

အဖွဲ့ကြီးကို ၁၃၁၀ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ပြီးနောက် အခွင့်ကောင်းဆိုက်ရောက်လာသည့်အားလျော်စွာ ပရိယတ္တိသာသနာ လွှန်စွာပွင့်လန်း အဆင့်တန်းမြင့်မြင့် ပူဇော်ခွင့်ရရှိရေး မြော်ထောက်တွေးလျက် တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့ကြီးကို ဖွဲ့စည်းခဲ့သည်ဖြစ်ပါကြောင်း။

(၈) ယင်းသို့ဖွဲ့စည်း တိပိဋကဓရရွေးချယ်ရေးအဖွဲ့ကြီးမှ ထုံးနည်းဥပဒေ အထွေထွေရေးဆွဲလျက် တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ၁၃၁၀ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ၁၃၁၅ ခုနှစ် ဆဋ္ဌကြိမ်ဆင်နွှဲ တိပိဋကဓရရွေးချယ်ပွဲကြီး၌ **'မြင်းခြံမြို့နယ် ကျည်းပင်ရွာ'** လျှင် ဖွားရာဇာတိ ရှိတော်မူသော အရှင်ဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ၊ ဝင်္ကသကာ ပဌမကျော် အာဇာနည်ပုဂ္ဂိုလ်မော်သည် စာမျက်နှာ ခြောက်ထောင်ကိုးရာကျော်ရှိသော ပိဋကတ်သုံးပုံ ကျမ်းအစုံကို အစွမ်းကုန်ကြိုးစား ရဲရဲနီသော နှလုံးသား၌ ကြုံးဝါးသိုမှီး သိမ်းဆည်းကုံလုံ လွှန်ပြည့်စုံလျက် အာဂုံရေးဖြေ နှစ်ထွေကျနဝိသိဋ္ဌမဟာ ဂုဏ်ထူးဖြင့်သာအောင်မြင် နောင်အစဉ် ဂုဏ်တောက် သမိုင်းမော်ကွန်းထိုးလောက်အောင် ပေါက် ရောက်ကျော်ဟီး မြန်မာပြည်တွင် ပဌမဆုံးသော **'တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက'** ပုဂ္ဂိုလ်ကျော်ကြီးအဖြစ်သို့ ဆိုက်ရောက်တော်မူခဲ့သည် ဖြစ်ပါကြောင်း။

(၉) ယင်းသို့ထွန်းတောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပုဂ္ဂိုလ်ကျော်ကြီးအဖြစ်သို့ ဆိုက်ရောက်တော်မူပြီးနောက် အံ့လောက်ထူးခြား သဒ္ဓါ,ဝီရိယစွမ်းပကားဖြင့် ဆန်းပြား လေးနက် ပိဋကတ်တော် ဓမ္မစက်ကို ကိုယ်နှင့်အသက် မငဲ့ ကွက်ပဲ ထက်ထက်သန်သန် ဖွဲ့မာန်အပြည့် ရှင်လူများ၏ အကျိုးကိုသာကြည့်လျက် အချိန်ပြည့်မအား နိုင်ငံလှည့် ဟောကြားတော်မူလျက်ရှိရာ မြတ်ဗုဒ္ဓသာသနာ ရောင်ဝါ တန်ခိုး လွှန်စွာပွားတိုးလျက်ရှိသည် ဖြစ်ပါကြောင်း။

(၁၀) ယင်းသို့ပွါးတိုး အများအကျိုးဆောင် ထွန်းပြောင် ထင်ပေါ် ကျွန်ုပ်တို့၏ ကျေးဇူးရှင်ဆရာတော်သည် ကမ္ဘာ ကျော်လင်း တုဖက်ကင်းသည့် ဂုဏ်မင်းရာဇာ **"တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက"**ဘွဲ့မဟာကို ကြည်သာဆွတ်ယူ ပန်ဆင် တော်မူခဲ့သည်မှာ ဂုဏ်ဝါထွန်းတောက် ၂၅-နှစ်မြောက်သို့ ဆိုက်ရောက်တော်မူလာပြီဖြစ်ပါသဖြင့် ထွန်းသစ်ထင်ပေါ် ကျေးဇူးရှင်ဆရာတော်ကို ကော်ရော်မြတ်နိုး အားကိုးရင်း ရှိကြပါသော ရန်ကုန်မြို့နေ တပည့်ဒါယကာ ဒါယိကာမ အပေါင်းတို့က ညွှတ်ပျောင်းခ,ယ ဂုဏ်ကျေးဇူးတော်အနန္တကို မြော်မြင်ကြလျက် ရွှင်ပျကြည်သာ ၁၃၄၀ ပြည့်နှစ် နယုန်လ ပြည့်ကျော်(၅)ရက် နှစ်သက်စဖွယ် စပယ်မြတ်လေး ရနံ့မွှေး သဖြင့် ကြည်အေးသာယာ မင်္ဂလာနေ့မြတ်အခါဝယ် သဒ္ဓါဖြူ စင် **"တိပိဋကဓရ ငွေရတုသဘင်"**ကို ဆင်နွဲပူဇော် ဆရာ

တော်အား သက်တော်ရှည်ကြောင်း ဆုမွန်တောင်းလျက် နှစ်ထောင်းအားရ ပူဇော်ပွဲကျင်းပကြပါသတည်း။

**(၁၃၄၀-ပြည့် နယုန်လဆန်း(၂)ရက် အရှင်နန္ဒမာလာဘိဝံသ မဟာသုဗောဓါရုံတိုက်, စစ်ကိုင်း ရေးဖွဲ့ဂုဏ်ပြုသည်။)**

မင်းကွန်းတောင်ရိုး၊ ဓမ္မနာဒကျောင်းတိုက်ကြီး၏
ဦးစီးနာယက ဖြစ်တော်မူသော
တိပိဋကဓရဆရာတော်ဘုရား၏
တိပိဋကဓရ ဘွဲ့တံဆိပ်တော် ရရှိတော်မူသည့်
၂၅ နှစ်မြောက် အထိမ်းအမှတ် ငွေရတုသဘင်
ကျင်းပပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ်
(ဓမ္မစေတီပိဋကတိုက်) ဆောက်လုပ်လှူဒါန်းသည့်
အကြောင်းအရာ

## မင်္ဂလာထောမနာစာတမ်း

❀❀❀

### သိဒ္ဓိရတ္ထု၊

(၁) ယဒါ ဧသော’ ဘိသမ္ဗောဓိံ သမ္ဗုဒ္ဓေါ မုနိပုင်္ဂဝေါ။
တဒါ ပဘုတိ ဓမ္မာယံ၊ လောကေ ဇာတော မဟုဿဝေါ။

**အဟောအစ္ဆရိ**= အံ့ဖွယ်ရှိသား ပဒါသတ္တိ+မစုရတာ ချိုသာလေးနက် မိန့်မြွက်ဆန်းပြား ဥဒါန်းစကားအရ **မုနိပုင်္ဂဝ**= အနုတ္တရမှန်ကူ သယမ္ဘူဓမ္မရာဇ် ရှင်ချစ်မြတ်စွာ စော

သတ္တာသည် **သမ္မာသမ္ဗောဓိ**= တုမရှိထင်ပေါ် မြတ်ဉာဏ်တော်ကို ရရှိတော်မူပြီးသည်မှစ၍ ပြင်းပြလှုံ့ဆော် ကရုဏာတော်ရေချမ်း သွန်းဖြန်းအပ်သော နှလုံးသားရှိရကား ဝါတော်လေးဆယ့်ငါး ရက်အားမရှိ အာစရိမုဋ္ဌိမချန် စစ်မှန်ထူးကဲ ဓမ္မသဝတရားပွဲကြီးတို့ကို ဆင်တော်မူပြီးလျှင် လျော့နဲ့အာယုချုပ်လုဆဲဆဲ ရွှေအားတော်နဲလှ၍ တရားပွဲကြီးသိမ်းတော်မူခါနီး အခါသမယတွင်-

**'ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမ'စ္စယေန သတ္ထာ'** မိန့်မှာပွင့်လင်း သာဝကတို့၏ လက်တွင်းသို့ ဓမ္မက္ခန္ဓာတို့ကို အပ်နှင်းတော်မူပြီးသည်မှစ၍ ယနေ့တိုင်ရောက် ထွန်းတောက်ရှိန်ဝါ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် များမြောင်စွာလှ ဓမ္မကာယဘုရား သာဝကတို့၏ နှလုံးသား၌ တန့်နားကိန်းဝပ်တော်မူလျက်ရှိသည်ဖြစ်ပါကြောင်း။

(၂) **သုနာပရန္တ**= ရှေးကအခေါ် ခုသော် စစ်ကိုင်းတိုင်း အဝင်အပါ သေလာမြေရောင် မင်းဝံတောင်ရိပ် ဂုဏ်ဟိတ်တက်ထွန်း **"မင်းကွန်း"** ခေါ်ကြ သူတော်စင်တို့ ပျော်မွေ့ရာဌာန၌ **"ဓမ္မနာဒ"** အနွတ္ထမည်တွင် ကျောင်းတိုက်ကြီး၏ အရှင်ဖြစ်တော်မူသော ဟေမဝါသွင် လွင်လွင်မားမား ထူးခြားထင်ပေါ် **"ဓမ္မနာဒဆရာတော်"**သည် မြော်မြင်တိကျ ပိဋကအရာ မဟာဥဿာဟ ဇွဲလုံ့လဖြင့် ဝါစုဂ္ဂတပီပြင် ပါဠိမြင်နက်သိ

အချက်မိလျက် အခက်ရှိသမျှဖြေရှင်း ထွင်းထွင်းဖောက်ဖောက် တံခွန်ဆောက်သဖြင့် အံ့လောက်သိုက်မြိုက် **"တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက"** ဟူသော ဘွဲ့မကိုဋ်ကို ထိုက်ထိုက်တန်တန် ပဌမဆုံး ပန်ဆင်တော်မူခဲ့သည်ဖြစ်ပါကြောင်း။

(၃) ယင်းသို့ ပန်ဆင် တိပိဋကဓရ မကိုဋ်ပန်း၏ အရှင် ဖြစ်တော်မူသော အာဇာနည်ပုဂ္ဂိုလ်ကျော် ဓမ္မနာဒဆရာတော် သည် ထင်ပေါ်တင့်ဆန်း တိပိဋကဓရမကိုဋ်ပန်းကြီးကို ဆင် မြန်းလျက် ရွှင်လန်းတက်ကြွ ဆဋ္ဌသံဂါယနာ ပွဲမဟာ၌ လွန်စွာ ထူးချွန် အရှင်အာနန္ဒာမထေရ်မြတ်၏ တာဝန်ကို အားသွန် ထမ်းဆောင် ထက်ခေါင်ထွဋ်ဖျား **"မဟာဗုဒ္ဓဝင်"** ကျမ်းကြီးကို ပြုစုရေးသားလျက် ရက်အားမရှိ တိပိဋက ဓမ္မစည်ကြီး ရိုက် ခတ်တီး၍ အံ့ချီးဖွယ်ရာ သာသနာမှု ပြုစု အားထုတ် မဟု သာဟထက်သန် စိတ်စေတနာမှန်သည့် လုပ်ရပ် အဋ္ဌုပ္ပတ် ကို မြော်ကြည့်ရလျှင် ဗောဓိသတ္တတပါး ဖြစ်လေမည်လား ဟု အားထားမှီခို မှန်းဆကြည်ညိုမိခဲ့ကြ သည်ဖြစ်ပါကြောင်း။

(၄) ယင်းသို့ ကြည်ညို မှီခိုလေးစား ရန်ကုန်မြို့နေ တပည့်ဒကာ + ဒကာမအများတို့သည် -

**ဗဟုဿုတော ဓမ္မဓရော၊ ကောသာရက္ခော မဟေသိနော။**
**စက္ခု သဗ္ဗဿ လောကဿ၊ ပူဇနိယော ဗဟုဿုတော။**

မိန့်ဟောရွှေစာ အပဒါန်ဒေသနာနှင့်အညီ ဂုဏ်ရည်ပြည့်ဝ 'တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက'ဘွဲ့ထူး ဆွတ်ခူးပန်ဆင် ထေရ်

အရှင်ကား နေအသွင်+လအလား ထင်ရှားတင့်တယ် သတ္တလောက၏ မျက်လုံးသဖွယ်ဖြစ်၍ ဂုဏ်ထည်နှစ်ခြိုက် ပူဇော်ထိုက်သဖြင့် သိုက်မြိုက်တင့်ဆန်း တိပိဋကဓရမကိုဋ်မှပန်းကို ဆင်မြန်းတော်မူရပြီးနောက် ၂၅-နှစ်မြောက် ဆိုက်ရောက်၍လာ (၁၃၄၀) ပြည့်နှစ်အခါတွင် သဒ္ဒါတူညီ ၂၅-ဦး ပါဝင်သော "ငွေရတုသဘင် ကျင်းပရေးကော်မ တီ"ကို ဖွဲ့စည်းပြီးလျှင် ဦးစီးမြော်မြင် နာယကလူကြီး (၇)ဦးကို ရှေ့ဆောင်တင်လျက် နယုန်လပြည့်ကျော် (၅)ရက်နေ့ [၁၉၇၈-ခု၊ ဇွန်လ -၂၅-ရက်နေ့] ၌ ရန်ကုန်မြို့ ကုက္ကိုင်းသာသနာရိပ်သာ "ဖလ်ယဉ်" ဓမ္မာရုံကြီးတွင် ဆင်ယင်ကျင်းပ ပြုလုပ်ခဲ့ကြသည် ဖြစ်ပါကြောင်း။

(၅) ယင်းသို့ဆင်ယင် ငွေရတုသဘင်၌ စီစဉ်ကျန သတ်မှတ်သော အချိန်မှစ၍ သဃနာယကဆရာတော်ကြီးများနှင့် တိပိဋကဓရဆရာတော်ကြီးများအပါအဝင် ထေရ်ရှင် (၁၅) ပါးတို့အား ခေတ္တစံကျောင်းမှ ဖလ်ယဉ်ဓမ္မာရုံသို့ ရွှေတိဂုံဘဏ္ဍာတော်ထိန်းအဖွဲ့လူကြီး 'ဦးအောင်သိန်း'က ဦးဆောင်ကာ သာသနာ့အလံ တံခွန်ကုက္ကား ကြာငါးပွင့်ပါရှိသော ငွေဖလားကို ကိုင်ဆောင်ရှေ့သွား "ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်လူကြီးများ"က လေးစားရိုကျိုး ရွှေထီးတလက်စီ ဆောင်မိုးလျက် ပင့်ဆောင်လာကြပြီးနောက်. . . ထွန်းတောက်ထင်ပေါ် တိပိဋကဓရ ပုဂ္ဂိုလ်ကျော် '**ဓမ္မနာဒဆရာတော်**'ကို သီး

တင်းသုံးတော်မူရာ "မြရတနာ" စံကျောင်းမှ "ဖလ်ယဉ်" ဓမ္မာရုံသို့ **'ရွှေဘုံသာ ဦးလှမောင်'**က တိပိဋကရေအလံ တံခွန် + ကုက္ကား ကြာငါးပွင့်ပါရှိသော ငွေဖလားကို ကိုင်ဆောင်ရှေ့သွား ငွေရတုသဘင်ကျင်းပရေး အဖွဲ့နာယကနှင့် အဖွဲ့ဝင်လူကြီး များက ခြံရံလိုက်ပါ လွန်စွာရိုကျိုး ကနက္ကဒဏ် ထီးဖြူမိုးလျက် ပင့်ဆောင်ကြပြီးလျှင် တိပိဋကရေထေရ်အရှင်သည် သံဃာ စင်အလယ် ဓမ္မာသနပလ္လင်တော်ထက်ဝယ် သီတင်းသုံး နေတော်မူပြီး သံဃနာယကမထေရ်ကြီးများက ဝဲ+ ယာ ပြင်ထား သီးသန့်နေရာများ၌ သီတင်းသုံးတော်မူကြသည် ဖြစ်ပါကြောင်း။

(၆) ပရိသတ်စုံလင် ငွေရတုသဘင်အခမ်းအနားကို နေ ၁၂ နာရီ အချိန်တွင် စ-တင်ဖွင့်လှစ်ပြီးနောက် ဝမ်း မြောက်ပျော်ရွှင် သူတော်စင်ပရိသတ်များက သံဃနာယက အဂ္ဂမဟာပဏ္ဍိတ **'အရိယမဂ္ဂင်ဆရာတော်ဘုရားကြီး'**ထံ ငါးပါးသီလ ခံယူကြပြီးလျှင် တိပိဋကရေ ရွေးချယ်ရေးအဖွဲ့ကြီး ၏ ဩဝါဒစရိယအကျော် ကြည့်မြင်တိုင် **'ဘုံပျံဆရာတော်'** က ဝိသိဋ္ဌတိပိဋကရေ ဘွဲ့ရအကျော် ဓမ္မနာဒဆရာတော်၏ ထင်ပေါ် ရည်မြူး ဂုဏ်ကျေးဇူးကို အထူးထုတ်ဖော်မိန့်ကြား တော်မူပြီးနောက် ထွန်းတောက်ပွင့်လန်း တိပိဋကရေ ဆရာ တော်၏ ဂုဏ်နှင့်စပ်သော "ထောမနာစာတမ်း"ကို ရုပ်ရှင် ဒါရိုက်တာ **'ဦးချစ်စိန်'**ကရင်း၊ "မင်္ဂလာရတုပိုဒ်စုံ"ကို၊ ရုပ်ရှင်

ဒါရိုက်တာ စာရေးဆရာ **'ဦးသုခ'**ကရင်း၊ ထေရုပ္ပတ္တိ အကျဉ်းနှင့် ဆောင်ရွက်တော်မူချက်ကို ရွှေတိဂုံဘုရားတော်ထိန်းအဖွဲ့ဝင်လူကြီး **'ဦးအောင်သိန်း'**ကရင်း၊ ကြည်ညိုလေးစားဖတ်ကြားရှင်ပျော် ဂုဏ်ရည်မျှော်လျက် ပူဇော်ကြသည်ဖြစ်ပါကြောင်း။

(၇) ယင်းသို့တူပျော် ပူဇော်ကြပြီးနောက် ထွန်းတောက်ဂုဏ်လျှံ အပူဇော်ခံသမုတ်ရ ပုဂ္ဂလဝိသိဋ္ဌ ဂုဏ်ဟိတ်ဖြာစည် အာဇာနည်ပုဂ္ဂိုလ်ကျော် ဓမ္မနာဒဆရာတော်က ရွှင်ပျော်သာယာ အနုမောဒနာ ဩဝါဒတရား ပြန်လည်ဟောကြားတော်မူရာတွင်-

က။ တိပိဋကဓရစာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ၌ မိမိရည်ရွယ်ချက် ထားရှိခဲ့ပုံ။

ခ။ ပရိယတ္တိသာသနာတော်အတွက် ဆရာနှင့် ဒကာအားပြိုင်ခဲ့ကြပုံ၊ ထိုသို့ အားပြိုင်ကြရာ၌ ဒကာဖက်က ပစ္စယာနုဂ္ဂဟတာဝန် ကျေပွန်သော်လည်း ဆရာဖက်က ဓမ္မာနုဂ္ဂဟတာဝန် မကျေပွန်မည် စိုးသောကြောင့် တိပိဋကဓရပုဂ္ဂိုလ်ပေါ် ထွန်းရေးအတွက် မိမိလုံ့လအားထုတ်နေ့လုံးသွင်းခဲ့ပုံ။

ဂ။ သာသနာအတွက် တာဝန်သိသူမှာ တာဝန်ရှိလာပုံ တာဝန်သိသဖြင့် တာဝန်သိသိဆောင်ရွက်သူများအဖို့ တာဝန်တွေ တိုးတက်လာပုံ။

ဃ။ **"အရင်းကြီးကြီးနှင့် အမြတ်အစွန်း နည်းရမည်"** ဟူသော ခံယူချက်ထားရှိပုံ၊ မိမိ၏ ဆောင်ရွက်ကြိုးပမ်းမှုများမှာ သမ္မာသမ္ဗောဓိ ဆုထူးပန် အလောင်းတော်ကြီးများ၏ ဆောင်ရွက်မှုမျိုး ဖြစ်သော်လည်း မိမိသည် "ဒုတိယဘဝ၌ မိတ်ဆွေကောင်း ပညာရှိတို့ကို အမှီရရှိပြီး၊ **"ဓမ္မဓရ"** အမည်ဖြင့် သောတာပန်အရိယာနတ်သား ဖြစ်ရပါလို၏၊ ဤဘုရားသာသနာတွင်း၌ပင် ကျွတ်တမ်းဝင်ရပါလို၏" ဟု ဆုတောင်းပုံတို့ကို စိတ်ဝင်စားဖွယ် အကျယ်တဝင့် ကျူးရင့်ဟောကြားတော်မူပြီးနောက်-

(၁) 'မမေ့မလျော့ကြနဲ့၊

(၂) သေမင်းနှင့် ငါတို့မှာ အချိန်းအချက်မရှိ၊

(၃) ဓမ္မကိစ္စများကို မဆိုင်းမတွ ဆောင်ရွက်ကြပါ' ဟု သုံးဖြာဖော်ညွှန်း သုံးခွန်းသော သတိပေးဩဝါဒစကား မိန့်ကြားတော်မူရာ ရောက်လာသမျှ အားရရွှင်ပျော် သောင်းကျော်ပရိသတ် နှလုံးခွတ်၌ မြတ်မြတ်နိုးနိုး တရားမိုးဆွတ်ဖျန်း မဟာကုသိုလ်စေတနာပန်းတွေ ဝေဆာပွင့်လန်းခဲ့ကြသည်ဖြစ်ပါကြောင်း။

(၈) ထိုမှတဖန် ဘုန်းကံကြီးမား တိပိဋကဓရ ဓမ္မနာဒ ဆရာတော်ဘုရားသည် ပိုင်းခြားဝေဘန် သုံးတန်စေတနာ ပြတ်သားစွာဖြင့် သာသနာတော်အရေး အရှည်မြော်တွေး

လျက် အရေးတယူ မိမိအား နိုင်ငံတော်အစိုးရက ရှေးက လည်း ပေးလှူခဲ့၍ နောက်နောင်လည်း ရာသက်ပန်လှူဒါန်း မည့် [၁၃၃၉ ခုနှစ် တပို့တွဲလ၊ ၁၉၇၈ ခုနှစ်၊ ဖေဖဝါရီလမှ အစပြုသည့်] တိပိဋကရေပူဇာ ဆွမ်းဆန်တော်ရိက္ခာကိုရင်း ယခုအခါ ကြီးစွာနွဲဆင် ငွေရတုသဘင်၌ ပါဝင်ပူဇော် ငါး သောင်းကျော် အလှူတော်ငွေတို့ကိုရင်း ကြည်ပျော်သဒ္ဓါ အနာဂတ်သာသနာဝယ် ဆက်ကာမပျက် "တိပိဋကရေ ညီတော်တွေ" ပေါ်ထွက်စေခြင်းအကျိုးငှါ သမ္မာဆန္ဒ ပြင်းပြ ထက်သန် ပြုစီမံလျက် ဇေကန်ထွန်းသစ် **"တိပိဋက နိကာယ ကျောင်းတိုက်"** ကို ဖွင့်လှစ်ပြီးလျှင် ညီချစ်များစွာ မပန်းပါပဲ ကျမ်းစာပိဋကတ် ကျက်+မှတ်+ပြန်ဆို ကွန်းခိုနားနေ ချမ်း သာစေရန် ရည်သန်၍ငလန်း နိကာယ်သာသနာတော်အား လှူဒါန်းပါကြောင်း နှစ်ထောင်းအားရ ဖွင့်ဟမိန့်ကြားတော်မူခဲ့ သည်ဖြစ်ပါကြောင်း။

(၉) သာသနာတော်အား ကျေးဇူးများသော စာသင်သား တို့ ပျော်မွေ့ရာ ကျောင်းတိုက်ကြီးတတိုက်တတာ ဟူသည်မှာ လည်း-

"သာယာစိုပြေ အထွေထွေသော သီး+ပွင့်ပင်တို့ ပြိုင် ယှဉ်ပွင့်+သီး ရှုမငြီးသည့် ဥယျာဉ်ကြီးအတွင်းဝယ် မှီတင်း ပျော်အောင်း ပျားပိတုံးအပေါင်းတို့ သောင်းသောင်းဖျဖျ တပင်မှတပင် ကူးဝင်ပျံလွှား ပျော်ပျော်ပါးပါး စားသုံးစုပ်

နမ်းကြရမှသာ ဗလခွန်အား တနေ့ထက်တနေ့ တိုးပွါး၍ ကြီးမားကောင်ထည် တဒီဒီနှင့် ထို+ဤပျံလွှား ချမ်းသာကြီးပွား နိုင်ကြသကဲ့သို့”-

ထို“တိပိဋကနိကာယကျောင်းတိုက်ကြီးအတွင်းဝယ် ကြည့်ဖွယ်ရှုဖွယ် အသွယ်သွယ်သော ပါဠိ+အဋ္ဌကထာ+ဋီကာ နိသျ ဤသို့စသည့် ပိဋကကျမ်းစာ အဖြာဖြာတို့ ကောင်းစွာ ပြည့်စုံ ကုံလုံလောက်င ရှိပါမှသာ နိကာယအရှင်များ စာသင်သားတို့ အားရစွာကြည့်ရှု ဗဟုသုတများဖြင့် တနေ့ထက်တနေ့ ကြီးထွားကြလိမ့်မည်”. . .

ဤသို့ဆင်ခြင် ဉာဏ်သက်ဝင်သည့် မြော်မြင်ပြည့်စုံ မြို့ရန်ကုန်ဒေသ မင်းနေပြည်ဌာနဝယ် အာစာရဖြူစင် ငွေရတုသဘင်ဦးစီး အမျုးအကြီး ဥပါသကာ ၂၅ ဦးသော သာသနာပြုဒါယကာတို့သည် သုံးဖြာပိဋက နိကာယစာရင်း ဝင် ပါဠိ+အဋ္ဌကထာ+ဋီကာစသော ကျမ်းစုံလင်အောင် ကြည်ရွှင်စိတ်ဝမ်း မိမိတို့ကိုယ်တိုင်လည်း လှူဒါန်း, စေတနာရှင်တို့ကိုလည်း တိုက်တွန်းကြ၍ ပြည့်ဝစုံညီ အလုံးစုံသော ဓမ္မစေတီတို့ကို ရွှင်ကြည်ကော်ရော် သူထက်ငါဦး ပူဇော်ကြ ပြီးလျှင် ထိုဓမ္မစေတီတို့၏ ကိန်းဝပ်စံပယ်ရာ ဓမ္မာလယ ဂန္ဓကုဋ္ဌိ တိပိဋကရေမမ္မနာဒဆရာတော်ဘုရား၏ နှစ်ဆယ့် ငါးနှစ်မြောက် တိပိဋကမိုရ် အာဒိကမ္မိကပုဂ္ဂိုလ်အဖြစ် ရောက်သည့် ငွေရတုသဘင်အထိမ်းအမှတ် **“ပိဋကတ်**

**တိုက်တော်မြတ်**" ကိုလည်း သဒ္ဓါဓာတ်လျှမ်းတောက် ဝမ်းမြောက်ဝမ်းသာ ဆောက်လုပ်လှူဒါန်းကြသည် ဖြစ်ပါကြောင်း ပြဟ္မာ+နတ်+လူ သုံးဘုံသူအပေါင်းတို့အား ထပ်လောင်းကြေငြာ မြတ်ကောင်းမှု ဖို့ဘာဂကို သဒ္ဓါရှင်လန်း အမျှဝေကမ်းကြပါသည် ဝမ်းမြောက်နှုမော် သာဓု+သာဓု+သာဓု ခေါ်ကြပါစေသောဝ် . . . .

**အရှင်နန္ဒမာလာဘိဝံသ၊ မဟာသုဓောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး ရေးသား၍ ဦးအောင်သိန်း၊ ရွှေတိဂုံဘုရားဘဏ္ဍာတော်ထိန်း လူကြီးမင်းရွှတ်ဖတ်ပူဇော်သည်။ ၁၃၄၀ ပြည့် တော်သလင်း လပြည့်ကျော် (၃)ရက်နေ့ [၁၉/၉/၇၈]**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့ ဝါးနက်ချောင်းကျေးရွာ
ဓမ္မဒူတဆေကိန္ဒာရာမ ဇေတဝန် တောရကျောင်းတိုက်၌
ဆင်ယင်ကျင်းပအပ်သော
၁၉ ကြိမ်မြောက် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ
သံဃာ့အစည်းအဝေးကြီး၌
စစ်ကိုင်းမြို့၊ မဟာသုဓောဓာရုံကျောင်းတိုက်၊ ပဓာနနာယက
ပါမောက္ခချုပ်ဆရာတော် **ဘဒ္ဒန္တနန္ဒမာလာဘိဝံသ**
ရေးသားပူဇော်အပ်သော

# အခမ်းအနားသိမ်း

# ဇယမင်္ဂလာ အောင်ဩဘာစာတမ်း

**ရွှေကျင်နိကာယဝံသဇာ၊ ထေရာ သာသနမာမကာ။**
**သမဂ္ဂစိတ္တာ မန္တေန္တိ၊ ဓမ္မကိစ္စာနိ ကာတဝေ။**

**ရွှေကျင်နိကာယဝံသဇာ= 'အင်ကျင်းခက်ကိုင်း ရွှေကျင်ဂိုဏ်း'**ဟု သမိုင်းအစ သင်္ကေတဖြင့် ဖော်ပြခဲ့ရာ ၁၁၂၂-ခုနှစ်ကောဇာ၌ ပေါ်လာထွန်းသစ် ဓမ္မရာဇ်၏ ရှင်ချစ်

သာသနာ ပြည်မြန်မာဝယ် သိက္ခာကာမ ရွှေကျောင်းနိကာယ သာသနာအနွယ်ဖြစ်တော်မူကြကုန်သော၊ **သာသနမာမကာ**= မြတ်ဗုဒ္ဓ၏ အဆုံးအမ အသုံးချလျက် နှလုံးလှရန် ဓမ္မခန်ကို ဝေဖန်ဟောပြ ဓမ္မဝိနယကို မြတ်နိုးတော်မူကြကုန်သော၊ **ထေရာ**= ဂဏုက္ကဋ္ဌရတ္တညူ စင်ဖြူသီလ နိကာယဝန်ဆောင် ဂုဏ်ရောင်မြင့်မား ရွှေကျောင်းနိကာယမဟာထေရ်အများတို့ သည်၊ **ဓမ္မကိစ္စာနိ**= ရှင်မဟာကဿပ ရှင်ဥပါလိ ရှင်အာနန္ဒာ ထေရ်ငါးရာတို့ ညီညာပေါင်းစု အတည်ပြုလျက် နယပဒေသ မူချခဲ့သည့်အတိုင်း တုန့်နှိုင်းဖော်ပြ ထေရဝါဒသာသနာ၏ ဓမ္မကိစ္စတို့ကို၊ **ကာတဝေ**= နည်းမှန်လမ်းမှန်အစွမ်းဉာဏ်ဖြင့် ဝေဖန်ရှုမျှော် ဆောင်ရွက်တော်မူကြရန်အလို့ငှာ၊ **သမဂ္ဂစိတ္တာ**= ရွှေသားနှစ်ချပ် ဂဟေစပ်သို့ ကြားလပ်မရှိ ညီညွတ်သော စိတ်ထားရှိကြကုန်သည်ဖြစ်၍၊ **မန္တေန္တိ**= ရွှေကျောင်းနိကာယ ဓမ္မသဘင် ဆယ့်ကိုးကြိမ်မြောက်ပွဲကြီးယင်လျက်တိုင်ပင်ဆွေးနွေး အရေးကုံလုံ အစည်းအဝေးကြီး ကျင်းပတော်မူကြလေကုန်သတည်း။

အောင်သူတကာတို့၏ အဓိပတိ မုနိပဝရ အတုမရှိစံပြ အနုတ္တရမှန်ကူ သုံးလောကတွင် အောင်လံထူသည့် သယမ္ဘူ ထွဋ်မှထား ရှင်တော်မြတ်ဘုရားသည် ပြတ်သားဧကန် သစ္စာတရားအခြေခံသည့် ဓမ္မက္ခန္ဓာတရားပေါင်း ရှစ်သောင်း လေးထောင် များမြောင်လှစွာ ဓမ္မဝိနယသာသနာ အစ၏

ကောင်းခြင်း= **အာဒိကလျာဏဂုဏ်**၊ အလယ်၏ ကောင်းခြင်း= **မဇ္ဈေကလျာဏဂုဏ်**၊ အဆုံး၏ကောင်းခြင်း= **ပရိယောသာနကလျာဏဂုဏ်**၊ အနက်သဒ္ဒါပြည့်စုံခြင်း= **သာတ္ထသဗျဉ္ဇနဂုဏ်**၊ လိုကွက်, ဟာကွက် ပျော့ညံ့ကွက်နှင့် ဖြည့်စွက်စရာ မရှိခြင်း= **ကေဝလပရိပုဏ္ဏဂုဏ်**၊ တစ်စုံ တရာအမှားပါခြင်း ပို လွန်နေခြင်း အလျင်းမရှိ ပရိသုဒ္ဓဂုဏ်တို့နှင့် ပြည့်စုံရုံမျှမက ဗြဟ္မစရိယ ပကာသနီ နှစ်အဆီပြည့်ဝ ပဏ္ဍိတဝေဒနိယ ဖြစ်သော တရားတော်မြတ် ဒေသနာကို သေချာစေ့ငု သတ္တဝါတို့၏ အကျိုးကိုရှေ့ရှုလျက် ဓမ္မပဒေသလမ်းပြထုတ်ဖော် ဟောကြားတော်မူခဲ့သည်ဖြစ်ပါကြောင်း. . . . . .

ယင်းသို့ဟောကြား မြတ်ဘုရား၏ သွာက္ခာတတာ အစ လာသည့် ဓမ္မရတနာအဖုံဖုံ မြင့်မြတ်သည့်ဂုဏ်ကို ပြည့်စုံ တင့်ဆန်း ဆင်မြန်းခံယူ အောင်လံထူတော်မူခဲ့ကြသည့်အရှင်ကောဏ္ဍည အစ အရှင်သုဘဒ္ဒအဆုံး သိမ်းကျုံးတွက်ဆ အရိယာန္တယ်ဝင်သံဃာတော်ထေရ်အရှင်တို့ ပါဝင်ဖွဲ့စည်း သံဃာ့ရတနာကြီးသည် အုံ့ချီးဖွယ်ရာ ဤသာသနာ၌ ညီညာလျှမ်းတောက် ထွန်းကားပေါ်ပေါက်ခဲ့ဖြစ်ပါကြောင်း. . . .

ယင်းသို့ ထွန်းတောက်ပေါ်ပေါက်၍လာ ညီညာလုံးစည်း ညီညွတ်သောသံဃာ့အဖွဲ့အစည်းကြီးသည် ဘုန်းမီးနေလ ထိန်ထိန်ပသည့် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန် တော်မူပြီးသည့်

နောက်အခါဝယ် အရှင်မဟာကဿပဦးစီးသည့် သံဃာ့မဟာထေရ်မြတ်ကြီးတို့ စည်းဝေးညွှန်ပြ ထေရဝါဒကို ခံယူကြလျက် ဓမ္မဝိနယသာသနာ ရှည်ကြာ ပြန့်ပွား ထွန်းကားစေရေး ညှိနှိုင်းတိုက်ဆိုင်ကာ အတည်ပြု ပေးခြင်းဟူသော 'တိပိဋကဓမ္မဝိနယ သင်္ဂါယနာသဘင်ပွဲ'ကို ရှေးဦးစွာ ဆင်နွှဲကြလျက် အစဉ်အမြဲ သတိမကွာ သာသနာတော် အရှည်တည်တံ့အောင် ဆောင်ရွက်တော်မူခဲ့ကြသည်ဖြစ်ပါကြောင်း. . . .

ယင်းသို့ ဆောင်ရွက်တော်မူခဲ့ကြသဖြင့် ဆက်လက်ရှင်သန် ဓမ္မခန်တရား ထွန်းကားပြန့်ပွားလာခဲ့ရာ နောက်ပိုင်းအခါဝယ် နာနာဇနပဒ ဒေသမျိုးစုံ အတွေ့အကြုံကွဲပြားနာနာကုလ လူမျိုးခြားတို့ တိုးပွါးလာရာ ဤသာသနာ၌ ကရုဏာပဓာန ဝိနယဒေသနာ စည်းကမ်းပိုင်းဆိုင်ရာဝယ် သဒ္ဓါယွင်းပ မမှန်မကန်သော အယူအဆများကို သွတ်သွင်းလာခဲ့ကြသဖြင့် **အရှင်ယသ** ဦးဆောင်သည့် ခုနစ်ရာကျော် သံဃာတော်များ စည်းဝေးလျက် ရှေးနည်းမပျက် ဝိနယ စည်းကမ်းပိုင်းဆိုင်ရာ အသက်ဆက်စေဖို့ မပျက်မကွက် ဆောင်ရွက်တော်မူခဲ့ကြသည့် **'ဝိနယသင်္ဂါယနာ'** ကို ဆောင်ရွက်တော်မူခဲ့ကြသည်ဖြစ်ပါကြောင်း. . . . . . .

တဖြာထိုမှ **အရှင်မဟာမောဂ္ဂလိပုတ္တ**တို့ ဦးဆောင်သည့် သံဃာတော်များအစည်းအဝေးက ဒေသနာဓမ္မ အရေးအရာ

လွဲမှားစွာ ယူဆမှုတွေ များပြားလာသဖြင့်,သေချာစိစစ် မြတ်ဘုရား၏ ဝိဘဇ္ဇဝါဒအစစ်ကို စနစ်တကျဝေဘန်ကာ ဒေသနာယုတ္တိ ထုံးရှိမြှော်တွေး အတည်ပြုပေးခြင်းဟူသော **'အဘိဓမ္မသင်္ဂါယနာ'**။ တဖြာထိုမှ နောင်ကာလဝယ် ဓမ္မရေ ပုဂ္ဂလတို့ တစတစယိုယွင်း သတိဝီရိယတို့ ဆုတ်ယုတ်လာခြင်း ကိုအကြောင်းပြုလျက် ပေါင်းစုညီညာ ထေရ်သံဃာတို့ မြန် စွာစည်းဝေး ဓမ္မဝိနယအသွယ်သွယ် ပျောက်ကွယ်မည့်အရေး မျှော်တွေးဆင်ခြင်ကာ **'ပေါတ္ထကာ ရုဠ္ဌသင်္ဂါယနာ'** ပေထက် အက္ခရာတင်ကြပြီးလျှင် ဗုဒ္ဓဝစန မူလအချက် မပျောက်ပျက် အောင် ဆောင် ရွက်တော်မူခဲ့ကြသည်ဖြစ်ပါကြောင်း. . . .

ထိုမှတဖြာ သာသနာနှစ် ၂၄၀၀ သို့ ရောက်ရှိလာသည့် အခါဝယ် ထွန်းတောက်သာသနာ ပြည်မြန်မာ၌ ကြည်သာ ရွှင်ပြုံး ဘုရင်မင်းတုန်း၏ ရွှေလက်ထက်တော်အခါ ညီညာ ဖွေးလက် ကျောက်ပြားထက်ဝယ် ရေးစီလျက် ဓမ္မဝိနယ အရှည်တည်ရေး မျှော်တွေးစီစဉ် သေလက္ခရာရုဠ္ဌသဘင်ကို ဆင်ယင်ကျင်းပတော်မူခဲ့ကြသည့် **'တိပိဋက စိရဋ္ဌာယီ သင်္ဂါ ယနာ'**။ တဖြာထိုမှ ပိဋကဝ၌ ယွင်းကျပျက်ယို အပိုအလို ရောစွက် ပါ၌ပျက်အက္ခရာ မပါမဝင် လွန်သန့်စင်အောင် သုတ်သင်တည်းဖြတ် သပ်ရပ်ပြည့်စုံအောင် ပုံနှိပ်လုပ် ဆောင်ခြင်း ဟူသော **'တိပိဋကဝိသောဓန သင်္ဂါယနာ'** အား ဖြင့် သာသနာသက်ဆင်း နှစ်ထောင့်ငါးရာ နှစ်ကာလအတွင်း

ဝယ် ခြောက်ကြိမ်တိုင်တိုင် သင်္ဂါယနာတင်ခြင်း တိုက်ဆိုင် ညှိနှိုင်းခြင်းဖြင့် ထန်ပြင်းလုံ့လ မြတ်ဗုဒ္ဓ၏ အဆုံး အမသာ သနာ ဓမ္မက္ခန္ဓာတို့ ရှည်ကြာတည်ရေး ဉာဏ်မျှော် တွေး ကာ အလေးပေး ဆောင်ရွက်တော်မူခဲ့သည် ဖြစ်ပါ ကြောင်း. . . ။

ယင်းသို့ မပျက် အလေးပေးဆောင်ရွက်တော်မူခဲ့ကြသဖြင့် ကမ္ဘာ့အလယ် ခန့်ထည်ရှိန်ဝါ မြတ်ဗုဒ္ဓ၏ သာသနာဝယ် **'ဝိနည်းသည်သာ သာသနာ့အသက်'**ဟု နှစ်သက်ယုံကြည် **'ဝိနည်းတည်မှ သာသနာတည်မည်'**ဟူသော ခံယူချက်ဖြင့် စံနမူမပျက် လိုက်နာကျင့်ဆောင် အမြင့်ခေါင်ဖျား သာသနာ တော်ဝယ် အလွန်ထင်ရှားသည့် **'ရွှေကျင်ဆရာတော်ဘုရား ကြီး'** ဦးစီးသည့် ရွှေကျင်နိကာယ သံဃာ့အဖွဲ့အစည်းကြီး သည် ရှုမငြီးပေါ်လွင် သာသနာ့ကောင်းကင်ပြင်ဝယ် တိမ် စင်လအလား သွင်ပြင်ခြားနားလျက် ထင်ရှားစွာ ပေါ်ထွန်းခဲ့ သည်ဖြစ်ပါကြောင်း . . .

ယင်းသို့ပေါ်ထွန်း လပြည့်ဝန်းအလား ထူးခြားတင့်တယ် တာရာကြယ်အပေါင်း ခြည်ေကာင်းဝန်းရံ သာသနာ့ကောင်းကင် နဘံဝယ် အောင်လံလွှင့်ထူ အဆင့်မြင့်တလူလူဖြင့် ကျင့်မူ အလေးထား ရွှေကျင်နိကာယဂိုဏ်းသားတို့ စိတ်ထားတူညီ သာမဂ္ဂီဟု မနသီနှလုံးသား ပိုင်းခြားမထင် ရွှေပြားနှစ်ချပ် ဆက်စပ်သည့်အသွင်ဖြင့် ဂုဏ်တင်စံပြု ညီညွတ်မှု အလေး

ပေးလျက် သာသနာသွေး ရဲရဲညီ သာမဂ္ဂီဖြစ်အောင် သတိဆောင်လျက် (တစ်ဆယ့်ရှစ်ကြိမ်တိုင်အောင်သော) ဂိုဏ်းလုံးကျွတ် သံဃာအစည်းအဝေးကြီးများကို ကျင်းပပြီးစီးခဲ့ပါကြောင်း . . . . ။

ယခုအခါ မြန်မာသက္ကရာဇ် တွက်စစ် ရောက်လာ (တစ်ထောင့်သုံးရာ ခုနစ်ဆယ့်ခြောက်ခု)ရတုဟေမန် ကောင်းကင်ယံ၌ တိမ်ပျံထက်က ထွန်းတောက်ပသည့် မာဃနက္ခတ် စန်းမြတ်ယှဉ်တွဲ တပို့တွဲဟု ပေါက်လဲပွင့်တုံ ရာသီကုမ်၏ ဆန်းကြူခါစ ၈ ရက်, ၉ ရက်, ၁၀ ရက်နေ့ အခါသမယဝယ် သာစွဌာနီ တောရိပ်မှိုသည့် မော်ဘီရိပ်ငြိမ် ဆေကိန္ဒာရာမ တောရဇေတဝန် တံခွန်ထူစိုက် ဤကျောင်းတိုက်၌ နှစ်ခြိုက်ကြည်သာ ညီညာစုရုံး သာသနာတော်လုံး ဆိုင်ရာ ရွှေကျင်နိကာယ သံဃာ့ဥသျှောင် ဂုဏ်ရောင်ကြီးမား ဆယ့်လေးပါးမြောက် ရွှေကျင်သာသနာပိုင်ဆရာတော် ဘုရားကြီးနှင့်တကွ သံဃာ့ထေရ်ကြီးတို့ ရှေ့ဆောင်ဦးစီး(၁၉ ကြိမ်မြောက်)ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီးကို ဝေးနီးကြွလာ တစ်ထောင်ကျော်ထေရ်မဟာတို့ ဝင်ပါဆင်နွှဲ ညီညာသည့်စိတ်ဖွဲ့ဖြင့် ထန်ကဲလုလ္လ **'သမဂ္ဂါနံ တပေါ သုခေါ'** မိန့်မှာသည့် ဒေသနာစကားအရ ရွှေကျင်နိကာယသာသနာ ရှည်ကြာတည်ရေး ဆွေးနွေးဆုံးဖြတ် နှလုံးခာတ်ကြည်ဖြူ အောင်လံကြီးစိုက်ထူကြပြီးလျှင် အောင်တေးသံ ဟစ်ဆို

ကြွေးလျက် အောင်သာဓုသံ အကြိမ်ကြိမ် ပေးလိုက်ကြကုန်ရာ သတည်း ။ ။

**ရေးသားပူဇော်သူ - အရှင်နန္ဒမာလာဘိဝံသ**
မဟာသုဗောဓာရုံကျောင်းတိုက်၊
စစ်ကိုင်းမြို့။

**ဖတ်ကြားပူဇော်သူ - အရှင်အဘိဇာတာဘိဝံသ**
သဒ္ဓမ္မဇောတက
သုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့။
နန္ဒဝန်ရပ်၊ မုံရွာမြို့။

မတ္တရာမြို့နယ်– ကျွဲထပ် ပုဂံစုရွာ၊ လေသာကျောင်းတိုက်
သာသနကမ္မသမဂ္ဂကရဏီ သိမ်တော်

## အောင်မင်္ဂလာစာတမ်း

❁❁❁

**ဇယတွာ’ ယံ နမော တဿ၊ သမ္ဗုဒ္ဓဿ သိရီမတော။**
**ဌာတွာ’ ယံ သာသနကမ္မ - သမဂ္ဂကရဏီ သိမာ။**

**အယံ=** ညီညာပြုကြ ဤသိမာသမ္မုတိကိစ္စသည်၊ **ဇယတု=** အောင်မြင်ပါစေသတည်း၊ **သမ္ဗုဒ္ဓဿ=** ဥေ ယျမြေအားလုံး သိမ်းကြုံးကုန်စင် သိမြင်တော်မူတတ်သော၊ **သိရီမတော=** ထူးကဲစုံလင် ကျက်သရေရှင်ကြီး ဖြစ်တော်မူသော၊ **တဿ=** ထိုမြတ်စွာဘုရားအား၊ **နမော=** ရိုသေမြတ်နိုး ရှိခိုးပါ၏၊ **အယံသာသနကမ္မသမဂ္ဂကရဏီ သိမာ**=မတ္တရာမြို့နယ် ကျွဲထပ် ပုဂံစုရွာ လေသာအရာမ် ဝိသုံဂါမ်ထုတ်ဖေါ် ဤ သာသနကမ္မ သမဂ္ဂကရဏီသိမ်တော်သည်၊ **ဌာတု=** သာသနာငါး ထောင် ရှည်အောင်မသွေ တည်ပါစေသတည်း။

ဗောဓိညောင်ဝန်း အောင်မြေကွန်း၌ ရံဝန်းလည်ပတ် မာရ်ရစ်တပ်ကို တန့်ရပ်မနား ဆုတ်ရှားပြေးစေ အောင်မြေ ထိပ်ထက် မေတ္တာစက်ဖြင့် ဖြိုဖျက်ရှင်းလင်း အောင်ပွဲခင်းနိုင် ခဲ့သော- သုံးလောကထွတ်ထား မြတ်ဘုရားသည် တပည့်သား သာဝက သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၏ မှုခန်းဖြာဖြာ သံဃာ့ရေးရာကိစ္စ အဝဝတို့ကို သမဂ္ဂသရုပ်ပီ တညီတည်း ဆောင်ရွက်စေနိုင်ရန် ဝေဖန်နိုင်းချိန် သိမ်ဟုခေါ်ကြ ဌာနတ ရပ် ပညတ်မိန့်ချွေ သမုတ်စေတော်မူခဲ့သည် ဖြစ်ပါကြောင်း။

ယင်းသို့ပညတ် သမုတ်စေအပ်သည်နှင့်ညီစွာ မတ္တရာ မြို့ရပ် **'ကွဲထပ်ပုဂံစုရွာ'** ဂေါစရဂါမ်ရှိသော **'လေသာကျောင်း တိုက်'** ကမ္ဗည်းစိုက်ဘိ သံဃိကအရာမ် ဘူနက်သန်ဝယ် ဝိသုံဂါမ် သနား အစိုးရတို့ အပိုင်စားပေးရာဌာန မဏ္ဍလ၌ စစ်ကိုင်းမြို့ -မဟာသုဗောဓာရာမ နာယကဆရာတော် **အရှင်နာရဒ**၊ တိုက်အုပ်ဆရာတော် **အရှင်ဉာနဗလ**တို့ ဦးစီး လျက် မတ္တရာမြို့ ကွဲထပ် ပုဂံစု လေသာကျောင်းဆရာတော် **အရှင်သြဘာသ** စသော သံဃာတော်များသည် ၁၃၃၄ ခု ကဆုန်လပြည့်ကျော် ၁၄ ရက်နေ့အခါတွင် သီမာသမူဟန ကမ္မဝါအမိန့်စာဖြင့် အခါခါအထပ်ထပ် သိမ်ဟောင်းကို နှုတ်လတ်၍၊ ၁၅ ရက်နေ့ ကြံုတွေ့မင်္ဂလာ ချိန်အခါ၌ သီမာ သမ္မုတိ ဉတ္တိဒုတိယကမ္မဝါ အခါခါရွတ်ဖတ် ဤသာသနကမ္မ သမဂ္ဂကရဏီသိမ်တော်မြတ်ကို သမုတ်အပ်သည်ဖြစ်ပါကြောင်း။

ယင်းသို့ သမုတ်အပ် ဤသိမ်တော်မြတ်သည် မတ္တရာကျွဲထပ် ပုဂံစုရွာ သိမ့်ဒကာ ဒကာမတို့က သာသနာနုဂ္ဂဟထာဝရကုသိုလ် ပြုလိုအားရ ပံ့ထောက်ကြသောကြောင့်ရင်း၊ ကမ္မာကမ္မ ကောသလ္လဉာဏ်ပို ဝိနည်းမိုရ်အကျော် ဆရာတော်အများ ဝိနည်းတရားနှင့်အညီ အလီလီအထပ်ထပ် သမုတ်အပ်သောကြောင့်ရင်း၊ အတိခုဒ္ဒိကာ အတိမဟာတီ စသည်စုရုံး သိမ်ပျက်ဆဲ့တလုံးမှ လွတ်လပ်၍ နိမိတ်, ကမ္မဝါ, ပရိသတ် သုံးရပ်သောသမ္ပတ္တိ နိမိတ်ချင်းစပ်ထိ၍ နှံ့သိပထဗျာ အာဏာစူးရှ သာသနာ့ငါးထောင် ကြာအောင်သက်ဆင်းလျက်၊ ၁၃၃၄ ခု၊ ကဆုန်လပြည့်ကျော် ၁၅ ရက်၊ ထက်မြက်ရှိန်ဝါ မင်္ဂလာအခါတွင် ထူးကဲစွာ အောင်မြင်ခြင်းသို့ ရောက်ခဲ့ပါသတည်း။

**အရှင်နန္ဒမာလာဘိဝံသ**
မဟာသုဗောဓာရုံတိုက်၊
စစ်ကိုင်းမြို့။



## တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ မောင်းမကန် ပန်းတင်းအင်းရွာ ကျောင်းသစ်ကျောင်း၊ သိရိဝိဇယသမင်္ဂကရဏီသိမ်တော်

# ဇယမင်္ဂလာစာတမ်း

❀❀❀

**ဇယတု နော နမော တဿ၊ သမ္ဗုဒ္ဓဿ သိရီမတော။**
**ဧတ္တာယံ သိရီဝိဇယ-သမင်္ဂကရဏီ သိမာ။**

**ဇယတု**=အန္တရာယ်ခပင်း ရန်သွယ်ရှင်းလျက် ကောင်းခြင်း မင်္ဂလာ အောင်ခြင်းကြီး အောင်မြင်ပါစေသတည်း။ **သမ္ဗုဒ္ဓဿ**= သိဖွယ်လုံးစုံ ဉာဏ်ဖြင့်ခြုံ၍ စွမ်းကုန်ကြည်လင် သိမြင်တော်မူ တတ်သော၊ **သိရီမတော**=ဦးတချချ ဖူးမဝအောင် မြူးကြွ သပ္ပါယ် လွန်တင့်တယ်သည့် ကြီးငယ်လက္ခဏာ အဖြာဖြာတို့ လွန်စွာစုံလင် ကျက်သရေရှင် ဖြစ်တော်မူထသော၊ **တဿ (ဘဂဝတော)**=ငါးမာရ်အောင်မြင် ထိုဘုရားရှင် ကိုယ်တော် မြတ်ကြီးအား၊ **နော**= သာသနာ့ဝန် လွန်ကျေပွန်ဘို့ အားသွန် ထမ်းပျော် တပည့်တော်တို့၏၊ **နမော**=ဦးညွှတ်ရှိုကျိုး သဒ္ဓါဖြိုး လျက် ရှိခိုးခြင်းသည်၊ **အတ္ထု**=စင်စစ်မသွေ ဖြစ်ပါစေသတည်း။

**သိရိဝိဇယသမင်္ဂကရဏီ**= ကျက်သရေလျှံ အောင်ပွဲခံလျက် စစ်မှန်ပေါင်းစု ညီညွတ်မှုဖြင့် ဝိနယပဒေသာ ကမ္မာကမ္မ မှန်သမျှအထွေထွေ ပြုလုပ်ရာဖြစ်ပေသော၊ **အယံ သီမာ**= ဝိသုဂါမ မဏ္ဍလ၌ စံပြထင်ပေါ် ဤမြတ်သိမ်တော်သည်၊ **ဌာတု**=ငါးထောင်သာသနာ ဂုဏ်ရောင်ဖြာလျက် ရှည်ကြာမသွေ တည်ရှိပါစေသတည်း။

ဗောဓိညောင်ဝန်း အောင်မြေကွန်းဟု တင့်ရှန်းတေဇာ အပရာဇိတ ပလ္လင်မ၌ ဒေဝရန်စစ် မာရ်ဆိုးညစ်ကို စင်စစ် တွန်းလှန် အောင်ပွဲခံတော်မူခဲ့သော သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသည် တပည့်သားသာဝက သာသနာ့ ဝန်ထမ်း ရှင်ရဟန်းတို့၏ မှုခန်းအဖြာဖြာ သံဃာ့ရေးရာကိစ္စ အဝဝတို့ကို သမဂ္ဂသရုပ်ပီ ကိုယ်စိတ်ညီလျက် ချစ်ကြည် အတူတကွ ဧကာဝါသသဘော နို့နှင့်ရေ ရောသကဲ့သို့ ချော မောပြေလည် တညီတည်းဆောင်ရွက်စေနိုင်ရန် ဝေဖန်နှိုင်း ချိန် ဤသည့်သိမ်ကို ကြိမ်ကြိမ်မြွက်ဖော် ပညတ်ခွင့်ပြုတော် မူခဲ့သည်ဖြစ်ပါကြောင်း။

ယင်းသို့ပညတ် သိမ်အရပ်ရပ်တွင် ဖွဲ့အပ်ကမ္မဝါ သီမာ ဗဒ္ဓမျိုး အကျိုးသာသနာ ရှေးရှုကာဖြင့် တနင်္သာရီတိုင်း ရှုတိုင်း သာယာ သေလာမြင့်ခေါင် တောတောင်အုပ်ဆိုင်း မှိုင်းမှိုင်း မို့မို့ ညို့ညို့ပြာပြာ အဏ္ဏဝါပင်လယ် ရံသွယ်ရှုမညီး ထားဝယ် မြို့အနီး အုံ့ချီဖွယ်အတန်တန် **'မောင်းမကန် ပန်းတင်အင်း'**

ဂုဏ်သတင်းခညောင်း **'ကျောင်းသစ်ကျောင်း'**၌ စုပေါင်းစုံစွာ ထေရ်မဟာတို့နှင့် အတူတကွ **'အရှင်သောဘဏ'** ဌာနလက်ကိုင် ကျောင်းထိုင်ဆရာတော် ပုဂ္ဂိုလ်ကျော်တို့သည် နိုင်ငံတော်အစိုးရ အမိန့်ချစည်းတား ထူးခြားစစ်မှန် ဝိသုံဂါမ်မည်ရ မဏ္ဍလ၌ သီမာသမ္မုဟနကမ္မဝါ အခါခါရွတ်ဖတ် သိမ်ဟောင်းကို နှုတ်လတ်၍ ကင်းပြတ်သမ္ဘေဒ အဗ္ဗောဟ္တရဏမရှိ ပကတိသန့်စင် မြေအပြင်ဝယ် ထေရ်ရှင်များစွာ ညီအညာဖြင့် သီမာသမ္မုတိ ဉတ္တိဒုတိယကမ္မဝါ မှန်စွာရွတ်ဖတ်လျက် ၁၃ ခု၊ လ၊ ရက်၊ နေ့ မင်္ဂလာအခါတွင် **သိရိဝိဇယ သမဂ္ဂကရဏီ**=ဂုဏ်ရည်ပေါ်လတ် ဤဝိသုံဂါမသိမ်တော် မြတ်ကို သမုတ်အပ်သည်ဖြစ်ပါကြောင်း။

ယင်းသို့ သမုတ်အပ် ဤသိမ်တော်မြတ်သည် ဆင့်ထပ်ကြောင်းခံ **'မောင်းမကန် ပန်းတင်အင်း'** နေရင်းဌာန **'ဦးလှိုင်ရွှေ + ဒေါ်သန်းသန်း'** မိသားစု သိမ့်ဒကာ သိမ့်အမတို့က သာသနာ နုဂ္ဂဟ ထာဝရကုသိုလ် ပြုလိုပြင်းပြ လှူဒါန်းထောက်ပံ့ကြသော ကြောင့်၎င်း၊ **ကမ္မာကမ္မ**=ကောသလ္လဉာဏ်ပိုဝိနည်းခိုင်ရှိ အကျော် ဆရာတော်အများက ဝိနည်းတရားတော်နှင့်အညီ အလီလီအထပ်ထပ် ကမ္မဝါရွတ်ဖတ်လျက် သမုတ်အပ်သောကြောင့်၎င်း အတိခုဒ္ဒကာ အတိမဟတီ စသည်စုံရုံးသိမ်ပျက် တဆဲ့တလုံးမှ လွတ်လပ်၍ နိမိတ် ကမ္မဝါ ပရိသတ်သုံးရပ်သော သမ္ပတ္တိ နိမိတ်ချင်း စပ်ထိလျက် နှံ့သိပထဗျာ

အာဏာစူးရှလျက် ထာဝရထွန်းပြောင် ငါးထောင်သာသနာ ရှည်ကြာထွန်းတောက် အောင်မြင်ခြင်းသို့ ရောက်ခဲ့လေသတည်း။

**အရှင်နန္ဒမာလာဘိဝံသ**
မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်း။

စဉ့်ကူးမြို့နယ်၊ ညောင်ပင်ရွာ၊
မဟာနန္ဒိယာရာမ ပေါ်တော်မူကျောင်းတိုက်၌
ဆင်ယင်ကျင်းပပြုလုပ်အပ်သော

# အာစရိယဂုဏာဝိသိဋ္ဌပူဇာ ရှစ်လုံးဘွဲ့ကဗျာ

(၁) ဇေယျာ စစ်ကိုင်း ၊ သစ်လှိုင်းထင်ပေါ်။
ဗောဓာရုံတိုက် ၊ သမိုက်တွင်ခေါ်။
တပည့်အပေါင်း ၊ ခညောင်းရုံပျော်။
မထေရ်မြတ် ၊ ကြွလတ် ရွှေပွဲတော်။
ကန်တော့ပန်း ၊ ဆက်ကမ်း တူပျော်ပျော်။ ။

(၂) ဝန်ဆောင်နာယက ၊ မည်ရအကျော်
ရွှေကျင်ဂိုဏ်းက ၊ ဆက်သပူဇော်။
ဂုဏ်ရည်သတင်း ၊ ပျံ့သင်း ထင်ပေါ်။
မထေရ်မြတ် ၊ ကြွလတ် ရွှေပွဲတော်။
ကန်တော့ပန်း ၊ ဆက်ကမ်း တူပျော်ပျော်။ ။

(၃) ဗဟိုသံဃ ၊ နာယကအကျော်။
နိုင်ငံတော်က ၊ ဆက်သပူဇော်။
ဂုဏ်ရည်သတင်း ၊ ပျံ့သင်းထင်ပေါ်။
မထေရ်မြတ် ၊ ကြွလတ် ရွှေပွဲတော်။
ကန်တော့ပန်း ၊ ဆက်ကမ်း တူပျော်ပျော်။ ။

(၄) အဂ္ဂပဏ္ဍိ ၊ မည်ရှိဘွဲ့တော်။
နိုင်ငံတော်က ၊ ဆက်သပူဇော်။
ဂုဏ်ရည်သတင်း ၊ ပျံ့သင်းထင်ပေါ်။
မထေရ်မြတ် ၊ ကြွလတ် ရွှေပွဲတော်။
ကန်တော့ပန်း ၊ ဆက်ကမ်း တူပျော်ပျော်။ ။

(၅) ဂန္ထကာရက ၊ မည်ရအကျော်။
ကျမ်းစာရေးသား ၊ အများ ကျိုးမြော်။
ဂုဏ်ရည်သတင်း ၊ ပျံ့သင်းထင်ပေါ်။
မထေရ်မြတ် ၊ ကြွလတ် ရွှေပွဲတော်။
ကန်တော့ပန်း ၊ ဆက်ကမ်း တူပျော်ပျော် ။ ။

**အရှင်နန္ဒမာလာဘိဝံသ။**

**သာသနတက္ကသိုလ်မော်လမြိုင်ယဉ်ကျေးမှုဘွဲ့ရ အရှင်သိရိန္ဒ** အား
ချီးကျူး ဂုဏ်ပြုပူဇော်အပ်သော

## ရှစ်လုံးဖွဲ့ကဗျာ

❁❁❁

၁။ မန္တလေးတိုင်း၊ ရှုတိုင်းသာယာ။
မတ္တရာ ပန်းရ၊ လျှမ်းပဂုဏ်ဝါ။
**ရှင်သိရိန္ဒ**၊ ဘွဲ့ရမည်သာ၊
အရှင်မြတ်၊ ဖွါးလတ် ဇာတိပါ။ ။

၂။ **ဦးအောင်ငြိမ်း**ဟု၊ အောင်ကိန်း မြော်မြင်။
**ဒေါ်လှသောင်း**နှင့်၊ ကြောင်းကျိုးစုံလင်။
နှစ်ဖြာ မိဘ၊ ကြီးလှ ဂုဏ်အင်။
အရှင်မြတ်၊ ဖွါးလတ်သန့်ရှစင်။ ။

၃။ ထောင့်သုံးရာဟု၊ နှစ်ပြု ကောဇာ။
သုံးဆယ့်တစ်ခု၊ ရတု သာယာ။
ပြာသိုလတက်၊ ကျော်တစ်ရက်မှာ။
သောကြာနေ့၊ ကြုံတွေ့ဖွါးမြင်လာ။ ။

၄။ နှစ်ဖြာ မိဘ၊ ကြီးလှ ဂုဏ်အင်။
ဆရာရှင်မြတ်၊ နှင်းအပ်စုံလင်။
ပညာတတ်ရေး၊ ကြံတွေးအစဉ်။
ငယ်စဉ်က၊ ကျနသွန်အသင်။ ။

၅။ သာသနာမြတ်၊ နှင်းအပ် စုံစွာ၊
**ရှင်သီရိနန္ဒ**၊ ဘွဲ့ရမည်သာ။
ဓမ္မရွှေကျမ်း၊ သင်တန်းဖွေရှာ။
လုံ့လဖွဲ့၊ အားခဲ သင်၍လာ။ ။

၆။ မြို့နယ် မိုးကုတ်၊ အဟုတ် ထင်ပေါ်။
အုတ်ဖိုရွှေကျောင်း၊ ကိန်းအောင်း ရွှင်ပျော်။
ဆရာတော်ကြီး၊ ထံနီး ကော်ရော်။
ရဟန်းမြတ်၊ ဖြစ်လတ်အောင်ပွဲကျော်။ ။

၇။ တက္ကသိုလ၊ မည်ရအကျော်။
နိုင်ငံတော်က၊ ဖွင့်ပြထင်ပေါ်။
ပညာသင်ကြား၊ ကြိုးစားလေသော်။
အောင်ပွဲရ၊ ဓမ္မဆရာကျော်။ ။

၈။ **ရှင်သီရိနန္ဒ**၊ ဘွဲ့ရမည်သာ။
ဂုဏ်ဝါထူးတင့်၊ ဖူးပွင့်ဝေဆာ။
ပညာတန်ခိုး၊ တက်ဖြိုးလွန်စွာ။
ကျမ်းမာကြောင်း၊ ဆုတောင်းပို့မေတ္တာ။ ။

**အရှင်နန္ဒမာလာဘိဝံသ။**

# ဓမ္မဒါနအလှူရှင်များ

| | | |
|---|---|---|
| ၁။ | တိုက်ကြပ်များနှင့်<br>ဂဏဝါစကဆရာတော်များ၊<br>မဟာသုဗောဓာရုံ၊ စစ်ကိုင်းမြို့။ | ၁,၃၀၀,၀၀၀ိ |
| ၂။ | နာယကဆရာတော်၊<br>သာသနဇောတာရုံ၊ မတ္တရာမြို့။ | ၁,၀၀၀,၀၀၀ိ |
| ၃။ | တွဲဖက်တိုက်အုပ်ဆရာတော်၊<br>မဟာသုဗောဓာရုံ၊ စစ်ကိုင်းမြို့။ | ၁,၀၀၀,၀၀၀ိ |
| ၄။ | နာယကဆရာတော်၊<br>ဓမ္မဝိဇ္ဇာလယသုဗောဓာရုံ၊<br>သန်လျင်မြို့။ | ၅၀၀,၀၀၀ိ |
| ၅။ | ဦးဥက္ကံသာစာရ (မကာအို)၊<br>ပုလဲမြို့သစ်၊ ရန်ကုန်မြို့။ | ၃၀၀,၀၀၀ိ |
| ၆။ | ရွှေတောင်ဦးမော်ဆရာတော်၊<br>ရွှေတောင်ဦးမော်ကျောင်း၊<br>စစ်ကိုင်းမြို့။ | ၃၀၀,၀၀၀ိ |
| ၇။ | ဦးကုန္ဒောဘာသ၊ ယင်းမာရွာ၊<br>ရွှေဘိုမြို့။ | ၃၀၀,၀၀၀ |

၈။ လေးမျက်နှာကျောင်းဆရာတော်နှင့်
ဦးမြဆင်+ဒေါ်မြရီ မိဘနှစ်ပါး
ထောက်ရစ်ရွာ။ ၃၀၀,၀၀၀

၉။ ဒက္ခိဏာရုံဆရာတော်၊
ဒက္ခိဏာရုံကျောင်း၊ကျောင်းကုန်းမြို့။ ၃၀၀,၀၀၀

၁၀။ ဓမ္မာရုံဆရာတော်၊
ဓမ္မာရုံကျောင်းတိုက်၊ရွှေကြက်ယက်။ ၃၀၀,၀၀၀

၁၁။ တိုက်အုပ်ဆရာတော်၊
သဒ္ဓမ္မဇောတကသုဗောဓာရုံ၊
မုံရွာမြို့။ ၂၀၀,၀၀၀

၁၂။ ဦးဇဋိလ၊ မြစခန်းချောင်၊
စစ်ကိုင်းတောင်။ ၂၀၀,၀၀၀

၁၃။ ဦးသုတာစာရာလင်္ကာရ၊
ပညာရိပ်သာကျောင်း၊ ရန်ကုန်မြို့။ ၂၀၀,၀၀၀

၁၄။ ဦးသုဝဏ္ဏ၊ ဦးသုန္ဒရ၊ ကောလင်းမြို့။ ၂၀၀,၀၀၀

၁၅။ ဦးပညာဝရ၊
ရွှေတောင်ဦးမော်ကျောင်းတိုက်၊
စစ်ကိုင်းမြို့။ ၁၀၀,၀၀၀

၁၆။ တိုက်အုပ်ဆရာတော်၊
သာသနဇောတာရုံ၊ မတ္တရာမြို့။ ၁၀၀,၀၀၀

၁၇။ ဦးသောဘိတာစာရ၊
ဥယျာဉ်တိုက် လေသာကြီးကျောင်း၊
ရန်ကုန်မြို့။ ၁၀၀,၀၀၀
၁၈။ ဦးနန္ဒိယ၊ ရွာသာအေးရွာ၊
ညောင်တုန်းမြို့။ ၁၀၀,၀၀၀
၁၉။ ဦးဇောတိပါလ၊ ဇလုပ်ကြီးရွာ၊
မတ္တရာမြို့။ ၁၀၀,၀၀၀
၂၀။ ဦးကောဝိဒသာရ၊
သရက်တောကျောင်း၊ ကျောက်မဲမြို့။ ၁၀၀,၀၀၀
၂၁။ ဦးကုန္တဝံသ၊ သာဓုကန်ကျောင်း၊
ရန်ကုန်မြို့။ ၁၀၀,၀၀၀
၂၂။ ဦးဝိသုတ၊ ကြို့ပင်ကောက်။ ၁၀၀,၀၀၀
၂၃။ ဦးသုမနာလင်္ကာရ၊
သူငယ်တော်တောရ၊ တံတားဦး။ ၁၀၀,၀၀၀
၂၄။ ဦးကောသလ္လ၊ ထောက်ရစ်ရွာ၊
ရွှေသိမ်တော်၊ တံတားဦး။ ၁၀၀,၀၀၀
၂၅။ လောကမာရဇိန်ဆရာတော်၊
ပင်းဇင်းရွာ၊ ဝက်လက်မြို့။ ၁၀၀,၀၀၀
၂၆။ ဦးပညာသိရီ၊ ရွှေပြည်ကျောင်း၊
စစ်ကိုင်းမြို့။ ၁၀၀,၀၀၀
၂၇။ ဦးမာဃိန္ဒ၊ ဘောဂဝတီ။ ၁၀၀,၀၀၀
၂၈။ ဦးနန္ဒိယ၊ ဆင်တဲရွာ၊ တံတားဦး။ ၁၀၀,၀၀၀

| | |
|---|---|
| ၂၉။ ဦးသုန္ဒ၊ ဆင်တဲရွာ၊ တံတားဦး။ | ၁၀၀,၀၀၀ |
| ၃၀။ ဦးအဓိဝါသ၊ ပတ်လည်အင်းဆရာတော်။ | ၁၀၀,၀၀၀ |
| ၃၁။ ဦးကုမုဒါလင်္ကာရ၊ ကျောက်ဆည်မြို့။ | ၁၀၀,၀၀၀ |
| ၃၂။ ဦးဥတ္တရ၊ မဟာဝိသုတာရာမကျောင်းတိုက် ရန်ကုန်။ | ၁၀၀,၀၀၀ |
| ၃၃။ ဦးသာသနာလင်္ကာရ၊ အဝေရာရာမရန်ကင်း၊ မန္တလေးမြို့။ | ၅၀,၀၀၀ |
| ၃၄။ ဦးဝိဇာနာလင်္ကာရ၊ သဒ္ဓမ္မမာနိတာရုံ၊ ရန်ကုန်မြို့။ | ၅၀,၀၀၀ |
| ၃၅။ ဦးပညာစက္က၊ နောင်ချိုမြို့။ | ၅၀,၀၀၀ |
| ၃၆။ ဦးကိတ္တိသာရ၊ မှန်းကင်းကျောင်း၊ စစ်ကိုင်းမြို့။ | ၅၀,၀၀၀ |
| ၃၇။ ဦးဝေရောစန၊ ဖျာပုံမြို့။ | ၅၀,၀၀၀ |
| ၃၈။ ဦးခေမာဝံသ၊ မြဝတီမြို့။ | ၅၀,၀၀၀ |
| ၃၉။ ဦးက္ကန္ဒာစာရ၊ ကန့်ဘလူ။ | ၅၀,၀၀၀ |
| ၄၀။ ဦးဝါသဝ၊ အိမ်မဲမြို့။ | ၅၀,၀၀၀ |
| ၄၁။ ဦးဝိဇ္ဇာနန္ဒ၊ ကျည်းပဒုံးရွာ၊ မုံရွာမြို့။ | ၅၀,၀၀၀ |
| ၄၂။ ဦးက္ကန္ဒသိရီ၊ စိန်ပန်းတိုက်သစ်၊ မန္တလေးမြို့။ | ၅၀,၀၀၀ |

၄၃။ ဦးယောသိတ၊ မိုးကောင်း။ ၅၀,၀၀၀
၄၄။ ဦးဣန္ဒဝံသ၊ တိုင်းကြည် မန္တလေးမြို့။ ၃၀,၀၀၀
၄၅။ ဦးအာဒိစ္စလင်္ကာရ၊
ရန်ကုန်မြို့။ (U.S.A) ၃၀၀
၄၆။ ဦးဇောတိဿရ၊
မဟာစည်သာသနာ့ရိပ်သာ
ကျုံမငေးမြို့။ ၅၀,၀၀၀
၄၇။ ဦးမေခါနန္ဒ၊
သဒ္ဓမ္မမာနိတာရုံကျောင်းတိုက်၊
ရန်ကုန်မြို့။ ၅၀,၀၀၀
၄၈။ ဦးဓမ္မဝံသ၊ ကျိုက်ဒေးယျုံ
အာနန္ဒာကျောင်း
ရန်ကုန်မြို့။ ၅၀,၀၀၀

❑